၅၊၈၊၈၅

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့

မင်္ဂလာရိပ်သာတိုက်ကျောင်းပေါ်၌

ဟောကြားတော်မူသော

# ဝိပဿနာ

## အလုပ်ပေးတရား

အမှတ်စဉ်-၉



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ခေတ်အစဉ်

ဆမရပ္ပရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန် ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဘန်ဘန်၊ ဖြစ်ပြန်နည်းအလျှော်။ ဖြဟွာ-သိကြ၊၊ စသည်များက၊ ထင်ရှားပြပြင်၊ စီရင်အပ်ဆင်၊၊ အကြောင်းရင်းကြောင့်၊ လူနတ်များ၊ ငွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဥာဏ်ဖြင့်ရှုစ်မြော်။
(သက်ာဝဆောင်ပုဒ်) မူလနှစ်ပြာ၊ သန္ဓာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရစ်မှုလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးပြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း၊၊

၁၁၄၁၆

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း၌

ဟောကြား ဆုံးမတော်မူသော

ဝိပဿနာ လုပ်ငန်းစဉ်

# ဉာဏ်အလုပ်ပေး တရားတော်

( အမှတ်စဉ် ၉ )

A

**မိုးကုတ် ဆရာတော်ဘုရား၏**
ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

**အဖွဲ့ကိုယ်စား - ထုတ်ဝေဖြန့်ချိသူ**
ဦးဘသောင်း ( အတွင်းရေးမှူး ) မှတ်ပုံတင်အမှတ် ( ၀၁၂၅ )
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

★

ယောဂီပုံနှိပ်တိုက်၊ ဦးတင်- မှတ်ပုံတင် အမှတ် ( ၀၀၃၇ ) က
အမှတ် ၂၄၅-လွှစ္စလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ပထမနှိပ်ခြင်း- အုပ်ရေ-၅၀၀၀

( ၂၅-၅-၆၅ )

# နိဒါန်း

## နမော ဗုဒ္ဓါယ သိဒ္ဓံ

ဆရာတော် ဘုရားကြီး ဟောတော်မူသည့် တရားများကို သာမည လေ့လာ လိုက်စားကြသူများနှင့် ထိုသို့ လေ့လာ လိုက်စားရုံမျှမက ပွားများအားထုတ်ကြသူများ ထိုသို့ပွားများ အားထုတ်ကြပြီးလျှင်မိမိတို့ သဒ္ဓါ၊ ပညာ၊ ဝီရိယအလိုက်ထိုက်တန် သလောက်အဆင့်အတန်း ပေါက်ရောက်သူများဟူ၍ အမျိုး မျိုးရှိကြပါသည်။

ထိုသို့ရှိကြရာဝယ်၊ ပဌမအဆင့်အနေနှင့် သာမညလိုက်စား သူများမှာ၊ သည်ဆရာတော်ကြီးဟောဘဲ့တရားဟာ· သိပ်နာလို့ ကောင်းတာဘဲ၊ သိပ်ရှင်းတာဘဲ၊ ခုမှရှင်းပေဘော့တယ် စသည် ဖြင့် ချီးကျူးလေ့ရှိကြသည်၊ အမှန်မှာ ဆရာတော်ကြီးသည် တကာ တကာမများ နာ ကောင်းအောင် ဟောခဲ့သောတရား များ မဟုတ်ချေ။

ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်မှာ၊ နာကောင်းအောင် ဟောတော်မူခြင်းလည်း မဟုတ်သဖြင့် နာကောင်းလို့ နာဒါမ ဖြစ်ကြစေလိုပါ၊ပုံလွန်ဘော်မူသည့်နောက် စာအုပ်များထွက်ရာ ဘတ်ကောင်း၍ဘတ်သည်လို့ အပေါ်ယံယိကမဖြစ်ကြစေလိုပါ၊

အမှန်ဖြစ်စေလိုသည်မှာ အသေလွတ်ရာ လမ်းခွဲရှာဒါ၊ အနာလွတ်ရာ လမ်းခွဲရှာဒါ၊ အအိုလွတ်ရာ လမ်းခွဲရှာဒါသာ ဖြစ်ကြပါစေဟု ပဏ္ဏာမအနေဖြင့် သိရှိနားလည်ကြ စေလိုပါသည်၊ သို့မှသာ တရားတော်ကို နာကြားခြင်း ဘတ်ရှု လေ့လာခြင်း အားဖြင့် အပြည့်အဝတန်ဘိုးရရှိကြပါမည်ဖြစ်ပါကြောင်း။

ဤနိဒါန်းရေးသူ၏ စေတနာမှာလည်း ဘတ်လို့ကောင်းသော တရားစာအုပ်များအဖြစ်ဖြင့် ထုတ်ဝေနေခြင်းမဟုတ်ပါ၊ စာဘတ် ပရိသတ်များသည် မိမိတို့ ခန္ဓာပင်ကိုယ်အရှိကိုတကယ်ဟုတ်တိုင်းမှန်စွာ ထိုက်တန်သလောက် အမြင်မှန် ရရှိသဘောပေါက် နားလည် သိရှိပြီးလျှင် အပါယ်မျိုးစေ့ ဖြစ်သောသက္ကာယဒိဋ္ဌိကို ဉာဏ်ပရိညာအားဖြင့် တစထက်တစ ကွာနိုင်ပါစေဟူသော ရည်ရွယ်ချက်အားဖြင့်၎င်း၊ ဝိမုတ္တိယုဂခေတ်ကြီး၌ တမဂ်, တဖိုလ်ရထိုက်သည့် ဥပနိဿယရှိပါက ရရှိနိုင်ကြပါစေဆိုသော ရည်ရွယ်ချက်ဖြင့်၎င်း၊ မြတ်စွာဘုရားသခင်၏ သာသနာတော် သုံးရပ်ရှိရာ၊ ပဋိပတ္တိသာသနာတော်ကို တဘက်တလမ်းက လက်လှမ်းမှီသ၍ မိမိတတ်နိုင်သည်ဘက်မှ ပြုစုမည် ဟူသော ရည်ရွယ်ချက်အားဖြင့်၎င်း၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးအား ကျေးဇူးဆပ်ခြင်း၊ ကန်တော့ခြင်း ပြုနေသည်ဟူ၍၎င်း၊ ဤသို့အစရှိသော ရည်ရွယ်ချက်များဖြင့်သာ ထုတ်ဝေဖြန့်ချီခြင်းဖြစ်ပါသည်။

ဤနိဒါန်းရေးသူ၏ သိကြွမ်းသူ မိတ်ဆွေများထဲမှ လောကီစီးပွားရေးဘက်တွင် အထက်တန်းဟု ဆိုရလောက်အောင် ရောက်နေကြသူ အသက် အရွယ်အားဖြင့် ၆၀-၆၀ ကျော်တွေ အတော်အတန်ရှိကြပါသည်၊ ရာထူး ဌာနန္တရကြီးတွေ လက်ကိုင်ရှိကြ

သူတွေလည်း ရှိကြပါသည်၊ ခေတ်ပညာ သိပ္ပံ၊ ဝိဇ္ဇာအဆင့် အတန်းအောင်မြင်ပြီးသူတွေလည်း များစွာရှိကြပါသည်၊ မိရိုးဖလာ ရတနာသုံးပါး ဆည်းကပ် ကိုးကွယ်ကြပါ၏၊ သို့သော် လောကုတ္တရာဘက်၌ဆိုပါလျှင် ခန္ဓာငါးပါးဆိုတာဘာရယ်လို့မှ ကျကျနန မသိသူတွေ တပြုံကြီး၊ ရုပ်နာမ်မကွဲ သူတွေ၊ ပညတ်-ပရမတ်မကွဲသူတွေ၊ ခန္ဓာ-အာယတန မသိသူတွေတပြုံကြီး၊ ဓာတ် ၁၈-ပါး မသိသူတွေ တပြုံကြီး ရှိနေကြ၍ ဝမ်းနည်း စရာပင်၊ ဟုတ်မဟုတ် မိမိကိုယ်ကို ပြန်၍ဝေဘန်ကြပါ။

ဆိုလိုရင်းမှာစာကြီးပေကြီးတွေတတ်မြောက်ပြီးသင်္ဂြိုဟ် ၉-ပိုင်း ကြေပြီး သရုပ်ခွဲတတ်နေရမည်ဟု မဆိုလိုပါ၊ စာရေးသူ ကိုယ်တိုင်ကလည်း စာပေ ပိဋကတ် သင်ကြားခဲ့ဘူးသူ မဟုတ်ပါ၊ ရိုးသားစွာ ဝန်ခံပါသည်၊ သို့ရာတွင် ဗုဒ္ဓဘာသာဝင် မှန်ပါက ကလျာဏပုထုဇန်ဖြစ်ရန် အခြေခံ သဘောတရားများ ဖြစ်သော အရည်အချင်းများ ဗုဒ္ဓဘာသာဝင် စစ်စစ်ကြီးဖြစ်ရန် အခြေခံ အဌ်မြစ်ဟုခေါ်ဆိုထိုက်သော ခန္ဓာ· အာယတန-ဓါတ်· သစ္စာ· ပဋိစ္စသမုပ္ပါဒ်တရားစသောတရားများဖြစ်ပါ၍၎င်းအခြေခံတရားများကို များစွာသိသင့် သိထိုက်လှ ပါသည်။ ဤအခြေခံတရားများကိုမှ မသိယင် အန္ဓပုထုဇန်ဟု ကျမ်းဂန်များ က ဆိုပါသည်၊ အန္ဓပုထုဇန် ဆိုသည်မှာ ပုထုဇန်ကန်းဟု ဆိုပါသည်။

ဥပမာအားဖြင့် ဂဏန်း-သင်္ချာတတ်မြောက် လိုသောသူသည် အပေါင်းအနှုတ်ကို လက်ဦးသင်ပြီးနောက် အလီကို ရအောင် လေ့ကျက်ရပါသည်၊ ဤသို့အပေါင်းအနှုတ်နှင့် အလီကိုမတတ်မြောက် မရ နားမလည်ဟု ဆိုပါလျှင် မည်သည့် နည်းနှင့်မျှ

အထက်တန်းသင်္ချာ အတတ်ကို တတ်မြောက်လိမ့်မည် ဟူသော အကြောင်းမရှိနိုင်ပါ၊ ထိုနည်းတူစွာပင် ဤ ဗုဒ္ဓဘာသာတရား၏ အခြေခံဖြစ်သော ခန္ဓာ-အာယတန-ဓာတ်-သစ္စာ- ပဋိစ္စသမုပ္ပါဒ် စသည်များကို မသိပါဘဲ မည်သည့်နည်းနှင့်မျှ အထက်တန်းကြ သော တရားများကို တက်လှမ်းနိုင်မည်မဟုတ်သည်ပြင် မိမိကိုယ် ကို ဗုဒ္ဓဘာသာဝင်ဟု ပြောဆိုငြားသော်လည်း ဗုဒ္ဓရှင်တော်မြတ် ၏ သာသနာတွင်းသား စစ်စစ်ကြီး ဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်သေးပါ၊ အန္ဓပုထုဇန် ပုထုဇန်ကန်းဘဝ၌သာ ရှိနေရမည် ဖြစ်ပါသည်။

ရိုးရာအတိုင်း " နာမရူပံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ "ဟု တ တွတ်တွတ်နှင့် မည်မျှပင် ပုတီးစိပ်နေပါသော်လည်း- နာမ်-ရုပ် ဆိုတာ ဘာမှန်းမှ မသိပါက၊ ခန္ဓာငါးပါးဆိုတာ ဘာမှန်းမှမသိ ပါက ပင်ပန်းသလောက် ခရီးရောက်မည်မဟုတ်ပါ၊ မသိဘဲရမ်း လုပ်မှန်းလုပ်သာ ဖြစ်ချေမည်။

ဝိပဿနာအလုပ် ဆိုတာမျိုးကလည်း ရမ်းလုပ် မှန်းလုပ်လို့ ရတာမျိုးမဟုတ်ပါ၊ ရမ်းလုပ်မှန်းလုပ်ယင် ရမ်းလုပ် မှန်းလုပ်တဲ့ အကျိုးသာရမည်၊ ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်ပညာ (ဝါ) သမ္မာဒိဋ္ဌိခေါ် အမြင်မှန်ဦးစီးမှုလိုအပ်လှပါသောကြောင့် အခြေ ပိုင်ရန် များစွာအရေးကြီးပါသည်၊ အခြေပိုင်မှသာလျှင် တဆင့်မှ တဆင့် တက်လှမ်းနိုင်ပါမည်။

မြတ်စွာဘုရားက " သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ "ဟု ဓမ္မစကြာ၌ အကျဉ်းအားဖြင့် ခန္ဓာငါးပါးဟာ ဒုက္ခ အစစ်အမှန် ဘဲဟု ဟောတော်မူရာ ခန္ဓာငါးပါးဆိုတာမှ မသိယင် ရုပ်-နာမ်

ဆိုတာမှ မသိယင် ဝိုးတိုးဝါးတား စမ်းတဝါးဝါးဘဝမှ တက်မည်မဟုတ်ပါ။

ပဋိစ္စသမုပ္ပါဒ်ဆိုတာတော့ မိမိတို့ကိုယ်တိုင်သာနေ့စဉ်နှင့်အမျှ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်လှည့်လည်နေကြငြားသော်လည်း ပဋိစ္စသမုပ္ပါဒ်ဆိုတာ စာထဲမှာရှိတာလောက်ဘဲ သိကြသူတွေ များသည်ဟုဆိုလျှင် မှားမည်မထင်ပါ၊ များသောအားဖြင့် ဘုရားရှိခိုးမှာ ထည့်ပြီး ရှိခိုးနေကြတာ လောက်နှင့်ပင် လမ်းဆုံးနေကြသူတွေများကြပါသည်၊ မည်သို့ လည်သည်၊ မည်သို့လည်ခြင်းကို ဖြတ်ရမည်ဆိုတာဖြင့် နားလည်ရန်ဝေးလေစွ၊လောကုတ္တရာဘက်မှာ ဤမျှလောက်ပင် အခြေခံ အုတ်မြစ် နည်းပါးကြပါသည်။ သို့ပါ၍ ကလျာဏပုထုဇန် အဆင့်အတန်း ရောက်ရှိ၍ ဤဘုရား၏ သာသနာတော်ကြီး၌ ထောက်ရာတည်ရာကလေးဖြင့် ရရှိကြရလေအောင် ဆိုခဲ့ပြီးသော အခြေခံဗုဒ္ဓတရားများကို လေ့လာကြပါဟု များစွာ တိုက်တွန်းပါသည်၊ * စာရေးသူတို့မှ အစ သူသူ-ငါငါဆိုသလို မိဘရိုးရာအတိုင်း ဤကဲ့သို့ အစဉ်အလာနှင့်သာ နေလာပြီး ကျုပ်တို့ဖြင့် ကောင်းသောရောင်းဝယ်ခြင်းပါဘဲ၊ ဘာမှ သူများအပေါ်လဲ မတရားလုပ်ခြင်းဟူ၍ မရှိပါဘူး၊ ဘုရားလဲ နံနက်-ညဉ့် မှန်မှန်ရှိခိုး၊ ပုတီးစိပ် ဥပုသ်စောင့်ပြီး ထိုက်သည့်အားလျော်စွာ ပိုလျှံလာလို့ ရှိလဲ လှူပါတယ် တန်းပါတယ်ဘဲစသည်ဖြင့် ဤမျှနှင့်သာ တင်းတိမ်ပြီး ဤကဲ့သို့ ဘာသာရေးမှာ ဤမျှနှင့်ဘဲ လမ်းဆုံးနေကြသူတွေ များနေကြ

---

* ပဋိစ္စသမုပ္ပါဒ်ဒေသနာကို လေ့လာလိုပါက အမှတ်စဉ် (၆) နှင့် (၇) ကို ကြည့်ရှုဘတ်ကြားနိုင်ကြပါသည်။

ပါသည်၊ ဗုဒ္ဓဘာသာမှာ ဒီထက်တဆင့်တက်ပြီး ပြုဘွယ်မရှိတော့ဘူးဟု ယူဆနေသော သူများလည်း များစွာ တွေ့ရပါသည်။ ယင်းသို့ဖြစ်ကြရသည်မှာလည်း ပဋိစ္စသမုပ္ပါဒ်တရားနှင့် သစ္စာကို ရေရေလည်လည်ဟောတတ် ပြောတတ်သော ဆရာသမားနှင့် မတွေ့ရ၍သာ ဤအထင်အမြင် အယူအဆမှာ လမ်းဆုံးကြခြင်း ဖြစ်ကြပေသည်။

ဆရာတော်ကြီး၏ အချို့အချို့သော တရားပုဒ် ရှေ့ပိုင်းများ၌ ဒါတွေက ရွတ်ဆိုရမည့်တရားမဟုတ်၊ အလုပ်လုပ်ရမည့် တရားကွ....၊ သောက်ဆေးကို လိမ်းဆေး လုပ်မနေကြနဲ့ဟု ရှင်းရှင်းနှင့် ဘွင်းဘွင်းကြီး ဆုံးမတော်မူသည်။

ဘုရားရှိခိုး ဆိုတာ ရှိခိုးပါ၏ ဆို ပြီး ယင် ဆုံး တာ ဘဲ....၊ နောက်က ဟာတွေက ဆု တောင်း တွေ ရှည်နေတာ .... ဟူ၍လည်း ဆုံးမတော်မူလေ့ရှိသည်။

စာကြီး ပေကြီးတွေ့တတ်ပြီး စာထဲ၌ နစ်မြုပ်ပြီး နေခြင်းကိုလည်း ဆရာတော်သည် စာဆိုတာ ခန္ဓာမှတ်တမ်း မှတ်တမ်း လမ်းမဆုံးကြစေနဲ့၊ အရှိကို လမ်းဆုံးကြပါဟူ၍လည်း ခန္ဓာက ပြတာကို လျစ်လျူထားပြီး စာက ဘယ်လိုဆိုတယ်လို့ ပြောလေ့ ပြောထရှိသူများအားလည်း သတိပေးတော်မူလေ့ ရှိပါသည်။

မျက်စိတမှိတ်အတွင်း နာမ်ပျက်က ကုဋေတသိန်း၊ ရုပ်ပျက်တာက ကုဋေ ၅၀၀၀ လို့ စာထဲမှာ ဆိုထားသည်မှာ ဘုရားဖြစ်ပြီးမှ မြင်တဲ့ သဗ္ဗညုတဉာဏ်တော်နဲ့ မြင်တဲ့အမြင် ပြောတာ၊ ဒါကို ယောဂီတွေက လိုက်စရာမလို၊ ဘုရားမဖြစ်ခင်က ဘုရား

ဖြစ်အောင် ကျင့်စဉ်သာ လိုက်ရမည်ဟုလည်း ဆုံးမ၍ဟောကြား တော်မူပါသည်။

ဆိုလိုသည်မှာ သင်္ဂြိုဟ်သင်ဘူးသူများ ဝိထိပိုင်းလိုက်ပြီး ဒီလို ကုဋ္ဌေတသိန်းမြင်မှ နိဗ္ဗာန်ရမည်လိုလို ပြောတဲ့ အပြောမျိုးကို ကြေလည်တော်မူစေခြင်း ဖြစ်သည်။

ဆရာတော်ကြီးသည် သာမညမနာကြနဲ့ နားကြီးကြီးနဲ့ နာကြ ပါဟု မကြာခဏ သတိပေးတော်မူသည်၊ နားမကြီးယင် ရကိုမရ ဘူးဟု ဟောပြဆုံးမတော်မူပြီးလျှင် နိဗ္ဗာန်လိုချင်ယင် အရှူးကို ရှေးဦးစွာ ပယ်ရဦးမယ်ကွ၊ နိဗ္ဗာန်အသာထားဦး၊ ဆိုလိုသည်မှာ ပုထုဇဉ်သန္တာန်မှာ (၁) အသိမှား၊ (၂) အမှတ်မှား၊ (၃) အယူမှားဆိုတဲ့ ဝိပလ္လာသ သုံးပါး၊ ၎င်းတို့ကို ပွားလိုက်ပြန်ယင် မမြဲတာကို မြဲတယ်လို့ ထင်တဲ့ အသိမှား အစရှိသော အရှူး ၁၂ မျိုးကို အရင်ပယ်ရမည်ဟု ဆိုလိုပါသည်။ (အကျယ်ကို စာအုပ် တွင်းမှာ ကြည့်ပါ)

၎င်း ၁၂-မျိုးသော အရှူးဟာ နှလုံးသွင်း မှားမှုကြောင့်သာ ဖြစ်သောကြောင့် နှလုံးသွင်း မှန်ဖြစ်ရအောင် ဆရာကောင်း (ဝါ) ဆရာကောင်း သမားကောင်း ဟောကြားထားခဲ့သော တရားများနာကြားဘို့ဘတ်ကြားဘို့အင်မတန် အရေးကြီးသည်။

ဆရာကောင်း သမားကောင်း ဟောကြားသော တရားကို ကြားနာ ဘတ်ကြားရမှသာ ခန္ဓာနဲ့ ဉာဏ်နဲ့တည့်သွားနိုင်သည်၊ ခန္ဓာနဲ့ ဉာဏ်နဲ့ တည့်မှ နှလုံးသွင်းမှန်နိုင်သည်၊ ခန္ဓာနဲ့ ဉာဏ်နဲ့ မတည့်သေးသမျှ ငါသူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ စသဖြင့် သက္ကာယဒိဋ္ဌိက မကွာနိုင်၊ သက္ကာယ မကွာသမျှ

နှလုံးသွင်းက မမှန်နိုင်၊ နှလုံးသွင်း မမှန်သမျှ သက္ကာယဒိဋ္ဌိက မကွာနိုင်ပါ၊ ထို့ကြောင့် ဆရာတော်ကြီးသည် ပဌမ အဆင့် အနေနှင့် သောတာပန် ပုဂ္ဂိုလ်သည် သူတပါးအကူအညီ မရဘဲ သောတာပန်မဖြစ်နိုင်၊ နောက်မဂ်တွေမှာမူကား သူတပါး အကူ အညီမလို၊ မိမိတို့ဘာသာ တက်လှမ်းနိုင်သည်ဟူ၍ ကျမ်းဂန် များမှာ ပါရှိသည့်အတိုင်း အမိန့်ရှိတော်မူပါသည်။

တရားနာပြီး အားထုတ်တော့ ဉာဏ်က တစထက်တစ ထက် မြက်လာသည်ဆိုတာ တွေ့မြင်ရပါမည်။

ဆရာတော်ကြီးသည် ဘဝကောင်းစားရေး(ဝါ)လူချမ်းသ နှတ်ချမ်းသာတို့ကို ငဲ့ကွက်ပြီး ပြုသော ဒါန, သီလ, သမထ အစရှိသည်များကို တပည့်ဖြစ်သူ တကာရင်း တကာမရင်းများ ကို အထူးသဖြင့် ပြုပြင်၍ ပေးတော်မူသည်။

ဆရာတော်ကြီးသည် သံသရာရှည်လျားပုံကို ဟုတ်တိုင်းမှန်စွာ တကယ်မြင်တော်မူသည်၊ မိမိမြင်သလို တကာတကာမများအား မြင်စေလိုသည်၊ ထိုမြင်သည့်အတိုင်း ဆုံးမတော်မူသည်၊ သို့ ကြောင့် ရံဖန်ရံခါနေ၍ မဖြစ်လောက်အောင် စာရေးသူ ကိုယ် တိုင် အနေအထိုင် အလွန်ကြပ်တည်းခြင်းဖြစ်မိပါသည်၊ အများ အားဖြင့် ကုသိုလ်ကောင်းမှု ကလေးပြုပြီး နှစ်သိမ့် တင်းတိမ်နေ ကြတဲ့ သူတွေ အရေအတွက်အားဖြင့် များတော့ ဆရာတော် ကြီးသည် “ ကျုပ်တို့တော့ ကျောင်းကလေးကလဲ ဆောက်ထား ဘုရားကလဲ တည်ထား ဆွမ်းဝတ် ကွမ်းဝတ်ဆိုတာလဲ တနေ့ တနေ့ မနည်းလှုပါဘူးဆိုပြီး မိုးကြိုးပစ် ထန်းလက် ကာနေတာ မျိုးတော့ မရဘူးကွ ” ဟု ဒါန ကလေးလောက်နဲ့ အကြေနပ်

ကြီး ကြေနပ်နေကြတဲ့ သူတွေကို သတိပေးတော်မူပါသည်-ဆိုလို သည်မှာ....မျက်စိဖွင့်လျှင် ပဋိစ္စသမုပ္ပါဒ် အစဉ်တန်းတော့သည် သာ နားကကြားလိုက်လျှင် ထိုနည်းအတူ ပဋိစ္စသမုပ္ပါဒ်က တန်း တော့သည်သာ (မည်သို့ ပဋိစ္စသမုပ္ပါဒ်တန်းသည် ဆက်သည် အဝိုင်းပြေးသည်ဆိုတာ အကျယ်ကို စာအုပ်တွင်း၌ ကြည့်ရှုပါ ကုန်)။

သို့ဖြစ်ပါ၍ကျွန်ုပ်တို့မှာဝိပဿနာသတည်းဟူသောတံတိုင်းတွေ ကလည်း အဆင့်ဆင့်ကာ၊ ( အကျယ်ကို စာအုပ်တွင်း၌ ကြည့် ပါ ) ပဋိစ္စသမုပ္ပါဒ်တွေကလည်း တန်းပြီးယင်းတန်းယင်း၊ ဆက် ပြီးယင်းဆက်ယင်း အဝိုင်းပြေးကလဲ ချာချာလည်နေအောင် ပြေးတုံး ပြေးဆဲဆိုတော့ ဒီတံတိုင်းတွေ ဖြိုဘို့အလုပ် ပဋိစ္စ သမုပ္ပါဒ်တန်းနေသည်ကို ဖြတ်သည့်အလုပ် အဝိုင်းပြေး ရပ်သည့် အလုပ်သည်ကား၊ ဝိပဿနာ အလုပ်မှ တပါး ( ဝါ ) မဂ္ဂင် အလုပ်မှတပါး အခြားအားထားစရာ အားကိုးစရာ မရှိတော့ ဘူး-ဟူ၍ ဆုံးဖြတ်ချက်ချကြစေလိုပါသည်၊ မဂ္ဂင်အလုပ်( ဝါ ) မဂ္ဂဗြဟ္မစရိယအလုပ် ( ဝါ ) ဖြစ်ပျက်အလုပ် လုပ်မှသာ သစ္စာ လေးပါးကို အနုဗောဓဉာဏ်ဖြင့် သိမြင်၍ ပဋိဝေဒ ဉာဏ်သို့ ဆိုက်ရောက်နိုင်မည်ဖြစ်သည်၊ ဤအလုပ်ကသာ ကယ်တင်နိုင်မည် ဖြစ်၍ ဤအလုပ်ကိုဖြင့် လုပ်ပါတော့မည်ဆိုတာ တထစ်ချ ဆုံး ဖြတ်ချက်ချကြစေလိုသည်၊ ချသည့်အတိုင်း တသွေမတိမ်း လုပ် ကြစေလိုသည်။

ဆရာတော်ကြီးသည် သုညတတရားဖြစ်သော ဒိဋ္ဌိ ပြုတ်မှုကို အလွန်အမင်း အဓိကထား၍ ဟောကြားတော်မူခဲ့ရာ၊ ကျွန်ုပ်နှင့်

တကွ မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည်လည်း သဿတဒိဋ္ဌိအစွဲ အလွန်ကြီးလျက်ရှိကြရာ၊ ဤအစွဲကို ဆရာတော်ဘုရားသည် မပြတ်ပြတ်အောင် ကြိုးစားတော်မူဆဲမှာပင် ခန္ဓာဝန်ကို ချတော်မူခဲ့ရာ ဟောတော်မူခဲ့သော ဒိဋ္ဌိ ပြုတ်တရားများ ကို ကြိုးစား၍ လေးလေး စားစား ကြီး နာကြား ဘတ်ရှုကြပါကုန်၊ သဿတ ဥစ္ဆေဒ တပါးပါး ခံနေခဲ့သော် ဘယ်နည်းနှင့်မျှ မဂ်, ဖိုလ် မရနိုင်ဟူ၍ " ဒိဋ္ဌိယာ မဂ္ဂါဝိဂမသာ နီဝရဏာ " ဆိုသည့် အတိုင်း ဤဒိဋ္ဌိ ၂-ပါးရှိခဲ့သော်.... မဂ်, ကို တနည်းနည်းနှင့် တားသည်ဟု အတိအလင်းဆိုပါသည်။

လူမှုတန်းမှု သီလဆောက်တည်မှု သဒ္ဓါတရားအားကြီးမှုများ သူ ဖြစ်ခဲ့ပါလျှင် မည်သည့်ဒိဋ္ဌိကပ်သည်၊ လူမှုတန်းမှု ပေးကမ်းမှု မရှိလျှင် ဘယ်ဒိဋ္ဌိကပ်သည်ဆိုတာလဲ အကဲခတ်နိုင်အောင် ဆရာတော်ကြီး ဟောထားခဲ့သည်ကို အကဲခတ်နိုင်အောင် စာအုပ်နောက်ပိုင်း၌ ထည့်သွင်း ပါရှိပါသည်၊ မိမိတို့ကိုယ်ကို မိမိတို့ အကဲခတ်ကြပြီးလျှင် စွဲကပ်နေသော အပါယ်မျိုးစေ့ ဖြစ်သော ဒိဋ္ဌိကို ကြိုးစား၍ ၎င်း ဒိဋ္ဌိကို မပြုတ်ပြုတ်အောင် ဖြုတ်နိုင်ကြပါစေဟု ပတ္ထနာပြုပါသည်။

ပုတီးစိပ်ခြင်းသည် သမထမျှသာ ဖြစ်သည်ဟု ယောဂီအများ သိရှိကြပါသည်၊ ဆရာတော်ကြီးကလည်း မကြာခဏ မိန့်ကြားတော်မူသည်၊ ဤနေရာ၌ ဆိုလိုသည်မှာ ဆရာတော်ကြီးသည် လောကုတ္တရာ ဆရာတော်သက်သက် ဖြစ်သည်၊ ဆရာတော်ကြီးသည် လောကီအတွက် ရည်ရွယ်တော်မူခြင်းမဟုတ်၍ တဘဝနှင့် ကိစ္စပြီးအောင် သယ်ယူပို့ဆောင်တော်မူလျက်ရှိရာ ယခုတဘဝ

ကောင်းစားရေး၊ နောင်ဘဝ ကောင်းစားရေး သမားများအနေနှင့်တော့ အမိဋ္ဌာန် ပုတီး စိပ် ခြင်း စသည်မှ ဝိပဿနာသို့ ရုတ်တရက်ပြောင်းပါဆို၍ လွယ်ကူခြင်မှုလွယ်ကူပေမည်၊ သို့သော်လည်း ယခု မျက်မှောက်တဘဝ, တနပ်စာ၊ ကောင်းစားရေးကို စွန့်၍ ဘဝချုပ်ငြိမ်း, ရုပ်သိမ်းရေးဘက်ကို အားပေးမှုသန်သန်ထွားထွား ကျေးဇူးပြုလိုက်လျှင်ဖြင့် ကုသိုလ်ရရုံမျှမက မဂ်,ဖိုလ်ကိုလည်း ယခုဘဝ၌ပင်လျှင် မိမိတို့သန္တာ၌,ဝီရိယ,ပညာအလျောက် တက်လှမ်းနိုင်ကြပါမည်ဟု တထစ်ချ ဆုံးဖြတ်ချက်ချမှတ်ကြစေလိုပါသည်။

"ပုတီးစိပ်တာ .... ကုသိုလ်မရ မဟုတ်ဘူး၊ ရပါတယ်၊ သို့သော်....နိဗ္ဗာန်တော့မရနိုင်ဘူး" ဟူ၍ ဆရာတော်အတိအလင်း အမိန့်ရှိပါသည်၊ ဤမျှဆရာတော် ဟောပြောဆုံးမနေခြင်းသည် မဂ်ရောက်,ဖိုလ်ရောက် သယ်ယူပို့ဆောင်နေခြင်းဖြစ်သည်၊ ယုတ်စွအဆုံး သောတာပန်လောက်ဖြစ်မှ ဤဂေါတမဘုရား သာသနာတော်မှာ ထောက်ရာတည်ရာရနိုင်သည်၊ အပါယ်ဘေး စိတ်ချရသည်ဆိုတာ တကာ တကာမတွေ့ အပါယ်ဒုဂ္ဂတိဘေးမှကျွတ်စေချင်- လွတ်စေချင်လို့ပင် ဤမျှသယ်ယူကယ်တင်တော်မူခြင်းဖြစ်သည်။

ဒါနချည်းသက်သက် အားမကိုးလောက်, သီလချည်း သက်သက် အားမကိုးလောက်, သမထချည်းသက်သက် အားမကိုးလောက်ဆိုတာ ပညာမြင်ဖြင့် တကယ်မြင်ပြီး အလွန်တရာမှ သနားတော်မူသဖြင့်သာ ဒိဋ္ဌိပြုတ်မှု သုညတဓာရား ဤမျှရှေ့ထား၍ ဟောကြားတော်မူခြင်းဖြစ်သည်၊ (ဝတ္ထုကြောင်းတွေ့ ဘုရားဟောကျမ်းဂန်များစွာ ရှိပါသည်)။

ဒါနလောက်မျှနှင့် ဒိဋ္ဌိက ပြန်တောင် မပြန်နိုင်၊ သီလလောက်နှင့်လည်း ငါ့အသက်ရှည်ဘို့ နောက်ဘဝ နတ်သား-နတ်သမီးဖြစ်ဘို့ ဆိုတော့ ငါကောင်းစားဘို့ ဆိုတော့ ငါပါနေသေးသဖြင့် မိမိ သန္တာန်မှာ ဒိဋ္ဌိ ကိလေသာက တရွေ့သွားမျှ ပြုတ်နိုင်မည် မဟုတ်ပါ၊ သမထ ဆိုပြန်တော့လဲ ငါ့သေယင် ဗြဟ္မာ့ပြည် ရောက်မှာဆိုတော့ သဿတ ဒိဋ္ဌိက တန်းလန်း ဖြစ်နေပြန်တော့ မျှားဆိပ်သင့်သွားသည့် ငှက်ပမာ အဆိပ်တွေ ပြန့်တဲ့အခါ ထိုးကျမှာ သေချာသလို “ ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပ ဂတိံ ဂတာ၊ ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ၊ ပုနာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။ ” ဆိုသည့်အတိုင်း ကုသိုလ်ကောင်းမှု အရှိန်ကုန်တော့ ပြန်ကျပြီး နောင်တဖန် အို့,နာ,သေ နဲ့ဘဲ တသံသရာလုံးအဖော် လုပ်ရဦးတော့မည်ကား မလွဲတော့ချေ။

ထို့ကြောင့် အားလုံးသော ယောဂီများအား တိုက်တွန်းလိုသည်မှာ ယခု ဂေါတမ ဘုရားသာသနာတော် အထင်အရှား ရှိနေပါသေးသည်၊ ထောင်နိုင်တဲ့ နားကလည်း ရှိနေပါသေးသည်။

သပ္ပုရိသူပနိဿယတည်းဟူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်၏ ကိုယ်စား ဟောကြား ထားရစ်တော် မူခဲ့သော တရားတော်များကလည်း မြန်မာတပြည်လုံး ဖြန့်ဖြူးလျက် ရှိပါသည်၊ နာလည်း နာကြားကြပါ (ဝါ) ဘတ်ကြားကြပါ၊ နာကြားဘတ်ရှုသည့်အတိုင်း အားလည်းထုတ်ဖြစ်အောင် အားထုတ်ကြပါ၊ အားထုတ်သည်ဆိုတာ သိပ်မခဲယဉ်းပါဘူး၊ မိမိ

ခန္ဓာပင်ကိုယ် တကယ်ရှိတာကို မိမိဉာဏ်အသိနှင့် ဟုတ်တိုင်းမှန်စွာ မြင်တဲ့ အမြင်-မြင်အောင် အကဲခတ်တဲ့ အလုပ်ပါဘဲ၊ ဟုတ်တိုင်းမှန်စွာ မြင်တဲ့ အမြင်မှန်ရဘို့ ပဌမ ရှာဖွေ ကြိုးစားပြီးနောက် ပွါးများမှု လိုက်ခြင်းကို ဆိုလိုပါသည်။ ဓမ္မမိတ်ဆွေယောဂီအပေါင်းတို့....။

စိတ္တာနုပဿနာရှုနည်းပွားနည်း စာအုပ် အလိုရှိပါက ၅-ပြားတန် စာတိုက်ခေါင်းတလုံးထည့်၍ အောက်ပါ လိပ်စာ အတိုင်း ၁၉၆၅-ခု နိုဝင်ဘာလကုန်အထိ စာရေး တောင်းခံနိုင်ပါသည်။

ဦးသံဒိုင် ( ဥက္ကဋ္ဌ )
မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်နှင့် ပြန့်ပွါးရေးအဖွဲ့၊
( ၂၅-၅-၆၅ )

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နှလုံးသွင်းမှား၍ ဝိပ္ပလ္လာသသုံးပါး ဖြစ်လာပုံ ညအလုပ်ပေး တရားတော် | ၁ |
| ၂။ | ဝိပ္ပလ္လာသ(အရူး)ဆယ်နှစ်မျိုး ။ | ၅၁ |
| ၃။ | နိစ္စသညာကြောင့်ပပဉ္စတရားပေါ်လာပုံ ။ | ၁၀၁ |
| ၄။ | ဝိပ္ပလ္လာသ တံတိုင်းကြီးဖြိုဖျက်ရန် ။ | ၁၄၉ |
| ၅။ | ဒိဋ္ဌိဝိပ္ပလ္လာသ ပြုတ်ရေး ။ | ၁၉၉ |
| ၆။ | ကြောက်စရာ့ဒိဋ္ဌိကြီး ။ | ၂၄၁ |
| ၇။ | သဿတနှင့် ဥစ္ဆေဒ ပြုတ်ရေး ။ | ၂၉၁ |
| ၈။ | ဆားတလျက်နဲ့ သံသရာကြွေး အကြေဆပ်နည်း တရားတော် | ၃၂၈ |
| ၉။ | သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိရှိပုံအကဲခတ်နည်း တရားတော် | ၃၇၉ |
| ၁၀။ | သဿတရှိသူ၊ ဥစ္ဆေဒရှိသူ သဘော အလေ့အကျင့် တရားတော် | ၄၁၇ |
| ၁၁။ | အလည်လမ်းသို့ရောက်ရန်နည်းလမ်း ။ | ၄၇၁ |
| ၁၂။ | ဝိသာခနှင့် ဓမ္မဒိန္နာ အမေး-အဖြေ (၁) ။ | ၅၀၉ |
| ၁၃။ | ။ ။ ။ (၂) ။ | ၅၅၆ |

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကျေးဇူးတော်ရှင် - အမရပူရမြို့ မင်္ဂလာတိုက်၊
မိုးကုတ် - ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
နှလုံးသွင်းများ၍ ဝိပ္ပလ္လာသသုံးပါးဖြစ်လာပုံ

# ည အလုပ်ပေး တရားတော်

( ၂၉ - ၁၁ - ၆၁ )

— o —

ဒီနေ့ ယောနိသော မနသိကာရနဲ့ အယောနိသော မနသိကာရ ထူးခြားတာကို ဟောလိမ့်မယ်လို့ အလုပ်သမားတွေ နားထောင်ရမယ်....နော်။

ယောနိသော မနသိကာရ အယောနိသော မနသိကာရဆိုတာ ပုဂ္ဂိုလ်သန္တာန်မှာ နှလုံးသွင်းမှန်တာဟာ ယောနိသော မနသိကာရ၊ နှလုံးသွင်း မမှန်တာဟာ အယောနိသော မနသိကာရလို့ ရှေးဦးစွာ မှတ်ထားရမယ်....(မှန်ပါ)။

နှလုံးသွင်းမှန်တာ ဘာခေါ်ကြမယ်....(ယောနိသော မနသိကာရပါဘုရား) နှလုံးသွင်း မမှန်တာ....(အယောနိသော မနသိကာရပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ်ပါဠိတော်မှာ–

"အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ စေဝ အကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ အကုသလာဓမ္မာ အဘိဝဍ္ဎန္တိ"။

နှလုံးသွင်းမှားပြီဆိုမှဖြင့် မဖြစ်သေးတဲ့ အကုသိုလ်လဲ ဖြစ်လာတယ်၊ ဖြစ်ပြီးသား အကုသိုလ်တွေလဲ ပွားလာတာဘဲ၊ တယ်လဲဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

နှလုံးသွင်း မှားပြီဆိုယင် မဖြစ်သေးတဲ့ အကုသိုလ်တွေ.... (ဖြစ်လာပါတယ် ဘုရား) ဖြစ်ပြီးသား အကုသိုလ်တွေ....(ပွားပါတယ်ဘုရား)ပွားလာတယ်၊ ဩော်....တကယ့်တရားပါလား။

အဲဒါကို ဆရာသမားနဲ့တကွ အလုံးစုံက ပြင်မပေးတော့ဘူးဆိုလို့ရှိယင် မိဘရိုးရာအတိုင်း သင်ထားတာကတော့ဖြင့် များသောအားဖြင့် နှလုံးသွင်းမှားချည်း သင်ထားတာဘဲ .... (မှန်ပါ) နှလုံးသွင်းမှားချည်း သင်ထားတော့ကို မဖြစ်သေးတဲ့ အကုသိုလ်တွေဖြစ်၊ ဖြစ်ပြီးတဲ့ အကုသိုလ်တွေပွား။

ကိုင်း ဒါဖြင့် နှလုံးသွင်း မှားတယ်ဆိုတာ ဘာပါလိမ့်မတုံး မေးတော့ ဒီခန္ဓာကိုယ်ကြီးက ဖြစ်ပြီး ပျက်နေတဲ့ အနိစ္စခန္ဓာကိုယ်ကြီး၊ ဖြစ်ပျက်ဆိုတာသည် ဇာတိ ဇရာ မရဏ နှိပ်စက်လို့ ဆင်းရဲတဲ့ ခန္ဓာကိုယ်ကြီး၊ ပုဂ္ဂိုလ် သတ္တဝါအလိုသို့ မလိုက်တဲ့ အနတ္တ ခန္ဓာကိုယ်ကြီး၊ ဘယ်အချိန် ကြည့်လိုက် – ကြည့်လိုက် ချွေးသုတ်နေရတာနဲ့ တံတွေး ထွေးနေရတာနဲ့ ကျင်ကြီး-ကျင်ငယ် စွန့်နေရတာနဲ့ အသုဘ ခန္ဓာကိုယ်ကြီး။

အနိစ္စ ဒုက္ခ အနတ္တ အသုဘကို နှလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်– ဆရာပြင်မပေးလို့ တပည့်ကောင်း မဟုတ်တဲ့ ပုဂ္ဂိုလ်မှာဖြင့် အနိစ္စ ခန္ဓာ ကိုယ်ကြီးကိုလဲ နိစ္စထင်နေတာဘဲ၊ ဒုက္ခ ခန္ဓာကိုယ် ကြီးကိုလဲ သုခလို့ ထင်နေတာဘဲ၊ အနတ္တ ခန္ဓာကိုယ် ကြီးကိုလဲ အတ္တ ပိုင်တယ်လို့ ထင်နေတာဘဲ၊ အသုဘခန္ဓာကိုယ် ကြီးကိုလဲ လူတယောက်က လူတယောက်ကြည့်လိုက်ယင် ခင်ဗျား ဘာဖြစ်နေသတုံး....၊ တော်တော် စိတ်ချမ်းသာ လက်ချမ်းသာ ရှိပုံရတယ်၊ ဝဝဖြိုးဖြိုးနဲ့ ကြက်သရေ ရှိလိုက်တာဗျာ.... နှလုံး သွင်းမှားတဲ့ ပုဂ္ဂိုလ်၏ အပြောတွေပေါ့လေ....(မှန်ပါ့ဘုရား)။

အဲဒါ နှလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်၏ အပြောတွေကိုပင်လျှင် မောင်သစ်တို့ ဦးသံဒိုင်တို့က ဒါနဲ့ နှုတ်ဆက်နေကြတာဘဲ.... (မှန်ပါ့ဘုရား) ဒါနဲ့ နှုတ်ဆက်နေတယ်၊ ဒါနဲ့ ညွှဲခံနေတယ်။

ဦးသံဒိုင် မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား) ဒါနဲ့ ညွှဲခံမှုလဲ သူ့အကြိုက်ကျမယ်....(မှန်ပါ့) နို့–သူ့အကြိုက်ကျ အောင်လို့ ညွှဲခံတာလား....၊ ကိုယ့်အမြင်ကကိုယ်က မှောက် မှားနေတာလား....တခါ အကဲခတ်ဦး....(ကိုယ့်အမြင်ကမှောက် မှားနေတာပါ)။

ဒါဖြင့် ဒီဥစ္စာဘာဆိုကြမတုံးလို့မေးတော့ကို အနိစ္စ-နိစ္စထင် ဒုက္ခ-သုခထင်၊ အနတ္တ-အတ္တထင်၊ အသုဘကို သုဘထင်ပြီး သကာလ နှလုံးသွင်းမှားလို့ ဒါနဲ့ ညွှဲခံကြတာဘဲ...(မှန်ပါ့ ဘုရား)။

ဘယ့်နှယ်ဘုံး....၊ စားသောက် ကောင်းလာတယ်ထင်တယ်၊ စီးပွားရေးလဲ အကြောင်းညီညွတ်ပုံရတယ်၊ မျက်နှာတွေကြည့်ရ

တာ ရှေးကနဲ့တောင် မတူဘူး၊ ဝဝဖြိုးဖြိုး—ပြုံးပြုံးရွှင်ရွှင်နဲ့၊ ဒီလိုတွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ဘာနဲ့ နှုတ်ဆက်ကြတာ တုံး ပြောပါဦး....(နှလုံးသွင်းမှားနဲ့ နှုတ်ဆက်တာပါ)။

ပါဠိလိုသုံးတော့ အယောနိသော မနသိကာရနဲ့ နှုတ်ဆက် ကြတာ....(မှန်ပါ) လောကကြီးမှာ ဒါ လွှမ်းမိုးနေတယ်ဆိုတာ ကိုလဲ မောင်သစ်တို့ ဦးသံဒိုင်တို့ ငြင်းဘို့ လိုသေးသလား.... (မလိုပါဘုရား)ဒါဖြင့် ဒီပုဂ္ဂိုလ်တွေဟာ မဖြစ်သေးတဲ့အကုသိုလ် ဖြစ်ရမယ်-ဘုရားက....(မှန်ပါ) ဖြစ်ပြီးသား အကုသိုလ် ပွားရ မယ်....(မှန်ပါ)။

ကိုယ်ကတော့ မသိလိုက်ဘူးလို့ထားပါဦး ဒီဥစ္စာ၊ ကိုယ်က တော့ ဝမ်းမြောက်လို့ ပြောလိုက်ဘယ်လို့ဘဲ ထင်တာဘဲ၊ တနည်းအားဖြင့်လဲ သူ့အကြိုက်လိုက်ပြီး ပြောလိုက်တယ်လို့ဘဲ ထင်တာဘဲ၊ တချို့သော ပုဂ္ဂိုလ်က အသက်မေးလို့မှ မကြိုက်တဲ့ ပုဂ္ဂိုလ်က ရှိသေးတာကိုး....(မှန်ပါ) ရှိသေးတယ်....။

ဘယ်လောက်ထိအောင် အယောနိသော မနသိကာရ သူ့ အပေါ်မှာ လွှမ်းမိုး အုပ်ချုပ်နေတယ်ဆိုတာတော့ ပြောဘို့ မလိုတော့ပါဘူး ...(မလိုပါဘုရား) ဆံပင်ဖြူတာ ဆိုးကြတယ်၊ ဒါ ဘာတုံးဆိုလို့ရှိယင် အသုဘ-သုဘလုပ်ပြီးသကာလ နေကြ တာတွေ။

ကောင်းပြီ ဒါဖြင့် စိတ်ပျိုမှ ကိုယ်နှဆိုပြီးသကာလ သွားတဲ့ အသွားတွေကလဲ နှလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်၏ အလုပ်တွေ.... (မှန်ပါ)။

ဒါတွေကိုလဲ နှလုံးသွင်းမှားတော့ ခုနင်က ပြောတဲ့ အချက်ကလဲ ဘုရားကဲ-နှလုံးသွင်းမှားလို့ ရှိယင် မဖြစ်သေးတဲ့အကုသိုလ်ဖြစ်ရမယ်ကွ၊ ဖြစ်ပြီးသား အကုသိုလ် ပွားများရမယ်ကွ-ဆိုဘာ ဦးသံဒိုင် လွဲသေးသလား....(မလွဲပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် နှလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်နဲ့ ဝေးပြီး သကာလ အပါယ်လေးပါးသာ ရောက်စရာရှိတော့တယ် ဆိုတဲ့ဥစ္စာ သေချာသွားတယ်....( မှန်ပါ့ )မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် နှလုံးသွင်းမှားလောက် ကြောက်စရာကောင်းတာ လောကကြီးထဲမှာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နှလုံးသွင်းမှားဆိုတာ တခြားမဟုတ်ဘူးကွ၊ သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသ, ဒိဋ္ဌိဝိပ္ပလ္လာသကွ ..၊ ဒီထဲ သွင်းလိုက်ရတယ်....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ) အမှတ်မှားကွ....၊ အသိမှားကွ....၊ အယူမှားကွ....၊ ဘာတဲ့တုံး....(အမှတ်မှား, အသိမှား, အယူမှားပါဘုရား)။

အမှတ်မှားက သညာဝိပ္ပလ္လာသ၊ အသိမှားက စိတ္တဝိပ္ပလ္လာသ အယူမှားက ဒိဋ္ဌိဝိပ္ပလ္လာသ....(မှန်ပါ့) နှလုံးသွင်းမှားလိုက်တာ အရူးထဲကို ရောက်တယ်...( မှန်ပါ့ ) နှလုံးသွင်းမှားလိုက်တာ ဘယ့်နှယ် ဖြစ်သွားသတုံး....(အရူးထဲ ရောက်သွားပါတယ်)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ပုထုဇ္ဇနော ဥမ္မတ္တကော"ကွာ....၊ ဒီအထဲ အရူးထဲ ငါ အကောင်းတယောက်

တည်း ဘုရားပွင့်လာတော့ လောကနဲ့ ဆန့်ကျင်ဘက် ကိုယ်တော်ကြီးလို့ အများက သမုတ်ကြတယ်....(မှန်ပါ)။

လောကနဲ့ ဆန့်ကျင်ဘက် ကိုယ်တော်ကြီးလို့ အများက သမုတ်ကြတယ်-တဲ့....၊ အကုန်က ရူးနေတာ မောင်သစ်ရဲ့.... (မှန်ပါ) သူတယောက်တည်း ကောင်းနေတော့ သူ့ဝိုင်းပြီး လက်ခုတ်တီး ချောက်သလို ဖြစ်နေတယ်-(မှန်ပါ)ဘယ်လောက် ကြောက်စရာ ကောင်းသတုံး....(ကြောက်စရာ ကောင်းပါတယ် ဘုရား)။

ဘုရား စ-ပြီး တောရှင်းရတာ ဦးသံဒိုင် လွယ်ပါ့မလား.... ( မလွယ်ပါ ဘုရား ) ဘာတောတုံး မေးတော့ ဒီအရူးတော ရှင်းနေတာ....(မှန်ပါ)။

အရူးတောက တဏှာရူး၊ မာနရူး၊ ဒိဋ္ဌိရူး၊ ကဲ....အရူးက ပွားတာတွေ....(မှန်ပါ)တဏှာရူး၊ မာနရူး၊ ဒိဋ္ဌိရူး....(မှန်ပါ) ရှင်းကြပလား.....(ရှင်းပါပြီ)။

ဒီဟာတွေသာ ခင်ဗျားတို့ ဆရာဘုန်းကြီးနဲ့ မတွေ့ဘူး၊ ပြင်ပေးမည့်သူလဲ မရှိတော့ဘူးဆိုယင်ဖြင့် မသာဘိတ်ယင် အရူးမသာ ကြွတော်မူပါ ဘိတ်ရုံဘဲ ရှိတယ်....(မှန်ပါ)ဒီ့ပြင် ဘာမှ ဘိတ်စရာ မရှိဘူး....(မှန်ပါ) ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် များသောအားဖြင့် ဦးသံဒိုင်တို့ ပို့ခဲ့ရတာ၊မောင်သစ်တို့ ပို့ခဲ့ရတဲ့ မသာတွေ ဘာမသာ များသတုံး....(အရူးမသာ များပါတယ်ဘုရား)။

ဟာ့အာ....ကြောက်စရာကြီးဘဲ၊ ကြောက်စရာကြီးဘဲ၊ အရွေး ပျောက်ပြီး သေသွားတဲ့ မသာကို မပါဘူး....(မှန်ပါ) အရွေး တန်းလန်းနဲ့ သေသွားတာဘဲဆိုတော့ ဦးသံဒိုင် ဘယ့်နှယ် လုပ်မလဲ....၊ အပါယ်သွားတာ များပါတယ်ဆိုတာ ခင်ဗျားတို့ ခြင့်ယုံစရာလား သေသေချာချာ ယုံပလား....(သေသေချာချာ ယုံပါတယ်ဘုရား)။

ခြင့်မယုံနဲ့တော့....(မှန်ပါ) ခြင့်မယုံနဲ့တဲ့၊ ခြင့်ယုံယင် ခင် ဗျားတို့ ဒိဋ္ဌိ ပါနေမယ်....(မှန်ပါ)။

ခင်ဗျားတို့မှာ ခြင့်ယုံနေလို့ရှိယင် ဘုရား ဟောတော်မူတာ ကိုလဲ ဘုရားက တသိန်း-တယောက် သုဂတိ မရောက်ပါဘူးကွ-တဲ့၊ လူတသိန်းသေယင် တယောက် သုဂတိ မရောက်ပါဘူးဆို တော့ ဒီအရွေးတွေ သေလို့ ဒီတရားကို ဟောရတယ် ဆိုတဲ့ အဓိပ္ပါယ်လို့ မှတ်ထားကြပါ....(မှန်ပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ကိုင်း ဒါဖြင့် အဲဒီ ဝိပ္ပလ္လာသ ရှိနေလို့ရှိယင် ဝိပဿနာ ဉာဏ်ကို သူ အမြဲ ခုခံလိမ့်မယ်....(မှန်ပါဘုရား)ဝိပဿနာဉာဏ် ကို....(အမြဲခုခံမှာပါဘုရား)။

အမြဲခုခံနေလို့ရှိယင်ဖြင့် ဘယ့်နှယ်လုပ်ပြီး ဝိပဿနာမဂ်မှ မရလို့ရှိယင် လောကုတ္တရာမဂ် ရနိုင်ပါမလဲ ....( မရနိုင်ပါ ဘုရား) မရနိုင်လို့ရှိယင်ဖြင့် နိဗ္ဗာန်မြင်နိုင်ပါမလား....(မမြင်နိုင် ပါဘုရား) မမြင်နိုင်ယင် သစ္စာ မသိတော့ဘူး....(မှန်ပါ)။

ဒါဖြင့် အားလုံးသာ စဉ်းစားပေတော့တဲ့၊ အခုပြောလို့ အခုနာတဲ့ တကာ တကာမမှုတပါး ကျန်တဲ့ ဒီဟာကို လေ့လာ ဆည်းပူးခြင်းနည်းတဲ့ ပုဂ္ဂိုလ်များမှာဖြင့် တလမ်းသွားဘဲ.... (မှန်ပါဘုရား) ဘာ့ကြောင့်တုံး....ရှုးသေသွားတာ....(မှန်ပါ)။

ရာဂုမ္မတ္တက–ဒိဋ္ဌုမ္မတ္တက....( မှန်ပါ ) ရာဂုမ္မတ္တက ဆိုတာက ရာဂရူး....(မှန်ပါ) ဒိဋ္ဌုမ္မတ္တက ဆိုတာက ဒိဋ္ဌိရူး၊ ငါ့သား၊ ငါ့ သမီး၊ ငါ့မြေး၊ ငါ့မြစ်ဆိုတာက ဒိဋ္ဌိရူး....(မှန်ပါ) ခင်မင်ပြီး သကာလ နေတာက ရာဂုမ္မတ္တက....(မှန်ပါ) ငါ့သား၊ ငါ့သမီး၊ ငါ့ပစ္စည်းဆိုတာက ဒိဋ္ဌုမ္မတ္တက....(မှန်ပါ)။

ရာဂ+ဥမ္မတ္တက၊ ဒိဋ္ဌိ+ဥမ္မတ္တက, ရာဂရူး,ဒိဋ္ဌိရူး၊ ရှင်းပလား (ရှင်းပါပြီ)

ဒါဘာဖြစ်လို့တုံးလို့ လက်သည်ရှာတော့မှ ခုနင်က မူလ တရားကို ဘုရားဟောတော်မူတာ ပြန်ကောက်ပါတဲ့၊ အယောနိ သော မနသိကာရဟာ လက်သည်ဘဲ....(မှန်ပါ) ရှင်းပြီ....(ရှင်း ပါပြီ)။

အရူးဟူသ၍၏ လက်သည် အရင်းကျကျ ဖမ်းလို့ရှိယင် ဘာတွေ့ကြသလဲ....(အယောနိသော မနသိကာရ တွေ့ပါတယ်) ဒါ မှတ်ထားစမ်းပါ၊ ဒါကလေး မှတ်ထားစမ်းပါ။

"အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ စေဝ အကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ၊ဥပ္ပန္နာစ အကုသလာဓမ္မာ အဘိ ဝဍ္ဎန္တိ" တခါတည်း မဖြစ်သေးတဲ့ အကုသိုလ်တွေ ဖြစ်ရမယ် ကွ....၊ ဖြစ်ပြီးသား အကုသိုလ်တွေလဲ ပွားရမယ်ကွ....ဆိုတော့ ထွက်ပေါက်မြင်ကြသေးရဲ့လား.... (မမြင်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်တဲ့နေရာဌာန၊ ဒုက္ခ ခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို သွားချင်လို့ရှိယင်ဖြင့်.... ဝိပ္ပလ္လာသလေးပါး ပျောက်မှရမယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အဲ.... သောတာပန်တည်မှ ဒိဋ္ဌိဝိပ္ပလ္လာသတို့ ပျောက်ပါတယ်.... (မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် ဝိပ္ပလ္လာသတွေကလဲ များတာနဲ့ ဒီတရား ရက်ရှည်ပြောရမဲ့တရား ဖြစ်နေတယ်လို့ ဦးသံဒိုင်က မှတ်ရမယ် (မှန်ပါ့ဘုရား) ရက်မရှည်ယင် မရဘူး၊ ဝိပ္ပလ္လာသပယ်ခဏ်းတွေ ပါဟောရမယ်.... (မှန်ပါ့)။

ကိုင်း.... ဒါဖြင့် တကာ့တကာမတို့ နှလုံးသွင်းမှားလို့ရှိယင်ဖြင့် ခင်ဗျားတို့ နှလုံးသွင်းမှားစရာသည် ဘယ်နှစ်ချက်တုံးလို့ မေးလို့ ရှိယင်ဖြင့် ဧလေးချက်ဆိုတာ မှတ်ထားလိုက်စမ်းပါ.... (မှန်ပါ့)။

အနိစ္စကို နိစ္စထင်ယင်လဲ နှလုံးသွင်းမှားပြီ.... (မှန်ပါ့) ဒုက္ခတရားကို သုခထင်ယင်လဲ (နှလုံးသွင်းမှားပါပြီ ဘုရား) အနတ္တတရားကို ငါ့ဟာ ထင်နေလို့ရှိယင်.... (နှလုံးသွင်းမှားပါပြီဘုရား) နှလုံးသွင်းမှားပြီဆိုတာ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

အသုဘတရား သုဘ ထင်နေယင်လဲ.... (နှလုံးသွင်းမှားပါပြီဘုရား)။

နှလုံးသွင်းမှားပြီဆိုတော့ ခင်ဗျားတို့မှာ ဣန္ဒြိယသံဝရသီလ ကလဲမရှိတော့ မြင်လိုက်တယ်ဆိုလို့ရှိယင်ဖြင့် ကြည့်လို့ကောင်းတာနဲ့ ကြည့်ရတာ ကြက်သရေရှိတာနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ

တွေကို တခါတည်း အသုဘတွေကို နိဗ္ဗာန် ရောက်မည့်တရား ကလေးကို အကုန်ဖုံးသွားတယ်။

နိဗ္ဗာန်ရောက်မည့် တရားကလေးကို (ဖုံးသွားပါတယ်)။

ဘယ်သူက ဖုံးသတုံး....မေးလို့ရှိယင် အယောနိသော မနသိကာရက ဖုံးလိုက်ပါတယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

နိဗ္ဗာန်ရောက်တဲ့တရားကို.... (အယောနိသော မနသိကာရဖုံးပါတယ်)။

အယောနိသော မနသိကာရ ဖုံးပါတယ်ဆိုတာရိပ်မိပလား (ရိပ်မိပါပြီ) ဒီ....အယောနိသော မနသိကာရက ဖုံးလိုက်လို့ရှိယင်ဖြင့်....တဲ့ ခင်ဗျားတို့မှတ်ထားပါ၊ အနိစ္စတရားကြီးကလဲ နိစ္စဖြစ်ရတော့မယ်.... (မှန်ပါ့) ဒုက္ခတရားကလဲ.... (သုခဖြစ်ရပါမယ်) အနတ္တတရားဟာ.... (အတ္တ ဖြစ်ရပါမယ်) အသုဘတရားက ... (သုဘဖြစ်ရပါတယ်)။

သုဘ တင့်တယ်တယ်ဆိုတဲ့အဖြစ်သို့ ရောက်ရတော့မယ် ဆိုတော့ မလာနိုင်တဲ့ ပဋိစ္စသမုပ္ပါဒ်မရှိအောင်ဖြစ်နေတာ (မှန်ပါ့) အကုသိုလ်ဘက်က မလာနိုင်တဲ့ပဋိစ္စသမုပ္ပါဒ်မရှိအောင် ဖြစ်နေတယ်ဆိုတာဖြင့် ယနေ့စဉ်းစားကြည့်ပါတဲ့၊ ဩော်....ငါတို့ နေကြထိုင်ကြတာသည် ကော်တော်ကလေးများ ရှုးစကလေးသိမ်းချင်ပလား....လို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် ရှုးစ,မသိမ်းနိုင်သေးဘူး။

ဒါကြောင့် ခင်ဗျားတို့ မဂ်ဆိုက်အောင် လုပ်ကြစမ်းပါဆိုတဲ့ ဥစ္စာ ဦးသံဒိုင်တို့ တိုက်တွန်းတာ အရှုးပျောက်အောင် ပြောတာ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

မဂ်ဆိုက်အောင် လုပ်စမ်းပါဆိုတာ.... (အရှုးပျောက်အောင် ပြောတာပါ) ဝိပဿနာ လုပ်စမ်းပါဆိုတာ.... (အရှုးပျောက် အောင် ပြောတာပါ)။

အဲ.... ဝိပဿနာ လုပ်လာလို့ ရှိယင်ဖြင့် အရှုးပျောက်စပြုပြီ (မှန်ပါ့)ဝိပဿနာ မလုပ်သေးဘဲနဲ့ လူ့ဒါန်းပေးကမ်းပြီးသကာလ ဒီလိုနေတဲ့ပုဂ္ဂိုလ် ကတော့ဖြင့် ကမ္ဘာသကတာဉာဏ်လောက်နဲ့ အရှုးတော့ မပျောက်တာအမှန်ဘဲ....(မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ)။

ကဲ.... ဒါဖြင့် အရှုးကို ပျောက်စေနိုင်တဲ့ ဆေးဟာဖြင့် အနိစ္စဆေး, ဒုက္ခဆေး, အနတ္တဆေး, အသုဘဆေး ဒီလေးခွက် ကို ခင်ဗျားတို့ မသောက်နိုင်သ၍ ကာလပတ်လုံး ရာဂုမ္မတ္တက၊ ဒိဋ္ဌုမ္မတ္တကဆိုတဲ့ အရှုးကိုဖြင့် မောင်သစ်တို့ ပျောက်လိမ့်မယ်လို့ ဦးသံဒိုင်တို့ ဘယ်အခါမှ မအောက်မေ့နဲ့.... (မှန်ပါ့ဘုရား)။

အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ဆေးလေးခွက် ထားခဲ့တယ် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ အဲဒါမသောက်နိုင်သ၍ကာ လပတ်လုံး ရာဂရှုး၊ ဒိဋ္ဌိရှုး ဒီနှစ်ရှုးဟာ ဘယ်တော့မှမပျောက် ဘူး.... (မှန်ပါ့ဘုရား) ရှင်းကြပလား ... (ရှင်းပါပြီ)။

တရားကို သေသေချာချာ မှတ်ကြပါ တကာတကာမတို့.... ရာဂရှုး, ဒိဋ္ဌိရှုးရှိတာ နှစ်ပါးရှိပါတယ်....(မှန်ပါ့)မောဟုမ္မတ္တက

လို့တောင် ရှိလိုက်သေးတယ်၊ ကဲ....အရှုးသုံးပါး ထားလိုက်ပါ တော့.... (မှန်ပါ)။

ရာဂမူတ္တက- ဒေါသမူတ္တက- မောဟမူတ္တက အရှုးဘယ်နှစ် မျိုးရှိသတုံး.... (သုံးမျိုးရှိပါတယ်ဘုရား)။

အရှုးသုံးမျိုးကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဆေး သုံးခွက်ထားခဲ့တယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆေးတွေနဲ့နော်.... (မှန်ပါ)။

ဒါ.... သောက်တဲ့ပုဂ္ဂိုလ်ဟာ ပျောက်တာဘဲ.... (မှန်ပါ) ဒါ....မသောက်တဲ့ပုဂ္ဂိုလ်ဖြင့်.... (မပျောက်ပါဘုရား)။

မပျောက်နိုင်တော့ ဒါ....သောက်ဆိုတဲ့ဥစ္စာကလဲခင်ဗျားတို့၊ ကဲ....ရာဂရှုးကလဲ တဏှာ ဥပါဒါန် ကံ အပါယ်ဇာတိဘဲ၊ရှင်းပ လား.... (ရှင်းပါပြီ)။

ရာဂရှုးက တဏှာ ဥပါဒါန် ကံ အပါယ်ဇာတိ၊ ဒါသဘော ကျပလား.... (ကျပါပြီ)။

ဒိဋ္ဌိရှုးကလဲ လောဘပါဘဲ၊ သူကလဲ တဏှာ ဥပါဒါန် ကံ အပါယ်ဇာတိဘဲရတယ်.... (မှန်ပါ)။

မောဟမူတ္တကကအဝိဇ္ဇာသင်္ခါရ ဝိညာဏ် ဆိုတော့ ဘယ် ဝိညာဏ်လို့မဆိုနဲ့ အပါယ်ဇာတိဘဲ(မှန်ပါ) အပါယ်နဲ့ သုဂတိ ဘဲ၊ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဆေးသုံးခွက်ကို ခင်ဗျားတို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ ဆေးသုံးခွက်ကို မသောက်တဲ့ ပုဂ္ဂိုလ်များ ဘယ်တော့မှ အရှုးမပျောက်လို့မှတ်.... (မှန်ပါဘုရား)။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆေးသုံးခွက် မသောက်တဲ့ပုဂ္ဂိုလ်များ (ဘယ်တော့မှ အရူးမပျောက်ပါဘုရား)။

ဘယ်တော့မှ အရူးမပျောက်လို့ မှတ်စမ်းပါ၊ ဘာဆေးနဲ့ ကုရမတုံးလို့ မေးနေစရာ မလိုပါဘူး၊ ဒီ.... နှလုံးသွင်းမှားလို့ ရူးလာတဲ့ အရူးကို နှလုံးသွင်းမှန် တည်းဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့မှ မကုလို့ရှိယင် ဦးသံဒိုင် ဘယ်တော့မှမရဘူး.... (မှန်ပါဘုရား) ရနိုင်စရာ မြင်ရဲ့လား.... (မမြင်ပါဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပွင့်လာတာသည် ဘယ်အကျိုးငှာ ပွင့်လာတာတုံးမေးတော့၊ ကွာ....တဲ့၊ ငါ....ဆေးတိုက်မလို့ "သတ္ထာ ဒေဝမနုဿာနံ" ဒေဝမနုဿာနံ= နတ်လူတို့၏၊ သတ္ထာ= ငါဆေးသမားကြီးဘဲ.... (မှန်ပါ)ဆေးတိုက်မလို့ လာခဲ့တယ်.... (မှန်ပါ) ရှင်းပလား ... (ရှင်းပါပြီ)။

ဘာဖြစ်လို့ ပွင့်လာပါလိမ့် ကိုယ်တော်ကြီး.... (ဆေးတိုက်မလို့ပါဘုရား)။

သူ့မှာလဲ ဆေးက များများမပါပါဘူး၊ အနိစ္စဆေး၊ ဒုက္ခဆေး၊ အနတ္တဆေးဘဲ ပါတယ်....(မှန်ပါ)။

အဲဒါရာဂုမ္မတ္တကဒိဋ္ဌုမ္မတ္တက-မောဟုမ္မတ္တကတွေသောက်လိုက်လို့ရှိယင်တော့ဖြင့် အန်တာပါဘဲ....(မှန်ပါ)တခါတည်းဒီဆေးသာ တိုက်လိုက်လို့ရှိယင် ခုနင်က ရာဂတွေ အန်ထုတ်၊ ဒေါသ ဒိဋ္ဌိတွေ အန်ထုတ်၊ မောဟတွေအန်ထုတ်၊ သူက အန်ဆေးတိုက်တယ်.... (မှန်ပါဘုရား)သဘောကျပလား.... (ကျပါပြီဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်ဘာဆေးတိုက်ပါလိမ့် (အန်ဆေး တိုက်ပါတယ်ဘုရား) အန်ဆေးတိုက်တယ်။

အန်ဆေးဆိုတာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သောက်နိုင်တဲ့ပုဂ္ဂိုလ် အရှုးပျောက်လို့ ရှုးတတ်တဲ့တရားတွေ အန်ထုတ်တယ်.... (မှန်ပါဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး အင်္ဂုတ္တိုရ် ပါဠိတော်ကြီး ကျ တော့ငါဟာ စွမ်းလို့ ဆေးသမားကြီးကွ၊ အန်ဆေး တိုက်တတ်တဲ့ဆေးသမားကြီးကွ.... ဆိုပြီး သေသေချာချာ ဟောရှာတယ်....(မှန်ပါ)။

တကာတကာမတွေကလဲ ဒီဆေးသာသောက်ရမယ် ဆိုလို့ရှိယင်ဖြင့် ရက်ရွှေ့ချင်ရွှေ့နေကြတယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီ)။

ဘာလုပ်တတ် သတုံး.... ( ရက်ရွှေ့ချင် ရွှေ့နေတတ်ပါတယ်)။

ဝိပဿနာ အလုပ်ကို လုပ်ပါဆိုလို့ရှိယင်ဖြင့် ရှုးပါရစေဦး၊ ဖြေးဖြေးတော့ လုပ်ပါ့မယ်၊ ဘာဖြစ်တာတုံး မေးယင် ဘယ့်နှယ်ဖြေမလဲ၊ ရှုးချက် သန်တာဘဲ.... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒီဆေးကို တနေ့ နည်းနည်းသောက်မယ်ဆိုလို့ရှိယင် ပျောက်စေတတ်သောဆေးနည်းနည်း သောက်နေလို့ရှိယင်လဲမပျောက်ချင်တဲ့အဓိပ္ပါယ် ပါ-ပါတယ်.... (မှန်ပါ) မပါဘူးလား.... (ပါပါတယ်ဘုရား)။

အဲဒီတော့ စကားတတ်လို့ ပြောတာမဟုတ်ပါဘူး၊ စကား ရေရေလည်လည်ရှိလို့ ပြောတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့၏ အရှူးမပျောက်မှာစိုးရိမ်တဲ့ အဓိပ္ပါယ် ပါ-ပါတယ်....(မှန်ပါ)။

ဘာ့ကြောင့် အရှူးမပျောက်မှာ စိုးရိမ်တဲ့ အဓိပ္ပါယ်ပါရ သတုံးဆိုယင် ဒီအရူးကတော့ အာသေဝနပစ္စယော၊ မှတ်မိကြပ လား.... (မှန်ပါ) အဖန်တလဲလဲ ထုံလာခဲ့ကြတယ်....(မှန်ပါ) ဘယ်ဘဝမှာ အနှံခဲ့ရတယ်မရှိဘူး၊ အရှူးပေါ် အရှူးထပ်ဆင့်၊ ဒီလိုချည်းလာခဲ့ရတယ်ဆိုတာလဲ ရိပ်မိကြပြီ....(ရိပ်မိပါပြီ)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး အနှံဆေးတိုက် တော့မယ် ဆိုလို့ရှိယင် မကြားဘူးပါဘူး၊ မကြုံဘူးပါဘူး၊ ကျုပ်တို့ တသက်လုံး နေလာတာ၊ အနိစ္စမရှိပါဘူး၊ နိစ္စပါဘဲ၊ သုခပါဘဲ၊ အတ္တာပါဘဲ၊သုဘာပါဘဲဆိုပြီးသကာလ ခင်ဗျားတို့က ဒီဆေးမှုနဲ့လာလို့ရှိယင်ဖြင့် တအံ့တသြဖြစ်ပြီးသကာလ မကြား ဘူးတဲ့ဆေး ဖြစ်နေသောကြောင့် ဘုရားသခင် ကိုယ်တော်မြတ် ကြီးက ဒီအရူး ဒီအကန်းတွေအတွက် ငါဘယ့်နှယ်လုပ်ရမတုံး ဆိုတော့ သံယုတ် ပါဠိတော်ကြီးများ၌ ညည်းတော်မူတယ်.... (မှန်ပါ ) ညည်းသင့် မညည်းသင့်.... ( ညည်းသင့်ပါတယ် ဘုရား)။

ညည်းသင့်တယ်တဲ့၊ဒီအကန်း ဒီအရူးတွေအတွက်ဖြင့်ငါဘယ် လိုလုပ်ရမှန်း မသိဘူးဆိုတဲ့ အဓိပ္ပါယ်ပါနေတယ်.... (မှန်ပါ)။

တကာတကာမတို့ ခင်ဗျားတို့က မီးနဲ့ ရွှေစင် မစင်တဲ့ စန္ဒကူး မထူးအောင်ရူးမှ အရူးထင်တာ.... (မှန်ပါ) မီးနဲ့ ရွှေနဲ့ မထူးမှ ခင်ဗျားတို့က အရူးထင်တာ.... (မှန်ပါ) မစင်နဲ့ စန္ဒကူး မထူးမှ (အရူးထင်တာပါ)။

အဲဒီ့ အရှုးက တမျိုးပါတဲ့၊ ရောဂါရှုးပါတဲ့.... (မှန်ပါ့) ဒါက လောကမှာ အခုမှ သည်းခြေ့ သလိပ်သွေး တို့ကြောင့်၊ ပယောဂတို့ကြောင့်ဖြစ်တဲ့ အရှုး....(မှန်ပါ့ဘုရား)။

ကမ္ဘာရှုးတာက ဒါမျိုးမဟုတ်ဘူး....(မှန်ပါ့) ကမ္ဘာအစဉ် ဆက်ကရှုးတာက ရာဂုမ္မတ္တက ဒေါသုမ္မတ္တက, မောဟုမ္မတ္တက လို့ဆိုပါတယ်....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အခုမှပေါ်လာတဲ့အရှုးနဲ့ ကမ္ဘာကအရှုးနဲ့ ဘယ်သူက အကုခက်မယ်ထင်ကြသတုံး.... (ကမ္ဘာကအရှုးက အကုခက်ပါတယ်ဘုရား)။

တော်လာပြီဒါ ကိုယ်အကြောင်း ကိုယ်သိလာပြီ....(မှန်ပါ့) ကိုယ့်အကြောင်းကိုယ်သိလာပြီတဲ့၊ ဘယ်တော့မှ ဆေးမတွေ့ခဲ့ဘဲနဲ့ စဉ်တိုက်ရှုးလာတဲ့အတွက် ခင်ဗျားတို့ကျုပ်တို့မှာတဲ့၊ ဘယ်တော့မှ အနိစ္စဆေးကိုလဲမသောက်ဘူး၊ ဒုက္ခဆေးလဲ မသောက်ဘူး၊ အနတ္တဆေးလဲမသောက်ဘူး၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီဆေးသုံးခုကိုင်ပြီးတော့ သူပွင့်လာတာဘဲ....(မှန်ပါ့)။

ရာဂုမ္မတ္တက,ဒေါသုမ္မတ္တက,မောဟုမ္မတ္တက,ဒိဋ္ဌုမ္မတ္တက-တွေကိုတိုက်မဟော့ဆိုပြီး ကိုယ်တော်မြတ်ကြီး လေးသင်္ချေနဲ့ ကမ္ဘာတသိန်းကာလပတ်လုံး သူ့ဂုဏ်ကို သူယူလာတာ၊ သူများပေးတဲ့ ဂုဏ်မဟုတ်ပါဘူး၊ "သတ္ထာဒေဝမနုဿာနံ" (မှန်ပါ့) ဒေဝမနုဿာနံ=နတ်လူတို့၏။ သတ္ထာ=ဆေးသမားကြီးဟာ ငါပါဘဲကွတဲ့....(မှန်ပါ့) ရှင်းပလား........(ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ကိုယ်တော်မြတ်ကြီးက ဆေးသမားကြီးအဖြစ်နဲ့ သူ့ကိုယ်သူ ဝန်ခံပါလိမ့်မတုံး မေးလို့ရှိယင်ဖြင့် တသံ

သရာလုံးရှိတဲ့ ပုဂ္ဂိုလ်ဟာသူ၍က တယောက်မှအကောင်းမပါဘူး- (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။ အကောင်းများ ပါသေး ရဲ့လား....(မပါ-ပါဘုရား)။

အဲဒီအထဲမှာ သူကုရမယ်လို့ ဆိုပြီးသကာလ ကြိုက်ကြိုက် မကြိုက်ကြိုက် ကုမှာဘဲ.... (မှန်ပါ့) မကြိုက်လဲ ချော့တိုက်တဲ့ ပုဂ္ဂိုလ် ချော့တိုက်မှာဘဲ....(မှန်ပါ့)။

ဇနပဒကလျာဏီတို့ ကျတော့ ချော့တိုက်တယ်၊ မဟုတ်ဘူး လား....(မှန်ပါ့)အာဠဝကတို့ဘာတို့ကျတော့ ချောက်ပြီးတိုက် တယ်....(မှန်ပါ့ဘုရား)။

ချောက်တိုက်တဲ့ပုဂ္ဂိုလ်ရှိတယ်၊ ချော့တိုက်တဲ့ပုဂ္ဂိုလ်ရှိတယ်၊ တန်းတူထားပြီးသကာလ တိုက်တဲ့ ပုဂ္ဂိုလ် ရှိတယ်.... (မှန်ပါ့ ဘုရား)။

ကဲ....ကိုယ်တော်မြတ်ကြီး စေတနာဖြင့်....၊ အရှုံးတော့အရှုံး ချည်းဘဲ၊ချော့တိုက်ရတဲ့ပုဂ္ဂိုလ်လဲအရှုံးဘဲ၊ ချောက်တိုက်ရတဲ့ပုဂ္ဂိုလ် ကော.... (အရှုံးပါဘုရား) တန်းတူထားတိုက်ရတဲ့ ပုဂ္ဂိုလ်ကော (အရှုံးပါဘုရား)။

ဘယ်လောက်ထိအောင် ကိုယ်တော်မြတ်ကြီးဟာ ခင်ဗျားတို့ ကျုပ်တို့အပေါ်မှာဖြင့် လူနတ်ဗြဟ္မာသတ္တဝါတို့၏ ဆရာအမည် ခံထိုက်တယ်၊ ပူဇော်ထိုက်တယ်၊ဒါကြောင့် သူ့ဂုဏ်တွေ ပူဇော် လို့ရှိယင် သုဂတိတော့ရောက်သေးတယ်ကွလို့-သူဟောတယ်.... (မှန်ပါ့ဘုရား)။

သူ့ဂုဏ်ပူဇော်ယင် သုဂတိတော့ ရောက်သေးတယ်၊ နိဗ္ဗာန်တော့ မရောက်နိုင်ဘူး....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူ့ဂုဏ်ပူဇော်ယင်.... (သုဂတိတော့ရောက်ပါတယ်) နိဗ္ဗာန်တော့.... (မရောက်နိုင်ပါဘုရား)။

မရောက်နိုင်ဘူးတဲ့၊ နိဗ္ဗာန် ရောက်ချင်လို့ ရှိယင် ဆေးသောက်မှရောက်မယ်....(မှန်ပါ့ဘုရား) သူ့ဂုဏ်ကြည်ညိုလို့ရှိယင် သုဂတိရောက်မယ်....(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို အခုရင်းရင်းချာချာဘဲ ဆုံးမပါတယ်၊ ဘုရားရှိခိုးတာနဲ့၊ ဝိပဿနာအားထုတ်တာ အထက်တန်း ဘယ်သူကကျသတုံးမေးယင် ဦးသံဒိုင်ဖြေပါ(ဝိပဿနာအားထုတ်တာက အထက်တန်းကျပါတယ်)။

ဒါက အလဂဒ္ဒူပမသုတ်မှာ သူကိုယ်တိုင် ဟောပါတယ်.... (မှန်ပါ့ဘုရား)

ငါဘုရားကြည်ညိုလေးစားယင် သုဂတိရောက်ပါတယ်-ကွာတဲ့၊ ငါဘုရားပြောတဲ့အတိုင်း ဆေးသုံးခွက် သောက်လို့ရှိယင် နိဗ္ဗာန်ရောက်ပါတယ်... ကွတဲ့.... (မှန်ပါ့) ရှင်းမသွားသေးဘူးလား....(ရှင်းပါတယ်ဘုရား)။

သူ့ကြည်ညိုယင်... (သုဂတိရောက်ပါတယ်) သူတိုက်တဲ့ဆေးသောက်ယင်... (နိဗ္ဗာန်ရောက်ပါတယ်)။

နိဗ္ဗာန်ရောက်တယ်ဆိုတော့ ဒါတွေကိုလဲ ဦးသံဒိုင်ရဲ့ ခွဲသိရသေးတယ်....(မှန်ပါဘုရား)။

ဒါလဲနားကြီးကြီးနဲ့ထောင်မှ၊ နားသေးလို့ရှိယင်လဲ ခင်ဗျား တို့က ဖေါက်ပြန်တတ်တယ်....(မှန်ပါ့ဘုရား)။

နားကြီးပလား....(မှန်ပါ့)နားကြီးမှရတယ်(မှန်ပါ့ဘုရား)။

သူ့ကြည်ညိုလို့ရှိယင်... (သုဂတိရောက်ပါတယ်)သုဂတိဘဲတဲ့ ဘာကြောင့်တုံးလို့ မေးတဲ့ အခါကျတော့ သူ့ကြည်ညိုတော့ ကိလေသာကို ဗုဒ္ဓါနုဿတိ အပ္ပနာဆိုက်အောင် လုပ်ဆောင်မှုဘဲ ဝိက္ခမ္ဘနပဟာန် အားဖြင့် မြောက်ကျသလောက်သာ ကိလေသာ ခွားပါတယ်တဲ့၊ ပြီးတော့ ပြန်စေ့တာ ပါဘဲတဲ့.... (မှန်ပါ့) ကိလေသာကုန်သွားတယ်လို့ မရှိဘူးတဲ့....(မှန်ပါ့ဘုရား)။

သူ့ကြည်ညိုလို့ရှိယင် ခဏကိလေသာ ရပ်နားမှုဘဲရတယ်.... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဝိပဿနာ အားတုတ်လိုက်တဲ့အခါ ကိလေသာ ပြောင်ကျ တယ်....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါတယ်)။

ဒါကြောင့် ဒါကိုလဲ ရှင်းရှင်းလင်းလင်းပြောသဖြင့် ဩဝါဒ- အချို့ကလဲ ဘုရားကြည်ညိုနေတာ၊ သူတော့ နိဗ္ဗာန်တော့နီးပြီ၊ အလွန်ကြည်ညိုတာ၊ သူများကြည်ညိုပုံနဲ့ကိုမတူဘူး၊ ဒါကြောင့် သူ့အတွက်ဖြင့် ကျုပ်တို့ နိဗ္ဗာန် သေချာတယ်လို့ ဆုံးဖြတ်ချက် ချတာဘဲလို့ဆိုပင် ဆိုငြားသော်လဲ သာမည အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်က ဆုံးဖြတ်ချက်ချတာ....(မှန်ပါ့ဘုရား)။

ဘုရားဒေသနာတော် ဘုရားဟောဒါတွေကို ကိုယ်တိုင်သိပြီး ခုနင်ကလို အပ္ပနာတွေ ဘာတွေနဲ့၊ ကိလေသာဖြတ်မှုတွေနဲ့တွေး ပြီးသိတဲ့ ပုဂ္ဂိုလ်ကျတော့လဲ ဒီဟာ ဆုံးဖြတ်ချက် မချနိုင်ဘူး၊

အင်း....သူ့သုဂတိတော့ သေချာတယ်ဟေ့.... (မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

သုဂတိတော့.... (သေချာပါတယ် ဘုရား) သုဂတိတော့ သေချာတယ်တဲ့၊နိဗ္ဗာန်တော့....(မရောက်နိုင်ပါဘုရား) မရောက် နိုင်သေးဘူးတဲ့၊ နိဗ္ဗာန်ကတော့ ဆေးသုံးခွက်သောက်မှ ရမယ်.... (မှန်ပါ့ဘုရား) ရှင်းပလား... (ရှင်းပါပြီ)။

သုဂတိရောက်တော့လဲ သုဂတိ အရှုံးထဦးမှာဘဲ.... (မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

နတ်ရွာသုဂတိကျတော့ နတ်သား,နတ်သမီး,ဥယျာဉ်,ဗိမာန် ပဒေသာပင်တွေနဲ့ ဘာဖြစ်ဦးမယ် ထင်ကြသလဲ.... (ရှုံးမှာပါ ဘုရား) အရှုံးထဦးမှာဘဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အရှုံးကလဲဒါကြောင့် ဘုန်းကြီးကလဲ တခါတလေပြောတယ်၊ ခင်ဗျားတို့ကို ပြော....ဘုရားရှိခိုးရင်း တော့ အရှုံးမထကြနဲ့ဟေ့....၊ ဘုရား ရှိခိုးနေတာ ဘယ်အရှုံး မထကြနဲ့လို့ ဘုန်းကြီးကဘာပြောစရာရှိသေးသတုံးလို့ ဦးသံဒိုင် တို့ကတော့ ဘောက်ထိုးချင်ထိုးမယ်(မှန်ပါ့ဘုရား)။

မဟုတ်ဘူး၊ သူဆုတောင်းနေတာကသုဂတိတွေတောင်းနေလို့ ရှိယင် ဘုရားရှိခိုးရင်း အရှုံးထနေတာ သူ့ဟာက.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဘုရားရှိခိုးရင်း ရာဂမွတ္တကဖြစ် နေတာ....(မှန်ပါ့ဘုရား)။

ဘာဖြစ်နေတာတုံး....(ရာဂမ္ဘတ္တက ဖြစ်နေပါတယ်) နတ်ရွာ သုဂတိ သွားလိုချင်သကိုး....(မှန်ပါ့ဘုရား)။

အဲဒီတော့ စဉ်းစားကြည့်ပါတဲ့၊ ဘုရားရှိခိုးရင်း ရာဂမ္ဘတ္တက ဘဲ၊ နတ်ပြည်မှာ ဒုက္ခသစ္စာကို သူမသိလို့ မောဟမ္ဘတ္တကလဲဖြစ်နေတယ်....(မှန်ပါ့ဘုရား) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)၊

အဲဒီတော့ ရာဂမ္ဘတ္တက, မောဟမ္ဘတ္တက, ငါလုပ် ငါရမှာဘဲ ဆိုတဲ့ ဒိဋ္ဌိမ္ဘတ္တကတွေကော.... (ဖြစ်ပါတယ်ဘုရား) ဖြစ်နေတော့ ဒါအရှူးမပျောက်ဘူးဗျ.... (မှန်ပါ့) အရှူးပျောက်တဲ့ ဆေးက သုံးခွက်ရှိတယ်(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အရှူးပျောက်တဲ့ ဆေးက ဘယ်နှစ်ခွက်တုံး.... (သုံးခွက်ပါ ဘုရား)။

အဲဒါတော့ မသောက်ဘူးဆိုလို့ ရှိယင်ဖြင့် ခင်ဗျားတို့ရှူးလက်စသတ်မှာ မဟုတ်ပါဘူး.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ကြပါပြီဘုရား)။

ဒီသုံးခွက်သာ မသောက်မိယင်တော့.... (ရှူးလက်စ မသတ် ပါဘုရား)ရှူးလက်စ,မသတ်ဘူးဆိုတာခင်ဗျားတို့သေသေချာချာ မှတ်ပါ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ရှူးလက်စ ဘာဖြစ်လို့မသတ်သတုံးလို့ မေးတဲ့အခါ ကျတော့မှ သူ့ပင်ရင်းပြန်ကိုင်၊ 'အယောနိသောမနသိကာရ' ပါတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာပါသတုံး.... (နှလုံးသွင်းမှား ပါ-ပါ တယ်ဘုရား) နှလုံးသွင်းမှား ပါတယ်တဲ့ ဆယ့်နှယ် နတ်ပြည်

အနိစ္စကို နိစ္စထင်နေတယ်၊ ဒုက္ခကို သုခထင်နေတယ်၊ အနတ္တကို အတ္တထင်နေတယ်၊ အသုဘကို သုဘထင်နေတယ်ဆိုကတည်းက နှလုံးသွင်းမှား ပါနေသေးတယ်.... (မှန်ပါ့) မပါဘူးလား.... (ပါ-ပါတယ်ဘုရား) ဒါဖြင့် အယောနိသော မနသိကာရ၏ လက်ချက်ဘဲ....(မှန်ပါ့ဘုရား)။

ဦးသံဒိုင်....ဆိုနိုင်-မဆိုနိုင်....(ဆိုနိုင်ပါတယ်ဘုရား)။

ဆိုနိုင်လို့ရှိယင်ဖြင့် ဒီဥစ္စာသည် သူ့မှာ အရှုးရှိ-မရှိဆိုတော့ သညာဝိပ္ပလ္လာသ၊ ဟော....ပေါ်လာပြီ....(မှန်ပါ့)စိတ္တဝိပ္ပလ္လာသ ဒိဋ္ဌိဝိပ္ပလ္လာသ ဆိုတော့ ဝိပ္ပလ္လာသဆိုတာ အရှုးဘဲ....(မှန်လှပါ ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သူဘုရားရှိခိုးရင်းဝိပ္ပလ္လာသ ထ,နေတယ်....(မှန်လှပါ ဘုရား) ဆိုနိုင်-မဆိုနိုင်....(ဆိုနိုင်ပါကယ်ဘုရား)။

အင်း....ဘယ်အချိန် ရူးတာတုံးလို့၊ အရပ်ထဲ သွက်သွက်ခါ ရူးတာလား၊ ဘုရားရှေ့ သွားပြီးရူးတာလားမေးယင်.... (ဘုရား ရှေ့သွားရူးတာပါဘုရား)။

အံမာလေး... ကြောက်စရာကြီးပါကလား....ရူးစရာ ရှားရှား ပါးပါး မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

အဲဒီကျတော့ ဒီဝိပ္ပလ္လာသ ရှိနေပြီဆိုမှဖြင့်ကွာ....တဲ့၊ ဘုရား ရှေ့လဲသွားပြီးရူးရဲတာဘဲတဲ့....(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါ ပြီဘုရား)။

ရှုးရဲမှာဘဲ....တဲ့၊ ဒီဥစ္စာ ဝိပ္ပလ္လာသက နှလုံးသွင်းက မှားနေတော့ သူ့မှာ လူ့ပြည်၊နတ်ပြည်၊ဗြဟ္မာ့ပြည်ကို သုခ, သုဘ, နိစ္စ, အတ္တ, ဒါတွေက သူ့မှာဖေါက်ပြန်တဲ့ တရား မစွန့်နိုင်ဘူးကွတဲ့....(မှန်ပါ) သဘောပါသလား....(ပါ-ပါပြီ)။

ဖေါက်ပြန်တဲ့တရား မစွန့်နိုင်တော့ သူ့အတွက်မှာဖြင့် ဘုရားရှေ့လဲ ရှုးမှာဘဲ၊ တရားရှေ့လဲ....(ရှုးမှာပါဘဲ)သံဃာရှေ့လဲ....(ရှုးမှာပါဘဲ) ရှုးမှာပါဘဲတဲ့။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါဘုရားပွင့်လာတာဟာ အနိစ္စ, ဒုက္ခ, အနတ္တ, အခြေကိုင်ပြီး ပွင့်လာတာ၊ မင်းတို့အရှုးပျောက်စေချင်လို့....(မှန်ပါ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘုရားပွင့်လာတာ ဘယ်ဆေးတွေ ယူလာသတုံး.... (အနိစ္စ, ဒုက္ခ, အနတ္တ-ဆေးတွေ ယူလာပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ကိုယ်တော်မြတ်ကြီး ဒါတွေ လက်ဆုပ်လက်ကိုင်ကြီး ကိုယ်ပိုင် ယူလာပါလိမ့်မတုံးလို့ အမေးထုတ်လို့ရှိယင် သံသရာ့အရှုးသမားတွေ ဒီအတွက် သူယူလာခဲ့တယ်....(မှန်ပါ့ဘုရား)။

ဘယ်တုံးက စ,ရှုးတာလဲမေးတော့လဲ အစရှာမတွေ့ဘူး...(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်တုံးကစ,ရှုးသတုံး မေးလို့ရှိယင်....(အစရှာမတွေ့ပါဘုရား)။

အစရှာမတွေ့ဘူးတဲ့၊ အရှုးသက်ကရှည်တယ်....(မှန်ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အရှူးသက်ရှည်တာသည် လက်သည်ရှာ၊ ဘယ်သူ့ကြောင့်တုံး.... (အယောနိသော မနသိကာရ ကြောင့်ပါ) အယောနိသောမနသိကာရ၊ ဒါကိုမဖျောက်နဲ့.... (မှန်ပါ)သူက မူတည်ကြီး....(မှန်ပါဘုရား)။

အယောနိသော မနသိကာရဆိုတာ နှလုံးသွင်းမှားကလာတာ (မှန်ပါဘုရား)။

အဲ....သူနှလုံးသွင်းမှားပြီဆိုမှ ခုနင်က ဝိပ္ပလ္လာသဝင်တယ်.... (မှန်ပါဘုရား)။

ဒါကြောင့် ဝိပ္ပလ္လာသ သုံးချက်သည် ဘယ်က လာသတုံး မေးတော့ အယောနိသော မနသိကာရက လာတယ်....(မှန်ပါ) ဆက်မိပလား....(ဆက်မိပါပြီဘုရား)။

ဝိပ္ပလ္လာသ သုံးချက် ဘယ်ကလာသတုံး.... (အယောနိသော မနသိကာရက လာပါတယ်ဘုရား)။

ကဲ....စဉ်းစားကြည့်စမ်း ပါလား.... ခင်ဗျားတို့ ကိုယ့်သမီးလေး နာမည်ကလေးခေါ်လိုက်တယ်၊နာမည်ကလေးခေါ်တော့ နာမည်နဲ့ လူနဲ့ လိုက်လိုက်တာတဲ့ တချို့က မချောဆိုတဲ့အတိုင်း ချောလိုက်တာ၊သညာဝိပ္ပလ္လာသ လာပြီ၊ အမှတ်မှားပြီ ...(မှန်ပါဘုရား)။

ဒါ့ကြောင့် သားသမီးတွေအများထဲ သူ့ကိုပိုခင်တယ်၊အင်း စိတ္တဝိပ္ပလ္လာသ လာပြီဗျ....(မှန်ပါ)မလာသေးဘူးလား.... (လာပါပြီဘုရား)။

ပြီးတော့သူကလိမ္မာရေးခြားရှိတော့ သူ့ဘဲအားကိုးရတယ်၊ အင်း-ဒိဋ္ဌိဝိပ္ပလ္လာသ-လာပြီ(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒါသမီးကလေး အစစ်ဘဲဆိုယင် ဘာဝိပ္ပလ္လာသဆိုကြမလဲ.... (သညာဝိပ္ပလ္လာသပါဘုရား) ဒါ့ကြောင့် သူ့ဘဲ ပိုခင်နေရတယ်ဆိုယင်.... (စိတ္တဝိပ္ပလ္လာသပါ) ခင်တော့ ခင်ရတာဘဲတဲ့၊ အားလဲအားကိုးထိုက်တယ်လို့ ယူလိုက်ပြန်တယ် (ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

ကဲ....ခင်ဗျားတို့ သမီးတယောက်မှာ အရှုံးဘယ်နှစ်ချက်လာသတုံး....(သုံးချက်လာပါတယ်) သားတယောက်မှာ....(သုံးချက်လာပါတယ်) မိတ်ဆွေတယောက်မှာ....(သုံးချက်လာပါတယ်)။

အင်း....ဒီမိတ်ဆွေနဲ့ဘဲ ကျုပ်တို့ အားကိုးနေကြရ ဘာဘဲ၊ ဒီမိတ်ဆွေမရှိလို့ရှိယင် လူပုံအလယ်မှာ တခါတည်း စီးပွားရေးရော၊ ပေါင်းသင်း ရေးရော ဘာမှ မရှိတော့ဘူး ဆိုပြီး သကာလမိတ်ဆွေတယောက်အပေါ်လဲ သူသုံးချက်လာပြန်တယ် (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတွေမှာတဲ့....၊ ဒါဘယ်တော့များ ပျောက်ခဲ့သတုံးမေးတော့ မပျောက်တဲ့အပြင် ထပ်တောင် တိုးနေသေးတယ်....(မှန်ပါ့)ဘယ်တော့ ပျောက်ခဲ့သတုံး-(မပျောက်တဲ့အပြင် ထပ်တောင် တိုးပါတယ်)။

အဲဒါ ဘယ့်နှယ်ကြောင့်တုံးဆိုယင် ဘုရားဆေးဆိုတဲ့.... ကိုယ်တော်မြတ်ကြီး လေးသင်္ချေနဲ့ ကမ္ဘာတသိန်းကာလပတ်လုံး အင်မတန် ဖြည့်ဆည်းပူးလို့ရတော်မူဘဲ့ ဆေးသုံးခွက်ကို ခင်

ဗျားတို့က သောက်လဲ မသောက်ချင်ဘူး၊ သောက်လဲမသောက် တဲ့အတွက် အရှူးဟာ ဘယ်တော့မှ မပျောက်ဘူး....( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီ)။

ဒါကြောင့် ခင်ဗျားတို့ ဖြစ်ပျက်တလုံးသည် အရူးပျောက် ဆေးလို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)။

ဖြစ်ပျက်တလုံး မြင်လို့ရှိယင်·(အရူးပျောက်ဆေးပါဘုရား) အရူး ပျောက်ဆေး အစစ်ပါဘဲဆိုတာ လေးသင်္ချေနဲ့ ကမ္ဘာ တသိန်းကာလပတ်လုံး ဖြည့်ဆည်းပူးလို့ ရတဲ့ဆေးဗျ....(မှန်ပါ ဘုရား) ဒီဆေး သေးတဲ့ ဆေးလား....(မသေးပါဘုရား)။

ခင်ဗျားတို့လို ပရဆေးဆိုင် သွားပြီးသကာလ တနာရီထဲ ဖေါ်ခဲ့တာနဲ့ အမည်မျိုး ငါးဆယ်ရတဲ့ ဆေးမျိုးမှ မဟုတ်ဘဲ (မှန်ပါ)။

လေးသင်္ချေနဲ့ ကမ္ဘာတသိန်းဟာ အသေးလူ၊ အသားလူ၊ အရိုးလူလို့ ဟုတ်လား၊ သူများ မလုပ်နိုင်တာတွေ အကုန် လုပ်လို့ ရတဲ့ဆေး ...(မှန်ပါဘုရား) ဒီဆေးလောက် အဘိုးတန် တာ ဘယ်ရှိမလဲ....(မရှိပါဘုရား) ကမ္ဘာ·ကမ္ဘေက ရူးလာတာ ကို ပျောက်စေနိုင်တယ်....(မှန်ပါ)။

ယခုမှ သားသေလို့ ရူး၊ သမီးသေလို့ရူး၊ ပယောဂကြောင့် ရူးဆိုတာတွေကို ကုတဲ့ဆေးမျိုး မဟုတ်သေးဘူး....( မှန်ပါ ) သဘောပါပလား....(ပါပါပြီ)။

ဘာအရူး ပျောက်သတုံး....( ကမ္ဘာရူး ပျောက်ပါတယ် ဘုရား )။

ကမ္ဘာက ရှူးလာတာကို ပျောက်စေနိုင်တယ်ဆိုတော့ ဦးသံ ဒိုင်သောက်ထိုက်၊ မသောက်ထိုက်·(သောက်ထိုက်ပါတယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

အဲ... ခင်ဗျားတို့ ရှူးလာတာက အရှူးအစ အယောနိသော မနသိကာရက...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အရှူးအစ.... (အယောနိသောမနသိကာရကပါ) မြန်မာလို ပြန်လိုက်ပါ၊အ ရှူးအစနှလုံးသွင်းမှားတာက....(မှန်ပါ့ဘုရား)ရှင်း ပလား....(ရှင်းပါပြီ)။

အရှူးအစ....(နှလုံးသွင်းမှားကပါဘုရား) အေး....နှလုံးသွင်း မှားလို့ရှိယင် ရှူးပြီသာ အောက်မေ့ပေတော့....(မှန်ပါ့)။

ဒါ့ကြောင့် ကြည့်တော့မယ်လို့ ဆိုလို့ရှိယင်ဘဲ မင်း ကြည့် လို့ရှိယင်ဖြင့် ဘာခုကြည့်မယ်ဆိုယင်ဖြင့် အဆင်းမှတပါး ဘယ် မှ မသွားရဘူးပေါ့....၊ စိတ်က ဒီလို ထားကြည့်ရမယ်....(မှန် ပါ့ဘုရား)။

အဆင်း မရောက်ဘဲနဲ့ လှလိုက်တာ ဆိုလို့ရှိယင် ရှူးပြီ သာ အောက်မေ့....( မှန်ပါ့ ) အရုပ်ဆိုးလိုက်တာ ဆိုယင်.... (ရှူးပါပြီ) ရှူးပြီ...(မှန်ပါ့)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကြည့်ရုံမျှ ရပ်ကြကွ....၊ ရှူးမှာစိုးလွန်းလို့....(မှန်ပါ့ဘုရား) သဘောပါ ပလား..(ပါပါပြီ)။

ကြည့်လေ မြင်တယ်၊ မြင်ရုံတွင် ရပ်ကွ၊ မင်းတို့ ရှေ့မတိုး နဲ့၊ ရှေ့တိုး ရှူးတော့မှာဘဲ..(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ကြားယင်ကော.... (ကြားရုံတွင်ရပ်) ကြားရုံတွင်ရပ်က္ခ၊ နှို့ မို့ ရှုးလိမ့်မယ်၊ မင်းတို့ဟာက ကြားရုံနဲ့မရပ်ဘူး.... (မှန်ပါ ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ကြားတယ်ဆိုယင်ဘဲ ခင်ဗျားတို့က အင်း.... ဒီမင်းသားက အသံကောင်းလိုက်တာ၊ ဟုတ်လား.... (မှန်ပါ) ဆိုတော့ ကြား တယ်ဆိုလို့ ရှိယင်ဘဲ ကြားစိတ်ကနေပြီး မနေ့က ပြောခဲ့တဲ့ "သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ" အရှူးက ထလာတယ်....(မှန်ပါ) မထသေးဘူးလား.... (ထပါ တယ်ဘုရား)၊

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော.... ကြားရုံနဲ့ ရပ်က္ခ.... မရပ်ယင် ရှုးလိမ့်မယ်က္ခ ... (မှန်ပါ) မရပ် နိုင်လို့ ရှိယင် ကြားတဲ့အသံကို ဖြစ်ပျက်ရှုက္ခ.... (မှန်ပါ) ရှင်း ပလား....(ရှင်းပါပြီ) နို့ မဟုတ်လို့ ရှိယင် ရှုးမလို့....(မှန်ပါ)။

ကဲ....သူ့ဆေးတွေ ဖြစ်ပျက်ရှုပါဆိုတာ အနိစ္စရှုခိုင်းတာ.... (မှန်ပါ) အနိစ္စဆေးသောက်လိုက်....(မှန်ပါ) မသောက်နိုင်ရင် ချက်ခြင်းရှုးတော့မယ်.... (မှန်ပါဘုရား)။

သောက်မိကြရဲ့လား.... (မှန်ပါ ) မသောက်ရသေးဘူး၊ အခုမှ သောက်နည်း ပေးတုန်းရှိသေးတယ်.... (မှန်ပါ)သောက် နည်းပေးတုန်းရှိသေးတယ်၊ ကျင့်သားမရသေးဘူး.... (မှန်ပါ)။

ကိုင်း....ဒါဖြင့် အခု ဝိပဿနာဆေးမှတပါး (ဝါ) အနိစ္စ ဒုက္ခ အနတ္တ ဆေးမှတပါး ခင်ဗျားတို့သံသရာ့အရှူးဖြင့် ပျောက် မည့်ဆေးဟာ ဘုရားလဲ ဒီဆေးဘဲယူပြီးတော့ ပွင့်လာတော့

ဒီဆေးမှတပါးခင်ဗျားတို့ ယနေ့မှတ်ပါ၊ကိုးစားရာ အားထားရာ မရှိဘူး....(မှန်ပါ့ဘုရား) ပေါ်ပြီလား.... (ပေါ်ပါပြီ)။

ဒီဆေးသုံးခုမှတပါး.... (ကိုးစားရာ အားထားရာ မရှိပါဘုရား)။

သူက အန်ထုတ်တတ်တယ်.... (မှန်ပါ့ဘုရား) ဒိဋ္ဌိအရှုး၊ ဒိဋ္ဌိအပင်းလဲ အန်ထုတ်ဘာဘဲ.... (မှန်ပါ့ဘုရား) ရာဂအရှုး-ရာဂအပင်းကော.... (အန်ထုတ်ပါတယ်ဘုရား) မောဟအပင်းကိုလဲ (အန်ထုတ်ပါတယ်ဘုရား)။

အဲဒါကြောင့် ငါ့ဆေးဟာ....တဲ့ ဓါဝနသုတ်ဆိုပြီးသကာလဘုရားက အင်္ဂုတ္တိုရ် ပါဠိတော်မှာ သေသေချာချာ ဟောပါတယ်....(မှန်ပါ့) ငါ့ဆေးသာ သောက်ရယင် အန်ထုတ်တယ်ကွတဲ့.... (မှန်ပါ့)။

ဒီတော့.... ဒီ့ထက်ကောင်းတဲ့ဆေး ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဖြေးဖြေးသောက်ဘို့ သင့်သလား၊ မြန်မြန်သောက်ဘို့သင့်သလား.... (မြန်မြန်သောက်ဘို့ သင့်ပါတယ်ဘုရား)။

အေး....မြန်မြန်သောက်ဘို့သင့်တာကို ခင်ဗျားတို့ အချိန်ရွှေ့မနေနဲ့.... (မှန်ပါ့) လုပ်သာနေ၊ အန်နေတာဘဲ.... တခါတည်း (မှန်လှပါဘုရား)။

လုပ်သာနေ၊ အန်နေတာဘဲတဲ့၊ ဖြစ်ပျက်သာ မြင်ပေစေ-ဦးသံဒိုင်.... ဒါ....အန်နေတာသာမှတ်.... (မှန်ပါ့ဘုရား)။

ဒိဋ္ဌိ အနှိပ်ထုတ်နေတာ၊ မောဟအနှိပ်ထုတ်နေတာ၊ မောဟကို (အနှိပ်ထုတ်နေတာပါဘုရား) ရှုးတတ်တဲ့ တရားတွေကို (အနှိပ်ထုတ်နေတာပါဘုရား)။

အနှိပ်ထုတ်နေတာဆိုတော့ တပည့်တော် ဘာမှ ခရီးမပေါက်သေးဘူးလို့ ဘယ်တော့မှ မအောက်မေ့နဲ့.... (မှန်ပါ့ဘုရား)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

တပည့်တော် ဘာမှ ခရီးမပေါက်သေးဘူး (အခုမှဖြစ်ပျက်မြင်တာကလေးလောက် ရှိသေးတယ်ဘုရား) ခပ်ကျဲကျဲဘဲရှိသေးတယ်...။

အို... ခပ်ကျဲကျဲ ဆိုခပ်ကျဲကျဲအနှိပ်ပြီ....(မှန်ပါ့ဘုရား) သဘောပါပလား....(ပါပါပြီ)။

ခပ်ကျဲကျဲဆိုယင်....(ခပ်ကျဲကျဲ အနှိပ်ပါတယ်) ခပ်စိပ်စိပ်ဆိုယင်....(ခပ်စိပ်စိပ် အနှိပ်ပါတယ်) ခပ်စိပ်စိပ် အနှိပ်တယ်ဆိုလို့ရှိယင်ဖြင့်....တဲ့ တော်တော်ကြာ အနှိပ်ပါများယင် ကုန်မှာဘဲ.... (မှန်ပါ့ဘုရား) သဘောပါကြလား....(ပါပါတယ်)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမလဲ.... (များများ သောက်ရပါမယ်ဘုရား) များများသောက်မှာဘဲ....(မှန်ပါ့)။

များများသောက်မှာဘဲ ဆိုတာကို ဆန္ဒပြင်းကြပါဆိုတာကို သတိပေးလိုက်ပါတယ်....(မှန်ပါ့)။

ဝိပဿနာအလုပ် များများလုပ်လို့ရှိယင် အနှိပ်ဆေးသောက်နေတာဟာ....လို့သာ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချ... (မှန်လှပါဘုရား)။

ဘာတွေ အနှိပ်တာတုံး ဆိုလို့ရှိယင် ရှုးစေတတ်တဲ့ တရားတွေ အနှိပ်ထုတ်တယ်....(မှန်ပါဘုရား)။

ရှုးစေတတ်တဲ့ အပင်းတွေကို....(အနှိပ်ထုတ်ပါတယ် ဘုရား)။

အဲဒါ နဂိုရ်က ဒီအပင်းတွေ ဘယ်သူ့ကြောင့် ရောက်လာသတုံးလို့ မေးလို့ရှိယင် အယောနိသော မနသိကာရကြောင့် (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ဒီအရှုးဟာ ဘယ်က ရောက်လာတာပါလိမ့်....(အယောနိသော မနသိကာရကြောင့်ပါဘုရား)။

အဲဒီ အပင်းတွေဟာ ရာဂပင်း၊ ဒေါသပင်း၊ မောဟပင်း၊ မာနပင်း၊ ဒိဋ္ဌိအပင်းတွေဟာလေ ...(မှန်ပါ) အယောနိသော မနသိကာရက ထည့်လိုက်တာ....(မှန်လှပါဘုရား)။

အဲဒီဇာတ်ကို ယောနိသော မနသိကာရ ရှိတော့ အနိစ္စ ဒုက္ခ အနတ္တ မမြင်ဘူးလား....(မြင်ပါတယ်ဘုရား)။

မြင်တဲ့ အခါကျတော့ အဲဒီ ယောနိသော မနသိကာရက အနိစ္စ ဒုက္ခ အနတ္တ တည်းဟူသော ဆေးတွေတိုက်လိုက်တဲ့အခါ ကျတော့ အယောနိသော မနသိကာရက သွင်းထားတဲ့ အပင်းတွေ အကုန် အနှိပ်ပစ်တယ်....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် အယောနိသော မနသိကာရက သွင်းထားတဲ့ အပင်းကို ယောနိသော မနသိကာရနဲ့ ကြည့်လိုက်တဲ့ အခါ အနိစ္စ ဒုက္ခ အနတ္တ မြင်ယင် ဒီအပင်းတွေ ထွက်သွားတာဘဲ.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် အနာရှိ ဆေးရှိတယ်ဆိုတာ သိရော ပေါ့ဗျာ.... (မှန်ပါ့)။

အယောနိသော မနသိကာရနဲ့ သောက်ထားတဲ့ နိစ္စ သုခ အတ္တထင်တာတွေကို ယောနိသော မနသိကာရ တည်းဟူသော အနိစ္စ ဒုက္ခ အနတ္တ ဆေးသုံးခွက်သာ ခင်ဗျားတို့ သောက်လိုက် လို့ရှိယင် အကုန် အန်တာဘဲ....(မှန်ပါ့ဘုရား)။

အကုန်အန်လို့ရှိယင်ဖြင့် ကမ္ဘာကရူးလာတဲ့ အရူးဖြစ်စေကာ မူ ဘာဖြစ်တတ်သတုံးဆိုတော့ပျောက်ရမယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းတို့ လောကဆေးက ပျောက်သည်ရှိ မပျောက်သည်ရှိ ငါ့ဆေးက နှစ်ခုမဟုတ်ပါဘူးကွ၊ ပျောက်တဲ့ ဆေးဘက် ငါဖော်စပ် ထားပါတယ်ဆိုတာ မိလိန္ဒပဥှာမှာလဲ သေသေချာချာပါတယ် (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ကိုတဲ့.... ဒီဆေးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒီရောဂါ ဘယ်ကလာတယ်၊ ဘယ်ဆေးနဲ့မှ ပျောက်မယ်ဆိုတာ ခင်ဗျားတို့ ယနေ့ည သိတန်သလောက် သိပါပြီ.... (မှန်ပါ့ ဘုရား)။

ဒီရောဂါ ဘယ်က လာသတုံး.... (အယောနိသော မနသိ ကာရက လာပါတယ် ဘုရား) အယောနိသော မနသိကာရ ကြောင့် အရူးသုံးပါးလာတယ်.... (မှန်ပါ့ဘုရား) သဘောကျ ပလား.... (ကျပါပြီဘုရား)။

ယောနိသော မနသိကာရကြောင့် ခင်ဗျားတို့ ဆေးသုံးခွက် ပေါ်လာတယ်....(မှန်ပါ့ဘုရား) အဲဒီ ဆေးသုံးခွက်ကို သောက် လိုက်လို့ ရှိယင်ဖြင့် အယောနိသော မနသိကာရကြောင့် ဖြစ်တဲ့ ရှုးတတ်တဲ့ အပင်းတွေ အမြင်မှားတွေ အကုန် အန်ပါတယ်.... (မှန်ပါ့ဘုရား) သဘောပါပလား....(ပါပါပြီ)။

ကောင်းပြီ ဒါဖြင့် ခင်ဗျားတို့ ယနေ့ည ပြောရတာသည် ဝိပဿနာမှတပါး အန်ဆေး မရှိဟု မှတ်စမ်းပါ(မှန်ပါ့ဘုရား)။

ဘယ့်နှယ်မှတ်ကြမယ်....(ဝိပဿနာမှတပါး အန်ဆေးမရှိပါ ဘုရား)။

ဝိပဿနာမှတပါး အန်ဆေးမရှိဘူး....(မှန်ပါ့) ဒီဆေးဟာ သူများပြောနဲ့ စာရွက်ထဲက ကူးပြီးသကာလ ဖော်တဲ့ဆေးလဲ မဟုတ်ပါဘူး....(မှန်ပါ့) ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကိုယ် ကိုယ်တိုင်သောက်ပြီး ကိုယ်ကိုယ်တိုင် ကိုယ့်အရှုးတွေ အန်ပြီး သကာလ လက်တွေ့ပျောက်မှ သူများကို ပေးတဲ့ဆေး... (မှန်ပါ့ ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

သူကိုယ်တိုင် ဗောဓိပင်နဲ့ ရွှေပလ္လင်ရမှ မသောက်ဘူးလား.... (သောက်ပါတယ်) သောက်တော့ သူကိုယ်တိုင် အရှုးပျောက် လို့ ဘုရားအဖြစ်သို့ မရောက်ဘူးလား....(ရောက်ပါတယ်)။

အမှန်အကန်သိတဲ့သဗ္ဗညုဆိုပြီး "သဗ္ဗဓာနာတီတိ သဗ္ဗညု" ဆိုတဲ့အတိုင်း ငါသည် အမှန်အကန်သိပါတယ်လို့ ဆိုပြီးသကာ လ ဒီဆေးသုံးခွက်နဲ့ သူကိုယ်တိုင် သောက်ပြီးသကာလ သူကိုယ် တိုင် အရှုးပျောက်လို့ ငါအလုံးစုံ အမှန်သိတဲ့ ပုဂ္ဂိုလ် ဖြစ် လာပြီဆိုပြီးသကာလ သူ့ကိုယ်သူ တကာ တကာမတို့ သူ့ကိုယ်

သူကိုယ်တိုင် သောက်ပြီးစမ်းပြီး သူကိုယ်တိုင်ပျောက်လို့ ပေးတဲ့ဆေး(မှန်ပါ့ဘုရား) ပြောသံကြားနဲ့ ပေးတဲ့ဆေး မဟုတ်ဘူး.... (မဟုတ်ပါဘုရား)။

ဈေးပေါ်ရာဇာက လာပြီးသကာလ စာအုပ်ကြီးထဲက ဖော်စပ်ထားတဲ့ ဆေးမျိုးလဲ မဟုတ်ပါဘူး....(မဟုတ်ပါဘုရား)။

သူကိုယ်တိုင်ပျောက် သူကိုယ်တိုင်သောက်၍ သူကိုယ်တိုင်ပျောက်ပြီးသကာလ သူကိုယ်တိုင် အန်ထုတ်တဲ့ ဆေးမို့ ခင်ဗျားတို့ ကျုပ်တို့ကို ပေးတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီဆေး သောက်ထိုက်–မသောက်ထိုက်.... (သောက်ထိုက်ပါတယ်ဘုရား)။

အဲဒီတော့ကို အရှုးသက်ရှည်လာတဲ့ ပုဂ္ဂိုလ်တဦးတယောက်မှာ အရှုးသက်က ရှည်လာတယ် ဦးသံဒိုင်၊ ပြုန်းကနဲ သောက်ရုံနဲ့ ပျောက်ပါမလားလို့ မေးတဲ့အခါကျတော့ ကိုယ့်အရှုးသက်လဲ ကိုယ်ကြည့်ကြဦးလေ....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

တပည့်တော် ပြုန်းကနဲဘုရား – ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကို မမြင်သေးဘူး၊ အို... အရှုးသက်လဲ ကြည့်ဦးလေ....( မှန်ပါ့ ) မဆိုထိုက်ဘူးလား... (ဆိုထိုက်ပါတယ်)။

ဘယ့်နှယ်ဆိုရမလဲ....(ကိုယ့်အရှုးသက်လဲ ကြည့်ရပါမယ်)။

အရှုးသက်ကိုလဲကြည့်ရသေးတယ်၊ အနာဒုကိုလဲကြည့်ရသေးတယ်... (မှန်ပါ့) ဆေးကုတဲ့ရက်နဲ့ အနာဒု ထူထပ်တာနဲ့လဲ နှိုင်း

ချိန်လို့မှ မရအောင် ဖြစ်နေတယ်....( မှန်ပါ့ )ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီတော့ကို လုပ်ရမှာဘဲ့ ဒီအလုပ်ဟာ-(မှန်ပါ့)ဝိပဿနာ အလုပ်ဟာ ဘယ့်နှယ်တုံး....(လုပ်ရမှာပါဘုရား) လုပ်ရမှာဘဲ။

နို့ - မပျောက်ဘူးလားလို့ မေးတဲ့အခါကျ တော့ နဲနဲ ·နဲနဲတော့ ပါးပါး-ပါးပါးသွားတာ အမှန်ဘဲ....(မှန်ပါ့)။

တကာ တကာမတို့ ဘယ့်နှယ်ဆိုမလဲ....( နဲနဲ ပါးပါး သွားပါတယ်) အင်း....အရှုးပျောက်တဲ့ သဘောကလေးတွေ ဟာ နဲနဲ-နဲနဲပါးသွားတယ်....( မှန်လှပါဘုရား ) မပါးဘူး လား....(ပါးပါတယ်ဘုရား)။

အဲဒါ ဘယ့်နှယ်ကြောင့် ပါးသတုံးလို့ မေးတဲ့အခါကျ တော့ နှလုံးသွင်းမှန်တဲ့ဆေးကို သောက်လို့....(မှန်ပါ့)။

နှလုံးသွင်းမှန်တဲ့ အနိစ္စ ဒုက္ခ အနတ္တဆေးကို ခင်ဗျားတို့က သောက်လိုက်လို့ နဲနဲ-နဲနဲတော့ ပါးပါတယ်.... ( မှန်ပါ့ ) သောက်ပါများယင် ပျောက်မှာဘဲ....(မှန်ပါ့)သောက်ပါမများ ယင်....(မပျောက်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ဒီဆေးမှတပါး၊ ဒီလက်ဖွဲ့ဆေးမှ တပါး ခင်ဗျားတို့ သံသရာနာရှုးကြီးကို ပျောက်အောင် ကုနိုင် တဲ့ ဆေးတော့ ဒီ့ပြင် မရှာကြနဲ့၊ ရှာယင် မေ့ရုံဘဲ ရှိမှာဘဲ- (မှန်ပါ့ဘုရား ) သဘောပါပလား....(ပါ·ပါပြီ)။

ဒီဆေးမှတပါး....(ဒီ့ပြင်ရှာယင် မောရုံဘဲ ရှိမှာဘဲ) ရှာယင် မောရုံဘဲ ရှိမှာဘဲတဲ့၊ ပျောက်ခဲလိုက်တာလို့လဲ မညည်းပါနဲ့.... (မှန်ပါ့)။

အနိစ္စ ဒုက္ခ အနတ္တဆေးတွေတော့ တပည့်တော် ထိုက်တန်သလောက် သောက်နေပါတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကတော့ မရသေးဘူးဘုရား….၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတော့ သောတာပတ္တိမဂ် ရတယ်ဆိုတော့ ဒိဋ္ဌိရှူးတို့ သညာရှူးတို့ ပျောက်တန်သလောက် ပျောက်သွားတယ်….(မှန်ပါ) ရှင်းပြီနော်….(ရှင်းပါပြီ)။

ထိုကဲ့သို့ ပျောက်တန်သလောက် ပျောက်ခြင်းသော်လည်း အမြစ်ပြတ်အောင်ဆိုတော့ မဂ်ကမှ ဖြတ်နိုင်တယ်…( မှန်ပါ ) သဘောကျပလား….(ကျပါပြီ)။

အမြစ်ပြတ်အောင်….(မဂ်ကမှ ဖြတ်နိုင်ပါတယ်)။

အင်း…. ဒါဖြင့် အမြစ် မပြတ်ဘဲနဲ့ တခါတည်း မြဲနေသာ သဘောနဲ့ အရင်လိုတော့ သွက်သွက်ခါ မဖြစ်အောင်တော့ဖြင့် လက္ခဏာရေးသုံးပါးက တတ်နိုင်တယ်….(မှန်ပါဘုရား)။

လက္ခဏာရေးသုံးပါးဆိုတာ အနိစ္စ ဒုက္ခ အနတ္တကို မြင်အောင်ကြည့်တဲ့ ဝိပဿနာမဂ်ကလဲ သူသည် အမြစ်သာ ပြတ်အောင် မလုပ်နိုင်တယ်၊ ရောဂါနိုင်သွားအောင် ရောဂါမရှိတဲ့ ပန်နံ့ပေါ်လာအောင်တော့ သူ လုပ်နိုင်တယ်….(မှန်ပါဘုရား) အမြစ်ပြတ်အောင်ကျတော့ဖြင့် နိဗ္ဗာန်မြင်တဲ့ မဂ်ကမှ ဖြတ်တောက်နိုင်ပါတယ်.. (မှန်ပါ)သဘောကျပလား….(ကျပါပြီ)၊

အဲဒီတော့ ရောဂါပျောက်ချင်တဲ့ ပုဂ္ဂိုလ်က ရောဂါသည် တဦးတယောက်သည် ဘယ်လိုများ ခင်ဗျား သောက်ချင်သတုံး ဆိုလို့ရှိယင် ခင်ဗျားဝေဒနာ ဘယ်လို ပျောက်ချင်တာတုံး— ဟုတ်လား· သုံးနှစ်ပျောက်ချင်တာလား=တသက်လုံး ပျောက်

ချင်တာလား မေးယင်တော့ဖြင့် ရောဂါသည်ကတော့ ပြောမှာဘဲ၊ မပြောပေဘူးလား....(ပြောပါတယ်)ဟာ....ခင်ဗျား အမြစ်ပြတ်အောင် လုပ်စမ်းပါ၊ အမြစ်ပြတ်အောင် လုပ်စမ်းပါဆိုတာ လူတိုင်းပါးစပ်က ထွက်မှာဘဲ....(မှန်ပါ့ဘုရား)။

လူတိုင်းပါးစပ်က ထွက်တော့ကို သူလဲ အမြစ်ပြတ်အောင် ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ ဖြစ်ပျက်အဆုံး ရောက်မှဘဲ အမြစ်ပြတ်မယ်....(မှန်ပါ့ဘုရား) ဖြစ်ပျက်အဆုံး မရောက်သေးယင် (အမြစ်မပြတ်သေးပါဘုရား)။

အမြစ်မပြတ်သေးပါဘူး၊ ဖြစ်ပျက်ဆုံးမှ ပဋ္ဌမနိဗ္ဗာန်ကိုးဗျ....(မှန်ပါ့) အဲ....ပဋ္ဌမနိဗ္ဗာန်မြင်မှ သောတာပတ္တိမဂ်ရတယ်၊ အဲဒီကျတော့မှ ဒိဋ္ဌိမုတ္တက တွေက သွားဟာ.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

အဲဒီ ရာဂုမုတ္တကဆိုတာ လေးပိုင်းတပိုင်း (၃/၄) ပျောက်ပြီ၊ ဒိဋ္ဌိမုတ္တက-က အကုန်ပျောက်ပြီ၊ ဒိဋ္ဌိရှုး အကုန်ပျောက်ပြီ.... (မှန်ပါ့) သဘောကျပလား.... (မှန်ပါ့) မောဟမုတ္တက ဆိုတဲ့ မောဟရှုးကလဲ (၃/၄)ပိုင်း ပျောက်ပြီ.... (မှန်ပါ့ဘုရား) ကဲ.... ကျေးဇူးရှိသလား၊ မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

ကျေးဇူးရှိပါတယ်....တဲ့၊ အဲဒီတော့ ဘုန်းကြီးသိစေချင်တာက အဲဒါက အထက်တန်း အင်မတန်ကျပါတယ်၊ ရှုးတာကို ရှုးမှန်းမသိမှာ ဒါကိုသိပ်စိုးရိမ်တယ်....(မှန်ပါ့)။

ဘာစိုးရိမ်သလဲ.... (ရှုးတာရှုးမှန်း မသိမှာ စိုးရိမ်ပါတယ်ဘုရား)။

ရှူးတာကို ရှူးမှန်းမသိတာကို စိုးရိမ်တော့ ဘာဖြစ်လို့ ဒါ လောက် ဆရာဘုန်းကြီးက စိုးရိမ်၊ ဘုရားကစိုးရိမ်ပါလိမ့်မလဲလို့ မေးလို့ရှိယင် ရှူးတာရှူးမှန်း မသိဘူးဆိုတာ ဆေးကိုမရှာလို့ ခက်တယ်....(မှန်ပါ့)။

ရှူးတာရှူးမှန်းမသိတဲ့ ပုဂ္ဂိုလ်ဟာ.... (ဆေးကိုမရှာလို့ ခက် ပါတယ်) ဆေးကို ဘယ်တော့မှ မရှာဘူး....(မှန်ပါ့) ကျုပ်မှာ ဘာနာရှိသတုံး မေးချင်မေးနေမှာ... (မှန်ပါ့)မမေးပေဘူးလား- (မေးပါတယ်ဘုရား)။

အဲဒီတော့ ရှူးတာရှူးမှန်းသိအောင် ဆိုလို့ရှိယင်ဖြင့် ခင်ဗျား တို့ လက္ခဏာရေးသုံးပါးသောက်မှရှူးတာရှူးမှန်းသိတယ်(မှန်ပါ့) လက္ခဏာရေးသုံးပါးဆေး သောက်မှ.... (ရှူးတာရှူးမှန်းသိပါ တယ်)။

အဲ....ကိုယ့်သန္တာန်ရှိတဲ့ ဝေဒနာကြိုက်ယင် ဝေဒနာရှုလို့ ရှိယင် ဝေဒနာတို့၏ ဖြစ်ပျက်ကို မြင်လို့ရှိယင် ဦးသံဒိုင် ဒါဟာ သူသည်ကားလို့ ဆိုလို့ရှိယင် ရှူးတာ ရှူးမှန်း သိလို့ရှိယင် ဝေဒနာရှိမှန်းသိပြီ....(မှန်ပါ့)။

ငါ အယင်တုန်းက ဒါတွေမမြင်ဘူး၊အခုဒါတွေမြင်လာတယ် ဆိုလို့ရှိယင်ဖြင့် သူ- အရှူးပါးလာပြီ....(မှန်ပါ့ဘုရား)။

အရှူးပါးလာတယ်ဆိုတာက တခြားမဟုတ်ပါဘူး၊ ရှူးတတ် တဲ့ တရားကလေး လျော့ပါးသွားတာ.... (မှန်ပါ့ဘုရား) ပေါ် ကြပလား....(ပေါ်ပါပြီ)။

နို့မဟုတ်လို့ရှိယင်ဖြင့်....တဲ့၊ ခင်ဗျားတို့ အယောနိသော မနသိကာရ ဒဏ်ချက်ဟာ ဦးသံဒိုင် သိပ်ပြင်းပါတယ်.... (ပြင်းပါတယ်ဘုရား)။

ဘာဖြစ်လို့ ပြင်းသတုံးဆို အို- မဖြစ်သေးတဲ့ အကုသိုလ်ဟူသ၍ အကုန်ဖြစ်နိုင်တယ် ပြောထားတာကိုး၊ ဖြစ်ပြီးသားအကုသိုလ်ဟူသ၍လဲ အကုန်ပွားများနိုင်ပါတယ် ဆိုတော့ သူ့ဟာက အပါယ်လေးဘုံကြီး ဘယ်သူတည်ဆောက်သတုံးဘဲ မေးဘို့လိုတယ်....(မှန်ပါ့ဘုရား) မလိုဘူးလား.... (လိုပါတယ်ဘုရား)။

အပါယ်လေးဘုံ ဘယ်သူတည်ဆောက် သတုံးလို့ မေးတဲ့အခါကျတော့ မောင်သစ်က ဖြေပေတော့ အယောနိသော မနသိကာရက တည်ဆောက်တာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အပါယ်လေးဘုံကို.... ( အယောနိသော မနသိကာရက တည်ဆောက်ပါတယ်)။

ကဲ နလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်များအတွက် ပေါ်ရတာကိုး.... (မှန်ပါ့) ဒီပုဂ္ဂိုလ်က လုပ်ထားတာ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

အပါယ်လေးဘုံ ဘယ်သူတည်ဆောက်.... (အယောနိသော မနသိကာရက တည်ဆောက်ပါတယ်)။

ဒါဖြင့် ဩော်... အပါယ်သည်ကားလို့ဆိုယင် သူများက ကံမကောင်း အကြောင်းမသင့်လို့ ကျရတာလား ကိုယ့်ဟာ

ကိုယ်ဆောက်ပြီး ကိုယ်သွားနေတာလား.... (ကိုယ့်ဟာကိုယ် ဆောက်ပြီး ကိုယ်သွားနေတာပါ ဘုရား)။

ဒါကျမှ ခင်ဗျားတို့ ရှင်းတော့မယ်.... (မှန်ပါ့) ဒါကျမှ ခင်ဗျားတို့ရှင်းမယ်....(မှန်ပါ့) သဘောပါရဲ့လား.... (ပါ-ပါ တယ်ဘုရား)။

အပါယ်လေးဘုံကို ကမ္ဘာမှာဘယ်သူကနေပြီး ခေါင်သူကြီး လုပ်ပြီး အပါယ်မှာ ဆန်းဆန်းပြားပြား ဒယ်အိုးအမျိုးမျိုးနဲ့ ဓားအမျိုးမျိုးနဲ့၊ သစ်ပင် အမျိုးမျိုးနဲ့၊ ကျင်ကြီး ကန်ကြီး အမျိုးမျိုးနဲ့ မီးဟုန်းဟုန်းတောက် အပြေးအလွှားလောင်နေတဲ့ မီးတွေ အမျိုးမျိုးနဲ့ သံလျက်အသွားရှိတဲ့ လက်ပန်ပင် ငရဲတွေ တဖြတ်ဖြတ်ပြုတ်ကျနေတာတွေ အင်း....ဘယ်သူများလုပ်ထား ပါလိမ့်မတုံးဆိုတော့ မောင်သစ် ဘယ်နှယ် ဖြေပါ့မလဲ.... (အယောနိသော မနသိကာရက လုပ်ထားပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ တချက်မှားယင် ဟိုမှာ တချက် အိမ် ဆောက်မိတာဘဲ....(မှန်ပါ့)။

တချက်မှားယင်.... (တချက်အိမ်ဆောက်မိပါတယ်)။

အဲဒီတော့ကို ဦးသံဒိုင် တယ်ကြောက်စရာ ကောင်းပါလား- (ကြောက်စရာကောင်းပါတယ်)။

ငရဲ ဘယ်သူတည်ဆောက်သတုံး.... (အယောနိသော မနသိ ကာရ တည်ဆောက်ပါတယ်)။

ကြည့်လေ.... အနိစ္စကို နိစ္စထင်ပါတယ် ဆိုကထည်းကိုက ခင်ဗျားတို့ဟာက သညာဝိပ္ပလ္လာသ စိတ္တဝိပ္ပလ္လာသ ဒိဋ္ဌိဝိပ္ပလ္လာသ သုံးချက်-သုံးချက်သွားပြီ....(မှန်ပါ့)။

ဒုက္ခကို သုခထင်ပါတယ်ဆိုကထည်းက သညာ ဝိပ္ပလ္လာသ-စိတ္တ ဝိပ္ပလ္လာသ- ဒိဋ္ဌိဝိပ္ပလ္လာသ သုံးချက်သွားပြီ....(မှန်ပါ)။

အနတ္တ- အတ္တ ထင်ပါတယ်ဆိုတော့ သညာ ဝိပ္ပလ္လာသ-စိတ္တ ဝိပ္ပလ္လာသ- ဒိဋ္ဌိဝိပ္ပလ္လာသ သုံးချက်.... (မှန်ပါ သုံးချက်ပါဘုရား)။

အသုဘ- သုဘထင်ပါတယ်ဆိုတော့.... (ဝိပ္ပလ္လာသ သုံးချက်ဘဲ သွားပါတယ်)။

သုံးလေးလီ(၃×၄)....(ဆယ့်နှစ်ချက်ပါ) ကဲ....ဝိပ္ပလ္လာသက ရှုးချက်က ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဆယ့်နှစ်ခု ရှိတယ်....(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

မဂ်ရသေးယင်....(ဆယ့်နှစ်ခုရှိပါတယ်) ဆယ့်နှစ်ခုရှိတယ်ဆိုတာ သဘောကျသလား....(ကျပါပြီ)။

အဲဒီ ဆယ့်နှစ်ခုသော လက်နက်နဲ့ ခင်ဗျားတို့ ဟိုမှာသွားဆောက်ထားတာ....(မှန်ပါဘုရား) သဘောပါကြလား....(ပါ-ပါပြီ)။

**အင်း**....အပါယ်ဘုံ ဘယ်သူဆောက်ပါလိမ့်.... (အယောနိသော မနသိကာရက ဆောက်ပါတယ်)။

အယောနိသော မနသိကာရသည် လက်နက်ပေါင်း ဘယ်လောက်နဲ့ ဆောက်ပါလိမ့်.... (ဆယ့်နှစ်ခုနဲ့ ဆောက်ပါတယ်) လက်နက်ပေါင်း ဆယ့်နှစ်မျိုးနဲ့ ဆောက်တယ်....(မှန်ပါ)။

ဒါ့ကြောင့် တကာတကာမတို့ ဘယ်သူ့မှတွန်းမချဘူး၊ ကိုယ်ဆောက်တဲ့အိမ် ကိုယ်သွားနေတာဘဲ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာတုံး....(ကိုယ်ဆောက်တဲ့အိမ်ကိုယ်သွားနေတာပါဘုရား) ဘာနဲ့ဆောက်သတုံး....(အယောနိသော မနသိကာရနဲ့ ဆောက်ပါတယ်)သူက လက်နက်ဘယ်နှစ်မျိုးနဲ့ တည်ဆောက်ပါလိမ့်.... (ဆဲ့နှစ်မျိုးနဲ့ တည်ဆောက်ပါတယ်ဘုရား)။

အယောနိသော မနသိကာရဆိုတဲ့ ငရဲမန်နေဂျာကြီးက.... ဟုတ်လား....(မှန်ပါ့)ဝိပ္ပလ္လာသ ဆဲ့နှစ်ပါးတည်းဟူသော လက်နက်နဲ့ ဟိုမှာ ဒယ်အိုး အမျိုးမျိုးဖြစ်အောင် လက်ပန်ပင်ငရဲ အမျိုးမျိုးဖြစ်အောင်၊ ဘင်ပုပ်ငရဲ အမျိုးမျိုးဖြစ်အောင် သူက သွားပြီး တည်ထောင်တာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ငရဲဘယ်ကနေတည်ဆောက်ပါလိမ့်မတုံးလို့ မေးတော့ တကာတကာမတွေမှတ်ပါ၊ လူ့ပြည်ကနေ တည်ဆောက်တာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ငရဲဘယ်က တည်ဆောက်ပါလိမ့်.... (လူ့ပြည်ကနေ တည်ဆောက်ပါတယ်)။

အဲ....တချက်မှားယင် တချက်ဆောက်ပြီသာ အောက်မေ့.... (မှန်ပါ့) အနိစ္စကို နိစ္စထင်ယင် ဆောက်ပြီ.... (ဆောက်ပါပြီ) ဒုက္ခကို သုခထင်ယင်... (ဆောက်ပါပြီ) အနတ္တကို အတ္တထင်ယင် (ဆောက်ပါပြီ) အသုဘကို သုဘထင်ယင်.... (ဆောက်ပါပြီ)

အင်း....ဘယ်ကနေဆောက်ပါလိမ့်....(လှူပြည်ကနေ ဆောက်ပါတယ်ဘုရား)။

လူ့ပြည်ကနေဆောက်တာ ခုမှ ပေါ်သွားတယ်.... (မှန်ပါ့ဘုရား)။

အားလုံးတကာတကာမတွေ အဆင်သင့် ဆောက်ပြီးပလား လို့ မေးလို့ရှိယင် ဘယ့်နှယ် ဖြေပါ့မယ်.... (ဆောက်ပြီးပါပြီဘုရား)။

ဆောက်ပြီးပြီ၊ ကိုယ်ဆောက်တဲ့အိမ်ဆိုတာသည် သူများပို့မှ ရောက်မှာလား၊ကိုယ်ကိုယ်တိုင် သွားတတ်တာလား မေးပါဦး.... (ကိုယ်ကိုယ်တိုင် သွားတတ်ပါတယ်ဘုရား)။

ပေါ်ပြီကော-၊ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။ အဲဒီတော့ ကိုယ်ဆောက်ထားတဲ့အိမ် ကိုယ်ကိုတိုင် သွားရတယ် ဆိုတဲ့ အဓိပ္ပါယ်ဟာတဲ့ ခင်ဗျားတို့ လူ့ပြည်က ဆောက်ပြီး သကာလ၊ ဘုန်းကြီးက ရှင်းအောင်ပြောပါ့မယ်တဲ့၊လူ့ပြည်က ဆောက်လို့ ငရဲမှာ ဖြစ်ရပါတယ်၊ငရဲအဆောက်အဦးတွေ အမျိုး မျိုး ဖြစ်ရတယ်ဆိုတာ ရှင်းလောက်ပါပြီ-နော်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ "ကမ္မံသတ္တေ ဝိဘဇ္ဇတိ ဟီနပဏီတဘာဝါယ၊ နစိန္တာယ သမိဒ္ဓိနော"။ ဘုရားကဟောလိုက်တော့ နန္ဒိယ လူ့ ပြည်မှာ ကျောင်းဆောက်တော့ နတ်ပြည်မှာ မသေခင်က ဘုံ ပေါက်တယ်....(မှန်ပါ့ဘုရား)။

နန္ဒိယ လူ့ပြည်မှာ ဘုရားအတွက် ကျောင်းဆောက်တယ်၊ မသေခင်က ဘာဖြစ်နေသတုံး....(ဘုံပေါက်နေပါတယ်ဘုရား)။

ဟာ....ဒါဖြင့် လူ့ပြည်ကနေ ဆောက်တာ သေချာတယ်.... (မှန်ပါ့) မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ရှင်မောဂ္ဂလာန်ကြီး ကြွသွားတော့ ကြည့်ပါလား၊ ဟာ....ဗိမာန် ဗိမာန် မရှိပါဘူးဟာ၊ ဟော့-ဒါဘယ်ကတုံးကွ၊ သူကနတ်ပြည် သွားသွားပြီး ဒေသစာရီလှည့်တယ်....(မှန်ပါ့)မနေ့က ငါဒီလမ်း ရောက်နေတယ်၊ ဒီနေရာ ဗိမာန် မရှိဘူးဆိုတော့၊ လူ့ပြည်က နန္ဒိယ ဘုရား တပည့်တော်မတို့နှင့် တကွ ဗိမာန်ကြီးပါစောင့်နေ ရပါတယ်၊ သူ့အတွက် ပေါက်နေတဲ့ ဘုံပါ၊ တပည့်တော်တို့ ကလဲ သူလာယင် အဆင်သင့်ကြိုဘို့ စောင့်နေကြတာပါတဲ့ နတ်သမီးတွေက....(မှန်ပါ့ဘုရား)။

ရှင်မောဂ္ဂလာန်က အင်း....ကုသိုလ်အကျိုးပေးလဲ ဒီလိုဘဲကိုး ဆိုပြီးသကာလ ပြန်လာတယ်၊ ပြန်လာပြီး သူနေ့လယ်ကျတော့ ဘုရားသွားလျှောက်တယ်၊ "အရှင်ဘုရား.... လူမသေခင်က နတ် ပြည်မှာ ဘုံပေါက်တယ်ဆိုတာ ဟုတ်ပါရဲ့လား...."။

"အို--မင်းအတွေ့ခဲ့သားဘဲကွ" ဘုရားကဖြေတယ်....(မှန်ပါ့) ငါ့မေးနေရသေးသလား....ဆိုတော့ ရှင်းမသွားကြသေးဘူးလား (ရှင်းသွားပါဘယ်ဘုရား)။

ထို့အတူဘဲတဲ့ ခင်ဗျားတို့လဲ ဒီကဝိပဿနာသတွေမပယ်နိုင်သရွေ့ တချက်မှားလိုက် သားကလေးအစစ်မှတ်လိုက်ခင်မှာဘဲ အစစ်သာ မှတ်လိုက် အားကိုးရမှာဘဲသာ အစစ်မှတ်လို့ ရှိယင်တော့ ဟိုမှာ ဆောက်ပြီးပြီ....(ဆောက်ပြီးပါပြီဘုရား)။

ဆောက်ပြီးပြီ၊ ရှင်မောဂ္ဂလာန်သာရှိလို့ရှိယင် သွားပါလိမ့်ဦးမယ်၊ ဒါဘယ်သူ့ အတွက်တုံးကွ မေးမှာဘဲ(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ ဘုန်းကြီးကဲတရားဟောနေတာက ကြောင့်....ခင်ဗျားတို့ ဆောက်ပြီးသားကတော့ဖြင့် သေချာနေပြီ၊ မသေချာဘူးလား....(သေချာပါပြီဘုရား)။

မွေးကတည်းက ခင်ဗျားတို့ဟာက အမေသင်တဲ့ အတိုင်း၊ အဖေသင်တဲ့အတိုင်း ဝိပ္ပလ္လာသ သင်လွှတ်တာ....(မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)။

ဘာတွေသင်လွှတ်လိုက်သလဲ....(ဝိပ္ပလ္လာသ သင်လွှတ်လိုက်ပါ တယ်ဘုရား)။

ဝိပ္ပလ္လာသဘဲ၊ ဟောဒါ နင့်နှမမှတ်ထား၊ နင့်အမေမှတ်ထား၊ တကယ်အမေဘဲ၊ မဟုတ်ဘူးလား....(မှန်ပါ့) ဘယ်မှာပြင်ပြီး သင်လိုက်တယ်လို့ ပါရဲ့လား.... (မပါပါဘုရား) မပါတော့ ဝိပ္ပလ္လာသဘဲ နှစ်ပါးစလုံး ဒီခလေးမှာရှိတယ်.... (မှန်ပါ့ဘုရား) မရှိဘူးလား....(ရှိပါတယ်) ထင်ကော.... (ထင်ပါတယ်ဘုရား)။

ထင်လဲထင်တယ်၊ ရှိလဲရှိတယ်.... (မှန်ပါ့) ထင်လဲထင်၊ ရှိလဲရှိ ဆိုကတည်းက အားလုံးတကာတကာမတွေ အင်း....ထင် တဲ့အချိန်မှာ ဒီမှာအမှားလုပ်ယင် ဟိုမှာ အမှားတခုပေါ်ရမှာ ဘဲ....(မှန်ပါ့ဘုရား)။

လူ့ပြည်က အမှန်တခုလုပ်တော့ နတ်ပြည်မှာအမှန်တခုပေါ် တယ်....(ပေါ်ပါတယ်ဘုရား) လူ့ပြည်က အမှားတခုလုပ်တော့

လဲ ငရဲမှာ အမှားတခု ပေါ်ရမှာဘဲ၊ မပေါ်ရပေဘူးလား.... (ပေါ်ရပါတယ်ဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ ဒီဝိပဿနာ ပယ်နိုင်တဲ့ အလုပ်ကို ဒီတကာတကာမတွေကို ဘုန်းကြီးကလဲ တိုက်တွန်းတယ်(မှန်ပါ့) ခင်ဗျားတို့က မလုပ်ဘူးဆိုယင် ခင်ဗျားတို့ဆောက်ပြီးသားအိမ်ကို ခင်ဗျားတို့သွားနေရုံမှတပါး ဘာမှ ဒီ့ပြင်အထူးကြံစရာမလိုဘူး (မှန်ပါ့ဘုရား)။

မဆောက်သေးတဲ့ လူဖြင့်လဲ ဦးသံဒိုင် ဘုန်းကြီးဟောနေဘို့ မလိုပါဘူး....(မလိုပါဘုရား)အခုတော့ ဘယ့်နှယ်နေကြသလဲ.... (ဆောက်ပြီးသားဖြစ်နေပါတယ်ဘုရား)။

ဆောက်ပြီးသားဆိုတော့ နန္ဒိယသေတော့ ဘယ်သွားမှာတုံး၊ ဘယ်မှမဟုတ်ဘူး ဒီနတ်ပြည်သွားရမှာဘဲ၊ သူဆောက်ပြီးသား သူသွားနေတာ....(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

ခင်ဗျားတို့ကော ဘယ့်နှယ်ဆိုကြမလဲ.... (ကိုယ်ဆောက်ပြီး သား ကိုယ်သွားနေရမှာပါဘုရား)။

ကိုယ်ဆောက်ပြီးသား ကိုယ်သွားနေဘို့ဘဲရှိတယ်... (မှန်ပါ့) ဘာနဲ့ဆောက်သလဲ၊ အယောနိသောမနသိကာရကလက်သမား ဆယ့်နှစ်ယောက်နဲ့ဆောက်တယ်....(မှန်ပါ့)။

အယောနိသော မနသိကာရက ဗိုလ်လုပ်ပြီး သကာလ.... (လက်သမား ဆဲ့နှစ်ယောက်နဲ့ဆောက်ပါတယ်)။

အဲ....ဝိပဿနာသဆဲ့နှစ်ပါးက ဆောက်တာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါ-ပဋိစ္စသမုပ္ပါဒ် ဝိပ္ပလ္လာသ ဆဲ့နှစ်ပါးစလုံး ဘုန်းကြီးက ခင်းပြရမယ်....(မှန်ပါ့) မပြနိုင်ဘူးတဲ့ နာရီက စေ့တော့မယ်။ ဒီ-ပဋိစ္စသမုပ္ပါဒ် အကုန်ပြရမယ်....(မှန်ပါ့)။

ဦးသံဒိုင် မကျယ်ပေဘူးလား....(ကျယ်ပါတယ်ဘုရား) သိပ်ကျယ်သွားမယ် .. (မှန်ပါ့)။

အဲဒီတော့ ဒါဖြေးဖြေး ပြောသွားရမှာဘဲ....(မှန်ပါ့) ပြီးတော့မှ ပယ်နည်းကို ခင်ဗျားတို့ကို ရှင်းပြမယ်....(မှန်ပါ့)။

ကိုင်း-ဒါဖြင့် ဘုန်းကြီးက ခင်ဗျားကို အားတော့ မလျော့ပါနဲ့....(မှန်ပါ့) အားဘော့မလျော့နဲ့ ဆောက်တော့ ဆောက်ပြီးတာ ကတော့သေချာတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဆောက်ပြီးသားကတော့....(သေချာပါတယ်) အခုခင်ဗျားတို့ လူ့ပြည်မှာ ဟန်လုပ်နေတာသာမှတ်....(မှန်လှပါ့)။

ဘုန်းကြီးပြောတဲ့ မဂ်ဆိုက် ဖိုလ်ဆိုက်ကို မလုပ်တော့ပါဘူးဆိုယင် ငါသေယင် ဆွမ်းမသွတ်နဲ့သာမှတ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒီအလုပ်ကို မလုပ်တော့ပါဘူး၊ မဂ်ဆိုက် ဖိုလ်ဆိုက်ကို မလုပ်တော့ပါဘူးဆိုယင်ဖြင့် ဦးသံဒိုင် အိမ်မှာပစ်ခဲ့။မတင်တို့ကိုငါသေဆွမ်းမသွတ်နဲ့ကွလို့....(မှန်ပါ့) လွဲမှ မလွဲဘဲ.... (မှန်ပါ့ဘုရား) လွဲစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဘာဖြစ်လို့ မရှိသတုံးဆိုတော့ အာယောနိသောမနသိကာရ မန်နေဂျာကြီးကလဲ ဝမ်းထဲမှာရှိတယ်....(မှန်ပါ့) ဝိပ္ပလ္လာသ ဆဲ့နှစ်ပါးကလဲ မှားတိုင်းမှားတိုင်း ဆောက်တယ်....(မှန်ပါ့)။

ဒိဋ္ဌိ ဝိပ္ပလ္လာသဆိုတာ အပါယ်မသွားတဲ့ တရားလားသွားတဲ့ တရားလား.... (သွားတဲ့ တရားပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဒိဋ္ဌိဝိပ္ပလ္လာသ အပါယ်သွားတဲ့တရားကလဲ ကေန် သိပြီး သကာလမှနေတော့ ဒါချောက်ပေါတဲ့တရားလား အမှန် ပေါတဲ့တရားလား....(အမှန်ပေါတဲ့ တရားပါ)။

ခင်ဗျားတို့က ကုသိုလ်ကလေး လုပ်တာရယ် မနက် ဆွမ်း တော်ကလေးတင်တာရယ် ဟုတ်လား.... (မှန်ပါ့) အင်း.... အကြောင်းညီညွတ်တဲ့အခါကျောင်းကန် ဘုရားကလေးရယ်-ဒါ လောက်က မကယ်နိုင်ဘူးတဲ့၊မှားချက်ဟာ ဒီဟာမျိုးမှ မကဘဲ.... (မှန်ပါ့)ဒါလောက်ကဘာဖြစ်လောက်သလဲ-(မဖြစ်လောက်ပါ ဘုရား)။

အဲဒီတော့ ဘုန်းကြီးက ပြောချင်တာကတော့ မိုးကြိုးပစ် တာ ထန်းလက်ကာနေလို့တော့မရဘူးပေါ့....(မှန်ပါ့ ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ကာနိုင်လို့ရှိယင်ဖြင့်မင်းတို့မဂ်နဲ့ကာ ပေါ့....(မှန်ပါ့) ထန်းလက်နဲ့ မရဘူး.... (မှန်ပါ့) သဘောပါ ပလား....(ပါ-ပါပြီ)။

မဂ်နဲ့ကာယင်တော့....(ရပါတယ်) ထန်းလက်နဲ့ ကာယင် တော့....(မရပါဘုရား)။

မရဘူးတဲ့ ခုနင်က ဒါကြောင့်မို့ ဘုရားကလေးလောက်နဲ့ ဘုရားကြည်ညိုရုံလောက်နဲ့ မရသေးပါဘူး....(မှန်ပါ့) ဘုရား ကြည်ညိုရုံလောက်နဲ့ဆိုယင် အဇ္ဈတ္တသတ်ထက် ကြည်ညိုတာ

ဘယ်ရှိမတုံး၊ ဘုရား ပရိနိဗ္ဗာန်စံတယ်ဆိုယင် တက်တောင်သွားတယ်၊ကြည်ညိုလိုက်တာနဲ့ နောက်ဆုံးပိတ် လောဟကုမ္ဘီ ငရဲကျတယ်....(မှန်ပါ) မကျဘူးလား.... (ကျပါတယ်) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့်-ထန်းလက်နဲ့ကာမလား၊မဂ်နဲ့ကာကြမလား–(မဂ်နဲ့ကာပါမယ် ဘုရား) မဂ်နဲ့ကာယင် ဆောက်ပြီးသား ပျောက်ရမယ်....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

မဂ်နဲ့ကာလို့ရှိယင်.... (ဆောက်ပြီးသား ပျောက်ရပါမယ်) ဆောက်ပြီးသား ပျောက်ရမယ်၊ နို့မဟုတ်ယင် လူ့ပြည်မှာ ပြုံးသလောက် ဟိုမှာမဲ့ရမယ်....(မှန်ပါ)။

လူ့ပြည်ပြုံးသလောက်....(ဟိုမှာမဲ့ရမှာပါဘုရား)သဘောပါလား....(ပါ-ပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ အချိန်မှီ သေးတယ်လို့သတိထားလိုက်ပါ....(မှန်ပါ)။

ဪ....ထန်းလက်နဲ့ကာလို့တော့မရဘူးတဲ့၊မဂ်နဲ့ကာမှရမတဲ့ ဒီမဂ်ကလေးကို အခုဆရာဘုန်းကြီးကလဲ ဟောနေတယ်၊ဘယ်ကျလို့ရှိယင် မဂ်ဆိုက်လိမ့်မယ်ဆိုတဲ့ ဥစ္စာလဲ ခင်ဗျားတို့လဲ သိတန်သလောက်လဲသိနေပြီ....(မှန်ပါ) မသိဘူးလား....(သိပါပြီ)။

ဘယ်ကျလို့ ရှိယင် မဂ်စစ်ပေါ်မယ်၊ ဘယ်ကျလို့ရှိယင် ဝိပဿနာမဂ်ပေါ်မယ်၊ ဘယ်ကျယင် မဂ်စစ်ပေါ်မယ် ဆိုတာ ခင်ဗျားတို့နေ့တိုင်းလဲ ဟောပါတယ်....(မှန်ပါ)ဒီအခုဝိပ္ပလ္လာသ အဆုံးမှာလဲ ဒါတွေလာပါလိမ့်မယ်....(မှန်ပါဘုရား)။

အဲဒီတော့ကို ထန်းလက်နဲ့ မကာဘဲနဲ့ မင်္ဂနဲ့ကာလို့ ရှိယင် ဒီကာတွေကို—ခင်ဗျားတို့ ပြုထားတဲ့ ဝိပ္ပလ္လာသတွေကို ခင်ဗျားတို့ ဒီကနေပြီး မင်္ဂနဲ့ပယ်လိုက်.... (မှန်ပါ့ဘုရား) ဟိုက အကုန် ပျောက်တယ်....(မှန်ပါ့)။

မီးလိုပေါ့ဗျာ၊ ဒိုင်နမို ရပ်လိုက်ယင် ဒီမြို့ပေါ်မှာ မီးပွင့် တသောင်းရှိ၊ အကုန်ရပ်ဘဲ....(မှန်ပါ့) ဒိုင်နမို မရပ်ယင်တော့.... (မရပ်ပါဘုရား) အကုန်ပွင့်နေတာဘဲ မီးတွေ အိမ်တိုင်းလင်း နေတာဘဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒီမှာ ဟဒယဝတ္ထုထဲက နေပြီးသကာလ ခင်ဗျားတို့ ဝိပ္ပလ္လာသ တွေသာရပ်အောင် ဝိပဿနာရှုပေးလိုက်၊ အကုန်ပျောက်–အကုန်ပျောက်....(မှန်ပါ့ဘုရား) သဘောပါပလား.... (ပါ–ပါပြီ)။

ဒါဖြင့် ဆေးရှိသေးတယ်....(မှန်ပါ့) ဆေးလဲရှိသေးတယ်၊ ဆေးဆရာလဲရှိသေးတယ်၊ ခင်ဗျားတို့ကလဲ အချိန်မှီသေးတယ်.... (မှန်ပါ့ဘုရား) သဘောပါပလား....(ပါ-ပါပြီ)။

ဆေးကော....(ရှိပါတယ်ဘုရား) ဆေးဆရာကော....(ရှိပါတယ်) အချိန်ကကော....(မှီပါသေးတယ်ဘုရား)။

ကဲ-ယနေ့ဒီတွင်တော်ပါဦး။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - တောင်မြို့ မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

## ဝိပ္ပလ္လာသ ( အရူး ) ဆယ့်နှစ်မျိုး

# ည အလုပ်ပေး တရားတော်

( ၃၀ - ၁၁ - ၆၁ )

— ၀ —

နေ့လယ်က ပြောခဲ့တယ်....၊ တကာ တကာမတွေ မှတ်ဘို့ရာက မမာတဲ့အခါကျလို့ရှိယင်ဖြင့် ဘယ်ဆရာဝန် ကောင်းသတုံး-ဘယ်ဆေးကောင်းသတုံး၊ ကုန်ချင်သလောက် ကုန်ပစေဆိုတာ ဘာရှာတာတဲ့တုံး.... (အသေလွတ် ရှာတာပါဘုရား) အသေလွတ်ရှာတာ၊ အသေလွတ်ရှာတာနော်....(မှန်ပါ့)။

တရားအားထုတ်တာလဲ ဘာတုံးလို့ မေးလို့ရှိယင် ဘယ့်နှယ်ပြောမလဲ... (အသေလွတ်ရှာတာပါဘုရား)။

အသေလွတ် ရှာတာဘဲတဲ့၊ ဟိုဟာကတော့ကို ခဏဘဲတားလို့ရတယ်၊ ဒီဟာကတော့ အမြဲတမ်း တားလို့ရတယ်ဆိုတော့ ဘယ်ဟာပိုလုပ်သင့်သတုံး....(တရားအားထုတ်တာ ပိုလုပ်သင့်ပါတယ်)တရားအားထုတ်တာပိုလုပ်သင့်တယ်ဆိုတာ တကာ တကာမတွေ မှတ်ထားရမယ်....(မှန်ပါ့)။

ဪ....မမာတဲ့ အခါကျလို့ရှိယင် ဒီတောင်က တက်မှတက်ပါ့မလားဆိုပြီးသကာလ အမျိုးမျိုး-အဖုံဖုံ ဆေးကောင်းဝါးကောင်း၊ ဆရာဝန်ကောင်း၊ ဗမာဆရာကောင်းတွေနဲ့ သေရမှာကြောက်လို့ အသေလွတ်ရှာကြတယ်၊ သို့သော်....တဲ့၊ ဒီ

တခါ မသေယင် နောက်တခါတော့ သေမှာပါဘဲ....(မှန်ပါ) နောက်တခါတော့ ရှုန်းလို့ ရသေးရဲ့လား... (မရပါဘုရား)။

မရဘူးတဲ့၊ ဘာဖြစ်လို့တုံးဆိုတော့ ငွေကုန်ကျိုးနပ်ပါရဲ့ လားဆိုတော့ ကိုယ့်အထင်အမြင်နဲ့ ကိုက်ပါရဲ့လားလို့ မေး ကြည့်ယင် ဦးသံဒိုင် ကိုက်ပါရဲ့လား....(မကိုက်ပါဘုရား)။

ဘာဖြစ်လို့ မကိုက်သတုံးလို့ မေးဘို့မလိုဘူးလား....(လိုပါ တယ်ဘုရား) လုံးဝ မတားနိုင်လို့....(မှန်ပါဘုရား)ဘယ်လိုမှတ် ကြမယ်....(လုံးဝ မတားနိုင်လို့ပါ) လုံးဝ မတားနိုင်တဲ့ စွမ်း ရည်သတ္တိကြောင့် ဤကဲ့သို့ အဖြစ်ဆိုး တွေ့ရတယ်။

ဒါဖြင့် လုံးဝ တားနိုင်တဲ့ နေရာမှာ ဒို့ထက် စိတ်ပြင်းပြရ မယ်ဆိုတဲ့ဥစ္စာ ပေါ်လာတယ်....(မှန်ပါ) လုံးဝ တားနိုင်တာ ကတော့ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သည် ပဋိစ္စသမုပ္ပါဒ်ဖြတ်သော ကြောင့် လုံးဝ တားနိုင်တယ်လို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ ပါဘုရား) မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟာ ပဋိစ္စသမုပ္ပါဒ် မဖြတ်ဘူး လား....(ဖြတ်ပါတယ်ဘုရား)။

ထိုကဲ့သို့ ဖြတ်သောကြောင့် သူကတော့ဖြင့် တကာ တကာ မတို့ လုံးဝ တားနိုင်တယ်ဆိုတဲ့ဥစ္စာ သေချာတယ်....( သေချာ ပါတယ်)။

အဲဒီတော့ ဟိုဟာကို အားခဲမည့်အတွက် ဒီဟာကို အားခဲ လိုက်လို့ရှိယင် အမြတ်ချင်း အများကြီး ကွာတယ်....(ကွာပါ တယ်)မကွာဘူးလား....(ကွာပါတယ်ဘုရား)။

အခုတော့ တကာ တကာမတွေက တဘဝ တနပ်စာဆိုတော့ ကုန်ချင်သလောက် ကုန်ပေစေ ဟင်....၊တဘဝ တနပ်စာကလေး

ကျတော့ ကုန်ချင်သလောက် ကုန်ပေစေကွ....၊ လူ့ခါသေ ငွေ မရှားပေါ့၊ အဲ့ဒါ....ဒီကျတော့ အားတွေ သိပ်တက်တယ်....(မှန် ပါ့ဘုရား) မတက်ဘူးလား....(တက်ပါတယ်ဘုရား)။

တကယ်တမ်း လွှတ်တာကျတော့ ရှောင်ဖယ် ရှောင်ဖယ်နဲ့၊ ဖြေးဖြေးမှ လုပ်တော့မလိုလိုဆိုတော့ ဒါအပြောင်းအလဲ သိပ် လဲ့နေတယ်လို့ ဆိုလို့ရှိယင် မမှားဘူး....(မမှားပါဘုရား)။

ဒါဖြင့် ဒီကရှေ့ ဘယ်လို ပြောင်းကြမယ်၊ အမြဲအသေလွှတ် တာဆိုယင် အားထုတ်မယ်....(မှန်ပါ့) တောင်းပန်တဲ့ဟာဆိုလို့ ရှိယင် တယ်ခရီးမပေါက်ဘူး....(မှန်ပါ့ဘုရား)။

ဒါကလေးဟာက အင်မတန် အဘိုးတန်တဲ့ စကားလို့ဆို တာကိုလဲ တရားတပွဲလုံးက မှတ်ရမယ်....(မှန်ပါ့ဘုရား) မမာ ယင် သတိထားပေတော့၊ ငါ ဘာအရေးကြီးပါလိမ့်မတုံးဆို တော့ ကိုယ့်ဟာကိုယ်ပြောလာတယ်....(မှန်ပါ့)။

ဒီတောင်ကသာ တက်ပေစေဆရာ၊ ကုန်ချင်သလောက် ကုန် ပေစေ၊ ခတ်စာရော ကုန်ချင်သလောက် ကုန်ပေစေ၊ ဆေးဘိုး ကုန်ချင်သလောက် ကုန်ပေစေ၊ ဆရာခြေကြွခလဲ ကုန်ချင် သလောက် ကုန်ပေစေဆိုပြီး တကယ်စွန့်ရက်တာကိုး....(မှန်ပါ့) မစွန့်ရက်ဘူးလား....(စွန့်ရက်ပါတယ်ဘုရား)။

စွန့်ရက်ပါတယ်တဲ့၊ ပြီးတော့ တားတာဘဲ၊ လွှတ်တာ ဟုတ် ကြရဲ့လား.... ( မဟုတ်ပါဘုရား ) မလွှတ်ပါဘူး....တဲ့၊ အခု ဝိပဿနာအလုပ်ကို တကာ တကာမတွေက ပွားများရင်းမတ္တနဲ့ နိဗ္ဗာန်မြင်လာလို့ရှိယင် မသေရာကို မြင်တာဘဲ....( မှန်ပါ့ )

မသေရာမြင်တော့ ဒီတခါ သေပြီးယင် နောက်ထပ် သေစရာ မြင်သေးရဲ့လား... (မမြင်ပါဘုရား)။

မသေရာ ရောက်သွားတာကိုး-(မှန်ပါ့)မသေရာရောက်သွား တော့ နောက်ထပ် သေစရာ မမြင်ပါဘူး၊ အဲဒီမှာ သေရမည့် ဝေဒနာရောက်တဲ့ အခါမှာ အစွမ်းကုန် တခါတည်း ကြိုးစား ကြသလို ငွေကုန်လူပန်း ကြိုးစားကြသလို- ဒီမှာလဲ ငွေကုန်လူ ပန်း ကြိုးစားလိုက်မယ်ဆိုယင် ခရီးပေါက်ရောက်တာချင်း အ များကြီး ခြားနားပါလိမ့်မယ်.... (မှန်ပါ့ဘုရား) မခြားနားဘူး လား...(ခြားနားပါတယ်ဘုရား)။

အဲဒီတော့ ဘယ်ဟာ လုပ်ထိုက်တယ်ဆိုတာ မောင်သစ်တို့ ဦးသံဒိုင်တို့က ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ဘယ်ဟာ လုပ် ထိုက်သတုံး....(ဝိပဿနာလုပ်ထိုက်ပါတယ်)ဝိပဿနာ လုပ်ထိုက် တယ်....(မှန်ပါ့)။

ဟိုဟာက တားတာကိုးကွ....(မှန်ပါ့)နောက်ထပ် မလာတာ လို့ ဒီလိုဆိုလို့ ရရဲ့လား....(မရပါဘုရား) အဲဒီတော့ ဒါ ကလေးကို ဒီနေ့ည စပြီး ပြောလိုက်ခြင်းသည် ဘာဖြစ်လို့ ဒီဥစ္စာကို အရေးတကြီး စပြီး ပြောရပါလိမ့်မတုံး ဆိုတော့ ဒီဘက်ကျတော့ ဝီရိယဆန္ဒ ညံ့နေလို့ ဒီဘက် ဒီလို ပြင်လိုက် ပါ၊ အလုပ်ဘက်ကို ဒီလို ပြင်လိုက်ပါဆိုတာ ပြောတာ....(မှန် ပါ့ဘုရား)။

အလုပ်ဘက်ကို ဒီအတိုင်းသာ ဦးသံဒိုင်က ပြောင်းပြောင်း၊ တရားတပွဲလုံးက ပြောင်းပြောင်း၊ အားလုံး တကာ တကာမ တွေက ပြောင်းပြောင်းပေါ့ဗျာ၊အပြောင်းတည့်တာ....(မှန်ပါ့) မတည့်ဘူးလား....(တည့်ပါတယ်ဘုရား)။

ဒါ ခင်ဗျားတို့ကို အထူးသင်နေစရာ လိုသေးသလားတဲ့....၊ ဒီ ဥပမာ-နှစ်ခုနဲ့ဘဲ ရှင်းလင်းပြီးသကာလ သွားပြီဆိုတဲ့ဥစ္စာ ဘာမှ ပြောစရာ မလိုတော့ပါဘူး.... (မှန်ပါ့) လိုသေးသလား.... (မလိုပါဘုရား)။

ကိုင်း ဒါဖြင့် တပည့်တော်တို့ ဘာလုပ်ရမှာတုံး၊ ဝိပဿနာဆိုတာ ဘာလုပ်ရမှာတုံးဆိုတော့ အမြင်မှန်ရယင် လုပ်တတ်ပါတယ်၊ အယောနိသော မနသိကာရနဲ့တော့ မလုပ်တတ်ဘူး၊ ယောနိသော မနသိကာရနဲ့တော့....(လုပ်တတ်ပါတယ်) လုပ်တတ်တယ်။

ဒါဖြင့် အမြင်မှန်-အမြင်မှား၊ နှလုံးသွင်းမှန်-နှလုံးသွင်းမှား၊ ရှင်းကြပလား.... (ရှင်းပါပြီ) နှလုံးသွင်း မှန်လာလို့ ရှိယင်ဖြင့် ခင်ဗျားတို့ ဒါ အသေလွတ်တဲ့ နေရာဌာနကို တောင်းပန်ဆေး မဟုတ်ပါဘူး၊ ပျောက်ဆေး....(မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

အမြင်မှန်ရလာတဲ့ ပုဂ္ဂိုလ်ဟာ ဟို....လူသေလို့ ဆေးသမားက ခေတ္တတားခွင့် ဆေးပေးသလို ဒီအသွားမျိုးလို့ ဆုံးဖြတ်ချက်မချပါနဲ့....(မှန်ပါ့)ဒီအသွားမျိုး မဟုတ်ပါဘူး။

ဒီအသွားမျိုးသည်ကားလို့ ဆိုယင်ဖြင့် ဒီတခါ တောင်းပန်လို့ ရပေမဲ့ နောက်တခါတော့ ရချင်မှရတာ.... (မှန်ပါ့) များသောအားဖြင့် မရတာများတယ်....(မှန်ပါ့ဘုရား)။

ဘာကြောင့် မရတာများသတုံးဆိုတော့ တောင်းပန်တာများလို့ရှိယင် ခန္ဓာက ခေါင်းထဲ ဝင်းလိုက်မယ်လို့ ခဏခဏ

ပြောတယ်....(မှန်ပါဘုရား) မပြောဘူးလား .... (ပြောပါတယ် ဘုရား)။

အဲဒီလို ပြောပြီးသကာလ နေတော့ ဩော်....ဟိုနေရာမှာ ဒို့အိတ်သွန် အားသွန် အစွမ်းအားရှိသလောက် အလုပ်လုပ်လို့ရှိယင် လွဲတယ်၊ ဒီနေရာမှာ ဝိပဿနာအလုပ်ကို နှလုံးသွင်း မှန်မှန်နဲ့ အစွမ်းကုန် လုပ်လိုက်ရလို့ရှိယင် တည့်တယ် .... (မှန် ပါဘုရား)ပြောင်းမိကြပလား....(ပြောင်းမိပါပြီ)သဘောကော ပါကြရဲ့လား....(ပါ-ပါတယ်ဘုရား)။

ဘယ်နေရာကို အားကုန်သွန်ရမှာတုံး....(ဝိပဿနာအလုပ်ကို အားကုန်သွန်ရမှာပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)၊ မမှာတဲ့ အခါကျတော့ အားကုန်သွန်တာဟာက တောင်းပန်ဆေး .... (မှန်ပါဘုရား)ပြီးတော့ ရချင်မှရတယ်၊ ဆရာဝန်တောင် လက် လျှော့တယ်....(မှန်ပါဘုရား)သဘောပါပလား (ပါ-ပါတယ်)။

ဒါဖြင့် အားကုန်သွန်တဲ့ အလုပ်ကို ဘယ်နေရာလုပ်ရမှာတုံး ( ဝိပဿနာအလုပ်မှာ အားကုန်လုပ်ရမှာပါ ) ယုတ်စွအဆုံး ဘုန်းကြီးက ပြောလိုက်ပါတယ်၊ လုပ်ရင်းသေသွားမယ်၊ ကဲ.... မဂ်တော့ မရဘူးဘုရား၊ တပည့်တော် ဝိပဿနာမဂ်လောက်ဘဲ ရတယ်၊ ဖြစ်ပျက်မြင်တဲ့ မဂ်ဘဲရတယ်၊ ဖြစ်ပျက်မြင်တဲ့ မဂ်ကို ရတယ်၊ တပည့်တော် နှလုံးသွင်းမှန်မှန်နဲ့ လုပ်လိုက်တာ၊တကယ် နိဗ္ဗာန်ကိုတော့ မမြင်ဘူးဘုရာ့၊ သေပေစေ ဆိုတာတောင်....တဲ့၊ ဒုတိယဘဝကျတော့ အသေလွတ်နေရာ ရောက် တာ ပါ ဘဲ.... (မှန်ပါဘုရား)။

သူက အရှုံးကိုမပါဘူး....(မှန်ပါ)ပါသေးရဲ့လား....(မပါ ပါဘုရား)အဲဒါတွေကို ခင်ဗျားတို့ သေသေချာချာ သိတော့မှ ပြော်....အရှုံးမရှိတဲ့ကုန်ဟာ ကူးသင့်တယ်၊ တားဆေးလောက် ကို ဦးသံဒိုင်တို့၊ မောင်သစ်တို့က အားကျဘို့ သိပ်မသင့်ဘူး.... (မှန်ပါ့ဘုရား)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တားဆေးနဲ့ ပျောက်ဆေး ဘယ်ဟာသောက်ဘို့ ကောင်းပါလိမ့် .... (ပျောက်ဆေး သောက်ဘို့ကောင်းပါတယ်) ပျောက်ဆေး သောက်ဘို့ရာကဖြင့် အင်မတန် အရေးကြီးတယ် ဆိုတာ ပေါ်သွားပါပြီ....(မှန်ပါ့ဘုရား) မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)

အဲဒီတော့ သူ့သောက်ချင်လို့ရှိယင် ပျောက်ဆေး တကယ် သောက်ချင်လို့ရှိယင် နှလုံးသွင်းမှန်မှ သောက်ဖြစ်ပါတယ်.... ( မှန်ပါ ) နှလုံးသွင်းမှားနဲ့တော့ သောက်လို့ မဖြစ်ဘူး.... (မှန်ပါ့ဘုရား)။

နှလုံးသွင်းမှန် ဆိုတာကရှင်းပေးပါပြီ၊နှလုံးသွင်းမှန်ဆိုတာက အနိစ္စကို အနိစ္စမြင်ယင် နှလုံးသွင်းမှန်ဘဲ....(မှန်ပါ့ဘုရား) ဒုက္ခ ကို ဒုက္ခမြင်ယင်....(နှလုံးသွင်းမှန်ပါဘုရား) အနတ္တကို အနတ္တ မြင်ယင်....(နှလုံးသွင်းမှန်ပါဘုရား) အသုဘကို အသုဘမြင်ယင် (နှလုံးသွင်းမှန်ပါဘုရား) ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့မြင်ယင်.... (နှလုံးသွင်းမှန်ပါဘုရား)။

အဲ... နှလုံးသွင်းမှန်ကတော့ အခုပြောခဲ့တဲ့ ငါးချက်ပါဘဲ.... (မှန်ပါ) နှလုံးသွင်းမှားကတော့ ဒီငါးချက်ကို ပြောင်းပြန် လှည့်လိုက်ယင် အနိစ္စကို နိစ္စထင်ယင် နှလုံးသွင်းမှား.... (မှန်ပါ

ဘုရား)ဒုက္ခကို သုခထင်ယင်....(နှလုံးသွင်းမှားပါဘုရား)အနတ္တ ကို အတ္တထင်ယင်....(နှလုံးသွင်းမှားပါဘုရား)အသုဘကို- သုဘ ထင်ယင်.... (နှလုံးသွင်းမှားပါဘုရား) ဒုက္ခသစ္စာကို သုခသစ္စာ လို့ထင်ယင်....(နှလုံးသွင်းမှားပါဘုရား)။

ဒါဖြင့် အမှားငါးချက်-အမှန်ငါးချက်....(မှန်ပါ့) သဘော ပါပြီ....(ပါ-ပါပြီ) အမှားငါးချက် ဘယ့်နှယ်ကြောင့်တွေ့ကြ ကြုံကြဆုံကြပါလိမ့်မလဲလို့ မောင်လစ်တို့၊ ဦးသံဒိုင်တို့မေးယင် ဘယ့်နှယ်ပြောကြမလဲ.... (နှလုံးသွင်းမှားလို့ပါဘုရား) နှလုံး သွင်းမှားလို့....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အမှန်ငါးချက်နဲ့ ဘယ့်နှယ်ကြောင့် ကြုံရဆုံရပါလိမ့်မတုံး (နှလုံးသွင်းမှန်လို့ပါ) နှလုံးသွင်းသည်ကားလို့ ဆိုယင် မှန်လို့ ပေါ့....(မှန်ပါ့ဘုရား)။

အမှန်ငါးချက်နဲ့ တွေ့ခြင်းသည် နှလုံးသွင်းမှန်လို့....(မှန် ပါ့)ဒါဖြင့် နိဗ္ဗာန်ရောက်ကြောင်းဟာဖြင့် သူမူတည်ကြီးတခုဘဲ ဆိုတာ ဆုံးဖြတ်ချက်ချ....(မှန်ပါ့ဘုရား)။

နှလုံးသွင်းမှန်သည်....(မူတည်ကြီးတခုပါဘုရား) မူတည်တခု အားကိုးတခု ကိုးစားရာတခုလို့ ဆုံးဖြတ်ချက် ချလိုက်ပါ.... (မှန်ပါ့)မချသင့်ဘူးလား....(ချသင့်ပါတယ်ဘုရား)။

ချသင့်တယ် ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကဲ့ ယောနိသော မနသိကာရ ရှိလို့ရှိယင်ကွာ မင်းတို့သည်ကားလို့ ဆိုယင် မဖြစ်သေးတဲ့ အကုသိုလ်လဲ မဖြစ်ဘူးကွ....၊ သဘောကျ ပလား....(ကျပါပြီဘုရား)။

မဖြစ်သေးတဲ့အကုသိုလ်လဲ....(မဖြစ်ပါဘုရား)မဖြစ်ပါဘူးတဲ့ ဖြစ်နေတဲ့ အကုသိုလ်တွေလဲ ပပျောက်တယ်....(မှန်ပါ့) ဖြစ်နေတဲ့ အကုသိုလ်တွေလဲ....(ပပျောက်ပါတယ်ဘုရား)။

အယောနိသော မနသိကာရသာ လာမယ်ဆိုယင် မဖြစ်သေးတာ ဖြစ်တယ်ကွ၊ဖြစ်ပြီးသားလဲ ပွားများတယ်ကွ၊သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ တပည့်တော်တို့ဘုရား ဒါဖြင့် နှလုံးသွင်းမှားကြီးဟာ ဘယ့်နှယ်ကြောင့် မှားရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အရှုးကုပေးမည့် လူမရှိလို့ ဆရာကောင်း သမားကောင်း လိုနေလို့ မှတ်လိုက်ပါ....(မှန်ပါ့ဘုရား)။

အရူးကုပေးမည့် လူမရှိလို့ရှိယင် အမှားဖြစ်နေမှာဘဲ .... (မှန်ပါ့) အရူးကုပေးမည့်လူရှိယင် အမှန်ဖြစ်ရမယ် .... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အရူးကုပေးမည့်လူရှိယင် အမှန်ဖြစ်မှာဘဲ.... (မှန်ပါ့) အရူးကုပေးမည့်လူမရှိယင်-(အမှားဖြစ်မှာပါ)အမှားဖြစ်မှာဘဲ ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်ပါ "ယထာဘူတံ ဥာဏာယ သတ္ထာ ပရိယေသိတဗ္ဗော" ယထာဘူတံ = ဟုတ်တိုင်းမှန်စွာ။ ဥာဏာယ= သိဘို့ရန်အလို့ငှာ၊ သတ္ထာ=ဆရာကို၊ ပရိယေသိတဗ္ဗော=ရှာကြတဲ့....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဟုတ်တိုင်းမှန်စွာ ဟောတတ် ပြောတတ်တဲ့ဆရာကို ရှာကြ (မှန်ပါ့ဘုရား)။

ဒါမှဘဲ နှလုံးသွင်းမှားအရှုးကို ကုပေးနိုင်မယ်.... (မှန်ပါ့) ကိုယ့်ကိုယ်တိုင်ကတော့ ကိုယ့်အမေကအရူး၊ ကိုယ့်သားသမီးတွေကကော.... (အရူးပါဘုရား)။

ဒါကတော့ အရူးကမွေးလို့ အရူးဖြစ်တာကတော့ဖြင့် ဒါဟာ ဘာမှ မေးနေစရာ မရှိပါဘူး၊ သူတို့တတ်တာ သူတို့သင်လိုက်တာပါဘဲ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဘာရှာတို့ အရေးကြီးသတုံး.... ( ဟောညွှန်ပြတဲ့ဆရာရှာတို့ အရေးကြီးပါတယ်)။

ဟုတ်တိုင်းမှန်စွာ ဟောတတ် ပြောတတ်တဲ့ဆရာကို မရှာသဍ္ဍာကာလပတ်လုံး ခင်ဗျားတို့အာရုံကို မတက်ဘူးလို့မှတ်ပါ.... (မှန်ပါ့) အာရုံမတက်တော့ ဘာဖြစ်နေသလဲ၊ မှောင်နေတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

အာရုံမတက်တော့.... ( မှောင်နေပါတယ် ) ဘာဖြစ်လို့ မှောင်ပါလိမ့်မတုံးဆိုတော့ ဟုတ်တိုင်း မှန်စွာ ဟောတတ်ပြောတတ်တဲ့ဆရာ မရှာတော့ မတွေ့ဘူး၊ မတွေ့တော့ ကိုယ်သိထားတာတွေက အမှားချည်းဖြစ်နေတော့ အဝိဇ္ဇာဒဏ်ချက်၊ တဏှာဒဏ်ချက်တွေထဲမှာကိုဘဲ အချိန်ကုန်သွားတော့ကိုတဲ့ အဝိဇ္ဇာမှောင် တဏှာမှောင်ထဲမှာဘဲ မွေးပြီးသကာလ ဒီမှောင်ထဲမှာဘဲ သေသွားတယ်.... (မှန်ပါ့ဘုရား)။

မှောင်ထဲမွေးပြီး....(မှောင်ထဲ သေသွားရပါတယ်)။

မှောင်ထဲမွေး၊ ဇမှောင်ထဲသေသွားတယ်ဆိုတာဖြင့် ဒါဟုတ်တိုင်းမှန်စွာ ဟောတတ်ပြောတတ်တဲ့ဆရာ မရမှုဟာ ကြီးလေး

စွာသော အပြစ်သင့်တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

လောကီ ဥပမာ- ဘုရားက ဘာပြသတုံးဆိုတော ဟောဒီ ပိုးနှံကောင်တွေက မျက်လုံးမပါဘူး၊ မွေးတုန်းကလဲ မှောင်ထဲ ဘဲ မွေးပါတယ်ကွ၊ သေတော့လဲ မှောင်ထဲဘဲ သေပါတယ်၊ ဟုတ်တိုင်းမှန်စွာ ဟောတတ်တဲ့ဆရာနဲ့ မင်းတို့ မတွေ့လို့ရှိယင် အဲဒီတိရစ္ဆာန်နဲ့မင်းတို့နဲ့ အတူတူဘဲ.... (မှန်ပါဘုရား)ဆိုတော့ သိပ်ကြောက်စရာ ကောင်းပါလား.... (ကောင်းပါတယ်ဘုရား) အင်မတန် ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ် ဘုရား)။

မှောင်ထဲမွေးမှောင်ထဲသေဆိုတဲ့ အဓိပ္ပါယ်ဟာ ယထာဘူတ ဟောတတ်တဲ့ ပြောတတ်တဲ့ဆရာကိုမရှာတဲ့ပုဂ္ဂိုလ်ဟာဖြင့် မှောင် ထဲမွေး မှောင်ထဲသေဘဲ၊ ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ကမ္ဘာကတာဉာဏ်လောက်နဲ့သေတဲ့ ပုဂ္ဂိုလ်များဟာ မှောင်ထဲဘဲ ရှိသေးတယ်.... (မှန်ပါဘုရား) မှောင်ထဲ မွေးပြီး မှောင်ထဲဘဲသေတယ်.... (မှန်ပါ)။

ကမ္ဘာကတာဉာဏ်လောက်ပေါ့လေ.... (မှန်ပါ) အကျိုး များပလား.... (မများသေးပါဘုရား)။

သာသနာတွင်းအတွက်မှာ အကျိုးမများသေးဘူး... (မှန်ပါ ဘုရား) သာသနာပအတွက်မှာဖြင့် အနည်းငယ် ထောက်တည်ရာ ရတယ်.... (မှန်ပါ)။

သာသနာတွင်း အတွက်မှာဖြင့်.... (အကျိုးမများပါဘုရား) အကျိုးမများသေးပါဘူးဆိုတာကိုလဲ ထူးထူးခြားခြားဘဲမှတ်ပါ (မှန်ပါ) ကမ္မဿကတာဉာဏ်ဟာနော်....(မှန်ပါ)။

ကမ္မဿကတာဉာဏ်ဆိုတာ ငါ လုပ်ယင်ငါ ရတယ် ဆိုပြီး လှူဒါန်းပေးကမ်းပြီးသကာလ သစ္စာမသိဘဲနဲ့ လှူတဲ့ အသွား မျိုးဆိုတာပါ.... (မှန်ပါဘုရား)။

သစ္စာမသိဘဲနဲ့လှူဒါန်း ပေးကမ်းပြီးသကာလ ခုနင်ကအသေ ရှိလျက်နဲ့ အသေရှာတဲ့မျိုး ပြောတာပါ.... (မှန်ပါ) အနာရှိ လျက်နဲ့....(အနာရှာပါတယ်)။

အဲဒီဟာမျိုးကတော့ဖြင့်တဲ့ တကာတကာမတွေမှာတဲ့အဝိဇ္ဇာ နယ်က မလွတ်နိုင်ဘူး.... (မှန်ပါ)။

ဘာဖြစ်လို့ အဝိဇ္ဇာနယ်က မလွတ်သတုံးဆိုတော့ ဟိုမှာလဲ အသေရှိတာ မသိဘူး.... (မှန်ပါ) ဒီမှာ အသေရှိတာသိပေမဲ့ ဟိုမှာအသေရှိတာ မသိတော့ ဒါ....အဝိဇ္ဇာ ပါနေတယ်....(မှန် ပါဘုရား) အာသဝနယ်က မလွတ်ပါဘူး....(မလွတ်ပါဘုရား) ရှင်းပလား ... (ရှင်းပါပြီ) ဘယ်သူ့နယ်က မလွတ်သတုံး.... (အာသဝနယ်က မလွတ်ပါဘုရား)။

အာသဝနယ်က မလွတ်တော့ ဦးသံဒိုင်.... ကြောက်စရာကြီး ပါလား.... (မှန်ပါ)။

အာသဝနယ်က မလွတ်လို့ရှိယင် သူလည်အောင်လုပ်မယ်၊ အာသဝဆိုတာ ဝဲသြဃ.... (မှန်ပါ) လည်အောင်လုပ်မကွဆိုတဲ့

အစိပ္ပါယ် သူ့နယ်က မလွတ်ယင် သူလှည့်မယ်....(မှန်ပါ့ဘုရား) မလှည့်ပေဘူးလား.... (လှည့်ပါတယ်)။

ထိုကဲ့သို့ လှည့်ခဲ့သည်ရှိသော် လွတ်ရေး ကျွတ်ရေးမရှိဘဲနဲ့ မြုပ်ရေး မျောရေးသာရှိတယ်.... (မှန်ပါ့) သဘောပါကြလား (ပါ-ပါပြီ)။

ကောင်းပြီ-ဒါဖြင့် ဒီနေ့ည တရားဟောလိုက်တော့ ဘာ အရေးကြီးပါလိမ့်မတုံးဆိုတော့ဆရာရှာဘို့အရေးကြီးပါတယ်.... (မှန်ပါ့)။

ဘာအရေးကြီးသလဲ.... (ဆရာရှာဘို့ အရေးကြီးပါတယ်)။

ဆရာရှာဘို့ အရေးကြီးတယ်၊ ဆရာကလဲ ဘယ်လိုဆရာတုံး လို့ မေးလို့ရှိယင်ဖြင့် သစ္စာအလိုက်ကို သိတဲ့ဆရာရှာဘို့အရေး ကြီးတယ်.... (မှန်ပါ့ဘုရား) သစ္စာသိတဲ့ဆရာ ရှာဘို့အရေးကြီး တယ်.... (မှန်ပါ့) သဘောပါကြလား.... (ပါ-ပါပြီ)။

သစ္စာမသိတဲ့ဆရာလောက်ဆိုယင်ကမ္မဿကတာဉာဏ်လောက် ကို သူမှောင်ထဲ မွေးပြီး မှောင်ထဲသေတာလောက်ဘဲ အဝိဇ္ဇာ နယ်ထဲက မလွတ်ဘူး၊ သစ္စာသိမှ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်တာကိုး.... (မှန်ပါ့) သစ္စာမသိသေးလို့ရှိယင် အဝိဇ္ဇာက ဝိဇ္ဇာမဖြစ်ပါဘူး ပေါ့ကြပလား.... (ပေါ့ပါပြီ)။

ဒါ နားကြီးကြီးနဲ့ ထောင်လိုက်တော့ ဦးသံဒိုင် ဒီဟာပေါ့ လာတယ်.... (မှန်ပါ့) နားသေးသေးနဲ့ ထောင်လို့ရှိယင် ဒါမရ ပါဘူး.... (မှန်ပါ့) ဘာပြောနေပါလိမ့်မလဲ.... ဒီအဓိပ္ပါယ်ဘဲ ခင်ဗျားတို့ မှတ်ကြမှာဘဲ.... (မှန်ပါ့)။

နားကြီးကြီးနဲ့ ထောင်လိုက်တဲ့အခါကျတော့ သစ္စာဟော တတ်တဲ့ ဆရာရှာ.... (မှန်ပါ)။

သစ္စာကို ထင်မြင်အောင် ပြောတတ်တဲ့ဆရာကို.... (ရှာရ ပါမယ်)။

သူ့ မတွေ့သ၍ ကာလပတ်လုံးဖြင့်ကွာ.... မှောင်ထဲမွေး၍ မှောင်ထဲသေတုန်းဘဲလို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား)သ ဘောပါကြပလား....(ပါပါပြီဘုရား)။

ကဲ....ဒါဖြင့် သစ္စာကို မြင်ဘို့ရာလဲ နှလုံးသွင်းမှန်မှ မြင်ပါ တယ်.... (မှန်ပါ့ဘုရား)။

ဟောပြီ.... ဟောတတ်တဲ့ဆရာက ဟောပါပြီ....တဲ့၊ တကာ တကာမတို့ သစ္စာမြင်ချင်လို့ ရှိယင် နှလုံးသွင်းမှန်ရမယ်.... (မှန် ပါ့ဘုရား)။

အနိစ္စ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ ဘုရား) ဒုက္ခဟာ ကော.... (ဒုက္ခသစ္စာ) ဒုက္ခဟာလဲ ဒုက္ခသစ္စာဘဲ ....(မှန်ပါ့) အနတ္တဟာကော.... (ဒုက္ခသစ္စာပါ) အသုဘကော.... (ဒုက္ခ သစ္စာပါ)။

ဒုက္ခသစ္စာချည်းဘဲ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာတဲ့၊ မပါတာဦးသံ ဒိုင်.... ရှိသေးရဲ့လား.... (မရှိပါဘုရား) မရှိတော့ ဒါ....ဒုက္ခ သစ္စာချည်းပေါ့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီတော့ကို ဒုက္ခသစ္စာသိအောင်ဟောနိုင်တဲ့ဆရာကို ရှာလို့ ရှိယင်ဖြင့် ဒီဒုက္ခပြီးယင် နောက်ဒုက္ခကို ရှာချင်တဲ့စိတ် ခင်ဗျားတို့ မှာ မလာဘူး....(မှန်လှပါဘုရား)။

သစ္စာမသိသေးတဲ့ဆရာနဲ့ ခင်ဗျားတို့တွေကြုံဆုံနေပြီ ဆိုမှဖြင့် အင်း.... ဒုက္ခသစ္စာကို သုခသစ္စာလို့ဆိုတဲ့ သညာတို့ စိတ်တို့ မပျောက်ပါဘူး.... (မပျောက်ပါဘုရား) မပျောက်နိုင်ဘူးတဲ့၊ မပျောက်နိုင်ဘူး။

အဲဒါကြောင့် ဟုတ်တိုင်းမှန်စွာ ဟောတတ်တဲ့ဆရာကို ရှာပါ လို့ သုံးဆဲ့လေးကြိမ်တိုင်တိုင် မှာတယ်ဆိုတာ မှာသင့်တယ်.... (မှန်ပါဘုရား) မမှာသင့်ဘူးလား.... (မှာသင့်ပါတယ်ဘုရား)။

သုံးဆဲ့လေးကြိမ်တိုင်တိုင် မှာတယ်ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ အပင်ပန်းခံပြောတဲ့ စကားဘဲ....(မှန်ပါ ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(အပင်ပန်းခံပြောတဲ့စကားပါဘုရား)' အပင်ပန်းခံ ပြောတဲ့ စကား ဖြစ်နေသောကြောင့် ခင်ဗျားတို့ ကြော်...ဒါလောက်တောင် ငို့အပေါ် ဆုံးမပါလျက်နဲ့ ပေတေ တေလုပ်နေဘို့တော့ ဦးသံဒိုင် မသင့်ဘူး.... (မသင့်ပါဘုရား) သင့်ပါ့မလား....(မသင့်ပါဘုရား)။

သူ့အရေးကပြီးပြီးသား၊ သူများအရေးအတွက်ပြောတာ.... (မှန်ပါ့ဘုရား) သူ့အရေးက အသေလွတ်သွားပြီ.... (မှန်ပါ့ ဘုရား)။

ဒီတခါ ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ပရိနိဗ္ဗာန်စံစရာ ရှိသေးရဲ့ လား....(မရှိပါဘုရား)။

အဲ·သူ့အရေးက ပြီးပြီးသား....(မှန်ပါ) ကျန်တဲ့ ပုဂ္ဂိုလ်တွေ ၏အရေးကို ပြောပါတယ်.... (မှန်ပါ့ဘုရား) သဘောပေါက်ကြ ပလား....(ပါပါပြီ)။

ဒါဖြင့် သစ္စာသိချင်ယင် နှလုံးသွင်းမှန်မှသိမယ်.... (မှန်ပါ့) ဘယ်ကလာလာ ဒီနှလုံးသွင်းမှန်ဟာအရေးကြီးတာဘဲ....(အရေးကြီးပါတယ်ဘုရား) နှလုံးသွင်းမှန်ဟာ အင်မတန်အရေးကြီးတယ်ဆိုတာ သေသေချာချာ မှတ်ကြပါ....(မှန်ပါ့ဘုရား)။

ယောနိသော မနသိကာရဆိုတဲ့ဥစ္စာ ဘာတုံးလို့ မေးတဲ့အခါ အဋ္ဌကထာဆရာက "ယောနိသော မနသိကာရ" ဆိုတာဟာ အနိစ္စကို အနိစ္စမှန်းသိတာ "ယောနိသော မနသိကာရ" ပါတဲ့၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခကို ဒုက္ခမှန်း သိတာ.... (ယောနိသောမနသိကာရပါဘဲ) အနတ္တကို အနတ္တမှန်းသိတာ.... (ယောနိသောမနသိကာရပါ) အသုဘကို အသုဘမှန်းသိတာ....(ယောနိသော မနသိကာရပါ) ယောနိသောမနသိကာရဘဲ၊ ဒါသညာနဲ့ မှတ်ထားလိုက်ပါ.... (မှန်ပါ့ဘုရား)။

သညာနဲ့ဘဲ မှတ်ထားပါဦးတဲ့၊ နောက် ပညာနဲ့ကြည့်နည်းကျတော့ အလုပ်ခွင်ဝင်မှ ဦးသံဒိုင်ပြီးတယ်.... (မှန်ပါ့ဘုရား) အလုပ်ခွင်မဝင်ယင်....(မပြီးပါဘုရား) မပြီးပါဘူးတဲ့။

အဲဒါကြောင့် သညာနဲ့ သိရုံကလေးနဲ့ နိဗ္ဗာန်မရောက်နိုင်ဘူး (မှန်ပါ့) အလုပ်ခွင်ဝင်ပြီး ခန္ဓာကပြောမှ ခင်ဗျားတို့ နိဗ္ဗာန်ရောက်မှာ....(မှန်ပါ့ဘုရား)၊

အလုပ်ခွင်ဝင်ပြီး ခန္ဓာကပြောလာမှ....(နိဗ္ဗာန်ရောက်မှာပါ)။

သညာကလေးနဲ့ ဘုန်းကြီးကဟောလို့ တကာတကာမတွေ့က အခုဖြေတဲ့ အဖြေမျိုးလောက်နဲ့ ဆိုလို့ရှိယင်ဖြင့်....တဲ့၊ မရ

သေးပါဘူး....(မှန်ပါ့ဘုရား) ဒါက သိမှုဘဲပေးတာရှိသေးတယ် (မှန်ပါ့) ကျင့်မှုမပါဘဲနဲ့ မရပါဘူး....(မရပါဘုရား)။

ဒါကြောင့် ဘုရားက ဉာတပရိညာ သိမှုအရေးကြီးတယ်ကွ၊ ပြီးတော့မှ တီရဏပရိညာ- ပွားမှုအရေးကြီးတယ်.... (မှန်ပါ့) အဲဒီပွားများမှုပြီးမှ ခုနင်က အနိစ္စကို နိစ္စထင်တာတွေ ပယ်နိုင်ပါတယ်ကွ၊ ဒုက္ခကို သုခထင်တာ ပယ်နိုင်ပါတယ်ကွာ၊ အနတ္တကို အတ္တထင်တာကိုလဲ.... (ပင်နိုင်ပါတယ်ဘုရား) အသုဘကို သုဘ ထင်နေတာ.... (ပင်နိုင်ပါတယ်ဘုရား) ဟော-သူက အဲဒီကျမှ ပဟာနပရိညာ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အားလုံးတကာတကာမတွေ သိမှုနဲ့ မပြီးသေး ဘူး၊ ကျင့်မှုနဲ့ စခမ်းသတ်ရမယ်....(မှန်ပါ့) ကျင့်မှုသန်မှသာလျှင် ပယ်မှုမဂ်ဆိုက်မယ်....(မှန်ပါ့ဘုရား)။

ကျင့်မှုသန်မှ ...(ပယ်မှုမဂ်ဆိုက်မှာပါ)။

ပယ်မှုမဂ်ဆိုက်မယ်ဆိုတော့ ခင်ဗျားတို့ စဉ်းစားကြည့်....တဲ့၊ ဝိပ္ပလ္လာသ ဆဲ့နှစ်ပါး မနေ့က ပြောခဲ့တယ်....နော်.... (မှန်ပါ့)။

အနိစ္စကို နိစ္စထင်တဲ့ သညာဝိပ္ပလ္လာသ၊အနိစ္စကို နိစ္စလို့ သိဘဲ့ စိတ္တဝိပ္ပလ္လာသ-ဟုတ်လား....(မှန်ပါ့) အနိစ္စကို နိစ္စလို့ယူဘဲ့ ဒိဋ္ဌိ ဝိပ္ပလ္လာသ ဘယ်နှစ်ချက်ရှိသတုံး....(သုံးချက်ပါဘုရား)။

ပြန်ပြောပါဦးမယ်၊ ခုန္ဒာကိုယ်ကြီးဟာ အနိစ္စကို- နိစ္စလို့ ထင်တဲ့ မှတ်နေတဲ့ သညာဝိပ္ပလ္လာသ.... (မှန်ပါ့) နိစ္စလို့မှတ်တဲ့ သညာဝိပ္ပလ္လာသ၊ ဒါ ၁-နံပါတ်။

အနိစ္စကို နိစ္စလို့ သိနေပြန်လို့ရှိယင်လဲ အဲဒါ စိတ္တဝိပ္ပလ္လာသ (မှန်ပါ့ဘုရား)။

အနိစ္စကို တကာတကာမတ္တို နိစ္စလို့ ယူနေပြန်လဲ.... (ဒိဋ္ဌိ ဝိပ္ပလ္လာသပါဘုရား)။

ဒါဖြင့် အနိစ္စက ဘယ်နှစ်ပါးထွက်လာသလဲ....(သုံးပါးထွက် လာပါတယ်ဘုရား)။

ကောင်းပြီတဲ့၊ ဒါဖြင့် အနိစ္စ မမြင်လို့ရှိယင် ဦးသံဒိုင်က ဒီသုံးပါးပယ်နိုင်ပါ့မလား....(မပယ်နိုင်ပါဘုရား)။

ဒါဖြင့် ပွားမှရမယ်....(မှန်ပါ့ဘုရား) အလွယ်တွေပြောနေတဲ့ စကားကို မယုံကြနဲ့....နော်... (မှန်ပါ့ဘုရား)။

အလွယ်ပြောနေကြတဲ့စကားတွေ မယုံကြနဲ့၊ သူတို့ကိုယ်တိုင် မရှင်းလို့ တော်အောင် ပြောနေတာသာ မှတ်ရမယ်....(မှန်ပါ့) သဘောပါသလား....(ပါပါပြီဘုရား)။

ဒါတောင်မှ သိတာရှိသေးတယ်၊ ပယ်မပါသေးဘူး....(မှန်ပါ့) ပယ်ဆိုယင် မဂ်ဆိုက်ရဦးမယ်....(မှန်ပါ့ဘုရား)။

အင်မတန်အရေးကြီးပါတယ်၊ ကဲ....တခါအခုသုံးပါးပြီးသွား ပြီနော်....(မှန်ပါ့ဘုရား)။

ဒုက္ခကို သုခလို့ မှတ်နေယင်လဲ ဆို....သညာ ဝိပ္ပလ္လာသ.... (မှန်ပါ့· သညာဝိပ္ပလ္လာသပါ) ဒုက္ခကို· သုခလို့ သိနေပြန်လဲ.... (စိတ္တဝိပ္ပလ္လာသပါ) ဒုက္ခကိုသုခလို့ တကာတကာမတွေ ယူနေ ပြန်ယင်လဲ....(ဒိဋ္ဌိဝိပ္ပလ္လာသပါ)ဟော....ဒုက္ခထဲကလဲသုံးခုရှိတယ် (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် မှတ်မှု၊ သိမှု၊ ယူမှု၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ကဲ-အနတ္တကို အတ္တလို့မှတ်ထားပြန်တော့ကော.... (သညာဝိပ္ပလ္လာသပါဘုရား) သညာဝိပ္ပလ္လာသ၊ သညာဆိုတာ မှတ်တာ (မှန်ပါ)အနတ္တကိုအတ္တလို့သိနေပြန်ယင်တော့-(စိတ္တဝိပ္ပလ္လာသ) အနတ္တတရားကြီး ခန္ဓာကိုယ်ကြီးကို အတ္တလို့ ယူနေပြန်ယင်ကော (ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

ခိုင်တယ်မြဲတယ်လို့ ယူနေပြန်ယင်လဲ ဒိဋ္ဌိဝိပ္ပလ္လာသ၊ အနတ္တကလဲ သုံးချက်....(မှန်ပါဘုရား)။

အသုဘဖြစ်တဲ့ ခန္ဓာကိုယ်ကြီးကို သုဘလို့ မှတ်နေပြန်ယင်ကော.... (သညာ ဝိပ္ပလ္လာသ ပါဘုရား) အသုဘဖြစ်တဲ့ ခန္ဓာကိုယ် ကြီး ကို သု ဘ တင့် တယ် လို့ သိနေပြန် ယင်ကော (စိတ္တဝိပ္ပလ္လာသပါ ဘုရား) အသုဘဖြစ်တဲ့ ခန္ဓာကိုယ်ကြီးကို သုံးဆယ့်နှစ်ကောဋ္ဌာသ အသုဘ ကောန်ရှိပါလျက်သားနဲ့ သုဘလို့ ယူနေပြန်ယင်ကော....(ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

ဒါဖြင့် ဘယ်နှစ်ပါး ရှိသွားပလဲ... (ဆယ့်နှစ်ပါး ရှိသွားပါပြီဘုရား) ဆယ့်နှစ်ပါးရှိပြီ....(မှန်ပါ) အဲဒီ ဆယ့်နှစ်ပါးကို တကာ တကာမတို့ ရှေးဦးစွာ သိရမယ်၊ ပြောင်....ဒါတွေဟာ ဒို့သန္တာန် ဒါတွေ ရှိနေပါလားလို့ သိရမယ်....(မှန်ပါ)

သိပြီးသကာလမှတခါပွားများတဲ့အခါကျတော့မှ သူကတော်တော် ပါးထွက်သွားတယ်....(မှန်ပါ) ရှင်းပြီနော်....(ရှင်းပါပြီ) ပွားများတော့....(ပါးထွက်သွားပါတယ်)။

အင်း....တခါတည်း ပွားများတဲ့ အဆုံးဟာ နိဗ္ဗာန်မြင်တဲ့မဂ် ပေါ်လာတော့မှ သောတာပတ္တိမဂ်က ရှစ်ပါးပယ်ချလိုက်တယ်-(မှန်ပါ့ဘုရား) သောတာပတ္တိမဂ်က....(ရှစ်ပါး ပယ်ချလိုက်ပါတယ်) ဆယ့်နှစ်ပါးထဲ ရှစ်ပါးနုတ်....(လေးပါးကျန်ပါတယ်)၊

အဲ....ဒီမဂ် မရသေးသ၍ကာလပတ်လုံး- ပဌမမဂ် မရသေးသ၍ကာလပတ်လုံး ဆယ့်နှစ်ပါးလုံး ရှိတယ်....(မှန်ပါ့)ပဌမမဂ် ရလို့ရှိယင် ဘယ်နှစ်ပါး ပယ်သတုံး...( ရှစ်ပါးပယ်ပါတယ် ) ရှစ်ပါး ပယ်တယ်၊ ဒါ သေသေချာချာ မှတ်ပါ၊ ဒီနေ့ည စကားက နက်လာလိမ့်မယ်....(မှန်ပါ့)။

ဒီ့ပြင်မဂ်တွေက ဒါလောက်အရေးမကြီးဘူး၊ ဒီရှစ်ပါးပယ်နိုင်တဲ့ မဂ်ဟာ သာမညသတ္တိမဟုတ်ပါဘူး....(မှန်ပါ့) အဲဒီတော့ သောတာပတ္တိမဂ် ရလို့ရှိယင်ဖြင့် ရှစ်ပါးပယ်ပါတယ်(မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

အနာဂါမိမဂ်ကျအောင် ရလို့ရှိယင် ဆယ်ပါးပယ်မှာဘဲ.... (မှန်ပါ့) ရဟန္တာဖြစ်မှ ဆယ့်နှစ်ပါးကုန်မယ်....(မှန်ပါ့)။

ဒီလိုဆိုတော့ ဒါ မပွားဘဲနဲ့ဘဲ-တီရဏပရိညာဆိုတဲ့ ပွားများမှု မရှိဘဲနဲ့ဘဲ ပဟာနပရိညာက ဒီဟာတွေ အသီးအသီး ပယ်နိုင်ပါ့မလား....(မပယ်နိုင်ပါဘုရား)။

ဒါ့ကြောင့် အလုပ်ကို ပွားများကြ၊ ပွားများကြ၊ ပွားများမှ ပယ်နိုင်မယ်....(မှန်ပါ့) သိမှ ပွားများ၊ ပွားများမှ-ပယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အဲဒါက ပါဠိတော်ကြီးတွေမှာ ဦးသံဒိုင် တိုက်ရိုက်ရှိတယ်-(မှန်ပါ) တိုက်ရိုက် ရှိနေတယ်၊ ပရိညာသုံးပါးကွ၊ ဒါနဲ့ တွဲရမယ်ကွ-ဆိုတာ တိုက်ရိုက်ရှိနေတော့ကို တကာ တကာမတို့ ဝိပ္ပလ္လာသ ဆယ့်နှစ်ပါးမှာ ပဌမမဂ်ကမှ ရှစ်ပါးပယ်နိုင်ပါတယ်လို့ ဆိုတော့ အင်း-ဒီရှစ်ပါး အခု ဒို့သန္တာန်ဖြင့် ဆယ့်နှစ်ခုလုံးလုံး ရှုးတတ်တဲ့တရား ဆယ့်နှစ်ခု ရှိနေတယ်....(မှန်ပါ) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်)။

ဒို့ကို ရှုးအောင်လုပ်နေတဲ့ ဝိပ္ပလ္လာသ ဘယ်နှစ်ပါး ရှိသတုံး ( ဆယ့်နှစ်ပါး ရှိပါတယ် ) အံမာလေး....တကာ တကာမတို့ ပုဂ္ဂိုလ်က တယောက်တည်း၊ ရှုးအောင်လုပ်နေတဲ့ တရားက.... (ဆယ့်နှစ်ပါးပါဘုရား)။

ဆယ့်နှစ်ပါး ရှိပြီးသကာလနေတော့ အင်း .... ငရဲတော့ ရောက်ချင် ရောက်ပေစေကွာ မတတ်နိုင်ဘူး၊ ရှုးလို့ပြောတာ.... (မှန်ပါဘုရား) သုဂတိလဲ ရောက်ချင် ရောက်ပေစေကွာ....ရှုးလို့ ပြောတာ....(မှန်ပါ)သစ္စာကို မမြင်တော့ဘူး....(မှန်ပါ) မမြင်သေးတော့ အရှုးဖြစ်နေတယ်....(မှန်ပါ)။

အရှုးဖြစ်နေတော့ သုဂတိ ရောက်ကြောင်းလဲ လုပ်လိုက်တာဘဲ၊ ဒုဂ္ဂတိ ရောက်ကြောင်းလဲ....(လုပ်ပါတယ်ဘုရား) ဘာဖြစ်လို့တုံးဒမေးတော့ ဝိပ္ပလ္လာသ မပယ်နိုင်တော့ အရှုးမို့ လုပ်ချင်ရာ လုပ်တာ....(မှန်ပါဘုရား)။

ဘယ်လိုဆိုကြမယ်-(အရှုးမို့ လုပ်ချင်ရာ လုပ်တာပါဘုရား) အရှုးမို့ လုပ်ချင်ရာ လုပ်နေတာ-(မှန်ပါ)ကိုင်း-တကာတကာမ

တွေ့ တရားနာတဲ့ ဘာတုံးဆိုတာ ပေါ်ပါပြီ....( မှန်ပါ့ ) ဒြောင်....တပည့်တော်တို့ဟာ အရှုးတွေဘုရား....(မှန်ပါ့)မပေါ် သေးဘူးလား....(ပေါ်ပါပြီ)။

အရှင်ဘုရားတို့လို ပုဂ္ဂိုလ်၊ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်မှ တပည့်တော်တို့ကိုဒီအရှုးပျောက်စေတတ်တဲ့ ဆေးကို မတိုက်ကျွေးလို့ရှိ ယင်ဖြင့် တပည့်တော်တို့ သွားမိ-သွားရာ သွားမှာဘဲ....(မှန်ပါ့)၊

ငရဲလဲ သွားလိုက်မှာဘဲ....(မှန်ပါ့) သုဂတိလဲ....(သွားမှာပါ ဘဲ) သွားမှာဘဲ....တဲ့၊ ဒုဂ္ဂတိတော....(သွားမှာပါဘဲ) နိဗ္ဗာန်ကျ တော့ မသွားဘူး....(မှန်ပါ့)။

သွားမိသွားရာသွားဆိုပေမဲ့လဲ မစပ်မိဘူး နိဗ္ဗာန်ကျတော့- (မှန်ပါ့ဘုရား) ဘာ့ကြောင့် မစပ်မိသတုံးလို့ မေးတဲ့အခါကျ တော့ အရှုးဟာ အမှန်မှ မသိဘဲကိုး....(မှန်ပါ့)။

အမှန်မသိတော့ သူ့မှာ မဂ္ဂင်က မရှိ၊ မဂ္ဂင်က မရှိတဲ့အခါ ကျတော့ကို မဂ္ဂင်လမ်းပေါ်ကို မရောက်ဘူး....(မှန်ပါ့ဘုရား)။

မိစ္ဆာဒိဋ္ဌိလမ်း၊ သဘောကျပလား....(ကျပါတယ်) အင်း.... သုဂတိက ဒုဂ္ဂတိ သွားတဲ့လမ်း၊ ဒုဂ္ဂတိက သုဂတိ သွားတဲ့လမ်း၊ ဒီလမ်းဘဲ လျှောက်နေတာဘဲ....(မှန်ပါ့)သေသေချာချာ ကြည့် လိုက်တော့လဲ သေလမ်းချည်းဘဲ....(မှန်ပါ့)။

ဆင်းရဲလမ်းနဲ့ သေလမ်းချည်းဘဲ၊ ဒုဂ္ဂတိက သုဂတိ သွားပြန် လို့ရှိယင်လဲ သေလမ်းသွားတယ်....(မှန်ပါ့) သုဂတိက - ဒုဂ္ဂတိ သွားပြန်—ဆင်းရဲလမ်း....(မှန်ပါ့ဆင်းရဲလမ်းပါ) ဆင်းရဲလမ်းနဲ့ သေလမ်းဘဲ တိုးသွားနေတာဘဲ....(မှန်ပါ့)။

ဒါ ဘာကြောင့်တုံးလို့ မေးတဲ့အခါကျတော့ တကာ တကာမတို့ ဝိပ္ပလ္လာသ ဆယ့်နှစ်ပါး- အရှုး ဆယ့်နှစ်ပါးကဲ ကျုပ်တို့မှာ အပြည့်အစုံ၊ တခါတလေ သညာရူးနဲ့၊ တခါ တလေ စိတ်ရူးနဲ့....(မှန်ပါ) တခါတလေ အယူရူးနဲ့(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါတွေ မပယ်နိုင်သရွေ့ကာလပတ်လုံး အမှန်လမ်းမတော် ဆိုတဲ့ မဂ္ဂင်လမ်းမတော်ကို ဘယ်တော့မှ မရောက်....( မှန်ပါ ဘုရား) ရောက်ပါမလား....(မရောက်ပါဘုရား)။

ဒါတွေကို အကျယ်တဝင့် ချဲ့ထွင်ပြီးသကာလ ပြောနေရတာ သည် ခင်ဗျားတို့မှာ တော့ဖြင့် ဘာမှ မသိဘော့ ပြော်....လမ်း တွေကလဲ မနည်းပါလား၊ ဒုဂ္ဂတိက သုဂတိသွားတဲ့လမ်း၊ သုဂတိ က ဒုဂ္ဂတိ သွားဘဲလမ်း၊ ဟုတ်သား....(မှန်ပါ) သုဂတိကနေ နိဗ္ဗာန်သွားတဲ့လမ်း၊ လမ်းက သုံးလမ်းဘောင်ရှိတယ်(မှန်ပါ)။

သုဂတိက-နေ နိဗ္ဗာန်သွားတဲ့လမ်းကျတော့ အရူးက မသွား တတ်ဘူး....(မှန်ပါမသွားတတ်ပါဘုရား) ဒုဂ္ဂတိက သုဂတိသွား ရမည်ဆို သူ သွားတတ်တယ်....(မှန်ပါ)သုဂတိက ဒုဂ္ဂတိ သွား မယ်ဆိုယင်....(သွားတတ်ပါတယ်)သွားတတ်တယ်။

တကယ့်လမ်းကောင်း လမ်းမှန်ကျတော့ အရူးက သွားကို မသွားတတ်ဘူး....(မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ အားလုံးဘဲ သတိပေးပါတယ်တဲ့....၊ နှလုံးသွင်း မမှန်သရွေ့ကာလပတ်လုံးဟာ အရူးက မပျောက်ဘူး (မှန်ပါ)။

နှလုံးသွင်း မမှန်ယင်....(အရှူးက မပျောက်ပါဘုရား) နှလုံးသွင်းမှန်ယင်....(အရှူး ပျောက်ပါတယ်) အရှူး ပျောက်မယ်ဆိုတော့ နှလုံးသွင်းမှန်ဆိုတာက ဆရာသမားကပေးတဲ့ ခင်ဗျားတို့မှာ နှလုံးသွင်းမှန်အောင် ပေးထားတဲ့ ယောနိသော မနသိကာရ၊ ဒါကိုသိမှုနဲ့ အယင်ရှေးဦးစွာလုပ်ပါဦး .... (မှန်လှပါဘုရား) ပြီးတော့မှ သိမှုပြည့်စုံတဲ့ အခါကျမှ ကျင့်မှုကိုလုပ်ပါ (မှန်ပါ)ကျင့်မှု လုပ်ပြီးတော့မှ ပယ်မှုဟာ လာပါလိမ့်မယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် စ, ကြပါစို့တဲ့၊ ကဲဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့မှာ သမီးကလေးလို့ မှတ်ထားတယ်၊ ဒါ သညာဝိပ္ပလ္လာသ....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

သမီးကလေးလို့ မှတ်ထားတာ.... (သညာဝိပ္ပလ္လာသပါ) အဟုတ်ကို သမီးဘဲလားလို့ဆို- အို....ဘယ်နေ့ ဘယ်ရက်ကမွေးဖွားထားတာ၊ ဒီလို့ကိုလာတယ်....(မှန်ပါ) ဒါ ဘာဝိပ္ပလ္လာသ ပါလိမ့်....(သညာဝိပ္ပလ္လာသပါဘုရား)။

သညာဝိပ္ပလ္လာသ၊ ဟုတ်ကော ဟုတ်ကဲ့လားဆိုယင် မိုးကြိုးပစ်ကျိန်ပြောပါလိမ့်မယ်....(မှန်ပါ)မပြောပေဘူးလား....(ပြောပါတယ်) ဒါ ဘာနဲ့ပြောတာတုံး .... (အမှတ်မှားနဲ့ပြောပါတယ်)အဲ- အမှတ်မှား၊ သညာဝိပ္ပလ္လာသနော်....(မှန်ပါဘုရား)။

အဲဒီတော့ သမီးကလေးဖြင့်လဲ ခင်ဗျားတို့ဟာက ခင်မိကြသလားလို့၊ အို-သမီးဘဲဘုရား မခင်ယင်တော်ပါ့မလား....ဆိုတဲ့ အဓိပ္ပါယ်မျိုး ယူလိုက်ပြန်တော့ သမီးမှတ်ထားတာကလဲ အရှူးကိုးဗျ....(မှန်ပါဘုရား)။

အဲ....အရှုးက မှတ်ထားတဲ့အခါကျတော့ အရှူးတွင် ခင်ပြီး သကာလ စိတ္တဝိပ္ပလ္လာသဆိုပြီး သမီးလို့ တကယ်ထင်ပြီး တကယ် ခင်ချလိုက်တာဘဲ....(မှန်ပါဘုရား) သဘောကျပလား....(ကျပါ တယ်ဘုရား)။

အဲဒါ အနိစ္စတွေပျောက်၊ ဒုက္ခတွေပျောက်၊ အနတ္တတွေ ပျောက်၊ အသုဘတွေပျောက်(မှန်ပါ)ပင်ကိုယ်ရှိ လေးခုပျောက် ပြီ....(မှန်ပါဘုရား)။

ပင်ကိုယ်ရှိလေးခု.... (ပျောက်ပါပြီ) အနိစ္စ ဒုက္ခ အနတ္တ အသုဘ မောင်သစ် ဘယ့်နှယ်နေသတုံး .... (ပျောက်ပါတယ် ဘုရား)။

သမီးကလေးဆိုတဲ့ အမှတ်မှားက လာတော့ ကိုယ့် သမီး ကိုယ်မခင်လို့ ရှိယင်တောင်းစုတ် ပလုံးစုတ်လဲ မဟုတ်တော့ ခက်တယ်ဆိုပြီး ခင်နေတာဘဲ .... ( မှန်ပါ ) ခင်နေတော့ ဒါ ဘာဝိပ္ပလ္လာသ ရောက်သွားသတုံး .... (စိတ္တဝိပ္ပလ္လာသပါ ဘုရား)။

ဩော် .... အသက် အရွယ် ကြီးလာပြန်တော့လဲ သူတို့ဘဲ အားကိုးရမှာ၊ ဟော- အနိစ္စအားကိုးပြီ .... (မှန်ပါ) ဒုက္ခကို.... (အားကိုးပါတယ်) အနတ္တကို....(အားကိုးပါတယ်) အသုဘကို (အားကိုးပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ခင်ဗျားတို့ တကယ်မှားတာပါလား....(မှား ပါတယ်ဘုရား) ဘယ့်နှယ်ဆိုကြမလဲ .... (တကယ်မှားပါတယ် ဘုရား)။

တကယ်မှားတာကို တကာ တကာမတွေ ဘယ်သူမှငြင်းနေတို့ မလိုပါဘူး....(မှန်ပါ့ဘုရား) လိုသေးသလား .... (မလိုပါဘုရား) အဲဒီတော့ ကိုယ်သန္တာန်မှာ ဒါတွေ ရှိ-မရှိ အကဲခတ်လိုက်ပါ....(ရှိပါတယ်ဘုရား)။

ဪ .... ဘယ်နှယ်ကြောင့် ရှိပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ တကာ တကာမတို့ နှလုံးသွင်း မမှန်သေးလို့ ရှိနေတာ....(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘယ်လိုကြောင့် ပါလိမ့် .... (နှလုံးသွင်းမမှန်သေးလို့ ရှိနေတာပါ) ဒါဖြင့် နှလုံးသွင်းမှန်ဘို့ အရေးဟာ တခြားသောအရေးထက် ကြီးတော့တယ်ဆိုတဲ့ဥစ္စာ ပြောဘို့ မလိုတော့ဘူး (မလိုပါဘုရား)လိုသေးရဲ့လား....(မလိုပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ယင် ရှေးဦးစွာ ဘာလုပ်ရပါလိမ့်မတုံးဆိုတော့ အရှုံးကို အယင်ပယ်ရဦးမကွ၊ နိဗ္ဗာန် အသာထားဦးကွ....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ကို....(အသာထားပါဦး)၊ အသာထားပါဦး၊ အရှုံးကိုဘဲ အယင်ပယ်ရဦးမယ်ဆိုတဲ့ အရေးဟာ အလွန်ကြီးလာပါတယ် .... (မှန်ပါ့) မကြီးဘူးလား .... ( ကြီးပါတယ်ဘုရား ) ကြီးတယ်တဲ့။

ကိုင်း--ခင်ဗျားတို့ ဘယ်လောက်ရှုံးတယ် ဆိုတဲ့ဥစ္စာ သမီးရယ်လို့ မှတ်ထားလိုက်တော့ သမီးကလေးက ဖျတ်ကနဲ ပျက်စီးသွားတယ်၊ သုံးနှစ်သုံးသီးငိုလို့ မပြီးဘူး....(မှန်ပါ့)ရှုံးနေတယ် (မှန်ပါ့ဘုရား)။

သုံးနှစ်သုံးသီး....(ငိုလို့မပြီးပါဘုရား) ငိုလို့မပြီးဘူး၊ ဘာဖြစ်တာတုံး....(ရူးတာပါ) စိတ်ရူးတာ....(မှန်ပါ) ဘာဖြစ်လို့ ရူးတာတုံး၊ အမှတ်မှားကြောင့် ရူးတာ.... (မှန်ပါ) ဟုတ်လား....ကျုပ်ဖြင့် အားကိုးကြီးပြုတ်ပါပေါ့၊ အင်း - အယူမှားကလဲ လိုက်တယ်....(အယူမှားကလဲလိုက်ပါတယ်ဘုရား)။

ကျုပ်ဖြင့် အားကိုးကြီးပြုတ်ပါပြီ ဆိုတော့ သြော်....ကြည့်စမ်း အနိစ္စတရားကို အားကိုးပြုတ်ပါတယ်လို့ ပြောနေတဲ့ ဥစ္စာ နဂိုကမှ အားမကိုးရတာကြီးကို သူအားကိုးထားတော့ အားကိုးကြီး ပြုတ်ပါပေါ့လို့ ဆိုပြီးသကာလ သူသည်မရူးပြန်ဘူးလား....(ရူးပါတယ်ဘုရား)။

ကိုင်းဒါဖြင့် ဒိဋ်ရားတွေဟာ အရူးတရား ဆဲ့နှစ်ပါးဆိုဘာ ကော ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)ပေါ်ပြီတဲ့၊အမှတ်က မှားသွားလို့ရှိယင် အသိကတော့ မှားတော့မယ်....(မှန်ပါ) အသိကမှားယင် အယူကကော....(မှားပါတယ်ဘုရား)။

အဲဒါကြောင့် တကာ တကာမတွေမှာ မျက်ရေစက်လက် မျက်စိမျက်နှာညိုးငယ်တယ်....(မှန်ပါ)ဟာ- ဘာဖြစ်တာတုံး၊ အို- အမှတ်မှားကြောင့် အသိမှားဖြစ်တာ၊ အသိမှားကြောင့် အယူမှားဖြစ်နေတာ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ခင်ဗျားတို့ အသဘာကလေးတခု တွေ့တဲ့အခါမှာ ဖြစ်စေ၊ ကိုယ့်သားသမီးက မလိမ်မာလို့ ထော်လော်ကန့်လန့် လုပ်တဲ့အခါမှာ ဖြစ်စေ သမီးအတွက်ခက်တယ်၊ တခါတည်း လာတာဘဲ....(မှန်ပါဘုရား)မလာဘူးလား .... (လာပါတယ်)။

သမီးအတွက်ဘာတုံး....(ခက်ပါတယ်ဘုရား) သမီးအတွက် ဆိုတာက သညာဝိပ္ပလ္လာသ၊ ခက်တယ်ဆိုတာက စိတ္တဝိပ္ပလ္လာသ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သမီးအတွက်ဆိုတာက .... (သညာဝိပ္ပလ္လာသပါ) ခက်တယ် ဆိုတာက....(စိတ္တဝိပ္ပလ္လာသပါ) သူဘာမှမသိဘူး-သူဘာမှ မသိ ဘူး၊ ဒီအဒမ-အဖေ ကြီးတွေဟာ သူ့မှီနေရတယ်ဆိုတာ သူ မသိရှာဘူးလို့ ဆက်လာတယ် .... (ဆက်လာပါတယ်ဘုရား) အင်း- ဘာပါလိမ့်....(ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

ကိုင်း- သွားပကော မသွားသေးဘူးလား .... (သွားပါပြီ ဘုရား) အဲဒီတော့ ဒီဟာသာ ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ ဒီသုံးချက် မပယ်သ၍ ကာလပတ်လုံးဖြင့် သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ မောင်သစ် လွတ်မှာမဟုတ်ပါဘူး....(မှန်ပါ့ဘုရား)။

သောက=စိုးရိမ်မှုလာမှာဘဲ၊ ပရိဒေဝ=ငိုကြွေးမှု.... (လာ မှာပါဘဲ) ဒုက္ခဒေါမနဿဖြစ်မှု....(လာမှာပါဘဲ) ဥပါယာသ= ပြင်းစွာပင်ပန်းမှု....(လာမှာပါဘဲဘုရား)လာမှာဘဲတဲ့၊ ဪ.... ဒီပဋိစ္စသမုပ္ပါဒ် ဘယ်ကလာပါလိမ့်မတုံး ဆိုတော့ အမှတ်မှား ကြောင့်လဲလာပါတယ်....(မှန်ပါ့) အသိမှားကြောင့်လဲ.... (လာ ပါတယ်) အယူမှားကြောင့်လဲ....(လာပါတယ်ဘုရား)။

ဪ....ပဋိစ္စသမုပ္ပါဒ်က အလိုလို ပေါ်တာလားလို့ ဆိုမှ ပဋိစ္စသမုပ္ပါဒ် လက်သည်ရှာပြန်တော့လဲ ဒီအမှတ်မှား-အသိမှား အယူမှားကလာတာ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ဘယ်ကစ,သတုံးလို့- ဆိုလို့ရှိယင် ရှင်းကြပလား- (ရှင်းပါပြီ) ဘယ်ကလာသတုံး- (အမှတ်မှား အသိမှား- အယူမှားက လာပါတယ်)။

အယင်တုန်းကတော့ ပဋိစ္စ သမုပ္ပါဒ်ဆိုတာ ခင်ဗျားတို့က အင်း- ဒီအတိုင်း ဖြစ်နေတာဘဲလို့ဘဲ သိတာဘဲ-(မှန်ပါ့)ပဋိစ္စ သမုပ္ပါဒ်ဆိုတာ ဒီအတိုင်းဖြစ်နေတာဘဲ၊ ကိုယ်ကဖြတ်နိုင်ဖြတ်- မဖြတ်နိုင်- သူ့သဘောနဲ့ သူ လည်နေမှာဘဲ၊ ဒါလောက်ဘဲသိ တယ်- (မှန်ပါ့) အခုတော့မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်ကို ဖြစ် စေတဲ့ တရားကိုသွားသိတယ်- (မှန်ပါ့)ရှင်းပလား-( ရှင်းပါပြီ) ပဋိစ္စသမုပ္ပါဒ်ကို- (ဖြစ်စေတဲ့တရားကို သိပါတယ်ဘုရား)။

ဖြစ်စေတဲ့ တရားကို သူသွားသိပါတယ်- (မှန်ပါ့) ဖြစ်စေ တဲ့တရား သွားသိတဲ့အခါကျလို့ရှိယင်ဖြင့် ဩော်-ပဋိစ္စသမုပ္ပါဒ် အစ ဝိပ္ပလ္လာသ မသိမ်းဆည်းနိုင်တာက.... (မှန်ပါ့ဘုရား)ပေါ် ကြပလား.... (ပေါ်ပါပြီ)။

ပဋိစ္စသမုပ္ပါဒ်အစ,ဟာ.... (ဝိပ္ပလ္လာသ မသိမ်းဆည်းနိုင်တာ ကပါဘုရား) အဲ....ဝိပ္ပလ္လာသ မပယ်နိုင်တာ၊ မသိမ်းဆည်းနိုင် တာ အတူတူဘဲ.... (မှန်ပါ့) ပေါ်ကြပြီနော်.... (ပေါ်ပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ပဋိစ္စသမုပ္ပါဒ် ပြတ်ချင်ပါတယ်ဆိုယင် ဝိပ္ပလ္လာသ ပယ်နိုင်ယင် ပြတ်တာဘဲ (မှန်ပါ့) ဝိပ္ပလ္လာသ မပယ်နိုင်သေးယင်.... (မပြတ်ပါဘုရား)။

သောတာပန်မှာ ဝိပ္ပလ္လာသ ရှစ်ပါးလဲ ပယ်လိုက်ပါရော၊ အပါယ် ပဋိစ္စသမုပ္ပါဒ် ပြတ်ထွက်သွားတယ်.... (မှန်ပါ့)တခါ တည်း အကျိုးအကန်း, အ-အ, အနူ,အရူး, မိစ္ဆာဒိဋ္ဌိဘဝဆိုတဲ့

ခြောက်ဌာနတွေမှာ သွားတတ်တဲ့ ပဋိစ္စသမုပ္ပါဒ်လဲပြတ်တယ်.... (မှန်ပါ့) အပါယ်လေးပါးသွားတဲ့ ပဋိစ္စသမုပ္ပါဒ်လဲ.... (ပြတ်ပါတယ်)။

ဒါဖြင့် လေးနဲ့ ခြောက်နဲ့ပေါင်း (၄+၆) တဆယ် ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဩော်.... သောတာပတ္တိမဂ်ရယာင် ပဋိစ္စသမုပ္ပါဒ် ဆယ်မျိုးပြတ်တယ်.... (မှန်ပါ့ဘုရား)"ဆဋ္ဌာဘိဌာနာနိ အဘဗ္ဗကာတုံ" ကိုး ခြောက်ဌာနလဲ မရောက်ဘူးဆိုတာ.... (မှန်ပါ့) အဲ-ခြောက်ဌာနသွားတဲ့ ပဋိစ္စသမုပ္ပါဒ်လဲပြတ်တယ်.... (မှန်ပါ့)။

"စတူဟာပါယေဟိ စ ဝိပ္ပမုတ္တော"ဆိုတော့ အပါယ်လေးပါးသွားကဲ့ ပဋိစ္စသမုပ္ပါဒ်လဲ ပြတ်တယ်.... (မှန်ပါ့) ဒါဖြင့် လေးရယ်- ခြောက်ရယ်ပေါင်း.... (တဆယ်ပါဘုရား)။

အဲ....တဆယ်သော ပဋိစ္စသမုပ္ပါဒ်တွေဟာတဲ့ခင်ဗျားတို့နှလုံးသွင်းမှန်လို့ သောတာပတ္တိမဂ်ရမှ ဒီတဆယ် ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်.... (မှန်ပါ့)။

ခင်ဗျားတို့က ပဋိစ္စသမုပ္ပါဒ် တမျိုးတည်း မှတ်နေတယ်.... (မှန်ပါ့) ဘယ်ကလာ ဟုတ်ရမတုံးတဲ့၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခြောက်ဌာနသွားတဲ့ ပဋိစ္စသမုပ္ပါဒ်လဲ ရှိတယ်၊ အပါယ်လေးပါးသွားတဲ့ ပဋိစ္စသမုပ္ပါဒ် (ရှိပါတယ်ဘုရား)။

ငရဲသွားတဲ့ ပဋိစ္စသမုပ္ပါဒ်နဲ့ တိရစ္ဆာန်သွားတဲ့ ပဋိစ္စသမုပ္ပါဒ် မတူသေးဘူးဗျ.... (မှန်ပါ့ ဘုရား) တူပါ့မလား.... (မတူပါဘုရား)။

မတွေ့သေးဘူးတဲ့၊ တိရစ္ဆာန်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်နဲ့ ပြိတ္တာသွားတဲ့ပဋိစ္စသမုပ္ပါဒ်ကော(မတွေ့သေးပါဘုရား)မတွေ့သေးဘူးတဲ့။

ပြိတ္တာသွားတဲ့ ပဋိစ္စသမုပ္ပါဒ်နဲ့ အသူရကာယ်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်ကော.... (မတွေ့ပါဘုရား)။

မတွေ့သေးဘူးတဲ့၊ ဒါကအကုသိုလ်အမျိုးမျိုးကိုး....(မှန်ပါ့) သဘောပါကြပလား.... (ပါပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဒီမဂ်မှမရသေးလို့ရှိယင်ဖြင့် ဒီဝိပ္ပလ္လာသရှစ်မျိုးမှ မပယ်နိုင်သေးလို့ရှိယင်ဖြင့် ဒီဆယ်မျိုးသော ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူးလို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား)။

ဆယ်မျိုးသော ပဋိစ္စသမုပ္ပါဒ်....(မပြတ်ပါဘုရား)။

ဒါ- ခွဲပြီးသကာလလာတော့ ဦးသံဒိုင် ဒါရောက်လာတယ် (မှန်ပါ့) ပေါ်ကြပလား- (ပေါ်ပါပြီ)၊

ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးရှိသတုံး(ဆယ်မျိုးပါ)ဆယ်မျိုး။

သောတာပန်ပယ်တဲ့ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးတုံး....(ဆယ်မျိုးပါဘုရား)။

မှတ်ထားပါ- မှတ်ထားပါ၊ ဩော်.... သောတာပန် ဖြစ်လို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ဆယ်မျိုးပြတ်ပါလား.... (မှန်ပါ့)။

သူမဖြတ်နိုင်တဲ့ ပဋိစ္စသမုပ္ပါဒ်ရှိသေးတယ်.... (မှန်ပါ့) နတ်ပြည်သွားတဲ့ ပဋိစ္စသမုပ္ပါဒ် သူ မဖြတ်နိုင်သေးဘူး.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဗြဟ္မာပြည် သွားတဲ့ ပဋိစ္စသမုပ္ပါဒ်....(မဖြတ်နိုင်သေးပါဘုရား) မဖြတ်နိုင်သေးဘူးဆိုတာကျန်နေသေးတယ်....(မှန်ပါ့)။

ဒါတောင်မှ အရှုးရှစ်မျိုး ပျောက်သွားတယ်၊ အရှုးလေးမျိုးကျန်နေသေးလို့ ဟိုဘုံသွားတာတွေ ကျန်နေတယ်.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

အရှုးဘယ်နှစ်မျိုး ပျောက်သလဲ....(ရှစ်မျိုးပျောက်ပါတယ်) ရှစ်မျိုးပျောက်သွားတယ် သောတာပန်မှာ နော်.... (မှန်ပါ့)။

ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ် ရှစ်မျိုးပျောက်ယင် စိတ်ချရပြီ၊ အဲဒီကတဏှာ ဥပါဒါန် ကံ ဇာတိ-တဏှာ ဥပါဒါန်ကံ ဇာတိ အဲဒါတွေတော့ မလာတော့ဘူး.... (မှန်ပါ့)လာသေးရဲ့လား.... (မလာပါဘုရား) ခုနင်က ပြောခဲ့တဲ့ နတ်ပြည် သွားတတ်တဲ့ တဏှာ ဥပါဒါန် ကံ ဇာတိရှိသေးတယ်.... (မှန်ပါ့)ဗြဟ္မာပြည် သွားတတ်တဲ့ တဏှာ ဥပါဒါန် ကံ ဇာတိ.... ( ရှိပါသေးတယ်-ဘုရား)ရှိသေးတယ်ဆိုတာ သဘောပါပြီလား(ပါပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အရှုး ဆယ့်နှစ်မျိုးဟာ ဘယ်အချိန်ကျမှ ရှစ်မျိုးပျောက်ပါ့မလဲ.... (သောတာပတ္တိမဂ် ရမှပါဘုရား)။

သောတာပတ္တိမဂ် ရချင်လို့ ရှိယင်လဲ တကာတကာမတွေက နှလုံးသွင်း မမှန်သရွေ့ ဘယ်တော့မှမရဘူး.... ( မှန်ပါ့ဘုရား ) ရှင်းပလား.... (ရှင်းပါပြီ)။

သောတာပတ္တိမဂ် ရချင်ယင်လဲ.... (နှလုံးသွင်းမှန်မှ ရမှာပါဘုရား) နှလုံးသွင်းမှန်မှရမယ်တဲ့၊ နှလုံးသွင်း မမှန်ယင် မရကိုမရဘူး.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

နှလုံးသွင်းမှန်အောင်လဲ ဘာရှာရမှာတုံးလို့ မေးလို့ရှိယင် ဖြင့် ဆရာရှာရမယ်.... (မှန်ပါ)။

နှလုံးသွင်းမှန်အောင်.... (ဆရာရှာရပါမယ်ဘုရား) အဲဒီလို အကြောင်းတွေ အကျိုးတွေ အကုန်ဆက်တော့မှ ဥုံးသံဒိုင်ရဲ့၊ နောက်ဆုံးပိတ်ကျတော့ ဆရာပေါ်မှာတယ်....(မှန်ပါ)။

နောက်ဆုံးပိတ်ကျတော့.... (ဆရာပေါ်မှာပါတယ် ဘုရား) ဆရာပေါ်မှာတာဘဲဆိုတာ ပေါ်လာကြပြီ.... (ပေါ်ပါပြီ)။

ကိုယ်ပိုင်ဉာဏ်ကဖြင့် ဒါမှတ်သားထားကြ၊ ဘယ်မှမပါခဲ့ဘူး (မှန်ပါဘုရား) ပါသေးလား.... (မပါ-ပါဘုရား)။

မပါဘူး-မ ပါဘူး၊ ခင်ဗျားတို့အလကားဘဲ၊ ဆန်ပေါလို့ ကြီးလာတာသာမှတ်ပေရော့.... (မှန်ပါ) ကိုယ်ပိုင်ဉာဏ်ကတော့ (မပါ-ပါဘုရား)။

ဒီ- ဝိပ္ပလ္လာသ ပယ်တဲ့နည်းတော့ ရကိုမရနိုင်ဘူး.... (မှန်ပါ) မရနိုင်ပါဘူး-တဲ့။

ကိုင်း- ဒါဖြင့် ဒီလိုလုပ်ကြပါစို့၊ သိပြီ- ဆရာကောင်းတွေမှ တကာ-တကာမတို့ ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်ရမယ်....(မှန်ပါ) ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်ရမှ နှလုံးသွင်းမှန်မယ်.... (မှန်ပါ) နှလုံးသွင်း မှန်မှသာလျှင် ဝိပ္ပလ္လာသကို သေသေချာချာသိမယ်.... (မှန်ပါ) သိတော့မှ ခင်ဗျားတို့ ဝိပ္ပလ္လာသ ပယ်ကြောင်းကို ကျင့်မယ်၊ ကျင့်ပြီးသည့်နောက်မှ အကျင့် မှန်သွား တော့မှ ဝိပ္ပလ္လာသ ပယ်တဲ့ဉာဏ်ရမယ်....(မှန်ပါ) နို့မဟုတ်ယင် ရကို-မရ

ဘူး (မရနိုင်ပါဘုရား) ဆိုတော့ ဩော်....တော်တော်အရေးကြီး တဲ့ တရားပါလားဆိုတာ ပေါ်လာတယ်....(မှန်ပါဘုရား)ရှင်းပြီ နော်....(ရှင်းပါပြီဘုရား)။

အဲဒါ တော်တော် အရေးကြီးတဲ့ တရားဆိုတာ ကောင်း-ကောင်းကြီး ယနေ့ည သိတဲ့ အတွက်တဲ့-ကဲ၊ နှလုံးသွင်းမှန်ကြပါစို့ ဆိုတော့ နှလုံးသွင်းမှန်ကြပါစို့ ဆိုလို့ ရှိယင်ဖြင့်-တဲ့၊ ဒီအတိုင်း ပြောရုံကလေးနဲ့တော့ နှလုံးသွင်း အမှန်မရဘူး.... (မှန်ပါ) ခန္ဓာနဲ့ ဉာဏ်နဲ့ တည့်မှ နှလုံးသွင်း မှန်ရမယ်.... (မှန်ပါဘုရား)။

ဘယ်လိုမှရမယ် .... (ခန္ဓာနဲ့ ဉာဏ်နဲ့ တည့်မှ နှလုံးသွင်း မှန်ရပါမယ်ဘုရား)။

ခန္ဓာနဲ့ ဉာဏ်နဲ့ တည့်မှ....(မှန်ပါ) ခန္ဓာနဲ့ ဉာဏ်နဲ့ မတည့်သ၍ ကာလပတ်လုံးလဲ နှလုံးသွင်းမှန်ဟာတဲ့ နာသာ-နာထား ရတယ်၊ ဩော်.... ကိုယ့်အဖြစ်မှာတော့ မတည့်သေးဘူးဘဲ မှတ်ပါ....(မှန်ပါဘုရား)။

ဒါဖြင့် အလုပ်ခွင် မဝင်သေးသ၍ ကာလပတ်လုံး သိကာမျှကလေးနဲ့တော့ဖြင့် နှလုံးသွင်းမှန် အစစ်မဖြစ်နိုင်ဘူး....(မှန်ပါ) ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား)။

ဒါဖြင့် တကာ တကာမတွေ အလုပ်ခွင်ဝင်ရမယ်....(မှန်ပါ ဘုရား) အလုပ်ခွင်ဝင်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့်-တဲ့၊ ဥပမာ မယ် စိတ်ရှုတယ်၊ ဝေဒနာရှုတယ်၊ ကြိုက်တာရှုပါလို့ သတိ

ပဋ္ဌာန်လေးပါးထဲက ကြိုက်တာရှုပါ၊ နောက်ဆုံးပိတ် ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဖြစ်တာပါဘဲ(မှန်ပါ)သစ္စာရှုရာရောက်တာပါဘဲ (မှန်ပါ) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား) ။

အဲဒီတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဝေဒနာ ငါးမျိုးရှိယင် ငါးမျိုးစလုံး ပေါ်ရာကို ခင်ဗျားတို့က ဝေဒနာလား၊ အနိစ္စလားလို့မေးပါ....(မှန်ပါ) မေးပါနော်....(မှန်ပါဘုရား)။

မေးလိုက်တော့ ခန္ဓာက ဘယ့်နှယ်ပြောမလဲ.... (အနိစ္စလို့ ပြောပါတယ်) အနိစ္စလို့ပြောတော့ နိစ္စသညာ သူပယ်ပြီ.... (မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ)။

အနိစ္စလို့ ပြောတော့ နိစ္စသညာ မပယ်လိုက်ဘူးလား.... (ပယ်ပါတယ်ဘုရား)။

ဪ....နိစ္စသညာ ပယ်လိုက်ပါပြီ-တဲ့၊ အင်း....ဒီဖြစ်ပျက်သည်ကားလို့ဆိုယင် တကာ တကာမတို့ သိတဲ့အတိုင်းတဲ့၊ ဒုက္ခသစ္စာ ဟုတ်ကဲ့ မဟုတ်လား....(ဟုတ်ပါတယ်ဘုရား) အင်း.... သုခသညာ ပယ်လိုက်ပြီ....(မှန်ပါ) မပယ်လိုက်သေးဘူးလား.... (ပယ်ပါပြီ) ပယ်လိုက်ပါပြီတဲ့။

ဒီဥစ္စာ ခိုင်တဲ့ – မြဲတဲ့ တရားလား၊ မခိုင် မမြဲတဲ့ တရားလား.... (မခိုင် မမြဲတဲ့တရားပါ) အလုပ်နဲ့ ကြည့်လိုက်တဲ့အခါ ကိုယ့်ရှေ့တွင်ပျောက်ဘယ်.... (မှန်ပါ) မပျောက်ဘူးလား.... (ပျောက်ပါတယ်)။

အဲဒီတော့ တကာ တကာမတို့ သိတဲ့အတိုင်း ဒိဋ္ဌိဝိပ္ပလ္လာသလဲ သွားပြန်ပြီ....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဒီလိုလုပ်ကြပါစို့....၊ နိစ္စသညာ-နိစ္စစိတ်က ဒါကို ခင်ဗျားတို့ နိစ္စသညာဆိုတဲ့ ဥစ္စာလဲ သောတာပတ္တိမဂ် ပယ်နိုင်တယ်၊ နိစ္စစိတ္တကို သောတာပတ္တိမဂ်က ပယ်နိုင်တယ်၊ နော်.... (မှန်ပါ) အတ္တသညာ-အတ္တစိတ်ကိုလဲ သောတာပတ္တိမဂ်က ပယ်နိုင်ပါတယ်....(မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အတ္တသညာ....(အတ္တစိတ္တကို ပယ်နိုင်ပါတယ်)။

အဲ.... အတ္တသညာဆိုတာ ဒီဥစ္စာ ငါဘဲလို့မှတ်ထားယင် အတ္တသညာဘဲ၊မဟုတ်ဘူးလား....(မှန်ပါဘုရား)အင်း....ငါ့ကိုယ်တော့ ငါခင်ရမယ်ဆိုယင် အတ္တစိတ္တဘဲ....(မှန်ပါ)။

ဒီလိုဆိုတော့ အတ္တသညာနဲ့ အတ္တစိတ္တကိုလဲ သောတာပန် သောတာပတ္တိမဂ် ရမှပယ်နိုင်မယ်....(မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဒိဋ္ဌိလေးမျိုးကတော့ဖြင့် အနိစ္စကို နိစ္စလို့ယူတဲ့ဒိဋ္ဌိ.... (မှန်ပါဘုရား) ဒုက္ခကို သုခလို့ ယူတဲ့ဒိဋ္ဌိ.... (မှန်ပါ) အနတ္တကို အတ္တလို့ ယူတဲ့ဒိဋ္ဌိ၊ အသုဘကို သုဘလို့ ယူတဲ့ ဒိဋ္ဌိ.... (မှန်ပါ) အဲဒီ ဒိဋ္ဌိလေးမျိုးရယ် ခုနင်က ပြောခဲ့တဲ့ နိစ္စသညာ နိစ္စစိတ္တရယ် အတ္တသညာ အတ္တစိတ္တရယ်နော်....(မှန်ပါ)။

အဲဒါ အခုပြောခဲ့တယ်၊ နိစ္စသညာ-နိစ္စစိတ္တ သဘောကျပလား....(ကျပါပြီ) နိစ္စသညာရယ်....(နိစ္စစိတ္တရယ်) သဘောကျပြီနော်....(မှန်ပါ)။

အေး.... တရားတွေကိုတဲ့ အားလုံး ပေါင်းလိုက်တဲ့အခါ ရှစ်ပါး ရပါတယ်၊အဲဒါ သောတာပတ္တိမဂ်ကို ရလို့ရှိယင် သူတို့ အမြစ်နဲ့တကွ ပြုတ်ပါတယ်....(မှန်ပါ)အမြစ်နဲ့တကွ ပြုတ်သော ကြောင့် ပဋိစ္စသမုပ္ပါဒ်ရှစ်မျိုး ပြုတ်ပါတယ်....(မှန်ပါ)။

ဘယ်နှစ်မျိုးပြုတ်သလဲ-(ပဋိစ္စသမုပ္ပါဒ်ရှစ်မျိုးပြုတ်ပါတယ်) ပဋိစ္စသမုပ္ပါဒ်သည်ကားလို့ ဆိုယင်ဖြင့် အရှုးရှစ်မျိုး ပျောက် သောကြောင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်ဆယ်မျိုးပျောက် တယ်....(မှန်ပါဘုရား)။

အရှုးရှစ်မျိုး ပျောက်ယင်....(ပဋိစ္စသမုပ္ပါဒ်ဆယ်မျိုးပျောက် ပါတယ်) သေသေချာချာ မှတ်ပါ၊ ဒီဥစ္စာ မလွယ်လို့နော်.... (မှန်ပါ)။

နိစ္စသညာ-နိစ္စစိတ္တနော်....(မှန်ပါ) အတ္တသညာ-အတ္တစိတ္တ၊ ဒီလေးခုရယ် ပြီးတော့မှ ဒိဋ္ဌိလေးမျိုးရယ် ရှစ်ခု မနေဘူးလား.... (ရှစ်ခုပါ)အဲဒီ့ရှစ်ခု သောတာပတ္တိမဂ်ရမှ အရှုးရှစ်မျိုးပျောက် တယ်....(မှန်ပါ) အရှုးရှစ်မျိုးပျောက်မှ ပဋိစ္စသမုပ္ပါဒ်ဆယ်မျိုး ပျောက်တယ်....(မှန်ပါ)။

ဒါ သေသေချာချာ မှတ်ပါ၊ ဒီဥစ္စာခဲ့ရဦးမှာ....( မှန်ပါ ဘုရား) အရှုးရှစ်မျိုးပျောက်မှ-(ပဋိစ္စသမုပ္ပါဒ်ဆယ်မျိုး ပျောက် ပါတယ်) ဆယ်မျိုးပျောက်တယ်....(မှန်ပါ)။

အပါယ်လေးပါးသွားတဲ့ ပဋိစ္စသမုပ္ပါဒ်က လေးမျိုး၊မရောက် ကောင်းတဲ့ ခြောက်ဌာနပို့တဲ့ ပဋိစ္စသမုပ္ပါဒ်က ခြောက်မျိုး၊အဲ- ခြောက်မျိုးနဲ့ လေးမျိုးနဲ့ ပေါင်းတော့-(ဆယ်မျိုးပါဘုရား)။

အဲ....အရှုးရှစ်မျိုး ပျောက်ယင် ဆယ်ခုသော ပဋိစ္စသမုပ္ပါဒ် ပျောက်ပါတယ်....(မှန်ပါ) အရှုးရှစ်မျိုး မပျောက်လို့ ရှိယင် အမြဲတမ်း ကျန်နေတယ် အောက်မေ့ပါ....(မှန်ပါ) ကျောင်း တကာလဲ ကျန်တယ်၊ ဘုရားတကာလဲ ကျန်တယ် မဟုတ်ဘူးလား (မှန်ပါ)။

ကျောင်းတကာလဲ....(ကျန်ပါတယ်ဘုရား)ဘုရားတကာလဲ-(ကျန်ပါတယ်)ဘာဖြစ်လို့ ကျန်သတုံး၊ အရှုးရှစ်မျိုးမပျောက်လို့....(မှန်ပါ)။

အရှုးရှစ်မျိုးမပျောက်တော့ ဆယ်မျိုးသော ပဋိစ္စသမုပ္ပါဒ်က (ကျန်ပါတယ်) အပါယ်သွားတဲ့ လေးမျိုး၊ မဖြစ်ကောင်းတဲ့ ခြောက်ဌာနဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကလဲ ခြောက်မျိုး....(မှန်ပါ) ဘယ်နှစ်မျိုးကျန်သလဲ....(ဆယ်မျိုးကျန်ပါတယ်)။

အဲဒါ ဒီဆယ်မျိုး ဘယ်ကလာသတုံး....(အရှုးရှစ်မျိုးကလာပါတယ်) ရှင်းပလား....(ရှင်းပါပြီ) အရှုးရှစ်မျိုး ဘယ်က လာပါသတုံးလို့ မေးတဲ့အခါကျတော့ နှလုံးသွင်းမှားက လာတယ် (မှန်ပါ)ဒါ အကြောင်းအကျိုး ဆက်မိပါပြီ....(မှန်ပါဘုရား)။

ဆယ်မျိုးသော ပဋိစ္စသမုပ္ပါဒ် ဘယ်က လာသတုံး....(အရှုးရှစ်မျိုးက လာပါတယ်) အရှုးရှစ်မျိုးက လာတယ်၊ သဘောကျပြီနော်....(မှန်ပါ) အရှုးရှစ်မျိုး ဘယ်က လာပါလိမ့်မတုံး....(နှလုံးသွင်းမှားက လာပါတယ်)။

ဒါဖြင့် ဘုရား—နှလုံးသွင်း မှားလိုက်တယ် ဆိုကတည်းက အပါယ်လေးပါးဟာ ငါ့ပစ္စည်း....(မှန်ပါ)ရိစရိရလုပ်ထားတယ် (မှန်ပါ)။

အပါယ်လေးပါးဟာ....(ငါ့ပစ္စည်း) ငါ့ပစ္စည်းလို့ ရိစစ္စရိ လုပ်ထားယင် ဦးသံဒိုင် မှန်တယ်....( မှန်ပါ့ ) မမှန်ဘူးလား.... (မှန်ပါတယ်) ဒီ မဖြစ်ကောင်းတဲ့ ခြောက်ဌာနတွေ ဆိုတာတွေ လဲ ငါ့နေရာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

နှလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်၏....(နေရာပါ) နေရာဘဲဆိုတော့ ဒါဖြင့် နှလုံးသွင်းမှားတလုံးသည် မည်မျှလောက် အရုပ်ဆိုးတယ် မည်မျှလောက် အကျည်းတန်တယ်ဆိုတာဖြင့် ပြောစရာ မရှိ ဘူး....(မရှိပါဘုရား) ရှိသေးရဲ့လား....(မရှိပါ ဘုရား) သိပ် ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီတရားပွဲမှာ လက်သည်ရှာလိုက်တော့ ဘာအရေး ကြီးပါလိမ့်....(နှလုံးသွင်းမှားဟာ အရေးကြီးပါတယ်) နှလုံး သွင်းမှားဟာ အပြစ်အကြီးဆုံး သင့်တယ်....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီ)။

ကဲ....ကဲ....ဒါဖြင့် နှလုံးသွင်းမှန် လိုက်ကြပါစို့ဆိုတော့ ဒိဋ္ဌိ လေးမျိုးလဲ ပယ်လိုက်ပြီ....(မှန်ပါ့)သဘောကျပလား....(ကျပါ ပြီ)နိစ္စသညာ-နိစ္စစိတ္တကိုလဲ ပယ်လိုက်ပါပြီ၊ အတ္တသညာနဲ့ အတ္တ စိတ္တလဲ ပယ်လိုက်ပါပြီ ဦးသံဒိုင်ရဲ့ ရှစ်မျိုးသွားပြီ....( မှန်ပါ့ ) ရှစ်မျိုး သွားတယ်ဆိုကတည်းက အရှုးရှစ်မျိုး ပျောက်ပါတယ်- (မှန်ပါ့) အရှုးရှစ်မျိုး ပျောက်လို့ရှိယင် ဆယ်မျိုးသော ပဋိစ္စ သမုပ္ပါဒ်လဲ ပြတ်ပါတယ်....(ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် နှလုံးသွင်းမှန်သည် လက်သည် အရင်းအကျဆုံး.... (အရင်းအကျဆုံးပါ) ပေါ်ပလား(ပေါ်ပါပြီ) နှလုံးသွင်းမှန် သည်....(လက်သည်အရင်းအကျဆုံးပါဘုရား)။

လက်သည် အရင်းအကျဆုံးဘဲဆိုတာ နှလုံးသွင်းမှန်ဆိုတာ သည်တကာတကာမတို့ ဘယ်လိုမှအမှန် ရောက်နိုင်သတုံးဆိုတော့ ခန္ဓာက ပြောတာကို ခန္ဓာကတော့ သူအနိစ္စရှိလို့ အနိစ္စဘဲပြောတယ်....(မှန်ပါ့) ဒုက္ခဘဲရှိလို့....(ဒုက္ခဘဲပြောပါတယ်) အနတ္တဘဲရှိလို့....(အနတ္တဘဲပြောပါတယ်) အသုဘရှိလို့....(အသုဘဘဲပြောပါတယ်)။

ဒါဖြင့် သူပြောတာနဲ့ ကိုယ့်ဉာဏ်နဲ့ ကိုက်လို့ရှိယင်ဖြင့် ကိုယ့်နှလုံးသွင်းနဲ့ ကိုက်လို့ရှိယင်ဖြင့် နှလုံးသွင်းမှန်ပြီအောက်မေ့ပါ....(မှန်ပါ့)။

သူကတော့ ဒီလေးမျိုးမှတပါး ဦးသံဒိုင် အခြားဘာမှမပြောဘူး....(မှန်ပါ့) အနိစ္စက အနိစ္စဘဲပြောမယ်။ ဒုက္ခကလဲ....(ဒုက္ခဘဲ ပြောပါမယ်)အနတ္တကလဲ....(အနတ္တဘဲပြောပါမယ်)အသုဘကလဲ....(အသုဘဘဲ ပြောပါတယ်)။

သူတို့ အပြောကကော့ဖြင့် ခင်ဗျားတို့က မနိုးဆော်ရပါဘူး သူတို့ရှိတာ သူတို့ပြောတာပါဘဲ....(မှန်ပါ့)ခင်ဗျားတို့က သူတို့ပြောတာကို ပြောင်းပြန်-ပြန်ယူယင် ဝိပ္ပလ္လာသဘဲ၊ ဟုတ်လား-(မှန်ပါ့)။

ပြောင်းပြန်ယူယင်....(ဝိပ္ပလ္လာသပါဘုရား) ပြောင်းပြန်ယူလို့ရှိယင် ဝိပ္ပလ္လာသ၊ သဘောကျပလား....(ကျပါပြီ)။

ဟာ....ပြောင်းပြန် မယူပါဘုရား၊ သူတို့ပြောတာကို တပည့်တော်တို့ အမှန်ယူမယ်ဆိုလို့ရှိယင်ဖြင့် ဒါ နှလုံးသွင်းမှန်ဘဲ....(မှန်ပါ့)။

ဒါကြောင့် နှလုံးသွင်းမှား နှလုံးသွင်းမှန်ဆိုတာ နှစ်ချက်ရှိပါတယ်.... (မှန်ပါ့ဘုရား) သဘောပါကြလား.... (ပါပါပြီ)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမတုံး.... (နှလုံးသွင်း မှန်အောင်လုပ်ရပါမယ်ဘုရား)။

နှလုံးသွင်းမှန် ဆိုတာကလဲ ကိုယ့်ဒီဂရီနဲ့ကိုယ် ထိုးကြည့်ပါ.... (မှန်ပါ့) နှလုံးသွင်း မှန်တယ် မှားတယ်ဆိုတာ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ချက်ချ.... (မှန်ပါ့)။

ခန္ဓာကိုယ်ရှိတာက အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်၊ အသုဘရယ် ရှိပါတယ်.... (မှန်ပါ့) ဒုက္ခသစ္စာလဲရှိပါတယ်.... (မှန်ပါ့) အဲဒီ သူ့ပြောတာနဲ့ ကိုယ့်နှလုံးသွင်းနဲ့ တည့်သွားလို့ရှိယင် ဖြင့် ဒါနှလုံးသွင်းမှန်တာဘဲ.... (မှန်ပါ့) သူပြောတာကတော့ ဒါကိုပြောတယ်၊ ကိုယ်က ပြောင်းပြန်ယူနေတယ်ဆိုတော့ ဒါ-ခက်ပြီ၊ မခက်ပေဘူးလား.... (ခက်ပါတယ်ဘုရား)။

ဘယ်လိုခက်သတုံး ဆိုလို့ရှိရင် ခင်ဗျားတို့ ပြောနေကြတာ ကြောင့်.... သေနေပေမဲ့ လှလိုက်တာ.... (မှန်ပါ့) ဒီလိုပြောတဲ့ လူက ရှိသေးတယ်.... (ရှိပါတယ်ဘုရား)။

သေတော့ သေနေတာဘဲတဲ့၊ သေပေမဲ့ သူ့အလောင်းက လှလိုက်တာ.... (မှန်ပါ့)။

ဘာဖြစ်နေတာတုံးမေးယင် ဘယ့်နှယ်ဖြေကြမယ်.... (နှလုံးသွင်း မှားတာပါ ဘုရား ) အသုဘကို သုဘထင်နေတာ.... (မှန်ပါ့)။

အသေလာင်းကြည့်ရတာ လှလိုက်တာ၊ သေပုံတောင်မရသေးဘူး.... (မှန်ပါ့) ခင်ဗျားတို့ကလဲ ဒါနဲ့ ညှော်ခံနေတော့အတော်ခံယဉ်းတယ်.... (မှန်ပါ့) မခံယဉ်းဘူးလား.... (ခံယဉ်းပါတယ်ဘုရား)။

ဒီလိုမှ ညှော်မခံလို့ရှိယင်လဲ မသာရှင်က မကြိုက်ပေဘူး.... (မှန်ပါ့ဘုရား) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်)။

တချို့ကလဲ မသာရှင်ကို လောကွတ်ချော်ဟာတမျိုး၊ ကိုယ့်ကိုယ်တိုင် ခင်လို့ဖြစ်လာတာက တမျိုး.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီတော့ ဝိပ္ပလ္လာသဆိုတာမျိုးဟာ ဝိပ္ပလ္လာသ ပျောက်ဘို့ဟာကလဲ၊ ခန္ဓာကအပြောနဲ့ နှလုံးသွင်းမှန်နဲ့ တည့်သွားမှသာလျှင် ဒါ....ဝိပ္ပလ္လာသ ပျောက်မှာ.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

အဲဒီတော့ကို ယနေ့ညမှာ သေသေချာချာမှတ်ဘို့ရာကအလုပ်ခွင်မဝင်တဲ့ပုဂ္ဂိုလ် ဝိပ္ပလ္လာသ မပျောက်... (မှန်ပါ့ဘုရား)။

အလုပ်ခွင် မဝင်တဲ့ပုဂ္ဂိုလ်....(ဝိပ္ပလ္လာသ မပျောက်ပါဘုရား) ဝိပ္ပလ္လာသ ဘယ်နည်းနဲ့မှ မပျောက်ဘူး....(မှန်ပါ့ဘုရား)။

အလုပ်ခွင်နဲ့ ခန္ဓာကိုယ်အလုပ်ခွင်ခန္ဓာကိုယ် ကြည့်တဲ့ဉာဏ်နဲ့ နှလုံးသွင်းမှန်မှန်နဲ့ ကြည့်လိုက်ပြီ၊ နှလုံးသွင်း မှန်မှန်ထားပြီးသမ္မာဒိဋ္ဌိနဲ့ ကြည့်လိုက်ပြီဆိုတော့မှ ခန္ဓာက ဖျတ်ဖျတ်- ဖျတ်ဖျတ်နဲ့ ဝေဒနာကလေးတွေက ဟိုနေရာက ပေါ်လိုက် ပျောက်လိုက်၊ စိတ်ကလေးတွေက ဒီနေရာကပေါ်လိုက် ပျောက်လိုက်

ဒီနေရာကပေါ်လိုက် ပျောက်လိုက်၊ ကြောင်.... အကုန်သည်ကား လို့ဆိုယင်ဖြင့် အနိစ္စတရား၊ ဒုက္ခတရား ခဏခဏသေနေတဲ့ အား မကိုးလောက်တဲ့ အနတ္တတရား ခဏခဏသေနေတဲ့အသုဘတရား ကလေး.... (မှန်ပါ့) ခဏခဏ သေနေတာကိုး.... (မှန်ပါ့)။

ခဏခဏသေတာ ဘာခေါ်ကြမယ်.... (အသုဘပါ ဘုရား) သေတာဟာ အသုဘဘဲ.... (မှန်ပါ့)။

ခင်ဗျားတို့ ပုပ်ရိနေတာမှ အသုဘမဟုတ်ဘူး....(မှန်ပါ့)ခဏ ခဏ ကိုယ့်ခန္ဓာထဲက သေပြနေတာလဲဘာခေါ်ကြမယ်....(အသု ဘပါဘုရား) အသုဘဘဲ ဆိုတာကော သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် နှလုံးသွင်းမှန်တဲ့ပုဂ္ဂိုလ်ကျတော့ ဒီဖြစ်ပျက်ကလေး တလုံးကိုပင်လျှင် အနိစ္စဆိုတာသူဘဲ.... (မှန်ပါ့) ဒုက္ခဆိုတာ.... (သူပါဘဲ) အနတ္တဆိုတာ(သူပါဘဲ)အသုဘဆိုတာ(သူပါဘဲ)။

အဲဒီဖြစ်ပျက်မြင်လို့ မှန်မှန်မြင်နေတဲ့ပုဂ္ဂိုလ် ဆိုလို့ရှိယင်ဖြင့် ဒီတကာတကာမတွေ့မှတ်ပါတဲ့ ဝိပ္ပလ္လာသ မပယ်နိုင်သေးဘူး သော်လဲ ပယ်တော့ဖြင့် မပယ်သေးဘူး၊ မပယ် သေးပေမဲ့ အရှူးတော့ ပျောက်စပြုပြီ.... (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ)။

ဘာတုံး.... (အရှူး ပျောက်စပြုပါပြီ ဘုရား) အရှူးတော့ ပျောက်စပြုပြီ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အရှူး ပျောက်စပြုတယ်ဆိုတော့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ဒီလူ့အတွက်အာရုံတက်ပြီပေါ့.... (မှန်ပါ့)သဘော ကျပလား.... (ကျပါပြီ)။

ဒီလို့အတွက် ဘာတဲ့.... (အာရုံတက်ပါပြီဘုရား) ဒါ-ပွား ကြည့်မှ လာတာနော်.... (မှန်ပါ့) ပွားမကြည့်တဲ့ ပုဂ္ဂိုလ်ဖြင့်.... (မလာပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့က ဘုရားတွေတွေ့ဆုတောင်း ဝဋ္ဋဘဝ တိုတိုနဲ့ မဂ်ဖိုလ်နိဗ္ဗာန် ရ-ရပါလို၏၊ ဟုတ်လား.... (မှန်ပါ့)။

မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ ဒါပယ်ပြီးမှ ရရမှာ.... (မှန်ပါ့)ဒါ-မပယ်ခဲ့သေးယင်....(မရပါဘုရား) ရကို- မရနိုင်ဘူးဆိုတာသဘော ပဲပါလား.... (ပါပါပြီ)။

အဲဒီတော့ ရော့....အင့်.... ပေးလို့ရတဲ့ပစ္စည်း မဟုတ်ဘူး.... (မဟုတ်ပါဘုရား) ကိုယ့်ဟာကိုယ်နှလုံးသွင်းမှန်မှန်နဲ့ကြည့်ပြီးမှ ပယ်တဲ့တရားကလာမှာ.... (မှန်ပါ့ဘုရား) နှလုံးသွင်း မှန်မှန်နဲ့ မကြည့်ရသေးယင်.... (မလာသေးပါဘုရား) မရသေးပါဘူး။

အဲဒီတော့ စာလဲရေးပြီး ဖတ်ပြီးသကာလ ဒီခန္ဓာကိုယ်ကြီး ဟာ အနိစ္စဘဲ၊ ဒုက္ခဘဲ၊ အနတ္တဘဲ၊ အသုဘာဘဲဆိုပြီး ပြောပြော.... စာကရေးတော့လဲ ဒီခန္ဓာကိုယ်ဟာ ဒါပါဘဲလို့မှတ်ရုံနဲ့တော့ မရဘူး.... (မှန်ပါ့) ရပါ့မလား.... (မရပါဘုရား)။

ခန္ဓာကကိုက တကယ်ပြောပါမှ နှလုံးသွင်းကလဲ တကယ်မှန် ပါမှ....(မှန်ပါ့) ခန္ဓာကပြောတာတခြား နှလုံးသွင်းမှားနဲ့ကြည့် တာကတမျိုးဆိုယင် မရဘူး.... (မရပါဘုရား)။

ခန္ဓာကလဲ အမှန်ပြော....(မှန်ပါ့) ရှင်းပြီ.... (မှန်ပါ့)နှလုံး သွင်းကလဲ အမှန်တည့်မှ ဒီနှစ်ခုဟာ ချိန်ကိုက်ဘို့ အရေးကြီး ပါတယ်....(မှန်ပါ့)။

ခန္ဓာက အမှန်ပြောဘိုရယ်.... (နှလုံးသွင်းက အမှန်တည့်ဘို ရယ်) နှလုံးသွင်းက အမှန်တည့်ဘိုရယ်.... (မှန်ပါ့) အဲဒီတော့ ခင်ဗျားတို့ ခုနင်က မသာလှတယ် ဆိုတဲ့ ပုဂ္ဂိုလ်မျိုးနဲ့တော့ ခက်တယ်.... (မှန်ပါ့) မခက်ဘူးလား.... (ခက်ပါတယ်ဘုရား)။

ငပိဟာ ပုပ်နေတာဘဲ၊ အို....ဒီငပိ တယ်ကောင်းပါလား.... ပြောချင်ပြောနေတာ....(မှန်ပါ့)ငပိဆိုတာက အပုပ်ဘဲ(မှန်ပါ့) နဂိုကိုက ဘာတုံး.... (အပုပ်ပါဘုရား) အဲဒါ ဘယ့်နှယ်ပြော ကြသတုံး.... (ကောင်းတယ်လို့ ပြောပါတယ်ဘုရား)။

ဒီငပိတယ်ကောင်းပါလားဆိုတဲ့ အသွားတွေက သိပ်များ တယ်.... (များပါတယ်) မများဘူးလား.... ( များပါတယ် ဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ ဝိပ္ပလ္လာသကလဲ တော်တော်ခဲယဉ်း တယ်၊ ဘယ်လောက်ထိအောင် ရူးသတုံး....ဆိုလို့ရှိယင် ကိုယ့် သား သမီး ကလေးတွေ ကိုယ်ကြည့်နေလို့ရှိယင်ဖြင့် ကြာရှည် ကြည့်လေ ချောတယ်၊ မွေ့တယ်....လို့ ဖြစ်-ဖြစ်လာတယ်.... (မှန်ပါ)။

အင်း.... မကြည့်ဘဲနေယင် ဒါလောက်မဆိုးဘူး....(မှန်ပါ့) တာရှည်ကြည့်လေလေ.... (ဆိုးပါတယ်ဘုရား) ချောတယ်,မွေ့ တယ်, လှတယ်လို့ဆိုတာ ဖြစ်မလာဘူးလား.... (ဖြစ်လာပါ တယ်ဘုရား)။

အဲဒီတော့ ဘာတုံး....လို့ မေးတဲ့အခါကျတော့ ဝိပ္ပလ္လာသ တိုးတိုးလာတာ.... (မှန်ပါ့ဘုရား) လျော့သွားတာလား....တိုး လာသလား.... (တိုးလာပါတယ်ဘုရား)။

တိုးလာတာတဲ့။ ခင်ဗျားတို့ ပြောတာဘဲ နိုးစပ်တော့ ခင်လာတယ်....(မှန်ပါဘုရား)။

နဂိုတုန်းက ကျုပ်ဒါလောက်မခင်ပါဘူး....(မှန်ပါ) အရုပ်ဆိုးကလေးဘဲ....၊အကျည်းတန်ကလေးဘဲ၊အခုတော့ဒီလို မဟုတ်ဘူး၊ ကျုပ်စိတ်ထဲမှာ ခင်လာတယ်။ အင်း.... ဘာတိုး တာတုံး (ဝိပ္ပလ္လာသတိုးတာပါ) ပေါ်ပလား....(ပေါ်ပါပြီ) ဝိပ္ပလ္လာသ တိုးလာတာ။

တကာ တကာမတို့ ဘာဖြစ်တာတုံး....(ဝိပ္ပလ္လာသ တိုးလာတာပါဘုရား)။

ဝိပ္ပလ္လာသဆိုတာ အရူးနော်.... (မှန်ပါ) အင်း....အရူးတိုးလာတယ်....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘာတိုးတာတုံး....(အရူးတိုးတာပါ) ကိုယ့်သား သမီးကလေးတွေကြည့်လိုက်။ အင်း...ဘယ်သူ့သားသမီးက ချောတယ် လှတယ် လိမ်မာ ယဉ်ကျေးတယ်ဆိုတာ ကိုယ့်သား သမီးတော့ မမှီသေးပါဘူး၊ဆိုပြီးသကာလ မောင်သစ်ရေ လာပြန်တာဘဲ....(မှန်ပါဘုရား)။

ဘာဖြစ် လာပြန်သတုံးလို့ မေးယင် ဘယ့်နှယ်ဖြေမယ်....(အရူးတိုးလာတာပါဘုရား) အရူးတိုးလာတာ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာလဲဝိပ္ပလ္လာသပယ်ဘို့ဝေးစွ၊ဝိပ္ပလ္လာသ တိုးနေတယ်.... ( မှန်ပါ ) မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

ဝိပ္ပလ္လာသ ပယ်ရမည့် အလုပ်ကို ခင်ဗျားတို့မှာ တိုးနေတယ်ဆိုတော့ အရိုးသာရင့်တယ်၊ဉာဏ်မပွင့်ဘူးဆိုတာပေါ်လာတယ်.....(ပေါ်လာပါတယ်) အရိုးတော့ ရင့်သွားတာဘဲ.... (မှန်ပါ) ဉာဏ်ကတော့မပွင့်လာဘူး...(မှန်ပါဘုရား)အတော်ဆိုး ပါလား (ဆိုးပါတယ်ဘုရား)မဆိုးဘူးလား.... (ဆိုးပါတယ်ဘုရား)။

အဲဒါ ဘာတုံးလို့ဆိုတော့ နှလုံးသွင်းမှားနေလို့.... (မှန်ပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဘယ်ဟာ ကြောက်စရာ အကောင်းဆုံးလဲ....(နှလုံးသွင်းမှားဟာ ကြောက်စရာအကောင်းဆုံးပါဘုရား)။

ဒါဖြင့် နှလုံးသွင်းမှားသည်ကား ဆိုယင် ကြောက် စရာ အကောင်းဆုံးဘဲဆိုတော့ ခင်ဗျားတို့ အလုပ်-လုပ်တော့မယ်ဆိုတော့ မျက်လုံးနဲ့မလုပ်နဲ့၊ မျက်လုံးနဲ့လုပ်ယင် နှလုံးသွင်းမှားလိမ့်မယ်....(မှန်ပါ)။

မနေ့သထဲက တခါတည်း မျက်လုံးမှိတ်ပြီးမနေ့သဆဲက ကိုယ့်ခန္ဓာကိုစိုက်ပါ....(မှန်လှပါဘုရား) စိုက်တော့ အဆင်းလဲ မမြင်ဘူး၊အသံလဲမကြားဘူး၊ မဟုတ်ဘူးလား....(မှန်ပါ)။

အဲ-ခန္ဓာထဲကနေပြီးသကာလ တခါတည်း ကိုယ့်ခန္ဓာထဲမှာ ပေါ်လာတဲ့ တရား၏ပျက်မှုကိုသူဂရုစိုက်လာတယ်.... (မှန်ပါ)။

ပေါ်လာတဲ့ တရားကလေးတွေသည် ပျက်ပျက်-ပျက်ပျက်ပြီး သကာလ သွားတာမြင်လိုက်တော့ကို- ဉာဏ်နဲ့မြင်မှနော်.... (မှန်ပါ) အဲဒီကဲ့သို့ ဉာဏ်နဲ့ မြင်လိုက်တဲ့ အခါကျတော့ ဩော်.... ဘယ်ချောတာရှိမလဲ၊ အာကာသမှတ်ထားတာဘဲ၊ ဟုတ်လား.... (မှန်ပါ)။

ချောတာ မရှိပါဘူး၊ ပျက်နေတာသာကြည့်ပါ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ချမ်းသာတာမရှိပါဘူး၊ ပျက်နေတာချည်းဘဲ....(မှန်ပါ့) အားကိုးစရာမရှိပါဘူး.... (ပျက်နေတာချည်းဘဲ) သေနေတာသာရှိပါတယ်၊ တင့်တယ်တာ.... (မရှိပါဘုရား)။

ဒါက မနေ့ပေါက်နဲ့- တပေါက်ထဲကနေပြီး ခင်ဗျားတို့ကြည့်လိုက်လို့ရှိယင်တော့ဖြင့် ဒီဝိပဿနာဟာတော်တော်အရှူးပျောက်တာဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒါကြောင့် ဝိပဿနာအလုပ်သည် မနေ့ပေါက်က နေပြီး မျက်လုံးမှိတ်ပြီး ခန္ဓာကိုကြည့်ပါ....(မှန်ပါ့)။

ဘာဖြစ်လို့ ဆရာဘုန်းကြီးက အကြည့်ခိုင်း သတုံး- ဘုရားဘယ့်နှယ်ကြောင့် အကြည့်ခိုင်းသတုံး.... မေးတဲ့အခါကျတော့ အရူးပျောက်အောင် ရှေးဦးစွာ အကြည့်ခိုင်းတာ.... (မှန်ပါ့)။

ဘာတုံး....အရူးပျောက်အောင်အကြည့်ခိုင်းတာပါဘုရား)။

အရူးပျောက်အောင် အကြည့်ခိုင်းတယ်ဆိုတော့ နှလုံးသွင်းမှန်အောင်လို့ အကြည့်ခိုင်းတာ.... (မှန်ပါ့) နှလုံးသွင်း မှန်မှသာလျှင် တဏှာ တဏှာမတို့ ပယ်မှုရမယ်.... (မှန်ပါ့) နှလုံးသွင်းမှ မမှန်သေးယင်....(ပယ်မှုမရပါဘုရား)။

ပယ်မှုမရနိုင်လို့ရှိယင်ဖြင့် ခုနင်ကရှစ်မျိုးဟာလာနေမှာဘဲ.... (လာနေမှာပါဘဲ) မလာပေဘူးလား.... (လာပါတယ်ဘုရား)။

ရှစ်မျိုးလာယင် ဆယ်မျိုး ပဋိစ္စသမုပ္ပါဒ်နဲ့ ခုနင်က ဆယ်ဌာနတော့ ကျုပ်တို့ မသွားချင်ပါဘူးဆိုလို့ မရဘူး.... (မရပါဘုရား)။

ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား)။

ဒါဖြင့် နှလုံးသွင်းမှန်မှုကို-မနောပေါက်က နေပြီး ခန္ဓာကြည့်ပါ....(မှန်ပါ့ဘုရား)။

နှလုံးသွင်းမှန်မှုကို.... (မနောပေါက်ကနေပြီး ခန္ဓာ ကြည့်ရမှာပါဘုရား)။

မနောပေါက်ကနေပြီး ခန္ဓာ ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် မှတ်ပြီး သကာလ ဆရာသမား ပေးထားတဲ့ နည်းနဲ့ဟုတ်လား... (မှန်ပါ့) ကိုယ်က မနောပေါက်ကနေပြီး ကိုယ့်ခန္ဓာက အပြောနဲ့ ကိုက်လို့ ရှိယင်ဖြင့် ဒါသည် ဝိပ္ပလ္လာသကို ပယ်ပါပြီ ....(မှန်ပါ့ဘုရား)။

ဝိပ္ပလ္လာသကို ပယ်တော့- သူ့အရှုးတော့ ပျောက်ပြီ၊ သို့သော် အမြစ်နဲ့တကွပျောက်ပယောလို့ ဒီလိုလဲမဆိုနဲ့ဦး၊ အမြစ်နဲ့တကွပျောက်ဘို့ရာတော့ဖြင့် မဂ်ဆိုက်မှဘဲ.... (မှန်ပါ့) နို့မဟုတ်လို့ရှိယင် ဘယ်ဘော့မှ မပျောက်ဘူးဆိုတာသဘောပါပါလား ....(ပါပါပြီ)။

ဒါဖြင့် မဂ်ဆိုတာလဲ တကာ တကာမတို့ နိဗ္ဗာန်မြင်ပြီးမှ ပေါ်တာ....မှန်ပါ့ဘုရား) နိဗ္ဗာန်မလာသေးယင်.... (မပေါ်ပါဘုရား)။

မပေါ်သေးဘူး၊ ဘာ့ကြောင့်တုံး "နိဗ္ဗာနံ မဂ္ဂဿ၊ အာရမ္မဏ ပစ္စယေန ပစ္စယော" နိဗ္ဗာန်ပေါ်မှ မဂ်ပေါ်တာကိုး... (မှန်ပါ့) နိဗ္ဗာန်မပေါ်သေးယင်....(မဂ်မပေါ်ပါဘုရား)။

မဂ်မပေါ်သေးတော့-မဂ်မပေါ်သေးလဲ ဝိပ္ပလ္လာသ ရှစ်ပါး ကို မပယ်နိုင်ဘူး....(မှန်ပါ့) ပယ်နိုင်ပါ့မလား....(မပယ်နိုင်ပါ ဘုရား)။

မပယ်နိုင်သေးသ၍ ကာလပတ်လုံးလဲ ဘုန်းကြီးတို့ တကာ တကာမတွေမှာ နှလုံးသွင်း မမှန်သေးဘူး....(မှန်ပါ့) နှလုံးသွင်း မမှန်သ၍ ကာလပတ်လုံး အရှုံးဆယ့်နှစ်မျိုးဘဲ ရှိသေးတယ်.... (မှန်ပါ့) မရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

အရှုံးဆယ့်နှစ်မျိုးရှိလို့ရှိယင်ဖြင့် ခုနင်က ပြောခဲ့တဲ့ သုံးဆဲ့ တဘုံမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ် ဆယ့်နှစ်မျိုးဟာ ဘယ့်နှယ်နေ သတုံး....(မပြတ်နိုင်ပါဘုရား) အကုန်သွားနိုင်တယ်....(မှန်ပါ့)။

သုံးဆဲ့တဘုံမှာရှိတဲ့- ဘုံသုံးဆဲ့တစ်မှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ် ဟာ အကုန်မပြတ်ဘူး....(မှန်ပါ့) ပြတ်ပါ့မလား.... (မပြတ်ပါ ဘုရား)။

မပြတ်သေးလို့ရှိယင်ဖြင့်ခင်ဗျားတို့ ဒိုလမ်းတွေဟာ ဟိုလမ်း ချည်းဘဲမှတ်ပါ....(မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

ကဲ-ယနေ့ဒီတွင်တော်ပါဦး

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - တောင်မြို့ မဟ်လာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

## နိစ္စသညာကြောင့် ပပဉ္စတရားပေါ်လာပုံ

# ည အလုပ်ပေး တရားတော်

( ၁ - ၁၂ - ၆၁ )

— ၀ —

နိစ္စသညာကြောင့် မာနတက်တယ်လို့ အောက်မေ့ကြရမယ် နော်....၊ နိစ္စက= မြဲတာ၊ သညာက=မှတ်တာ၊ အဲဒီ မြဲတယ်လို့ ရုပ်နာမ်ဖြစ်စေ ရုပ်နာမ်မှတပါး အိမ်မှာရှိတဲ့ အိမ်ပစ္စည်း၊ တိုက် ပစ္စည်း၊ ကားပစ္စည်း၊ အဲဒီ ရုပ်တွေကို အကြောင်းရင်းခံပြီး သကာလ နာမ်ကို အကြောင်းရင်း ခံပြီးသကာလ နိစ္စ ထင် ပြီးတော့ မာနတက်တယ်။

ဒါဖြင့် သညာဝိပ္ပလ္လာသကြောင့် မာနဖြစ်တယ်လို့ မှတ် လိုက်စမ်းပါ....(မှန်ပါ) သညာဝိပ္ပလ္လာသကြောင့်....(မာန ဖြစ်ရ ပါတယ်ဘုရား)။

ဘယ်သညာတုံးလို့ မေးတဲ့အခါကျတော့မှ နိစ္စသညာလို့ မှတ်ပါ....(မှန်ပါ) နိစ္စသညာကြောင့် ဘာတက်လာသတုံး.... (မာနတက်လာပါတယ်ဘုရား)။

ဥပမာ—ကိုယ့်အိမ်-ကိုယ့်တိုက်ကလေး ဒီနေရာကို ကိုယ်ရွှေ့ လာတယ်ဆိုလို့ရှိယင်ဖြင့် ဟိုက စည်းကလေးချ၊ ဒီက ဝင်း ကလေးချလိုက်၊ ငါ့ ဘာမှတ်လို့တုံး- ဒီနေရာ အမြဲနေမလို့-

ဆိုတော့ မြဲတဲ့သညာကလေးတခု မြဲတဲ့ အမှတ်ကလေးတခုရှိလို့ ရှိယင် ဦးသံဒိုင် မာနလာတာဘဲ၊ ရိပ်မိကြပလား....(ရိပ်မိပါပြီ) မြဲတဲ့သညာရှိယင်....(မာနလာပါတယ် ဘုရား)မာန လာတယ် လို့ မှတ်ပါ။

ဩော်....မာန ဘယ်က လာပါလိမ့်မလဲတုံးလို့ အောက်မေ့ နေတယ်၊ လက်သည်အရင်း ရှာလိုက်တော့ နိစ္စသညာက လာ တာ....( မှန်ပါ့ဘုရား ) နိစ္စသညာ ဘယ်က လာသတုံးလို့ အကြောင်းတခါ ပြန်တွေးတော့မှ အယောနိသော မနသိကာရ က လာတာ....(မှန်ပါ့ဘုရား)။

ဒီနေ့ အကျိုး အကြောင်းဆက်ပုံ တမျိုးမှတ်ပါ....(မှန်ပါ့) မာန ဘယ်က လာသတုံး....(နိစ္စသညာကပါ)နိစ္စသညာက လာ တယ်လို့ မှတ်လိုက်စမ်းပါ၊ နိစ္စက=မြဲတာ၊သညာက=မှတ်တာ၊ ငါ ဒီမှာ အမြဲနေမလို့ဆိုပြီး တိုက်တာ အစရှိသည်တို့မှာလဲ ဝင်း ခြံရမလား၊ ခြံခြံရမလား ၊ဒီနားလာပြီး ကြော်ရမလား၊ လော်ရ မလားဆိုပြီးသကာလ ကိုယ့်နေရာကလေး ကိုယ်အမြဲမှတ်ပြီး သကာလ ရုပ်ဓမ္မ နာမ်ဓမ္မတွေကို အမြဲမှတ်ပြီးသကာလနေသော ကြောင့်....တဲ့ မာနလာတယ်၊ ဘယ့်နှယ်ကြောင့် အမြဲမှတ်နေမိ ပါလိမ့်မတုံးလို့ မေးတဲ့အခါ နှလုံးသွင်းမှားလို့·(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

မာန ဘယ်ကလာ.... (နိစ္စသညာက လာပါတယ်) နိစ္စ သညာက လာတယ်....(မှန်ပါ့)နိစ္စသညာ ဘယ်က လာသတုံး.... (နှလုံးသွင်းမှားက လာပါတယ်ဘုရား)။

ဒါဖြင့် နှလုံးသွင်းမှားတခု ဦးသံဒိုင် သိပ် ကြောက်စရာ ကောင်းတယ်....( ကောင်းပါတယ်ဘုရား ) သိပ်ကြောက်စရာ ကောင်းတယ်ဆိုတာ ယနေ့ည မှတ်ပါ၊ဒါက ပဏ္ဏာသအဋ္ဌကထာ မှာ လာတယ်လို့ မှတ်ထားရမယ်....( မှန်ပါ ) ပဏ္ဏာသအဋ္ဌ ကထာမှာ လာတယ်၊ ဒီသညာ သိပ်ဆိုးတယ်....(မှန်ပါ)။

ကိုင်း တကာ တကာမတွေ ကျုပ်က မဟုတ်မခံချင်ဘူး၊ ဒါ မာနဘဲ၊ မဟုတ်မခံချင်တာ ဘာဆိုကြမယ်....(မာနပါဘုရား) မာန ဘယ်က လာသတုံး(နှလုံးသွင်းမှားက လာပါတယ်ဘုရား) ဟင့်အင်....(နိစ္စသညာက လာပါတယ်)နိစ္စသညာက လာတယ်။

နိစ္စသညာက လာတယ်၊နိစ္စက=မြဲတာ၊ သညာက=မှတ်တာ၊ အဲဒီ နိစ္စသညာဟာ ဘယ်က လာသတုံးလို့ မေးလို့ရှိယင်ဖြင့် (နှလုံးသွင်းမှားက လာပါတယ်ဘုရား) နှလုံးသွင်းမှားက လာ တယ်.... (မှန်ပါ)။

ဒါဖြင့် နှလုံးသွင်းမှားသည် အကြောင်း၊ အကျိုးဆက်လိုက် တဲ့ အခါကျလို့ရှိယင်ဖြင့် မာနကို ဖြစ်စေတယ်၊ မာနဟာ ဘာ တရားတုံးလို့ မေးတော့ ပပဉ္စတရား....(မှန်ပါဘုရား)။

မာန ဘာတရားတုံး....(ပပဉ္စတရားပါ) ပပဉ္စတရားဆိုတာ ဟုတ်မှ ဟုတ်ကဲ့လားလို့ မေးတဲ့အခါကျတော့မှ မာနဟာတဲ့ တဏှာထဲကဘဲ၊ဒိဋ္ဌိဂတဝိပ္ပယုတ် မာနဘဲ၊ “မာနော်စတုသုဒိဋ္ဌိဂတ ဝိပ္ပယုတ္တေသု”လို့ ဆိုသောကြောင့် တဏှာနဲ့ တခါတည်း သဟ ဇာတဖြစ်တဲ့ သဘောရှိနေတယ်၊ အဲဒါကြောင့် သူ လောဘ ဘဲ....တဲ့။

အဲဒီ လောဘက လာတော့ ပပဉ္စ ဟုတ်-မဟုတ် ကြည့်လိုက်တဲ့အခါ မာနတဏှာ၊ မာနတဏှာကြောင့် ကိုယ့်ဟာကလေး ကိုယ်စွဲလမ်းတယ်၊စွဲလမ်းနေတဲ့ကာယကံ ဝစီကံနဲ့ဟိုပြော ဒီပြော ကျူးပ်ဝင်းချဲ့ရမလား၊ ကျူးပ်နေရာလာလုရမလား၊ ကျူးပ်ပြောထားတာ လာဖျက်ရမလား၊ မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒီတော့ ကာယကံ ဝစီကံတွေကော မလာဘူးလား....(လာပါတယ်ဘုရား)ကာယကံနဲ့ လက်သီးထိုးကာ ပြောလိုက်၊ဝစီကံနဲ့ ဆောင့်ကြီး အောင့်ကြီး ပြောလိုက်၊ မလာပေဘူးလား....(လာပါတယ်။

အဲဒီ လာတာသည်ကားလို့ဆိုယင် ပပဉ္စဘဲ၊ ချဲ့သလား-မချဲ့ဘူးလားဆိုတော့ ကာယကံ ဝစီကံဆိုတော့ ကမ္မဘဝဖြစ်သွားပြီ (မှန်ပါ)။

ကမ္မဘဝပစ္စယာ ဇာတိဆိုတော့ ဟိုဘက်သံသရာကြီး ရောက်သွားပြီ....(မှန်ပါ) ဟိုဘက်သံသရာကြီး မရောက်သေးဘူးလား-(ရောက်ပါပြီ)။

ဒါဖြင့် သံသရာ ဘယ်သူချဲ့သတုံးလို့ မေးလို့ရှိယင် မာန (မှန်ပါ) မာန ဘယ်က လာသတုံး....(ပပဉ္စက လာပါတယ်) ဟင့်အင်....နိစ္စသညာက လာတယ်....(မှန်ပါ နိစ္စသညာကဲ လာပါတယ်)။

မမေ့စေနဲ့၊ မေ့လို့ရှိယင် မရဘူး မင်းတို့....၊ မာန နိစ္စသညာက လာတယ်ဆိုတာ မှတ်ပါ-(မှန်ပါ)နိစ္စသညာ ဘယ်က

လာသတုံး....(နှလုံးသွင်းမှားက လာပါတယ်) နှလုံးသွင်းမှားက လာတယ်....(မှန်ပါ့)။

အံမာလေး....မင်းတို့ သူ့အကြောင်းနဲ့ သူ့အကျိုးနဲ့ဟာ ဘယ်တော့မှ မကင်းဘူးဆိုတာကို မှတ်ထားကြပါ....(မှန်ပါ့)။

ကဲ....ဒါဖြင့် နောက်ဘဝ ပဋိသန္ဓေ၊ အပါယ် ပဋိသန္ဓေဖြစ်ဖြစ် ဟုတ်လား....၊ သုဂတိပဋိသန္ဓေဖြစ်ဖြစ် ဘယ်က လာသတုံးလို့ မေးလို့ရှိယင် မာနက လာတယ်....(မှန်ပါ့) သဘောကျပလား....(မှန်ပါ့ဘုရား)။

ပပဉ္စတရားဖြစ်တဲ့ မာနက လာတယ်....(မှန်ပါ့)သံသရာကြီး ဘယ်သူ ချဲ့သတုံးဆို မာနကချဲ့တယ်၊မာနဟာ ဘယ်သူ့ကြောင့် ပေါ်လာသတုံး.... (နိစ္စသညာကြောင့် ပေါ်လာပါတယ်) နိစ္စသညာကြောင့် လာတယ်....(မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီ)။

နိစ္စသညာ ဘယ်က လာသတုံး....(နှလုံးသွင်းမှားက လာပါတယ်) နှလုံးသွင်းမှားက လာတယ်တဲ့။

ကဲ....ဆက်ကြဦးစို့၊ နှလုံးသွင်းမှား ဘယ်က လာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ မသိမှု အဝိဇ္ဇာက လာတယ်.... (မှန်ပါ့) ဒီလို ပြန်ဆက်ပါ....(မှန်ပါ့ဘုရား)။

ဒီလို အကျိုး အကြောင်း ဆက်လိုက်တဲ့ အခါကျတော့မှ ဘယ်ဟာကို ဝိပဿနာဉာဏ်နဲ့ ဖြတ်ရမတုံးဆိုတာ မောင်သစ် ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

နို့မဟုတ် ဝိပဿနာ ဖြတ်စရာကို မပါပါဘူး.... (မှန်ပါ့) အခုတော့ ဝိပဿနာဖြတ်စရာတွေ သူ့အမျိုးမျိုး ပြောတော့မယ် (မှန်ပါ့ဘုရား)။

ကဲ.... ပြန်ပြောပါဦး....တဲ့ ခင်ဗျားတို့အခု လူ့ဘဝကြီးရနေကြတယ်၊ သံသရာကျယ်လာခဲ့ကြတယ်၊ ဘယ်ဘဝကလာတယ်လို့တော့ မသိဘူးနော်.... (မှန်ပါ့)။

ဒီ လူ့ဘဝကြီးသည်ကားလို့ ဆိုယင်ဖြင့် သံသရာကျယ်လာတာဘဲ၊ ဒုက္ခသစ္စာကြီးနဲ့ အခုအတူတူနေရတယ်၊ မနေရဘူးလား (နေရပါတယ်ဘုရား) ဘယ်ကလှာသတုံး၊ မာနကလာတယ်.... (မှန်ပါ့) မာနကြောင့်ဖြစ်တယ်.... (မှန်ပါ့)။

ကုသိုလ် မာနယင်လဲ သူ့ဖြစ်ရမယ်၊အကုသိုလ် မာနယင်လဲ (ဖြစ်ရပါမယ်)။

ကုသိုလ်မာနကျတော့ အို....သူတို့ဟာ လှူနိုင်တယ်၊ ငါဘယ့်နှယ်ကြောင့် မလှူနိုင်ဘဲရှိရမတုံးဆိုပြန်တော့လဲ သုဂတိရောက်ချင်ရောက်သွားတာ.... (မှန်ပါ့) သဘောကျရဲ့လား.... (မှန်ပါ့) မာနကို အကုသိုလ်နေရာချည်း မယူနဲ့၊ ကုသိုလ်ဘက်ကတက်တဲ့ မာနတွေကလဲ ရှိသေးတယ်.... (မှန်ပါ့)။

သူက ပဒေသာပင် သီးလှူတယ်၊ ငါက သစ်ပင်ကြီးစိုက်ပြီး ပဒေသာပင် သီးလှူမယ်ဆိုတဲ့ ကုသိုလ်မျိုးကျတော့လဲ ဒုက္ခသစ္စာဘဲလာပြန်တာဘဲ.... (မှန်ပါ့) ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးမရဘူးလား.... (ရပါတယ်ဘုရား)။

ကဲ....ဆိုကြပါစို့၊ သုဂတိ ခန္ဓာကိုယ်ကြီး- (မှန်ပါ)သုဂတိ ခန္ဓာကိုယ်ကြီး ဘယ်ကလာပါလိမ့်မတုံး....တွေးပါ.... (မာနက လာပါတယ်ဘုရား) မာနဆိုတာ ပပဉ္စ၊ သံသရာရှည်တဲ့ မာနက လာတယ်.... (မှန်ပါ)။

အဲဒီမာန ဘယ်က လာသတုံး.... ( နိစ္စသညာက လာပါတယ်ဘုရား)။

နိစ္စသညာကလာတယ်၊ မြဲတယ်လို့ မှတ်ထားတဲ့ နေရာက လာတယ်၊ အဲဒါက အတိတ်ဘဝပေါ့နော်.... (မှန်ပါ)။

ဒီ နိစ္စသညာသည် ဘယ်ကလာသတုံးလို့ မေးပြန်တော့.... (နှလုံးသွင်းမှားက လာပါတယ်ဘုရား)။

ကဲ နှလုံးသွင်းမှားဘဲ၊နှလုံးသွင်းက မှားချင်လို့မှားရတာလား သိလို့မှားရတာလား၊ မသိလို့ မှားတာလား.... (မသိလို့မှားတာပါဘုရား)။

မသိလို့မှားတော့ ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာပြန်ရောက်တယ်- (မှန်ပါ အဝိဇ္ဇာပြန်ရောက်ပါတယ်) ရှင်းပလား.... (ရှင်းပါပြီ) ဩော်....ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာ မလုပ်လို့ရှိယင်ဖြင့် ခုနင်က ပပဉ္စက လုပ်ထားတဲ့ ဒုက္ခသစ္စာကြီးဟာ ရမှာဘဲ-(မှန်ပါ) မရပေဘူးလား.... (ရပါတယ်ဘုရား)။

ပပဉ္စ မာနက လုပ်ထားတဲ့ ဒုက္ခသစ္စာကြီး ဘယ့်နှယ်တုံး- (ရပါတယ်ဘုရား)။

ရချင်လို့ ရ·ရတာလားလို့ မေးတဲ့အခါကျတော့ ပပဉ္စ မာနကြောင့်.... (မှန်ပါဘုရား) ရှင်းပြီ.... (ရှင်းပါပြီဘုရား)။

ဒီ ပပဉ္စမာနကလဲ အလိုလိုလာတာလား ဆိုတော့ အို....နိစ္စ သညာ မပယ်နိုင်လို့ လာတာ....(မှန်ပါ့) ရှင်းပလား(ရှင်းပါပြီ) နိစ္စသညာကို မပယ်နိုင်လို့ လာပါတယ်)။

နိစ္စသညာကလဲ သူဘယ်က လာပြန်ပါလိမ့်- (နှလုံးသွင်း မှားကလာပါတယ်)။

နှလုံးသွင်းကလဲ မှားချင်လို့ မှားရတာလားဆိုတော့ ဆရာကောင်းသမားကောင်း၊ မကိုးကွယ် မဆည်းကပ် တရား မနာ၊ မနာတဲ့အခါကျလို့ ရှိယင်ဖြင့် ဒီဥစ္စာ နှလုံးသွင်းတဲ့ဥစ္စာ မှားနေတဲ့ဥစ္စာသည် မှန်အောင် တည့်ပေးမည့်လူတော့ မရှိတော့ ကို မသိမှား.... မှားနေတယ်— ( မှန်ပါ့ဘုရား )။

မသိတာ ဘယ်သူတုံး- (အဝိဇ္ဇာပါဘုရား) ဒါဖြင့် အဝိဇ္ဇာ ကြောင့် အယောနိသော မနသိကာရဖြစ်သည်-(မှန်ပါ့)အယော နိသော မနသိကာရကြောင့်နိစ္စသညာလို့မှတ်-(မှန်ပါ့) သဘော ကျပလား- (ကျပါပြီဘုရား)။

အဲဒီ အမှတ်မှားလို့ ပပဉ္စမာန ဖြစ်တယ်—(မှန်ပါ့)မာနဖြစ် သောကြောင့် သံသရာထဲမှာ အို- သေကိုကိုယ်ပိုင်ရတယ်-(မှန်ပါ့ ဘုရား) သဘောကျပလား- (ကျပါပြီ) တယ်လဲဆိုးပါကလား (ဆိုးပါတယ်ဘုရား)။

ဒါကို တော်တော် အရေးကြီးလို့ ဒီနေ့ ဒီဥစ္စာအကြောင်း အကျိုး ဒါလောက်ဆက်ပေးတာဘဲ.... (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားတို့ တသံသရာလုံးဟာ ဒီအတိုင်း လာခဲ့တယ် မှတ်လိုက်စမ်းပါ.... (မှန်ပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာပစ္စယာ အယောနိသော မနသိကာရ.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) အဝိဇ္ဇာကြောင့် အယောနိသော မနသိကာရ ဖြစ်တယ်၊ အယောနိသော မနသိကာရကြောင့် နိစ္စ သညာဖြစ်လာတယ်၊ နိစ္စသညာ ဖြစ်လာလို့ မာနဆိုတာပေါ် လာတယ်.... (မှန်ပါ) မာနဆိုတာ ပေါ်လာလို့ သံသရာရှည်ရ တယ်.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့်သံသရာ့လက်သည်တွေ့ပြီ....(တွေ့ပါပြီဘုရား)နောက် က တကာတကာမှတွေ့ ဒီအကြောင်းအကျိုးဆက်တာမျိုးဟာက ရှားတယ်နော်.... (မှန်ပါဘုရား)။

ခင်ဗျားတို့က ဒီတရားကို လွယ်လွယ်နားထောင်လို့ မရဘူး သူ့ဟာက (မှန်ပါ) အကြောင်းအကျိုး မဆက်တတ်လို့ရှိယင် လဲ သူဖြစ်ချင်လို့ ဖြစ်လာတာလို့ ခင်ဗျားတို့ ယူလိမ့်မယ်.... (မှန်ပါ)။

သူဖြစ်ချင်လို့ ဖြစ်လာတာလို့ ယူလို့ရှိယင် အဟေတုကဒိဋ္ဌိ ဘက် သွားပြန်တာဘဲ.... (မှန်ပါ) မသွားဘူးလား.... (သွားပါ တယ်ဘုရား)။

ကိုင်းဒါဖြင့် နေကြထိုင်ကြ သွားကြလာကြတဲ့ ပုဂ္ဂိုလ်တွေ ဟာ သီလတွေတော့ လုံကြပါတယ်ထားပါတော့ ဒီနေ့ရှစ်ပါး သီလယူထားတယ်၊ ငါးပါးသီလ ယူထားတယ်၊ ကဲ....ရှိပါစေ

တော့ လုံပါတယ်၊ လုံပင်လုံငြားသော်လဲ အခုပြောခဲ့တဲ့ ပပဉ္စ ကို သတ်နိုင်ပါ့မလား၊ ဘာမှမသတ်နိုင်ဘူး.... (မှန်ပါ့ဘုရား) တခြားစီဘဲ။

ဦးသံဒိုင် သတ်နိုင်ပါ့မလား....(မသတ်နိုင်ပါဘုရား)ဘာဆိုင် တာမှတ်လို့ သီလက "ပါဏာတိပါတာဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ...." သူ့ဟာသူ ဝေရမဏီ လုပ်နေတာ၊ သူ့ဟာမလွန် ကျူးယင် သီလလုံနေတာဘဲ.... (မှန်ပါ့ဘုရား)။

ဒါက သီလ လုံခြုံပြီးသားပုဂ္ဂိုလ်မှာဖြစ်တဲ့အသွား....(မှန်ပါ့ ဘုရား)။

ဘယ်လိုပါလိမ့်.... (သီလ လုံခြုံပြီးသား ပုဂ္ဂိုလ်မှာဖြစ်တဲ့ အသွားပါဘုရား)။

သီလ လုံခြုံပြီးသားပုဂ္ဂိုလ်မှာဖြစ်တဲ့အသွားဆိုတော့ ဒါကို တော့ သီလနဲ့မရ၊သမာဓိနဲ့မရ၊ပညာနဲ့မှရမယ်လို့ဆုံးဖြတ်ချက် ချပါ.... (မှန်ပါ့)။

သီလနဲ့လဲ....(မရပါဘုရား) သမာဓိနဲ့လဲ.... (မရပါဘုရား) မရဘူး၊ သမာဓိက ငါလိုသမာဓိရှိတာ ဖြစ်ကဲ့လားဆိုတာ လာ သေးတယ်.... (မှန်ပါ့ ဘုရား) မရဘူးတဲ့- သမာဓိလောက်နဲ့ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကြောင့် သမထသည် မနိုင်ဘူး၊ မနိုင်ဘူးဆိုတာ ပေါ် ပလား....(ပေါ်ပါပြီဘုရား)။

ငါလို အဘိညာဏ်ဝင်စားနိုင်တာမရှိဘူး၊ ငါလိုအဘိညာဏ် ရှိတဲ့ ပုဂ္ဂိုလ်မရှိဘူးဆိုတာ ရှင်အနုရုဒ္ဓါကြီးလိုဖြစ်နေတာ(မှန်ပါ့ ဘုရား)။

ရှင်အနုရုဒ္ဓါကြီး အထက်မင် အားထုတ်လို့မရတာ ငါလို အဘိညာဉ်ကြည့်နိုင်တဲ့ပုဂ္ဂိုလ် ဒီအထဲ ဘုရားတပည့်သားထဲမှာ ဘုရားကလွဲယင် ငါတယောက်ရှိတယ်လို့ မာနတက်နေတာနဲ့ မောင်သစ်နှယ် အထက်မင် အယက်ဖိုလ် မရဘူး-(မှန်ပါဘုရား) မာန ပပဥ္စက ကန့်ကွက်ထားလိုက်တယ်.... (မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်တုံး....လို့ မေးတို့ လိုပါတယ်.... တဲ့ သမထလောက်နဲ့ အဘိညာဉ်ဆိုတာက သမထနဲ့မှရတာ....(မှန်ပါဘုရား) အဲဒါကြောင့် သမထက ဒီမာနကို မပယ်နိုင်ဘူး ဆိုတာ ဆုံးဖြတ်ချက်ချ .... (မှန်ပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း-ခင်ဗျားတို့ ဒီအကျိုးအကြောင်း ဆက်ပုံဟာ အင်မတန် အရေးကြီးတယ် ဆိုတာကို မောင်သစ်တို့၊ ဦးသံဒိုင်တို့ သေသေချာချာ မှတ်ရမယ်....(မှန်ပါဘုရား)။

ဒီဟာ မဆက်တတ်လို့ရှိယင် ဘယ်ကလာတဲ့ အမြစ်မှန်း မသိဘူး၊ ဒီသစ်ပင် အဖျားဖြတ်လို့ရှိယင် အညွန့်သန်မှာဘဲ.... (မှန်ပါ) အရင်းဖြတ်လို့ ရှိယင်ဖြင့် နောက်မပေါက်မှာဘဲ.... (မှန်ပါဘုရား)။

အဖျားဖြတ်နဲ့ အရင်းဖြတ်သည် အဖျားဖြတ်မိလို့ ရှိယင် ဒိဋ္ဌိအယူ ..(မှန်ပါ) အရင်းဖြတ်လို့ရှိယင် သမ္မာဒိဋ္ဌိ....(မှန်ပါ) အဖျားဖြတ်ယင်မိစ္ဆာဒိဋ္ဌိ....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

တိတ္ထိတွေကျင့်တာကတော့ ရတဲ့ခန္ဓာကိုယ်ကြီးကို မီးလှုံတယ်၊ ရေချိုးတယ်၊ ကိလေသာ မထအောင်လို့ ဆိုတော့ အရင်းဖြတ်လား၊ အဖျားဖြတ်လား….(အဖျားဖြတ်ပါဘုရား)။

အဖျားဖြတ်နေတဲ့ အတွက်တဲ့ အရင်းကို မဖြတ်နိုင်တဲ့အတွက် ခန္ဓာဖြစ်ကြောင်းကို မဖြတ်နိုင်တဲ့အတွက် ခန္ဓာအပေါ်မှာသာ ညှဉ်းဆဲနေတယ်၊ ခန္ဓာဖြစ်ကြောင်း မဖြတ်နိုင်တဲ့အတွက် နောက်ခန္ဓာလာတာဘဲ….(မှန်ပါဘုရား)။

ဒါ့ကြောင့် သမထသည် ဤသာသနာ၌ မဂ်ဖိုလ်ရရေးအတွက် အသုံးမကျဘူး ဆိုတာလဲ ပေါ်သွားတယ်….( မှန်ပါဘုရား ) မပေါ်သေးဘူးလား…. (ပေါ်ပါပြီ)။

ကောင်းပြီဒါဖြင့် ခင်ဗျားတို့ အရင်းကျအောင် မရှာတတ်တဲ့ ဆရာသမားနဲ့ တွေ့နေလို့ ရှိယင်ဖြင့် ခင်ဗျားတို့လဲတိတ္ထိဖြတ်-ဖြတ်နေဦးမှာဘဲ….(မှန်ပါဘုရား)။

ကျုပ်တော့ မာနလျှော့ပါပြီဗျာ၊ မာနအကြောင်းတော့ ကောင်းကောင်း သိပြီ၊ ရုံးပြင် ကန္တာ၊ အင်မတန် ရောက်ရတယ်၊ ဒါလောက်နဲ့ သူရပ်ထားတယ် …. (မှန်ပါ) ဟာ-မာနဘယ်က လာမှန်းမှမသိတော့ ဒီမာနဖြတ်တော့ ဟို နှလုံး သွင်း မှားနဲ့ နိစ္စသညာက ပြုံးတောင် နေဦးမယ်….(မှန်ပါဘုရား)။

နိစ္စသညာကဘယ့်နှယ်တုံး…. (ပြုံးတောင်နေမှာပါဘုရား) ငါ့ဖြတ်ရမှာ သူက အညွန့်ဖြတ်နေတယ်၊ ငါကအရင်းဘဲဆိုတာ သူအသိသားဘဲ….(မှန်ပါဘုရား)။

တခါ နိစ္စသညာကို ဖြတ်မည့်ကြံပြန်လို့ရှိယင် နိစ္စသညာက ဘယ်ကလာတာတုံးဆိုတာ တွေးတော့ကို ဘာတွေကြသတုံး.... (နှလုံးသွင်းမှားတွေပါတယ်) နှလုံးသွင်းမှားဆိုတော့ အယောနိသော မနသိကာရက လာတာဘဲနော်.... (မှန်ပါ့ဘုရား)။

အဲဒီ့အယောနိသော မနသိကာရကလဲ ဆရာသမားကိုးကွယ်မှားက လာတာဖြစ်နေတော့ ဆရာသမားမရှာလို့၊ အမှန်ကို မသိလို့ဖြစ်ရတာ....(မှန်ပါ့) အမှန်ကိုမသိတာကဘာယ်သူတုံး.... (အဝိဇ္ဇာပါဘုရား) သူလက်သည် ဖမ်းတော့ သူ့ကိုသွားမိတယ် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါက ပဋိလောမ ပြောင်းပြန် လှည့်ပြီးတော့ ခင်ဗျားတို့ နားလည်မှုရှိအောင် ပြောတာပါနော်.... (မှန်ပါ့ဘုရား) အနုလောမ အစဉ်အတိုင်း ပြောကြဦးစို့ဆိုတော့ အဝိဇ္ဇာကြောင့် နှလုံးသွင်းမှား ဖြစ်တယ် .... (မှန်ပါ့) နှလုံးသွင်းမှား ဖြစ်လို့ ဘာလာသတုံး.... (နိစ္စသညာလာပါတယ်) နိစ္စသညာလာတယ် ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အံမာလေး....ဒီနေ့တရားက တော်တော် ခက်တယ် (မှန်ပါ့ဘုရား) နိစ္စသညာဆိုတဲ့ အမှတ်မှားကြောင့် ဘာလာသတုံး.... (မာနလာပါတယ်) မာနရှိတာနဲ့ ပဋိသန္ဓေ အို–သေ ဆိုတာ လာတယ်....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် အရင်းကို ဒီနေ့မိပြီ ...(မိပါပြီဘုရား) အရင်းမိတော့ အဝိဇ္ဇာဘဲ ပြန်ဖမ်းလိုက်ရတယ် .... (အဝိဇ္ဇာ ဖမ်းရပါတယ်) သဘောကျပလား....(မှန်ပါ့)။

အဲဒီတော့ကို အဝိဇ္ဇာကြောင့် အယောနိသော မနသိကာရ ဖြစ်တယ်ဆိုတာ ခင်ဗျားတို့ ပိုင်ပိုင်နိုင်နိုင်သိတော့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်မှ ဒို့သည် သံသရာပါပြတ်မယ်ဆိုတဲ့ စကားဟာ မိသွားတယ်....(မိပါတယ်ဘုရား) မမိသေးဘူးလား....(မိပါတယ်)။

အဝိဇ္ဇာက....(ဝိဇ္ဇာဖြစ်မှ -သံသရာပြတ်မှာပါ) သံသရာပြတ်မယ်ဆိုတော့ တခါ ပဋိစ္စသမုပ္ပါဒ်နဲ့ ပြန်သွင်းလိုက် .... (မှန်ပါ) သူသာရှိနေလို့ရှိယင် အဝိဇ္ဇာရှိနေယင် အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဆိုတဲ့ အယောနိသော မနသိကာရဟာ လာရမှာပါ....(လာရမှာပါဘုရား) မလာပါနဲ့ဆိုလို့ .... (မရပါဘုရား) အယောနိသော မနသိကာရ လာရတယ်....(မှန်ပါ)။

အဲဒီ အယောနိသော မနသိကာရသာ လာရမယ်ဆိုလို့ရှိယင် သင်္ခါရာပစ္စယာဆိုတဲ့ ဥစ္စာသည် ခင်ဗျားတို့ ခုနင်က နိစ္စသညာဆိုတဲ့ ဥစ္စာမလာပါနဲ့ဆိုလို့ မရဘော့ဘူး.... (မှန်ပါ)။

သူသာ လာလို့ရှိယင်လဲ ခုနင်ကမာနဟာ နိစ္စသညာကြောင့် တက်တာ....(မှန်ပါ) မာနဟာ ဘာတုံး .... (နိစ္စသညကြောင့် တက်တာပါ)နိစ္စသညာကြောင့်တက်တယ်။

ဒါဖြင့် မာနလာလို့ရှိယင် မာနပဋိစ္စသမုပ္ပါဒ်ဟာ ခင်ဗျားတို့ လွတ်အောင် ပြေးနိုင်ပါ့မလား.... ( မပြေးနိုင်ပါဘုရား ) မာနက လောဘကိုး၊ ဒိဋ္ဌိနဲ့ မယှဉ်တဲ့လောဘ၊ အဲဒီ လောဘဆိုတော့ တဏှာ"တဏှာပစ္စယာ ဥပါဒါနံ၊ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ"ဆိုဘာကို ဦးသံဒိုင်မလာပါနဲ့ ဆိုလို့....(မရပါဘုရား)။

ဒါဖြင့် ရုံးတွေမှာ အမှုရှုပ်နေတာ ဘာတွေတုံးလို့ မေးလို့ ရှိယင်ဖြင့် ခင်ဗျားတို့ မာနတွေမှာဘဲ....(မှန်ပါ့ဘုရား)မဟုတ်ဘူး လား....(မှန်ပါ့)။

ရုံးတွေအမှုရှုပ်နေတာ....(မာနပါဘုရား)မာနဘယ်ကလာပါ လိမ့်မတုံး....(နိစ္စသညာက လာပါတယ်)သေချာပလား.... (သေ ချာပါပြီဘုရား)။

သေချာပြီတဲ့ ရုံးတွေအမှုရှုပ်နေတာ သည်ကားလို့ ဆိုယင် ဖြင့် မာနဘဲ၊ အံမာ ကျုပ်ကမခံချင်လို့ စွဲလိုက်တာ၊လာပကောဗျ....(မှန်ပါ့)မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် မခံချင်လို့ စွဲလိုက်တာဆိုတော့ မခံချင်တာက မာန (မှန်ပါ့)အဲ မာနကြောင့် ခုနင်ကပြောခဲ့တဲ့ မာနသည်ကား အလိုလို အကြောင်းမရှိဘဲနဲ့ မောင်သစ် လာပါ့မလား .... (မလာပါဘုရား)။

မလာတော့ သူ့အကြောင်းရှာ၊ ဩော် .... နိစ္စသညာဘဲ၊ ခန္ဓာကိုယ်လဲ နိစ္စသညာ မှတ်လိုက်တာဘဲ....(မှန်ပါ့) တိုက်တာ အိမ်ရာ ကားတွေကိုလဲ .... (နိစ္စသညာဘဲမှတ်ပါတယ် ဘုရား)။

နိစ္စသညာ ဒါတွေဟာ ခိုင်တယ်မြဲတယ်၊ ဒါတော့ အလုမခံ နိုင်ဘူး၊ ဒါဘဲ အားကိုးနေရတယ်....(မှန်ပါ့) မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီတော့ နိစ္စသညာ လာလို့ရှိယင်ဖြင့် နလုံးသွင်းတော့ မှားပြီ....(မှန်ပါ့ဘုရား)မမှားသေးဘူးလား....(မှားပါပြီ) အနိစ္စ သူမမြင်တော့ဘူး....(မမြင်တော့ပါဘုရား)။

မမြင်တဲ့အခါ ကျလို့ရှိယင်ဖြင့် သူသည်နှလုံးသွင်း မှားသွားပြီ၊ အယောနိသော မနသိကာရဖြစ်သွားပြီ၊ အယောနိသော မနသိကာရဖြစ်သွားတာသည်ကားလို့ ဆိုယင် ဒါ နှလုံးမသွင်းကောင်းဘူးလို့ မသိလို့ဖြစ်တာ....(မှန်ပါဘုရား)။

မသိတာ ဘာခေါ်ကြမယ်....(အဝိဇ္ဇာပါဘုရား) ရှင်းသွားပါပြီ၊ သဘောပါကြလား .... (ပါ-ပါပြီ)ကောင်းပြီ ဒါကြောင့် အဋ္ဌကထာဆရာ ရေးလိုက်တယ်- ကွာ.... တဲ့ ဒီမာနဟာ သိပ်ကြောက်စရာကောင်းပါတယ်တဲ့၊ ခွေးတကောင် ကျင်ကြီးပုံရတယ်၊ သူက ရှေးဦးစွာစားနှင့်ရတယ် ကျင်ကြီးပုံရလိုက်တယ်။

ကျင်ကြီးပုံဆိုတာ အဘိုးမတန်မှန်းတော့ဖြင့် မောင်သစ်တို့ သိကြပါပြီ....(မှန်ပါ)သိတဲ့လူမျက်လုံးနဲ့ကြည့်တော့ ကျင်ကြီးဟာ အဘိုးမတန်ဘူး....(မှန်ပါ)သို့သော် ခွေးမှာတော့ ဒီဥစ္စာငါ့အားကိုး အားထားဘဲ ဆိုတာတော့ သူ့တော့ဖြင့်ရှိမှာဘဲ (မှန်ပါဘုရား)မရှိပေဘူးလား....(ရှိပါဘယ်ဘုရား)၊

ရှိတယ်-မရှိတယ်ကို ဒို့ပြင်ခွေးအနား ကပ်ခံနိုင်-မခံနိုင်.... (မခံနိုင်ပါဘုရား)။

ဟာ... ဒီခွေး ဘာဖြစ်တာပါလိမ့်မတုံးဆိုယင် ဘယ့်နှယ်ပြောမလဲ....(မာနပါဘုရား) မာနဘဲ၊ ဘယ်သူ့အမွေပုံပြီး တက်ပါလိမ့်.... (ကျင်ကြီးပုံအမွေပုံပြီး တက်ပါတယ်) သဘောပါပလား... (ပါပါပြီ)။

ကျင်ကြီးပုံ အမွေပုံပြီးတက်လာတယ်ဆိုတော့ ကျင်ကြီးပုံကို သူနိစ္စသညာထားတယ်....(မှန်ပါ) မဟုတ်ဘူးလား.... (မှန်ပါ)

အင်မတန်ကောင်းတဲ့ ကုဋေကြီးတခု သူရထားတာကိုး၊ သဘောပါပလား....(ပါပါတယ်)။

အဲဒီတော့ ဒီကုဋေနားကို ဒီ့ပြင်ခွေးလာလို့ရှိယင် ကြိုက်ပါ့မလား.... (မကြိုက်ပါဘုရား) အင်း....မကြိုက်တာ မာနကြောင့်ဘဲ....(မှန်ပါ့)။

ဒီမာနဟာ အလိုလိုလာတာ ခွေးဟာ အစားမာန်ထတယ်လို့ ခင်ဗျားတို့ ပြောနေကြတာဘဲ....(မှန်ပါ့)အစာမာန်ထတယ်ဆိုတာ စားစရာကြောင့်....(မှန်ပါ့) စားစရာကို သူ- အနိစ္စထင်သလား-၊ နိစ္စထင်သလား.... (နိစ္စထင်ပါတယ်) နိစ္စထင်တော့ ဒီကျင်ကြီးပုံကို နိစ္စထင်လိုက်တာဘဲ.... (မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

အဲဒီ နိစ္စကလဲ ဘယ့်နှယ်ကြောင့် ဒီကျင်ကြီးပုံကြီး သူနိစ္စထင်နေပါလိမ့်မတုံးဆိုတော့ ခွေး၏နှလုံးသွင်းမှားကိုးဗျ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဘယ်သူ၏ နှလုံးသွင်းမှားတုံး.... (ခွေး၏ နှလုံးသွင်းမှားပါဘုရား)။

ခွေးက နှလုံးသွင်းမှားနေပြီ၊ ဒါ အနိဋ္ဌကို ဣဋ္ဌလုပ်ထားပြီ.... မှန်ပါ့) အနိဋ္ဌာရုံဆိုတဲ့ မကောင်းတဲ့အာရုံ ဣဋ္ဌဖြစ်သွားပြီ.... (ဣဋ္ဌာရုံ ဖြစ်သွားပါပြီ) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ကို သူ့မှာ ဝိပ္ပလ္လာသပါပြီ.... (မှန်ပါ့)နိစ္စသညာ-နိစ္စသညာ ဝိပ္ပလ္လာသ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

နိစ္စသညာ ဝိပ္ပလ္လာသ၊ ပေါ်ပြီနော်....(ပေါ်ပါပြီ)နိစ္စသညာ ဝိပ္ပလ္လာသကလဲတဲ့၊ ဘယ့်နှယ်ကြောင့် လာသတုံးလို့ မေးတဲ့ အခါကျတော့ ခွေးနှလုံးသွင်းကိုက မှားသွားပြီ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ခွေးနှလုံးသွင်းက ခွေးဆိုတာကလဲ ဘာမှမသိဘူး....ဟော့၊ ဒီပြန်ဆိုက်ရမယ်....(မှန်ပါ့) မသိရှာဘူး၊ မသိရှာဘူးဆိုတော့ အဝိဇ္ဇာပြန်ရောက်သွားဘယ်....(မှန်ပါ့)။

ဒီမှာလဲ တကာ တကာမတို့ ဒါ အဋ္ဌကထာ ပြောတဲ့ ဥပမာကို ခင်ဗျားတို့က ဩော်.... ဒို့မာနတက်တာလဲ ဒီကျင် ကြီးပုံဘဲ....(မှန်ပါ့ဘုရား)သဘောပါကြပလား.... (ပါပါပြီ)။

ဒို့မာနတက်တာလဲ.... (ကျင်ကြီးပုံပါဘဲ) သေသေချာချာ စဉ်းစားကြည့်တော့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကလဲ အသုဘခန္ဓာ ကိုယ်ကြီး(မှန်ပါ့)အသုဘကို သုဘလို့ထင်တဲ့သုဘလို့မှတ်နေတဲ့ သညာဝိပ္ပလ္လာသကြောင့် မလာဘူးလား....(လာပါတယ်)ဒီခန္ဓာ ကြီးကို အသက်တရာ ရှည်ရလိမ့်မယ်ထင်တဲ့ နိစ္စသညာကကော.... (လာပါတယ်) လာတယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခွေးတကောင် ကျင်ကြီးပုံရတာနဲ့ တခြားခွေးတွေ အကပ်မခံတဲ့ သဘောဟာ ဒီသဘောပါဘဲ....(မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဩော်.... ဒို့ဘာဖြစ်နေပါလိမ့်မတုံးလို့ တွေးလုံးထုတ်စရာ လိုသေးသလား....(မလိုပါဘုရား) တွေးလုံးထုတ်စရာ ဘာမှမလို ဘူးဆိုတာ ပေါ်ကြပြီ....(ပေါ်ပါပြီ)။

ကိုင်းဒါဖြင့် အားလုံး တကာ တကာမတွေ ဘယ်ဟာဖြစ်လို့ ဘယ်ဟာတောက်မှ ဘယ်လိုခရီးပေါက်မှယ်ဆိုတဲ့ အရေးဟာလဲ ဒီမှာပေါ်လာတယ်....(မှန်ပါဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါတယ်)။

ကိုင်းဒါဖြင့် ခင်ဗျားတို့ ဒီဥစ္စာကို သီလနဲ့လဲ ခုနင်ကပြောခဲ့တယ်၊ သီလမပျက်ပါဘူး....တဲ့၊ မာနတက်လို့ သီလမပျက်ပါဘူး....တဲ့၊ မဟုတ်ဘူးလား.... (မှန်ပါ့) သူကငါးပါး၊ ငါကရှစ်ပါးတောင် ဆောက်တည်နိုင်သေးတာ ဘာ ကိစ္စရှိသတုံး.... (မှန်ပါ့) သီလဟာပျက်ကို-မပျက်ဘူး.... (မှန်ပါ့ဘုရား)။

အင်း....သူက ငါးပါးဆောက်တည်နိုင်တာ၊ ကျုပ်ကရှစ်ပါး၊ ကျုပ်က ဆယ်ပါးတောင်မှ လုပ်နိုင်သေးတာ၊ဘာကိစ္စရှိရမလဲ.... (မှန်ပါ့)တက်သာတက်၊ မာနကတော့တက်မှာဘဲ၊ မတက်ပေဘူးလား....(တက်ပါတယ်)။

အဲဒီတော့“မာနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ” ပဋ္ဌာန်း ပါဠိတော်က....၊ မာနကပေမဲ့ကွာ....တဲ့၊ ဒါနံ ဒေတိလုပ်သေးတာတဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) သီလံ သမာဒိယတိကော.... (လုပ်ပါတယ်) သီလလဲဆောက်တည်ပါတဲ့၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီမာနသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်တဲ့၊ခင်ဗျားတို့ အထက်သွားတဲ့ မာနလဲရှိတယ်၊ သဘောကျပလား (ကျပါပြီ) အောက်သွားတဲ့ မာနတော....(ရှိပါတယ်ဘုရား)။

ရှိတာဘဲတဲ့၊ သို့သော် အထက်အောက်သာ သွားတတ်တယ်၊ နိဗ္ဗာန်တော့ မသွားတတ်ဘူး.... (မှန်ပါ့) ရှင်းပလား.... ((ရှင်းပါပြီ)။

အထက်အောက်တော့....(သွားတတ်ပါတယ်ဘုရား) သုဂတိ ဒုဂ္ဂတိတော့ သွားတတ်ပါတယ်....တဲ့၊ နိဗ္ဗာန်တော့.... (မသွားတတ်ပါဘုရား)။

နိဗ္ဗာန် ဘယ်သွားတတ်မလဲ–တဲ့၊ တကာ တကာမတို့ မာနဆိုတာ အနာဂါမ်ကျမှ ပယ်နိုင်တာကိုး.... (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် ဝိပဿနာဉာဏ်သွင်းတဲ့ အခါကျလို့ ရှိယင်ဖြင့် နိစ္စသညာကို ခင်ဗျားတို့က အနိစ္စသညာ ပြန်လုပ်ရမယ်....(မှန်ပါ့ဘုရား)။

နိစ္စသညာကို....(အနိစ္စသညာ ပြန်လုပ်ရပါမယ်)။

အနိစ္စသညာ ပြန်လုပ်လိုက်တဲ့အခါကျတော့ နှလုံးသွင်းလဲ မှန်ပါတယ်....(မှန်ပါ့) အဝိဇ္ဇာလဲချုပ်ပါတယ်....(မှန်ပါ့)။

နိစ္စသညာကို အနိစ္စသညာလုပ်ပါ.... (မှန်ပါ့ဘုရား)သဘောပါပလား....(ပါပါပြီ)။

နိစ္စသညာကို....(အနိစ္စသညာ လုပ်ရပါမယ်)။

နိစ္စသညာကို အနိစ္စသညာလုပ်ပါမှ ခုနင်ကနှလုံးသွင်းကလဲ မှန်သွားတာဘဲ.... (မှန်ပါ့) ဩော်.... ဒီဥစ္စာ အနိစ္စဘဲလို့ သိသောကြောင့် အဝိဇ္ဇာကလဲ ဝိဇ္ဇာဖြစ်သွားတယ်.... (မှန်ပါ့) အစက နှစ်ခုပြတ်မသွားဘူးလား.... (ပြတ်သွားပါတယ်)။

အစက နှစ်ခုပြတ်သွားလို့ရှိယင် ဝိပဿနာဉာဏ်သာ သွင်းလိုက်ပါတဲ့၊ တကာ တကာမတို့ နိစ္စသညာကို အနိစ္စဖြစ်အောင်သာ ခန္ဓာထဲမှာ ဉာဏ်နဲ့သာသွင်းပါ....(မှန်ပါ)ခန္ဓာဉာဏ်သွင်းယင် နှလုံးသွင်းကလဲ တည့်ပါပြီတဲ့၊အဝိဇ္ဇာကလဲ ချုပ်ပါတယ်....(မှန်ပါ)။

သူတို့ချုပ်လိုက်လို့ရှိယင် အားလုံး တကာ တကာမတွေ မာနက အထူးသတ်စရာ လိုသေးသလား....(မလိုပါဘုရား)။

မလိုတော့ဘူး၊ အနိစ္စဖြစ်ကတည်းက မာနမလာတော့ဘူး....(မှန်ပါဘုရား) သဘောပါပလား....(ပါပါပြီ)။

အနိစ္စဖြစ်ကတည်းကဲ.... ( မာနမလာတော့ပါဘုရား ) မာနမလာဘူး၊ မာနမလာလို့ရှိယင် ပဋိစ္စအလုပ်ကို သူလုပ်နိုင်သေးရဲ့လား....(မလုပ်နိုင်ပါဘုရား)။

မလုပ်နိုင်တော့ဘူး၊ မလုပ်နိုင်လို့ရှိယင်ဖြင့် မာနနဲ့ပတ်သက်တဲ့ သံသရာဟာဖြင့် ပြတ်သွားပြီ....(ပြတ်သွားပါပြီ)။

ဘယ်လိုမှတ်ကြမယ်.... (မာနနဲ့ပတ်သက်တဲ့ သံသရာပြတ်ပါတယ်) မာနနဲ့ပတ်သက်တဲ့ သံသရာပြတ်ထွက်သွားပြီလို့ ခင်ဗျားတို့ သေသေချာချာမှတ်ပါ....(မှန်ပါ)။

ဒါဖြင့် ဘုန်းကြီးဟောနေတာ တနေ့သော်လဲ ဝိပဿနာ-တနေ့သော်လဲ ဝိပဿနာ၊ ဒီ့ပြင်ဟာကိုမပါဘူး.... (မှန်ပါ)။

ဦးသံဒိုင် ပါရဲ့လား.... (မပါပါဘုရား) ဘာဖြစ်လို့မပါ-ပါလိမ့်မတုံးဆိုတော့ကို ပဋိစ္စဖြတ်နေတာ.... ( မှန်ပါဘုရား ) သဘောကျပလား....(ကျပါပြီ)။

ပပဉ္စက ဘယ်လောက်ဆိုးသတုံးလို့ မေးဘို့မလိုဘူးလား.... (လိုပါတယ်ဘုရား)။

"သံသာရဒုက္ခံ ပပဉ္စေန္တိ ဝိတ္ထာရေန္တီတိ ပပဉ္စာ *ယေဓမ္မာ=အကြင်မာနစသောဆိုတဲ့ ပင်ကိုယ်သဘောတို့သည် သံသာရဒုက္ခံ = အို- နာ- သေ ဆိုတဲ့ ခဏခဏ ခန္ဓာကြီးကို၊ ပပဉ္စေန္တိ ဝိတ္ထာရေန္တိ=တအိုပြီး-တအို- တနာပြီး-တနာ-တသေ ပြီး-တသေ ဖြစ်အောင်ပွားတတ်ကုန်၏....(မှန်ပါဘုရား) တဘဝ တည်း မပြီးဘူးကွ....တဲ့....(မှန်ပါ) တဘဝထဲကို မပြီးနိုင်ဘူး၊ ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒါ့ကြောင့် သူ့ကို ပပဉ္စလို့ ခေါ်လိုက်ပါတယ်.... (မှန်ပါဘုရား) သူ ပပဉ္စဆိုတဲ့ သဘောဟာ တဘဝချဲ့လို့ ရှိယင် ပပဉ္စဆိုတဲ့ ဒီလောက် နာမည်မရပါဘူး....(မှန်ပါ) ဘဝပေါင်း များစွာ အိုဘေး နာဘေးကို ပေးနိုင်လို့သာ ပပဉ္စခေါ်ပါ တယ်....(မှန်ပါ)။

အဲဒီတော့ ကျုပ်တော့ ဟန်-ကိုယ့်ဘို့ဘဲ၊ ဒါ့ကြောင့် မာန် ကလေး လုပ်လိုက်ရတယ်....(မှန်ပါ) ဒီဟာ ကျုပ် ရှောင်းနိုင် လျက်နဲ့ ပေမဲ့ မရှောင်းနိုင်ဘူး၊ မာန်ကလေး လုပ်လိုက်ရတယ်၊ မပါဘူးလား....(ပါ-ပါတယ်)။

ပါတဲယ်တဲ့၊ ဒါလောက်တော့ မဖြစ်နိုင်ဘူးဗျာ- ဆိုတဲ့ မာန် ကလေး ဟန်ကလေး လုပ်လိုက်တဲ့ ဥစ္စာဟာ ဘာလုပ်တာတုံး မေးလို့ ရှိယင် ဘယ့်နှယ် ဖြေကြမလဲ....၊ အို....ပပဉ္စဖြစ်အောင် ကြိုးစားလိုက်တာ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ဘာ ကြိုးစားလိုက်သလဲ.... (ပပဉ္စဖြစ်အောင် ကြိုးစားလိုက်တာပါ) ပပဉ္စဖြစ်အောင် ကြိုးစားလိုက်တာ တပည့်တော် သံသရာ တိုနေလို့၊ သံသရာထဲ အိုဘေး နာဘေး သေဘေးတွေကို အများကြီး ရအောင်လို့....(မှန်ပါ့ ဘုရား) တပည့်တော် လုပ်လိုက်တာ ဒီလို ဖွင့်ပြောယင် မလုပ်ဖြစ်ဘူး....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ခုတော့ ဒီလိုက မဖွင့်တတ်တော့ ဟန်-ကိုယ့်ဘို့ဒါကလေး လောက် သုံးလိုက်တာဘဲ....(မှန်ပါ့)ရိပ်မိပလား-(ရိပ်မိပါပြီ)။

ဟန်-ကိုယ့်ဘို့ဆိုတာ ဟန်ဆိုတာလဲ မာနဟန်ဘဲ....(မှန်ပါ့) နော်....ဟန်-ကိုယ့်ဘို့ဆိုပြီးသကာလ ခင်ဗျားတို့ လုပ်လိုက်တဲ့ ဥစ္စာကလေးဟာလဲတဲ့ မပြောပလောက်ဘူးလို့ ဦးသံဒိုင်တို့က သွားမယူနဲ့၊ ပြောပလောက်တယ်....(မှန်ပါ့-ပြောပလောက်ပါတယ်) ရှင်းပလား....(ရှင်းပါပြီ)။

မပြောပလောက်ဘူးလို့ ယူလို့....(မဖြစ်ပါဘုရား)မဖြစ်ဘူးတဲ့၊ ရမှာက တဆယ်ဟုတ်လား....၊ သေမှာက အများကြီး.... (မှန်ပါ့) ဒီရောက်တာဘဲ၊ သဘောကျပလား....(ကျပါပြီ)။

အဲဒါ စျေးသည်တွေဟူသ၍မှာဖြင့် ဒါမပါလဲ မပြီးဘူးလို့ ခင်ဗျားတို့ကလဲ ယူချင် ယူကြမယ်....(မှန်ပါ့) ဒါမပါ မပြီးတာက အိုချင် နာချင် သေချင်သေးလို့ဆိုတဲ့ အဓိပ္ပါယ်က တော့ ရှင်းနေတယ်....(မှန်ပါ့)မရှင်းဘူးလား....(ရှင်းပါတယ်)။

ရှင်းတယ်၊ အဲဒီတော့ကို ဒါကြောင့် ဒီ မာန ဘယ်က လာ သတုံး—နိစ္စသညာက လာတယ်....(မှန်ပါ့) ဒီဟာ အနိစ္စကို

ခင်ဗျားတို့ မကြိုးစားတော့ဘူး ဆိုလို့ရှိယင် ပပဉ္စပြတ်တဲ့နည်း ဘုန်းကြီးက ပေးကို မပေးနိုင်ဘူး....(မှန်ပါ့ဘုရား)။

ဒီ ဝိပဿနာ အလုပ်မှ မလုပ်တော့ဘူးဆိုယင်ဖြင့် ပပဉ္စအလုပ် ကို အပါယ်သွားမည့် ပပဉ္စ-သုဂတိသွားမည့် ပပဉ္စ-ဘယ်ပပဉ္စမှ ဦးသံဒိုင် ဘုန်းကြီးတို့ တာဝန်မယူနိုင်ဘူး....(မှန်ပါ့ဘုရား)ယူနိုင် ပါ့မလား....(မယူနိုင်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အခုလဲ သံသရာထဲမှာ နေကြတယ်နော်- (မှန်ပါ့) အခုလဲ သံသရာထဲ နေကြတာဘဲတဲ့၊ အခုလဲ ခန္ဓာကြီး ထမ်းပြီး နေတာ ဒါ သံသရာဘဲ၊ ခန္ဓာ သံသရာကိုး-(မှန်ပါ့)။

အဲဒီ ခန္ဓာသံသရာကြီးဟာ ဩော်....ဒို့ နောက်ဘဝက ဘာ တွေများ လုပ်ခဲ့လို့လဲ၊ ဘယ့်နှယ်ကြောင့် ဒီ ဒုက္ခကြီးနဲ့ လုလု ကြီး တွေ့နေပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ မာနပပဉ္စ သတ္တိတဲ့.... (မှန်ပါ့ဘုရား) သုဂတိပို့တာလဲ မာနဘဲ....(မှန်ပါ) ဒုဂ္ဂတိပို့တာလဲ....(မာနပါဘဲ)။

မာနဘဲ....တဲ့၊ အဲဒီတော့ ဒီ မာနသည်ကားလို့ ဆိုလို့ရှိယင် ဖြင့် အင်မတန်မှ ကြောက်စရာကောင်းတယ်၊ ဒီ မာန၏ လက် သည် ရှာလို့ရှိယင်ဖြင့် နိစ္စသညာဘဲ တွေ့တယ်-(မှန်ပါ့ဘုရား) သဘောပါပလား....(ပါပါပြီ)။

မာန၏ လက်သည်ရှာယင်.... (နိစ္စသညာဘဲ တွေ့ပါတယ်) နိစ္စသညာ၊ ဘာဖြစ်ဖြစ် ခင်ဗျားတို့က ခိုင်တယ်၊ မြဲတယ် မှတ် ပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

အဲဒီ ခိုင်တယ်၊ မြဲတယ်၊ ငွေကလေး တထောင်ရှိတယ်၊ ဟာ တထောင်ဖြင့် မပျောက်စေနဲ့ဟေ့၊ ဒါကလေးဟာ အညွန့်သာ တက်ပစေ၊ မဟုတ်ဘူးလား....(မှန်ပါ)မပျောက်စေနဲ့၊ဒါကလေး တော့ ခိုင်ခိုင်ထား....(မှန်ပါ) အကုန်ထားတာဘဲ၊ မထားဘူး လား....(ထားပါတယ်)။

ခင်ဗျားတို့ သင်ထားတာကလဲ တခါတည်း အမေမိဘက သင်ထားတာကလဲ ဟေ....မျက်စင်း ပုလင်းထဲက မျက်စင်းတံ ကလေးနဲ့ ခတ်တာတောင် ကုန်သေးသကွ၊တို့ပါများ-ယူပါများ ယင် ကုန်သေးသကွ၊ ခြ-လို တောင်ပို့ဖြစ်အောင် လုပ်ရသကွ၊ ဒါဘဲ သင်ထားတယ်-အမေမိဘက-လေ....(မှန်ပါ)။

မျက်စင်းလို မသုံးနဲ့ကွ၊ မဟုတ်ဘူးလား၊ ခြ-လို တောင်ပို့ ဖြစ်အောင် လုပ်ကွ၊ဒါဘဲ လာတာဘဲ....(မှန်ပါ)မလာဘူးလား-(လာပါတယ်)။

လာတော့ ဒါဘာသင်လွတ်လိုက်ပါလိမ့်မတုံး ဆိုလို့ရှိယင် ဖြင့် မာန်၏ အခြေခံ သင်လွတ်လိုက်တယ်....( မှန်ပါ ) ရှိယင် သူများမျက်ခုံးပေါ် စကြ်န်လျှောက်နိုင်တယ်ကွ (မှန်ပါဘုရား) အံမာ....သင်ထားလိုက်တာ နည်းတာမဟုတ်ဘူး....(မှန်ပါ)။

ကြားဘူးကြရဲ့လား....(ကြားဘူးပါတယ်) ကြားဘူးတယ်၊ အံမာ....အတော် အသင်ကောင်းတာ သူ့ဟာက၊ ရိပ်မိပလား-(ရိပ်မိပါပြီ)။

အဲဒါ ခင်ဗျားတို့ကလဲ အခု နောက်လူတွေကလဲ သူများ မျက်ခုံးပေါ် စကြ်န်သွားနိုင်အောင် လုပ်စမ်းပါ၊ မင်း-ကြည့်ရ တာ ဖျင်းလိုက်တာ-အစရှိသည်နဲ့ သူတတ်တာ သင်လွတ်လိုက်

တော့ ခင်ဗျားတို့ကလဲ ဉာဏ်တုံး-ကံတုံးတွေ ဖြစ်နေတော့ အမေ မိဘများက လူကြီးသူမတွေက ဒါဘဲ သင်ထားတာဘဲ၊ အဲဒီ တော့ သူတို့လဲ ဒီလိုလုပ်လို့ ဒီလိုဖြစ်လာတာ၊ ဒို့လဲ ဒီလိုလုပ်မှ ဘဲ-ဆိုတော့ တခါတည်း ဘာတွေ သင်လွှတ်လိုက်ပါလိမ့်မလဲ မေးတော့ ပပဥ္စချည်း သင်လွှတ်လိုက်တယ်....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ)။

ဘာတွေ သင်လွှတ်သလဲ....( ပပဥ္စတွေ သင်လွှတ်ပါတယ် ) ပပဥ္စဆိုတာသည် တကာတကာမတို့ အိုဘေး နာဘေး သေဘေး ကို ချဲ့တာကို ပပဥ္စခေါ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါ ပြီဘုရား)။

အဲဒီ ပပဥ္စချည်း သင်လွှတ်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့်တဲ့ အမေ-အဖေကလဲ ပပဥ္စဘဲ တတ်တယ်၊ လူကြီးသူမ,တွေကလဲ.... (ပပဥ္စဘဲ တတ်ပါတယ်)သူက သင်လွှတ်လိုက်တဲ့ လူတွေကလဲ.... (ပပဥ္စဘဲ တတ်ပါတယ်)။

ပပဥ္စဘဲ တတ်မယ်ဆိုလို့ရှိယင်ဖြင့်တဲ့ သံသရာထဲမှာ ရှေ့ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပြောတဲ့အတိုင်း ထွက်သွားမည့် လူ မတွေ့ပါဘူးကွာ....၊ လည်နေမည့် ပုဂ္ဂိုလ်နဲ့ မြုပ်မည့် မျော မည့် ပုဂ္ဂိုလ်ဘဲ တွေ့ပါတယ်ဆိုတဲ့ဥစ္စာ ရှင်းရောပေါ့....(ရှင်းပါ ပြီဘုရား) မရှင်းကြသေးဘူးလား....(ရှင်းပါပြီ)။

အခု ခင်ဗျားတို့ ဒါလောက်သိတာကို အမြတ်ထားနော်.... (မှန်ပါ့)နို့မဟုတ်လို့ရှိယင်ဖြင့် ကိုယ့်အသိဉာဏ်နဲ့ ကိုယ့်ရှေ့ အစဉ်အဆက်နဲ့သာဆိုလို့ရှိယင်ဖြင့် ဦးသံဒိုင် သွားပြီ....(သွားပါ

ပြီဘုရား) သေသေချာချာ မသွားသေးဘူးလား.... (သွားပါပြီ ဘုရား)။

ကဲ....ဒါဖြင့် အခု ဝိပဿနာ ဘုန်းကြီးများက ဟောနေတာ ဟာ မောင်သစ်ကဘဲ ဝေဘန်တာပေါ့-ပဋိစ္စသတ်ပါကလား.... (မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ပဋိစ္စသတ်လိုက်တဲ့ အခါကျလို့ ရှိယင် နိစ္စသညာကို အနိစ္စ သညာနဲ့ ပြောင်းပေးပါ....(မှန်ပါ့) ပြောင်းပေးလိုက်လို့ ရှိယင် ဖြင့် နှလုံးသွင်းဟာလဲ မှန်သွားပြီ၊ မဟုတ်ဘူးလား ...(မှန်ပါ့) မသိတာလဲ....( သိသွားပါပြီ ) မှသိတာလဲ ပျောက်သွားပြီ.... (မှန်ပါ့)သိတဲ့ဘက် ရောက်ပြီ၊ မရောက်သေးဘူးလား....(ရောက် ပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ ယနေ့ဟောပါတယ်—တဲ့၊ ခင်ဗျားတို့ ဒါနအားကိုးမလား၊ သီလအားကိုးမလား၊ သမထ အားကိုးမ လား၊ ဝိပဿနာ အားကိုးမလား ဆိုတဲ့ဥစ္စာ ယနေ့ ကွက်ကွက် ကွင်းကွင်းပေါ်ပါပြီ....(ပေါ်ပါပြီဘုရား) ဘာပေါ်လာသတုံး- (ဝိပဿနာအားကိုးရပါမယ်ဘုရား)။

ဒါ မရှိယင်တော့ ခင်ဗျားတို့ ပဋိစ္စဘယ်သူမှ သတ်ပေးမည့်သူ မရှိဘူး .. (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ)။

ဒါန အားကိုးမလားဆိုတော့လဲ မရသေးဘူး၊ သဘောကျ ပလား....(ကျပါပြီ) သီလအားကိုးမလား....(မရသေးပါဘုရား) ပဋိစ္စက မဖြုံ့ဘူးဗျာ.... ( မှန်ပါ့ ) ဖြုံ့ပါ့မလား....(မဖြုံ့ပါ ဘုရား) သမထအားကိုးမလားဆိုတော့လဲ.... (ပဋိစ္စက မဖြုံ့ပါ

ဘုရား)ပဗ္ဗဥက မဖြင့်သေးပါဘူး၊ ဝိပဿနာကျမှ နောက်ဆုတ်သွားတယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ ဒါန၊ သီလ၊ သမထကို မလုပ်နဲ့လို့ ဘုန်းကြီးများကလဲ မဟောပါဘူးတဲ့၊ ဒီ ပဗ္ဗဥ ဝိပဿနာလုပ်ပြီးတော့မှ ခင်ဗျားတို့ ဝိပဿနာနှလုံးသွင်းပြီးတော့မှ လှူကြတန်းကြ သီလ ဆောက်တည်ကြ၊ သမထတွေလုပ်ကြ၊ လုပ်ချင်လို့ရှိယင်ပေါ့ဗျာ....(မှန်ပါ့) ဒီလိုဆိုတော့ အမှန်ဖြစ်သွားတယ် (မှန်ပါ့) သူမပါယင်တော့ဖြင့်....(မမှန်ပါဘုရား)။

သူမပါလို့ရှိယင် ဒါနကလဲ ဒါနမှားဘဲ.... (မှန်ပါ့) သီလကလဲ....(သီလမှားပါဘဲ) သမထကလဲ....(သမထမှားပါဘဲ)။

အဲ....သူပါရမယ်....တဲ့၊ သူ့ကို မူတည်ရမယ်.... (မှန်ပါ့) သူ့မူတည်မှ ဟိုဘက် ဝိဝဋ္ဋဆိုတာ သွားဖြစ်တယ်....( မှန်ပါ့ ) ဝဋ္ဋပြတ်သွားပြီ.... ( မှန်ပါ့ ) သူ့ မူမတည်ယင် ပဗ္ဗဥဖြစ်တယ်....(မှန်ပါ့)။

သူ့ကို မူမတည်ယင်....(ပဗ္ဗဥဖြစ်ပါတယ်) သူ့ကိုမူတည်ယင် (ဝိဝဋ္ဋဖြစ်ပါတယ်) ဝိဝဋ္ဋဖြစ်တယ်၊ ဒါ သေသေချာချာမှတ်ပါ (မှန်ပါ့ဘုရား)။

သူ့ကိုမူတည်ယင်.... (ဝိဝဋ္ဋ ဖြစ်ပါတယ်)ဝိဝဋ္ဋဖြစ်တယ် မူမတည်တော့ပါဘူးဆိုလို့ရှိယင် ပဗ္ဗဥ.... (မှန်ပါ့) ရှင်းပလား....(မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ ကြောင်ကကြွက်ဖြစ်၊ ကြွက်ကကြောင်ဖြစ်ဆိုတဲ့ ဆုတောင်းတွေဟာ မာနကလာ

တာတွေ.... (မှန်ပါ့) မလာဘူးလား.... (လာပါတယ်ဘုရား) ဟို....ဘုရားလက်ထက်က မဖြစ်ဘူးလား၊ တော်တော်ကြာကြွက် ဖြစ်လိုက်၊ တော်တော်ကြာ ကြွက်ကလဲ သူ့ အစားခံရတော့ ငါကြောင်ဖြစ်ရပါလို၏ ဆိုတော့ ကြောင်နဲ့ ကြွက်နဲ့ လှည့်နေ တာနဲ့ကိုဘဲ ဆုံးသေးရဲ့လား.... (မဆုံးပါဘုရား) ဒါဘာတွေ ထင်ကြသတုံး.... (မာနတွေပါဘုရား) ဒါဖြင့် မာနက ပပဉ္စ လုပ်လိုက်တာ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ကြွက် ဘယ်သူ လုပ်သတုံး၊ မာနကလုပ်တာဘဲ.... (မှန်ပါ့) ကြောင်ဘယ်သူလုပ်သတုံး.... (မာနက လုပ်တာပါ ဘဲဘုရား)။

ဒါဖြင့် ကြွက်တွေ ကြောင်တွေ တိရစ္ဆာန်ဘုံမှာဖြင့်တိရစ္ဆာန် အမျိုးမျိုး ချထွင်တာလဲ ဒီမာနဘဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် အဲဒီ့ တိရစ္ဆာန်အမျိုးမျိုး လူအမျိုးမျိုး နတ်တွေ တယောက်တယောက် ပြိုင်နေကြတာ အမျိုးမျိုး ဟုတ်လား.... (မှန်ပါ့) ဒါတွေဟာ ဘယ်နှယ်ကြောင့် ပြိုင်ရဲ ဆိုင်ရဲရှိပါလိမ့် မတုံးဆိုတော့ နိစ္စသညာကို ခင်ဗျားတို့ အမြဲ ဦးစီးထားလို့.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘာဦးစီးထားသတုံး.... ( နိစ္စသညာ အမြဲ ဦးစီးထားပါ တယ်ဘုရား)။

ဒါဖြင့် သံသရာထဲမှာအနိစ္စသညာကိုမလုပ်ဘူးကြလို့ သံသရာ ထဲမှာ နေကြရတယ်ဆိုတာ ပေါ်သွားပြီ.... (ပေါ်သွားပါပြီ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

နိစ္စသညာနဲ့ဘဲ အချိန်ကုန်လာခဲ့ကြတဲ့အတွက် သံသရာပြင်ဘက် မထွက်ပါဘူး.... (မှန်ပါ့ဘုရား)။

နိစ္စသညာကို အလုပ်-လုပ်လာတဲ့အတွက်.... (သံသရာပြင်ဘက် မထွက်ပါဘုရား)။

အဲဒီတော့ခင်ဗျားတို့မှာ လူစိတ်ပေါက်နေသလား-တိရစ္ဆာန်စိတ်ပေါက်နေသလား.... (တိရစ္ဆာန်စိတ် ပေါက်နေပါတယ်ဘုရား) ခုနင်ကခွေး ကျောင်းကြီးပုံရသလို ဖြစ်နေတယ်....(မှန်ပါ့) မရှင်းဘူးလား.... (ရှင်းပါတယ်ဘုရား)။

များများပစ္စည်းရှိတဲ့လူက များများကိုလာတာဘဲ(မှန်ပါ့) ဒီတော့ အနိစ္စလား.... နိစ္စလား....လို့ မေးတော့ ပင်ကိုယ်သဘောကတော့ အနိစ္စဘဲ၊ ရုပ်ဓမ္မတွေကိုးဗျ.... (မှန်ပါ့)။

ရုပ်ဓမ္မတွေဟာ ဘာခေါ်ကြမယ်.... (အနိစ္စတွေပါဘုရား) အဲဒီ့ အနိစ္စကို သူမာန်တက်လာတာက နိစ္စထင်လို့.... (မှန်ပါ့ နိစ္စထင်လို့ပါ) မဟုတ်ဘူးလား.... (မှန်ပါ့)။

ဟို....ကျောင်းကြီးပုံဟာကော တကာတကာမတို့ သူ့နိစ္စလား.... အနိစ္စလား.... (အနိစ္စပါဘုရား) သို့သော် ခွေးစိတ်နဲ့ကြည့်လိုက်တဲ့အခါ နိစ္စဖြစ်နေတယ်.... ( မှန်ပါ့ ) သဘောပါပလား.... (ပါ--ပါပြီဘုရား)။

ခွေးစိတ်နဲ့ ကြည့်လိုက်တဲ့အခါ.... ( နိစ္စ ဖြစ်နေပါတယ်ဘုရား) နိစ္စ ဖြစ်နေတော့ကို လူစိတ် ပေါက်မယ်ဆိုလို့ ရှိယင်ဖြော်.... မသိရှာဘူး၊ ကျောင်းကြီးဆိုတာ မာန တက်စရာမရှိဘူး-မဟုတ်ဘူးလား.... (မှန်ပါ့)။

ကျင်ကြီးဆိုဘာ.... (မာနတက်စရာ မရှိပါဘုရား) ခွေးများ တယ်မသိသကိုး.... (မှန်ပါ)။

ခွေးများ တယ်မသိသကိုး၊ ခွေးတော့ ခင်ဗျားတို့ကတခါ တည်းမသိတာ ခင်ဗျားတို့က ရှင်းရှင်း လင်းလင်း တွက်လို့ ရ တယ်၊ ကိုယ့်ကျတော့ ရှင်းရှင်းလင်းလင်းကို တွက်လို့မရဘူး.... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ခွေးကျတော့ရှင်းရှင်းလင်းလင်းတွက်လို့ရပါတယ်) ရှင်းရှင်း လင်းလင်း တွက်လို့ရတယ်၊ ဘာကလာတာ.... ဘာကလာတာ၊ ဒီကျင်ကြီးပုံကြီးကို သူ့ဟာ သေသေချာချာမှတ်နေလို့၊တသက် စာ စားလောက်တယ် မှတ်နေလို့၊ ဒါကြောင့် ဒီခွေးဟာ ဒီလောက်ဆိုးနေတာ၊ အံမာ ခွေးကျတော့ ခင်ဗျားတို့ကအပြစ် တင် အတော်ရဲတဲ့လူတွေ... (မှန်ပါ) အင်း..., ကိုယ့်ကိုယ်ကျ တော့.... (အပြစ်တင်မရဲပါဘုရား) လျှော့စျေးတွက်နေတယ်.... (မှန်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) အဘော် ဆိုးဘယ် ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ကဲ....ဒါဖြင့် ခင်ဗျားတို့ ကယ်မည့်ယူမည့်လူ.... ဟုတ်လား၊ ကယ်မည့်ယူမည့်တရား၊ မောင်သစ်ဘိုဦးသံဒိုင်တို့က တွက်ပေတော့ နိစ္စသညာကို အနိစ္စသညာ ဟောနိုင်တဲ့ ဆရာနဲ့ မတွေ့သေးသ၍ ဒို့....သံသရာ့ ပြင်ဘက်တော့ မရောက်ပါဘူး (မှန်ပါဘုရား)။

ဘယ့်နှယ်ပြောကြမယ်....(နိစ္စသညာကို အနိစ္စသညာဟော နိုင်တဲ့ဆရာနဲ့ မတွေ့သ၍သံသရာ့ပြင်ဘက်မရောက်နိုင်ဘူးဘုရာ.) မရောက်နိုင်ဘူး၊ ပဉ္စက လာနေမှာဘဲ....(မှန်ပါ)။

နိစ္စသညာသာရှိယင်တော့.... (ပပဉ္စကလာနေမှာပါ)ပပဉ္စကလာနေမှာဘဲ ဆိုတာကို ဦးသံဒိုင်ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

ဒါ....ပဏ္ဏာသ အဋ္ဌကထာမှာ ဒီအတိုင်း၊ ဘုရားကလဲ ဒီအတိုင်းဟောတာပါဘဲ.... (မှန်ပါ)။

နိစ္စသညံ အဓိဋ္ဌာယ၊
သမ္ပတ္တိံ တဿ ပဿတော။
ဂုထာဒိဝိယ ဂူထသ္မိံ၊
ဟောတိ မာနေနမညနာ။ ။

နိစ္စသညံ= မခိုင်မြဲတာကို ခိုင်မြဲတယ်လို့ မှတ်ထားတဲ့အတွက်၊ ရှင်းပလား.... (ရှင်းပါပြီ) မခိုင်မြဲတာကို ခိုင်မြဲတယ်လို့၊ အဓိဋ္ဌာယ=သူ့စိတ်ထဲ ဆောက်တည်ထားသောကြောင့် သမ္ပတ္တိံ=ခဏကလေး ပြည့်စုံတာကို (ဝါ) အာဂန္တုကလေးကို၊ ခဏကလေးရယ်.... (မှန်ပါ)။

ခင်ဗျားတို့ရှိတဲ့ ပစ္စည်းကလေး၊ ခန္ဓာကလေးရယ် ဘယ်လောက်များ ကြာမယ်ထင်ကြသတုံး.... (မကြာပါဘုရား) ခဏပါဘဲ နုတ်သက်နဲ့တွက်ယင် နှစ်ရက် တမှမ်းတည့်တောင်မရှိဘူး (မှန်ပါ) ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဂူထာဒိ=မစင်ကို စားတတ်သော ခွေးသတ္တဝါသည်၊ဂူထသ္မိံ မစင်ဘင်ပုပ်၌၊ မညတိဝိယ=အထင်မှောက်မှားသကဲ့သို့၊ ဧဝမေဝ ပမာဆိုမူ ဤအတူသာလျှင်၊ တဿ=ထိုနိစ္စသညာကို၊ ပဿတော ရှုသောပုဂ္ဂိုလ်အား၊ နိစ္စသညာယ= နိစ္စသညာကို ဆောက်တည်

ခြင်းကြောင့်၊ မာနံ=မာနဆိုတဲ့ ပပဉ္စတရားသည်၊ ဟောတိ=ဖြစ်လာ၏....တဲ့၊ ဒါ နိစ္စသညာက လာတာဘဲ .... (မှန်ပါ့)ရှင်းကြပြီ....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘာလုပ်ကြမယ် ခင်ဗျားတို့....(နိစ္စသညာကို အနိစ္စသညာဖြစ်အောင် ရှုရပါမယ်) ဒါဖြင့် အနိစ္စသညာလုပ်ပါလို့ ဆိုတဲ့ဥစ္စာ ဝိပဿနာမှတပါးလဲ အနိစ္စကိုရှုနိုင်တဲ့ ဥာဏ်မရှိဘူး (မရှိပါဘုရား)။

ဝိပဿနာ အားကိုးမှဘဲ ခင်ဗျားတို့ သံသရာပြတ်တော့မယ် ဆိုတဲ့ဥစ္စာတော့ ဘာမှ လင်းပါးနေစရာမလိုပါဘူး .... (မလိုပါဘုရား) လိုသေးသလား....(မလိုပါဘုရား)။

ကိုင်း ဒါဖြင့် နေရာကျပြီ....တဲ့၊ ကျုပ်ကောင်းစားတာကို သူတို့က မကြည့်နိုင်ဘူးဗျ၊ အဲဒါ ကျုပ်ကမခံချင်ဘူး၊ အံမာ ဒီလိုလာတာ....(မှန်ပါ့ဘုရား)။

ကျုပ်ကောင်းစားတာကို သူတို့အိမ်နီးချင်တွေက ဘာတဲ့.... (မကြည့်ချင်ပါဘုရား) အဲဒါကျုပ်က မခံချင်ဘူး....၊ ဒီလိုကောမသုံးကြဘူးလား....(သုံးကြပါတယ်ဘုရား)။

အင်း- သုခဝေဒနာကို၊ ကျုပ်ကောင်းစားတယ် ဆိုတာ သုခဝေဒနာဘဲ....(မှန်ပါ့) သုခဝေဒနာကို ကျုပ်ကောင်းစားတာကို သူတို့က မကြည့်နိုင်ဘူး၊ ဒါ့ကြောင့် ကျုပ်ကမခံချင်ဘူး-ဆိုတော့ ကျုပ်က မခံချင်တာ အသာထားပါ၊ကိုယ်ဖေါက်ပြန်နေတာ ပြန်မကြည့်မိဘူး....(မှန်ပါ့ဘုရား)။

သုခဝေဒနာကို၊ ကျုပ်တောင်းစားတာ ဆိုတာ သုခဝေဒနာ....(မှန်ပါ့)အဲဒီ့ သုခဝေဒနာကို သူကိုယ်တိုင်က အနိစ္စမမြင်လို့ ကျုပ်က မခံချင်ဘူးဆိုတဲ့ မာနဖြစ်လာတယ် .... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ကျုပ်ကောင်းစားတာကို သူတို့က မနာလိုဘူး၊ မနာလိုတော့ ကျုပ်ကလဲ မခံချင်ဘူးဗျ .... (မှန်ပါ)ဒါ ကျုပ်က မှားသလား၊ ခင်ဗျားတို့ ပြောပါဦး....၊ အံမာ-အရပ်မျှား တိုင်ပင်နေလိုက်သေးတယ်....(မှန်ပါ့) ကျုပ်က မှားနေတာ အပြီးသတ်တော့ (မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သူက မှားနေတာတုံး( ကျုပ်ကမှားနေတာပါဘုရား)

နို့ အရပ်က ဘယ်လိုဆုံးဖြတ်ချက် ချပေးသတုံး ဆိုတော့ ဟိုကသိမှမသိဘဲကိုး မသိတော့ - ကွာ .... မင်းက မှန်တာတော့ အသိသားဘဲ၊ မှန်ပေမဲ့ သည်းခံလိုက်၊ ဒါဘဲပြောလိုက်တယ်.... (မှန်ပါ့)မင်းတို့က မှားနေတာ....(မှန်ပါ့ဘုရား)။

အပြီးသတ်တော့ ဟိုဆုံးဖြတ်ချက်ချတဲ့ တရားသူကြီးကလဲ သိပ်လွဲတယ်၊ မလွဲဘူးလား.... (လွဲပါတယ်ဘုရား) ဘာဖြစ်လို့တုံး- ဥပဒေနားမလည်တဲ့ မြတ်စွာဘုရားဟောတော်မူတဲ့ဥပဒေကို နားမလည်တဲ့ ပုဂ္ဂိုလ်ကို ခုံတင်လိုက်တာကိုး .... (မှန်ပါ့ဘုရား) ခုံတင်လိုက်တော့ မင်းကမှန်ပါတယ် ပြောနေတယ်.... (မှန်ပါ့) မှန်ပေမဲ့ သည်းခံလိုက်ပါဆိုတော့- မှန်မှမမှန်ဘဲ .... (မှန်လှပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ စကားတတ်လို့ ပြောတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ ဒီအတိုင်းဖြစ်နေလို့ ပြောတာပါ....(မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီ)ဒါဖြင့် ဟိုလူပြောတာ ယုံမလားတဲ့ ဘုရားကဟောတာ ယုံမလား....(ဘုရားဟောတာယုံပါမယ်ဘုရား)။

ကျုပ်က မခံချင်တဲ့ဥစ္စာ ဒါ-ပါဘဲ၊အို .... မခံချင်မရှိပါနဲ့ ကွာ မင်းကမမှားပါဘူး၊ သူကမှားနေတာ၊ အံမာ ဒီလိုမျိုး ဆုံးဖြတ်ချက်ချပေးတယ်....(မှန်ပါဘုရား)။

နောက်ကျတော့ ခင်ဗျားတို့ကလဲ အဲဒီလူကြီး ပြောတာကိုဘဲ ယုံနေတယ်၊အင်း....သူတို့က ရှေ့မှီ-နောက်မှီ၊ပိဋကတ်ဘတ်တွေ၊ ဟာ-သွားပြီပေါ့....(မှန်ပါ) မသွားသေဘူးလား....(သွားပါပြီ ဘုရား)။

သွားပြီ၊ အပြီးသတ်တော့ သူကစ,ပြီး မှားနေတာ .... ( မှန်ပါ ) ရှင်းပလား....( ရှင်းပါပြီ ) ဒါဖြင့် ခင်ဗျားတို့ ခုံတင်စရာ လူ့ကို အရှားကြီးဗျ....(အရှားကြီးပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အံမာလေး .... မနေ့ည်းကို ရွာထဲကလူတွေ အကုန်ပြန်ဖျက်ရသေးတယ်....(မှန်ပါ) မဖျက်လို့ရှိယင် မင်းတို့ကလဲ လူကြီးတိုင်ဦးမယ်ပြောချင်ပြောနေမှာ....(မှန်ပါဘုရား) မပြောပေဘူးလား (ပြောပါတယ်ဘုရား)။

တိုင်လိုက်တဲ့ လူကြီးကလဲ မင်းကမှန်ပါတယ် ပြောနေတော့ သူမာနတက်တာက သူ့နိစ္စသညာကြောင့် သူတက်နေတာ.... (မှန်ပါဘုရား)။

အဲဒီ့လူကို ဟိုလူကြီးလုပ်တဲ့လူက မှန်ပါတယ်ပြောနေတော့ ဦးသံဒိုင် သွားရောပေါ့ဗျ(သွားပါပြီဘုရား)မသွားသေးဘူးလား (သွားပါပြီဘုရား)။

ကဲ....ရှင်းကြပလား....(မှန်ပါ့)အဲဒီတော့ ဒီအတိုင်းမှတ်ကြပါ တဲ့၊ ကိုယ့်သန္တာန်မှာ ဘယ်သူပြောလို့ မခံချင်ယင် ဘယ်သူကဲ့ မျက်စောင်းထိုးလို့ မခံချင်ယင်နေ့၊ ဘယ်သူက ကိုယ့်ရှေ့ကျမှ ကိုယ့်အိမ်နားကျမှ ဘိနပ်ဆောင့်နင်းသွားလို့ မခံချင်ယင်ရှိ၊ ဘယ်ကလာတာတုံး—သူကဆိုးတာလား ဆိုလို့ရှိယင်ဖြင့် ကိုယ့် နိစ္စသညာက လာတာ....(မှန်ပါ့)ရှင်းပလား .... (ရှင်းပါပြီ)။

ဘယ်လိုမှတ်ကြမယ်.... (ကိုယ့်နိစ္စသညာကလာတာပါ) နိစ္စ သညာ ဘယ်ကလာသတုံး မေးပြန်တော့.... (နှလုံးသွင်းမှားက လာပါတယ်) နှလုံးသွင်းက ဘယ့်နှယ်ကြောင့်မှားရတာတုံး.... (မသိလို့ပါဘုရား)။

မသိလို့မှားတော့ သူ့မှာ အဝိဇ္ဇာရယ် အယောနိသော မနသိကာရရယ် အုပ်ချုပ်နေတော့ နိစ္စသညာက ပေါ်လာတယ် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ အနိစ္စကိုခင်ဗျားတို့ သေသေချာချာ နှလုံးသွင်းနိုင် လို့ရှိယင်နှလုံးသွင်းကမှန်သွားမှာဘဲ၊ အဝိဇ္ဇာကလဲ ချုပ်မှာဘဲ၊ ပပ္ပဥ္စကလဲသေမှာဘဲ....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဝိပဿနာ အဘိုးတန်အောင် ပြောလို့ တန်တာ လား၊ဖြစ်စဉ်အကိုက်ဘဲလား ဆိုတာ အကဲခတ်ကြည့်....(ဖြစ်စဉ် အကိုက်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာလွတ်လို့ဖြင့် ခင်ဗျားတို့သံသရာမှ တွက်ရာလမ်းကို မဟောနိုင်တော့ဘူး....(မှန်ပါ) ဟောနိုင်စရာအကြောင်းရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာညာဏ်စိုက်မှဘဲရမယ်....(မှန်ပါဘုရား) နောက်က တကာ တကာမတွေ ဘာလုပ်ကြမယ်.... (ခန္ဓာညာဏ်စိုက်မှ ရမှာပါဘုရား)။

ခန္ဓာညာဏ်စိုက်တဲ့ အခါကျတော့ ခန္ဓာကကျုပ်ဟာ ဩဿည်ပါအာဂန္တုပါဆိုပြီးဝေဒနာကလေးတွေကလဲဖြစ်ပြီးပျောက်သွားတယ်၊ စိတ်လေးလေးတွေကလဲ....(ဖြစ်ပြီး ပျောက်သွားပါတယ်)။

အင်း... သူတို့က ဘယ်လိုပြောသလဲ-ကျုပ်တို့ ဩဿည်ပါချည့် ပြောတယ်....(မှန်ပါ) မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

အဲဒီ့ဩဿည်ကို ခင်ဗျားတို့က အိမ်သည် လုပ်ပစ်လိုက်လို့ခက်နေတာ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ) ဩဿည်ကို....(အိမ်သည်လုပ်ပစ်လိုက်ပါတယ်ဘုရား)။

ဩြော်....ခင်ဗျားတို့ကလဲဩဿည်ကိုအိမ်သည်လုပ်၊ခက်လိုက်တဲ့ ဖြစ်ခြင်းကလဲ ပြောစရာတွေကလဲ သိပ်များ ပါလား .... (မှန်ပါ)အလွဲတွေကများနေတော့ ပေးစရာကိုမရှိဘူး....(မှန်ပါ) ပေးစရာ မရှိဘူး ပြင်စရာနဲ့ ဆင်စရာချည့်ဘဲ ဖြစ်နေတယ်ဆိုတာပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကဲ ခန္ဓာကိုယ်က ဩဿည်လား၊ အိမ်သည်လား .... (ဩဿည်ပါဘုရား)ခန္ဓာကကြည့်-ဝေဒနက္ခန္ဓာလေ(မှန်ပါ) သုခပေါ်

ပြီးလဲ ပျောက်သွားတာဘဲ .... (ပျောက်သွားပါတယ်ဘုရား)။ ဒုက္ခပေါ်ပြီး....(ပျောက်သွားပါတယ်ဘုရား) ဥပေက္ခာပေါ်ပြီး (ပျောက်သွားပါတယ်ဘုရား)။

ပျောက်တာဘဲ၊ ဒါဖြင့် သူက ဘယ်လိုပြောနေသတုံး၊ကျုပ် ညော့်သည်လို့ပြောသလား၊ အိမ်သည်လို့ပြောသလား.... (ညော့် သည်လို့ပြောပါတယ်)ခင်ဗျားတို့က ဘယ်နှယ် ထင်နေသတုံး.... (အိမ်သည် ထင်နေပါတယ်ဘုရား)။

အိမ်သည်ထင်နေတော့ကျုပ်အသက်အများကြီးနေရဦးမှာဗျ (မှန်ပါ) သေကိုမသေဘူးသူက.... (မှန်ပါ) သေတာမှမမြင်ဘဲ ကိုး.... (မြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

ကျုပ်က အများကြီး နေရဦးမှာ၊ နက်ဖြန်သေမှာဖြင့် စွန့်ခဲ့ တယ်ကျုပ်က.... (မှန်ပါ)။

အံမာ လာသေးတယ်၊ နက်ဖြန်သေမှာဖြင့် ကျုပ် ဘာမှ ဒီဟာတွေကို ပြောဆိုနေမှာမဟုတ်ဘူး၊ အခုတော့ ကိုယ့်လဲ အ ညွန့်ကလေးတွေနဲ့ဆိုတော့ ရှေ့တက်ဦးမှာဆိုတော့ မသေကို မသေဘူး၊ အညွန့်တောင် ပေါက်ဦးမှာ သူ့ဟာက....(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဘာဖြစ်မှာတုံး.... (အညွန့်တောင် ပေါက်ဦးမှာပါဘုရား) ကိုယ်အညွန့်မပေါက်လို့ရှိယင်လဲ ကျုပ်မှာ သားညွန့် သမီးညွန့် နဲ့လာဦးမှာဘဲ.... (မှန်ပါဘုရား) မလာပေဘူးလား.... (လာပါ တယ်ဘုရား)။

ဪ.... လောကကြီးထဲမှာ ဒီတရားနဲ့ ဦးသံဒိုင်သွားပြီပေါ့ ဟင်.... (သွားပါပြီ)။

လောကကြီး အထင်အမြင်နဲ့တော့ အခုသေသေချာချာ ပင်ရင်းကိုလိုက်ပြီး ဓမ္မအစစ်ကို လျှောက်ပြီး ပင်ရင်း ရှာဖော်လိုက်တဲ့အခါကျတော့ကို အလွဲချည်းဘဲ လုပ်ထားတယ်....(မှန်ပါ့) ဆိုနိုင်ကြသလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဘာတွေ လုပ်နေသတုံး.... ( အလွဲချည်း လုပ်နေပါတယ် ဘုရား)။

အလွဲ ဘယ်က စလွဲတာတုံး....ဆိုလို့ရှိယင်ဖြင့် သညာကစလွဲပါတယ်.... (မှန်ပါ့) နိစ္စသညာက စ-လွဲပါတယ်၊ နိစ္စသညာ လာလို့ရှိယင်ဖြင့် နိစ္စစိတ်က လာတော့မှာဘဲ.... (မှန်ပါ့ဘုရား) ဒါဆက်ပြီး နားထောင်ပါ။

နိစ္စသညာလာယင်.... (နိစ္စစိတ်ကလဲ လာမှာပါဘုရား) နိစ္စစိတ်က လာလို့ရှိယင်လဲ နိစ္စဒိဋ္ဌိက လာတော့မှာဘဲ.... (မှန်ပါ့) သွားပြီပေါ့ဗျ.... (မှန်ပါ့) မသွားသေးဘူးလား.... (သွားပါပြီဘုရား)။

နိစ္စသညာလာယင်.... (နိစ္စစိတ် လာမှာပါ) နိစ္စစိတ္တလာယင် (နိစ္စဒိဋ္ဌိလာမှာပါဘုရား)။

နိစ္စဒိဋ္ဌိ လာတော့မယ်ဆိုတော့ ဪ.... ဒါဖြင့် ဒို့မှာဖြင့် တလုံးမှလဲ အခုပြောတဲ့အထဲကဒို့လွတ်တာမပါဘူး.... (မှန်ပါ့) ဒို့မှာ နိစ္စသညာကလဲရှိတယ်၊ နိစ္စသညာရှိတော့ကို နိစ္စစိတ္တကလဲ (ရှိပါတယ်ဘုရား)။

နိစ္စဆိုတာ ခိုင်မြဲတာ၊ စိတ္တက- အသိ- နေ့ ၁....(မှန်ပါ)နိစ္စဆိုတာ ခိုင်မြဲတာ၊ ဒိဋ္ဌိက- အယူ၊ခိုင်မြဲတယ်လို့ ယူထားပြန်ပြီ (မှန်ပါဘုရား) မယူဘူးလား.... (ယူပါတယ်ဘုရား)။

ဒါဖြင့် တချက်မှားလို့ရှိယင်ဖြင့် နောက်ကအမှားနှစ်ခုလိုက်မှာဘဲ.... (မှန်ပါဘုရား) မလိုက်ပေဘူးလား.... (လိုက်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီနေ့တရားမှာ အရင်းထုတ်တဲ့တရားဆိုတာကော သဘောပါပလား.... (ပါပါပြီဘုရား)။

●ဩော်.... သူကလာတာ- သူကလာတာ၊ နိစ္စသညာကို ဒို့....အနိစ္စသညာဖြစ်အောင် ဟောနိုင်တဲ့ဆရာနဲ့တွေ့မှ တွေ့ပြန်လို့ရှိယင်လဲ ကိုယ့်သန္တာန်မှာ အနိစ္စသညာ တကယ်ရှိတာကို ဉာဏ်နဲ့တွေ့ဘို့။

ဟောနိုင်တဲ့ဆရာနဲ့တွေ့မှု ၁-နံပါတ် အရေးကြီးတယ်....(မှန်ပါဘုရား) ၂-နံပါတ် ကိုယ့်ဉာဏ်နဲ့ တွေ့မှုက (အရေးကြီးပါတယ်ဘုရား) အရေးကြီးတယ်၊ ဒီနှစ်ခု ပိုင်လို့ရှိယင် ခင်ဗျားတို့ သေချာပါပြီ.... (မှန်ပါ) သေသေချာချာ သံသရာမှထွက်ပါတယ်.... (မှန်ပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သံသရာမှ ထွက်ချင်လို့ရှိယင်ဖြင့် နိစ္စသညာကိုအနိစ္စသညာ ဖြစ်အောင် ဟောပေးနိုင်တဲ့ ဆရာနဲ့တွေ့ဘို့ ၁-နံပါတ် အရေးကြီးတယ်.... (မှန်ပါ ဘုရား) ၂-နံပါတ်က ကိုယ်တိုင် အနိစ္စသညာနဲ့ ကိုယ့်ဉာဏ်နဲ့တွေ့ဘို့အရေးကြီးပါတယ်)အရေးကြီးတယ်။

ဒီနှစ်ခု မပိုင်သေးသရွေ့ ဘာဆုတောင်းနေနေ ဘာလုပ်နေနေ ထွက်ရပ်လမ်း မပါသေး.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

နိဗ္ဗာန်ထွက်ရပ်လမ်း.... (မပါသေးပါဘုရား) မပါသေးဘူး ဆိုတာ သဘောကျကြပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဒီနေ့တရားမှာဖြင့်....တဲ့ အခြေခံတွေပါပြီ....(တွေ့ပါပြီဘုရား) ဘာတွေ့သတုံး....(အနိစ္စသညာတွေ့ပါတယ်) အခြေခံ ဆိုတာ ဘာပါလိမ့်....(အနိစ္စသညာပါဘုရား)။

နိစ္စသညာကို အနိစ္စသညာ မဖြစ်သရွေ့ကာလပတ်လုံးခုနင်က အမှတ်မှားနဲ့ အသိမှားနဲ့ အယူမှားလိုက်မှာဘဲ....(မှန်ပါ့ဘုရား) မလိုက်ပေဘူးလား.... လိုက်မလား.... (လိုက်မှာပါဘုရား)။

ဒါဖြင့် သာမည အရေးကြီးသလား.... အလွန့်အလွန် အရေးကြီးသလားဆိုတာကို ခင်ဗျားတို့ အကဲခတ်တော့.... (အလွန့်အလွန် အရေးကြီးပါတယ်ဘုရား)။

ဒါကလေး ခင်ဗျားတို့ ယနေ့ကြားရတဲ့ဥစ္စာ တသံသရာလုံး မကြားရဘူးတဲ့စကား.... (မှန်ပါ့ဘုရား)။

အတော်ခဲယဉ်းတယ်....(မှန်ပါ့) အကြောင်းအကျိုးဆက်ပြီး သေသေချာချာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောတော့ ကိုယ့်ဖြစ်စဉ်နဲ့ကလဲ နောက်က တကာတကာမှတွေ့ တန်းနေတာဘဲ.... (မှန်ပါ့ဘုရား) ငြင်းဘို့ကော ပါသေးလား.... (မပါ-ပါဘုရား)။

ဟာ.... ဒါမဟုတ်ဘူးလို့ နည်းနည်း ကလေး ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်က ပြောစရာတောင်မှ ဘုရားကလဲ အကြွက်မပေးတော့ ဘူး.... (မှန်ပါ့ဘုရား) ကဲ.... ဒါဖြင့် နေရာကျကြပလား.... ကျပါပြီဘုရား)။

ဒါဖြင့် တရားမှာ ဘယ်လမ်းဆုံးပါလိမ့်မတုံးဆိုတော့ အနိစ္စ ဉာဏ်-သွားပြီးလမ်းဆုံးပါလားဆိုတာ ပေါ်လာတယ်(ပေါ်ပါ တယ်ဘုရား)။

တကာတကာမတို့ ဘယ်မှာလမ်းဆုံးသလဲ.... (အနိစ္စဉာဏ်မှာ လမ်းဆုံးပါတယ်ဘုရား)။

ဒါဖြင့် ဒီဉာဏ်မရသ၍ကာလပတ်လုံး ခင်ဗျားတို့မှာ သာသ နာတွင်း ဖြစ်ငြားသော်လဲ သာသနာပဘဲလို့ မှတ်လိုက်ပါတော့ (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ့်နှယ်ကြောင့်တုံး....လို့ ဆိုလို့ရှိယင်ဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိသာရှိတယ်၊ ဗာဟိရ သမ္မာဒိဋ္ဌိသာရှိတယ်၊ သာသနိက သမ္မာဒိဋ္ဌိမရှိဘူး.... (မှန်ပါ့)။

ဗာဟိရ သမ္မာဒိဋ္ဌိဆိုတာက လူဒါန်း ပေးကမ်းပြီးသကာလ နေကြတာ သြော်... ကောင်းတာ လုပ်ယင် ကောင်းကျိုးပေး တယ်လို့ ဒါလောက်ဘဲသိတယ်.... (မှန်ပါ့)ဗာဟိရသမ္မာဒိဋ္ဌိတဲ့ အဲဒါ၊ သာသနာပ သမ္မာဒိဋ္ဌိ၊ ဟုတ်ပလား....(မှန်ပါ့)။

သာသနိက သမ္မာဒိဋ္ဌိဆိုတာ သာသနာတွင်းမှာရှိတဲ့ သမ္မာ ဒိဋ္ဌိကတော့ နိစ္စသညာကို အနိစ္စသညာဖြစ်အောင် ရှုနိုင်မှ သာသ

နာတွင်းသား သမ္မာဒိဋ္ဌိ ဖြစ်မယ်.... ( မှန်ပါ ) ရှင်းပလား.... (ရှင်းပါပြီ)။

တော်တော် အရေးကြီးတဲ့ စကားနှစ်လုံးလို့လဲ မှတ်လိုက်စမ်းပါဦး.... (မှန်ပါ)။

ဗာဟိရဆိုတာ ပြင်ဘက်၊ သမ္မာဒိဋ္ဌိကတော့ သမ္မာဒိဋ္ဌိ၊အဲဒါ ကမ္မဿကတာ သမ္မာဒိဋ္ဌိကိုဆိုတယ်...(မှန်ပါဘုရား)။

ဒီလိုလုယင် ဒီလိုဖြစ်တယ်၊ဟိုလိုလုယင် ဟိုလိုဖြစ်တယ်၊အဲဒါ လောကသိနေတဲ့ဥစ္စာကတော့ သံသရာမပြတ်ပါဘူး.... (မှန်ပါ) ပြတ်သေးရဲ့လား.... (မပြတ်ပါဘုရား)။

အဲဒီတော့ကို သေသေချာချာ ဝေဘန်တော့မှ ခြေ...ဒို့ ဘာသမ္မာဒိဋ္ဌိပါတုံး၊ သာသနာပ သမ္မာဒိဋ္ဌိလား.... သာသနာတွင်း သမ္မာဒိဋ္ဌိလားဆိုတာ ကိုယ့်ဟာကိုယ် ဝေဘန်တော့ဖြင့် နို့စသညာ မဖြတ်နိုင်သ၍ ကာလပတ်လုံးမှာဖြင့် တကာတကာမတို့ သာသနာပ သမ္မာဒိဋ္ဌိဘဲ ခင်ဗျားတို့မှာရှိတယ်.... (မှန်ပါဘုရား) သာသနာတွင်း သမ္မာဒိဋ္ဌိ.... (မရှိပါ ဘုရား) မရှိဘူးတဲ့ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါ သေးသေးသိမ်သိမ် ပြောနေတဲ့ တရားလို့ ဦးသံဒိုင်တို့ လူစုက သွားမယူနဲ့ဦး....(မယူပါဘုရား) အင်မတန် အရေးကြီးပါတယ်....(ကြီးပါတယ်ဘုရား) အင်မတန် အရေးကြီးတယ်-တဲ့၊ ဒီဥစ္စာ။

နို့မဟုတ်လို့ရှိယင် သာသနာတွင်းကို မရောက်ဘဲ ဖြစ်နေတယ်၊ သာသနာတွင်း မရောက်တဲ့ အခါကျတော့ကိုတဲ့၊ ဘယ့်

နှယ်ဖြစ်သွားမတုံးဆိုတော့ ဘုရားပွင့်တဲ့နယ်ထဲ မဝင်လာဘူး ဖြစ်နေတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ဘုရားပွင့်တဲ့နယ်ထဲ မဝင်လာဘူး ဆိုလို့ ရှိယင်ဖြင့် ကျွတ်တမ်းဝေးပါသေးရဲ့လို့ ပြောရုံဘဲရှိမှာဘဲ.... (မှန်ပါ) တခြား ဘာပြောစရာရှိသေးသတုံး....(မရှိပါဘုရား)။

ကိုင်း....ဒါဖြင့် နာရီကလဲနိုးလာတော့ အကြောင်း အကျိုးဆက်ပြီး ဝိပဿနာဉာဏ် သွင်းကြစို့....(မှန်ပါ)။

သံသရာကြီးမှာ အိုဘေး-နာဘေး ဘယ်ကလာပါလိမ့်မတုံး....(မာနကလာပါတယ်) မာန ပပဉ္စက လာတယ်....(မှန်ပါ)။

ဒီမာနကလဲ တကာ တကာမတို့ မိုးပေါ်ကြလားလို့ မေးလိုက်တယ်.... (မဟုတ်ပါဘုရား) ဘယ်ကလာတာတုံး.... (နိစ္စသညာက လာပါတယ်ဘုရား) ဪ....နိစ္စသညာက လာတယ်-နော်....။

ဒီနိစ္စ သညာကလဲ အလိုလိုလာတာလားလို့ မေးပြန်တော့....( မဟုတ်ပါဘုရား နှလုံးသွင်းမှားက လာတာပါ ) နှလုံးသွင်းမှားကလာတယ်...(မှန်ပါ) မှန်ပြီ၊ အယောနိသော မနသိကာရက လာတယ်။

ဒီ အယောနိသော မနသိကာရ ကလဲတဲ့၊ သိသောပုဂ္ဂိုလ်မှာ လာသလား....၊ မသိသောပုဂ္ဂိုလ်မှာ လာသလား.... (မသိသောပုဂ္ဂိုလ်မှာ လာပါတယ်ဘုရား) ဒါဖြင့် အဝိဇ္ဇာဘဲ ပြန်ရောက်တယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် အနုလောမပြန်လှည့်၊ အဝိဇ္ဇာရှိလို့ နှလုံးသွင်း မှားတယ်.... (မှန်ပါ) နှလုံးသွင်းမှားလို့ နိစ္စသညာဖြစ်တယ်.... (မှန်ပါ) နိစ္စသညာဖြစ်လို့ မာနလာတယ်....(မှန်ပါ) မာနလာလို့ သံသရာရှည်သွားတယ်....(မှန်ပါ) ပေါ်ပလား.... (ပေါ်ပါပြီ)။

ကောင်းပြီ ဒါဖြင့် အကြောင်း အကျိုးစပ်တဲ့တရား ဖြစ်နေပြီဆိုတာတော့ မောင်သစ်တို့ ယုံကြည်ပြီ....( မှန်ပါဘုရား ) အကြောင်းအကျိုး ဆက်မိကြပလား.... (ဆက်မိပါပြီဘုရား) ကြားဝင်စရာ ရှိသေးသလား.... (မရှိပါဘုရား)။

မရှိတော့ကို-တဲ့၊ ဒီသံသရာကြီးဟာဖြင့် ဒီလိုချည့် တပည့်တော်တို့ အလုပ်လက်မဲ့ နေကြတော့မယ် ဆိုလို့ရှိယင် ဒီ-သံသရာဟာ ဖြတ်ပေးမည့်လူလဲ မရှိပါဘူး.... (မရှိပါဘုရား)။

အလုပ်လက်မဲ့သာ နေကြတော့မယ်၊ ဝိပဿနာ အလုပ်—မလုပ်တော့ပါဘူး ဟုတ်လား....၊ တပည့်တော်တို့ ထုံးစံအတိုင်းဘဲ နေပါတော့မယ်ဆိုယင် ဒီသံသရာဘယ်သူမှ ဖြတ်မပေးနိုင်ဘူး....(မှန်ပါ)။

ဖြတ်ပေးနိုင်တဲ့ ဝတ္တုရားကော ရှိရဲ့လား....(မရှိပါဘုရား)။

ဒီအခုပြောခဲ့တဲ့ ငါးချက်ဆက်ပြလိုက်တဲ့ အခါကျတော့မှ ဩော်.... သံသရာ ဖြတ်ချင်လို့ရှိယင် နိစ္စသညာကို အနိစ္စသညာ လုပ်မှ တခါတည်း တကာ တကာမတို့ ဒီဘက်ကလဲ နှစ်ခုပြတ်တယ်၊ ဒီဘက်ကလဲနှစ်ခုပြတ်တယ်....(မှန်ပါ)သူ့ အလည်ကနေ ဖြတ်လိုက်တယ်....(မှန်ပါ)။

ဒီဘက်က အယောနိသော မနသိကာရနဲ့ ဘုန်းကြီး လက်ဝဲဘက်က အယောနိသော မနသိကာရနဲ့ အဝိဇ္ဇာချုပ်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဒါဖြင့် မာနနဲ့ဇာတိဇရာ မရဏ ချုပ်တယ်....(မှန်ပါ့) မချုပ်ဘူးလား....(ချုပ်ပါတယ်)။

အဲဒီတော့ ခင်ဗျားတို့ ဒီတလုံးကို ကြိုးစားပါ.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

အနိစ္စသညာကို.... ( ကြိုးစားရပါမယ် ) အနိစ္စသညာကို ကြိုးစားပါ....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)။

ဘာကို ကြိုးစားရမလဲ.... ( အနိစ္စသညာကို ကြိုးစားရပါမယ်)။

အဲ....အနိစ္စသညာတလုံးကို မောင်သစ်တို့က ပိုင်ပိုင်နိုင်နိုင်ကျကျနန ကြိုးစားလိုက်လို့ ရှိယင် ဒီဘက်က-ဒီဘက်က နှစ်လုံးကလဲ အလိုလိုပြီးတယ်....(ပြီးပါတယ်ဘုရား) ဒီဘက်က နှစ်ခုကကော (ပြီးပါတယ်ဘုရား)။

အဲ....ဒါးကောင်းကောင်းနဲ့ အလည်ကနေဖြတ်လိုက်တဲ့အခါကျတော့ နှစ်ဘက်စလုံး အသုံးချလို့မဖြစ်အောင် ဖြစ်သွားတယ်....(မှန်ပါ့)။

ဒီဘက်က အဝိဇ္ဇာနဲ့ အယောနိသောမနသိကာရကလဲ ဝိဇ္ဇာနဲ့ ယောနိသော မနသိကာရဖြစ်တယ်... (မှန်ပါ့)ဒီဘက်ကလဲ မာနက ချုပ်သွားပြီ၊ ဟို ခန္ဓာ သံသရာကြီးကလဲ မလာတော့ဘူး....(မှန်ပါ့) လာသေးရဲ့လား....(မလာပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဝိပဿနာသည် သာသနိက သမ္မာဒိဋ္ဌိ....တဲ့....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဝိပဿနာသည်....(သာသနိက သမ္မာဒိဋ္ဌိပါ)။

သာသနိကဆိုတာ သာသနာတွင်း၊ သမ္မာဒိဋ္ဌိတဲ့၊ မင်းတို့ သာသနာပ သမ္မာဒိဋ္ဌိ မဟုတ်ဘူး-တဲ့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဘာကို အဓိကထားကြမယ်.... (ဝိပဿနာကို အဓိကထားကြပါမယ်)ဝိပဿနာ အဓိက ထားရမယ်ဆိုတာတော့တကာ တကာမတွေ ပေါ်ပါပြီ....(မှန်ပါ့ဘုရား)။

ဒါ အကြောင်း အကျိုးဆက်ပြီး သေသေချာချာ ဝေဘန်တော့မှ ဦးသံဒိုင် ဒါပေါ်လာတာ.... (မှန်ပါ့) နို့မဟုတ်ယင် ပေါ်ပါ့မလား....(မပေါ်ပါဘုရား) မပေါ်ဘူး-တဲ့၊ မပေါ်ဘူး။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာ တခုခုတော့ ကိုင်ကြပေတော့.... (မှန်ပါ့ဘုရား) မကိုင်ယင်တော့ဖြင့်.... (မရပါဘုရား)။

မကိုင်ယင်တော့ဖြင့် ခင်ဗျားတို့ အင်း....အဝိဇ္ဇာကလဲမချုပ်၊ နှလုံးသွင်းမှားဆိုတာကလဲ.... (မပျောက်ပါ) ဒီဘက်က မရဏကလဲ မချုပ်၊ ဟိုဘက်က သံသရာကလဲမပြတ်....(မှန်ပါ့)ပြတ်နိုင်ပါ့မလား....(မပြတ်နိုင်ပါဘုရား) ဒါဖြင့် ဘာအရေးကြီးသတုံး (ဝိပဿနာ အရေးကြီးပါတယ်)။

ဝိပဿနာ ဘယ့်နှယ်ကြောင့် အရေးကြီးပါလိမ့်မတုံး မေးတော့ သာသနာတွင်း တရားမို့.... (မှန်ပါ့ဘုရား)။

သူက ဘယ်အခါမှ မပေါ်ဘူး၊ ဘုရားသာသနာရှိတုံးဘဲ ပေါ်လိုက်တာဘဲ....(မှန်ပါ) သူမရှိယင် ပျောက်ထွက်သွားတာဘဲ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒီတော့ ဒီဝိပဿနာဟာ ဘာတုံးလို့ မေးတဲ့အခါကျတော့ သာမည ပြောတော့ အဖန်ဏလဲလဲ ရှုတာ ဝိပဿနာဘဲ၊ ဘာဟုတ်မလဲ သစ္စာသိတာ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဝိပဿနာဆိုတာ ဘာပါလိမ့်.... (သစ္စာသိတာပါဘုရား)။

ဖြစ်ပျက်နေတာသည် ဝေဒနာကလေးဟာ ဖြစ်ပျက်နေတယ် ဟုတ်လား....(မှန်ပါ)ဝေဒနာကလဲ နဂိုက သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စံလို့ ဆိုသောကြောင့် ဝေဒနာကလဲ ဒုက္ခ သစ္စာဘဲ....(မှန်ပါ) ရှင်းပြီ....(ရှင်းပါပြီ)။

ဝေဒနာကလဲ....(ဒုက္ခသစ္စာပါဘဲ)ဒုက္ခသစ္စာ....(မှန်ပါ)။

တခါ ဝေဒနာကလေးကလဲ ပျောက်သွားပြန်တော့ ဝိပရိဏာမကို သူပြောလာတယ်.... ( မှန်ပါ ) ဖေါက်ပြန်ပါပြီ-တဲ့၊ ကျုပ်ဟာ ပင်ကိုယ်သဘော စွန့်ပါပြီလို့ မပြောဘူးလား.... (ပြောပါတယ်)။

အဲဒီလို ပြောပြန်တော့လဲ သူ့လက္ခဏာလဲ ပေါ်မလာဘူးလား....(ပေါ်လာပါတယ်) ဒါဖြင့် ဒုက္ခသစ္စာလဲ ဟုတ်တယ်.... (မှန်ပါ)။

ကဲ....ယနေ့ဒီတွင် တော်ပါဦး

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - တောင်မြို့ မဟ်လာတိုက်

ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

# ဝိပ္ပလ္လာသတံတိုင်းကြီး ဖြိုဖျက်ရန်

# တရားတော်

( ၂ - ၁၂ - ၆၁ )

— ၀ —

သညာ ဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ၊ အကျဉ်းကသုံးပါး၊ သညာ ဝိပ္ပလ္လာသ ဆိုတာက အမှတ်မှားနေတာ၊ စိတ္တဝိပ္ပလ္လာသ ဆိုတာက အသိမှားနေတာ၊ ဒိဋ္ဌိဝိပ္ပလ္လာသ ဆိုတာကတော့ အယူကိုမှားနေတာ၊ အယူဖေါက်ပြန်နေတာ။

ဝိပ္ပလ္လာသ ဘယ်နှစ်ပါးရှိသတုံး....(ဆယ့်နှစ်ပါးရှိပါတယ်) အကျဉ်းချုပ်လိုက်လို့ရှိယင် သုံးပါး.... (မှန်ပါ့) အကျဉ်းချုပ်လိုက်လို့ရှိယင် သုံးပါးလို့ မှတ်ထားကြပါ.... (မှန်ပါ့)။

အကျယ်ဖြန့်လိုက်လို့ရှိယင်တော့ အနိစ္စမှာ နိစ္စလို့မှတ်ထားတဲ့ သညာ ဝိပ္ပလ္လာသ၊ နိစ္စလို့သိထားတဲ့ စိတ္တဝိပ္ပလ္လာသ၊ နိစ္စလို့ယူထားတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ၊ အနိစ္စမှာ သုံးချက်။

ထို့အတူဘဲ ဒုက္ခမှာလဲ သုံးချက်၊ အနတ္တမှာ သုံးချက်၊ အသုဘမှာ သုံးချက် အားလုံး ဘယ်နှစ်ချက် ရသတုံး....(ဆယ့်နှစ်ချက် ရပါတယ်ဘုရား)။

အဲဒီ ဆယ့်နှစ်ချက်ကို မဖေါက်သွန်နိုင်သ၍ ကာလပတ်လုံး ဘယ်အခါကာလမှ ချမ်းသာခွင့်မရဘူးဆိုတာ မှတ်ထားရမယ်.... (မှန်ပါ့)။

အဲဒီတော့ကို အနိစ္စမြင်လို့ရှိယင် မနေ့က မာနစင်တယ်လို့ ပြောခဲ့တယ်။

အနိစ္စမြင်ယင် ဘာစင်သတုံး....(မာနစင်ပါတယ်ဘုရား)။

မာနစင်လို့ရှိယင် မာနပပဉ္စ ချုပ်တယ်လို့ မှတ်ထားပါ.... (မှန်ပါ)။

ဒီနေ့တော့ကို ဒုက္ခကို သုခထင်တဲ့ သညာ ဝိပ္ပလ္လာသ၊ ဒုက္ခ တရားကြီးကို ခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာကြီး၊ ဒီ-ဒုက္ခသစ္စာ ကြီးကို သုခလို့ ဩော်....ကျန်းမာလိုက်ဘာ၊ ဩော်....ချမ်း သာလိုက်တာ အစရှိသည်နဲ့ သိနေတယ်၊ တကယ့်ကို ချမ်းသာ တာဘဲလို့ ယူပစ်လို့ရှိယင်လဲ ဒိဋ္ဌိဝိပ္ပလ္လာသဖြစ်တယ်-(မှန်ပါ)။

အဲဒီတော့ ဒုက္ခသုံးချက်ကို ပြောရမယ်တဲ့၊ ခန္ဓာကိုယ်ကြီး ဟာ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ဒုက္ခသစ္စာကြီးကို စီးပွားရေးကလဲဖြောင့်၊ လူကလဲ ကျန်းမာ သုခလို့ ခန္ဓာကိုယ်ကြီးကို မှတ်ထားယင်လဲ အမှတ်မှား သညာဝိပ္ပလ္လာသ၊ ဒါကို သုခလို့ သိနေပြန်လို့ရှိယင်လဲ အသိ မှား....၊ ဒါ သုခအစစ်ဘဲ- ဒီ့ပြင်သုခမရှိတော့ဘူးလို့ ယူလို့ ရှိယင်လဲ အယူမှားလို့မှတ်ထားပါ။

ကောင်းပြီ ဒါဖြင့် ဒီအမှတ်မှား၊ ဒီအသိမှား၊ ဒီအယူမှား သည် ဘာကို ကျေးဇူး ပြုပါလိမ့် မလဲလို့ မေးလို့ရှိယင်ဖြင့် တဏှာကို ကျေးဇူးပြုပါတယ်လို့ မှတ်ပါ....(မှန်ပါ)ကောင်းပြီ ဒါဖြင့် တဏှာကို ဘယ်လိုကျေးဇူးပြုသလဲလို့ မေးလို့ရှိယင် သုခလို့မှတ်ယင်လဲ သာယာတာဘဲ၊ သုခလို့သိယင်ကော....

(သာယာပါတယ်) သုခလို့ ယူထားယင်ကော.... (သာယာပါတယ်)ဒါဖြင့် တဏှာ ပပဉ္စသွားကျေးဇူးပြုတယ်....(မှန်ပါ)။

တဏှာပပဉ္စ သွားကျေးဇူးပြုတဲ့အတွက် တဏှာ ဥပါဒါန်ကံ ဇာတိဇရာမရဏ ဆိုတော့ ပြိတ္တာလမ်းသွားတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ကျေးဇူးပြုတယ်....(မှန်ပါဘုရား)။

ဘယ်လမ်းသွားတဲ့ ပဋိစ္စသမုပ္ပါဒ် ကျေး ဇူး ပြုသတုံး.... (ပြိတ္တာလမ်းသွားတဲ့ ပဋိစ္စသမုပ္ပါဒ် ကျေးဇူးပြုပါတယ်) ပြိတ္တာလမ်းသွားတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ကျေးဇူးပြုတယ်လို့ သေသေချာချာမှတ်ထားကြပါ။

ဪ....ဒို့မှာ အိမ်မှာ တအိမ်လုံး ကျန်းမာတယ်လို့ မှတ်နေကြလို့ရှိယင်လဲ ဒီအမှတ်ကလေး တခုကနေပြီး အသိလာဦးမှာဘဲ၊ အယူကလဲ လာဦးမှာဘဲ၊ လာခဲ့လို့ရှိယင်ဖြင့် တဏှာဘက်ကျေးဇူးပြုပြီလို့ မှတ်လိုက်ပါ....(မှန်ပါ)။

ဒါဖြင့်သူက တဏှာပပဉ္စ သွားပြီး ကျေးဇူးပြုတယ်၊သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒုက္ခကို သုခလို့ မှတ်နေလို့ရှိယင်လဲ တဏှာ ပပဉ္စကျေးဇူးပြုမှာဘဲ၊ ဒုက္ခကို သုခလို့သိနေလို့ရှိယင်လဲ....(တဏှာပပဉ္စ ကျေးဇူးပြုပါတယ်) ဒုက္ခကို သုခလို့ ယူထားပြန်ယင်လဲ....(တဏှာပပဉ္စ ကျေးဇူးပြုတယ်)။

တဏှာပပဉ္စဘဲ ကျေးဇူးပြုတယ်လို့ ဦးသံဒိုင်တို့ လူစုတွေမှတ်ရလိမ့်မယ်....(မှန်ပါ)။

ခင်ပျားတို့အိမ်မှာ ပျော်နိုင်ကြတယ်၊ သားနဲ့၊ မယားနဲ့၊ ဆွေနဲ့၊ မျိုးနဲ့၊ ပစ္စည်းနဲ့ ပျော်နိုင်ကြတယ်ဆိုတော့ ဝိပ္ပလ္လာသ မပယ်သေးလို့ ပျော်တာဘဲ....(မှန်ပါ)။

ဘာကြောင့် ပျော်နိုင်တာတုံး....(ဝိပ္ပလ္လာသ မပယ်သေးလို့ ပျော်တာပါဘုရား)။

ဝိပ္ပလ္လာသ မပယ်သေးလို့ ပျော်နိုင်ကြတယ်ဆိုတော့ နောက်ဆုံးပိတ် တဏှာပပဉ္စကို ဒီသုံးချက်ကနေပြီး ကျေးဇူးပြုလိုက်တယ်....(မှန်ပါဘုရား) အမှတ်မှား၊ အသိမှား၊ အယူမှားကနေပြီး သကာလ တဏှာ ဥပါဒါန်ကံဘက်ကို သွားပြီး ကျေးဇူးပြုလိုက်တယ်၊ ကျေးဇူးပြုလိုက်တော့ ကိုယ့်အိမ်မှာ ကိုယ်နေရင်းဒါ အပါယ်သွားတာဘဲ....(မှန်ပါဘုရား)။

ကိုယ့်သားမယားနဲ့၊ ကိုယ့်သားသမီးတွေနဲ့၊ ခင်ရင်း-မင်ရင်း ကျင်နာရင်းနဲ့ဘဲ အပါယ်သွားတာဘဲ....(မှန်ပါ)။

ဟဲ့ ဒါဖြင့် ဘုန်းကြီးကို တကာ တကာမတွေက လျှောက်ရမယ်၊ အကုန်သွားဘို့ဘဲ ဒီအတိုင်းဆိုယင်.... ( မှန်ပါ ) အကုန် သွား မှာ ဘဲ လို့ ဘုရားကလဲ ဖြေ ရ တော့ မယ်.... (မှန်ပါ)။

အကုန်သွားမှာဘဲ၊ ဒီအတိုင်းဆိုလို့ရှိယင်တော့၊ ဟာ-အကုန်သွားမှာဘဲလို့ ပြောရမှာဘဲ၊ဒီ-ပဋိစ္စသမုပ္ပါဒ်က သူများလုပ်တဲ့ ပဋိစ္စသမုပ္ပါဒ်မှ မဟုတ်ဘဲ-ဘဲ....(မှန်ပါ) ကိုယ့်အမှတ်မှား၊ကိုယ့်အသိမှား၊ ကိုယ့်အယူမှားကြောင့် ဖြစ်လာတဲ့ ပဋိစ္စသမုပ္ပါဒ်ဖြစ်နေတော့ အကုန်သွားဘို့ပါဘဲ....(မှန်ပါဘုရား)။

ဒါ လျှော့စျေး မပေးနိုင်တော့ဘူး၊ ဘုရားကလဲ....(မှန်ပါ့) ဘုန်းကြီးများကလဲ ဘုရားတပည့်သားဖြစ်နေပြန်တော့ လျှော့စျေးတော့ ပေးကို မပေးနိုင်ဘူး.... ( မှန်ပါ့ )သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် အိပ်နေတာလား၊ အပါယ်သွားတဲ့ အလုပ်-လုပ်နေတာလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(အပါယ်သွားတဲ့ အလုပ်-လုပ်နေကြတာပါဘုရား)။

အပါယ်သွားတဲ့အလုပ်-လုပ်နေတယ်၊ ဒါက မသိလိုက်ဘူး၊ ဘာဖြစ်လို့ မသိသတုံးလို့ မေးတဲ့အခါကျတော့ ကာယကံ မှုတ်လို့ မထင်ရှားဘူး.... (မှန်ပါ့) ဝစီကံလဲမဟုတ်လို့.... (မထင်ရှားပါဘုရား)မနောကံ သက်သက်ဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

မနောကံ သက်သက် ဖြစ်နေတော့ ဘုန်းကြီးတို့ တကာ တကာမတွေ့ ဒီဝိပဿနာအလုပ်မှ ဖြတ်ပေးမည့်လူ မရှိယင်တော့ဖြင့် အပါယ်သော်၄င်း- သုဂတိ အိုးရာ နာရာသော်၄င်း တကြောကတော့ နှစ်ချက်ပို့ဘဲ....(မှန်ပါ့ဘုရား)။

ပြိတ္တာလမ်းလဲ ပို့လိုက်တာဘဲ၊ ဒို့ကျန်းမာတယ်ကွာ၊ ကျန်းမာတယ်လို့ သိတယ်ကွာ၊ ကျန်းမာတယ်လို့ အယူရှိတယ်ကွာ၊ ကျန်းမာသထက် ကျန်းမာအောင်ပေါ့၊ ပရိတ်ကလေး ရွတ်ကြရအောင်၊ ဘုန်းကြီးတွေပင့် ဆွမ်းကလေး ဘာကလေးကျွေးကြဦးစို့ကွ-ဆိုတော့ ဒီအမှတ်မှားတွေကပေမဲ့ ဆွမ်းကျွေး ကွမ်းကျွေး ကျွေးဇူး ပြုသေးတာကိုး....(မှန်ပါ့ဘုရား)။

သွမ်းကျေး-ကွမ်းကျေးတော့ ကျေးဇူးပြုတယ်၊ ဒီလိုနောက် လဲ ကျန်းမာရအောင်ကွ၊ ချမ်းသာရအောင်ကွ၊ ဘာဝကောင်းစား ရေး မလာဘူးလား....(လာပါတယ်ဘုရား)။

ဒီတဏှာကျတော့ တဏှာ ဥပါဒါန် ကံ ဆိုပေမဲ့လဲ ခုနင်က အလှူပေးကံဖြစ်နေပြန်တော့ သုဂတိဘက် ပို့ချလိုက်တယ် .... (မှန်ပါ) နိဗ္ဗာန်တော့ ပို့သလားလို့ မေးပြန်တော့ နိဗ္ဗာန် တော့ မပို့ဘူးကွ၊ ဒီအမှားသုံးချက်က ကျေးဇူးပြုတာ....(မှန်ပါ ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(အမှားသုံးချက်က ကျေးဇူးပြုတာပါ ဘုရား) အမှားသုံးချက်က ကျေးဇူးပြုနေတာဖြစ်တော့ နိဗ္ဗာန် တော့ မသွားဘူးကွ၊ သုဂတိတော့သွားလိမ့်မယ် .... (မှန်ပါ)။

ဒါဖြင့် သူ့ကို ဘာတံုးမေးတော့ ကာမာသဝလို့ ခေါ်တယ် (မှန်ပါ)တဏှာကို ဘာခေါ်ကြမယ်... (ကာမာသဝလို့ခေါ်ပါ တယ်)ဒါဖြင့် ကာမာသဝဖြင့် ကာမဘုံဘဲ သူအကျိုးပေးမှာဘဲ (မှန်ပါ) ကာမာသဝဲဘ နိဗ္ဗာန်အကျိုးပေးတယ်လို့ ထုံးစံမရှိ ဘူး....(မရှိပါဘုရား)။

ဒါဖြင့် ကာမာသဝကဘယ်ကိုအကျိုးပေးမယ်(ကာမဘုံပါ) ကာမဘုံဘဲအကျိုးပေးမယ်၊ ဒီ့ပြင်ကို မသွားနိုင်ပါဘူး....(မှန် ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကာမာသဝကိုး....၊အာသဝက နိဗ္ဗာန်ပို့တယ်လို့ မရှိဘူး.... (မှန်ပါ)အာသဝချုပ်မှ နိဗ္ဗာန်ပို့မှာကိုး....(မှန်ပါ)ကိုင်းဒါဖြင့် ဒီအမှားသုံးချက်ကြောင့်ဖြစ်တဲ့ ကာမာသဝ-လောဘ....(မှန်ပါ)

လောဘဆိုလို့ရှိယင်ဖြင့် တဏှာ၊တဏှာဆို- ဥပါဒါန်၊ ဥပါဒါန်ဆို-ကံ၊ ကမ္မဘဝပစ္စယာ-သုဂတိဇာတို၊ အပါယ်ဇာတိ၊ ဒီဇာတိနှစ်ခုတော့ သူကျေးဇူးပြုနိုင်တယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် နိဗ္ဗာန်လိုချင်လို့ရှိယင်တော့ဖြင့် ဒီဝိပ္ပလ္လာသတွေဘော့ မပယ်ယင် မဖြစ်ဘူး····(မှန်ပါ့)ဝိပ္ပလ္လာသ မပယ်ယင် (မဖြစ်ပါဘုရား) မဖြစ်ဘူးဆိုတာကို လေးလေးစားစားမှတ်ပါ (မှန်ပါ့ဘုရား)။

ဝိပ္ပလ္လာသ ပယ်နိုင်မှရမယ် .... (မှန်ပါ့) ဝိပ္ပလ္လာသပယ်ဖို့ရာလဲ ခင်ဗျားတို့သိတဲ့အတိုင်း....တဲ့၊ သူကပပဉ္စကျေးဇူး ပြုနေတော့ ဒီဝိပ္ပလ္လာသကြောင့် သုခထင်တဲ့ ဝိပ္ပလ္လာသကြောင့် တဏှာလာဘာ(မှန်ပါ့)သုခလို့မှတ်သုခလို့သိ-သုခလို့ယူထားလို့ တဏှာလာဘာ....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် နာမရူပပရိစ္ဆေဒကျမ်းက အမှားသုံးချက် ဝိုင်းနေတယ်ကွတဲ့၊ ဒီအမှားသုံးချက်ကလဲ ဘုန်းကြီး ရှင်းပြပါမယ်တဲ့၊ ခင်ဗျားတို့နတ်ဖြစ်လဲ အမှားသုံးချက် အုဋ္ဌတွေက ဝိုင်းပြီးကာထားတယ်....(မှန်ပါ့ဘုရား)။

နတ်ဖြစ်လဲ....(အမှားသုံးချက်အုဋ္ဌတွေကဝိုင်းပြီးကာထားပါတယ်)ဝိုင်းကာထားတယ်၊ ဒါဖြင့် အဲဒီဘဝမှား ထားတာကြီးကိုဖျက်ခဲ့ရဲ့လားလို့မေးတော့ မဖျက်ခဲ့ဘူး.... (မှန်ပါ့) မဖျက်ခဲ့တော့ ဒါကြီးဟာ အနုသယသဘောနဲ့ကိန်းနေတာဘဲ....(မှန်ပါ့ဘုရား)။

နောက်ဘဝ ရောက်ပြန်တော့ ဒီအမှားသုံးချက်က ဖြတ်ပါ သလားလို့ မေးပြန်တော့ .... (မဖြတ်ပါဘုရား) မဖြတ်နိုင်ဘူး၊ သူကထပ်ဆင့်တယ်....(မှန်ပါ့ဘုရား)။

ဒီလိုချည့် ထပ်ဆင့်ဆင့်-ဆင့်ဆင့်ပြီး လာတဲ့အတွက် ပုဂ္ဂိုလ် တယောက်မှာ ဒီအမှားသုံးချက်ဆိုတဲ့ အဋ္ဌတွေက တခါတည်း ရှုံရုံ-ရုံရုံပြီး ပတ်သွားတဲ့ဥစ္စာ အဋ္ဌတံတိုင်းကြီးသဘွယ် ဖြစ်ပြီး သကာလ လေးဘက်လေးတန်က ဝိုင်းပြီး မြင့်မား လိုက်တာလဲ ဘုရားက မပြောနိုင်ဘူးဟော့....တဲ့၊သူတို့က ဘယ်တော့မှဖြိုချခဲ့ ဘာလဲမဟုတ်ဘူးတဲ့....(မှန်ပါ့ဘုရား)။

သညာဝိပ္ပလ္လာသ စိတ္တဝိပ္ပလ္လာသ ဒိဋ္ဌိဝိပ္ပလ္လာသအဋ္ဌတွေဟာ ခန္ဓာဝိုင်းနေတာဘဲ....(မှန်ပါ့ဘုရား)ခန္ဓာဝိုင်းပြီး ဆင့်ဆင့်- ဆင့် ဆင့်ပြီးသကာလ အပေါ်က မိုးသည်တိုင်အောင်ဘဲ ဦးသံဒိုင် ဖြစ်ဘယ်လို့ အောက်ဇမေ့ လိုက်ပါ....(မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ အဋ္ဌတွေဘယ်လောက် ဝိုင်းနေသတုံး မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(မရေတွက်နိုင်အောင် ဝိုင်းပါ တယ်ဘုရား)။

ထူထပ်တာက ဘယ်လောက်ထူထပ်သတုံးမေးယင်.... (မရေ တွက်နိုင်ပါဘုရား) မရေတွက်နိုင်ဘူး၊ တနေ့လဲ့ သား၊ကလေး ကြည့်ရတာလဲ ချမ်းသာတယ်မှတ်တာဘဲ....(မှန်ပါ့) မမှတ်ဘူး လား.... (မှတ်ပါတယ်) သားကလေးရယ်လို့ဘဲ သားကလေး ကြည့်ရတာမှတ်တယ်၊ သားကလေးကိုဘဲ ခင်တယ်လို့ သိတယ်၊

ဒါသားအစစ်ကဲလို့ဘဲ ယူလိုက်တယ်....(မှန်ပါ့) သမီးအစစ်ဘဲ၊ ခင်ပွန်းမအစစ်ဘဲလို့ဘဲ ယူလိုက်တယ်....(မှန်ပါ့)ယူပြီးသကာလ သူတို့နဲ့နေရတာ ချမ်းသာတယ် ဆိုပြီး တနေ့ ဘယ်နှစ်ကြိမ် ခင်ဗျားတို့ ကိုယ့်သားနဲ့ ကိုယ့်သမီးနဲ့ ကိုယ့်ပစ္စည်းနဲ့ ဒီသုခ ထင်နေတဲ့အမှားဟာ တနေ့အဋ္ဌဘယ်နှစ်ချပ် ထပ်မတုံးဆိုလို့ ရှိယင် ဘယ့်နှယ်ပြောကြမလဲ....(မရေတွက်နိုင်ပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက-

အနေ့ာကပ္ပန ပါကာချံ၊

ဝိပ္ပလ္လာသ ပရိက္ခိတ္တံ။

ဣရိယာပထသဥ္ဆန္နံ၊

နေ့ာပဋိတ္တာန္တံ ဒုက္ခံတာ။ က္ခာ-တဲ့၊ သူတို့မှာ ငါဘုရား မဝင်နိုင်အောင် သူတို့ဟာသူတို့ ကာထားတယ်တဲ့။ ဒီ တံတိုင်းကြီး တွေ ခတ်ပြီးကာတယ်....(မှန်ပါ့ဘုရား)။

သညာဝိပ္ပလ္လာသ တံတိုင်းကြီးကလဲ မြင့်လိုက်တာ၊ စိတ္တ ဝိပ္ပလ္လာသတံတိုင်းကြီးကလဲ ထူထပ်မြင့်မားလိုက်တာ၊ ဒိဋ္ဌိဝိပ္ပလ္လာ သ အယူမှားကြီးကကော....(မြင့်ပါတယ်ဘုရား) မြင့်မားတယ် ထူထပ်တယ်။

ဒါကြီးဟာ- ဒီအလည်မှာပုထုဇန် တယောက်- ရောက်နေ တယ်လို့ အောက်မေ့ပါ....(မှန်ပါ့ဘုရား) ဘုရားတွေ ဘယ်လို ပွင့်ပွင့် ကိုယ်ကာထားတဲ့ အဋ္ဌထဲမှာ ဘုရား၏ အသံတော်တွေ ဘုရား၏ ဉာဏ်တော်တွေနဲ့ ပြောဆိုတဲ့စကားတွေ မဝင်နိုင်ဘူး တဲ့.... (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ဘဝတိုင်း ဆင့်ဆင့်· ဆင့်ဆင့်ပြီး ဘယ်တော့မှ မဖြိုခဲ့တော့ တရုပ်ပြည် တံတိုင်းကြီးလိုဖြစ်နေတယ် (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ကျောက်တမ်း မဝင်တာ ဘုရားတွေကဂင်္ဂါ သဲမှုန့်နဲ့အမျှ တမှုန့် တဆူ၊ တမှုန့်တဆူ ပွင့်သွားကြွားသော်လဲ ဒို့....ဘာကြောင့် ဒုက္ခပင်လယ်ဝေပြီး ကျန်ရစ်ပါလိမ့်မလဲလို့ မေးတော့ ကိုယ်ခတ်ထားတဲ့ တံတိုင်းထဲမှာ ဘုရားမတိုးနိုင်လို့ သာမှတ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ကိုယ်ခတ်ထားတဲ့ တံတိုင်းကြီးထဲမှာ (ဘုရားမတိုးနိုင်လို့ပါ ဘုရား)။

ဝိပ္ပလ္လာသ တံတိုင်းကြီးက ဘယ်တော့မှလဲ မဖြိုခဲ့ဘူးတဲ့.... (မှန်ပါ့) ဘယ်တော့မှလဲ အနိစ္စ ဝိပဿနာ ဒုက္ခ ဝိပဿနာလို့ ခင်ဗျားတို့က မရှုခဲ့ဘူး.... (မှန်ပါ့)။

မရှုခဲ့တဲ့အတွက်တဲ့ ဟနေ့လဲ ဒီနေ့ဘာလုပ်ကြသတုံး၊ တံတိုင်း ဆင့်နေတယ်သာ မှတ်ပေတော့.... (မှန်ပါ့) နက်ဖြန် ဘာလုပ် မှာတုံးမေးယင်.... (တံတိုင်းဆင့်နေတာပါဘုရား) ဘယ်သူ့ ကာ တာတုံးမေးတော့ မိမိကာတာ.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဘယ်သူ့ကာတာတုံး.... (မိမိကာတာပါဘုရား) ဒါ....တနေ့ ကိုလဲ အကြိမ်ပေါင်း မရေနိုင်ဘူး၊ ဘဝပေါင်းကလဲ ဘယ် လောက် များခဲ့သတုံး.... (မရေတွက်နိုင်ပါ ဘုရား) ဒါဖြင့်.... ဒီခန္ဓာကြီးဒုကို ရေတွက်မယ် ဆိုလို့ရှိယင် ငါဘုရားတိုင်းထွာလို့ မှရဘူးတဲ့.... (မှန်ပါ့) မြင့်မားတာကိုလဲ ငါဘုရား မပြောနိုင်

ဘူး....တဲ့.... (မှန်ပါ့) အုပ်မိုးနေတာကိုလဲ ငါဘုရား မပြောနိုင်ဘူးတဲ့၊ အထက်ကနေ လွှမ်းမိုးနေတာ.... (မှန်ပါ့)။

ဒီအထဲမှာ ခင်ဗျားတို့က ကိုယ့်နေရာကလေးနဲ့ကိုယ် ဟုတ်နေတယ် ထင်နေတာကတော့ ဘုရား မဝင်နိုင်တာအမှန်ဘဲ.... (မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီ)။

ဩော်.... ဒို့....ကံမကောင်း အကြောင်းမသင့်လို့ ပါရမီနည်းလို့ ကျန်ရစ်တာလား....လို့ ဆိုတာမမေးပါနဲ့တဲ့၊ ကိုယ့်တံတိုင်း ကိုယ်ကာပြီး ဘုရား-တရား မဝင်နိုင်အောင်ကာနေတာက နေ့တိုင်းကာလို့ မလာတာပါ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒီဟာကို ပြောလိုက်တော့မှ ဩော်.... ဒို့....ကျွတ်တမ်းမဝင်ဘဲနဲ့ ဒီတံတိုင်းတွင်းမှာဘဲ အိမ်ထောင်ကျ၊ ဒီထဲမှာဘဲသေ၊ ဒီထဲကနေ အပါယ်သွား၊ ဒီထဲပြန်ဖြစ်၊ ကျွတ်လမ်းလွတ်လမ်းမြင်ကြသေးရဲ့လား.... (မမြင်ပါဘုရား)။

မြင်နိုင်စရာ တကွက်မှမရှိဘူး(မှန်ပါ့)တံတိုင်းက ဒီဝိပ္ပလ္လာသဆဲ့နှစ်ခု ရှိသည့်အနက်က ဆဲ့နှစ်ခုလုံးကိုဘဲ နေ့တိုင်းထပ်နေတယ်.... (မှန်ပါ့) နေ့တိုင်းဝိုင်း နေ့တိုင်းထပ် နေ့တိုင်းဆင့်၊ ထွက်ပေါက် မြင်ကြသေးရဲ့လား.... (မမြင်ပါဘုရား)။

ဒါ.... ဘယ့်နှယ်ကြောင့်တုံး....လို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့မှာ အနိစ္စ ဝိပဿနာဉာဏ် မလာလို့လဲ တံတိုင်းက မပြို.... (မှန်ပါ့) ဒုက္ခ ဝိပဿနာဉာဏ် မလာလို့လဲ.... (တံတိုင်းကမပြိုပါဘုရား)။

မပြိုဘူး၊ မပြိုတဲ့အပြင် ဘာလုပ်နေသေးသတုံး....မေးယင် ဘယ့်နှယ်ဖြေမလဲ.... (ထပ်ကာနေပါတယ်ဘုရား)။

ဪ....ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အာစယဂါမိနော‌ဝမ္မာ၊ စုတိ ပဋိသန္ဓေရောက်ကြောင်းချည်းဆင့်နေတာ၊ ဒီအထဲတွင်ပဋိသန္ဓေနေ၊ ဒီအထဲတွင်အသေချည်း သူတို့ဆင့်နေတာကွ.... (မှန်ပါ့) ဒီ့ပြင် ထွက်မယ်လို့ သူတို့စိတ်ထဲမှာ တစက်မှမပါဘူးကွတဲ့.... (မှန်ပါ့ဘုရား)။

ကဲ....တကာတကာမတို့ ခင်ဗျားတို့က သားနဲ့ မယားနဲ့ ဆွေနဲ့ မျိုးနဲ့ နေရတော့ ဪ....လူ့ဘဝ အရတော်လေစွလို့ ခင်ဗျားတို့က ထင်ချင်ထင်နေကြမှာ.... (မှန်ပါ့)။

ထင်ပင်ထင်ငြားသော်လဲ ဘုရားမဝင်နိုင်အောင် တရားမဝင်နိုင်အောင် လက္ခဏာရေးသုံးပါး မဝင်နိုင်အောင် နေ့တိုင်း ကာနေတာ.... (မှန်ပါ့ဘုရား) နာရီတိုင်း၊မိနစ်တိုင်း၊ စက္ကန့်တိုင်းကာနေတယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့ဘုရား)။

ကြည့်လိုက်ယင်ဒါတွေက ဝိပ္ပလ္လာသ ဆဲ့နှစ်ချက်က ကာပြီးသားဘဲ.... (မှန်ပါ့) တခါကြည့် တခါကာတာဘဲ.... (မှန်ပါ့) ဝိပဿနာဉာဏ်သာ မပါဘူးဆိုယင် တခါကြည့်ယင်.... (တခါကာပါတယ်ဘုရား)။

ပစ္စည်းကလေး တခါယူလိုက်တယ်၊ လက်ကလေးနဲ့လှမ်းပြီး၊ စာရင်းကလေး တခါချုပ်လိုက်တယ်၊ စာရင်းကလေးကနေပြီး ပေးစရာရှိတာပေးတယ်၊ ကျွေးစရာရှိတာ ကျွေးတယ်၊ ဘယ်သူ မည်ဝါ မည်သူ့ကိုပေး၊ ဒါ.... ဘာလုပ်နေတာတုံး မေးလို့ရှိ

ယင် ခင်ဗျားတို့.... (တံတိုင်းခတ်နေတာပါ) ကိုယ့်တံတိုင်းကိုယ် ခတ်နေတယ်.... (မှန်ပါ)။

အမှားချည်းကိုးဗျ၊ အမှန်ပါရဲ့လား.... (မပါ-ပါဘုရား) သညာဝိပလ္လာသ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသ တံတိုင်းဘဲခတ်နေတာဘဲ.... (မှန်ပါဘုရား)။

ဒါဖြင့် မိနစ်တိုင်း စက္ကန့်တိုင်း ဒီတကာ တကာမတော့ဘာ လုပ်နေကြတာလဲ....(တံတိုင်း ခတ်နေကြတာပါဘုရား)ဘယ်သူ့ ကာကွယ်တာတုံး မေးယင်.... (မိမိကိုယ် ကာကွယ်တာပါ) မိမိကိုယ်ကို မိမိကာကွယ်တာ....(မှန်ပါ)။

ဘယ်သူ မဝင်နိုင်အောင်လို့တုံး.... မေးတဲ့အခါကျတော့ လက္ခဏာရေးသုံးပါး မဝင်နိုင်အောင်လို့ ကာတာ.... (မှန်ပါ) နိဗ္ဗာန် ရောက်မည့်တရား မဝင်နိုင်အောင်လို့ ကာလိုက်တာ.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒီထဲ ဦးသံဒိုင်တို့ လူစုတွေက မအားလို့များ ပါလိုက်သေးတယ်.... (မှန်ပါ) ဟ....ဘာမအားတာတုံး၊ ဒီတံတိုင်းခတ်နေရလို့.... (မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဘာဖြစ်လို့ မအားတာတုံး....(တံတိုင်းခတ်နေလို့ မအားတာပါ)။

အံမာလေး....ခင်ဗျားတို့ မအားမှာကလဲ ကြောက်စရာကြီးပါကလား....(မှန်ပါ)။

ဘာကြောင့် မအားကြတာတုံး(တံတိုင်းခတ်နေလို့ မအားတာပါဘုရား)။

တံတိုင်းက ဘယ်သူ့ ကာကွယ်တာတုံးလို့ မေးတော့ ဘယ့်နှယ်ဖြေကြမလဲ....(မိမိကိုယ် ကာကွယ်တာပါဘုရား)။

မိမိကိုယ် မိမိ မှောင်ကျအောင် ကာတာ....( မှန်ပါ့ဘုရား ) သဘောပါကြလား....(ပါပါပြီ)။

ဘယ်သူ မဝင်နိုင်အောင်လို့တုံး မေးတော့ လက္ခဏာရေး သုံးပါးဉာဏ် မဝင်နိုင်အောင် သစ္စဉာဏ် မဝင်နိုင်အောင် ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ အခု ဆရာသမားပြောတဲ့ တရားမျိုးကို မနာရတော့ဘူး၊တံတိုင်းဖျက်တဲ့ နည်းကို မနာရတော့ဘူး ဆိုလို့ရှိယင်ဖြင့် မှောင်ထဲ မွေး၍ မှောင်ထဲ သေဘဲ ရှိမယ်၊ ဒီ့ပြင် ဘာမှ ရှာမတွေ့ဘူး....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဘယ်ထဲ မွေးသတုံး....( မှောင်ထဲမွေး၍ မှောင်ထဲ သေပါဘုရား)။

မှောင်ထဲမွေး မှောင်ထဲသေ၊ မှောင်ထဲမှာ လုပ်စားတယ်....(မှန်ပါ့)။

ဒီမှောင်ထဲ နေပြီးသကာလ အအားနေသလားလို့ မေးတော့ မလုံ-လုံအောင် ကာနေတယ်....( မှန်ပါ့ဘုရား )ဘုရားအဆူဆူပွင့်ပြီးသော်လဲ တကာ တကာမတို့ မကျွတ်နိုင်ဘူးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား) ဘာတွေ ကာကြတာတုံး....(တံတိုင်းတွေ ကာနေပါတယ်ဘုရား)။

တံတိုင်းတွေက ဝိပ္ပလ္လာသ ဆယ့်နှစ်ချက် ကာချလိုက်တယ်-(မှန်ပါ)။

တနေ့ ဘယ်နှစ်ကြိမ် ဆင့်သတုံးမေးယင်....( မရေတွက်နိုင်ပါဘုရား )။

ဒါ ခင်ဗျားတို့ ဝမ်းနည်းစရာ မလိုပါဘူးတဲ့....( မှန်ပါ ) ဘုရား ကရုဏာ မရှိလို့လား....၊ ကိုယ့်ကာချက်ထဲ မတိုးနိုင်လို့လားသာ မေးပါ....(ကိုယ့်ကာချက်ထဲ မတိုးနိုင်လို့ပါဘုရား)။

အခု သေသေချာချာ တရားထူး နာရတော့မှ ခင်ဗျားတို့ သိမ်ဝမ်းနည်းစရာ ကောင်းတဲ့ လူတွေဘဲ....(မှန်ပါ) မသိလိုက်တာကလဲ လက္ခဏာရေးသုံးပါး ဟောမည့် ကိုယ်တော်ကြီး မဝင်နိုင်လောက်အောင်ဘဲ ကာကြတာဘဲ....( မှန်ပါဘုရား ) ရှင်းပလား....(ရှင်ပါပြီ)။

တချို့များ ပြောကြတယ်၊ နေစမ်းပါဦး၊ ဒါတရားနေရာ မဟုတ်ပါဘူး....တဲ့၊ အံမာလေး....ကြောက်စရာကြီးပါလား....(မှန်ပါဘုရား) ဘာဖြစ်နေတာတုံး မေးတော့ ဘယ့်နှယ် ဖြေမလဲ....(တံတိုင်း ကာနေတာပါ)။

မအားသေးဘူး၊ ကျုပ် ကာရတုန်း ရှိသေးတယ်....(မှန်ပါ) ဖြစ်ပျက်အရှုခိုင်းယင် မအားလို့၊ အင်း....ဒီက တံတိုင်း အဖျက်ခိုင်းတာ....(မှန်ပါ)။

ဒီက တံတိုင်း အဖျက်ခိုင်းတာ၊ သူနေရာနဲ့သူမှ ကောင်းပါတယ်၊ ကိုယ်ဘာလို့ ကောင်းနေသေးတဲ့ ဥစ္စာကို မဖွင့်ပါနဲ့ဦးပေါ့လေ....(မှန်ပါ) မဖျက်ပါနဲ့ဦး....။

ခင်ဗျားတို့ ဆင်ခြေဟော့များဗျာ၊ ကြောက်စရာ ကောင်း လိုက်တဲ့ ဖြစ်ခြင်း....( မှန်ပါ့ ) ဒီလို နက်နက်နဲနဲကို မသိရတဲ့ ပုဂ္ဂိုလ်ကတော့ ပြောရိုး-ပြောစဉ် ပြောလိုက်တာဘဲ၊ ဘေးကလဲ ပြောကြတာဘဲ၊ ဘေးကလဲ ပြောတယ် ဟုတ်သားဘဲ-နေရာတိုင်း တရားဆိုတော့ ဘယ်တော်ပါ့မလဲ....။

အင်း....ဘေးကလဲ အားပေးလိုက်သေးတယ်....( မှန်ပါ့ ) သူကလဲ ကာတဲ့ လူကိုး....(မှန်ပါ့ဘုရား)။

ခုနင်က ငြင်းပယ်တဲ့ လူကကော ကာတဲ့ လူဘဲ၊ ဘေးက အားပေးတဲ့ လူကကော....(ကာတဲ့ လူပါဘဲ)။

ဒါကြောင့် တရားဟာ နေရာတိုင်း မတော်ပါဘူး၊ ကြည့်ပြီး သုံးကြပါ၊ အံမာလေး... ဘာဖြစ်ကြတာလဲ ပြောပါဦး(တံတိုင်း ကာတာပါဘုရား)။

ဘယ်သူ မဝင်နိုင်အောင်လို့ တံုး....(ဖြစ်ပျက် မဝင်နိုင်အောင် လို့ပါ)ဘုရား မဝင်နိုင်အောင်လို့ ဆိုလိုက်ပါတော့ဗျာ(မှန်ပါ့) ဟောမည့် ကိုယ်တော်ကြီး မဝင်နိုင်အောင်လို့ ကာနေရတယ်၊ ဒါ့ကြောင့် သူ့အချိန် မဟုတ်သေးပါဘူးလို့ ကန့်ကွက်ရတယ်-(မှန်ပါ့) မတော် ကျွတ်တမ်းဝင်လို့ ရှိယင် ချမ်းသာသွားမှာ စိုး လွန်းလို့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ခင်ဗျားတို့ ဖြစ်စဉ် ဆိုးလွန်းလို့ ပြောပါတယ်.... (မှန်ပါ့) ဒါ ဘုန်းကြီးက တရားဟောလည်လို့ စကားတတ်လို့ ပြော တယ်လို့ ဒီလို မယူပါနဲ့၊ နာမရူပ ပရိစ္ဆေဒကျမ်းမှာ ဒီအတိုင်း လာတယ်....(မှန်ပါ့)။

အနေ့ာဂကပ္ပနပါကာရ၊ ခုန်ကျော်လွှားရှိ သွားဘို့မလို၊ ကြီး ကျယ်မြင့်စိုင်း၊ တံတိုင်းပမာ၊ ဝိပ္ပလ္လာဖြင့်၊ ကွယ်ကာရစ်ဆိုင်း၊ ဝန်းဝိုင်းရှိ နေခြင်းကြောင့်ငှင်း၊ ဘုရား မဝင်နိုင်ဘူး·ကွတဲ့.... (မှန်ပါ့)သဘောပါပသွား....(ပါပါပြီ)။

ကဲ....တနေ့·တနေ့ စဉ်းစားကြည့်ပါ၊ အခု ဆရာသမားနဲ့ တွေ့နေတော့ အသိဉာဏ်ကလေးတွေ ထိုက်တန်သလောက် ရှိတဲ့ ပုဂ္ဂိုလ်တောင်မှ တံတိုင်း ကာတဲ့အချိန်နဲ့ တံတိုင်း ဖျက်တဲ့အချိန် နဲ့...၊ ဖျက်ဆိုဘာက ဝိပဿနာ ရှုလိုက်တဲ့အခါကျတော့ ပျက် သွားတာကိုး....(မှန်ပါ့) ဘယ်သူက များသဘုံး....(တံတိုင်းကာ တဲ့ အချိန်က များပါတယ်ဘုရား)။

အင်း....နိဗ္ဗာန်နဲ့ တော်တော်နီးပလားလို့ မေးယင် ဘယ့်နှယ် ဖြေကြမလဲ....(မနီးပါဘုရား)။

မနီးသေးပါဘူးဆိုတာ နာရီနဲ့ တွက်တွက် စက္ကန့်နဲ့ တွက် တွက် ပေါ်ပါတယ်....(မှန်ပါ့ဘုရား) မပေါ်သေးဘူးလား.... (ပေါ်ပါတယ်)။

ဒါတွေကို တကာ တကာမတွေက ဒါလောက် နက်နက်နဲနဲ ကလဲ မသိတော့ ကျုပ်တို့ အားကိုးကလေးတော့ ရှိပါသေး တယ်၊ ကျောင်းကလေး ဆောက်ထားတယ်၊ဘုရားကလေး တည် ထားတယ်၊ ဆွမ်းကလေး ပြုစုနေတယ်၊ အင်း....မိုးကြိုးပစ်တာ ထန်းလက်တော့ ကာပြန်ပါပြီ....(မှန်ပါ့) မဆိုထိုက်ဘူးသွား.... (ဆိုထိုက်ပါတယ်ဘုရား)။

မိုးကြိုးပစ်တာ....(ထန်းလက်ကာပါတယ်ဘုရား) ထုံးစံမှာ ထန်းလက်က နိုင်ရဲ့လား....( မနိုင်ပါဘုရား ) မနိုင်တာ သွား အားကိုးနေကြတယ်....(မှန်ပါ့ဘုရား)။

ဘာဖြစ်နေကြသလဲ....(မနိုင်တာ အားကိုးနေပါတယ်)မနိုင်တာ အားကိုးနေတယ်ဆိုတော့ ဦးသံဒိုင် ဘုရား မျက်လုံးနဲ့ ကြည့်ကြည့်၊ဘုန်းကြီးတို့လို အသိဉာဏ်ကျယ်တဲ့ ပုဂ္ဂိုလ်မျက်လုံးနဲ့ ကြည့်တာတောင်မှ ဘြော်....သူက ထန်းလက် ကာနေတာ ကလေး အဟုတ်မှတ်နေရှာတာကိုး၊ ဒီတံတိုင်းကြီး သူ့ဟာသူ ဖျက်မှ သူ့အလင်းရောက်မှာ....(မှန်ပါ့) ဒီ တံတိုင်း မဖျက်နိုင်ယင်....(အလင်းမရောက်ပါဘုရား) အလင်းမရောက်နိုင်ဘူးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)။

အဲဒါတွေ မသိတော့ကို ရေနစ်နေတဲ့လူ ဆွဲမိဆွဲရာ ဆွဲသလို ဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

ဘယ့်နှယ် ဖြစ်နေသလဲ....(ရေနစ်တဲ့လူ ဆွဲမိဆွဲရာ ဆွဲသလို ဖြစ်နေပါတယ်) ဆွဲသာဆွဲတယ် သေတာဘဲ....(မှန်ပါ့ဘုရား)။

ဆွဲသာ ဆွဲတယ် ရေနစ်တဲ့လူ သွားကြည့်....( သေတာပါဘဲ ဘုရား )ဆွဲရင်း သေတာဘဲ၊ သဘောပေါ်ပလား....( ပါ-ပါပြီ ဘုရား )။

အဲဒီတော့ သူဆွဲတာကလေးတွေကလဲ ဆွဲရင်း သေစရာ ဆွဲတာကိုး....(မှန်ပါ့ဘုရား)ငါ့ဘုရားတွေ ရှိသားဘဲ၊ ဘုရားကလေး ဆွဲမဟ....၊ ဆွဲရင်း အဲဒီ့ သုဂတိရောက် သေပြန်တာဘဲ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အသေလွှတ်တော့ ရရဲ့လား.... (မရပါဘုရား) ဆွဲတော့ဆွဲ တာဘဲတဲ့၊ အသေလွှတ်တော့ မရဘူး....(မှန်ပါ)။

နားကြီးကြီးနဲ့လဲ ထောင်မှ ဒီအခိပ္ပါယ်ကလဲ ရှင်းတယ်.... (မှန်ပါဘုရား) နားသေးလို့ရှိယင် အံမာလေး တပည့်တော်တို့ အဖြစ်က တပည့်တော်တို့ ကြားဘူးထားတာနဲ့တော့ တခြား စီဘဲလို့ ခင်ဗျားတို့ ထင်လိမ့်မယ်....(မှန်ပါဘုရား)။

အဲဒါက အောက်တန်းတရား နာထားလို့ရှိယင်တော့တခြား စီ နေမှာဘဲ....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

အောက်တန်းတရားနာထားယင်-(တခြားစီနေမှာပါဘုရား) အထက်တန်းတရားနဲ့ ဆိုလို့ရှိယင်ဖြင့် ဒါမှဘဲ တံတိုင်းပျက် တယ်....(မှန်ပါ) ဝိပဿနာမှ တံတိုင်းပျက်တယ်၊ ကျန်တာတွေ ဟာ ကာတာချည့်ဘဲ....(မှန်ပါဘုရား)။

တခါတည်း ကိုယ့်အားကိုး တာကလေး ဆွဲလိုက်ပြန်တော့ လဲ ခုနင်က ရေနစ်တဲ့လူဘဲ၊ ဆွဲယင်သေဘဲ .... (မှန်ပါဘုရား)။

နတ်ပြည်ရောက်လို့ နတ်ပြည် ကိုယ့်ဒါနကလေးစွဲပြီး သေ သွားပြန်လဲ နတ်ပြည်တော့ ရောက်တာဘဲ၊ ဆွဲရင်းသေတာဘဲ.... (မှန်ပါဘုရား) ဗြဟ္မာပြည်ရောက်လဲ ဆွဲရင်းသေဘဲ .... (မှန်ပါ ဘုရား)။

ရေနစ်တဲ့လူဘဲ ဆွဲမိဆွဲရာဆွဲတာသာ ဖြစ်ပါတယ်တဲ့၊ အသေ တော့ မလွှတ်ပါဘူး....(မှန်ပါဘုရား)ဘာ့ကြောင့်တုံး လက္ခဏာ ရေးသုံးပါး မဝင်နိုင်လို့(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် တကာ တကာမတွေ နေ့တိုင်း ဘာလုပ်ကြသလဲလို့ဘဲ မေးတဲ့အခါ ဘယ့်နှယ်ဖြေကြမလဲ.... (တံတိုင်းကာပါတယ်ဘုရား)။

သူများကာပေးတာလား၊ ကိုယ့်ဟာကိုယ် ကာနေတာလား (ကိုယ့်ဟာကိုယ် ကာနေတာပါဘုရား)။

ကိုယ့်ဟာကိုယ် ကာနေတာနော်၊ စဉ်းစားကြည့်ပါ၊ ကာတယ် မကာတယ်ဆိုတာ ကိုယ့်သားမယားကိုလဲ သူ့ကြည့်ရတာ သူ့ဟာ နေကောင်းထိုင်သာရှိနေတော့ တခါတည်းတဲ့ နေကောင်း ထိုင်သာကလေးလို့ဘဲ မှတ်ထားလိုက်တယ်၊ နေကောင်းထိုင်သာကလေးလို့ဘဲ သိတယ်၊ နေကောင်း ထိုင်သာလို့ဘဲ သူ့လုပ် သူ့ပေးပြီး သူ့အားကိုးရတာဘဲ....(မှန်ပါ) မလာဘူးလား....(လာပါတယ်ဘုရား)။

ဘာလုပ်ကြတာတုံးဒါ....(တံတိုင်း ဆင့်တာပါဘုရား)။

တံတိုင်းဆင့်ပေးတာ....(မှန်ပါ) ဘယ်နှစ်ခါ ဆင့်သတုံး.... (မရေတွက်နိုင်ပါဘုရား)။

တဘာဝထဲတင် ခင်ဗျားတို့ ဘုရားကို မဖြိုနိုင်အောင် ဒီအထဲ မဝင်နိုင်အောင်ကို ဆင့်ပါတယ်....(မှန်ပါ)။

နို့ ဘဝပေါင်းများစွာက ဖြိုခဲ့သလားလို့မေးတာ တဘဝမှာ အယင်တံတိုင်းပေါ်ကို ဒုတိယဘဝလဲ ဆင့်တာဘဲ .... (မှန်ပါ) တတိယ ဘဝကော....(ဆင့်ပါတယ်)။

ဘယ့်နှယ်တုံး တကာ တကာမတို့ မှောင်များ၊မနေသေးဘူးလား....(မှောင်ပါတယ်)။

မှောင်နေပြီ၊ အဲဒီတော့ကိုတဲ့ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ အင်မတန်မှဘဲ ဖြစ်ပျက်ဥဒယဗ္ဗယ ဉာဏ်တွေများ ငါကြိုးစားလိုက်တဲ့ အခါကျတော့ကွာတဲ့ ငါ့ကိုယ်ထဲက ထွက်တဲ့ ဩဘာသဆိုတဲ့ အရောင်တွေဟာ အကနိဋ္ဌပြဟ္မာ့ပြည်ရောက်အောင် တက်ပါတယ်တဲ့.... (မှန်ပါ့) အောက်လဲ အဝီစိကျအောင် ငါ၏ကိုယ်ရောင်တွေ သွားပါတယ်၊ ဘုရားဖြစ်တော့ မည့် နိမိတ်တွေဟာ....(မှန်ပါ့) အဲဒါ မင်းတို့အထဲမဝင်နိုင်ဘူးတဲ့....(မှန်ပါ့)ထူထပ်လွန်းလို့....(မှန်ပါ့) မြင်ကြပလား-ကဲ... (မြင်ပါပြီ)။

ဘုရားတွေတို့ ထားပါဦးတော့ အကနိဋ္ဌပြဟ္မာပြည်ကျအောင် ဒီဩဘာသဆိုတဲ့ အရောင်တွေ ဥဒယဗ္ဗယဉာဏ် အားထုတ်တဲ့ ဥစ္စာကို ကျုပ်တို့ ခင်ဗျားတို့ဆီကို မဝင်နိုင်....(မှန်ပါ့) ဘာဖြစ်လို့ မဝင်နိုင်တာတုံး....(တံတိုင်းထူလွန်းလို့ပါဘုရား)။

ထူလွန်းလို့ မြင့်မားလွန်းလို့ ဒုကြီး-ကြီးလွန်းလို့ ပေါ်ကြပလား....(ပေါ်ပါပြီ)။

အင်း-ဒါဖြင့် ဘုရားဟာ မဟာကရုဏာတော်ကြီးနဲ့ ပွင့်ထွန်းပေါ်ပေါက်လာတာ၊ မဟာဆိုတာ- ကြီးတယ်၊ ကရုဏာဆိုတာက သနားတယ်၊ အင်မတန်ကြီးကျယ်တဲ့ ကရုဏာတော်ကြီး၊ တွေ့သရွေ့အကုန် ချွတ်မယ ဆိုတာတောင်မှ ကျုပ်တို့အထဲ မဝင်နိုင်ဘူးတဲ့...(မှန်ပါ့)သဘောပါပလား.... (ပါ-ပါပြီ)။

ဘာဖြစ်လို့ မဝင်နိုင်တာတုံးဆိုတော့ ကာချက်သန်လွန်းလို့ (မှန်ပါ့) မြင့်မားလွန်းလို့....(မှန်ပါ့) အမှောင်ထဲကို မတိုးနိုင်လို့....(မှန်ပါ့)။

ဝမ်းလဲ မနည်းကြပါနဲ့တဲ့ ဖြစ်စဉ်က ဒီအတိုင်းပါဘဲ....(မှန်ပါဘုရား)။

ခင်ဗျားတို့ ဝိပ္ပလ္လာသ သေးသေးမှတ်နေမှာစိုးလို့ ဘုရားက ဟောရှာတာ....(မှန်ပါဘုရား) အင်မတန် ကြီးကျယ်တဲ့တရား ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒီတော့ ဒီတခါ အခုဘုရားသာသနာရှိလို့ ဆရာဘုန်းကြီး များကလဲ ထူးထူးခြားခြား ပေါ်လာလို့ ခင်ဗျားတို့တံတိုင်းဖြို နည်းနိဿယည်းကို ပေးတာဘဲ....(မှန်ပါ)။

ဖြိုလိုက်လဲ ရပါတယ်(မှန်ပါ)ဆင့်လာတာကဖြင့် ဘဝပေါင်း များစွာက ဆင့်ပြီးသကာလ လာတော့ ဘုရားအဆူဆူနဲ့လွဲခဲ့ တာလဲ သေချာပါပြီ....(သေချာပါပြီဘုရား)။

ဒီတခါ ဖွင့်ပေးမှာဘဲ .... (မှန်ပါ) ဖွင့်ပေးတဲ့အလုပ်ကို ခင်ဗျားတို့ လုပ်ကြလို့ရှိယင်ဖြင့် အလင်းရပြီးသကာလ "ဉာဏ ဥဒပါဒိ အာလောကော ဥဒပါဒိ"ဆိုတဲ့ဥစ္စာ ပေါ်မှာဘဲ....(မှန်ပါ) အာလောကော=ဉာဏ်ရောင်အလင်းသည်၊ ဥဒပါဒိ=ထင်ရှားပေါ်လာ၏။

ဟာ-ဒီတံတိုင်းကို ဘုန်းကြီးပြောတဲ့အတိုင်း ခင်ဗျားတို့မချိုး မဖေါက်ဘဲနဲ့ ဒီဘဝလဲ ထပ်ဆင့်နေဦးမယ် ဆိုလို့ရှိယင်ဖြင့် မေတ္တေယျဘုရားလဲ ခင်ဗျားတို့ ဘုရားမဟုတ်ပါဘူး ....(မှန်ပါ ဘုရား) နောက်လာမည့် ဂင်္ဂါဝါဠုသဲစု ဘုရားတွေကော .... (မဟုတ်ပါဘုရား) မဟုတ်ပါဘူး။

အဲဒီတရားတွေ လက်ထက်ကျတော့ ခင်ဗျားတို့တံတိုင်းက ဒီ့ထက်ဘဲ ကြီးစရာများတယ်....(မှန်ပါဘုရား) မများဘူးလား (များပါတယ်)။

ကဲ ကိုယ့်အဖြစ်ဟာ ခင်ဗျားတို့က နဂိုကတော့ ဦးသံဒိုင်တို့ လူစုက တော်သေးရဲ့လို့ အောက်မေ့နေမှာ၊ ဘာတော်တာ ပါသလဲ.... (မပါ-ပါဘုရား) ပါကြရဲ့လား....(မပါပါဘုရား)။

အဲ....အခုဝိပဿနာ အားထုတ်တဲ့ ပုဂ္ဂိုလ်ဘဲ တံတိုင်းဖြိုတယ် (မှန်ပါ့) ကျန်တဲ့ပုဂ္ဂိုလ်ကဖြင့် ဆင့်နေတာချည့်မှတ်လိုက်ပါ.... (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဝိပဿနာ အားမထုတ်တဲ့ ပုဂ္ဂိုလ် ဘာလုပ်နေသတုံး....(တံတိုင်းဆင့်နေပါတယ်ဘုရား)။

တံတိုင်းဆင့်နေတယ်၊ တနေ့လဲ အမှတ်မှား–အသိမှား–အယူမှား၊ တော်တော်ကလေး နေပြန်တော့ကော....(အမှတ်မှား-အသိမှား-အယူမှားပါဘုရား)။

ကိုင်း တကာ တကာမတို့ အိမ်နေတာ ခင်ဗျားတို့ကို မကြည်ညိုလို့ မဟုတ်ပါဘူး၊ စီးပွားရှာနေတာလဲ ခင်ဗျားတို့ကို မနာလိုလို့ မဟုတ်ပါဘူး၊ သို့သော်လဲ ခင်ဗျားတို့ လုပ်ချက်က ကိုယ့်ဟာကိုယ် လုံခြုံကာနေတဲ့ အဓိပ္ပါယ်ဟာသိပ်ပါပါတယ် (မှန်ပါ့)။

ခြကလေးတွေဟာ တောင်ပို့လုပ်ဘယ်၊ ကြီးကြီးလာတယ် (မှန်ပါ့) တောင်ပို့က သေးသွားသလား.... ကြီးလာသလား.... (ကြီးလာပါတယ်ဘုရား) ကြီးလာပြီး နောက်ဆုံးပိတ်ကျတော့

ပိတ်လိုက်တယ်.... (မှန်ပါ့) ပိတ်လိုက်တော့ ဘယ်သူမှမဝင်နိုင်အောင်ပေါ့....ဆိုတဲ့ စိတ်ထား.... ပါ- မပါ.... (ပါပါတယ်ဘုရား)။

အဲခင်ဗျားတို့က အဲဒီခြလို လုပ်နေတာ.... (မှန်ပါ့)ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဘာမျိုးတွေတုံး ခင်ဗျားတို့....(ခြမျိုးတွေပါဘုရား) ခြမျိုးတွေ.. ဟာ ဘယ်သူမှ မဝင်နိုင်အောင် ဘုရားသံ တရားသံ သံဃာသံ တကယ်နက်နဲတဲ့ သဘောတွေ ဦးသံဒိုင် အလုံးစုံ အဝင်မခံဘူး....(မှန်ပါ့ဘုရား) ခံပါ့မလား.... (မခံပါဘုရား)။

ဘုရားပွင့်နေကာတောင်မှ ကာလျက်တွေဖြစ်နေလို့ အကုန်ကျန်ရစ်တယ်.... (မှန်ပါ့ဘုရား) ပွင့်သွားတဲ့လူနဲ့ ကျန်နေရစ်တဲ့လူနဲ့ ဘုရားက လက်သည်းပေါ် ချိန်ကြည့်တော့ လက်သည်းပေါ်တင်တဲ့ မြေမှုန့်လောက် ရှိပါတယ်ကွာ....တဲ့ ဖျမ်းမျှကြေးချိန်လိုက်လို့ရှိယင်.... (မှန်ပါ့ဘုရား)။

ပွင့်ပြီး ငါ့နောက်သိုက်လာတာ အလင်းရသွားတဲ့ ပုဂ္ဂိုလ်ဟာ လက်သည်းပေါ်တင်တဲ့ မြေမှုန့်လောက်ရှိပါတယ်တဲ့....(မှန်ပါ့) ကျန်တာတွေက ကာလျက် ဆီးလျက်နဲ့ ဒီထဲမွေး ဒီထဲသေပါဘဲတဲ့(မှန်ပါ့)။

တံတိုင်းကြားထဲမှာမွေး.... (တံတိုင်းကြားထဲမှာသေပါတယ်ဘုရား) တံတိုင်းကြားထဲမှာသေ ဆိုတဲ့ဥစ္စာ ဒါ့ကြောင့်ခင်ဗျားတို့ပြောပါတယ်၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ် မနေကြနဲ့ ဘာမှ

မဟုတ်သေးဘူးဟေ့.... (မှန်ပါ့ဘုရား) မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား)။

ကိုယ့်ငါးချဉ်.... (ကိုယ်ချဉ်မနေကြပါနဲ့) ဘာမှမဟုတ်သေးဘူးဆိုတဲ့အဓိပ္ပါယ် ရှင်းပလား.... (ရှင်းပါပြီ)။

တံတိုင်းက မျက်လုံးဖွင့်လိုက်ယင်.... (တံတိုင်းခတ်တဲ့အလုပ်လုပ်ပြီ(မှန်ပါ့)နားကြားယင်ကော (တံတိုင်းခတ်တဲ့အလုပ်လုပ်ပါတယ်ဘုရား) ဒွါရခြောက်ပေါက်ကနေ လုပ်တဲ့အလုပ် ဟူသရွေ့ ဝိပဿနာအလုပ်မှတပါး ကျန်တဲ့အလုပ်တွေကို ခင်ဗျားတို့လုပ်နေကြလို့ရှိယင်ဖြင့် ကိုယ့်ကာကွယ်ရေး.... ဘုရားနဲ့ တရားနဲ့ လွဲရေး နိဗ္ဗာန်နဲ့လွဲရေး ဒါကိုသာ နေ့တိုင်း လုပ်တယ်လို့ဆိုး ဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီ မအားတာတွေဆိုတာတော့ ဦးသံဒိုင် ဘုန်းကြီးထည့်ပြောတို့ မလိုတော့ပါဘူး.... (မှန်ပါ့) မအားတာဟာ တံတိုင်းခတ်နေတာ.... (မှန်ပါ့) ဘယ်သူ့ကာကွယ်ရေးတုံး.... (ကိုယ့်ကာကွယ်ရေးပါ ဘုရား) ဘယ်ဟာတွေ မဝင်နိုင်အောင်လို့ ဒါလောက် ကာပါလိမ့်မလဲလို့ဆိုယင်.... (ဘုရားနဲ့ တရားနဲ့လွဲအောင်ပါဘုရား)။

ဘုရားဟောမည့် လက္ခဏာရေးသုံးပါး.... (မှန်ပါ့) ဘုရားလဲ ဒီထဲရောင်ခြည်တော် မလွတ်နိုင်အောင်.... (မှန်ပါ့) ဟောတဲ့ တရားလဲ ဒီအထဲ မရောက်နိုင်အောင်....(မှန်ပါ့ဘုရား)။

သူ့ဟောတဲ့ အသံဟာက ဘုရားသခင် ကိုယ်တော်မြတ်ကြီး သေသေချာချာ ပြောပါတယ်၊မဟာဝါပါဠိတော်များ သူကိုယ်

ဘိုင်ပြောသွားတယ်၊ ငါ့တရားစည်းကြီးဟာ ကြားချင်တဲ့လူအတွက်မှာ တံတိုင်းမကာတဲ့ပုဂ္ဂိုလ်ကိုတဲ့ အကာနိဋ္ဌပြဟ္မာ့ပြည်ကလဲ ကြားပါတယ်ကွာ....တဲ့....(မှန်ပါ့)ခင်ဗျားတို့ကျုပ်တို့ကမကြားဘူး.... (မှန်ပါ့)။

ဘာ့ကြောင့်တုံး.... ( တံတိုင်း ကာတာ ထူလွန်းလို့ပါ ဘုရား) ထူလွန်းလို့ ဘေးဒုထဲလဲ မတိုးနိုင်ဘူး၊ မြင့်မားတဲ့ အထက်ကိုလဲ အသံကလျှံမသွားနိုင်ဘူး (မှန်ပါ့) ခြလိုတောင် ပို့ထိပ်ကမဲ့နှ ပိတ်ထားပြန်လို့ အတွင်းလဲ မရောက်နိုင်ဘူး.... (မရောက်နိုင်ပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

အဲဒီတော့ ခင်ဗျားတို့အတွက်ဒီ....ဝိပဿနာအလုပ်နဲ့မှတံတိုင်း ဖျက်တဲ့ နိဿယည်းကို အပြီးတိုင် မလုပ်ကြတော့ဘူးဆိုလို့ရှိယင် ဖြင့်တဲ့ ငါသည်ဘယ်သွားမှာတုံးလို့ မေးမနေနဲ့အသေလမ်းချည့် သွားလိမ့်မယ်လို့ မှတ်ပါ.... (မှန်ပါ့ဘုရား)။

ဘယ့်နှယ် မှတ်ကြမယ်.... ( အသေလမ်းနဲ့ သွားမယ်လို့ မှတ်ပါ) နတ်ပြည် မရောက်ဘူးလို့ ဘုန်းကြီး မပြောပါဘူး၊ အသေလမ်းဘဲ.... (မှန်ပါ) ဗြဟ္မာပြည် မရောက်ဘူးလို့ ဗြဟ္မာ အလုပ်လုပ်ယင် မရောက်ဘူးလို့ မပြောပါဘူး၊ သို့သော်အသေလမ်းဘဲ.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဩော်....ဒါဖြင့် ခင်ဗျားတို့ အဖြစ်ဟာ ဒီလိုဆရာသမားကောင်းနဲ့ ကျကျနန မတွေ့တော့ပါဘူး၊ သာမည ဆရာသမားတွေနဲ့သာ တွေ့ကြုံပြီးသကာလ သာမည စာအုပ်တွေ ဖတ်ပြီးတော့ ကျုပ်တို့ သိတန်သလောက် အသိသားဘဲဆိုတဲ့ ပုဂ္ဂိုလ်တွေ သွားပြီပေါ့.... (မှန်ပါ့ဘုရား) ကယ်မည့်လူ ယူမည့်လူကို

မရှိဘူး၊ ရှိပါ့မလား.... (မရှိပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)း။

အခု ဒီတရား ခင်ဗျားတို့စဉ်းစားကြည့်တော့မှကြည့်ပါလား ငါဘုရား မတိုးနိုင်ဘူးကွတဲ့၊ ခုန်ကျော်သွားဘို့ ငါ ခုန်ဝင်လို့ တောင် မရဘူးတဲ့....(မှန်ပါ့) ဘာဖြစ်လို့တုံး.... ကြီးကြယ်မြင့်မားလွန်းလို့.... (မှန်ပါ့ဘုရား)။

ကဲ....တကာတကာမတို့ ဂင်္ဂါဝါဠုသဲစု ဘုရားတွေမဝင်နိုင်ဘူးတဲ့.... (မှန်ပါ့) ဘာဖြစ်လို့ မဝင်နိုင်သတုံး....(မြင့်မားလွန်းလို့ပါဘုရား)မြင့်မားလွန်းလို့ ဒုထည်ကြီးလွန်းလို့ ရှင်း၍လား (ရှင်းပါပြီဘုရား)။

သူများ ကာပေးတာလား.... သူ့ဟာသူဘဲ ထပ်ဆင့်ပြီးဖို့နေတာလားမေးယင် ဘယ့်နှယ်ပြောကြမယ်.... (သူ့ဟာသူ ထပ်ဆင့်ပြီး ဖို့နေတာပါဘုရား) သူ့ဟာသူဆင့်၊ သူ့ဟာသူ ဒု-တူအောင်ဖို့ ... (မှန်ပါ့)။

ဘယ့်နှယ်တုံး တကာတကာမတို့ ခင်ဗျားတို့ ကတော့လဲ ပြောဘ်.... ဘုန်းကြီးများလိုတော့ အလွယ်သားပေါ့၊ တပည့်တော်များတော့လဲ စားရေးနဲ့ သောက်ရေးနဲ့ ဝတ်ရေးနဲ့ နေရေးနဲ့ သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ ရပ်နဲ့ ရွာနဲ့ သာခမ်းနဲ့ နာခမ်းနဲ့....တဲ့ အံမာလေး ခင်ဗျားတို့ ဆင်ခြေတွေကလဲ လွန်နေတာဘဲ ... (မှန်ပါ့ဘုရား)။

ဘာလုပ်နေကြတာတုံးမေးပြန်တော့ ဘယ့်နှယ်ဖြေမလဲ.... (တံတိုင်းဆင့်နေကြတာပါ) ဘာကိစ္စဆိုဆိုခင်ဗျားတို့ လောကီ

ကိစ္စဟူသ၍ ကိုယ့်ကိုယ်ကို ကာကွယ်တဲ့ တံတိုင်းချည်းမှတ်..... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နောက် ဒီညည်းလုံး မထုပ်စမ်းပါနဲ့လို့ သတိပေးလိုက်ပါတယ်.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကလဲ ဒီညည်းလုံးကို ဆရာသမားတွေက တခါတည်း စကားတရား မဝင်နိုင်လောက်အောင် ပိတ်လိုက်တာဘဲ.... (မှန်ပါ့)။

ဘာဖြစ်နေတုံး.... ဒီနေ့တရားလဲ အားမထုတ်ဘူး၊တရားလဲ မနာဘဲနဲ့ ဘာလုပ်နေသတုံး၊ ဟာ.... ဘုန်းကြီး ပြောတော့ အလွယ်ကလေး.... တပည့်တော်တို့ ကာရတုန်း ရှိသေးတယ်.... (မှန်ပါ့) ရိပ်မိပလား(ရိပ်မိပါပြီ)။

ဘာဖြစ်နေတုံး....(ကာရတုန်း ရှိပါသေးတယ်)။

ဟ....ဘာကာတာတုံးဆိုတော့ အို....ဘုရား ကာတာဘုရာ့.... (မှန်ပါ့) တရားကို....(ကာတာပါ)။

သူတီးလိုက်တဲ့ တရားစည်ကြီးဟာ ကြားစေချင်လို့ရှိယင် ကြားလောက်တဲ့ ပုဂ္ဂိုလ်နားမှာ ဆိုလို့ရှိယင် အကနိဋ္ဌ ဗြဟ္မာ့ပြည်ကျအောင် ကြားတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အဲဒီ ဒါလောက်ပြင်းထန်တဲ့အသံကြီး၊ ဒါလောက် တန်ခိုးတော်နဲ့ ရ,ထားတဲ့ အသံကြီး ဒါကို ခင်ဗျားတို့ ကျုပ်တို့ နောက်ဘဝတွေက မဝင်ခဲ့ဘူး....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဂေါတမဘုရားနဲ့လဲ လွဲခဲ့ပြီ...(လွဲခဲ့ပါပြီ) ရှေ့ဘုရားတွေနဲ့ကော....(လွဲခဲ့ပါပြီ)။

တရားသံက အတော်တိုးနေလို့လားလို့မေးယင် ဘယ့်နှယ်ဖြေမလဲ....(မတိုးပါဘုရား) ကိုယ့်အတွက်က မလာခဲ့နဲ့-မလာခဲ့နဲ့ နေ့တိုင်းဆင့်နေတာ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ)။

အံမာလေး ကြောက်စရာကြီးတွေပါလား၊ ဒီဘုန်းကြီး ပေ ပေ ဟောနေတာ အံ့စရာ ခင်ဗျားတို့....(မှန်ပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒီဘုန်းကြီးကို ကျေးဇူးတင်ကြဦး၊ တော်တော်မိုက်တဲ့ ဘုန်းကြီးမို့ ဟောနေတာ... (မှန်ပါ) သဘောပါပလား.... (ပါ ပါပြီ)။

အတော့ကို ဆိုးတာ....(မှန်ပါ) ဒီတရားကို သေသေချာချာ စဉ်းစားကြည့်တော့မှ ဘာပြောနေသတုံးလို့ တကာ တကာမ တွေ မေးတဲ့အခါကျတော့ မအားလို့ဘုရား လူဆိုတာ အင်မှတန်ရှုပ်တယ်ဘုရာ့၊ "ဃရာဝါသော ဗဟုကိစ္စော"လို့ ဘုရားက အဟောသားဘဲ....တဲ့။

ဟုတ်တယ်၊ ဘုန်းကြီးတို့လဲ မဟောဘူးလို့ မပြောပါဘူး.... (မှန်ပါ) သို့သော်"ဃရာဝါသော ဗဟုကိစ္စော" လို့သာ ဆိုတာ ဝိပ္ပလ္လာသအလုပ်-လုပ်နေတာ....(မှန်ပါဘုရား)။

ဘယ့်နှယ်ဖြေကြမလဲ.... (ဝိပ္ပလ္လာသအလုပ်-လုပ်နေတာပါ ဘုရား) အမှတ်မှား၊ အသိမှား၊ အယူမှားဘဲ....(မှန်ပါ)။

ဒါတွေသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘယ်လောက် ကြာကြာ လုပ်နေကြမှာတုံး မေးလို့ရှိယင်လဲ မသိမခြင်း လုပ်နေမှာဘဲ....(မှန်ပါ)။

မသိမခြင်းလုပ်နေလို့ရှိယင်လဲ ဒီဘဝ ဒုက္ခလဲထူ၊နောက်ဘဝ ထပ်ဆင့်၊ တကာ တကာမတွေ ဘယ့်နှယ်တုံး မြိုစရာ ပျက်စရာ မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ဒါ သံဝေဂ ရအောင် ပြောတာလား....၊အမှန်ကိုပြောနေတာလား....(အမှန်ကိုပြောနေတာပါဘုရား)။

သံဝေဂ မပါဘူးတဲ့၊ဒီဥစ္စာက အမှန်ကို ပြောနေပါတယ်....(မှန်ပါ) ရှင်းပြီနော်....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် ဒီဝိပ္ပလ္လာသဟာ တခြားသော တရားထက် ပိုမိုပြီး သကာလ ကြောက်စရာကောင်းတယ်လို့ ဆိုတဲ့ဥစ္စာ တကာ တကာမတွေ လေးလေးစားစား မှတ်ယိုက်စမ်းပါ....(မှန်ပါ)။

ဝိပ္ပလ္လာသက ခင်ဗျားတို့က ဒီဥစ္စာကို အကုသိုလ်ထဲ မသွင်းဘူး....(မှန်လှပါဘုရား)။

ဘယ့်နှယ်တုံး....(အကုသိုလ်ထဲမသွင်းပါဘုရား)။

သားမို့-သားပြောတာ၊ ဘာအပြစ်ရှိသေးတုံး....(မှန်ပါ) ခြေဉ်....ခက်ပြီကော....(မှန်ပါ)။

သားမို့ခင်တာ ဘာအပြစ်ရှိသေးသတုံး၊ သားမို့ အားကိုးတာ ဘာအပြစ်ရှိသေးသတုံး။

ဘာအပြစ်မှမရှိပါဘူး၊ တ'တိုင်းကာတာဘဲ.... (မှန်ပါ့)ရိုပ်မိပလား....(ရိပ်မိပါပြီ)။

ဘာအပြစ်မှတော့မရှိပါဘူး၊ ခင်ဗျားတို့နောက်က သိုက်ပါတယ်....(မှန်ပါ့)သို့သော် ကျွတ်ကမ်းတော့ မဝင်တော့ပါဘူး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ဒုက္ခပင်လယ်ဝေဘို့ကတော့ သေချာပါတယ်...(သေချာပါတယ်ဘုရား) သဘောပါပလား (ပါပါပြီ)။

အဲဒီတော့ကိုတဲ့၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ခြေဉ်....သူတို့တရားဟောရတာ ငါ မလွယ်ပါလား....၊ သူတို့ဆင်ခြေတွေကလဲ သိပ်ပေါပါလား၊ သူတို့ဆင်ခြေလဲ သူတို့က မသိရှာ၊ ကိုယ့်ဒုက္ခရောက်ရေးကို ဒုက္ခထဲမှာဘဲ နေပြီး သကာလ ဒုက္ခထဲက မကျွတ်ပါရစေနဲ့ ဆိုတဲ့ ဆင်ခြေဘဲ လဲနေတယ်....(မှန်ပါ့ဘုရား)။

ဘာလဲနေကြသလဲ.... (ဒုက္ခထဲက မကျွတ်ပါရစေနဲ့ ဆိုတဲ့ ဆင်ခြေဘဲလဲနေပါတယ်) ဆင်ခြေလဲနေတယ်။

မအားတာဟူသ၍ ဆင်ခြေလဲတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ကောင်းပြီ အခုအခါမှာလဲ အတော်ခက်တယ် ဦးသံဒိုင်ရဲ့၊ မအားတာဂုဏ်ယူတဲ့လူက တပုံကြီးဘဲ.... (မှန်ပါ့)။

မအားတာ သူကတော့ဖြင့် ကျုပ်ဖြင့် လုပ်ရတာ ကိုင်ရတာကို မောနေတာဘဲ၊ ဒါတောင် အလုပ်ပြီးပြတ်သွားတာ မဟုတ်

ဘူးတဲ့၊ သူ့တံ‌တိုင်းကာတာကို သူ ဂုဏ်ယူနေတယ်.... (မှန်ပါ) မယူကြဘူးလား.... (ယူပါတယ်)။

ဘယ်လောက်များ အံ့တယ်ဆိုတာတော့ ပြောဘို့လိုသေးသလား....(မလိုပါဘုရား)။

ဒါ ငွေဟူသော အမှတ်မထားဘဲနဲ့ ငွေဟူသော အသိမရှိဘဲနဲ့ ငွေကိုအားကိုးတဲ့ အလုပ်မပါဘဲနဲ့ ငွေရှာတဲ့အလုပ်ကို ဘယ်သူမှ မလုပ်ဘူး....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ငွေဟူသော အမှတ်မရှိဘဲနဲ့ ငွေလို့မသိဘဲနဲ့ ငွေကိုအားမကိုးဘဲနဲ့ ငွေရှာတဲ့အလုပ် ဘယ်သူမှမလုပ်ဘူး(မှန်ပါဘုရား) ဒါဖြင့် ဝိပ္ပလ္လာသ ပါ-မပါ....(ပါပါတယ်ဘုရား) ရှင်းပလား (ရှင်းပါပြီ) သိပ်ကြောက်စရာ ကောင်းပါလား.... (ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ စီးပွားရှာတာဟာ ဘယ်အတွက်တုံး....၊ တံ‌တိုင်းကာဘို့ဘုရာ့.... (မှန်ပါ)ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဘာလုပ်ကြတာတုံး....(တံတိုင်းကာဘို့လုပ်ကြတာပါ) အင်း ဘယ်သူ မဝင်နိုင်အောင်လို့တုံး-တဲ့.... ( ဘုရားမဝင်နိုင်အောင်လို့ပါ)။

ဘုရားနဲ့တရား မဝင်နိုင်အောင်လို့ပါ....(မှန်ပါ)ကြောက်စရာလူတွေပါလား....(မှန်ပါ)။

ကြောက်စရာလူတွေပါလား....၊ ကျေးဇူးရှိတဲ့လူဆိုမလာခဲ့နဲ့ကွ၊ ဟုတ်လား....(မှန်ပါ)။

မှောင်ထဲမှာ မွေးပြီး မှောင်ထဲမှာ သေပြီး ဒီက-နေ အပါယ် သွားမယ်၊ ဒီနေရာ လူပြန်ဖြစ်မယ်....(မှန်ပါ့ဘုရား) ရှင်းပလား-(ရှင်းပါပြီ)။

ဒီနေရာဘဲ နေတော့မယ်၊ ဒီနေရာ ဒီတံတိုင်းဘဲ ဆင့်နေတော့မယ်ဆိုတဲ့ အဓိပ္ပါယ် မပါဘူးလား....(ပါပါတယ် ဘုရား)။

ကဲ....နောက်က တကာ တကာမတွေ ခင်ဗျားတို့ ဖြစ်စဉ်ဟာ မျက်ရည်ကျလောက်အောင် အရုပ်ဆိုးနေတယ်--(မှန်ပါ့ဘုရား) မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ဒီလို နက်နက်နဲနဲ ဒီ ပါဠိတော်မျိုးကိုလဲ မတွေ့တော့ ခုနင်က ထန်းလက်ကာကလေးနဲ့ တော်တော် အားကိုးပစ်လိုက်တယ် ....(မှန်ပါ့) မကိုးဘူးလား....(ကိုးပါတယ်)။

မိုးကြိုးပစ်တာ ထန်းလက်ကာလို့တော့ ဘယ်နည်းနဲ့မှ မရဘူး....(မှန်ပါ့) ရပါ့မလား....(မရပါဘုရား)။

မရနိုင်တာကို ခင်ဗျားတို့က ရနိုင်တယ်လို့လဲ အထင်မှားကလဲ ရှိနေသေးတယ်....(မှန်ပါ့)။

ရှိနေသေးတယ်ဆိုသဖြင့် ဘုရားကလဲ ဩော်....အာစယဂါမိနောမေ့ာ=ဒါ စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်းကူ၊ ဒီအဥ္စတွေ ထားနေတဲ့ ဥစ္စာ၊ ဒီထဲမှာ စုတေရမယ်၊ ဒီထဲမှာ ပဋိသန္ဓေ နေရမယ်....(မှန်ပါ့) ဒီထဲ သေရမယ်၊ ဒီထဲနေ အပါယ်သွားရမယ် သဘောကျပလား....(ကျပါပြီ)။

ဒီထဲမှာဘဲ မွေး၊ ဒီထဲ သေ၊ ဒီထဲကဘဲ အပါယ်သွား၊ ဒီထဲ ပြန်ဖြစ်....(မှန်ပါ့)ဆိုတော့ ဘုရားက အပြင်ဘက်ကနေ ရှောက်

ပြီး သက်တမ်းစေ့တော့ ပရိနိဗ္ဗာန် စံသွားတယ်....၊ ဒီအထဲ မဝင်နိုင်ဘူး....(မှန်ပါ့ဘုရား)သဘောပါကြလား(ပါပါတယ်)။

ဒါဖြင့် တကာ တကာမတွေ ကိုယ့်တံတိုင်း ကိုယ့်တံတိုင်းနဲ့ အသီးသီးတော့ ရှိနေကြပြီ....(ရှိပါပြီဘုရား)။

တယောက် တံတိုင်း တမျိုး၊ တယောက်တံတိုင်း တမျိုးနဲ့ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဟ....ဘယ့်နှယ်ကြောင့် ဒါလောက် မဖျက်ကြတာတုံးမေးတော့ အို... ဘုန်းကြီးတို့ကသာ ဖျက်ဘို့ ပြောတယ်၊တပည့်တော်တို့က ကာလို့ ကောင်းတုန်း ရှိသေးတယ်....(မှန်ပါ့)။

ဘယ့်နှယ် နေကြသလဲ(တပည့်တော်တို့က ကာလို့ ကောင်းတုန်းပါဘုရား) ကာလို့ ကောင်းတုန်း ရှိသေးတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကာလို့ ကောင်းဆိုတာက သားနဲ့ ပျော် သမီးနဲ့ ပျော် ပစ္စည်းအရောင်းအဝယ်ဖြောင့်လို့ ပျော်....(မှန်ပါ့) ဒါ ဘာလုပ်နေကြတာတုံး....(တံတိုင်းကာနေကြတာပါ)။

ဘုန်းကြီးတို့က ဖျက်ပါ လျှော့ပါလို့ ပြောနေတယ်၊တပည့်တော်တို့ အခုလုပ်နေရတာက ဘယ်အားနိုင်ပါ့မတုံး- ဘုရား....၊ ဒီ သားတွေ သမီးတွေတွေကလဲ ကြီးလာပြန်၊ သူတို့က မေးဖွားတဲ့ မြေးတွေ မြစ်တွေကလဲ အတုံး အရုံးနဲ့၊ ဒါတွေ ကိုယ်မှ မစောင့်ရှောက် ဘယ့်နှယ် လုပ်မလဲဘုရာ့....၊ ဟာ....ဒီလို လာပစ်လိုက်တာ....(မှန်ပါ့ဘုရား) မလာဘူးလား....( လာပါတယ်ဘုရား )။

ဟ....ဒီဥစ္စာ ခုနင်က တံတိုင်းအကြောင်း မသိတဲ့ ပုဂ္ဂိုလ်က တော့ ဟုတ်ပေလိမ့်မယ် လိုက်မှာဘဲ(မှန်ပါ)တံတိုင်းအကြောင်း သိတဲ့ ပုဂ္ဂိုလ်ကတော့ ဪ.... ခုအချိန်ကျအောင်ဘဲ ကာတဲ့ အလုပ်ကြီး မရပ်စဲသေးဘူး.... (မှန်ပါ) ဘုရားအဆူဆူ လွဲရေး ကို ကြိုးစားတုန်းဘဲ....(မှန်ပါ ဘုရား) ဆိုထိုက်-မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား)။

ဘာကြိုးစားသတုံး....(ဘုရားအဆူဆူ လွဲရေးကို ကြိုးစား တယ်ဘုရား)။

ဘုရားအဆူဆူ လွဲရေး .... ( မှန်ပါ ) တည့်ရေး မပါဘူး (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ဘာ့ကြောင့်တုံးဆိုတော့ သားဟူသော အမှတ်၊ သမီးဟူ သော အသိ၊ သားဟူသော အားကိုးလုံး၊ သားကို တခါ မြင် လိုက်ယင် ဒီသုံးချက် လာတာဘဲ....(မှန်ပါ) သမီး တခါ မြင် လိုက်ယင်....(သုံးချက်လာပါတယ်)။

လေနေ့ ဘယ်နှစ်ကြိမ် ခတ်ကြသတုံး မေးလိုက်ယင်....(မရေ တွက်နိုင်ပါဘုရား) မရေတွက်နိုင်ဘူးဆိုတာ ကောင်းကောင်း ပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဒီဝိပ္ပလ္လာသတွေမှ မပယ်နိုင်လို့ ရှိယင်ဖြင့် အရူးက မပျောက်.... ( မှန်ပါ ) အရူးတရားဟောလို့ရှိယင် အပိုဘဲ.... (မှန်ပါ) ရှင်းပလာ၊....(ရှင်းပါပြီ)။

ဒါဖြင့်ဒီဝိပ္ပလ္လာသကို ခင်ဗျားတို့ မြင့်မားနေတာကြီး ဘယ် လောက် မြင့်မား မြင့်မား အခု ဂျပန်ပြည်ကြီးမှာ အနုမြူ ချ

သလိုပေါ့ဗျာ၊ ဘယ်လောက်ပင် သံတိုင် သံထုပ် သံယောက် တွေနဲ့ ကွန်ကရစ်တွေနဲ့ လုပ်ထားငြားသော်လဲ သူ့လက်နက် ကောင်းပြန်တော့လဲ အကုန်သွားတာဘဲ....(မှန်ပါ့ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဝိပဿနာလက်နက် ရှေးဦးစွာပစ်ပါ.... (မှန်ပါ့) သူက-နေပြီး ထုတေထားပြီဆိုမှဖြင့် မဂ်လက်နက်နဲ့ ပစ်လိုက်ပြီ ဆိုလို့ရှိယင် ဒီ တံတိုင်းတွေဟာ နှစ်ပေါင်းများစွာ စာထားငြားသော်လဲ အကုန် ပြိုပျက် သွားတာဘဲ.... (မှန်ပါ့ ဘုရား ) အကုန် ပြိုပျက်သွားယင် အလင်းရောက်လာတာဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘာခဲ အားကိုးရမှာပါလိမ့်.... ( ဝိပဿနာမဂ်ဘဲ အားကိုးရပါမယ်) ဝိဿနာမဂ်ဘဲ အားကိုးရမယ် ဆိုတာဖြင့် ပေါ်ကြပါပြီ....(ပေါ်သွားပါပြီ)။

အဲဒီတော့ ဒီတရား စ,ပြီး ပြောတာသည် တကာ တကာမ တို့ ကျုပ်တို့ဖြင့် ဒီအနေဆိုယင် ခံသာရည် ရှိပါပြီဆိုတဲ့ အားကိုး လုံးကလေးဟာ-ခင်ဗျား၏ဘာမှမဟုတ်သေးဘူးဆိုတာပြင်လိုက် စမ်းပါဦး....(မှန်ပါ့ဘုရား )။

ဩြော်....တပည့်တော်တို့ လူ့ပြည်မှာ ဘုရား....ရေတွင်း ရေ ကန် ဘုရား ကျောင်းကန် စုံပြီ ဘုရား....တဲ့၊ အင်း....တံတိုင်း ဖျက် လက်နက်ကတော့ မလုပ်သေးဘူး....(မှန်ပါ့)ရှင်းပလား— (ရှင်းပါပြီ)။

ဒါဖြင့် တံတိုင်းဖျက် လက်နက်ကိုလဲ ခင်ဗျားတို့ အရေး ကြီးပါသေးတယ်....(မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီ)။

ကောင်းပြီ....တဲ့၊ ခင်ဗျားတို့မှာ အခုဒီတံတိုင်းတွေကို ဘာနဲ့ ဖျက်မတုံးဆိုတော့ ဧည့်....အနိစ္စဉာဏ်လက်နက်နဲ့ သမ္မာဒိဋ္ဌိလက်နဲ့ ပစ်ပါမှ ရမယ်....(မှန်ပါ) ဒုက္ခသိတဲ့ သမ္မာဒိဋ္ဌိလက်နဲ့ (ပစ်မှ ရပါမယ်) အနတ္တကို နိုင်တဲ့ သမ္မာဒိဋ္ဌိလက်နက်နဲ့....(ပစ်မှ ရမှာပါ)။

အဲ....အနတ္တဆိုတဲ့ ဉာဏ်နဲ့ ထိုးဖေါက်ပစ်နိုင်မှ ဦးသံဒိုင် လိုရင်း ရမှာ....(မှန်ပါ) နို့မဟုတ်လို့ ရှိယင်တော့....( မရနိုင်ပါဘုရား) မရနိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီ)။

ဆင့်လာတာ ဒုကြီးနေတာ အင်မတန် ကြီးနေပြွားသော်လဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သဗ္ဗညုတဉာဏ်နဲ့ ဧည့်ဒီလက်နက်ကလေး တခု ရှိသေးတယ်ဆိုပြီး ကိုယ်တော်မြတ်ကြီးက ပေးရှာတာဘဲ....(မှန်ပါ) သူက ပေးပေမဲ့လဲ ကိုယ်တိုင်ကျင့်မှ ဒါ ကွဲသွားမှာ....(မှန်ပါ)ကိုယ်တိုင် ကျင့်တော့ ပြိုပျက်မယ်ဆိုတာကော သေချာပလား....(သေချာပါပြီ)။

ဒါဖြင့် ဘယ့်နှယ် လုပ်ကြမယ်....(ကိုယ်တိုင် ကျင့်ရပါမယ်ဘုရား)။

အဲ....အနိစ္စဉာဏ်လက်နက်နဲ့ ပစ်ပါ၊ ဒုက္ခဉာဏ်လက်နက်နဲ့ ပစ်ပါ၊ အနတ္တဉာဏ်လက်နက်နဲ့ ပစ်ရလိမ့်မယ်....( မှန်ပါ ) ပစ်လို့ရှိယင်ဖြင့်ဘယ်လောက် မြင့်မားပြီး ဘယ်လောက်ဒုထူနေစေကာမူ ပြိုပျက်ရမယ်ဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောထားပါတယ်.... (မှန်ပါ)။

ဒါဖြင့် ဒီအလုပ် မလုပ်သေးတဲ့ ပုဂ္ဂိုလ်မှာဖြင့် ပြိုစရာ ပျက်စရာမရှိဘူး၊ လုံခြုံရေးသာ လုပ်နေတယ်ဆိုတော့ ဒီအထဲမှာဘဲ

သေပွဲဝင် ဒီအထဲမှာဘဲ သားကောင် ငါးကောင်ဖြစ်၊ ဒီအထဲမှာဘဲ နိုင်ရာစားအဖြစ်နဲ့ သေကြကြကြ၊ ဒီတံတိုင်း အတွင်းမှာဘဲ (မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမယ်.... (ဝိပဿနာမဂ်နဲ့ ပစ်ရပါမယ်ဘုရား) ဝိပဿနာမဂ်နဲ့ ရှေးဦးစွာ ပစ်ရမယ်.... (မှန်ပါ) ပြီးတော့မှ မဂ်စစ်ရလာတဲ့အခါ မဂ်စစ်နဲ့ ပစ်လိုက်ယင်တော့ ဖြင့် အပါယ်သံသရာ ကာထားတဲ့တံတိုင်းကြီး ခြောက်ဌာနကာထားတဲ့ တံတိုင်းကြီးတွေကတော့ သွားတာဘဲ....(မှန်ပါ)။

သောတာပတ္တိမဂ် ရတယ်ဆိုယင် အပါယ်သံသရာ ကာထားတဲ့တံတိုင်းကြီးဟာ.... (သွားပါတယ်ဘုရား) သွားပြီ၊ အကုန်မြို ပျက်ဘယ်.... (မှန်ပါ) ဒါဖြင့် ကျုပ်တို့မှာ အပါယ်ပျောက်နေတယ်.... (မှန်ပါ)။

ခြောက်ဌာနဆိုတဲ့ "ဆစ္စာဘိဌာနာနိ အဘဗ္ဗကာတုံ...."ဆိုတော့ ခြောက်ဌာနမဖြစ်ရဘူး၊ အန္တ- အရှ- မိစ္ဆာဒိဋ္ဌိ- အ,အ အဆွံ-အသညသတ် အရူပ အစရှိသော ဘုံတို့။ ဒီဘုံတွေမှာ မဖြစ်ရတော့ဘူး ဆိုကတည်းက ခြောင်.... ဒို.... သည်ကားလို့ဆိုယင်ဖြင့်"စက္ခု ဉဒပါဒိ- ဉာဏံဉဒပါဒိ- အာလောကော ဉဒပါဒိ"အာလောကော- အလင်းသည်၊ ဉဒပါဒိ-ငါတို့ရပြီဆိုတာ ခင်ဗျားတို့ အဲဒီကျတော့မှဘဲ အဘိုးတန်တော့မယ်ဆိုတာ မှတ်လိုက်စမ်းပါ.... ( မှန်ပါ ဘုရား ) သဘောပါပလား.... (ပါပါပြီ)။

ဒါဖြင့် ဘာလုပ်ကြမလဲ.... တံတိုင်းဖြိုရမယ်.... (မှန်ပါ) တံတိုင်းဖျက်ရမယ်.... (မှန်ပါ) တကာတကာမတွေ ဘာလုပ်ကြ

မှယ် .... (တံတိုင်းဖြို့ရပါမယ်ဘုရား) တံတိုင်းဖြို့ တံတိုင်းဖျက်တဲ့ အလုပ်သည် ခင်ဗျားတို့ ဒါနနဲ့ဖျက်လို့လဲ မရဘူး.... (မရပါဘုရား) သီလနဲ့ ဖျက်လို့လဲ.... (မရပါဘုရား) သမထနဲ့ဖျက်လို့လဲ မရပါဘုရား) ဝိပဿနာဘဲရှိတယ်....(မှန်ပါ)။

ဒါက အစစ်တရားကို ပြောတော့ကို ဒါဘဲအားကိုးရမယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဘုရား တပည့်တော်တို့ ဒါနသီလတွေ မလုပ်ရတော့ဘူးလားဆိုတော့ လုပ်ရမယ်၊ ဘယ်နှယ် လုပ်ရမှာတုံးလို့ မေးတဲ့အခါကျတော့ကို တံတိုင်း ဖြိုချင်လို့လုပ်တာ.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား) သီလ ဆောက်တည် ပြန်လဲ.... (တံတိုင်းဖြိုချင်လို့ပါ) ဒါနပေးလှူပြန်ကော.... (တံတိုင်းဖြိုချင်လို့လုပ်တာပါဘုရား)။

ဒီလို ဝိဝဋ္ဋသ တရားတွေ ပယ်ချင်လွန်းလို့ လုပ်တယ်ဆိုတော့ကို တကာတကာမတို့ ဝိဝဋ္ဋဒါန အစစ် သွားဖြစ်တယ်.... (မှန်ပါဘုရား) မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တံတိုင်းဖြိုချင်လို့လုပ်တာမှသာလျှင် ကိုယ့်အလင်းရရေး.... (မှန်ပါ) တံတိုင်းဖြိုချင်လို့ မလုပ်ဘဲနဲ့ တံတိုင်းထပ်ချင်တဲ့အလုပ် ဆိုလို့ရှိယင်ဖြင့် ဒါ.... ကိုယ့်လုံခြုံရေး.... (မှန်ပါဘုရား) ဘုရားသခင်ကို မဝင်နိုင်အောင် ကာကွယ်ရေး ဆိုတဲ့ အဓိပ္ပါယ်ရပါတယ်....(မှန်ပါ)။

ကဲ....သဘောပါပလား.... (ပါပါပြီ) ဒါဖြင့် ဒီဟာဖြင့် ဘယ်နှယ်လုပ်ရမှာတုံးဘုရာ့.... ဆိုတော့ တကာ တကာမတို့

စိတ္တာနုပဿနာ ကြိုက်ယင် စိတ်ကိုရှုပါ.... (မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ရှုလိုက်သည်နဲ့ တပြိုင်နက်တည်း ဪ....ဒီဥစ္စာသည်ကား လို့ ဆိုယင်ဖြင့် သုခမဟုတ်ပါလား၊ သုခသညာလဲမဟုတ်၊သုခ လို့ မှတ်စရာလဲ မဟုတ်ပါလား....ဆိုတော့ သညာဝိပ္ပလ္လာသ ဘံတိုင်းပြုတ်သွားတယ်.... (ပြုတ်ပါတယ်ဘုရား)။

ဒီစိတ်ကလေး ရှုလိုက်တဲ့အခါ ကျလို့ရှိယင်ဖြင့် သာယာ စရာ မဟုတ်ပါလားဆိုတာလဲ ပျက်သွားတယ်— ဒီခန္ဓာကိုယ်လေ (မှန်ပါ့) အားကိုးစရာ မဟုတ်ပါလား ဆိုတာကော.... (ပျက် သွားပါတယ်ဘုရား)။

ဒါဖြင့် သညာရော- စိတ်ရော- ဒိဋ္ဌိရော အဖြစ် အပျက်ကို မြင်တဲ့ဉာဏ်မှ ဖြိုနိုင်တယ်... (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

ဖြစ်ပျက်မြင်တဲ့ဉာဏ်မှ.... (ဖြိုနိုင်ပါတယ် ဘုရား) ဖြိုမှလဲ "စက္ခုံ ဥဒပါဒိ"ဖြစ်မယ်.... (မှန်ပါ့) စက္ခုံ= ဉာဏ်မျက်စိ သည်၊ ဥဒပါဒိ=အမြင်သို့ ရောက်လာ၏၊ ဒီကျမှ နိဗ္ဗာန်မြင်မှာ (မှန်ပါ့) အာလောကော=ဉာဏ်ရောင်အလင်းသည်၊ ဥဒပါဒိ= ဖြစ်ပေါ်လာ၏....ဆိုတော့ ဒါ....ဖျက်ပြီးမှဘဲ ခင်ဗျားတို့အလင်း ရမှာဘဲ.... (မှန်ပါ့ဘုရား) ဒါ....မဖျက်နိုင်သ၍ ကာလပတ်လုံး (အလင်းမရပါဘုရား)။

ဒါဖြင့် အရှင်ဘုရား ဟောတာသည် တပည့်တော်တို့ ကာ ကွယ်ရေး အလုပ်တွေချည်း ဖြစ်နေတာ ဖျက်ရေးအလုပ် မပါ

ပါလားဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကွာ.... ဓမ္မသင်္ဂဏီမှာ ငါအဲပေါသသားဘဲ “ အာစယဂါမိနေ့ာဓမ္မာ” မင်းတို့လုပ်နေတာ တံထိုင်း စိပြီးသကာလ ဆင့်ဆင့် နေတာ အာစယက္ခ.... (မှန်ပါ)။

ဘာဖြစ်လို့ ဆင့်တာတုံးလို့ စုတိ ပဋိသန္ဓေတွေကို များ များတွေအောင်လို့ ဆင့်တာ....(မှန်ပါ) ဘယ့်နှယ်ကြောင့်တုံး (စုတိ ပဋိသန္ဓေတွေ များများတွေအောင်လို့ပါ ဘုရား) စုတိ ပဋိသန္ဓေတွေ များများကြီးတွေအောင်လို့.... (မှန်ပါ) စုတိက ဘာသစ္စာ.... (ဒုက္ခသစ္စာပါ) ပဋိသန္ဓေက.... (ဒုက္ခ သစ္စာပါ ဘုရား)။

ဩော်.... ဒုက္ခများများတွေချင်လို့ ဆင့်တာဘုရာ့(မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီ) အဲဒီတော့ကို ဘုရားက“အပစယ ဂါမိနေ့ာဓမ္မာ” မဂ်နဲ့ဖျက်ပစ်တဲ့၊ ဟုတ်လား.... (မှန်ပါ)။

အပစယဂါမိနေ့ာ- ဆိုတဲ့ဥစ္စာကလဲ စိစိလာတဲ့ တံတိုင်းတွေ ပေါ် “အပစယဂါမိနေ့ာဓမ္မာ”ဆိုတဲ့ မဂ်နဲ့ ဖျက်ချက္ခ(မှန်ပါ) သဘောပါပလား.... (ပါပါပြီဘုရား)။

အာစယဂါမိနေ့ာကတကာတကာမတို့ ဝိပ္ပလ္လာသကဆင့်ဆင့် စီတာ....(မှန်ပါ) “အာစယဂါမိနေ့ာ” ဆိုတာ ဝိပဿနာမဂ် လောကုတ္တရာမဂ်နဲ့ဖျက်ဖျက်ပစ်ရမယ်.... (မှန်ပါဘုရား)သဘော ကျပလား.... (ကျပါပြီ) အဲဒီတော့ ခင်ဗျားတို့ဟာ အခုဖြစ် နေတဲ့ အခြေအနေက စီသာစီတတ်၍ မဖျက်တတ်ဘူး....(မှန်ပါ ဘုရား) ဘယ့်နှယ်ဖြစ်နေသတုံး.... ( စီသာ စီတတ်၍ မဖျက် တတ်ပါဘုရား)။

အခု ဖျက်နည်းပေးပါပြီ.... (မှန်ပါ့) ဖျက်နည်း ပေးပါပြီ ဘကာဘကာမတို့ ခင်ဗျားတို့ ခန္ဓာထဲမှာရှိတဲ့ အနိစ္စကို မြင်အောင်ကြည့်.... (မှန်ပါ့ဘုရား) ဒုက္ခကို.... (မြင်အောင်ကြည့်ရပါမယ်ဘုရား)။

မြင်အောင်ကြည့်လိုက်လို့ရှိယင်ဖြင့် အနိစ္စဉာဏ် ဒုက္ခဉာဏ် ငွေမရှေးဦးစွာရမယ်၊ အနတ္တဉာဏ်ရမယ်.... (မှန်ပါ့)ရပြီးသည့်နောက်ကို အနိစ္စမြင်တဲ့ဉာဏ် ဒုက္ခမြင်တဲ့ဉာဏ် အနတ္တမြင်တဲ့ဉာဏ်ရတော့ ဒါတွေ ဖေါက်ထွင်းပစ်လိုက်တာ.... (မှန်ပါ့)။

နောက်ကျတော့ အနိစ္စ ဒုက္ခ အနတ္တ ရင့်ကျက်လာပြီ၊နိဗ္ဗိန္ဒတက်လာပြီ၊ မလိုချင်တဲ့ဉာဏ် ရလာပြီ— ဒီခန္ဓာကြီးကိုဖြင့် မလိုချင်တဲ့ဉာဏ် ပေါ်ပြီဆိုယင်ဖြင့် မဂ် ဝင်လာတာဘဲ.... (မှန်ပါ့ဘုရား)။

မဂ်ဉာဏ်သည် ဝင်လာသည်နှင့် တပြိုင်နက်တည်း တံတိုင်းနှစ်ထပ်— သောတာပတ္တိမဂ်ဉာဏ်ဝင်ယင်တံတိုင်းရှစ်ထပ်ပြုတ်တယ်.... (မှန်ပါ့)။

သောတာပတ္တိ မဂ်ဉာဏ်ဝင်ယင် .... (တံတိုင်းရှစ်ထပ်ပြုတ်ပါတယ်ဘုရား)။

ဒိဋ္ဌိတံတိုင်းလေးခု အကုန်ပြုတ်တယ် .... (မှန်ပါ့) နိစ္စသညာဆိုတဲ့ သညာကလဲ ပြုတ်တယ်....(မှန်ပါ့)နိစ္စစိတ္တဆိုတဲ့ဉစ္စာပြုတ်တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) အတ္တသညာလို့ဆိုတဲ့ သညာလဲပြုတ်တယ်....(မှန်ပါ့) အတ္တစိတ္တဆိုတဲ့ အဲဒါလဲပြုတ်ပါတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ သောတာပတ္တိမဂ်ရမှ ဒိဋ္ဌိတံတိုင်းက ရှစ်ခုဖြိုလို့ ဖျက်လို့ရတယ် .... (မှန်ပါ) သောတာပတ္တိမဂ် မရသေးယင် ကာလျက်-ကာလျက်ဘဲသာ အောက်မေ့စမ်းပါ....( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီ)။

သောတာပတ္တိမဂ်ရယင် တံတိုင်းရှစ်ခု ဘာဖြစ်သွားသတုံး.... (ပြုတ်သွားပါတယ်)။

အေး-ရှစ်နေရာ- ရှစ်ပေါက်တွေလို့ အလင်းရတယ် .... (မှန်ပါ) ဒီ့ပြင်တံတိုင်းဖြိုနိုင်သေးတာ မဟုတ်သေးဘူး.... (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် တကာ တကာမတို့ အလုပ်တရားမှ တပါး ခင်ဗျား တို့ကို ဖြိုဖျက်ပြီးသကာလ ပေးလို့ အလင်းရအောင်လို့ မှောင်ထဲမွေး မှောင်ထဲသေ ဇာတ်ထုပ်ကို ဝိပဿနာမှတပါးဝိပဿနာ မဂ်နဲ့ လောကုတ္တရာမဂ်မှတပါး ခင်ဗျားတို့ အလင်းပေးမည့်သူ မရှိဘူး....(မရှိပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဝိပဿနာမဂ်မှတပါး အလင်းပေးမည့်သူ မရှိပါဘုရား။

သူကတော့ ဖျက်နိုင်တယ်.... (မှန်ပါ) သူက အပစယဂါမိ နေ့ာမှော စုတိပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်ဘူးကွတဲ့၊ တံတိုင်းဆင့်တဲ့ အလုပ်မဟုတ်ဘူးကွတဲ့....(မှန်ပါ)ရိပ်မိပလား.... (ရိပ်မိပါပြီ) အဲ .... ဘာလုပ်ကြမယ် .... (ဝိပဿနာရှုရပါမယ် ဘုရား)။

ဝိပဿနာပေမဲ့လဲ ဘုန်းကြီးတို့ တကာ တကာမတွေက မဂ် ဆိုက်အောင် လုပ်ပစ်ပါ .... (မှန်ပါဘုရား) မဂ္ဂင်ငါးပါးက ရှစ်ပါးဖြစ်အောင်လုပ်ပစ်ပါ....(မှန်ပါ)။

မဂ္ဂင်ငါးပါးက....(ရှစ်ပါးဖြစ်အောင် လုပ်ပစ်ပါဘုရား)။

ရှစ်ပါးဟာ ဘယ်အချိန် တပည့်တော်တို့ ပြည့်မှာတုံးလို့ မေးတဲ့အခါ ရှစ်ပါးဟာ ဆုတောင်းလို့ မပြည့်ဘူး....(မှန်ပါ) ရှစ်ပါးသည်ကားလို့ ဆိုယင် ဖြစ်ပျက်ကို မြင်အောင်ကြည့်လို့ ရှိယင် ငါးပါးရမယ်....(မှန်ပါ) ဖြစ်ပျက်မှန်းလဲ ငါးပါးရတာ ဘဲ....(မှန်ပါ)။

ဟာ ဒီဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာတွေဘဲလို့ ပိုင်ပိုင်နိုင်နိုင် သိလို့ရှိယင် ရှစ်ပါးရတယ်....(မှန်ပါ) နိဗ္ဗာန်လဲ မြင်သွားတော့ တာဘဲ....(မှန်ပါ) ဒုက္ခပရိညေယျနဲ့ ပိုင်းခြားပြီး နိရောဓကို မျက်မှောက်ပြုတော့တာဘဲ .... (မှန်ပါ) မျက်မှောက်ပြုတယ်ဆိုတာ မြင်တယ်ဆိုတာပါဘဲ....(မှန်ပါ)။

အဲဒီလို မြင်တော့မှ တံတိုင်းကြီးဟာတဲ့ ဆဲ့နှစ်ထပ်ကာထားရာက ရှစ်ထပ်တော့ သေသေချာချာ ပြုတ်တယ်.... (မှန်ပါ)။

ဆဲ့နှစ်ထပ် ကာထားတာ....(ရှစ်ထပ် သေသေချာချာပြုတ် ပါတယ်) ရှစ်ထပ်ပြုတ်ထွက်သွားတယ်။

ဒါဖြင့် တကာ တကာမတို့ အလင်းရတန်သလောက် ရပြီလို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဆိုနိုင်ပါတယ်ဆိုတော့ ဒါဘာနဲ့ ဖျက်ပစ်လိုက်တာ တုံး ဆိုတော့ ရှေးဦးစွာ ဝိပဿနာမဂ်နဲ့ ထုချေနေတယ်....(မှန်ပါ) နောက်ကျတော့ လောကုတ္တရာမဂ်နဲ့ ပစ်ချလိုက်တယ်....(မှန်ပါ) ပစ်ချလိုက်တော့မှ ဆဲ့နှစ်ထပ် ကာထားတာက ရှစ်ထပ်ပြုတ် ထွက်သွားတယ်....(မှန်ပါ) ကျန်တော့ လေးထပ်တည်း ကျန် တော့တယ်....(မှန်ပါ)။

လေးထပ်ထဲက သိပ်ဝန်မလေးတော့ဘူးတဲ့၊ ဆဲ့နှစ်ထပ်ဖျက်ရ တာလောက် သူမခဲယဉ်းတော့ဘူး....(မှန်ပါ့ဘုရား)။

ဆဲ့နှစ်ထပ်ဖျက်ရတာလောက်....(မခဲယဉ်းတော့ပါဘုရား)။

အေး....ဒါကြောင့် ဒိဋ္ဌိဝိပလ္လာသက လေးခု၊ နိစ္စသညာ– နိစ္စစိတ္တ ၂-ခု....(မှန်ပါ့) သဘောကျပြီ....(ကျပါပြီ)အတ္တသညာ အတ္တစိတ္တ ၂-ခု၊ ပေါင်းလိုက်တော့ ဘယ်နှစ်ခုတုံး .... (ရှစ်ခုပါ ဘုရား)။

အဲဒီရှစ်ခု တံတိုင်းကို ဘုန်းကြီးတို့ တကာ တကာမတွေ ဝိပဿနာမဂ်ရှေ့ထားပြီး သောတာပတ္တိမဂ် ရမှသာလျှင်ပြိုတော့ မယ်....(မှန်ပါ့)။

ဒါပြိုသွားတယ် ဆိုလို့ရှိယင်လဲ ခင်ဗျားတို့ အမှောင်တော် တော်နည်းသွားပြီ....(မှန်ပါ့) ဘုရားသခင် ကိုယ်တော်မြတ်ကြီး လဲ ဆက်ပြီးသကာလ ဝင်ခွင့်ရသွားပါပြီ....(မှန်ပါ့) သဘောကျ ပလား....(ကျပါပြီ)။

အဲဒီတော့ကို အခုခင်ဗျားတို့ ငါတို့မှာ ဒိဋ္ဌာတထပ်မှ မပျက်သေးဘူးဆိုယင်ဖြင့် အမှောင်ထဲမှာဘဲ ရှိနေသေးတယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ခင်ဗျားတို့ အခုဘယ်ထဲမှာတုံး....(မှောင်ထဲမှာပါ) မှောင် ထဲမှာ ဆဲ့နှစ်ထပ်ဝိုင်းကာတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဆဲ့နှစ်ထပ် ဝိုင်းကာထားတော့ ငါဘယ်လိုသိပါတယ် ဆို ပြောသော်လဲ· ငါ အနိစ္စ ဒုက္ခ အနတ္တ သိပါတယ်၊ မရသေးဘူး၊

ကာလျက်ဘဲ....(မှန်ပါ့)ကာလျက်ဘဲ၊အနိစ္စ ဒုက္ခ အနတ္တလော်ကက် တော့ သူကကာလျက်ဘဲ ရှိသေးတယ်....(မှန်ပါ့) သဘောကျပ လား....(ကျပါပြီ) အနိစ္စ ဒုက္ခ အနတ္တတို့၏ အဆုံးဖြစ်တဲ့ နိဗ္ဗာန် မြင်မှ ဆဲ့နှစ်ထပ်ကပြုတ်တာ....(မှန်ပါ့)။

နိဗ္ဗာန်မြင်မှဘာတုံး....(ဆဲ့နှစ်ထပ်က ပြုတ်ပါတယ်ဘုရား)။

နို့မဟုတ်ယင်ဖြင့် ဘယ်နှစ်ထပ်ကာနေသတုံး.... (ဆဲ့နှစ်ထပ် ကာနေပါတယ်) ဆဲ့နှစ်ထပ်ကာနေတယ်ဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါကြောင့် ခင်ဗျားတို့ ဝေဒနာကြိုက်ယင် ဝေဒနာဖြစ်ပျက် ရှုပါ၊ စိတ်ကြိုက်ယင် .... (စိတ်ဖြစ်ပျက်ရှုရလိမ့်မယ်) ရှုရလိမ့် မယ်၊ တခုတည်း ရှုပါ.... ( မှန်ပါ့ ) စိတ်ကြိုက်ယင် စိတ် တခုတည်းရှု၊ ဝေဒနာကြိုက်ယင် ဝေဒနာတခုတည်းရှု၊ရုပ်ကြိုက် ယင် ရုပ်တခုတည်းရှု၊ သစ္စာကြိုက်ယင် သစ္စာတခုတည်းရှု.... (မှန်ပါ့ဘုရား)။

ရှုလိုက်လို့ရှိယင် ခင်ဗျားတို့ ဖြစ်ပျက်ကိုမြင်၊ ဖြစ်ပျက်ကိုမုန်း ဖြစ်ပျက်တွေ ဒုက္ခသစ္စာလို့ အမှန်အကန်သိလို့ရှိယင် ဒီဒုက္ခ သစ္စာချုပ်ငြိမ်းသွားပြီး ချက်ခြင်း ဒုက္ခသစ္စာကွယ်နေတဲ့ နိဗ္ဗာန် ဟာ ပေါ်လာတာဘဲ(မှန်ပါ့ဘုရား)မပေါ်လာဘူးလား (ပေါ် လာပါတယ်)။

ပေါ်လာသည်နဲ့ တပြိုင်နက်တည်း ဩော် .... ကိုယ်သည် သောတာပတ္တိမဂ်ပုဂ္ဂိုလ်, သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်ဖြစ်လာ တယ်၊ ဖြစ်လာသည်နဲ့ တပြိုင်နက်တည်း ဘယ့်နှယ်ကြောင့်

ဒီနာမည်ကလေး ရပါလိမ့်မတုံး၊ အို--ရှစ်ထပ်ကွာလို့ ရတာ.... (မှန်ပါ့ဘုရား) သဘောပါပလား....(ပါ-ပါပြီ)။

ဘယ်လိုကြောင့် ရသတုံး .... (ရှစ်ထပ်ကွာလို့ ရပါတယ် ဘုရား)။

ရှစ်ထပ်ကွာလို့ ရတာဆိုတော့ အခုအချိန်မှာ လက်ခမောင်း မခတ်ပါနဲ့ဦး....(မှန်ပါ့) ဒီထဲကမွေး-ဒီထဲသေ- ဒီထဲကအပါယ် အပါယ်လေးပါးဆိုတာ ဒီထဲမှာဘဲ .... (မှန်ပါ့) နတ်ရွာသုဂတိ ကကော....(ဒီထဲမှာပါဘဲ) ဒီတံတိုင်း ဆဲ့နှစ်ထပ်ထဲမှာဘဲ၊ ဒီထဲ မွေး၊ဒီထဲသေ၊ဒီထဲမှာဘဲ အပါယ်သွား....(မှန်ပါ့)ဒီထဲ ကနေပြီး သကာလ အနူ အရွဲ့အဝဲဖြစ်၊ ဒီထဲမှာဘဲ အရူးအနှမ်း ဖြစ် လိုက်၊ ဒီထဲမှာ ကျင်ကြီးစားတဲ့အကောင်ဖြစ်လိုက်.... (မှန်ပါ့)။

မဖြစ်နိုင်ဘူးလို့ ဒီတံတိုင်း ဆဲ့နှစ်ခုထဲမှာ ငါဘာမဖြစ်နိုင် ဘူးလို့မရှိဘူး....(မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမတုံး၊ ဖြိုဖျက်မှ ကိုက်တော့မယ်.... (မှန်ပါ့)ဘာနဲ့ဖြိုဖျက်မတုံး....(ဝိပဿနာမဂ်နဲ့ ဖြိုဖျက်ပါမယ်)။

အဲ အနိစ္စဉာဏ်မြင်တဲ့ သမ္မာဒိဋ္ဌိလက်နက်နဲ့ ပစ်မှရမယ်....(မှန် ပါ့ဘုရား)ဒုက္ခဉာဏ်မြင်တဲ့ သမ္မာဒိဋ္ဌိလက်နက်နဲ့ .... (ပစ်မှရပါ မယ်ဘုရား) အနတ္တာမြင်တဲ့ သမ္မာဒိဋ္ဌိလက်နက်နဲ့ .... (ပစ်မှရပါ မယ်ဘုရား)။

အဲဒီလို ပစ်လိုက်တဲ့အခါ ကျတော့မှတဲ့ သူ့ပစ်ပြီးသကာလ ဒါလဲ ပစ်ဆဲမှာမမြင်သေးပါဘူး၊ မပြိုသေးပါဘူး၊ တေရတုံး၊

ထုရတုံးဘဲ ရှိပါသေးတယ်....(မှန်ပါ) တကယ့် လောကုတ္တရာ မဂ် သောတာပတ္တိမဂ်ရမှ ရှစ်ထပ်က ဝုန်းကနဲ ပေါက်ထွက်သွားတာ....(မှန်ပါ)နို့မဟုတ်လို့ရှိယင်.... (မရပါဘုရား)ကလျက်-ဆီးလျက်- ပိတ်လျက်-ဆို့လျက်ဘဲဆိုတာ သေသေချာချာ မှတ်မိပြီ....(မှန်ပါ)။

ဒါဖြင့် ဘာအားကိုးကြမယ်....(ဝိပဿနာမဂ် အားကိုးရပါမယ်ဘုရား)။

ခင်ဗျားတို့ အခုတော့ အမှောင်ထဲမှာ နေမှန်းမသိတော့ အလင်းရှာရမှန်းမသိဘဲ ဖြစ်နေတယ်....(မှန်ပါ)သဘောကျပလား (ကျပါပြီ)။

ခင်ဗျားတို့က အခုဘယ်ထဲမှာ နေရသလဲ....(အမှောင်ထဲမှာ နေရပါတယ်)။

သို့သော် ခင်ဗျားတို့က အမှောင်ထဲမှာ နေပြီးသော်လဲ အလင်းကိုမရှာတတ်ဘူး....(မှန်ပါ)။

ဘာ့ကြောင့်မရှာတတ်သတုံး မေးတဲ့အခါကျတော့ ဖြေ-အမှောင်ထဲမွေးတော့ အမှောင်ထဲဘဲ သေတတ်တဲ့စိတ်ကလဲ ရှိနေတော့ အလင်းဆိုတာ ဘယ်တော့မှ မကြုံဘူးတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ မတောင်းတဘူး....(မှန်ပါ) အဲဒီလောက် အရုပ်ဆိုးနေတယ်....(မှန်ပါ)။

အလင်းကို ဘယ်တော့မှ မကြုံဘူးတော့.... (ဘယ်တော့မှ

မတောင်းတပါဘုရား) ဘယ်တော့မှ မတောင်းတဘူး၊ ဘယ်တော့မှမတောင်းတတော့ ဘယ်တော့မှမတွေ့ဘူး.... (မှန်ပါ့)။

ကိုယ့်ဒုက္ခနဲ့ကိုယ်သာ ဟုတ်နေတော့တာဘဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ....(ဝိပဿနာမဂ် လက်နက်နဲ့ ပစ်ရပါမယ်) ဝိပဿနာမဂ် လက်နက်နဲ့ပစ်လိုက်ပြီး နောက် လောကုတ္တရာမဂ် လက်နက်နဲ့ ပစ်လိုက်တဲ့အခါ ဆယ့်နှစ်ထပ်ရှိတဲ့ တံတိုင်းကြီး ဘယ်လောက်မြင့်မား-မြင့်မား ရှစ်ထပ်တော့ သွားတာဘဲ....(မှန်ပါ့) မသွားဘူးလား....(သွားပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဝိပဿနာမှတပါး တကယ်တန်း အားကိုးစရာမရှိပါဘူး....(မရှိပါဘုရား)ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ကောင်းပြီ ဒါဖြင့် ဒီ-တကာ တကာမတွေ့ ကိုယ့်ကာကွယ်ရေး ကိုယ်လုပ်တာသည် ကိုယ့်ဟာကိုယ်မဖျက်တတ်တာလောက် အရုပ်ဆိုးတာတော့ မရှိဘူး....(မရှိပါဘုရား)မဟုတ်ဘူးလား....(မှန်ပါ့)။

ကိုယ့်ဟာကိုယ်ကာတော့ ကာတတ်တယ်.... (မှန်ပါ့)ဖျက်တော့မဖျက်တတ်ဘူးဆိုတော့ ဖျက်နည်းလဲ အခု ဆရာဘုန်းကြီးက ပေးပြီ၊ ဘုရားပေးတဲ့ နည်းနဲ့နော်....(မှန်ပါ့)။

ဝိပဿနာဉာဏ်နဲ့ဖျက်ကွ၊ နောက်မဂ်ဉာဏ်နဲ့ဖြိုကွ(မှန်ပါ့) မဂ်ဉာဏ်နဲ့အစပျောက်အောင် လုပ်လိုက်ကွဆိုလို့ရှိယင် မပြီးသေးဘူးလား....(ပြီးပါတယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ဒါဖြင့် ဒီအလုပ်မှာပါး ခင်ဗျားတို့ တ'တိုင်းဖြိုနည်း နိဿယည်း မရှိဘူး.... (မှန်ပါ့) ဒီဟာ မလုပ်တော့ဘူး ဆိုယင်ဖြင့် ဆယ့်နှစ်ထပ်ကြားထဲမှာ အိုပွဲ နာပွဲ သေပွဲ အပါယ်လေးပါး ပွဲနဲ့ဘဲနေရုံဘဲ ဒီ့ပြင်ဘာမှမရှိဘူး....(မှန်ပါ့)ပေါ်ကြပလား.... (ပေါ်ပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီ)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....။

ကျေးဇူးတော်ရှင် - အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်
မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
ဒိဋ္ဌိ ဝိပ္ပလ္လာသပြုတ်ရေး

# ည အလုပ်ပေး တရားတော်

( ၄-၁၂-၆၁ )

— ၀ —

ဒီ ဝိပ္ပလ္လာသတွေ ဟောရခြင်း၏အကြောင်းက ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝိပ္ပလ္လာသ ဒဏ်ချက်မိလို့ အပါယ်လေးပါးရောက်ရတယ်၊ ဝိပ္ပလ္လာသ ဒဏ်ချက်မိလို့ သုဂတိသို့ရောက်ရတယ်၊ ဝိပ္ပလ္လာသ ဒဏ်ချက်လွတ်မှ နိဗ္ဗာန်ရောက်တယ်-ဆိုတော့ ဝိပ္ပလ္လာသသည် သုဂတိ မပို့ဘူးလားဆိုယင် ပို့တယ်လို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့) ဒုဂ္ဂတိ မပို့ဘူးလားဆိုယင် ပို့တယ်လို့ဘဲ ဆုံးဖြတ်ချက်ချ၊ အပါယ်လေးပါလဲ သူပို့တာဘဲ.... (မှန်ပါ့)။

သုဂတိ မပို့ဘူးလားလို့ဆိုတော့ သုဂတိပို့လို့ပေါ့ သောတာပန်မတည်တဲ့ ပုဂ္ဂိုလ်တွေလဲ အချို့မှာ သုဂတိရောက်နေကြတာဘဲ၊ နိဗ္ဗာန်ရောက်သလားဆိုတော့ နိဗ္ဗာန်ကိုတော့ဖြင့် သူ အမြဲတန်း ကန့်ကွက်မှာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပ္ပလ္လာသကြောင့် ဩော်....ဒုဂ္ဂတိ ရောက်နေတာလဲ ဝိပ္ပလ္လာသဘဲ....(မှန်ပါ)သုဂတိရောက်နေတာလဲ(ဝိပ္ပလ္လာသပါဘဲဘုရား)။

သုဂတိလဲ မကန့်ကွက်ပါဘူး၊ နိဗ္ဗာန်ကျလာတော့ ကန့်ကွက်တယ်၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီအရေးဟာ အရေးကြီးတဲ့နေရာ ကန့်ကွက်တယ်လို့ မှတ်ရမယ်.... (မှန်ပါ) အရေးမကြီးတဲ့နေရာ ခွင့်ပြုတယ်လို့မှတ်ရမယ်....(မှန်ပါဘုရား)။

ဒါဖြင့် ကျုပ်တို့လိုချင်တာက သစ္စာသိတဲ့ပုဂ္ဂိုလ်က ဒုဂ္ဂတိလဲ မကြိုက်ဘူး၊ သုဂတိလဲ မကြိုက်ဘူး....(မှန်ပါ)။

သစ္စာသိတဲ့ ပုဂ္ဂိုလ်မှန်က....(ဒုဂ္ဂတိလဲမကြိုက်ဘူး၊ သုဂတိလဲ မကြိုက်ပါဘုရား)။

သုဂတိလဲမကြိုက်ဘူး၊ ဒုဂ္ဂတိလဲ မကြိုက်ဘူး၊ သုဂတိလဲ ဒုက္ခသစ္စာ၊ ဒုဂ္ဂတိလဲ ဒုက္ခသစ္စာဘဲ....(မှန်ပါ)။

ဂတိပါနေကတည်းကိုက ဒါ သစ္စာထိုက်သည်လို့ ဆိုတာ ဆုံးဖြတ်ချက်ချ....(မှန်ပါ)။

ဂတိဆိုတာ လားရာ၊ လားရာပါယင် ဘာဆုံးဖြတ်ချက်ချရမလဲ.... (သစ္စာထိုက်သည်လို့ ဆုံးဖြတ်ချက်ချရပါမယ်)။

သစ္စာထိုက်နေတော့ လားရာပါယင် ဒုက္ခသစ္စာ၊ ရှင်းပလား (မှန်ပါ)။

လားရာပါယင်....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ တကာ တကာမတွေက သုံးနေကြတယ်၊ လားရာ ဂတိကလေးများမှ ကောင်းရဲ့လား၊ ဒါက သစ္စာမသိတဲ့လူက ပြောတာ....(မှန်ပါ့)။

လားရာဂတိကလေးများမှ ကောင်းရဲ့လားလို့ ပြောတဲ့ ဥစ္စာ ဘာပြောတာတုံး....(သစ္စာမသိတဲ့လူက ပြောတာပါ)။

ဒီ-ဂတိဆိုတာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် လားရာကို ဆိုပါတယ်၊ သွားရာကို ဆိုပါတယ်....(မှန်ပါ့)ဒါဖြင့် ခရီးလမ်း မဆုံးတဲ့ ပုဂ္ဂိုလ်၏အလုပ်....(မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (ခရီးလမ်းမဆုံးတဲ့ ပုဂ္ဂိုလ်၏ အလုပ်ပါဘုရား)။

ခရီးလမ်းမဆုံးတဲ့ ပုဂ္ဂိုလ်၏ အလုပ်ဆိုလို့ရှိယင်ဖြင့် သံသရာ့ ခရီးသည်ဘဲ ပြန်ကျတယ်.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဘာပြန်ကျသလဲ....(သံသရာ့ခရီးသည်ဘဲ ပြန်ကျပါတယ်)။

သံသရာ့ခရီးသည်ဆိုလို့ရှိယင်ဖြင့် ဇာတိ ဇရာ မရဏရှိတယ် (မှန်ပါ့)။

ဇာတိ ဇရာ မရဏရှိပြီးသကာလ နေလို့ရှိယင် ခရီးမဆုံးတဲ့ ပုဂ္ဂိုလ်၏ အလုပ်သာ မှတ်ပေတော့....(မှန်ပါ့)။

ဒါ့ကြောင့် ဘုရားက-

ဂတဒ္ဓိနော ဝိသောကဿ၊
ဝိပ္ပမုတ္တဿ သဗ္ဗဓိ၊
သဗ္ဗဂန္ထ ပ္ပဟီနဿ၊
ပရိဠာဟော နဝိဇ္ဇတိ။

ဓမ္မပဒ ပါဠိတော်မှာ....။

ဂတဒ္ဓိနော=ခရီးဆုံးပြီးသောပုဂ္ဂိုလ်အား၊ ပဋိသန္ဓေနေမှု မရှိတဲ့ ပုဂ္ဂိုလ် ဆိုပါတယ်၊ ဝိသောကဿ= သောက ကင်းပါတယ်တဲ့၊ ဝိပ္ပမုတ္တဿသဗ္ဗဓိ=အလုံးစုံသော ဘေးရန်အပေါင်းတို့မှ သူလွတ်ပါတယ်တဲ့၊ သဗ္ဗဂန္ထပ္ပဟီနဿ=သူ့ကို နှောင်ဖွဲ့ထားတာတွေ အကုန်ဖြုတ်ပစ်ပါတယ်တဲ့ ဆိုတော့ သညာတွေအကုန်ဖြုတ်ပစ်တယ်.... (မှန်ပါဘုရား) ပရိဠာဟော နဝိဇ္ဇတိ=ပူပန်သောက အကုန်ငြိမ်းသွားတယ်တဲ့၊ ဒါ ရဟန္တာဟောလိုက်တာ (မှန်ပါ) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် လားရာဂတိကလေးများမှ ကောင်းရဲ့လားလို့ဆိုတဲ့ ပုဂ္ဂိုလ်ဟာ သစ္စာမသိတဲ့ပုဂ္ဂိုလ်....(မှန်ပါ)။

လားရာဂတိမှ ကောင်းရဲ့လားဆိုတာ ခင်ဗျားတို့နှုတ်တက်နေတယ် .... (မှန်ပါ) နှုတ်မတက်ကြဘူးလား.... (တက်ပါတယ်ဘုရား) ။

ဘာဖြစ်လို့ နှုတ်တက်နေတာတုံးမေးယင် ဘယ့်နှယ်ဖြေမလဲ....(လားရာဂတိ မသိလို့ပါဘုရား)။

သစ္စာမသိတော့ လားရာဂတိ ကောင်းယင်ဖြင့် အင်း-သူကလဲ နဂိုက အနေကောင်းသကိုး၊ ဒါ့ကြောင့် အသေကောင်းတယ် လို့ ခင်ဗျားတို့ ချီးမွမ်းကြတယ်.... (မှန်ပါ့ဘုရား)။

အဲဒီ ရှေးမှုတွေက နေ့လည်က ဖြစ်သလိုဘဲတဲ့ ရှေးမှုတွေက နှုတ်တက်ရာပြောပြီး သစ္စာမသိတဲ့ပုဂ္ဂိုလ်တွေက ခေါင်းဆောင် ပြီးထားတော့ ဒါ....ဝိပ္ပလ္လာသနယ်က မလွတ်သေးတာကိုပင်အ ကောင်းလုပ်နေသေးတယ် ဆိုတဲ့ အဓိပ္ပါယ်ပါတယ်....(မှန်ပါ့) မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

ဒါဖြင့် ဒီလူတွေ ဘယ်လိုလူတွေတုံး....လို့ မေးကြလို့ရှိ ယင်ဖြင့် သစ္စာမသိသေးလို့ ပြောမိ ပြောရာ ပြောနေတာဘဲ လို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား— (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဂတိကလေးမှ ကောင်းရဲ့လားလို့ဆိုတဲ့ ပုဂ္ဂိုလ်ဟာ သစ္စာမသိလို့၊ လားရာဂတိ ကောင်းသွားတယ်၊ တော်ပါတယ် တော်ပါတယ်ဆိုပြီး သူတို့ချီးမွမ်းကြကာသည် ဒီဒုက္ခပြီး ဟိုဒုက္ခ ဆက်တာဘဲလို့ မှတ်ရမယ်.... (မှန်ပါ့ဘုရား)။

လူဒုက္ခပြီး နတ်ဒုက္ခ ဗြဟ္မာဒုက္ခ ဆက်တယ်၊ ဆက်တော့ကို ခုနင်က "တယောဘဝေ အဒ္ဓုဿချံဝိယ ဒဋ္ဌဗ္ဗော" လို့ပြော ထားသောကြောင့် ဘုံသုံးပါးဟာ မီးပုံကြီးချည်းဘဲလို့ တနေ့ ကလဲ ဟောခဲ့ပြီ၊ ဒီအထဲပြန်ကျတယ်.... (မှန်ပါ့ဘုရား)။

ဘယ်ပြန်ကျသလဲ....(ဒီအထဲ ပြန်ကျပါတယ်ဘုရား)မီးပုံထဲ ပြန်ကျတယ်.... (မှန်ပါ့ဘုရား) အဲ....လားရာဂတိ ကောင်းတဲ့

ပုဂ္ဂိုလ်လဲ မီးပုံထဲပြန်ကျတာဘဲ (မှန်ပါ) လားရာဂတိမကောင်း တဲ့ပုဂ္ဂိုလ်ကော.... (မီးပုံထဲ ပြန်ကျပါတယ်ဘုရား)။

မီးပုံထဲဘဲ ပြန်ကျတော့ကိုတဲ့ ခရီးဆုံးအောင် လုပ်ကြပါဆို တာ ဝိပ္ပလ္လာသဆုံးမှ ခရီးဆုံးမယ်လို့ တကာတကာမတွေ အား လုံးမှတ်ရမယ်.... (မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား) ဘာပယ်ရမလဲ.... (ဝိပ္ပလ္လာသ ပယ်ရပါမယ်ဘုရား)။

ဝိပ္ပလ္လာသ ပယ်တဲ့အလုပ်ကတော့ဖြင့် နေ့တိုင်းလဲ ပြောနေ တော့ တကာတကာမတွေ သတိထားဘို့ ကောင်းပါတယ်.... (မှန်ပါ)။

ဝိပ္ပလ္လာသ ပယ်နိုင်တာကတော့ကို ဥဒယဗ္ဗယ ဉာဏ်ကစပြီး ဝိပ္ပလ္လာသကို တော်တော် အညွန့်ကျိုးအောင် လုပ်နိုင်တယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါဘုရား)။

ဥဒယဗ္ဗယ ဉာဏ်ရယင် ဝိပ္ပလ္လာသ အညွန့်ကျိုးပြီ (မှန်ပါ) ဘာဖြစ်လို့တုံးဆိုတော့ ဘာ-ကြည့်လိုက် ကြည့်လိုက် ဥဒယဗ္ဗယ ချည်းရှိတာကိုး၊ ဖြစ်မှုနဲ့ ပျက်မှုချည်းရှိတယ် ဆိုကတည်းကိုက ခုနင်က သားဟူသော အမှတ်၊ သမီးဟူသောအမှတ် ဒါတွေ အကုန်ပျောက်ကုန်တယ်.... (မှန်ပါ)။

သားဟူသော ခင်မှု သမီးဟူသော ခင်မှုကော.... (ပျောက် ပါတယ်ဘုရား) သားဟူသော အယူ-သမီးဟူသော အယူတွေ ကော.... (ပျောက်ပါတယ်ဘုရား)။

ပျောက်သွားပြီတဲ့၊ ဒါဘယ့်နှယ်ကြောင့် ပျောက်သွားပါ လိမ့်မတုံး၊ ဥဒယဗ္ဗယဉာဏ်ရလို့.... (မှန်ပါ) ဒါကြောင့်ခင်ဗျား တို့ အဖြစ်အပျက်ကိုမြင်တဲ့ ပုဂ္ဂိုလ်များမှာ မည်မျှလောက်ကျေး

ဇူးများသလဲဆိုယင် ပြော်....ခရီးဆုံးသွားမည့် ပုဂ္ဂိုလ်မှာ ခရီးဆုံးလမ်း စ,တွေ့တာဘဲ.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ခရီးဆုံးသွားမည့် ပုဂ္ဂိုလ်မှာ.... (ခရီးဆုံးလမ်း စ,တွေ့ပါတယ်ဘုရား) အင်း....ဒီခရီးး ဆုံးဘို့ရာ အစ,တွေ့ပြီလို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ)၊

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ်ကျမ်းမှာ ဘယ်နေရာမှာဟောဟော ဟော့....ဥဒယဗ္ဗယ ဆိုတာ ထိုးဖေါက်နိုင်ဘို့ အရေးကြီးသကွ၊ ဥဒယဗ္ဗယ မြင်အောင် ထိုးဖေါက်နိုင်ဘို့ အရေးကြီးသကွ၊ ဒါ နေရာတိုင်းမှာ ပါတယ်.... (မှန်ပါဘုရား)။

ဖြစ်ပျက်မြင်ယင် ဖြစ်ပျက်ကို ထိုးဖေါက်ပြီးသကာလ မြင်ဘို့ရာ ဒါ အရေးကြီးတယ်ဆိုတာ ခရီးဆုံးလို့သော ပုဂ္ဂိုလ်၏ အစတွေ့တာဘဲလို့ မှတ်ပါ....(မှန်ပါဘုရား) ရှင်းပလဲား....(ရှင်းပါပြီဘုရား)။

ခရီးဆုံးလိုသော ပုဂ္ဂိုလ် ဘယ်က စ,တွေ့မှ ဆုံးမှာတုံး.... (ဥဒယဗ္ဗယက စ, တွေ့ရပါမယ်)။

ဥဒယဗ္ဗယဆိုတာ တကာ တကာမတွေ့ နားလည်အောင် ဆိုတော့ ဖြစ်မှု ပျက်မှုဘဲ....( မှန်ပါ ) ဖြစ်ပျက်မြင်လို့ရှိယင်ဖြင့် ခရီးဆုံးဘို့ရာ သူ့ အစ တွေ့ပါပြီ....(မှန်ပါဘုရား)။

ဒါမှ မတွေ့သေးဘူး ဆိုလို့ရှိယင်ဖြင့် ခရီး ဆုံးဘို့ရာ အကြောင်း ဒီ ပုဂ္ဂိုလ်အတွက် မျှော်လင့်ချက် မရှိလို့ မှတ်ပါ- (မှန်ပါ) သဘောပါကြပလား....(ပါပါပြီ)။

ကိုင်း ဒီနေ့ ဟောရမှာက ဝိပ္ပလ္လာသကို ဒိဋ္ဌိဝိပ္ပလ္လာသကို ယနေ့ ဟောမယ်။

ဒိဋ္ဌိ ဝိပ္ပလ္လာသဟာ ခိုင်တယ် မြဲတယ် ကျုပ် နက်ဖြန်လာခဲ့မယ်....(မှန်ပါ) ကျုပ် နက်ဖြန် လာခဲ့မယ်လို့ တကာ တကာမတွေ တယောက်နဲ့ တယောက် အချိန်း အချက်ရှိလို့ ပြောကြတဲ့ အခါကျလို့ရှိယင် ပြောလေ့ရှိတယ်....( မှန်ပါဘုရား ) သဘက်ခါ လာခဲ့မယ်လို့ ပြောလေ့ရှိတယ်....(မှန်ပါဘုရား)။

ပြောချင်လို့ ပြောတာလားလို့ မေးလို့ရှိယင် ကိုယ့်ခန္ဓာကြီးကို ခိုင်တယ် မြဲတယ်ယူတဲ့ သဿတဒိဋ္ဌိက ပြောတာ....(မှန်ပါဘုရား) သဘောပါပလား....(ပါပါပြီ)။

ဘယ်သူက ပြောတာပါလိမ့်....( သဿတဒိဋ္ဌိက ပြောပါတယ်ဘုရား )။

ဒီ အချိန်မှာ သူ ခုနင်က ခဏ ခဏ ဖြစ်မှု ပျက်မှုကို သူ နှလုံး မသွင်းဘူး....( မှန်ပါ ) နှလုံး မသွင်းတာနဲ့ ပြောရိုး ပြောစဉ် အတိုင်းဘဲ ပြောလိုက်ပါတယ်....(မှန်ပါ) နက်ဖြန် လာခဲ့မယ်၊ သဘက်ခါ လာခဲ့မယ်လို့ ဘာဒိဋ္ဌိနဲ့ ပြောတာတုံး....(သဿတဒိဋ္ဌိနဲ့ ပြောတာပါ)။

အဲ....အဲဒါ ဒိဋ္ဌိဝိပ္ပလ္လာသ....(မှန်ပါဘုရား)။

မခိုင် မမြဲတဲ့ ခန္ဓာကိုယ်ကြီးကို တခါတည်း ကန့်သတ်ရက်တွေ ကန့်သတ်နှစ်တွေနဲ့ ပြောလိုက်တာ.... (မှန်ပါ) အရိယာများကတော့ ဒီလို မပြောဘူး....(မှန်ပါ)။

အရိယာများကျတော့ ဒီလို မပြောဘူး၊ အရှင်ဘုရား နက်ဖြန် ဆွမ်းအလှူခံကြွပါ၊ အခန့်သင့်ယင် လာနိုင်ကောင်းပါရဲ့၊ ဒီလိုဘဲ သုံးတယ်....(မှန်ပါဘုရား) တထစ်ချစကား မသုံးဘူး.... (မသုံးပါဘုရား)။

တထစ်ချစကားကို....(မသုံးပါဘုရား)။

ဘာဖြစ်လို့ မသုံးသတုံးလို့ မေးတဲ့အခါကျတော့ တကာ တကာမတွေ ဒိဋ္ဌိခွါပြီးသား အသုံးကိုး....(မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒိဋ္ဌိခွါပြီးသား အသုံးကတော့ အခန့်သင့်ယင် အကြောင်း ညီညွတ်ယင် လာနိုင်ကောင်းပါရဲ့....(မှန်ပါ)။

တနည်းအားဖြင့်လဲ သည်းခံနေလိုက်တယ်၊ သည်းခံနေတာကို မှတ်ပြီး တကာ တကာမတွေက ဪ....ဘုရားဖြင့် ကြွလာမှာဘဲ၊သူ ဘာမှ ပြန်မှ မပြောဘဲကိုး....(မှန်ပါ)ပြောထိုက်တဲ့ စကားကို ပြောပြန်လို့ရှိယင်လဲ အခန့်သင့်ယင် လာနိုင်ကောင်း ပါရဲ့....(မှန်ပါ)။

ဘာသံဆိုတာကော ရိပ်မိကြပလား....(ရိပ်မိပါပြီ)ဝိပ္ပလ္လာသ ခွာပြီးတဲ့ အသံ....(မှန်ပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ဘယ်လိုများသုံးပါလိမ့် .... (ဝိပ္ပလ္လာသခွာပြီးတဲ့ အသံပါ ဘုရား)။

အဲ... ခွါပြီးတဲ့ အသံဆိုတော့ သူတို့မှာ တကာ တကာမတွေ ငါ့ပြီးသကာလ လိုက်ရဦးသော်လဲ သူ့ခန္ဓာအကြောင်း သူသိပြီးသားဖြစ်နေတော့ အခန့်သင့်ယင် လာနိုင်ကောင်းပါရဲ့ ဆို

တော့ ခင်ဗျားတို့လို ဆက်ဆက်လာခဲ့ပါမယ်ဗျာဆိုတာ မသုံးဘူး (မှန်ပါ့)သုံးရဲ့လား....(မသုံးပါဘုရား)။

ခင်ဗျားတို့ကတော့ ဘယ်လိုသုံးလေ့ ရှိသတုံး....(ဆက်ဆက် လာပါမယ်)။

ခင်ဗျား စိတ်ချရပါ့မလားဆို-အို မင်းစိတ်သာချ၊ဆက်ဆက် လာမယ်၊ မလာမရှိဘူးကွ....(မှန်ပါ့) အံမာလေး အတော်သုံးချ လိုက်တယ်....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့်တုံး ဆိုတော့ ဝိပ္ပလ္လာသက ရှိနေတယ်၊ ဒိဋ္ဌိဝိပ္ပလ္လာသရှိနေတယ်....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါ ပါပြီဘုရား)။

ဘာပေါ်သတုံး....(ဒိဋ္ဌိဝိပပ္ပလ္လာသရှိနေလို့ပါဘုရား)။

အဲ ဒိဋ္ဌိဝိပပ္ပလ္လာသ ရှိနေတော့ ဒိဋ္ဌိသံကြီးရှင်း ထွက်လာ တယ်....(မှန်ပါ့) ဒိဋ္ဌိသံကို တခါတည်း လာတာဘဲဆိုတဲ့ ဥစ္စာ ဒါအမှတ်တမဲ့ ပြောလိုက်တာလားလို့ အဟုဘ်ကိုပြောလိုက် တာလားလို့ မေးယင်ခင်ဗျားတို့ ဒိဋ္ဌိပေါ်လာလိမ့်မယ်....(ပေါ် ပါတယ်ဘုရား)။

အမှတ်တမဲ့ ပြောလိုက်တာလား- အဟုတ်ကိုပြောလိုက်တာ လား....(အဟုတ်ကိုပြောလိုက်တာပါ) ဒါဖြင့် ဒိဋ္ဌိဘဲ....(မှန်ပါ့) သေချာပလား....(သေချာပါပြီ)။

အမှတ်တမဲ့ ပြောတယ်ဆိုယင်တော့ဖြင့် အင်း.... သတိလွှတ် ကင်းတယ်ဆိုစရာ ရှိသေးတယ်၊ ဆက်ဆက်လာပါ့မယ် ဆိုတော့ ဒိဋ္ဌိသံပါနေတယ်....(မှန်ပါ့) မပါဘူးလား .... (ပါ-ပါတယ် ဘုရား)။

ဘုရားအရိယာတွေဟာ ဒီလိုသုံးသလား....(မသုံးပါဘုရား)။

မသုံးဘူးတဲ့၊ အကြောင်းညီညွတ်ယင် လာနိုင်ကောင်းပါရဲ့၊ ဒီလိုသာသုံးလေ့ရှိတယ်....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဘာသံဆိုတာ .... (ဒိဋ္ဌိခွါပြီးတဲ့အသံပါ) ဒိဋ္ဌိဝိပလ္လာသ ကင်းတဲ့အသံ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိဝိပလ္လာသ အသံသည် ခိုင်တယ် မြဲတယ်လို့ ယူလေ့ရှိပါတယ်တဲ့၊ ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒီ ဒိဋ္ဌိဟာ ဘယ်ကလာသတုံးလို့ မေးဘို့လိုပါတယ်.... (မှန်ပါ) ဒိဋ္ဌိကဘယ်ကလာသတုံးဆိုတော့ တကာ တကာမတို့ ခန္ဓာအမြင်မှားမှုက လာတယ်....(မှန်ပါ)။

ဒိဋ္ဌိဘယ်ကလာသတုံး.... (ခန္ဓာအမြင်မှားမှုက လာပါတယ်) ခန္ဓာအမြင်မှားမှုကလာတယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ)။

ခန္ဓာအမြင်မှားမှုက လာတယ်၊ ဘာ့ကြောင့်တုံး ဆိုလို့ရှိယင် ဖြင့်တဲ့ ဒီခန္ဓာကြီးဟာ ခိုင်တယ်၊မြဲတယ် တည်တံ့တယ်ဆိုတဲ့ အယူမှားကြီးက မခိုင် မမြဲတာကို ခိုင်တယ် မြဲတယ်ဆိုတဲ့ အယူမှားကလာတာ....(မှန်ပါ)။

ဒိဋ္ဌိဝိပလ္လာသသည် တကာ တကာမတို့ သူ့ပင်ကိုယ်သဘောက ခိုင်တယ် မြဲတယ်ဆိုတာ သူဒိဋ္ဌိဝိပလ္လာသဘဲ.... (မှန်ပါ) ရှင်းပလား····(ရှင်းပါပြီဘုရား)။

ဒါကြောင့် ကောန်အနေဖြင့် ဟို–နှစ်ကျယင် ဘာဖြစ်လိမ့်မယ် ဒီ–နှစ်ကျယင် ဘာဖြစ်လိမ့်မယ်၊ဟိုလ,ကျတော့ ဘယ်ဈေးဟာ

လိုက်တတ်တယ်၊ ဟိုလှကျလို့ ရှိယင် ဘယ်ကုန်က ဘာဖြတ်လို့ ဘယ်ရက်က ဘာပေါ်လာပြီး ဘယ်လို အရောင်းအဝယ်မှာ ဖွံ့ဖြိုးတတ်တယ် အစရှိသည်နဲ့ဟာ အဲဒါ ဒိဋ္ဌိသမား၏အတွေးလုံး တွေ....(မှန်ပါ့ဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဘယ်သူ၏ တွေးလုံးတုံး.... (ဒိဋ္ဌိသမား၏ တွေးလုံးတွေပါ ဘုရား)။

ဒိဋ္ဌိသမား၏ တွေးလုံးဆိုတာ ခင်ဗျားတို့က တွေးနေတော့ ကိုယ့်အတွေးနဲ့ ကိုယ်တော့ဟုတ်နေတာဘဲ၊ ဘယ်သူကဝင်ပြီး အုပ်ချုပ်နေတယ်ဆိုတာ ဖြုန်းကနဲ မရိပ်မိပါဘူး.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒိဋ္ဌိကဝင်အုပ်ချုပ်နေတယ်.... (မှန်ပါ့)။

တွေးလုံးပေါ်မှာ... (ဒိဋ္ဌိက ဝင်အုပ်ချုပ်နေပါတယ်) ဒိဋ္ဌိက ဝင်အုပ်ချုပ်နေလို့ သူဟာ ဒါ့ကြောင့် တချို့ တကာ တကာမ တွေ ပြောကြတယ် ဩော်....မသေမည့်ပုံဘဲ လုပ်နေလိုက်တာ.... (မှန်ပါ့) မပြောကြဘူးလား....(ပြောကြပါတယ်)။

ပြောကြတယ်တဲ့၊ အဲဒီ့ပြောတဲ့စကားထဲမှာ တော်တော် ကလေးအဘိုးတန်တယ်လို့ မောင်သစ်တို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့)။

တော်တော်အဘိုးတန်တယ်၊ မသေမည့်ပုံ လုပ်နေတာဘဲ-ဆို တော့သူဟာ ဒိဋ္ဌိတော့ လုံးလုံးပြုတ်လို့တော့ မဟုတ်ဘူး၊မရဏာ နုဿတိ ကလေးပါတယ်....(မှန်ပါ့ဘုရား)မပါဘူးလား.... (ပါ ပါတယ်ဘုရား)။

မရဏာသန္နဇောတိက လေးပါတဲ့အတွက်တဲ့ သူ့မှာ ဒိဋ္ဌိကို သတ်ဘို့ရာ အရိပ်ကလေး ကလေးလောက်တော့ ပါတယ်.... (မှန်ပါ ဘုရား)။

ကဲ....ဒါဖြင့် ဒိဋ္ဌိဆိုတဲ့ ဥစ္စာသည်ကားလို့ ဆိုလို့ရှိယင် ဝိပ္ပလ္လာသဘဲ၊ ဝိပ္ပလ္လာသလို့ သူ့ထည့်ပါ၊မခိုင်တာကို ခိုင်တယ် အယူက ရှိနေတယ်....(မှန်ပါ)။

အဲဒီတော့ မခိုင်တာကို ခိုင်တယ်ယူထားပြန်တော့ ယူဘာက ဒိဋ္ဌိ၊ ဝိပ္ပလ္လာသက ဖေါက်ပြန်တယ်၊ ဖေါက်ပြန်ပြီး ယူထားတယ်....(မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဖေါက်ပြန်ပြီးယူထားတာ ဘာပါလိမ့်....(ဒိဋ္ဌိဝိပ္ပလ္လာသပါ) ဒိဋ္ဌိဝိပ္ပလ္လာသလို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ)။

ဖေါက်ပြန်ပြီးယူထားတာ(ဒိဋ္ဌိဝိပ္ပလ္လာသပါ) ဒိဋ္ဌိဝိပ္ပလ္လာသလို့ မှတ်လိုက်စမ်းပါ....တဲ့။

အဲဒီ ဒိဋ္ဌိဝိပ္ပလ္လာသကို ပဏ္ဏာသ အဋ္ဌကထာ ဆရာက ဘယ်လို ဥပမာ ပြသတုံးလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့ ဒီ-ခန္ဓာကြီးကို သူ ငါ့သဘောလိုက်တယ်လို့ ယူထားတယ်၊ ဒီခန္ဓာကြီးဟာ ငါသွားချင်သွားနိုင်တာဘဲ၊ငါပြောချင် ပြောနိုင်တာဘဲ၊ ငါဆိုချင် ဆိုနိုင်တာဘဲ ဆိုပြီးသကာလ ခန္ဓာနဲ့ ငါနဲ့ဟာ တသားတည်း ဖြစ်နေတယ်....(မှန်ပါ)။

ခန္ဓာနဲ့ ငါနဲ့....(တသားတည်း ဖြစ်နေပါတယ်ဘုရား)။

တသားတည်း ဖြစ်နေတယ်တဲ့၊ အဲဒီတော့ကိုတဲ့ ခန္ဓာနဲ့ငါနဲ့ တသားတည်းဖြစ်နေတဲ့အတွက် ငါက ဒိဋ္ဌိ၊ ခန္ဓာက-ခန္ဓာ၊ ဒီ–

ခန္ဓာကြီးကို ငါ မှီနေတယ်ဆိုတဲ့ အစိုးပါယ် မပါဘူးလား.... (ပါပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဘယ်က လာသတုံး-ခန္ဓာကလာတယ်....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒိဋ္ဌိဘယ်က လာသတုံး....(ခန္ဓာက လာပါတယ်ဘုရား)ခန္ဓာက လာတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ)။

ကောင်းပြီတဲ့၊ ဒါဖြင့် ခန္ဓာသည်ကားလို့ ဆိုယင် တကာ-တကာမတွေ သိတဲ့အတိုင်း အနိစ္စ ဒုက္ခ အနတ္တ ဆိုတာ ခဏ-ခဏ ဖေါက်ပြန်ပျက်စီးနေတဲ့ သဘောရှိတယ်....(မှန်ပါ့)မရှိဘူးလား... (ရှိပါတယ်ဘုရား)။

ဉာဏ်နဲ့ ကြည့်လိုက်ယင် ရှိပါတယ်၊ ရှိပင် ရှိငြားသော်လဲ ဒီ-ခန္ဓာကြီးကို သူသည်ကားလို့ ဆိုယင် ခိုင်တယ် မြဲတယ်လို့ ဒိဋ္ဌိက စွဲထားတော့ ခန္ဓာနဲ့ ငါနဲ့ဟာ ရောနေတယ်.... (ရောနေပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာ့ဖြစ်စဉ်—ငါ့ဖြစ်စဉ်၊ ငါ့ ဖြစ်စဉ်က အခိုင်၊ ခန္ဓာဖြစ်စဉ်က မခိုင်....(မှန်ပါ့)မခိုင်တာနဲ့ တကာ တကာမတို့ ခိုင်တတ်တဲ့ဒိဋ္ဌိနဲ့ရောနေတယ်....(မှန်ပါ့ဘုရား) မရောဘူးလား.... (ရောပါတယ်ဘုရား)။

ရောပြီးသကာလ နေတော့ တကာ တကာမတွေမှာ ဖေါက်ပြန်နေတယ်....(မှန်ပါ့) ဖေါက်ပြန်တာက ဘယ်လိုဖေါက်ပြန်တာတုံး၊နောက် ဒီ-ခန္ဓာကြီးက ဖျတ်ဆို မခိုင်တဲ့ဘက် ရောက်

သွားတော့ ဒိဋ္ဌိကလဲ ခိုင်တယ်ယူထားတော့ တခါတည်း ငိုခြင်း ချကြတာဘဲ....(မှန်ပါ့)။

ဘာဖြစ်လို့ ငိုခြင်းချသတုံးလို့ မေးတဲ့အခါကျတော့ နဂို ဝိပ္ပလ္လာသက ချခိုင်းတာလို့ မှတ်.... (မှန်ပါ့ဘုရား)။

ငိုခြင်းချတာကို....(ဝိပ္ပလ္လာသက ချခိုင်းပါတယ်)။

အဲ....ဝိပ္ပလ္လာသရှိနေယင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လာရမယ်....(မှန်ပါ့ဘုရား)။

ဝိပ္ပလ္လာသရှိနေယင်.... (သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လာရပါမယ်ဘုရား)။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လာလို့ရှိယင် မှတ်လိုက် အဝိဇ္ဇာလာရမယ်....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာလာလို့ရှိယင် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာက.... (လာပါတယ်ဘုရား)။

ဝိပ္ပလ္လာသကနေပြီး ပဋိစ္စသမုပ္ပါဒ်ဆက်တာ-(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်ကနေဆက်လိုက်သလဲ....(ဝိပ္ပလ္လာသကနေပြီးဆက်လိုက် ပါတယ်ဘုရား)။

အဲဒီတော့ ဝိပ္ပလ္လာသဟာ သာမည ပြောတော့ကို ဒါ လောက် အကျိုးပေး ထက်လှမည်လို့ မထင်လှဘူး-နော်.... (မှန်ပါ့) အခုတော့ဖြင့် ဝိပ္ပလ္လာသရှိတဲ့ ပုဂ္ဂိုလ်ဟာ နဂိုက ဒီ-ခန္ဓာကြီးကို ကျားကိုးစီး စားပစ်လို့ မကုန်ဘူး၊ ခိုင်လိုက်တာ တောင့်လိုက်တာ အစရှိသည်နဲ့ ယူထားတယ်၊ နောက် ဒီ-ခန္ဓာ

ကြီးဟာ ဖေါက်ပြန် ပျက်စီးသွားတဲ့အခါကျတော့ ဒီလိုဖြစ်လိမ့်မယ်လို့ မလာဘူးလား....၊ လာသလား.... (လာပါတယ်ဘုရား)။

ဒီလိုဖြစ်လိမ့်မယ် မထင်ဘူးဆိုတော့ကို ဘယ်ကလာတာတုံးဆိုလို့ရှိယင် သောက ပရိဒေဝက လာသည်၊ မလာဘူးလား....(လာပါတယ်ဘုရား) သောက ပရိဒေဝလာယင် ဒုက္ခ ဒေါမနဿက....(လာပါတယ်ဘုရား) ဒုက္ခ ဒေါမနဿ လာလို့ရှိယင်အဝိဇ္ဇာက တွဲသလား မတွဲသလား....(တွဲပါတယ်ဘုရား)သူကသဟဇာတကိုး....(မှန်ပါ့)။

သဟဇာတ လုပ်တဲ့လိုက်တော့ ဪ....တကာ တကာမတို့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရ လမ်း ပြန်ရောက်သွားပြီ ....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရလမ်း ပြန်ရောက်တာသည် ရောက်ချင်လို့ ရောက်တာလားလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် တဲ့၊ ဒိဋ္ဌိဝိပ္ပလ္လာသကြောင့် ရောက်တာ... (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်....(ဒိဋ္ဌိဝိပ္ပလ္လာသကြောင့် ရောက်ရတာပါဘုရား)။

ဒိဋ္ဌိဝိပ္ပလ္လာသကြောင့် ရောက်တာ သေချာပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် မြို့ထဲ ရွာထဲမှာ အကြောင်းကိစ္စရှိယင် ဟိုမှာလဲအသံအမျိုးမျိုးထွက်၊ ဒီမှာလဲ အသံအမျိုးမျိုးထွက်၊ မြို့ထဲရွာထဲမှာ နှိပ်စက်နေတာ၊ အသုဘတွေ တွေ့တိုင်း-တွေ့တိုင်း နှိပ်စက်

နေတယ်၊ ဝေဒနာတွေ ရတိုင်း-ရတိုင်း နှိပ်စက်နေတယ်၊ သောက ပရိဒေဝတွေ ဘယ့်နှယ်နေကျသတုံး ကျုပ်ဖြင့် စိတ်မအေးပါဘူး၊ ဘယ့်နှယ်ဖြစ်သွားသတုံး၊ စိတ်ကိုမချရသေးပါဘူး- အစ ရှိသည်နဲ့ ဘယ်ကလာကြတာတုံး၊ စိတ်မချတာ စိတ်မအေးရတာ တို့ ဘယ်ကလာကြတာတုံး.... (ဒိဋ္ဌိဝိပ္ပလ္လာသက လာပါတယ် ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒိဋ္ဌိဝိပ္ပလ္လာသမရှိလို့ရှိယင် သူလာပါ့မလား.... (မလာပါ ဘုရား)။

ဒိဋ္ဌိဝိပ္ပလ္လာသ ရှိတဲ့ပုဂ္ဂိုလ်ဖြင့် စိတ်မအေးရဘူး၊ စိတ်မချရ တာနဲ့ ဟာကာ တာကာမတို့ သိတဲ့အတိုင်းတဲ့၊ ဩော်....ဝိပ္ပလ္လာသ ဟာ သောကကိုဖြစ်စေနိုင်တယ်....(မှန်ပါ့ဘုရား) ပရိဒေဝကို.... (ဖြစ်စေနိုင်ပါတယ်) ဒုက္ခ ဒေါမနဿကို....(ဖြစ်စေနိုင်ပါတယ်) ဖြစ်စေနိုင်တယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကို လည်စေနိုင်တယ်ဆိုတာ.... (ပေါ် ပါပြီဘုရား)။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ လာတဲ့အခါ ကျတော့ ပဋိစ္စသမုပ္ပါဒ် အဆုံးကနေ ပြန်ပတ် ပါတယ်.... (မှန်ပါ)။

ဦးသံဒိုင် ဘယ့်နှယ်နေသတုံး.... (အဆုံးကနေ ပြန်ပတ်ပါ တယ်ဘုရား)။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ရှိတဲ့ပုဂ္ဂိုလ်ဟာ မသိတဲ့ အဝိဇ္ဇာအုပ်ချုပ်နေတယ်ဆိုတာ ငြင်းနေဘို့ လိုသေးသလား....

(မလိုပါဘုရား) မလိုတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သူပြန်မပတ်ဘူးလား.... (ပတ်ပါတယ်ဘုရား)။

အဲဒါ တကာ တကာမတွေ ဒီ·အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ ဘယ်ကလာတာတုံးလို့ မေးလို့ရှိယင်ဖြင့် ဒိဋ္ဌိဝိပ္ပလ္လာသက ဆက်ပေးလိုက်တာ....(မှန်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်ကလာတာတုံး.... (ဒိဋ္ဌိဝိပ္ပလ္လာသက ဆက်ပေးတာပါဘုရား)။

ဒါဖြင့် မြို့ထဲရွာထဲမှာ ဖြစ်စေ တိရစ္ဆာန်တွေမှာ ဖြစ်စေ အင်း-သားသေလို့-သမီးသေလို့-ဆွေမျိုးပျက်စီးလို့ ဗျသနတွေ တွေ့ပြီဆိုကြပါစို့၊ ဉာတိ ဗျသနတို့ ဘောဂ ဗျသနတို့ ရောဂ ဗျသနတို့ တွေ့ပြီဆိုကြပါစို့၊ ပျက်စီးတဲ့သဘောတွေ တွေ့ပြီဆိုကြပါစို့၊ ဦးသံဒိုင်-ဟင်.... (မှန်ပါဘုရား) တခါတည်း သောက ပရိဒေဝ မလိုက်ဘူးလား— လိုက်သလား.... (လိုက်ပါတယ်ဘုရား) လိုက်ယင် အဝိဇ္ဇာ ပါ-မပါ....(ပါပါတယ်ဘုရား) ပါလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ဆက်-မဆက်.... (ဆက်ပါတယ်ဘုရား)။

ဟ....ဘယ်သူက စ ပေးလိုက်တာပါလိမ့်.... (ဒိဋ္ဌိဝိပ္ပလ္လာသက စ ပေးပါတယ်ဘုရား)။

အဲ....ဘယ်လောက်ကြောက်စရာ ကောင်းသတုံး....(မှန်ပါ) မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီ-ဒိဋ္ဌိဝိပ္ပလ္လာသရှိတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်မှလွတ်ပါ့မလားလို့ မေးလို့ရှိယင် ဘယ့်နှယ်ဖြေကြမလဲ.... (မလွတ်ပါဘုရား)။

မလွတ်တော့ဘူး-တဲ့၊ ဒါတွေက သီလရှိပြီးသကာလ သီလနဲ့ ငိုနေ....(မှန်ပါ့)သီလက ငိုလို့တော့ ဒါလောက်မပျက်လှပါဘူး ညှိုးရုံဘဲရှိမယ်....(မှန်ပါ့)။

ဒါနလုပ်နေတာလဲ လုပ်သာလုပ်၊ ငိုရင်းဘဲ ချက်ကြ-ပြုတ်ကြ၊ ကိစ္စမရှိပါဘူး-တဲ့၊ ဒါနလဲ မြောက်တာပါဘဲ၊ သီလလဲ ထိုက်တန်သလောက် ပြည့်စုံတာပါဘဲလို့ ဦးသံဒိုင် ဆိုသာဆို.... (မှန်ပါဘုရား)။

သို့သော် မနောကံအနေနဲ့ ပြောရယင်တော့ဖြင့် အပါယ်ပို့နေပြီ....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမယ်-(မနောကံအနေဖြင့်ပြောယင် အပါယ်ပို့နေပါတယ်ဘုရား)။

မနောကံအနေကတော့ အပါယ်ပို့နေပြီဆိုတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာကို ဘယ်သူငြင်းနိုင်သေးသတုံး.... (မငြင်းနိုင်ပါဘုရား)။

မငြင်းနိုင်ဘူး၊ ဖြစ်စဉ်ကို ကိုက်နေတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဝိပ္ပလ္လာသ မပယ်နိုင်သေးသ၍ ကာလပတ်လုံး အပါယ်လွတ်ရေး ကျွတ်ရေး မရှိသေးဆိုတဲ့ဥစ္စာ မှတ်ထားပါ....(မှန်ပါ့ဘုရား)။

အပါယ် လွတ်ရေး ကျွတ်ရေး....(မရှိပါဘုရား)။

မရှိသေးဘူးဆိုတော့ ဩော်....ဒါဖြင့် ဒီ-ဝိပ္ပလ္လာသဖြင့် လက်သည်တွေပြီ၊ ဒိဋ္ဌိဝိပ္ပလ္လာသကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လာတယ်၊ သူလာလို့ အဝိဇ္ဇာ သင်္ခါရ ပြန်ဖြစ်ရတယ် (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမှာတုံး....၊ ဒိဋ္ဌိပြုတ်အောင် လုပ်ရလိမ့်မယ်....(မှန်ပါ့ဘုရား)သဘောပေါက်ကြလား.... (ပေါက်ပါတယ်ဘုရား)။

ဒိဋ္ဌိပြုတ်မှ၊ ဒိဋ္ဌိဆိုတာ ဝိပ္ပလ္လာသဘဲ....(မှန်ပါ့)မိစ္ဆာဒိဋ္ဌိကိုး-(မှန်ပါ့)။

ကဲ....ဒါဖြင့် ဒိဋ္ဌိဝိပ္ပလ္လာသပြုတ်မှ ဖြစ်မယ်ဆိုတဲ့ အဓိပ္ပါယ်လဲ ရှင်းသွားပါပြီ....(ရှင်းသွားပါပြီဘုရား)။

ဒါဖြင့် သောတာပန် အပါယ်လွတ်တာ ဘယ့်နှယ်ကြောင့်ပါလိမ့်-သူပြုတ်တာ....(မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

သောတာပန် အပါယ်လွတ်သွားတာ....(ဒိဋ္ဌိဝိပ္ပလ္လာသ ပြုတ်သွားလို့ပါဘုရား)။

ဒိဋ္ဌိဝိပ္ပလ္လာသပြုတ်တော့ကို ဥပမာ လူတယောက်က ဖျတ်ကနဲ ရောဂါရတယ်၊ ရောဂါရပြီးသကာလ နေတော့ ခုနင်က ဖြစ်မှ ဖြစ်ရလေခြင်းတွေ ဘာတွေ လာသေးရဲ့လား.... (မလာပါဘုရား)။

မလာတော့ဘူး ဆိုတော့ အဝိဇ္ဇာကကော လာနိုင်သေးသလား....(မလာနိုင်ပါဘုရား)။

မလာနိုင်တော့ ပဋိစ္စသမုပ္ပါဒ်က အဆက်ပြတ်သွားတယ်....( မှန်ပါ ) ဒိဋ္ဌိက စပြတ်လို့ သွားပြတ်တယ်.... ( မှန်ပါ ) ဒိဋ္ဌိကမပြတ်ယင်(မပြတ်ပါဘုရား) မပြတ်ဘူးဆိုတာ ပေါ်လာကြပြီ.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီ....ဒိဋ္ဌိဟာ တော်တော်အရေးကြီးတယ်၊သူကိုတော် လှန်ပစ်ဘို့ရာ အရေးဟာဖြင့်မသေးလှဘူး ဆိုတဲ့ဥစ္စာဖြင့် ဦးသံဒိုင်တို့ သေသေချာချာမှတ်ရမယ်.... (မှန်ပါဘုရား) မမှတ်ထိုက်ဘူးလား.... (မှတ်ထိုက်ပါတယ်ဘုရား)။

သူက အဝိဇ္ဇာပစ္စယာ သင်္ခါရာကျအောင် ကျေးဇူးပြုတယ် (မှန်ပါ) ဒါကလဲ အခု တရား အရည်လည်သွားလို့ သာလျှင် ဒိဋ္ဌိ ဝိပ္ပလ္လာသက အခုထပ်ပြောပါဦးမယ်တခေါက်၊ ကိုယ့်သမီးကလေး ကိုယ်ခိုင်တယ် ထင်တယ်၊ ကိုယ့်သားကလေး ကိုယ်ခိုင်တယ်ထင်တယ်၊ ခိုင်ရာကနေပြီး မခိုင်တဲ့ သဘောရောက်သွားတော့ အမေမိဘမှာသောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ရောက်မရောက်....(ရောက်ပါတယ်ဘုရား)။

ရောက်လို့ရှိယင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿထဲမှာ အဝိဇ္ဇာက ပါ-မပါ.... (ပါပါတယ်ဘုရား)ပါလို့ရှိယင်အဝိဇ္ဇာကတော့ သူဆက်ရမဲ့ဝဋ္ဋရားအတိုင်း.... (မှန်ပါ)။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဆက်ရမယ်.... (မှန်ပါ) သင်္ခါရ ပစ္စယာ ဝိညာဏံ.... (ဆက်ရပါမယ်)ဟာ....ဒါဖြင့် ဒီ....အဝိဇ္ဇာ

ဘယ်ကလာသတုံး.... ဒိဋ္ဌကလာတယ်.... (မှန်ပါဘုရား) သဘော ကျပလား.... (ကျပါပြီဘုရား)။

ဒီ....အဝိဇ္ဇာ ဘယ်က လာသတုံး.... (ဒိဋ္ဌိက လာပါတယ် ဘုရား)။

ဒိဋ္ဌိကလာတယ်၊ ဒိဋ္ဌိကလာလို့ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီး ပေါ်ပေါက်ပြီး သင်္ခါရ သင်္ခါရ ပစ္စယာ ဝိညာဏံ ဆိုတဲ့ အပါယ်ဝိညာဏ်တွေ ပေါ်လာတယ်.... (မှန်ပါ ဘုရား)။

အင်း....ဘယ်သူက စ ပေးလိုက်သတုံး.... ဒိဋ္ဌိက စ-ပေးလိုက် ပါတယ်ဘုရား) ဒိဋ္ဌိမှာလဲ ဝိပ္ပလ္လာသ၊ ဒိဋ္ဌိ ဝိပ္ပလ္လာသကလာ တာ.... (မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘယ်က လာသတုံး.... (ဒိဋ္ဌိ ဝိပ္ပလ္လာသက လာပါတယ်ဘုရား) ဪ....ဒါဖြင့် မျက်ရည်ပေးလေသမျှ ဒိဋ္ဌိ ဝိပ္ပလ္လာသကဘဲ.... (မှန်ပါဘုရား)။

ဘယ်အိမ်မှာဖြင့် မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေတယ်လို့ ဦးသံဒိုင် မြင်ဘူးပါပြီ.... (မှန်ပါ) ကြားဘော.... (ကြားဘူး ပါပြီဘုရား)၊

အင်း....ဒီမျက်ရည် ဘယ်သူပေးတာပါလိမ့်....(ဒိဋ္ဌိဝိပ္ပလ္လာသ က ပေးတာပါဘုရား)ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဪ....ဒိဋ္ဌိဝိပ္ပလ္လာသသည် သောက ပရိဒေဝဆိုတဲ့မျက်ရည် တွေကို သူပေးတတ်တယ်ဆိုတဲ့ ဥစ္စာဖြင့် ရှင်းသွားပါပြီ(မှန်ပါ)

နဂိုက ခိုင်တယ်ဟူသော အမှတ်ကထားတော့ ဖျက်ကနဲ မခိုင်တဲ့ အနတ္တလဲပြလိုက်ကရော ဒိဋ္ဌိက မကျေနပ်ဘူး....(မှန်ပါ့)ကျေနပ် ကဲ့လား.... (မကျေနပ်ပါဘုရား)။

မကျေနပ်တာသည် ဘာဖြစ်လို့ မကျေနပ်တာတုံး....လို့ဆို တော့ ဒိဋ္ဌိကိုက တကာဘကာမတ္တိ နဂိုက ဖေါက်ပြန်ပြီးသကာ လ ခိုင်တယ်ယူထားတဲ့ ဒိဋ္ဌိ.... (မှန်ပါ့ ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)

ဒိဋ္ဌိက ဘယ်လိုယူထားသတုံး.... (ဖေါက်ပြန်ပြီး ခိုင်တယ်ယူ ထားပါတယ်ဘုရား) ခိုင်တယ်ယူထားတဲ့ဒိဋ္ဌိ၊ ဟိုကလဲ အနတ္တပြ ပါရော ဒီကမျက်ရည်ကျတယ်.... (မှန်ပါ့) အနတ္တပြယင် (မျက် ရည်ကျပါတယ်ဘုရား) ဩော်.... ဘုရားသခင် ကိုယ်တော်မြတ် ကြီးကလဲ အနတ္တဆိုတာ နိဗ္ဗာန်ဝင်ပါတယ်ကွာ....တဲ့၊ ဒီလိုဟော တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အနတ္တဆိုတာ.... (နိဗ္ဗာန်ဝင်ပါတယ်ဘုရား) နိဗ္ဗာန်ရောက်တဲ့ တရားပါ၊ ခင်ဗျားတို့ ဝိပဿနာသ မပါယ်နိုင်သေးတဲ့ပုဂ္ဂိုလ် ကျ တော့ အပါယ်ရောက်တဲ့တရား သွားဖြစ်နေတယ်.... (မှန်ပါ့) ဘယ်လောက်ကြီးကျယ်သတုံး.... (ကြီးကျယ်ပါတယ်ဘုရား)။

နဂိုက အနတ္တလဲ ပြလိုက်ပါရော ဒိဋ္ဌိ ဝိပဿနာသ သမားက တခါတည်း သောက ပရိဒေဝဘက် လှည့်တယ်....(မှန်ပါ့ဘုရား) မလှည့်ဘူးလား.... (လှည့်ပါတယ် ဘုရား) ဒါဖြင့် အားလုံး တကာတကာမတ္တိ ဩော်·ဒိဋ္ဌိဝိပဿနာသ မပျောက်သ၍ ကာလ ပတ်လုံးအပါယ်လေးပါး မလွတ်ဘူးဆိုတဲ့ဟာ သေချာသွားပ လား....(သေချာပါပြီဘုရား)။

ဒါကြောင့် သောတာပန်မှာကျတော့ ဒိဋ္ဌိပယ်သောကြောင့် ဒိဋ္ဌိပယ်လိုက်တဲ့အတွက်တဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ ပယ်ပြီးသားဖြစ်သောကြောင့် ငိုတော့ ငိုတယ်တဲ့၊ ဝိသာခါ သူ့မြေးသေတော့ငိုတာပါဘဲ.... (မှန်ပါ့) သောက ပရိဒေဝ လိုက်တော့လိုက်တယ်.... (မှန်ပါ့) သို့သော် ဒိဋ္ဌိက ပယ်ပြီးသားဖြစ်နေတော့ ဝိသာခါ အပါယ်မကျဘူး.... (မကျပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဝိသာခါ အပါယ်မကျတာ ဘယ်နှယ်ကြောင့်ပါလိမ့်....(ဒိဋ္ဌိပယ်ပြီးသား ဖြစ်လို့ပါဘုရား) အဲ....သောက ပရိဒေဝတော့ မကျန်ဘူးလား.... (ကျန်ပါတယ်ဘုရား)။

ကျန်ပင် ကျန်ငြားသော်လဲ ဒိဋ္ဌိ ပြုတ်ပြီးသားဖြစ်နေတော့ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာပင် ဖြစ်ငြားသော်လဲ ဒိဋ္ဌိ ဝိပ္ပလ္လာသ ပြုတ်ထားလိုက်တဲ့အတွက် သောက ပရိဒေဝပင် လိုက်ငြားသော်လဲ အဝိဇ္ဇာသင်္ခါရ ပဋိစ္စသမုပ္ပါဒ် ပါငြားသော်လဲတဲ့ မူရင်းက အပယ်ကျတဲ့တရားကို ပယ်ပြီးသားဖြစ်နေလို့ ဒါ....အပါယ်မကျတဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာသာ ကျန်တော့တယ်.... (မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သောက ပရိဒေဝ ဒုက္ခဒေါမနဿဖြစ်တိုင်းအပါယ်ကျရမှာလား.... အဝိဇ္ဇာဖြစ်တိုင်း အပါယ် ကျရမှာလား ဆိုတော့ သူတို့က ဒါလောက်မထက်ဘူး.... ဒိဋ္ဌိကထက်တယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ....သဘောနော်.... (မှန်ပါ) ဒါဖြင့် ဒိဋ္ဌိနဲ့ အဝိဇ္ဇာဘယ်ဟာ ကြောက်စရာကောင်းသတုံး.... (ဒိဋ္ဌိကကြောက်စရာကောင်းပါတယ်ဘုရား)။

ပေါ်ပြီခင်ဗျားတို့၊ ဒါ....သေချာသွားပြီ....(မှန်ပါ) ဒိဋ္ဌိနဲ့ သောက ပရိဒေဝနဲ့ကော.... (ဒိဋ္ဌိက ပိုကြောက်စရာ ကောင်းပါတယ်ဘုရား)။

သောက ပရိဒေဝ ဖြစ်ငြားသော်လဲ အပါယ်မကျတာ ရှိသေးတယ်.... (မှန်ပါ) အဝိဇ္ဇာ ဖြစ်ငြားသော်လဲ အပယ်မကျတာရှိတယ်။

ဒါဖြင့် အဝိဇ္ဇာ အင်မတန် ကြောက်စရာကောင်းတယ်ဆိုငြားသော်လဲ အပါယ်ကျတဲ့အရေးမှာကျတော့ကို ဒိဋ္ဌိလောက်မသွက်ဘူးဆိုတာ ပေါ်လာတယ်....(မှန်ပါဘုရား)။

ဘယ်လိုပေါ်လာသတုံး.... (ဒိဋ္ဌိလောက် မသွက်ပါဘုရား) ဒိဋ္ဌိကမှအပါယ်ပို့တယ်.... ( မှန်ပါ ) သောက ပရိဒေဝ ဒုက္ခဒေါမနဿ က....အဝိဇ္ဇာ သင်္ခါရက.... (အပါယ်မပို့တာရှိပါတယ်) အပါယ်မပို့တာ ရှိတယ်ဆိုတဲ့ဥစ္စာသည် ဝိသာခါတို့ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကျောင်းတော် သွားတော့ဝိသာခါ·နှင့်မှာရေလဲမချိုး ဆံပင်တွေလဲ ဖါးယားနဲ့ မျက်နှာကလဲ မကောင်းနဲ့ ဘာဖြစ်လာတာတုံးလို့ ဘုရားကသိလျက်နဲ့ မေးတယ်....(မှန်ပါ)။

ဟာ တပည့်တော် သံဃာတော်ကွေ ဝတ်ပြုတဲ့နေရာ ဒီမြေးမကလေးဆွဲသွားနေကြ၊ခုတော့ ဒီမြေးမကလေးဖျတ်ကနဲပျက်စီး

သွားတယ်၊ ဒါ့ကြောင့် တပည့်တော် ဒီလိုဖြစ်နေပါတယ်၊ ရေမချိုးနိုင် မစားနိုင် မသောက်နိုင် ဖြစ်နေပါတယ် ဆိုတော့ သူက ခုနှစ်နှစ်က သောတာပန် ဖြစ်သောကြောင့် ဒိဋ္ဌိပယ်ပြီးသားဖြစ်နေသောကြောင့် အပါယ်တော့ မကျဘူး....(မှန်ပါ့) ရှင်းပလား ( ရှင်းပါပြီ )။

ဒါဖြင့် သောကပရိဒေဝ ဒုက္ခဒေါမနဿထက် အဝိဇ္ဇာထက် ဒိဋ္ဌိကြောက်ပါ....(မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘာကြောက်ရမှာတုံး....(ဒိဋ္ဌိကြောက်ရမှာပါဘုရား)။

သောကပရိဒေဝကို ဒါလောက်မကြောက်နဲ့ .... (မှန်ပါ့) အဝိဇ္ဇာကို....(ဒါလောက်မကြောက်ရပါဘုရား)။

အဝိဇ္ဇာလဲ ဒါလောက်မကြောက်ပါနဲ့တဲ့၊ ဘာကြောက်ရမတုံး....(ဒိဋ္ဌိကြောက်ရပါမယ်)။

အဲ ဒိဋ္ဌိလဲ-ဒိဋ္ဌိဝိပ္ပလ္လာသကို ကြောက်ပါ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ဘယ်ဟာ အဓိကထားမတုံး....(ဒိဋ္ဌိဝိပ္ပလ္လာသကိုအဓိကထားပါမယ်)။

ဒါ့ကြောင့် ဘုန်းကြီးတို့၊ နေ့တိုင်းတရားဟော နေတာဓာဒီ့ပြင်တရားကို ဒါလောက်မပြောတဲ့ပါဘူး၊ ဒိဋ္ဌိဖြုတ်ဘို့ကို အရေးတကြီး ပြောတယ်....(မှန်ပါ့)။

ပြောထိုက်-မပြောထိုက်....(ပြောထိုက်ပါတယ်ဘုရား)။

ဒီ့ပြင် သောတ ပရိဒေဝ ဒုက္ခ ဒေါမနဿတွေ သိမ်းဘို့ကို ဒါလောက်မပြောပါဘူး ... (မှန်ပါ) ဒိဋ္ဌိပြုတ်ဘို့ကို ရုပ်နာမ်ခွဲပြီးသကာလ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုမြင်ဘို့ ဒိဋ္ဌိပြုတ်သွားဘို့ ဒါကိုအရေးကြီးနေတယ် ဆိုတာက အယင်သတ်ရမည့်တရားကို အယင်သတ်တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)။

ဘယ်လို မှတ်ကြမယ်.... (အရင်သတ်ရမည့် တရားကို အရင်သတ်ပါတယ်ဘုရား)။

အေး....ဒါကြောင့် မင်းကကော သောကလျော့မှပေါ့၊ ပရိဒေဝ လျော့မှပေါ့ဆိုယင်လဲပြီ(မှန်ပါ)ဒိဋ္ဌိကလာတာ....(မှန်ပါ) ရှင်းပလား....( ရှင်းပါပြီ )။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ပြင်းပြင်းထန်ထန် လာတာက ဘယ်က လာတာတုံး....(ဒိဋ္ဌိက လာတာပါဘုရား) ဒိဋ္ဌိဝိပ္ပလ္လာသက လာတာ....(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိဝိပ္ပလ္လာသသည် သူ့ကို ဘယ်က လာသတုံးလို့ ဒီ ဒိဋ္ဌိဝိပ္ပလ္လာသက ဘယ်က လာသတုံးလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် ခုနင်က ပြောတဲ့အတိုင်း နှလုံးသွင်းမှားက လာတာ (မှန်ပါဘုရား)ပေါ်ကြပလား.... (ပေါ်ပါပြီ) အယောနိသော မနသိကာရက လာတာ....(မှန်ပါ)။

ဒိဋ္ဌိဝိပ္ပလ္လာသ ဘယ်က လာ....(အယောနိသော မနသိကာရက လာပါတယ်ဘုရား)။

အယောနိသောမနသိကာရက လာတယ်၊ ဪ....ဒါဖြင့် အယောနိသောမနသိကာရသည် ဒိဋ္ဌိ၏ လက်သည်ဘဲ....( မှန်လှ ပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)။

အယောနိသောမနသိကာရသည်.... (ဒိဋ္ဌိ၏ လက်သည်ပါ ဘုရား )။

ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းတရားအယောနိသောမနသိကာရ ကြောင့်ဘဲဆိုတာ ပေါ်လာတယ်....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် အယောနိသောမနသိကာရကို ဘုန်းကြီးတို့က ပြင် ပေးရမယ်....(မှန်ပါ့ဘုရား)။

သူ့ ပြင်လိုက်လို့ရှိယင်ဖြင့် ဒိဋ္ဌိဝိပ္ပလ္လာသဟာ သမ္မာဒိဋ္ဌိ ဖြစ်ပြီးသကာလ အမှန်သို့ ရောက်ပါမယ်....(မှန်ပါ့)။

သမ္မာက–မှန်ကန်တာ' ဒိဋ္ဌိက–မြင်တာ၊ အမှန်မြင် မရောက် ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဝိပ္ပလ္လာသ ပယ်ချင်လို့ရှိယင်ဖြင့် ဘာပြောင်းယူ ရမတုံးဆိုတော့ ယောနိသောမနသိကာရဘက် လှည့်ပြောင်း.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ယောနိသော မနသိ ကာရဘက် မပြောင်းလို့ရှိယင် မရဘူး....(မှန်ပါ့)။

ဒါဖြင့် ဒိဋ္ဌိ၏ အကြောင်း ဘာတွေ့သတုံး(အယောနိသော မနသိကာရပါ) အယောနိသောမနသိကာရ သွားတွေ့တယ်.... (မှန်ပါ့)။

ဒိဋ္ဌိဖြစ်ကြောင်း ဘယ်ကလာ.... (အယောနိသော မနသိ ကာရက လာပါတယ်ဘုရား) ဒါ့ကြောင့် ဒီနေ့ ခပ်ကျယ်ကျယ်

ကလေး မွှတ်ချင်တော့ ခင်ဗျားတို့.... ဒိဋ္ဌိ....ဖြစ်ခြင်း၏ အကြောင်းဟာတဲ့ အယောနိသော မနသိကာရလဲ တကြောင်းပါတယ်.... (မှန်ပါ) ရှစ်ပါးတောင်ရှိတယ်၊ ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်း....(မှန်ပါ)။

ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းဘယ်နှစ်ပါးရှိပါသတုံး....(ရှစ်ပါးရှိပါတယ်ဘုရား)။

ခန္ဓာ အဝိဇ္ဇာ ဖဿောစ၊
သညာ ဝိတက္ကော၊ အယောနိသော။
ဒုမ္မိတ္တော ပရတော ဃောသော။
ဒိဋ္ဌိဋ္ဌာနာနိ အဋ္ဌဓာ။

အင်္ဂုတ္တိုရ်ပါဠိတော်က.... (မှန်ပါ) ခန္ဓာကို မသိလို့လဲ ဒိဋ္ဌိဖြစ်တယ်၊ သဘောကျပလား.... (မှန်ပါ ကျပါပြီ) ခင်ဗျားတို့ ခန္ဓာ့ကြောင့်လဲ ဒိဋ္ဌိဖြစ်တယ်.... (မှန်ပါ)။

ကြည့်စမ်း ခန္ဓာကြီးကြည့်လိုက်တော့ ခန္ဓာက အတုံးအခဲကြီးဖြစ်နေလို့ ရှိယင်ဖြင့် ပြုန်းကနဲတော့ မသေနိုင်သေးပါဘူး မပျက်စီးနိုင်သေးပါဘူးဆိုတဲ့ ခန္ဓာမြင်တာနဲ့ ဒိဋ္ဌိကလာဖြစ်တယ် (မှန်ပါဘုရား) မဖြစ်ဘူးသလား.... (ဖြစ်ပါတယ်ဘုရား)။

ဟိုခပ်ပိန်ပိန် ခပ်ချွဲချွဲ တောင်ဝှေးကလေးထောက် ဟိုနှံ့ ဒီယိုင်နဲ့ သွားနေတဲ့ပုဂ္ဂိုလ်ကျတော့ ခင်ဗျားတို့ ဒါလောက်ဒိဋ္ဌိ မဖြစ်ပါဘူး၊ တာရှည်မှာမဟုတ်ဘူး ပြောလာမယ်.... (မှန်ပါ) မပြောကြဘူးလား.... (ပြောပါတယ်ဘုရား)။

ခုနင်က ဝဝဖြိုးဖြိုး ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်း တွေ့ပြီဆို မှဖြင့် တခါတည်း ဒိဋ္ဌိဖြစ်တယ်.... (မှန်ပါ) မဖြစ်ကြဘူးလား (ဖြစ်ပါတယ်ဘုရား)။

ဒိဋ္ဌိဖြစ်တယ်တဲ့၊ မသေနိုင်သေးပါဘူး၊ အခု ဘာမှဗိုင်းကနဲ လဲစရာ အကြောင်းတခု မမြင်ပါဘူး၊ ခိုင်ပါသေးတယ်.... တောင့်ပါသေးတယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါ ပြီဘုရား)အဲဒါ ဘယ်က လာတာတုံး.... (ဒိဋ္ဌိက လာတာပါ) ခန္ဓာကလာတာ.... (မှန်ပါ) ခန္ဓာကပေးလိုက်တဲ့ ဒိဋ္ဌိ....(မှန်ပါ ဘုရား) ခန္ဓာ ခိုင်ခံ့တဲ့သဘောက ပေးလိုက်တဲ့ ဒိဋ္ဌိ..(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့၏ ခန္ဓာသည် ဒိဋ္ဌိဖြစ်ကြောင်း....(မှန်ပါ ဘုရား) သဘောပါပလား.... (ပါပါပြီ) အဝိဇ္ဇာတဲ့၊ အဝိဇ္ဇာ ကြောင့်လဲ ဒိဋ္ဌိဖြစ်တယ်.... (မှန်ပါ ဘုရား) အဝိဇ္ဇာကြောင့်လဲ ဒိဋ္ဌိဖြစ်တယ်၊ အဝိဇ္ဇာကတော့ သိမှ- မသိဘဲကိုး၊ ခန္ဓာပျက်တတ် တယ်ဆိုတာ ဒုက္ခသစ္စာလို့ သူသိသေးရဲ့လား....(မသိပါဘုရား) မသိလို့ရှိယင် သူ့ကြောင့်ကော ဘာဖြစ်နိုင်သတုံး.... (ဒိဋ္ဌိဖြစ် နိုင်ပါတယ်ဘုရား)။

ပျက်တတ်တာ မသိဘူးဆိုကတည်းက ခိုင်တာရောက်တာဘဲ (မှန်ပါ) ခိုင်တာရောက်ကတည်းက သဿတဒိဋ္ဌိဘက် မပြေးဘူး လား.... (ပြေးပါတယ်) သဘောကျပလား.... (မှန်ပါ)။

ဒါဖြင့် ဘယ်နှစ်ခု ပြီးသွားပလဲ....(နှစ်ခုပြီးသွားပါပြီဘုရား)

ခန္ဓာကြောင့်လဲ ဒိဋ္ဌိဖြင်တယ်၊ ဒိဋ္ဌိဝိပ္ပလ္လာသ.... (မှန်ပါ)ရှင်း ပြီ.... (ရှင်းပါပြီ) အဝိဇ္ဇာကြောင့်လဲ.... (ဒိဋ္ဌိဖြစ်ပါတယ်ဘုရား)

ဒါ့ကြောင့် တနေ့ကဆက်ပြလိုက်တယ်.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာကြောင့်လဲကွ .... အယောနိသောမနသိကာရ ဖြစ်တယ်၊ အယောနိသော မနသိကာရကြောင့်လဲ ဒိဋ္ဌိဖြစ်တယ်ကွ.... (မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

"ခန္ဓာ အဝိဇ္ဇာ ဖဿော"တဲ့ ဖဿဆိုတဲ့ဥစ္စာလဲ ခင်ဗျားတို့ အဝတ်တခုကိုကိုင်ကြည့်၊ အထည်ကလေးကို စမ်းသပ်ကြည့်ကြည့် ဟာ....ဒီအထည်ခိုင်မယ်၊ ဒီပစ္စည်းခိုင်မယ်၊ တွေ့တဲ့သဘောကလေး ဟာ ဖဿမဟုတ်လား.... (မှန်ပါ့)။

အဲဒီ ဖဿကလေးနဲ့သာ စမ်းကြည့်၊ ကွမ်းအစ်ကလေးတွေ ကိုင်ကြည့်လိုက်၊ ငွေဖလားကလေးတွေ ကိုင်ကြည့်လိုက်၊အထည် ကလေးတွေကို လက်ညှိုးနဲ့ လက်မနဲ့ ကြားထဲမှာ ရှဲကနဲဆွဲကြည့် လိုက်၊ ဟာ....ဒီအသားဟာ တော်တော်ကောင်းတယ်၊ ခိုင်မယ် ဒီဥစ္စာ....(မှန်ပါ့)ဖဿကြောင့်ဖြစ်တဲ့ ခိုင်မယ်လာတာ(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဖဿကြောင့်ဖြစ်တဲ့ (ခိုင်မယ်လာတာပါ ဘုရား) ဒါဖြင့် ဖဿကြောင့် ဒိဋ္ဌိဖြစ်တယ်.... ( မှန်ပါ့ ) မခိုင်တာတဲ့တရားကို ဖဿနဲ့တွေ့ထိလိုက်တာနဲ့ ဘယ့်နှယ် ဖြစ်နေသလဲ.... (ဒိဋ္ဌိဖြစ် ပါတယ်ဘုရား)။

ခိုင်တယ်လို့ ယူလိုက်တော့.... ဩော်....ဒါဖြင့် ဖဿကြောင့် လဲ ဒိဋ္ဌိဖြစ်နိုင်သကိုး.... ဒိဋ္ဌိ ဝိပ္ပလ္လာသ.... (မှန်ပါ့)။

ဒါဖြင့် ဒိဋ္ဌိ ဝိပ္ပလ္လာသဖြစ်ခြင်း၏ အကြောင်းသည် အခုသုံး ပါးပြီးသွားပြီ.... (မှန်ပါ့ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

"သညာ"တဲ့ သညာဆိုတာတော့ အမှတ်မှားဘဲ....(မှန်ပါ့) ဒီ....သညာကြောင့်လဲ ဒိဋ္ဌိဖြစ်တယ်....(မှန်ပါ့)။

ဒီ....အပင်မျိုးဟာ တော်တော်နဲ့ မပျက်စီးဘူးဗျ၊ ကျုပ်တို့ အဘိုးလက်ထက်က စိုက်ထားတာ ကြာလှပြီ.... မပျက်စီးဘူး (မှန်ပါ့)။

အမေ မိဘတွေ ပြောထားတဲ့ သဘောနဲ့ သူကလဲမှတ်ပြီး သကာလ ပြောပြန်တာဘဲ ဒီအပင် တွေလို့ ရှိယင်.... (မှန်ပါ့) ဒီအသား ဒီပစ္စည်းတွေလို့ ရှိယင် သူမှတ်ထားတဲ့သဘောအတိုင်း မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

ခိုင်မြဲတယ် ဒါမျိုးဟာ အင်မတန်ပျက်စီးခဲတယ်....(မှန်ပါ့) သူ့အမေအဖေက ပြောထားတဲ့ အမှတ်နဲ့ကော.... (ပြောပါ တယ်ဘုရား) သူကလဲ ဒီအတိုင်းမှတ်ထားတော့ မပြောပေဘူး လား....(ပြောပါတယ်ဘုရား)။

ဒါဖြင့် သညာကြောင့်လဲ ခိုင်တယ်ဆိုတဲ့ ဒိဋ္ဌိလာပါတယ်.... (မှန်ပါ့) ဒါဖြင့် သညာကြောင့်ပဲဘာဖြစ်သတုံး.... (ဒိဋ္ဌိဖြစ်ပါ တယ်ဘုရား) ဒိဋ္ဌိ ဝိပ္ပလ္လာသ လာတာဘဲ.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

"တဏှာ...."တဲ့ တဏှာဆိုတာ တခြားမဟုတ်ပါဘူးကြံ တာ.... (မှန်ပါ့) ခင်ဗျားတို့က ကြံတာကိုး.... ဒီလိုလုပ်ယင် ခိုင် တယ်၊ ဒီလိုမလုပ်ယင် မခိုင်ဘူး....ဆိုတော့ခိုင်အောင်လုပ်တတ်တဲ့ အကြံတွေနဲ့ ခင်ဗျားတို့ ကြံလိုက်တော့ ပစ္စည်းတခုဟာ ခိုင်တဲ့ သဘော မရောက်ပေဘူးလား ...(ရောက်ပါတယ် ဘုရား)။

ခိုင်တဲ့သဘော ရောက်တော့ကို သူ့အမြင်သာခိုင်ဘာကိုးဗျ၊ အတွင်းမှာ ပရမတ်တွေက ခဏခဏ အနတ္တ ရောက်နေတာ သူသိသေးရဲ့လား.... (မသိပါဘူးရှား)။

မသိတော့ကို သူ့ကြံလုံးကြောင့်လဲ ဒိဋ္ဌိဖြစ်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

သူ့ကြံလုံးကြောင့်လဲ.... (ဖြစ်ပါတယ်)ဦးသံဒိုင် ရိပ်မိပလား (ရိပ်မိပါပြီ)။

ဘယ်နှစ်ခု ရှိသွားပြီတုံး.... (ငါးခု ရှိသွားပါပြီဘုရား)ငါးခု ရှိသွားပြီနော်.... (မှန်ပါ့)။

"အဓိယာနိသော မနသိကာရ·တဲ့" နှလုံးသွင်း မှားလို့လဲ ဒိဋ္ဌိဖြစ်တယ်ဆိုတာတော့ တနေ့က ရှင်းပြီးလို့ အတူးမပြော တော့ပါဘူး....(မှန်ပါ့)။

နှလုံးသွင်းမှားတာနဲ့ ဘယ့်နှယ်တုံး .... (ဒိဋ္ဌိဖြစ်ပါတယ်)။

ဒါဖြင့် ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်း ဘယ်နှစ်ပါးရပလဲ .... (ခြောက်ပါးရပါပြီ)။

ခန္ဓာ-အဝိဇ္ဇာ-ဖဿောဇ-သညာ ဘက္ကော အဓိယာနိသော-နော်-ခြောက်ပါးရသွားပြီ....(မှန်ပါ့)။

"ဒုမ္မိတ္တော"တဲ့၊ သြော်-ပါပမိတ္တ မိုက်တဲ့ပုဂ္ဂိုလ်နဲ့ ပေါင်းမိလို့လဲ ဒိဋ္ဌိဖြစ်တယ်....(မှန်ပါ့)။

မင်းကွာ ဒီဥစ္စာ-မိုက်တဲ့ပုဂ္ဂိုလ်နဲ့ ပေါင်းမိတဲ့အခါ ကျုလို့ ရှိယင်ဖြင့်တဲ့ တကာ တကာမတို့ သိတဲ့အတိုင်း သူက မဟုတ်တာ

တွေ လုပ်နေတော့ ကိုယ်လဲမဟုတ်တာ လုပ်ချင်တဲ့ သဘောတွေ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ သူက အမေသတ်တာမြင်သဖြင့် ကိုယ်လဲအမေသတ်မယ်၊ အဖေမဟုတ်ဘူးကွ- ဒါ၊ သမုတိသစ္စာ ပယ်လိုက်တယ်....(မှန်ပါ)။

ဒီလိုကျတော့ ပါပမိတ္တနဲ့ ပေါင်းတာနဲ့ အဇာတသတ်သည် ဒေဝဒတ်တည်းဟူသော ပါပမိတ္တနဲ့ ပေါင်းတာနဲ့ အမေ-အဖေ သတ်တာ အပြစ်မရှိဘူး ယူချလိုက်တယ် .... (မှန်ပါဘုရား) ဒိဋ္ဌိ ဖြစ်မဖြစ်....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် မိတ်ဆွေအပေါင်း လဲ့လို့လဲ ဘာဖြစ်နိုင်သလဲ.... (ဒိဋ္ဌိဖြစ်နိုင်ပါတယ်)ဒိဋ္ဌိဖြစ်နိုင်တယ်။

"ပရတော ဃောသော"တဲ့၊ ပရတောဇာ သူတပါး၊ ဃောစ သောက တရားသံ၊ ခရစ္စယာန်တရား နာမိလို့ရှိယင်လဲ ခင်ဗျား တို့ ထာဝရဘုရားက အကုန်ဖမ်ဆင်းတာ၊ ဒါဘယ်ကံ-ကံ၏ အ ကျိုးမပါဘူး၊ ဘယ်သူမှ ပြုလုပ်တာမဟုတ်ဘူး၊ ဗြဟ္မာကြီးက ဖန်ဆင်းတယ် ဟိန္ဒူတရား နာမိပြန်လို့ရှိယင်လဲ၊မဟုတ်ဘူးလား (မှန်ပါ) မဟာမက်တရား နာမိပြန်လို့ရှိယင်လဲ မဟာမက်ကဘဲ အလုံးစုံအကုန် ပြုပြင်တာဘဲ အစရှိသည်နဲ့ ဒီတရားတွေနာရလို့ လဲ အခုခလေးတွေ ဘာတွေမှာ ဒိဋ္ဌိဖြစ်နေတာတွေကော မရှိ ဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီတော့ ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းဘယ်နှစ်ပါး ရှိသွား ပလဲ....(ရှစ်ပါးရှိပါပြီဘုရား)။

အင်း....ဒါဖြင့် လူအပေါင်းအသင်း ဒီနေ့ရှေးဘို့တရားနာလဲ ရှေးဘို့....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

တရားနာကော....(ရှေးရမှာပါဘုရား)ရှေးရမယ်....(မှန်ပါ့)။

ကဲ အခုပြောခဲ့တာက အကြမ်းတရား ထားပါတော့၊ ခရစ္စယန်တရား၊ မဟာမေဒင်တရား၊ ဟိန္ဒူတရားနော် .... (မှန်ပါ့) ဗုဒ္ဓဘာသာတရားထဲက ဦးသံဒိုင် ပြဦးမယ်။

ဗုဒ္ဓဘာသာတရားထဲက မင်းလုပ်ယင် မင်းရမယ် ဆိုတာလဲ ဒိဋ္ဌိဘဲ....(မှန်ပါ့ဘုရား)။

မင်းလုပ်ယင်....(မင်းရမယ်ဆိုတာဒိဋ္ဌိ)မင်းရမယ်ဆိုတာသည် ကားလို့ဆိုယင် ဒိဋ္ဌိဘဲ၊ မင်းဘဲသွားခံစားရမှာဆိုပြီး သဿတ ဒိဋ္ဌိဘက်လှည့်လာတယ်....(မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီ)။

မင်းလုပ်ထားတဲ့ဥစ္စာ မင်းဘဲ ခံစားရမှာပေါ့ကွ၊ သူများ ကိုယ်လုပ်းကိုယ်ရဆိုတာ မသိဘူးလား- အစရှိသည်နဲ့တခါတည်း ဗီခန္ဓာနဲ့ ဟိုခန္ဓာတဆက်တည်း ဖြစ်သွားအောင် ပြောတဲ့သဘော မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဒါကျတော့ ဘာဒိဋ္ဌိလဲ....(သဿတဒိဋ္ဌိပါဘုရား)။

ဒါလဲ ဒီဒိဋ္ဌိက တူတူဘဲ၊ဝိပ္ပလ္လာသကလာတာဘဲ....(မှန်ပါ့)။

ဒိဋ္ဌိဝိပ္ပလ္လာသကလာတာ၊ အဲဒါ သာမညအောက်တန်းတရား ဆိုယင် ဒိဋ္ဌိဘက်ကူးသေးတယ်....(မှန်ပါ့)ရှင်းကြပလား....(ရှင်း ပါပြီဘုရား)။

သာမညတရားဆိုယင် .... (ဒိဋ္ဌိဘက်ကူးပါတယ်ဘုရား)ဒိဋ္ဌိ ဘက် ကူးတယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် မင်းလုပ်—မင်းရတာပေါ့ကွာ၊ မင်းမလုပ် မင်းမရတာပေါ့ ဆိုတော့ ဒီနေရာမှာ သဿတဒိဋ္ဌိမလာဘူးလား လာသလား....(လာပါတယ်ဘုရား)။

လာတယ်ဆိုတော့ တကာ တကာမတွေမှာ ဒိဋ္ဌိကဝင်ပြီး ဒါကြောင့် ကမ္မဿကတာဉာဏ်ကို ဒိဋ္ဌိမခွာနိုင်ဘူးဆိုတာ ပေါ် သွားပြီ....(ပေါ်သွားပါပြီဘုရား)။

ကမ္မဿကတာဉာဏ်ဟာ....(ဒိဋ္ဌိမခွါနိုင်ပါဘုရား) ကံ· ကံ၏ အကျိုးယုံကြည်ပြီး လုပ်တာတွေဟာ ဒိဋ္ဌိမခွာနိုင်ဘူး၊ ကိုယ်လုပ် ကိုယ်ရတာဘဲထင်တယ်....(မှန်ပါ) သူလုပ်ယင်....(သူရတယ်ထင် ပါတယ်ဘုရား)။

ဒါက ဗုဒ္ဓဘာသာတရားထဲမှာကို ဒိဋ္ဌိမခွါတဲ့တရား .... (မှန် ပါ့)သို့သော် သုဂတိမရောက်ဘူးလားဆိုတော့၊ အို- ဘယ့်နှယ် ရောက်တာပေါ့၊ သူလုပ်လို့ သူ သုဂတိမှာသွားပြီး သကာလ အကြောင်းတိုက်ဆိုင်လို့ ပေါ်ရတာဘဲ။

ဒီဥစ္စာ ကမ္မဿကတာဉာဏ်နဲ့ ဟောလိုက်တော့လဲ ဟုတ်နေ တာဘဲ ဒိဋ္ဌိသာမကွာတာ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကမ္မဿကတာဉာဏ်နဲ့ ဟောလိုက်တော့ .... (ဟုတ်ပါတယ် ဘုရား)ဒိဋ္ဌိတော့....(မကွာပါဘုရား)။

ဒိဋ္ဌိတော့ မကွာဘူး၊ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဗုဒ္ဓဘာသာ တရားပေမဲ့လဲ ဟောတုန်း ပြောတုန်း ရှင်းရှင်းလင်းလင်းနဲ့ ဒိဋ္ဌိကွာအောင် ပြောမှသာလျှင် ဒီ တကာ တကာမတွေမှာ ဒိဋ္ဌိကွာမှာ....(မှန်ပါ့ဘုရား)နို့မဟုတ်လို့ရှိယင်

ဗုဒ္ဓဘာသာတရားထဲမှာကိုဘဲ ဒိဋ္ဌိရောနေတယ်....(မှန်ပါ) မရော ဘူးလား....(ရောပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဟာကို နားလည်အောင် လုပ်ပါတဲ့.... ခင်ဗျားတို့ တရားက ပြောစရာတွေက သိပ်များတယ် ဦးသံဒိုင်ရ (မှန်ပါဘုရား)တရားတွေက သိပ်များတယ်။

မြတ်စွာဘုရား ဟောထားတဲ့ တရားဟာ နှစ်မျိုးရှိတယ်လို့ ယူရမယ်....(မှန်ပါ)။

မြတ်စွာဘုရားဟောထားတဲ့ တရားဟာ ဘယ်နှစ်မျိုးတုံး.... (နှစ်မျိုးပါဘုရား)။

တိုက်ရိုက်ယူတာ တမျိုး၊ သဘာဝကျပလား.... (ကျပါပြီ) ဆောင်ပြီးသကာလ ယူရတာက တမျိုး....(မှန်ပါ) ဘယ်နှစ်မျိုး ရှိသတုံး....(နှစ်မျိုးရှိပါတယ်ဘုရား)။

တိုက်ရိုက်ယူရတာက....(တမျိုးပါ ဘုရား) ဆောင်ပြီးယူရ တာက....(တမျိုးပါဘုရား)။

အဲ....ကမ္မဿကတာဉာဏ်နေရာ ဟောလိုက်တဲ့ အခါကျ တော့ တခါတည်း ဖါးနတ်သားကလေးက နေ့လယ်က ပြော သလိုပေါ့လေ၊ ဖါးကလေးက နတ်သားဖြစ်သွားတယ်(မှန်ပါ) ဟောတာဘဲ ဘုရားလဲ....(မှန်ပါ) မဟောဘူးလား....(ဟောပါ တယ်ဘုရား)။

ဖါးကလေးက-(နတ်သားဖြစ်သွားပါတယ်ဘုရား)အင်း-ဖါး ကလေးက နတ်သားဖြစ်သွားတယ်လို့ ဟောလိုက်တယ်၊ လူ့

ပြည်မှာ ဖါး-နေဒ်-(မှန်ပါ့)နတ်ပြည်ကျတော့....(နတ်သားပါ) နတ်ဖြစ်တယ်ဆိုတော့ ဖါးက သွားဖြစ်တဲ့ နတ်....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သတ္တဝါတွေ သဒ္ဓါတရား ပွားအောင်လို့ ကြည်ညိုဘွယ် ရှိအောင်လို့ ဖါး တိရစ္ဆာန်တောင်မှ နတ်သားဖြစ်နိုင်တယ်ကွ-ဆိုပြီး ဆောင်ပြော ထားတာ....(မှန်ပါ့)။

စင်စစ်တော့ဖြင့် ဒီဖါးသည်ကားလို့ဆိုယင် ဒီမှာရှိတဲ့ ရုပ် နာမ်ဟာ ဒီမှာဘဲ ချုပ်တယ်....(မှန်ပါ့ဘုရား)။

ဒီမှာရှိတဲ့ ရုပ်နာမ်ဟာ....(ဒီမှာဘဲ ချုပ်ပါတယ်ဘုရား)ဟိုကို မပါဘူး....(မှန်ပါ့) ပါသေးရဲ့လား....(မပါပါဘုရား)။

မပါဘူးတဲ့၊ ဟိုမှာရှိတဲ့ ရုပ်နာမ်က အသစ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဟိုမှာ နတ်ရုပ်နာမ်က....(အသစ်ပါဘုရား)အသစ်ဘဲ၊ဖါးက ဖြစ်တာ ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

မဟုတ်ဘူးတဲ့၊ ဖါးက ဖြစ်တာ မဟုတ်ပါဘူးတဲ့၊ အဲဒါ နိတတ္တဟောတဲ့ ဒေသနာနဲ့ တိုက်ရိုက်ဟောတဲ့ ဒေသနာဆိုယင် တိုက်ရိုက်ဟောတဲ့ ဒေသနာကတော့ ဒီနေရာမှာဘဲ "သဗ္ဗေ ဓမ္မာ အနတ္တာ"....(မှန်ပါ့) ဘယ်သူမှ အစိုးမရဘူး၊ ခယ-ဝယကွ ကုန် ဘာဘဲ ပျောက်တာဘဲ....(မှန်ပါ့)။

ဟာ....ဖါး ရုပ်နာမ်ကလေးဟာ ဒီမှာတွင် ကုန်တယ် ပျောက်

တယ်….(မှန်ပါ) ဟိုမှာ မပါဘူးဆိုတာ သဘောကျပလား…. (ကျပါပြီ)။

အဲ…. အဘိဓမ္မာဒေသနာတော်နဲ့ ဟောလိုက်တော့ကို ဖါးက ဖြစ်တာလို့ သွားမယူနဲ့….(မှန်ပါ) သဘောကျပလား….(ကျပါပြီ)။

ဒါဖြင့် ဘယ်လို ဆက်သွယ်ပြီး ဘယ်လိုများ အဓိပ္ပါယ် ရှင်းရမှာတုံးဆိုတော့ မေးခွန်းဟာ ထွက်လာတာဘဲ….( မှန်ပါ ဘုရား )မထွက်လာဘူးလား….(ထွက်လာပါတယ်ဘုရား)။

ဖါးက နုတ်သားဖြစ်တယ်လို့လဲ ဘုရားက ဟောထားတယ်၊ ဆောင်ပြီး ဟောထားဘယ်….(မှန်ပါ)။

ခုနင်က ခယ-ဝယနဲ့ ကြည့်လိုက်ပြန်တော့လဲ “အနိစ္စာ ဝတ သင်္ခါရာ(ပ)နိရုဇ္ဈန္တိ”ဆိုတဲ့ နေရာနဲ့ ကြည့်လိုက်ပြန်တော့ ဒီနေရာတွင် ဖြစ်ပြီး ဒီနေရာတွင် ပျောက်တာ ဘာမှ ရှာမတွေ့ဘူး…. (မှန်ပါဘုရား) သဘောကျပလား….(ကျပါပြီ)။

အဲဒီတော့ကို ဒီလို ယူပါတဲ့၊ ဒီကျတော့ ပဋ္ဌာန်းဝင်မှ ရမယ် (မှန်ပါ) ပဋ္ဌာန်း ဘယ်လို ဝင်ရမတုံးဆိုတော့ ဒီလိုပါတဲ့ ဒီက ရုပ်နာမ်နဲ့ သူ တရားနာလိုက်တာ၊ ရှင်းပလား….( ရှင်းပါပြီ ) ဟိုမှာ အလားတူ ရုပ်နာမ် မပေါ်ဘူးလား….၊ ပေါ်သလား…. (ပေါ်ပါတယ်ဘုရား) နုတ်လို့တော့ မထည့်လိုက်နဲ့ (မှန်ပါ)။

ရုပ်နာမ်က ဒီမှာ တရားနာတဲ့ ကိစ္စ ပြုလုပ်လိုက်တယ်၊ ဒီမှာဘဲ ချုပ်တယ်….(မှန်ပါ) သဘောကျပလား….( ကျပါပြီ ) ဟိုဘက် ဘာသွားပေါ်သတုံးလို့ မေးတော့ ဘယ်နှယ် ပေါ်ကြသတုံး…. (ရုပ်နာမ် ပေါ်ပါတယ်ဘုရား)။

အဲ....ရုပ်နာမ် အကြောင်းကြောင့် ရုပ်နာမ် ပေါ်တယ်.... (မှန်ပါ့ဘုရား) ဖါးက နတ်သားဖြစ်တာ မဟုတ်ဘူး.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဖါးက နတ်သားဖြစ်တာ မဟုတ်ဘူး....(မှန်ပါ့) သဘောပါကြပလား....(ပါပါပြီ)။

ဖါးက....(နတ်သားဖြစ်တာ မဟုတ်ပါဘုရား) ဖါးက နတ်သားဖြစ်ယင် သဿတဒိဋ္ဌိ သွားဖြစ်နေပါလိမ့်မယ်....(မှန်ပါ့)။

ဖါးရုပ်နာမ် ဒီတွင် အကုန် ချုပ်တယ်.... (မှန်ပါ့) လူ့ပြည်မှာဘဲ ဒီရေအိုင်နားဘဲ အကုန်ချုပ်လိုက်တယ်၊ ဟုတ်လား.... (မှန်ပါ့) ချုပ်ပေမဲ့ တရားနာရင်း ချုပ်ရတဲ့အတွက် တရားတန်ခိုးစွမ်းရည်သတ္တိကြောင့် ဟိုမှာ ရုပ်နာမ် အလားတူ ပေါ်တယ်....(မှန်ပါ့ဘုရား) ဒီက ရုပ်နာမ်နဲ့ လုပ်လို့ ဟိုမှာ ရုပ်နာမ် ပေါ်တာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒီမှာ ရုပ်နာမ်နဲ့ လုပ်လို့....(ဟိုမှာ ရုပ်နာမ် ပေါ်ပါတယ်ဘုရား)။

ဒီလိုဆိုတော့ကို အကြောင်းအကျိုးကော မဆက်ဘူးလား– (ဆက်ပါတယ်ဘုရား)ဥစ္ဆေဒဒိဋ္ဌိကော ဝင်သေးရဲ့လား....(မဝင်ပါဘုရား)နို့ သဿတကော-ဖါးက နတ်ဖြစ်လာတာကော ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးတဲ့၊ ဒီမှာ ရုပ်နာမ် ချုပ်ပျောက်သွားတယ်.... (မှန်ပါ့) ချုပ်ပျောက်သွားတဲ့ အခါကျတော့ ဒီ ရုပ်နာမ်သည် ကားလို့ ဆိုလို့ရှိယင် တရားနာတဲ့ ရုပ်နာမ် ဖြစ်နေသောကြောင့် ဟိုမှာလဲ တရားနာတဲ့ ရုပ်နာမ်၏ စွမ်းရည်သတ္တိကြောင့်

အကျိုးဖြစ်တဲ့ ရုပ်နာမ်ဘဲ ပြန်ဖြစ်တယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် အတူပေါ်တာ....(မှန်ပါ့) ဒီလို ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက် ချမလဲ....(အတူပေါ်တာပါဘုရား)။

အတူပေါ်တာဘဲ၊ ဒီမှာ ရုပ်နာမ်ကြောင့် ဟိုမှာ ရုပ်နာမ်ပေါ်တာဘဲ၊ ဒီက ရုပ်နာမ် ဟို လိုက်သလားလို့ မေးတော့....(မလိုက်ပါဘုရား)။

မလိုက်ဘူးတဲ့၊မလိုက်လို့ရှိယင်ဖြင့် ဥစ္ဆေဒ ဖြစ်သွားသလားလို့ မေးတော့ ဥစ္ဆေဒလဲ မဟုတ်ဘူး....(မှန်ပါ့) ဒီက ရုပ်နာမ်နဲ့ အလားတူ ဟိုမှာ ရုပ်နာမ်သွားပေါ်တာ....( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီ)။

ဒီမှာ ပေါ်တဲ့ ရုပ်နာမ်နဲ့ (အလားတူ ရုပ်နာမ်ပေါ်တာပါဘုရား)အလားတူ ရုပ်နာမ်ပေါ်တာကို ဆိုပါတယ်.... (မှန်ပါ့)။

ဘယ်ပါဠိတော်က လာသတုံးလို့ မေးတဲ့အခါကျတော့မှ တိုက်ရိုက်ဟောတဲ့ ပါဠိတော်က-"အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"။

အနန္တရနိရုဒ္ဓါ=အခြားမဲ့ ဖြစ်၍ ချုပ်ကုန်ပြီးသောဆိုတော့ ဖါးချုပ်ကုန်ပြီးသောဆိုတာ .... (မှန်ပါ့)ပစ္စုပ္ပန္နာနံ=အတူဖြစ်ကုန်သော ဆိုတာက နတ်သားဆိုတာ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲ....ဒါဖြင့် ဒီမှာ ရုပ်နာမ်ချုပ်ပြီးသကာလ ဟိုမှာ ရုပ်နာမ် အတူပေါ်တာကို အကျိုးပေးတယ်လို့ ဆိုသည်-(မှန်ပါ့ဘုရား) ဒီတော့ သဿတ,ဥစ္ဆေဒ လွတ်သွားတယ်....(လွတ်သွားပါတယ် ဘုရား) လွတ်သွားပြီဆိုတာ သဘောကျပလား....( ကျပါပြီ ဘုရား )။

ကဲ.... ဒါဖြင့် ဒီလိုဆိုတော့ ကမ္မဿကတာမှာလဲ ဧည့်....ကိုယ်က ဒီလိုနားလည်ထားတော့ မိမိပြုထားတဲ့ အကြောင်း ရုပ်နာမ်သည်ကားလို့ ဆိုယင် နိဗ္ဗာန်မရသေးယင် ရုပ်နာမ်ပေါ် ဦးမှာဘဲ....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

မိမိသည် ရုပ်နာမ်နဲ့ ပြုလုပ်ထားတဲ့ အတွက်ဘာတုံး.... (ရုပ်နာမ်ပေါ်ဦးမှာပါဘဲဘုရား)။

ဒီရုပ်နာမ်လိုက်တာလား .... (မဟုတ်ပါဘုရား) ဒီရုပ်နာမ်၏ စွမ်းရည်သတ္တိကော ချုပ်တာလား၊ မဟုတ်ဘူးတဲ့၊ ဟိုမှာအလား တူ ပေါ်တာကြည့်လိုက်တော့ ဒီမှာမလုပ်လို့ ရှိယင်လဲ ဟိုမှာ အလားတူမပေါ်ဘူး .... (မှန်ပါ့ဘုရား) ပေါ်နိုင်ပါ့မလား.... (မပေါ်နိုင်ပါဘုရား)။

ဒီလိုဆိုတော့ သဿတ ဥစ္ဆေဒလွတ်သွားမယ် .... (လွတ်ပါ မယ်ဘုရား)။

အဲဒါ ကမ္မဿကတာဉာဏ်သမားမှ ဒါသေသေချာချာ ရှင်း ရှင်းလင်းလင်း မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ကဲ ဒီတွင်တော်ပါဦး။

**သာဓု....သာဓု....သာဓု....။**

ကျေးဇူးတော်ရှင် - အမရပူရမြို့ မဂ်လာတိုက်
မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

## ကြောက်စရာ ဒိဋ္ဌိကြီး

# ည အလုပ်ပေး တရားတော်

( ၅-၁၂-၆၁ )

-ဝ-

ဒိဋ္ဌိဘယ်ကလာသတုံးလို့ မေးကြလို့ရှိယင်ဖြင့် အတ္တသညာက လာတယ်....၊ ဒိဋ္ဌိဘယ်ကလာသတုံး....(အတ္တသညာကလာပါတယ်) အတ္တသညာကလာတယ်လို့ မှတ်ထားကြပါ.... အတ္တဆိုတာ ဘာတုံးလို့ မေးတဲ့အခါကျတော့ကို ရုပ်ဟာလဲ အတ္တဘဲငါဘဲ၊ ဝေဒနာကလဲငါဘဲ၊ သညာကလဲငါဘဲ၊ ဒါ-အတ္တသညာသာ ရှိနေမယ် ဆိုလို့ရှိယင်ဖြင့် ဒိဋ္ဌိလာတော့တာဘဲလို့ မှတ်ပါ (မှန်ပါ)။

အတ္တသညာရှိလို့ ဒိဋ္ဌိလာတယ်၊ ဘယ့်နှယ်ကြောင့် အတ္တသညာကဒိဋ္ဌိကျေးဇူးပြုပါလိမ့်မတုံးလို့ မေးလို့ရှိယင်နှလုံးသွင်းမှားလို့ဆိုတဲ့ အယောနိသောမနသိကာရဘဲ ပြန်ရောက်တယ်....(မှန်ပါ)

ဒိဋ္ဌိဘယ်ကလာသတုံး....(အတ္တသညာကလာပါတယ်) အတ္တသညာကလာတယ်၊ အတ္တသညာ ဘယ်ကလာသတုံးလို့ မေးလို့ရှိယင်....(နှလုံးသွင်းမှားကလာပါတယ်)။

နှလုံးသွင်းမှားတာသည် ဘယ့်နှယ်ကြောင့် မှားပါလိမ့်မတုံး လို့ မေးတဲ့အခါ- မသိလို့.... (မှန်ပါ)၊ အဝိဇ္ဇာကလာပြန်တာ ဘဲ....(မှန်ပါ)။

တခါ အဝိဇ္ဇာ ဘယ်ကလာပါလိမ့်မလဲ လို့.... တခါ ဒီနေ့ အကြောင်းတခု တိုးပေးလိုက်တယ် - နော်.... ( မှန်ပါဘုရား ) အဝိဇ္ဇာ ဘယ်ကလာသတုံးလို့ မေးလို့ ရှိယင် နီဝရဏကလာ တယ်လို့မှတ်လိုက်ပါ....(မှန်ပါ)။

ဒါ အကြောင်းအကျိုးဆက်တာ၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာဒီ အတိုင်းရှိတယ်၊ ဒိဋ္ဌိဘယ်ကလာသတုံး.... (အတ္တသညာကလာပါ တယ်)၊အတ္တသညာက လာတာဟုတ်ပြီ၊ ခိုင်တယ်မြဲတယ်လို့ ယူတဲ့ အတ္တသညာကလာတယ်.... (မှန်ပါ) အမှတ်မှားက လာတာပေါ့ လေ-နော်... (မှန်ပါ)။

အဲဒီ အတ္တသညာ ဘယ်ကလာပါလိမ့်မတုံးလို့ အကြောင်း ရှာဦး.... (နှလုံးသွင်းမှားက လာပါတယ်) နှလုံးသွင်းမှားမှုက လာတယ်၊ နှလုံးသွင်းမှားတာသည် သိလို့လား.... မသိလို့လား လို့မေးလို့ရှိယင်- မသိတဲ့အဝိဇ္ဇာကလာတာ....(မှန်ပါ)။

မသိတဲ့အဝိဇ္ဇာ ဘယ်ကလာသတုံးလို့ တခါ လက်သည်ရှာ ဦး.... (နီဝရဏကလာပါတယ်) ဪ....နီဝရဏကလာတယ်လို့ သေသေချာချာ မှတ်ထားကြပါတဲ့....၊

နီဝရဏရှိနေတဲ့ပုဂ္ဂိုလ် အဝိဇ္ဇာကလာတော့တာဘဲတဲ့ အဝိဇ္ဇာ ရှိလို့ ရှိယင် နှလုံးသွင်းကမှားတာဘဲ.... (မှန်ပါ) နှလုံးသွင်းမှား လို့ရှိယင်လဲ အတ္တသညာကလာကာဘဲ.... (မှန်ပါ) အတ္တသညာ

လာ လို့ ရှိယင်လဲ ဒိဋ္ဌိဝိပ္ပလ္လာသက မလွတ်တော့ဘူး၊ ဒါ အကြောင်းအကျိုးဆက်ပြလိုက်တာ....( မှန်ပါ့ )။

အကြောင်းအကျိုး ဆက်ပြပါတယ်တဲ့ - အဲဒီတော့ တကာ, တကာမ တို့မှာ ခိုင်တယ် မြဲတယ်, အစိုးရတယ်၊ ပိုင်တယ်, ဆိုင်တယ်ဆိုတာ ခန္ဓာငါးပါးကို တပုံစီလဲ မပုံဘူး၊ ရှင်းကြပလား.... ( ရှင်းပါပြီ )။

ခန္ဓာငါးပါးကို....(တပုံစီလဲ မပုံပါဘုရား) တပုံစီ မပုံဘူးတဲ့၊ ဥာဏ်ထဲကနေပြီး ပရိညာမပိုင်းခြားနိုင်ဘူး၊ မပိုင်းခြားနိုင်တော့ အပေါင်းအစုဖြစ်နေတယ်၊ အပေါင်းအစုဖြစ်နေတော့ ဃနကြီးဖြစ်နေသောကြောင့် ခိုင်တယ်ဘဲ ယူလိုက်တာဘဲ....(မှန်ပါ့) ခိုင်တယ် အားကိုးရတယ်၊ ကိုးစားရတယ်လို့ ယူပစ်လိုက်တယ်.... ( မှန်ပါ့ )၊

ဒါဖြင့် ခန္ဓာငါးပါးကို ခင်ဗျားတို့ခွဲပစ်ရမယ်၊ တပုံစီ ပုံပစ်လိုက်ရမယ်....(မှန်ပါ့ဘုရား)။

တပုံစီ ပုံတဲ့အခါကျတော့ ဦးသံဒိုင် ဘယ်နှစ်ပုံရသလဲ....(ငါးပုံရပါတယ်)၊ ငါးပုံရတယ်လို့ မှတ်ထားပါ၊

ငါးပုံဆိုတော့ ပမာဏပြနိုင်တာက တပုံ, ပမာဏမပြနိုင်တာက လေးပုံ....(မှန်ပါ့)။

အရှယ် ပမာဏပြနိုင်တာက ရုပ်က ပြလို့ရတယ်၊ နာမက္ခန္ဓာလေးပါးက.... (ပြလို့ မရပါဘုရား)။

ပြလို့မရဘူးဆိုတာ မှတ်ထားလိုက်တော့ကို ဩော်... ဒါအပေါင်းအစုကြီးကြောင့် အတ္တဒိဋ္ဌိဖြစ်နေတာဘဲ၊ အပေါင်းအစု

ကြီးကြောင့် ဒိဋ္ဌိဝိပ္ပလ္လာသဖြစ်နေတာဘဲ၊ ၎င်း ဒိဋ္ဌိဝိပ္ပလ္လာသဟာ အမှတ်မှားကလာတာ၊ အမှတ်မှားက လာချင်လို့ လာရတာမဟုတ်ပါဘူး၊ ဗဟုသုတ မရှိတော့ တကာ့ တကာမတွေမှာ နှလုံးသွင်းကမှားနေတာ.... (မှန်ပါ့) နှလုံးသွင်းကလဲမှားချင်လို့ မှားတာမဟုတ်ဘူး အဝိဇ္ဇာက အုပ်ချုပ်နေလို့၊ မသိတဲ့တရားက သူ့အပေါ်အုပ်ချုပ်နေလို့၊ ရှင်းပလား....(ရှင်းပါပြီ) မသိတဲ့ တရားကသူ့အပေါ်အုပ်ချုပ်နေပြန်တယ်....၊

တခါ မသိတဲ့ တရားပေါ်မှာ ဘယ်သူကနေပြီး အကြောင်း ဆက်သွယ်နေပြန်သတုံး ကြည့်ပြန်တော့ နီဝရဏတရားငါးပါး က အဝိဇ္ဇာကိုဖြစ်စေတယ်....(မှန်ပါ့ဘုရား)။

နီဝရဏ တရားငါးပါးက .... ( အဝိဇ္ဇာကို ဖြစ်စေပါတယ် ဘုရား)။

ကာမစ္ဆန္ဒနီဝရဏ ဆိုတာ လောဘ၊ ငါးပါးအာရုံ ကာမဂုဏ် တွေကိုခင်တယ် မင်တယ်ဆိုတဲ့ နီဝရဏသည် ဒီတရားက ဝမ်းထဲ ကိန်းနေတော့ အဝိဇ္ဇာကကလဲ သစ္စာမသိတော့ကိုတဲ့ ဒီဟာ အ ဝိဇ္ဇာဆိုတာလဲ တကာ တကာမတွေ မိစ္ဆာဉာဏ်လို့မှတ်လိုက်စမ်း ပါ....(မှန်ပါ့)။

အဝိဇ္ဇာ ဆိုတာ ဘာ တုံး .... ( မိစ္ဆာဉာဏ်ပါ ဘုရား )။ မိစ္ဆာဉာဏ်ဆိုတာက ဥပမာ မိုးကုတ်မှာရှိတဲ့ ကုလားတွေက ငါး ကို သုတ်အမျိုးမျိုး၊ချင်းအမျိုးမျိုး၊ ပိုက်ကွန်အမျိုးမျိုး၊ ဆည်အ မျိုးမျိုး၊ ငါးရတဲ့ နည်းကို သူတို့ အမျိုးမျိုး ကြံတတ်တယ်.... (မှန်ပါ့)

အမျိုးမျိုး ကြံတတ် စည်တတ် သိတတ်တယ်ဆိုတဲ့ဥစ္စာ မိစ္ဆာ ဉာဏ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

အဲဒီ မိစ္ဆာဉာဏ် ရှိနေလို့ နှလုံးသွင်းမှားရမယ်၊ နှလုံးသွင်း မှားသောကြောင့် အတ္တသညာလာပါတယ်.... (မှန်ပါ့) အတ္တ သညာလာလို့လဲ ဒိဋ္ဌိက ဖြစ်ရပါတယ်.... (မှန်ပါ့ဘုရား) ရှင်းပြီ နော်....(ရှင်းပါပြီ)။

ဒါဖြင့် နှလုံးသွင်းမှား၏ လက်သည်လဲ မောင်သစ်တို့ ဦးသံ ဒိုင်တို့ ယနေ့ တွေ့ပါပြီ- အဝိဇ္ဇာက တော်တော်စွမ်းအားသတ္တိရှိ လို့ နှလုံးသွင်းမှားအောင် လုပ်နိုင်တာဘဲ.... ( မှန်ပါ့ဘုရား ) အဝိဇ္ဇာကတော့ မလွတ်ဘူး။

ဒီ အဝိဇ္ဇာကလဲ လာချင်လို့ လာရတာလားလို့ မေးတော့ နီဝရဏကြောင့်.... (မှန်ပါ့)။

အဝိဇ္ဇာ၏ အကြောင်းရှာပြန်တော့ ဘာတွေ့သတုံး....(နီဝရ ဏ တွေ့ပါတယ်)။

နီဝရဏဆိုတာ ကာမစ္ဆန္ဒနီဝရဏ သားတွေ သမီးတွေ မြေး တွေခင်ကြတယ်၊ ဒါ ကာမစ္ဆန္ဒနီဝရဏဘဲ၊ ဘယ့်နှယ်ကြောင့် ခင်နိုင်ကြသတုံးဆိုတော့ မသိလို့ မလားဘူးလား.... (မှန်ပါ့)မ သိလို့ခင်တာ ...(မှန်ပါ့)။

ခင်တာ ဘယ့်နှယ်ကြောင့်ခင်သတုံးမေးယင်.... (မသိလို့ခင် တာပါ)။

မသိလို့တဲ့ ဒါဖြင့် ခင်မှုကတော့ ခင်ဗျားတို့တတ်နေကြတယ် တဲ့၊ ဒီခင်မှုအပေါ်မှာ ခင်မှုက စွဲစွဲမြဲမြဲ တခါတည်း ခင်လိုက်

တော့ မသိတာဟာလဲ ပါလာတာဘဲ ဒုက္ခသစ္စာလို့ မသိဘူး၊ အနိစ္စ၊ဒုက္ခလို့.... (မသိပါဘုရား)။

မသိတော့ဘူး၊ မသိတော့ နှလုံးသွင်းက မှားပြီးသကာလ နေပြန်တယ်၊ အနိစ္စကို နိစ္စလို့ ဒုက္ခကို သုခလို့ အနတ္တကို အတ္တ အသုဘကို သုဘလို့ နှလုံးသွင်းလိုက်တယ်....(မှန်ပါဘုရား)။

နှလုံးသွင်းတော့ သညာကလဲ သူ နှလုံးသွင်းတဲ့ အတိုင်း သညာကမှတ်ပါတယ်....(မှန်ပါ)သညာကမှတ်ပစ်လိုက်တဲ့ အခါ ကျတော့ ဒါဖြင့် အားကိုးလောက်တာဘဲဆိုတဲ့ ဒိဋ္ဌိက လာတာ ဘဲ....(မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့မှာ အင်မတန်မှ ရန်သူတွေ ပေါပါ တလားလို့ ဆိုလို့ရှိယင် မလွဲဘူး....(မှန်လှပါဘုရား)။

အဲဒီတော့ကို အတ္တသညာ မပယ်နိုင်လို့ရှိယင်လဲ ဒိဋ္ဌိပြုတ်ပါ့ မလား....(မပြုတ်ပါဘုရား) မပြုတ်နိုင်ဘူး။

ကောင်းပြီ ဒိဋ္ဌိမပြုတ်တာ အတ္တသညာကြောင့်၊ အတ္တသညာ ကို အနတ္တရယ်လို့ ဘုန်းကြီးက ပြောတဲ့ ဘုန်းကြီးက ပြင်ပေး လိုက်ယင် ပြင်ပေးလိုက်တဲ့ အခါကျတော့ အတ္တသညာက အနတ္တ ဖြစ်သွားတော့ ဒိဋ္ဌိက အလိုလို ပြုတ်တယ်....(မှန်ပါ ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် အတ္တသညာကို ဘာလုပ်ပေးရမလဲ....(အတ္တသညာ ပျောက်အောင်လုပ်ရမယ်)အနတ္တလုပ်ပေးရမယ်၊ အနတ္တလုပ်ပေး လို့ရှိယင် ဒိဋ္ဌိက ခိုနိုင်သေးရဲ့လား....(မခိုနိုင်ပါဘုရား)။

ဒါကြောင့် မနေ့က ပြောခဲ့တယ်၊ ခန္ဓာကြောင့် ဒိဋ္ဌိဖြစ်တာဟေ့....(မှန်ပါ့) ခန္ဓာကြောင့် ဒိဋ္ဌိဖြစ်တာဟေ့....၊ရှင်းပလား-(ရှင်းပါပြီ)။

ဒါဖြင့် ဒိဋ္ဌိသည် ဘယ်လိုရှိပါသတုံး....။ "ရူပံ အတ္တတော သမနုပဿတိ" ရူပံ=ရုပ်ကို၊အတ္တတော=ငါဟူ၍၊ သမနုပဿတိ=ရှု၏၊ ရုပ်ကို ငါရယ်လို့ ရှုလိုက်တယ်....(မှန်ပါ့ဘုရား)။

ရုပ်ဟာလဲ ငါဘဲ၊ ခံစားတဲ့ ဝေဒနာလဲ....(ငါပါဘဲ)။

ကြည့်ပါလား....တကာ တကာမတွေ သုံးနေကြတယ်၊ ငါ့ကိုယ်-ဆိုတော့ ဒါရုပ်ကို စွဲလိုက်တယ်၊ ငါ ကောင်းစားတယ် ဆိုတော့ ဝေဒနာ စွဲလိုက်တယ်....( ဝေဒနာစွဲပါတယ် ) ငါမှတ်ထားတယ်ဆိုတော့....(သညာစွဲပါတယ်) သညာစွဲတယ်၊ ငါ့စေတနာလို့ ဆိုပြန်တော့ သင်္ခါရစွဲတယ်၊ ငါ့စိတ် မစမ်းနဲ့ဆိုတော့....(ဝိညာဏက္ခန္ဓာ စွဲပါတယ်)ဝိညာဏက္ခန္ဓာ စွဲတော့ ဒိဋ္ဌိက ငါးချက်တောင် ပူးတယ်....(မှန်ပါ့ဘုရား)။

ဒိဋ္ဌိက ငါးခုတောင် ပူးနေတယ်ဆိုတော့ အဲဒီတော့ကို ဒိဋ္ဌိသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ခန္ဓာထဲမှာ သူ စူးဝင်နေတဲ့ တရားတမျိုးဘဲလို့ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

အဲဒီ့ ဒိဋ္ဌိမပြုတ်သရွေ့ ကာလပတ်လုံး ဒိဋ္ဌိလာယင် ဒိဋ္ဌုပါဒါန် လာလိမ့်မယ်....(မှန်ပါ့)။

ဒိဋ္ဌိလာယင်....(ဒိဋ္ဌုပါဒ့ါန်လာမှာပါ) ဒိဋ္ဌုပါဒါန် လာလို့ရှိယင် ဥပါဒါနပစ္စယာ ကမ္မဘဝေါလာမယ်၊ ကမ္မဘဝေါ လာ

လို့ရှိယင် အပါယ်ဇာတိဘဲ လာရမယ်၊ သူက ဒီ့ပြင် ဇာတိကို ကျေးဇူးမပြုဘူး....(မှန်ပါ) ဘာဘောကျပလား....(ကျပါပြီ)။

ဒိဋ္ဌိလာယင် သူ့နောက်က ဘယ်သူ လိုက်လာမယ်....၊ ဒိဋ္ဌုပါဒါန် လိုက်မယ်၊ သဘောကျပလား....(ကျပါပြီ)။

ဒိဋ္ဌိဆိုလို့ရှိယင် ငါလို့ စွဲထားတဲ့ ဒိဋ္ဌိရှိနေလို့ရှိယင် ဒါ ဒိဋ္ဌိဘဲ၊ ဒါ အဟုတ်ကို ဟုတ်တယ်လို့ ယူလိုက်လို့ရှိယင် ဥပါဒါန် ဖြစ်ပါတယ်၊ ဥပါဒါန် ဖြစ်လို့ရှိယင်ဖြင့် ကာယကံ ဝစီကံနဲ့ ဒီဥစ္စာကို ငါလုပ်ပြီးသကာလ ပြောလဲ ပြောကြတော့မှာဘဲ ဆိုလဲ ဆိုကြတော့မှာဘဲ၊ အရေးကြုံလာတဲ့ အခါကျလို့ရှိယင် ဖြင့် ငါဟာ ငါ အားကိုးမှာဘဲ ဆိုတာကော...( လာပါတယ် ဘုရား)။

လာမှာဘဲတဲ့၊ အဲဒါကြောင့် ကာယကံ ဝစီကံတွေဟာလဲ ဒိဋ္ဌုပါဒါန်က ကျေးဇူးပြုလိုက်လို့ လာတာလို့မှတ်လိုက်စမ်းပါ (မှန်ပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိက အပါယ်ချတယ်လို့ ဆိုတဲ့ ဥစ္စာဟာ ဟုတ်တယ်၊ ဘာ့ကြောင့်တုံးဆိုတော့ သူက ဒိဋ္ဌုပါဒါန်သွားပြီး ကျေးဇူးပြုတယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဒိဋ္ဌုပါဒါန်သွားပြီးတော့....( ကျေးဇူးပြုပါတယ်ဘုရား ) ကျေးဇူးပြုလိုက်တော့ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံကလဲ လာရတော့မှာဘဲ (မှန်ပါဘုရား) မလာဘူးလား...(လာပါတယ်ဘုရား)။

ဒါဖြင့် သူလာလို့ရှိယင် ကမ္မဘဝပစ္စယာ အပါယ်ဇာတိ ဆိုတာက ဘယ့်နှယ်နေကြသတုံး....(လာမှာပါ) လာရမှာဘဲ။

ဩော်....ဒါဖြင့် ဒိဋ္ဌိက ကြောက်စရာကောင်းတာပေါ့၊ သူ အဖေါ်သဟဲတွေနဲ့ လာတာကိုး–ဆိုတာ ပေါ်လာကြပြီ....(မှန် ပါ့ဘုရား)။

သူ လာယင် ဥပါဒါန်လာမယ်၊ ဥပါဒါန်လာယင် ကံ လာ မယ်၊ ကံ လာယင် ဇာတိ အစရှိသည် မလာပေဘူးလား....(လာ ပါတယ်) အဲဒါသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒိဋ္ဌိက ကျေးဇူး ပြုတာလို့ မှတ်လိုက်စမ်းပါ၊ ဒိဋ္ဌိ ဝိပ္ပလ္လာသက ကျေးဇူးပြုလိုက် တာ၊ ရှင်းပလား....(ရှင်းပါပြီ)။

ဒိဋ္ဌိဝိပ္ပလ္လာသက လာချင်လို့ လာတာလားဆိုတော့ အတ္တ သညာက လာတာ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျ ပါပြီ)။

အတ္တသညာကို တကာ တကာမတွေက အနတ္တဝိပဿနာနဲ့မှ မဖျက်လို့ရှိယင် ဒိဋ္ဌိက မဖြုံပါဘူး....(မှန်ပါ့) မဖြုံလို့ရှိယင် ဖြင့် ခုနင်က အပါယ်ဇာတိကျအောင် သူ ကျေးဇူးပြုလိမ့်မယ် ဆိုတာ တကာ တကာမတွေ မှတ်ထားပါ....(မှန်ပါ့ဘုရား)။

ဘယ်သူ့ ထောက်ကြည့်ရမတုံးလို့ မေးတဲ့အခါ အဇာ တသတ်ကို ထောက်ကြည့်....(မှန်ပါ့)သူ့ကိုသူ အတ္တသညာ ငါ ဘဲဆိုတဲ့ ပုဂ္ဂိုလ်ရှိနေတော့ တခါတည်းတဲ့ အတ္တသညာ ငါကြီးမှ ထီးမွေ နန်းမွေ ရမယ်ဆိုလို့ရှိယင် ငါ အလကားပေါ့၊ ခံစား ချိန် မရှိဘူး ဆိုပြီးသကာလ အတ္တသညာက·နေပြီး အတ္တဒိဋ္ဌိ ကျေးဇူးပြုလိုက်တယ်....(မှန်ပါ့)။

ကျေးဇူးပြုလိုက်တဲ့ အတွက်တဲ့ ငါ့ငယ်တုန်း အဖသတ် ရမှသာလျှင် ငါသည် ထီးနန်းစည်းစိမ် ရမှာဘဲ ဆိုပြီးသကာလ အတ္တသညာက-နေပြီး အတ္တဒိဋ္ဌိကျေးဇူးပြုလိုက်တယ်.... (မှန်ပါ့ ဘုရား) ကျေးဇူးပြုလိုက်တဲ့အတွက် အဖသတ်တဲ့ ကံ လုပ်လိုက် တယ်၊ မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

အဲဒါ ဒိဋ္ဌိက-နေပြီး ဒိဋ္ဌုပါဒါန် လုပ်တော့ အဖသတ်တဲ့ ကာယကံရော ဝစီကံရော၊ စေတနာက သတ်စေ-ဟုတ်လား၊ အစား အသောက်ထားစေ၊ သဘောကျပလား....(ကျပါပြီ) ကာယကံက တော့ဖြင့် အဲဒီ ထောင်တွေ ဘာတွေ ပိတ်ကြကွာ၊ ပြုကြကွာ- အစရှိသည်နဲ့ ကိုယ်လက်ဟန်ပန်တွေနဲ့ သူ ပြောမှာပေါ့လေ.... (မှန်ပါ့)။

အဲဒါကြောင့် သူသည် လောဟကုမ္ဘီဆိုတဲ့ အပါယ်ဇာတိ ကို ချလိုက်တာဟာ အဖသတ်လို့သာ ကျတယ်ဆိုရဟယ် စင်စစ် အဖသတ်အောင် တိုက်တွန်းတာက ဒိဋ္ဌိ....(မှန်ပါ့ဘုရား) ရှင်းကြ ပလား....(ရှင်ပါပြီ)။

ဘယ်သူက အဖသတ်အောင် လုပ်သလဲ....(ဒိဋ္ဌိကပါဘုရား)။

ငါရှိလို့ ငါငယ်ငယ်က ခံစားဘို့ရဟာ ဒီအဖ အသက် ရှည်နေယင် ခက်တယ် ဆိုပြီးသကာလ ငါ၏ အဖကိုဘဲ တခါ တည်း ငါ ခံစားဘို့ဆိုပြီးတော့ သတ်လိုက်ပါတယ်....(မှန်ပါ့) သူ့ ဒိဋ္ဌိအယူကို သူ စွန့်သေးရဲ့လား....(မစွန့်ပါဘုရား)။

မစွန့်ဘူး၊ အဲဒါက တကာ တကာမတွေက မှတ်ပါ၊ သူဟာ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဒိဋ္ဌိ....(မှန်ပါ့)။

ဘာသာကတော့....(ဗုဒ္ဓဘာသာပါ) ဗုဒ္ဓဘာသာဘဲ၊ သူ့ အမေ မျိုးရိုးနဲ့ တကွ ဘုရား-တရား ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာဘဲ ဗုဒ္ဓဘာသာ၏ ဒိဋ္ဌိမှတ်ပါ....(မှန်ပါ့ဘုရား)။

အဲဒီလို ဗုဒ္ဓဘာသာ၏ ဒိဋ္ဌိက အခု ဘုန်းကြီးတို့ တရားမျိုး မနာရလို့ ရှိယင်ဖြင့် ဗုဒ္ဓဘာသာက ဆိုင်းဘုတ် ဗုဒ္ဓဘာသာ၊ ဝမ်းထဲက ရှိနေတာက ဒိဋ္ဌိရှိနေတယ်....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ငါလုပ်ခံနိုင်ရိုးလားကွာ၊ ငါကြံစည်လို့ ရှိယင် ဘယ်မဖြစ်ဘဲ ရှိမတုံး၊ ဗုဒ္ဓဘာသာ ဒိဋ္ဌိဘဲ....(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိ ပါပြီဘုရား)။

ဒါက ဘာသာကတော့ ဗုဒ္ဓဘာသာဘဲတဲ့၊ အယူက ဘာဖြစ် နေသတုံး....(အယူကဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)အယူကတော့ဖြင့် အတ္တဒိဋ္ဌိပါဘဲ၊ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိကြီးလို့ ရှိယင်ဖြင့် သူလုပ်တာ မှန်တယ်ဆိုတဲ့ စွဲလမ်းတဲ့ အလုပ်ဟာ လာမလား=မလာဘူးလား.... (လာပါ တယ်ဘုရား)။

သူလုပ်တာ မှန်တယ်ဆိုပြီး သကာလ သူ့အဖသတ်ဘို့အမိန့် တွေဘာတွေ အမျိုးမျိုးအဖုံဖုံ ကာယကံ ဝစီကံတွေနဲ့ သူမပေး ဘူးလား....(ပေးပါတယ်ဘုရား)။

ပေးလိုက်တော့ ကမ္မဘဝ ပစ္စယာ-သေတဲ့ အခါကျတော့ ဇာတိဆိုပြီး တခါတည်း ဒိဋ္ဌိက ဆက်ပေးလိုက်တယ်၊အကြောင်း

အကျိုး(မှန်ပါ့) တခါတည်း လောဟကုဿ ိုငရဲထဲ ဦးသံဒိုင် ကျ သွားတယ်....(မှန်ပါ့ဘုရား)။

ဟု....ဘယ့်နှယ်ကြောင့်ကျပါလိမ့်မတုံး၊ မေးလို့ရှိယင် ဒိဋ္ဌိ ကချလိုက်တာ....(မှန်ပါ့ဘုရား)။

လက်သည်အရင်းက ဘယ်သူတုံး....(ဒိဋ္ဌိပါဘုရား)။

အဲဒီ=ဒိဋ္ဌိ ဘယ်ကလာသတုံးဆိုတော့ အတ္တသညာက လာ တယ်....( မှန်ပါ့ ) အတ္တသညာဆိုတာ ကိုယ့်ကိုယ်-ကို ငါထင် တာပေါ့လေ....( မှန်ပါ့ဘုရား)။

အဲဒီ= အတ္တသညာကလဲ ငါငယ်တုန်းဘဲ ထီးမွေ နန်းမွေ ရမှ ဆိုပြီးသကာလ သူသည် သူ့ကိုယ်သူ ပရမတ်တွေမမြင်တော့ နှလုံးသွင်းမှားပြီး သကာလ ငယ်တုန်းဘဲ ယူပစ်လိုက်တယ် (မှန်ပါ့ဘုရား)။

ဖြစ်ပျက်တွေ မမြင် ဒုက္ခသစ္စာတွေမမြင်၊ မမြင်တော့ကိုတဲ့ နှလုံးသွင်း သူ့ကိုသူမှားတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်း ပါပြီဘုရား)။

မှားချင်လို့ မှားရတာလား၊ မသိမှားလား .... (မသိမှားပါ ဘုရား)။

မသိမှား ဘယ်ကလာသတုံးဆိုတော့-အို....ခုနင်က ပြောခဲ့ပြီ ကာမစ္ဆန္ဒ နီဝရဏနဲ့ ထီးနန်းအာရုံ သူခံစားချင်လို့ ကာမစ္ဆန္ဒ နီဝရဏက လက်သည်သွားဖြစ်တယ်....( မှန်ပါ့ ) ပေါ်ပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် အဝိဇ္ဇာ၏လက်သည်ဘယ်သူတုံးမေးယင်....(ကာမစ္ဆန္ဒနီဝရဏပါဘုရား)။

ကာမစ္ဆန္ဒနီဝရဏ၊ ငါးပါးအာရုံ ကာမဂုဏ် ခံစားချင်လို့ သူကြိမ်းဝါးတာကြည့်ပါ၊သူကြိမ်းဝါးတာကြည့်ပါ၊ ငါ့အသက်ကြီးမှ ဒီဥစ္စာကို....ဒေဝဒတ်ကလဲ လာဟောတာကိုး၊မင်းအသက်ကြီးမှမင်းအဖေသေမှ ထီးမွေနန်းမွေခံစားရမယ်ဆိုယင် မင်းဘယ်ခံစားချိန်ရှိတော့မတုံး၊ငယ်ငယ်ရွယ်ရွယ်က ဒီအဖသတ်ပြီး သကာလခံစားမှပေါ့ ဆိုတဲ့ တရားမျိုးကိုသူကဟောလိုက်တော့ သူ့မှာ ကာမစ္ဆန္ဒနီဝရဏရှိနေတဲ့ ပုဂ္ဂိုလ်ကျတော့ မသိလုံးကလာ၊ မသိလုံးကလာတော့ နှလုံး သွင်းက သူ့ကိုယ်သူမှား၊ ငါငယ်သေးတယ်ဆိုတာမှား၊ မှားလိုက်တဲ့ အခါကျတော့ ငါလုပ်ယင်ဖြစ်ရမယ်ဆိုတဲ့ အတ္တသညာက မလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီတော့ကို ဒါသည်ကားလို့ဆိုလို့ရှိယင် အပြစ်မရှိဘူးဆိုတဲ့ ဒိဋ္ဌိက အယင်ယူပစ်လိုက်တယ်.... (မှန်ပါဘုရား) တခါတည်း အဖသတ်တာ အပြစ်မရှိဘူး၊ ဒေဝဒတ်က ဟောထားတော့ အပြစ်မရှိဘူးဘဲယူချလိုက်တယ်....(မှန်ပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီယူလိုက်တော့သူ့အယူကိုသူစွဲသွားတာဘဲတဲ့၊ဒိဋ္ဌုပါဒါန်နဲ့စွဲသွားတော့ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံက နောက်တလိုက်လာတယ်....(မှန်ပါ့) ကံလာလို့သူသေသည်၏ အခြားမဲ့၌ လောဟကုမ္ဘီငရဲကျရရှာတယ်တဲ့၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်သူချလိုက်တာတုံး ဇမေးယင် ဘယ့်နှယ်ပြော ကြမလဲ....(ဒိဋ္ဌိချလိုက်တာပါဘုရား) ဒိဋ္ဌိက လက်သည်ဘဲနော်.... (မှန်ပါ့ဘုရား)။

အဲဒီမှ–ဒိဋ္ဌိ လက်သည်သိတော့မှ ဒိဋ္ဌိဘယ်က လာပါလိမ့် မတုံးဆိုတော့....ဩော် အတ္တသညာက လာတာဟော့....( မှန် ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အတ္တသညာကလာတယ်၊ အတ္တသညာဘယ်ကလာ သတုံး.... (နှလုံးသွင်းမှားက လာတယ်) နှလုံးသွင်း ဘယ့်နှယ်ကြောင့် မှားပါလိမ့် မသိလို့.... (မှန်ပါ့) မသိတာသည်ကားလို့ ဆိုလို့ ရှိယင် ဘယ့်နှယ်ကြောင့် မသိပါလိမ့်မတုံးဆိုတော့ ကာမစ္ဆန္ဒ နီဝရဏကလွှမ်းမိုးနေလို့....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါ ပြီဘုရား)။

ဘယ်သူက လွှမ်းမိုးသတုံး....(ကာမစ္ဆန္ဒနီဝရဏက လွှမ်းမိုး ပါတယ်) အဲဒါ အကြောင်းအကျိုးဆက်လိုက်တာ ကုန်သွားပါ ပြီ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဩော်.... ကာမစ္ဆန္ဒနီဝရဏသည် ဒိဋ္ဌိ ကိုင်တိုင် အပါယ်ကျအောင် ကျေးဇူး ပြုနိုင်တယ်လို့ ဆိုတော့ သူက ဥပနိဿယပစ္စည်း၊ ဒိဋ္ဌိကလဲ ထို့နည်းအတူဘဲ ဥပနိဿယ ပစ္စည်း၊ အားကြီးသော အကြောင်းဘဲ....(မှန်ပါ့) ကံကတော့ ကမ္မပစ္စည်း၊တခါတည်းပစ္စည်းတွေဆက်ပြီး အကြောင်းအကျိုး တွေဆက်ဆက်- ဆက်ဆက်ပြီး ချလိုက်တာ ဟိုငရဲကျမှဘဲ ဇာတ်သိမ်းတယ်.... (မှန်ပါ့) သဘောကျပလား.... ( ကျပါပြီ ဘုရား )။

ကံက ကမ္မပစ္စည်း=ကမ္မပစ္စယောနဲ့ ကျေးဇူးပြုချလိုက်တယ်၊ သဘောကျပလား .... ( ကျပါပြီ ) ဒိဋ္ဌိကတော ဝေးသော အကြောင်းလုပ်ပြီး ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုလိုက်တယ်၊ မပြုလိုက်ဘူးလား....(ပြုလိုက်ပါတယ်ဘုရား)။

အဲဒီလိုပြုလိုက်တဲ့ အတွက်တဲ့ လောဟကုဋ္ဌိ ငရဲကျသွားတဲ့ အဇာတသတ်သည် ခုထက်တိုင်တိုင်ရှိပြီး သကာလ နေတာဟာ ဘယ်သတ္တိပါလိမ့်မတုံးဆိုတော့ ဒိဋ္ဌိတဲ့၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဩော်....ဒိဋ္ဌိသည်ကားလို့ဆိုလို့ရှိယင် လောဟကုမ္ဘိ ငရဲဆိုတာ အနှစ်သုံးသောင်း လူတာယောက်ကျသွားတယ်၊ ဒီအိုးကြီးကလဲအောက်ဘယ်လောက်နက်တယ်လို့ဆိုတာ ကြေးရည်တွေမှာကျသွားတဲ့ ဥစ္စာ အနှစ်သုံးသောင်းအောက်ရောက်မှ အနှစ်သုံးသောင်းငုတ်နိုင်မှ အောက်ရောက်သွားတယ်.... (မှန်ပါ)နောက်ပြန်တက်တော့လဲ အနှစ်သုံးသောင်းဘဲတက်ရတယ်....( မှန်ပါ ) ခံနိုင်ရည်ရှိပါ့မလား....(မရှိပါဘုရား) မရှိဘူး။

သေပါတော့လားလို့ ကြေးပူရည်တွေထဲမြုပ်နေတဲ့ လူတယောက်သေပါတော့လားလို့မေးတဲ့ အခါကျတော့ ဒီလိုမှတ်ထားပါတဲ့ သူ့ဒိဋ္ဌိက တကြိမ်တည်းဖြစ်တဲ့ ဒိဋ္ဌိမဟုတ်ဘူး.... (မှန်ပါဘုရား)ရှင်းပလား(ရှင်းပါပြီ)နေ့တိုင်းဖြစ်နေတဲ့ဒိဋ္ဌိမို့တဲ့ ဒီဒိဋ္ဌိအတွက်ကြောင့် ဟိုမှာသေပြန်၊ နောက်ဒိဋ္ဌိအတွက်က ဟိုမှာ အရှင်လုပ်ပေးတယ်.... ( မှန်ပါဘုရား ) သဘောပါပလား.... (ပါပါပြီဘုရား)။

တခုသော ဒိဋ္ဌိ အတွက်ကြောင့် ခံပြီးပြန်၊ ခံပြီးသေလိုက်၊ နောက်ဒိဋ္ဌိက ဆက်ပြီးဒီခန္ဓာကိုယ်ပြုပြင်ပေးလိုက်ပြန်တော့ ခန္ဓာ ပေါ်ပြန်တာဘဲ....(မှန်ပါဘုရား)။

ခန္ဓာပေါ်ပြန်တော့=သေတော့သေပြန်တာဘဲ၊ သေပင်သေ ငြားသော်လဲ ဒိဋ္ဌိကမကုန်နိုင်တော့ နစ်ပေါင်း သုံးသောင်းတိုင် တိုင် အရှင်အတိုင်းမြုပ်ရတယ်( မှန်ပါ )ပေါ်တဲ့အခါလဲ သုံး သောင်းမှပေါ်နိုင်တယ်....(မှန်ပါဘုရား)။

ဒါဘယ်သူချလိုက်တာတုံး... (ဒိဋ္ဌိချလိုက်တာပါ ဘုရား) ဒိဋ္ဌိချလိုက်တာဆိုတာသေချာပလား....(သေချာပါပြီ ဘုရား)။

ဒါဖြင့်ခင်ဗျားတို့ တရားဟောနေတာ ဒိဋ္ဌိပြုတ်ဘို့ရာ ၁-နံ ပါတ်အရေးကြီးတယ်ဆိုတာ အပါယ် သံသရာမှာဖြင့် ဒိဋ္ဌိက ခေါင်းဆောင်ကြီးတယောက်ပါ....(မှန်ပါဘုရား)။

အပါယ်သံသရာမှာ....(ဒိဋ္ဌိကခေါင်းဆောင်ကြီး တယောက် ပါဘုရား) တဏှာကခေါင်းမဆောင်ဘူး၊ဒိဋ္ဌိက ခေါင်းဆောင် တယ်(မှန်ပါဘုရား)။

တဏှာက ခေါင်းမဆောင်ဘူး၊ ဘယ်သူကခေါင်းဆောင်သ တုံး....(ဒိဋ္ဌိကခေါင်းဆောင်ပါတယ်ဘုရား)။

ဒိဋ္ဌိက ခေါင်းဆောင်တော့ ဒါ့ကြောင့် ဒိဋ္ဌိသညာကိုပယ်မှ ဝိပဿနာအလုပ် သောတာပတ္တိမဂ်ဆိုက်အောင် လုပ်ကြစမ်းပါ၊ လုပ်ကြစမ်းပါဆိုတဲ့ ဥစ္စာက တခြားကြောင့် မောင်သစ်တို့ ဦးသံဒိုင်တို့ လုပ်ခိုင်းတာမဟုတ်ဘူး၊ လောဟကုမ္ဘီငရဲကို ချနိုင် တာသူ....(မှန်ပါ) အဝိစိငရဲချနိုင်တာ....(သူပါဘုရား)။

ငါဘုရားလုပ်ချင်လို့ဆိုပြီး ဒေဝဒတ်ဟာ ဒိဋ္ဌိသညာကနေပြီး ဒိဋ္ဌိနဲ့-တိတ္ထိအစစ်ဖြစ်သွားပြီးဘုရားကိုကျောက်မောင်းတွေဆင်ချ သွေးစိမ်းတည်၊ သံဃာတွေသင်းခွဲ လိုက်တဲ့အတွက် ငါဘုရား လုပ်ချင်တာ အပြီးသတ်တော့ ဘယ်သူတုံး .... (ဒိဋ္ဌိပါ)ဒိဋ္ဌိဘဲ။

အဲဒီကနေပြီး သူ့ကျတော့ အဝီစိကျသွားတယ်၊ မကျဘူး လား....(ကျပါတယ်ဘုရား)။

ဘာဖြစ်လို့ ကျသွားပါလိမ့်မတုံးလို့ မေးတဲ့အခါ ဘယ့်နှယ် ဖြေမတုံး....(ဒိဋ္ဌိချလိုက်တာပါဘုရား)။

ဘယ်သူချလိုက်တာတုံး.... (ဒိဋ္ဌိချလိုက်တာပါ) ဒိဋ္ဌိချလိုက် တာဘဲဆိုတာ မသေချာဘူးလား .... (သေချာပါတယ်ဘုရား)။

အဲဒါ ဒိဋ္ဌိက ခင်ဗျားတို့မှတ်ထားဒေဝဒတ်ကလဲ ပစ္စေကဗုဒ္ဓါ အလောင်း၊ အဇာတသတ်ကလဲ အတူတူဘဲ၊ ကျွတ်တမ်းဝင်မည့် အလောင်းဘဲ၊ အဲဒီ့အလောင်းကိုဘဲ ဖျက်ချလိုက်တယ်.... (မှန် ပါဘုရား)။

အဇာတသတ်ဟာ မိဒိဋ္ဌိသာ မနှိပ်စက်မယ်ဆိုယင် ဒီဘဝမှာ သူကျွတ်တမ်းဝင်တယ်....(မှန်ပါ) သာမညဖလသုတ်ကို ဟော လိုက်လို့ရှိယင် သူကျွတ်တမ်းဝင်မယ်....(မှန်ပါ)။

သို့သော် ဒိဋ္ဌိက ဦးစီးပြီးသကာလ ကံမြောက်သွားတဲ့ အခါ ကျတော့ သာမညဖလသုတ် တရားက မတတ်နိုင်ဘူး .... (မှန်ပါ ဘုရား) တတ်နိုင်ရဲ့လား....(မတတ်နိုင်ပါဘုရား)။

ဒါဖြင့် တရားဟူသ၍ ဖျက်နေတာ ဘယ်သူတုံး....(ဒိဋ္ဌိပါ ဘုရား)။

ရဲရဲတောက်ပုဂ္ဂိုလ်တွေ ပစ္စေကဗုဒ္ဓါဖြစ်မည့် ဒေဝဒတ်တို့၊ အဇာတသတ်တို့ကို ပါရမီကြီးတွေကို ဖျက်ချလိုက်တာ ဘယ်သူ ပါလိမ့်....(ဒိဋ္ဌိပါဘုရား)။

အဲ....ခင်ဗျားတို့ ပါရမီကလေးတွေကျတော့ မစိုးရိမ်ရဘူး လား....(စိုးရိမ်ရပါတယ်ဘုရား)။

ဟိုမှာ သေသေချာချာ ကျွတ်တမ်းဝင်မည့်ပုဂ္ဂိုလ်၊ ရှင်းပလား (ရှင်းပါပြီ) ပစ္စေကဗုဒ္ဓါဆိုယင် အဝိစိကတက်ယင် သူဖြစ်မှာ.... (မှန်ပါ့ဘုရား)။

သို့သော် အခုဘဝဆိုလို့ ရှိယင်လဲ ဒေဝဒတ်ဟာ ကောင်းကင် ပျံ-မြေသျှုံးနိုင်တယ်....(မှန်ပါ့) ဒိဋ္ဌိဖြုတ်ချလိုက်တာ တခါ တည်း ဈာန်တွေလဲ အကုန်ပျောက်တယ်....(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီ)။

ဈာန်တွေအကုန် ပျောက်သွားတာကော .... (ဒိဋ္ဌိဖြုတ်တာ ပါဘုရား) ဒိဋ္ဌိကဘဲ ဈာန်တွေအကုန်လျှော၊ နောက်သေသည်၏ အခြားမဲ့၌ မြေမျိုသွားတယ်၊ ဒါ ဘယ်သူပါလိမ့် .... (ဒိဋ္ဌိပါ ဘုရား)။

ဒါဖြင့် ဒီ ဒိဋ္ဌိဟာ ခင်ဗျားတို့ သေးသေးသွယ်သွယ်ကလေး နဲ့ ခြေဘ်....မဖြစ်လောက်ဘူးဆိုတာများတော့ မယူလိုက်ပါနဲ့.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒိဋ္ဌိဟာ ဘာဖြစ်လောက်သတုံးလို့ မယူပါနဲ့ .... (မှန်ပါ့ ဘုရား) ဒိဋ္ဌိ ဟာဖြစ်လောက်တဲ့ အဝိပ္ပါယ်ထဲကိုထည့်ပါ၊ ဒီလူနှစ် ယောက်ကို ပုံစံထားပါ....(မှန်ပါ့ဘုရား)။

ဒီလူနှစ်ယောက် ပါရမီဖျက်ချတာလဲ ဒိဋ္ဌိဘဲ၊ ဟုတ်လား.... (မှန်ပါ့ဘုရား)။

ပါရမီတွေဖျက်ချတာ....(ဒိဋ္ဌိပါဘုရား) ပြည့်ပြီးသားပါရမီတွေဖျက်ချတာ....(မှန်ပါ့)သဘောပါကြလား .... (ပါ-ပါပြီ)။

ပြည့်ပြီးသားပါရမီ ဖျက်ချတာလဲ .... (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိဘဲနော်....(မှန်ပါ့)။

နောက် အနုကျွတ်တမ်းဝင်ရမည့်ဟာ ကန့်ကွက်တာကော.... (ဒိဋ္ဌိပါဘဲ)ဒိဋ္ဌိဘဲ အကုန်ကန့်ကွက်ပြီးသကာလ သွားလိုက်ပါဦး၊ ကွာ၊ အဝိစိတို့၊ လောဟကုမ္ဘီတို့ သွားလိုက်ပါဦး ဆိုတာလဲ ဘယ်သူတုံး....(ဒိဋ္ဌိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဟိုပုဂ္ဂိုလ်တွေဟာ ရဲရဲတောက်ပုဂ္ဂိုလ်တွေတောင်မှ ဒိဋ္ဌိက–သူကခင်ဗျားတို့ ပါရမီတွေထက်ကျပ်က ထက်တယ်ဆိုတဲ့ အဓိပ္ပါယ်ပြတာ.... (မှန်ပါ့ဘုရား) မပြဘူးလား.... (ပြပါတယ်ဘုရား)။

ခင်ဗျားတို့ ဖြည့်လာတဲ့ ပါရမီတွေဟာ ကျွတ်တမ်းဝင်ဘို့ အကုန်ပါကြပါတယ်၊ ပါပင်ပါငြားသော်လဲ ခင်ဗျားတို့ကို ကျပ်ကအုပ်ချုပ်ပြီးသကာလ စီမံပြမယ်ဆိုပြီး ပြလိုက်တဲ့အခါကျတော့ အတ္တသညာကနေပြီး အတ္တဒိဋ္ဌိကို ကျေးဇူးပြုချလိုက်တယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ကျေးဇူးပြုချလိုက်တော့ ပါရမီတွေလဲ သွားရတာဘဲ၊ဒီအချိန်ဖြစ်ရမည့် ပါရမီတွေအကုန်သွား....(မှန်ပါဘုရား)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ပါရမီတွေ ဘယ်နှယ်နေကြသလဲ .... (အကုန်သွားပါတယ်ဘုရား)သွားတယ်၊ ကြောက်စရာကြီးပါလား....(မှန်ပါ ကြောက်စရာကြီးပါဘုရား)။

ဒါဖြင့် ဒီနေ့ည ဒိဋ္ဌိကိုဟောတဲ့အတွက်တဲ့ ခုနင်က တကာ တကာမတွေ သိပြီးသားဖြစ်တဲ့ တဏှာတို့ အဝိဇ္ဇာတို့ထက် ဒိဋ္ဌိ ကြောက်ပါ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တဏှာဟာ သုဂတိရောက်အောင် ပို့နိုင်တယ် .... (မှန်ပါ) ခင်ဗျားတို့ဆွမ်းကလေး ပန်းကလေး လှူပြီးသကာလ ဒီဆွမ်း ဒီပန်းကြောင့် နတ်ရွာသုဂတိသို့ ရောက်ရပါလို၏လို့ တဏှာက တောင်းတယ်၊ ဒါတဏှာနဲ့တောင်းတာ....(မှန်ပါ)ဘဝတောင်း တာကိုးဗျ၊ ဘဝတဏှာဘဲ....(မှန်ပါ)။

သေသည်၏ အခြားမဲ့၌ မရောက်ဘူးလား- ရောက်သလား လို့မေးယင်....(ရောက်ပါတယ်ဘုရား)။

ဒိဋ္ဌိက သုဂတိကိုသွားကို မသွားဘူး၊ ရိပ်မိပလား....(ရိပ်မိ ပါပြီ)သူကသွားကိုသွားရဲ့လား....(မသွားပါဘုရား)။

ဒိဋ္ဌိကမသွားဘူး....(မှန်ပါ)တဏှာကသွားတယ် .... (မှန်ပါ ဘုရား)။

ကဲ-တဏှာနဲ့ဒိဋ္ဌိ ဘယ်ဟာကြောက်စရာ ကောင်းသတုံး.... (ဒိဋ္ဌိကကြောက်စရာကောင်းပါတယ်) ဒိဋ္ဌိကြောက်စရာကောင်း တယ်လို့ဆိုတဲ့ဥစ္စာ အင်မတန်မှန်သွားပါပြီ.... (မှန်ပါဘုရား)။

ဒါ့ကြောင့်မဂ်လေးပါးရှိပါတယ် သောတာပတ္တိမဂ်၊သကဒါ ဂါမိမဂ်၊အနာဂါမိမဂ်၊ အရဟတ္တမဂ်ကယ်လို့ မဂ်လေးပါးရှိသည့်

အနက်က အကြမ်းဆုံးဖြစ်တာကို ပဌမဦးဆုံး မဂ်ကပယ်ရတယ် ဆိုတော့ အပါယ်သံသရာ လွတ်အောင် သောတာပတ္တိမဂ်က ပယ်ရတာ ဘာကိုသတ်နိုင်လို့ ပယ်တာတုံးလို့ မေးတော့မှ သောတာပတ္တိမဂ်က ဒိဋ္ဌိသတ်နိုင်လို့ အပါယ် သံသရာကြီးမှ ကျွတ်လွတ်သွားတာ ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ဘာသတ် နိုင်လို့တုံး(ဒိဋ္ဌိသတ်နိုင်လို့ပါဘုရား)။

တဏှာကျန်ရစ်တယ်....(မှန်ပါ့) တဏှာကျန်ရစ်ဘယ်၊ကိစ္စမရှိ ဘူးကွ၊တဏှာသံသရာ ကျန်ချင်ကျန်ပေ့စေ အပါယ်သံသရာ တော့ဖြင့် ငါရှင်းမယ်ဆိုပြီး သောတာပတ္တိမဂ်က အပါယ်သံ သရာရှင်းပေးတယ်...(မှန်ပါ့ဘုရား) တဏှာသူမနိုင်ဘူး....(မှန် ပါ့ဘုရား)။

တဏှာသူမနိုင်ပေမဲ့ ကိစ္စမရှိဘူး၊ကိစ္စမရှိဘူးတဲ့၊ဘဏှာသည် ကားလို့ဆိုယင် ဒိဋ္ဌိလောက် ကြောက်စရာမကောင်းဘူး....(မှန် ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

တဏှာနဲ့ဒိဋ္ဌိ ဘယ်ဟာကြောက်စရာ ကောင်းသတုံး....(ဒိဋ္ဌိ ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒိဋ္ဌိဟာ အင်မတန်အရေးကြီးပါတယ်၊ ဒိဋ္ဌိနဲ့ တဏှာ ပဥ္စာ နန္တရိယကံထက် ဒိဋ္ဌိက အရေးကြီးတယ်(မှန်ပါ့ဘုရား) သဘော ကျပလား....(ကျပါပြီ)။

ဒိဋ္ဌိရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဥပမာမယ်.... ပဉ္စာနန္တရိယကံလဲ အပါယ်ကျတယ်၊ ဒိဋ္ဌိကလဲ အပါယ်ကျတယ်၊ ကျပင် ကျငြား သော်လဲ ပဉ္စာနန္တရိယကံက နက်ဖြန်-သဘက် ကမ္ဘာပျက်မယ်

ဆိုလို့ရှိယင် ဒီနေ့ ပဋ္ဌာနန္တရိယကံ လုပ်မိတယ်၊ လွတ်ထွက်သွား တယ်၊ ကမ္ဘာပျက်နဲ့ကြုံယင် လွတ်ကယ်....(မှန်ပါ) ဒိဋ္ဌိကတော့ ဒီ ကမ္ဘာက-နေပြီး ဟိုကမ္ဘာမှာ ခံရတယ်....(မှန်ပါဘုရား)။

ဒီဘက် ဥပမာ....အခု ဘုရားပွင့်တဲ့ ကမ္ဘာမှာ ကမ္ဘာပျက် ယင် ဟို....ဘုရားမပွင့်တဲ့ ကမ္ဘာ၏ ငရဲမှာ သွားခံရတယ်....(မှန် ပါဘုရား)။

အဲ....ဘယ်သူက ထက်သတုံး-(ဒိဋ္ဌိက ထက်ပါတယ်ဘုရား) ဒိဋ္ဌိက ထက်တယ်။

ကောင်းပြီ ဒိဋ္ဌိက ပြင်းထန်တယ်ဆိုတာဘော့ယနေ့ပေါ်ပါ ပြီ.... (ပေါ်ပါပြီဘုရား)မပေါ်သေးဘူးလား... (ပေါ်ပါပြီ)။

ဒါ့ကြောင့် အကြမ်းဆုံးတရားကို အကြမ်းဆုံး ဓါးနဲ့ ခုတ် ရမယ်၊ သစ်လုံးကြီးတွေကျတော့ သစ်ခွေတဲ့ဓါးမှ ရမှာ၊ သင် စုန်းနဲ့ ခုတ်လို့ မရဘူး....(မရပါဘုရား) ရပါ့မလား....(မရပါ ဘုရား)။

မရဘူး၊ ဒီမှာလဲ အကြမ်းဆုံး တရားမို့ အကြမ်းဆုံး ဓါးနဲ့ သတ်တာ....(မှန်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တဏှာနဲ့ ဒိဋ္ဌိ ဘယ်ဟာ ကြောက်စရာ ကောင်းသတုံး-(ဒိဋ္ဌိကြောက်စရာကောင်းပါတယ်)ဒိဋ္ဌိကြောက် စရာကောင်းတယ်ဆိုတာ ပေါ်ပြီ....(ပေါ်ပါပြီ)။

အကြမ်းဆုံးတရားမို့ အကြမ်းဆုံး ဓါးနဲ့ခုတ်ရတာ ထောက် လိုက်လို့ရှိယင်ဖြင့် ဒိဋ္ဌိဟာ ကြီးကျယ်ခမ်းနားတယ်ဆိုတာ ပေါ် လာတယ်-(မှန်ပါ) မပေါ်လာဘူးလား....(ပေါ်လာပါတယ်)။

ဒီ ဒိဋ္ဌိ ဘယ်ကလာ အတ္တသညာက လာတယ်....( မှန်ပါ ) အတ္တသညာ ဘယ်က လာသတုံး....( နှလုံးသွင်းမှားက လာပါ တယ်ဘုရား )။

အဲဒီတော့ကိုတဲ့ နှလုံးသွင်းမှန်ဘို့ အရေးဘာလဲ ခင်ဗျားတို့ ကို ရှင်းရှင်းလင်းလင်း ပြောလိုက်တယ် ကလျာဏ မိတ္တ ပေါင်း မှ....(မှန်ပါ)ပါပ မိတ္တပေါင်းယင် နှလုံးသွင်း လွဲသွားလိမ့်မယ်· (မှန်ပါ)။

ကလျာဏ မိတ္တ ပေါင်းယင်....( နှလုံးသွင်း မှန်ပါတယ် ) နှလုံးသွင်း မှန်သွားဘယ်ဆိုဘာ ကျေနပ်ပလား....(ကျေနပ်ပါပြီ ဘုရား)။

ဒါဖြင့် နှလုံးသွင်း မှန်ချင်လို့ရှိယင်ဖြင့်....တဲ့ ခင်ဗျားတို့ ရုပ်ကို ရုပ်လို့ဘဲ သိပါ၊ ဒုက္ခသစ္စာလို့ သိပါ....(မှန်ပါ)။

ရုပ်ကို....(ရုပ်လို့ သိရပါမယ်) ဒုက္ခသစ္စာလို့ကော....(သိရ ပါမယ်ဘုရား) ဒါဖြင့် နှလုံးသွင်းဘည့်ပြီ....(မှန်ပါ)။

ဝေဒနာကို ဝေဒနာလို့ သိ....(မှန်ပါ) ဒုက္ခသစ္စာလို့ သိ လိုက်....(မှန်ပါ) ဒီလိုဆိုယင် ဘာဖြစ်သွားသတုံး....(နှလုံးသွင်း တည့်ပါတယ်ဘုရား)နှလုံးသွင်း တည့်သွားတယ်။

သညာကို သညာလို့ဘဲ မှတ်ပါ-(မှန်ပါ)နောက် ဒုက္ခသစ္စာ လို့....၊ ဖြစ်ဘတ် ပျက်တတ်သောကြောင့် ဒုက္ခသစ္စာလို့ နှလုံး သွင်းပါ....(မှန်ပါ) အဲ....ယောနိသောမနသိကာရ ဖြစ်မှာဘဲ.... (မှန်ပါ)။

ယောနိသောမနသိကာရ ဖြစ်လို့ရှိယင် အတ္တသညာဟာ ပြုတ်တယ်....(မှန်ပါဘုရား) အတ္တသညာပြုတ်လို့ရှိယင် ဒီဘက်က အတ္တဒိဋ္ဌိ မလာတော့ဘူး၊ ဒီအတ္တဒိဋ္ဌိမှ မလာလို့ရှိယင် ဒိဋ္ဌုပါဒါန်က လာဦးမလား....(မလာပါဘုရား) ဥပါဒါန်မှ မလာပါဘဲနဲ့ ဥပါဒါနပစ္စယာ ကမ္မဘဝေါ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံဟာ ကော လာပါဦးမလား....(မလာပါဘုရား)။

ဒါဖြင့် လက်သည်ရှာတော့ နှလုံးသွင်း မှန်ဘို့ရာ သိပ်အရေးကြီးတယ်....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘာမှန်ဘို့ အရေးကြီးကြသတုံး....(နှလုံးသွင်းမှန်ဘို့ အရေးကြီးပါတယ်ဘုရား)။

နှလုံးသွင်းမှန်ချင်တော့ကိုတဲ့ ခင်ဗျားတို့ စိတ်ကိုလဲ စိတ်လို့ဘဲ မှတ်ပါ၊ နောက်ပြီးတော့ ဖြစ်တတ် ပျက်တတ်တဲ့ ဒုက္ခသစ္စာလို့လဲ မှတ်လိုက်ပါ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ နှလုံးသွင်းမှန်သွားပါလိမ့်မယ်၊ နှလုံးသွင်းမှန်လို့ ပဌမ-ရှေးဦးစွာ နှလုံးသွင်း မှန်ချင်လို့ရှိယင် စိတ်ကို စိတ်လို့မှတ်၊ နောက် ဒုတိယ ဖြစ်တတ် ပျက်တတ်တယ်ဆိုတာကို အမှန်မြင်အောင် ကြည့်ပါ....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီ့ အမှန်မြင်အောင် ကြည့်လို့ ဖြစ်တာ ပျက်တာကို ကိုယ့်ဉာဏ်နဲ့ တွေ့ပြီး သူသည် အဟုတ်ကို ဖြစ်တတ် ပျက်တတ်တဲ့ တရားဘဲလို့ ခင်ဗျားတို့က ကိုယ့်ဉာဏ်နဲ့ တွေ့ပြီဆိုလို့ရှိ

ယင်တော့ နလုံးသွင်း မှန်သောကြောင့် အတ္တသညာပြုတ်သော ကြောင့် အတ္တသညာက အတ္တဒိဋ္ဌိကို ကျေးဇူးပြုနိုင်သေးသလား မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (မပြုနိုင်ပါဘုရား) မပြုနိုင် တော့ဘူး။

ဒါဖြင့် အရေးအကြီးဆုံးဟာ နလုံးသွင်း မှန်ဘို့ရာ တကာ သစ်တို၊ ဦးသံဒိုင်တို့ အရေးကြီးတာဘဲ .... (အရေးကြီးပါတယ် ဘုရား)မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ နလုံးသွင်းမှန်ဘို့ ဆိုတာလဲ ဆရာ ကောင်း သမားကောင်းမတွေ့လို့ ရှိယင် တသက်လုံး မှန်မသွား တော့ဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပဿနာတရား မနာရတဲ့ပုဂ္ဂိုလ်များမှာ ဘယ်တော့ မှနလုံးသွင်းမှန်မလဲ .... (မမှန်ပါဘုရား) မြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

ဘယ်နည်းနဲ့မှ မမြင်တော့ဘူး၊ ဝိပဿနာတရားလဲ မနာရ ဘူး၊ ဝိပဿနာအလုပ်ကိုလဲ မလုပ်ဖြစ်တော့ဘူးဆိုယင် မနာရ ကတည်းကလဲ မလုပ်ဖြစ်ပါဘူး....(မှန်ပါ့ဘုရား)။

မနာရယောင် မလုပ်ဖြစ်ဘူး၊ မလုပ်ဖြစ်လို့ ရှိယင်ဖြင့် အမှန်သိ ဆိုတဲ့ သမ္မာဒိဋ္ဌိကကော....(မလာပါဘုရား) မဖြစ်နိုင်တော့ဘူး ရှင်းပယေား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ဒီနလုံးသွင်းမှန်ဘို့ အရေးဟာဖြင့် ကလျာဏမိတ္တဆိုတဲ့ သူတော်ကောင်းနဲ့ ပေါင်းမိမှ .... (မှန်ပါ့ ဘုရား) မပေါင်းလို့ရှိယင်ဖြင့် ဒို့ဝမ်းထဲမှာဘာတွေ လုပ်နေ၊

ဒီ့ပြင်ကုသိုလ်တွေ ဘာတွေဘဲလုပ်နေနေ ငါတော့ဖြင့် ကုသိုလ်တွေတော့ ဒါနသီလတွေ လုပ်လိုက်တာဘဲ၊ သုဂတိတော့ရောက်မှာဘဲ၊ ဒိဋ္ဌိတည်းဟူသော တရားပါသွားယင် ပြန်ကျတာဘဲ.... (မှန်ပါ့) ငရဲပြန်ကျတယ်....(မှန်ပါ့) ရိပ်မိပလား(ရိပ်မိပါပြီ)။

ဒါ့ကြောင့် ဗြဟ္မာတွေ အပါယ်ကျတယ်ဆိုတဲ့ဥစ္စာ ရှိတယ်၊ သဘောကျပလား....(ကျပါပြီ) ဗြဟ္မာတွေ.... (အပါယ်ကျတာ ရှိပါတယ်ဘုရား)။

ဗြဟ္မာဘယ့်နှယ်ကြောင့် အပါယ်ကျရသတုံးလို့ မေးတဲ့အခါကျတော့ ဗြဟ္မာဟာ သူ့ဟာသူ သူ့ကသိုဏ်းဝန်းကြီးကို ခိုင်တယ်-မြဲတယ်လို့ ဗက ဗြဟ္မာတို့ဟာ သူ့ခန္ဓာကိုယ်ကြီးဟာ ခိုင်တယ်-မြဲတယ်ဆိုတဲ့ ဒိဋ္ဌိက ဗြဟ္မာပင် ဖြစ်နေ ငြားသော်လဲ ပါသွားတာဘဲ....(မှန်ပါ့)။

သမထ တန်ခိုးကြောင့်တော့ ဗြဟ္မာဖြစ်တယ်၊ ဒိဋ္ဌိကပါသွားတယ်....(မှန်ပါ့) ပါသွားလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး တက်ပြီးသကာလ အနုတ္တတွေ ဟောနေရတယ်ဆိုတာ ဗက ဗြဟ္မာ့ဝတ္ထုပါပြီးသား....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဗြဟ္မာတွေ ဒီလိုသာဖြုတ်မပေးလို့ရှိယင်ဖြင့် ဗြဟ္မာတွေ သေရာကနေပြီးသကာလ လူ့ပြည်ဆင်း၊ လူ့ပြည်ကနေပြီး ဝက်ဖြစ်တဲ့ဝတ္ထုတွေ အများကြီးရှိတယ်....(မှန်ပါ့) မရှိဘူးလား (ရှိပါတယ်ဘုရား)။

အဲဒါ ဘယ့်နှယ်ကြောင့် ဗြဟ္မာဝက်ဖြစ်ရပါလိမ့်မတုံး တွေးလို့ရှိယင်ဖြင့်တဲ့ သမထက ဒိဋ္ဌိမနိုင်ဘူး....(မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

သမထကမှ မနိုင်လို့ရှိယင် ဒါန သီလ ကလဲ .... (မနိုင်ပါ ဘုရား)မနိုင်တော့ဘူး၊ ဒိဋ္ဌိမနိုင်ဘူး....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဒါနတန်ခိုးကြောင့် သုဂတိရောက်၊ နောက် အပါယ်ကျနိုင်တယ်....(မှန်ပါ့) ဘာကဆွဲချမလဲ.... (ဒိဋ္ဌိကဆွဲချ ပါမယ်ဘုရား)။

သီလတန်ခိုးကြောင့် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် ရောက် သွားတယ်၊ နောက်ပြန်ဆွဲချတာဘဲ၊ ဘယ်သူကဆွဲချသလဲ....(ဒိဋ္ဌိ က ဆွဲချပါတယ်) ဒိဋ္ဌိကဆွဲချတယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် လောကီဥပမာလိုဘဲတဲ့ခလေးများစွန်တို့လေတမ်းခွန် တို့ လွှတ်သလိုပေါ့ဗျာ၊ ပဋ္ဌမလွှတ်လိုက်တော့ လေအဟုန်ထဲ ပါသွားပြီးသော်လဲ နောက်ဆုံးပိတ် တနေ့ကျတော့ ယောက် လုံး(ယစ်လုံး)ခြေရင်းမှာ လာကျရတာဘဲ....(မှန်ပါ့)ဘယ်သူက ဆွဲချလိုက်တာတုံးဆိုတော့ ဒိဋ္ဌိနဲ့တူဘဲ ယောက်လုံးက ဆွဲချ လိုက်တာ....(မှန်ပါ့ဘုရား)။

အဟုန်ကြောင့်တော့ တက်ဘာဘဲ၊ ဒါနဟုန်· သီလ ဟုန်- သမထအဟုန်ကြောင့်တော့ တက်တာဘဲ.... ( မှန်ပါ့ ) ရှင်းကြ ပလား....(ရှင်းပါပြီဘုရား )။

ဒီယောက်လုံးခြေရင်းမှာ စွန်ဆိုတဲ့စက္ကူဟာ ရောက်လာခဲ့ရ ခြင်းသည် ဘယ့်နှယ်ကြောင့်တုံး ဆိုလို့ရှိယင်ဖြင့် နဂိုကဒါန အဟုန်ကြောင့် တက်ပြီးသော်လဲ ဒိဋ္ဌိက ဆွဲချလိုက်တယ်....

(မှန်ပါ့) ယောက်လုံးနဲ့တူတဲ့ ဒိဋ္ဌိကဆွဲချလိုက်တယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ ဒါန သီလကို ဒိဋ္ဌိဖြုတ်ပြီးလုပ်လို့ ရှိယင်ကောင်းတယ်လို့ ဆရာဘုန်းကြီးက တိုက်တွန်းပါတယ်၊ ဝိပဿနာရှုပြီးမှ လှူကြပါ ပေးကြပါ ကမ်းကြပါ၊ ဒိဋ္ဌိဖြုတ်ပြီးတော့ လှူတဲ့အလှူကျအောင်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နို့မဟုတ်လို့ရှိယင် ဒိဋ္ဌိအလှူသည် ခလေးစွန်လွှတ်သလို ဘဲနော်....(မှန်ပါ့) နောက် ယောက်လုံးမှာ ပြန်ရောက်တာဘဲ .... (မှန်ပါ့) ဘယ်လောက်ဘဲ ကြိုးအဆုံးဘဲ တက်တယ်လို့ဆိုကြပါစို့-နောက်ဆုံးပိတ် တခေနကျတော့ အောက်ပြန်ရောက်တာဘဲ....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ခန္ဓာကိုယ်ထဲမှာ ရုပ်ဟာ ရုပ်လို့ဘဲရှု၊ ပဌမတော့ ရုပ်လို့သိ။

ရုပ်လို့သိကတည်းက ခုနင်က ယောနိသော မနသိကာရဖြစ်လာတယ်....(မှန်ပါ့)။

ရုပ်လို့သိယင်.... ( ယောနိသောမနသိကာရဖြစ်ပါတယ် ) နောက် ပျက်တတ်တယ်လို့တခါသိလို့ရှိယင်ဖြင့်-တဲ့၊သမ္မာဒိဋ္ဌိဝင်လာတယ်....(မှန်ပါ့) မိစ္ဆာဒိဋ္ဌိပြုတ်တယ်....( မှန်ပါ့)....သဘောကျပလား....(ကျပါပြီ)။

ရုပ်ကို ရုပ်လို့သိယင် နလုံးသွင်းမှန်ပြီ.... (မှန်ပါ့) ပျက်တာကလေးမြင်လိုက်လို့ရှိယင်.... (သမ္မာဒိဋ္ဌိဖြစ်ပါတယ်ဘုရား) သမ္မာဒိဋ္ဌိဝင်ယင် မိစ္ဆာဒိဋ္ဌိပြေးပြီ....(မှန်ပါ့)။

သမ္မာဒိဋ္ဌိဝင်ယင်....( မိစ္ဆာဒိဋ္ဌိပြေးပါပြီဘုရား ) အဲဒါ ဝေဒနာလို့ သိယင် နှလုံးသွင်း ဘယ့်နှယ်နေသလဲ.... (မှန်ပါတယ်ဘုရား) မှန်ပြီ။ အပျက်ကလေးမြင်လိုက်လို့ ရှိယင် (သမ္မာဒိဋ္ဌိဝင်ပါတယ်) သမ္မာဒိဋ္ဌိဖြစ်ယင် မိစ္ဆာဒိဋ္ဌိ ဘယ့်နှယ်နေသလဲ အတ္တဒိဋ္ဌိ ပြေးပြီ ....(ပြေးပါပြီ)။

ဒါ့ကြောင့် ခင်ဗျားတို့ ဝိပဿနာအရေးကြီးတယ်၊ ဝိပဿနာ အရေးကြီးတယ်ဆိုတာ ဆရာဘုန်းကြီးကတော့ အကုန်ဘဲအရေး ကြီးတာကို အရေးကြီးတယ်လို့ ပြောပေးနေတဲ့ အဓိပ္ပါယ် ရှင်း ပလား....(မှန်ပါ့ဘုရား)။

ကဲ- သညာကို သညာလို့ သိယင်ဘာတုံး.... (နှလုံးသွင်းမှန် ပါတယ်ဘုရား) နှလုံးသွင်းမှန်သွားတယ်....(မှန်ပါ့)။

ငင်းသညာကလေးသည်ကားလို့ ဆိုယင် စိုက်ကြည့်- စိုက် ကြည့်ရင်းမတ္တနဲ့ဘဲ၊ ဩော်.... ဒီမှတ်တဲ့ ဓမ္မကလေးဟာလဲ နာမ် ဓမ္မ၊ နာမ်ဓမ္မကလေးဟာလဲ ဖြစ်ပြီးပျက်သွားတာဘဲလို့ သိယင် သမ္မာဒိဋ္ဌိဝင်လာတယ်....(မှန်ပါ့) သမ္မာဒိဋ္ဌိဝင်လာယင် မိစ္ဆာဒိဋ္ဌိ က....(ပြေးပါတယ်ဘုရား)။

ပြေးပြီဆိုတော့ ဩော်....ဒါဖြင့် ဉာတပရိညာနောက်က တီ ရဏ ပရိညာလိုက်ရမယ်....(မှန်ပါ့ဘုရား)။

ဉာတပရိညာက ရုပ်ကိုရုပ်လို့ သိတာက ဉာတပရိညာ၊နောက် ဖြစ်ပျက်ကိုမြင်တာက တီရဏပရိညာ၊ ရှင်းပလား.... (ရှင်းပါ ပြီ) နောက် ဒိဋ္ဌိပယ်သည်တိုင်အောင် မြင်လို့ရှိယင် ပဟာနပရိ ညာ....(မှန်ပါဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ပရိညာ သုံးပါးကို သေသေချာချာဟောရှာတယ်.... (မှန်ပါ)၊ မဟော ဆိုက်ဘူးလား....(ဟောထိုက်ပါတယ်)။

ကိုင်း....ဒါဖြင့် သင်္ခါရဆိုတဲ့ စေတနာကလေး၊ ငါ့စေတနာ မလုပ်လိုက်ပါနဲ့....တဲ့၊ အပြောတော့ပြောချင်ပြောပါ၊ စေတနာ ကို စေတနာဘဲလို့ သိနေလို့ရှိယင်ဖြင့် ဉာတပရိညာဖြစ်ပါတယ်၊ (ဝါ) နှလုံးသွင်းမှန်ပါတယ်....(မှန်ပါ)။

ငင်း သညာကလေး သင်္ခါရကလေး ဖြစ်စေ ဖြစ်ပြီးတဲ့အခါ ပျောက်ပျက်သွားတာမြင်လို့ရှိယင် ဘာဝင်လာသတုံး.... (သမ္မာ ဒိဋ္ဌိဝင်ပါတယ်) သမ္မာဒိဋ္ဌိဝင်တော့ ခုနင်ကမိစ္ဆာဒိဋ္ဌိ ဘယ့်နှယ် တုံး.... ( ပြေးပါတယ်ဘုရား ) ပြေးတယ်ဆိုတာ သဘောကျ ပလား....(ကျပါပြီ)။

ဒါ့ကြောင့် ညတရားဟာ အလုပ်သင်နေတယ်ဆိုတာ ကျေနပ် ပလား....(ကျေနပ်ပါပြီ)။

ညတရားဟာ အလုပ်သင်နေတာနော်....( မှန်ပါ ) ဘာအ လုပ်သင်နေဘာတုံး ဘုရာ့ ဆိုတော့ ဒိဋ္ဌိပြုတ်တဲ့အလုပ် သင်နေ တာ....(မှန်ပါ)။

ဒိဋ္ဌိ ဒီအတိုင်းသင်ရသလားလို့ မေးတဲ့အခါကျတော့ မဟုတ် ဘူးတဲ့၊ ပဌမရှေးဦးစွာ သိမှုအယင်သင်ရတယ်....( မှန်ပါ ) ပြီး တော့ ပွားမှုသင်ရတယ်.... ( မှန်ပါ ) ပြီးတော့မှပယ်မှုသင်ရ တယ်....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် စိတ်ကလေးတခု ပေါ်လာတယ် ဝမ်းထဲမှာ၊ နားမှာပေါ်တဲ့စိတ်၊ နှာခေါင်းမှာပေါ်တဲ့စိတ်၊ လျှာမှာပေါ်တဲ့

စိတ်၊ ကိုယ်ပေါ်မှာပေါ်တဲ့စိတ်၊ ဝမ်းထဲမှာပေါ်တဲ့စိတ်၊ စိတ်အမျိုးမျိုးသူ့နေရာနဲ့သူ ဆဲ့သုံးမျိုး ဘုန်းကြီးဟောထားတယ်.... ( မှန်ပါဘုရား ) တကာ တကာမတွေမှာ သိပြီးသား ထားပါတော့....

ပေါ်တဲ့ဥစ္စာကိုစိတ်လို့သိနေလို့ရှိယင် နှလုံးသွင်းမှန်တယ်.... (မှန်ပါဘုရား) ပရိညာထဲသွင်းလိုက်ယင် ဉာတပရိညာဖြစ်သွားတာဘဲ....(မှန်ပါ) သဘောကျပြီနော်....(ကျပါပြီ)။

ဒီစိတ်ကလေးကို ဖြစ်မှုပျက်မှုကို မြင်လိုက်လို့ရှိယင်ဖြင့် တီရဏပရိညာဖြစ်ပါတယ်....( မှန်ပါဘုရား ) သဘောကျပလား.... (ကျပါပြီ)။

ကောင်းပြီ .... တီရဏပရိညာဖြစ်သွားတယ် ဆိုကတည်းကိုက ခုနင်က မိစ္ဆာဒိဋ္ဌိဆိုတဲ့ ငါ....ငါ့ဥစ္စာ ထင်တဲ့ သဘောကလေးကို ပယ်နိုင်ပြီ.... (မှန်ပါ) နောက်ပွားများပါ များလာလို့ တကယ် သမ္မာဒိဋ္ဌိရင့်သန်လို့ မဂ္ဂင်ရှစ်ပါး စုံတဲ့အခါကျတော့ ဒီ ဒိဋ္ဌိလုံးလုံးပြုတ်တယ်....(မှန်ပါ)။

အဲဒီသူ ပြုတ်တဲ့အချိန်မှာ ခင်ဗျားတို့ ဘယ်လို ကျေးဇူးများ သတုံးလို့မေးတဲ့အခါကျတော့ ဝမ်းထဲမှာလဲ ခန္ဓာကိုယ်လဲ ပေါ့သွားတယ်၊ စိတ်ထဲမှာလဲအေးအေးသွားတယ်.... (မှန်ပါ) ခန္ဓာကလဲပေါ့တယ်၊ ရှုတဲ့ဉာဏ်ကလေးကလဲ အေးအေးသွားတယ်.... (မှန်ပါ)။

အဲဒါအေးချင်လို့အေးတာ မဟုတ်ဘူးတဲ့ တကာတကာမတို့ ဒိဋ္ဌိကိလေသာချုပ်လို့....( မှန်ပါ ) ရှင်းပလား....( ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး....(ဒိဋ္ဌိကိလေသာချုပ်သွားလို့ပါဘုရား)။

ဒိဋ္ဌိ ကိလေသာ ချုပ်သွားတော့ အပါယ် သံသရာကြီးက ဒီပုဂ္ဂိုလ်နဲ့လုံးဝမဆိုင်ဘဲဖြစ်သွားတယ်....(မှန်ပါ့ဘုရား)။

အပါယ်လေးပါးနဲ့ လုံးဝမဆိုင်ဘဲ ဖြစ်သွားတယ်....( မှန်ပါ့ဘုရား ) ဘာကြောင့်တုံးဆိုလို့ရှိယင် အပါယ်သံသရာဘယ်သူဆောက်သတုံးမေးတော့ ခင်ဗျားတို့ ဒိဋ္ဌိ ဖြစ်တိုင်း ဖြစ်တိုင်း အပါယ်မှာရှိတဲ့ဒယ်အိုး-ငရဲမီး-ငရဲမီးလျှံတွေ ဘင်ပုပ်ငရဲ၊လက်ပံပင်ငရဲ အမျိုးမျိုးငရဲတွေကို ဒိဋ္ဌိက တည်ဆောက်တာ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူက တည်ဆောက်တာတုံး .. (ဒိဋ္ဌိကတည်ဆောက် ပါတယ်ဘုရား)။

ဒါဖြင့် မောင်သစ်တို့ ဒီ ဒိဋ္ဌိကို ဆရာသမားပြောတဲ့ အတိုင်း နှလုံးသွင်းကလဲမှားနေမယ်ဆိုလို့ရှိယင် ဒိဋ္ဌိက အတ္တသညာက လာတော့ အတ္တဒိဋ္ဌိက ခုနင်က အတိုင်းဘဲ အကြောင်း အကျိုး မဆက်ပေဘူးလား....(ဆက်ပါတယ်ဘုရား)။

ဆက်လို့ရှိယင်ဖြင့်တဲ့ မောင်သစ် အထည်ရောင်းနေတာလား ဟေ့....ငရဲကို ဒီကနေပြီးတည်ဆောက်နေတာလားမေးယင်ဘယ့်နှယ်ပြောကြမယ်....(ငရဲတည်ဆောက်နေတာပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ငရဲကိုဒီကနေ တည်ဆောက်နေတယ်ဆိုတာဟိုမှာလက်သမားလဲမရှိပါဘူး၊ ပန်းရံလဲမရှိပါဘူး၊ကြေးအိုးသွင်းတဲ့ ခတ်တန်းလဲမရှိဘူး....(မှန်ပါ့) သဘောပါပလား....(ပါပါပြီ) ဒီကနေခင်ဗျားတို့ကလုပ်ပေးတာ....(မှန်ပါ့) အိုးလဲ ဒီကနေလုပ်တာဘဲ၊ မီးကော.... (ဒီကလုပ်တာပါဘုရား)။

လုပ်တာဘဲဆိုတော့ အင်း....ဘယ်သူပါလိမ့်မေးတော့မှ ဒိဋ္ဌိက လက်သမား....(မှန်ပါ့) ဒိဋ္ဌိပန်းရံ....(မှန်ပါ့) ဒိဋ္ဌိခတ်တန်းကလူ.... (မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါ ဒီက လက်သမားက မလုပ်တော့ပါဘူး ဆိုလို့ရှိယင် ဟိုမှာ ရှိသေးရဲ့လား....(မရှိတော့ပါဘုရား)။

အဲဒါကြောင့် ဒိဋ္ဌိပြုတ်တဲ့ အခါကျတော့ ကိုယ်နဲ့ပတ်သက်တဲ့ ငရဲသံသရာကြီးပြုတ်ပါတယ်....( မှန်ပါ့ဘုရား ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒိဋ္ဌိသာပြုတ်ယင်.... (ကိုယ်နဲ့ ပတ်သက်တဲ့ ငရဲသံသရာကြီး ပြုတ်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုလို့ရှိယင် ဒီဒိဋ္ဌိကဆောက်ထားလို့၊ ကိုယ်က ဒိဋ္ဌိပယ်ပစ်လိုက်တာကိုး....(မှန်ပါ့ဘုရား) ဒိဋ္ဌိပယ်လိုက်တော့ အလုပ်သမားသတ်လိုက်သလိုဖြစ်နေတယ်-(မှန်ပါ့ဘုရား) အလုပ်သမားကို.... (သတ်လိုက်သလိုဖြစ်ပါတယ်ဘုရား)။

အလုပ်သမားသတ်လိုက်တော့ အလုပ်သမား လုပ်ထားတဲ့ အထည်တွေရှိနိုင်သေးရဲ့လား....(မရှိနိုင်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဝိပဿနာရှုနေတာ ဘာတုံးလို့ မေးတဲ့ အခါကျတော့ အို....အပါယ်သံသရာ ဖျက်နေတာ... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား) ဝိပဿနာရှုနေတာဟာ....(အပါယ်သံသရာ ဖျက်နေတာပါဘုရား)။

အပါယ်သံသရာ ဖျက်နေတာဆိုတော့ ဖြစ်တယ်၊ ပျက်တယ်၊ ဖြစ်တယ်၊ပျက်တယ်ကိုတကာတကာမတွေ့ကမြင်ပြီး ဘာနည်းအားဖြင့်လဲ အပျက်ချည့်မြင် ခန္ဓာငါးပါး တပါးပါးစပါ့ဗျာ....

(မှန်ပါ့) အဲဒီကဲ့သို့အပျက်ချည့်မြင်နေတော့ ဒိဋ္ဌိတကွာသွားပြီ မကွာဘူးလား....(ကွာပါတယ်ဘုရား)။

ဒါဖြင့် သူ့ဆီကိုမရောက်တော့ ဒိဋ္ဌိက လုပ်ခွင့်ကို ရသေးရဲ့လား....(မရပါဘုရား)။

လုပ်ခွင့်မရတော့ ဟိုမှာ အကြောင်းမှုမရှိဘဲနဲ့ ဒိဋ္ဌိတည်းဟူသော အကြောင်းမှုမရှိဘဲနဲ့ အကျိုး အပါယ်လေးပါးပေါ်ဖို့ရာ ဝတ္တရားမရှိဘူး....(မရှိပါဘုရား) သဘောပါပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ရှေးဦးစွာနှလုံးသွင်းမှန်ပြီးသကာလ ပွားများမှုအရေးကြီးတယ်....(မှန်ပါ့ဘုရား)။

ရှေးဦးစွာတော့....(နှလုံးသွင်းမှန်ပြီးတော့ ပွားများမှုအရေးကြီးပါတယ်ဘုရား)။

နှလုံးသွင်းမှန်ဘို့ရာ၊ ၁-နံပါတ် ပွားများမှုဟာ....(၂-နံပါတ်ပါ) ပယ်မှုဟာ....(၃-နံပါတ်ပါဘုရား)။

၃—နံပါတ်၊ ဒီနံပါတ် အစဉ်အတိုင်း မသွားလို့ရှိယင်တော့ဖြင့် အပါယ်သံသရာမှ လွတ်ရေးကျွတ်ရေး မမြင်သေးဘူးဆိုတာ သေသေချာချာမှတ်ပါ၊နော်....(မှန်ပါ့ဘုရား)။

၄-နံပါတ် နှလုံးသွင်းမှန်မှု....(မှန်ပါ့) ၂-နံပါတ် မှန်တဲ့အတိုင်းပွားဘို့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ပွားပါများတဲ့ အခါကျလို့ ရှိယင် ဒီပွားတဲ့ တရားက ခွဲလာပြီးသကာလ ဒိဋ္ဌိတည်းဟူသော ရေတည်ဆောက်တဲ့ လက်သမားကိုပယ်ဘို့....(မှန်ပါ့) ရှင်းပသွား....(ရှင်းပါပြီဘုရား)။

ဘယ်နှယ်လုပ်ကြမယ်၊ ၃-ချက်လုပ်ရမယ်....(မှန်ပါ့) ရှေးဦး စွာနှလုံးသွင်းမှန်မှ....(မှန်ပါ့) နှလုံးသွင်းမှန်ပြီး ဘာလုပ်ရမယ်.... (ပွားရပါမယ်) ပွားပြီးဘာလုပ်ရမယ်....(ပယ်ရပါမယ်)။

ပယ်ရမယ်ဆိုတဲ့ဥစ္စာ ဒါကြောင့်တကာ တကာမတို့ ဒီအလုပ် ဟာမလုပ်မဖြစ်တဲ့အထဲမှာဖြင့် ကိုယ့်ကိုယ် သနားယင်လုပ်ရမည့် အလုပ်လို့မှတ်ပါ....(မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့်....(ကိုယ့်ကိုယ်သနားယင် လုပ်ရမည့်အလုပ် ပါဘုရား)။

ကိုယ့်ကိုယ်သနားယင် လုပ်ရမည့်အလုပ်၊ ကိုယ့်ကိုယ်သနား လို့ ခင်ဗျားတို့က ထမင်းကျွေးနေတာ၊ ဟုတ်လား.... (မှန်ပါ့ ဘုရား) ရေချိုးပေးနေတာ.... ( မှန်ပါ့ )အဲဒါက ကိုယ့်ကိုယ် သနားတာမဟုတ်ဘူး ခန္ဓာ့ကျွန်ခံတာ....(မှန်ပါ့)။

ထမင်းကျွေးနေတာ၊ ရေချိုးပေးနေတာ၊ ဆေးကုပေးနေ တာက ဘာတဲ့....(ခန္ဓာ့ကျွန်ခံတာပါဘုရား)။

ဪ.... ခန္ဓာ့ကျွန်ခံတဲ့ ဥစ္စာကို ခင်ဗျားတို့က ကိုယ့်ကိုယ် ကိုယ် သနားရသေးတယ်၊ ဒါကြောင့် ခင်ဗျားတို့ အထုပ်ကြီး ကြီးဆိုယင်မထမ်းဘူး.... ဟုတ်လား....( မှန်ပါ့ ) အဲဒါကတော့ ဘာလုပ်နေတာတဲ့....ထမင်းကောင်းကောင်းကျွေးမယ် - အိပ်ရာ နေရာ ကောင်းကောင်းမွန်မွန် ခင်းပေးမယ် အစရှိသည်နဲ့ အဲဒါ ခန္ဓာ့ကျွန်ခံတာ....(မှန်ပါ့ဘုရား) ဒါ ကိုယ့်ကိုယ် ကိုယ်သနား တာမဟုတ်ဘူး....(မှန်ပါ့) ရှင်းသလား....(ရှင်းပါပြီ)။

ဒါဖြင့် ကိုယ့်ကိုယ်ကိုယ်သနားတာ နှလုံးသွင်းမှန်ပြီး ပွားရမယ်....(မှန်ပါ)ပွားပြီးတော့မှ ပယ်ရမယ်....(မှန်ပါ)။

ပယ်တဲ့ပုဂ္ဂိုလ်ကျတော့ ခြေဉ်....ကိုယ့်ခန္ဓာကြီးကို အပါယ်လေးပါးရောက်မှုကိုသနားသောကြောင့် ဒီအလုပ်အမှန်လုပ်တာကိုး...(မှန်ပါဘုရား) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်)။

အဲဒါခင်ဗျားတို့ဟာ အခု တကာ့တကာမတွေ့မှာ ဒီအလုပ်တော့မလုပ်ဘူး၊ ကိုယ့်သားမယားတော့ ခင်လို့-မင်လို့ကျွေး၊ ကိုယ့်သားမယား တကယ်မှတ်ပြီးသကာလ သားသမီး တွေလဲ တကယ့်သားသမီးထင်မှတ်၊ မှတ်ပြီးသကာလ တကယ်အားကိုးဆိုတော့ သညာဝိပ္ပလ္လာသနဲ့ ဒိဋ္ဌိဝိပ္ပလ္လာသက ဦးသံဒိုင် ဆက်သွားတယ်....(မှန်ပါ) မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

သမီးရယ်လို့မှတ်လိုက်ကတည်းက သညာဝိပ္ပလ္လာသ အားကိုးရလို့ မှတ်တယ်ဆိုတော့ ဒိဋ္ဌိဝိပ္ပလ္လာသ....( မှန်ပါ ) မသွားဘူးလား....(သွားပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ ပြုကြစုကြတာဘဲ-တဲ့၊ ထိုကဲ့သို့ ပြုကြစုကြ ငြားသော်လဲ ကိုယ့်ကိုယ်ကိုယ်- ကိုယ့်သားသမီးမို့ ကိုယ်သနားရာရောက်သလားလို့ မေးလို့ရှိယင်ဖြင့် မရောက်ပါဘူး၊ ကိုယ့်ကိုယ်မသနားလို့ ထင်ရာလုပ်နေတာ....(မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (ကိုယ့်ကိုယ်မသနားလို့ ထင်ရာလုပ်နေကြတာပါဘုရား)။

အဲဒီတော့ ပသေနဒီကောသလမင်းကြီးမေးတာကို ထောက်ကြည့်ပါ၊ ပသေနဒီကောသလမင်းကြီးက အိပ်ရာက နိုးလာပြီး

နဖူးပေါ် လက်တင်ပြီးစဉ်းစားတယ်၊ ကိုယ့်ကိုယ်သနားတဲ့ပုဂ္ဂိုလ် မသနားတဲ့ပုဂ္ဂိုလ် ဘယ်လိုများပါလိမ့်မတုံးလို့ သူ အိပ်ရာကနိုး တော့တွေးတယ်၊ ကောသလမင်းကြီးက....(မှန်ပါ့)။

တွေးတော့ ဩော်....သားတွေမယားတွေကိုအမျိုးမျိုးသော နည်းအဖုံဖုံနဲ့ရှာကြံကျွေး၊ ကိုယ့်ကိုယ်ကိုယ်လဲကျွေးရှာကြတယ် ဒုစရိုက် ဒုရာစာဝတွေနဲ့၊ ဒုစရိုက်ဆိုတာ မကောင်းတာပေါ့ဗျာ၊ ဒုရာစာဝဆိုတာ မကောင်းသဖြင့် အသက်မွေးတာပေါ့ဗျာ၊အင်း ဒီပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကိုယ်သနားတဲ့ပုဂ္ဂိုလ်မဟုတ်ဘူး၊ သူက ကျွေးတော့ကျွေးတာဘဲ၊ ကျွေးပေမဲ့ သနားတဲ့သဘောမရောက် ဘူး....(မှန်ပါ့) သူကတွေးလုံးပေါ်တယ်...(မှန်ပါ့)။

ကိုယ့်ကိုယ်သနားတဲ့ပုဂ္ဂိုလ်က ခုနင်က ဒိဋ္ဌိပယ်တဲ့ပုဂ္ဂိုလ်.... (မှန်ပါ့) ကောင်းသဖြင့် အသက်မွေးပြီး ဒိဋ္ဌိပယ်တဲ့ပုဂ္ဂိုလ်များ၊ ဒါက ကိုယ့်ကိုယ်ကိုယ် သနားတဲ့ ပုဂ္ဂိုလ်ဆိုပြီး သူ့စိတ်ထဲမှာ ဩော်....ငါ ဒီနှစ်ယောက်တော့ ကိုယ့်စိတ်ကူးမှာ ဒီလိုဘဲပေါ် တယ်ဆိုပြီးသကာလ ဘုရားကျောင်းတော်ပြေးတယ်....(မှန်ပါ့)။

အရှင်ဘုရား တပည့်တော် အိပ်ရာကနိုးပြီး နဖူးပေါ် လက် တင်ပြီးစဉ်းစားတဲ့အခါ ကိုယ့်ကိုယ် သနားတဲ့ပုဂ္ဂိုလ်နဲ့ မသနား တဲ့ပုဂ္ဂိုလ်နှစ်ယောက် ဝေဘန်ကြည့်တော့ အချို့ပုဂ္ဂိုလ်ကကိုယ့် ကိုယ်ကိုယ်သနားလို့ အမျိုးမျိုးသောနည်းတွေနဲ့ ရှာကြံကျွေးပြီး သကာလ ကိုယ့်ကိုယ်ကိုယ်ကျွေးနေတာဘဲ၊ မတရားသော နည်း တွေနဲ့လိမ်လည်ကောက်ကျစ် မုသားသုံး၊ ပရိယာယ် မာယာတွေ နဲ့ရှာကြံကျွေးနေတဲ့ဥစ္စာ ကိုယ့်ကိုယ် သနားတဲ့ပုဂ္ဂိုလ်လို့ မဆို လိုဘူး....

ကိုယ့်ကိုယ် သနားတဲ့ ပုဂ္ဂိုလ်က ဒီ- ဒိဋ္ဌိကို ပုဂ္ဂိုလ် မဟုတ်ကြောင်းဖြစ်တဲ့ ဒိဋ္ဌိခွါပြီးသကာလ သုစရိုက်နဲ့ အသက်မွေးတဲ့ ပုဂ္ဂိုလ်မျိုးကို တပည့်တော်က ကိုယ့်ကိုယ်ကိုယ်သနားတဲ့ပုဂ္ဂိုလ်လို့ ယူမိပါတယ်ဘုရား။

အဲဒါဟုတ်ပါသလား - မှန်ပါသလားလို့ သွားမေးတော့ ဘုရားကထောက်ခံချက်ပေးတယ်.... (မှန်ပါ့)။

ကကာကြီး စိတ်ကူးတဲ့အတိုင်း ကိုယ့်ကိုယ်ကိုယ် သနားတဲ့ ပုဂ္ဂိုလ်ဟာ ဒုစရိုတ်နဲ့ အသက်မမွေးဘဲနဲ့ သုစရိုတ်နဲ့ အသက်မွေးပြီး ဒိဋ္ဌိပယ်နေတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကိုယ် သနားတဲ့ ပုဂ္ဂိုလ်....(မှန်ပါ့ဘုရား) ကျန်တဲ့ ပုဂ္ဂိုလ်က ခုနင်က ပုဂ္ဂိုလ်က ကျွေးမွေးပြီးသကာလ ကားအမျိုးမျိုး၊တိုက်အမျိုးမျိုး၊ တာအမျိုးမျိုး၊ အိမ်အမျိုးမျိုးနဲ့ တန်းဆာဆင်ပြွေးသော်လဲ အဲဒါ သနားတဲ့ပုဂ္ဂိုလ်မဟုတ်ဘူး-လို့၊ ဘုရားကကို ထောက်ခံချက်ပေးလိုက်တယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့လဲ ကြော်....ကိုယ့်ကိုယ်ကိုယ်သနားတတ်ဘို့အရေးတောင်မှ အတော်ကလေးလုပ်ယူရဦးမှာဘဲ.... (မှန်ပါ့) အတော်ကလေးသင်မှ ကိုယ့်ကိုယ်ကို သနားတဲ့သဘောရောက်မှာ.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကတော့ ပြောတော့ပြောတာဘဲတဲ့ အတ္တာသမာ ပေမံ နတ္ထိ၊ ကိုယ့်ကိုယ် ထက်ချစ်တာတော့ မရှိဘူးလို့ဆိုကြတာဘဲ၊ဆိုပင်ဆိုပြွေးသော်လဲ ခုနင်က ဒိဋ္ဌိကမပြုတ် ဒုစရိုတ် ဒုရာဇီဝတွေနဲ့ အသက်မွေးနေလို့ရှိယင် ကောသလ မင်းကြီးက

ဘုရားလျှောက်တဲ့အတိုင်း ကိုယ်ကိုယ်ကို သနားတဲ့ပုဂ္ဂိုလ် မဟုတ်ဘူးလို့ ဘုရားကထောက်ခံချက်ပေးလိုက်တယ်....(မှန်ပါ့ဘုရား) ပေါ်ပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ သနားတတ်ပလား.... (သနားတတ်ပါပြီဘုရား) မေတ္တာပို့ရုံကလေးဟာလဲ ကိုယ့်ကိုယ် သနားလို့ပို့ကြတာဘဲ.... (မှန်ပါ့)မရသေးဘူးတဲ့၊ မေတ္တာက ဒိဋ္ဌိမခွါနိုင်ဘူး(မခွာနိုင်သေးပါဘုရား)။

မေတ္တာက သမထကိုး၊ သမထဆိုတာက ဘယ်နည်းနဲ့မှမခွါနိုင်ပါဘူး....(မှန်ပါ့)ဝိပဿနာကမှ ဒိဋ္ဌိခွါနိုင်တယ်.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)ဒါဖြင့် ကိုယ့်ကိုယ်ကို သနားလို့ရှိယင် ခင်ဗျားတို့ ဒိဋ္ဌိခွါတာ အယင်လုပ်ပါ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒိဋ္ဌိမခွါယင် အပါယ်သွားမှာဘဲ.... (မှန်ပါ့) ဒိဋ္ဌိခွါယင် (အပါယ်လွတ်သွားပါတယ်) အပါယ် လွတ်သွားမယ်ဆိုတော့ကဲ....ဒါဖြင့် ဒိဋ္ဌိဘယ်က လာသတုံး....ဟုတ်လား အမှတ်မှားက လာတယ်.... (မှန်ပါ့) အမှတ်မှား ဘယ်ကလာသတုံး....(နှလုံးသွင်းမှားက လာပါတယ်ဘုရား)။

အဲ....နှလုံးသွင်းမှားကြောင့် အတ္တသညာဆိုတာ အမှတ်မှားလာတယ်နော်.... (မှန်ပါ့) အတ္တသညာကြောင့် အတ္တဒိဋ္ဌိဖြစ်တယ်၊ အဲဒီ့ အတ္တဒိဋ္ဌိ မဖြုတ်နိုင်သောကြောင့် ဒိဋ္ဌိကနေပြီး ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ကံတွေကြောင့် အပါယ်ဇာတိဖြစ်ရတယ်....ဆိုတော့ အကြောင်းအကျိုး ဆက်မိပလား.... (ဆက်မိပါပြီဘုရား)။

ဒါဖြင့် အရေးအကြီးဆုံး ဘာပါလိမ့်မတုံးလို့ မေးလို့ရှိယင် ခုနင်ကစကားပြန်ဆက်ပါ....(မှန်ပါ့ဘုရား) ကိုယ်ကတော့ ထိုးထွင်းတော့ မသိဘူး၊ ဣလျာဏမိတ္တ သူတော်ကောင်းနဲ့ ပြောတတ်ဆိုတတ်ထိုးထွင်းသိတတ်တဲ့ပုဂ္ဂိုလ်နဲ့ မပေါင်းသင်းရဘဲ လာပတ်လုံးမှာလဲ ခင်ဗျားတို့သည် အတ္တသညာ မဖြုတ်နိုင်ဘူး.... (မှန်ပါ) အတ္တသညာ မဖြုတ်နိုင်လို့ရှိယင်ဖြင့် အတ္တဒိဋ္ဌိလာလိမ့်မယ်.... (လာမှာပါဘုရား)အတ္တဒိဋ္ဌိလာလို့ရှိယင် အတ္တဝါဒုပါဒါန်ဆိုတဲ့ ဥပါဒါန်က လာမှာဘဲ.... (လာမှာပါဘုရား)။

အတ္တဝါဒုပါဒါန် လုပ်လို့ရှိယင်ဖြင့်တဲ့ ခုနင်က ဥပါဒါနပစ္စယာ ကမ္မကဝေါဆိုတာက ဓမ္မနိယာမဘဲ.... (မှန်ပါ့ဘုရား)။

ဓမ္မနိယာမဆိုတာ တကာတကာမတို့ ခင်ဗျားတို့က ပို့ပါခိုင်းနေရတာမဟုတ်ဘူး၊သူ့အစဉ်အတိုင်းပို့သွားတာ (မှန်ပါ)ခင်ဗျားတို့က ကျုပ် ဘယ်ပို့ပေးစမ်းပါလို့ ပြောရတာမဟုတ်ဘူး၊ဓမ္မက ဆောင်သွားတယ်လို့မှတ်ပါ.... (မှန်ပါ)။

ဒါဖြင့် ကိုယ့်ကိုယ် သနားယင် ဘာအယင် လုပ်ရမလဲ.... (ဒိဋ္ဌိ အယင်ဖြုတ်ရပါမယ်ဘုရား) ဒိဋ္ဌိ အယင် ဖြုတ်ရမယ်.... (မှန်ပါ)။

ဒိဋ္ဌိအယင်ဖြုတ်ရမယ်၊ ပဋ္ဌမသိမှုနဲ့ဖြုတ်ရမယ်၊ နောက်ပွားမှုနဲ့ ဖြုတ်ရမယ်၊ နောက်ပယ်မှုနဲ့ဖြုတ်ရမယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် စာလိုသုံးကြပါစို့ဆိုတော့ ခိုင်လုံအောင် ပဋ္ဌမဉာတပရိညာနဲ့ဖြုတ်ရမယ်၊ နောက် တီရဏပရိညာနဲ့ ဖြုတ်ရမယ်၊

နောက် ပဟာနပရိညာနဲ့ ပယ်ရမယ်....ဆိုတဲ့ဥစ္စာ ဘုရားကဒီလို ဟောထားတဲ့ဥစ္စာ ဒိဋ္ဌိသံသရာဟာက အပါယ်လေးပါး(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဒိဋ္ဌိသံသရာက.... (အပါယ်လေးပါးပါဘုရား) ဒိဋ္ဌိ လုပ်ထားတဲ့ သံသရာက အပါယ်လေးပါးလို့ဘဲမှတ်လိုက်၊ ရှင်းပြီနော်– (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိ သံသရာကို ဘယ်သူကစ·ပြီး တည်ဆောက်ပါ လိမ့်မတုံးမေးတော့ နှလုံးသွင်းမှားက တည်ဆောက်တယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒိဋ္ဌိဘာဖြစ်သတုံး.... (နှလုံးသွင်းမှားက တည်ဆောက်ပါ တယ်) နှလုံးသွင်းမှားက တည်ဆောက်တယ်၊နှလုံးသွင်းတချက် မှားလိုက်လို့ရှိယင်ဖြင့် ခင်ဗျားတို့ အတ္တသညာ လာတော့မယ်– (မှန်ပါ့) အတ္တသညာ လာလို့ရှိယင်ဖြင့် အတ္တဒိဋ္ဌိ.... (လာပါ တယ်ဘုရား) အတ္တဒိဋ္ဌိလာယင် အတ္တဝါဒုပါဒါန်.... (လာပါ တယ်) အတ္တဝါဒုပါဒါန်ဆိုယင် ဥပါဒါနပစ္စယာ ကမ္မဘဝေါ ဆိုပြီး ပဋိစ္စသမုပ္ပါဒ် မဆက်ပေဘူးလား....(ဆက်ပါတယ်ဘုရား) သိပ်ကြောက်စရာ ကောင်းပါလား....(ကောင်းပါတယ်ဘုရား)။

ဒါကြောင့် ဒီဘဝ ဒီအသံမျိုး ကြားရတာဟာ ခင်ဗျားတို့ "သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ" ပြော်—ဒီလိုဖြတ်လိုက်လို့ရှိယင် လဲ့ ဒီလိုအပါယ်လေးပါး မရောက်ပါလားဆိုတဲ့ဥစ္စာ နောင်....ဒီ ဘုန်းကြီးတို့လိုပုဂ္ဂိုလ်တွေ အင်း နောက်တသက်နှစ်သက်လောက် လဲသွားလို့ရှိယင် ဒီအသံကိုကြားရမှာမဟုတ်ဘူး (မှန်ပါ့ဘုရား) ကြားနိုင်ပါ့မလား.... (မကြားနိုင်ပါဘုရား)။

မကြားနိုင်ဘူးတဲ့၊ အခုတောင်မှ ကွယ်နေသေးတာကိုး.... (မှန်ပါ့ဘုရား) ဒီကွက်ကွက်ကလေးတွေမှာ ပေါ်နေတာဘဲ.... (မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ မေးလာမှာဘဲ၊ မေးလာလို့ရှိယင် ကိုယ့်ကိုယ်နဲ့ ငါ့ကိုယ်နဲ့ဘဲ သွားနေကြမှာဘဲ.... (မှန်ပါ့ဘုရား)။

အင်း.... နေတာလဲငါဘဲ၊ သေတာလဲ ငါဘဲ၊ ဆင်းရဲတာလဲ ငါဘဲ၊ချမ်းသာတာလဲငါဘဲဆိုတော့ ဆင်းရဲတာလဲ ဒုက္ခဝေဒနာ (မှန်ပါ့) ဒုက္ခဝေဒနာလဲ မသိဘူး.... (မသိပါဘုရား) ချမ်းသာတဲ့ သုခဝေဒနာကော.... (မသိပါဘုရား)။

မသိတော့ပါဘူးဆိုတော့ ခုနင်က နှလုံးသွင်းအကုန်မှား.... (မှန်ပါ့)ကလျာဏမိတ္တက မရတော့ဘူး....(မှန်ပါ့)။

ကလျာဏမိတ္တမရယင် နှလုံးသွင်းကမှားပြီ၊ နှလုံးသွင်းကမှား ယင် အတ္တသညာက (လာပါတယ်ဘုရား) အတ္တသညာလာယင် အတ္တဒိဋ္ဌိက.... (လာပါတယ်) အတ္တဒိဋ္ဌိလာလို့ရှိယင် အတ္တဝါဒု ပါဒါန်လာပြီ....(မှန်ပါ့) ဥပါဒါန်မလာသေးဘူးလား....(လာ ပါတယ်ဘုရား)။

ဥပါဒါန ပစ္စယာ ကမ္မဘဝေါ.... ဆိုတော့ ဘုရားတောင် မတတ်နိုင်ဖြစ်နေတယ်-(မှန်ပါ့ဘုရား)ကမ္မဘဝပစ္စယာ....(ဇာတိ ပါဘုရား)။

ဒေဝဒတ်ကြီးဟာ သူ မြေမျိုတော့မယ်ဆိုတော့ အရိုးတွေ ရော အသားတွေရော အသွေးတွေရော မြတ်စွာဘုရားအား လှူ ပါ၏၊ လှူပါ၏လို့ အော်သေးတယ်....(မှန်ပါ့)။

အရိုးတွေ အသွေးတွေ အသားတွေ အကုန်လုံးပါ၏၊ ဘာမှ သူ့မှာဖြင့် ကိုယ်ပိုင်မရှိပါဘူး၊ အကုန်လုံးပါ၏ ဆိုပြီးသကာလ လှုသွားငြားသော်လဲ ကံက မြောက်ပြီးသား ဖြစ်နေတယ်....(မှန်ပါဘုရား) မှတက်နိုင်ဘူး....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ကံက ဘယ့်နှယ်ဖြစ်နေသဘုံး....(မြောက်ပြီးသား ဖြစ်နေပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာလဲ ကံမြောက်နေတယ်....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်လို မှတ်ကြမယ်....( နေ့တိုင်း ကံမြောက်နေပါတယ်ဘုရား)။

ကံမြောက်ပေမဲ့ ခင်ဗျားတို့မှာ အချိန်ရှိသေးတယ်(မှန်ပါ) အချိန်ရှိသေးတယ်၊ ကံတော့ မြောက်နေကြတာဘဲ၊ နေ့တိုင်း ကံမြောက်နေကြတာဘဲ....(မှန်ပါ)။

ဒါ ဘာတုံးဆို-ဒါ ငါပေါ့-ဟုတ်လား၊ မင်းကိုယ်မင်း စွဲစွဲ လမ်းလမ်းများ ခင်ရဲ့လားလို့ မေးယင်အိုကိုယ့်ကိုယ်ကို မခင် ယင် ခွေးလားဗျလို့ မေးမှာဘဲ....(မှန်ပါ)တခါတည်း ဥပါဒါန် ကလဲ မှလာဘူးလား....(လာပါတယ်)။

အဲဒါကြောင့် ကျုပ် အခု အားကြီးမာန်တက် လုပ်နေရတာ ပေါ့ဗျ၊ လူချင်းတူတူ သူချင်းလှလှဖြစ်အောင် ကျေးဘို့ မွေးဘို့ ဆိုတော့ ကာယကံ ဝစီကံတွေ လုပ်ပလား၊ မလုပ်သေးဘူးလား- (လုပ်ပါပြီ)ကဲ....ကံက ဘယ့်နှယ်နေသတုံး.... (မြောက်ပါပြီ)။

အဲဒီတော့ ဒီကံဟာ မြောက်ကြွားသော်လဲတဲ့ ခင်ဗျားတို့မှာက သယ်ယင် ရပါတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ကံမြောက်ပေမဲ့ လဲ့တဲ့ အချိန်ကလေးနဲ့ သယ်လို့ရှိယင် ရပါတယ်....(မှန်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဘယ်လို မှတ်ရမတုံး-အင်း....ဆေးမှီသေးတယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဟို....အဇာတသတ်တို့ ဒေဝဒတ်တို့က ဆေးမမှီတော့ဘူး....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဆေးမှီသေးတယ် ဆိုသဖြင့် ပြောသ်....ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ဝမ်းသာတယ်၊ ဆေးမှီတဲ့ ပုဂ္ဂိုလ် ဝမ်းသာတယ်....(မှန်ပါ့) ဆေးမမှီတဲ့ ပုဂ္ဂိုလ်ကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရှုံးပဟော့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ခင်ဗျားတို့ ဘယ်ထဲ ရောက်နေသလဲ....(ဆေးမှီတဲ့ ပုဂ္ဂိုလ်ထဲ ရောက်နေပါတယ်ဘုရား)။

ဒါလဲ ခင်ဗျားတို့ ဆေးမှီတဲ့ထဲ ရောက်တယ်ဆိုပေမဲ့လဲ ခင်ဗျားတို့ကလဲ သောက်ဦးမှ ဖြစ်တာကိုး....(မှန်ပါ့)။

မှီသာမှီတယ် ဆေးတော့ မှီပါသေးရဲ့ ကိုယ့်အယူဝါဒက မစွန့်တော့ဘူးဆိုလို့ရှိယင်လဲ မရဘူး....( မရပါဘုရား )ရှင်းပလား....(ရှင်းပါပြီ)။

ဆေးတော့ မှီပါရဲ့ ဆေးသမားနဲ့ တွေ့လို့၊ ဆေးမသောက်ချင်ဘူး ဆိုလို့ရှိယင်လဲ့ အသေက စောသွားမှာဘဲ....(မှန်ပါ့)။

အသေက....(စောမှာပါဘုရား) ဘာဖြစ်လို့တုံး ...၊ မှီလျက်နဲ့ဘဲ ကိုယ်က မသောက်ချင်တာနဲ့ အသေ စောသွားတော့ ဆေးမမှီလိုက်တဲ့ ပုဂ္ဂိုလ်နဲ့ အတူတူ ဖြစ်နေတယ်....( မှန်ပါ ဘုရား )။

ဒါကြောင့် ဝိပဿနာ မလုပ်တဲ့ ပုဂ္ဂိုလ်များမှာ ဆေးတော့ တွေ့ပါရဲ့ ဆေးမမှီလိုက်တဲ့ အာဠာရ ဥဒကတို့လို-အဇာတသတ် ဒေဝဒတ်တို့လို ကိုယ်ကျိုးနည်းရတယ်....(မှန်ပါဘုရား) မနည်းဘူးလား....(နည်းပါတယ်ဘုရား)။

အဲဒီတော့ အားလုံး တကာ တကာမတွေကို ဘုန်းကြီး သတိပေးပါတယ်၊ဆေးမှီတဲ့ ပုဂ္ဂိုလ်က ဆေးမသောက်ဖြစ်မှာနဲ့ ဆေးမမှီလိုက်တဲ့ ပုဂ္ဂိုလ်နဲ့ မထူးခြားဘူး....( မထူးခြားပါဘုရား ) ခြားသေးလား....(မခြားပါဘုရား)။

ဆေးမှီလျက်နဲ့ မသောက်တဲ့ ပုဂ္ဂိုလ်နဲ့ ဆေးမမှီလိုက်တဲ့ ပုဂ္ဂိုလ်နဲ့ ဘာထူးခြားသတုံး....(မထူးခြားပါဘုရား)။

ဒါဖြင့် ကိုယ်ဘယ်ထဲ သွင်းကြသတုံး-....(ဆေးမှီလျက်နဲ့ မသောက်တဲ့ ပုဂ္ဂိုလ်ထဲ သွင်းပါတယ်ဘုရား)။

ဆေးမှီလျက်နဲ့ မသောက်လို့ရှိယင် သွားလိမ့်မယ်နော်.... (မှန်ပါ)။

ခုနင်က အာဠာရ ဥဒကတို့လို အဇာတသတ် ဒေဝဒတ်တို့လို ဆေးကို မမှီလိုက်လို့ သူတို့မှာက ကံကြီးတွေက ထိုက်ပြီးသား ဖြစ်နေတယ်....(မှန်ပါဘုရား)ခင်ဗျားတို့က အဲဒါလောက်ကြီးတဲ့ ကံက မရှိဘူး....(မှန်ပါ) သို့သော်လဲ အပါယ်တော့

ကျနိုင်တယ်....(မှန်ပါ့ ကျနိုင်ပါတယ်) ကျပင် ကျငြားသော်လဲ ဖြေဖြုတ်ရတဲ့ ခင်ဗျားတို့ ဒိဋ္ဌိ....(မှန်ပါ့) သူတို့က ဖြေဖြုတ်မရတဲ့ ဒိဋ္ဌိ....(မှန်ပါ့ဘုရား)မကွာခြားဘူးလား....(ကွာခြားပါတယ် ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဆေးမှီယင် အသက်ရှည်နိုင်ပါသေးတယ်.... (မှန်ပါ့ဘုရား) ဟို....ပုဂ္ဂိုလ်တွေကတော့ ဆေးမှီငြားသော်လဲ ရှင်စရာ အကြောင်းမရှိဘူး....(မရှိပါဘုရား)။

ဆေးကို မမှီတော့ဘူး၊ လွန်သွားပြီ....(မှန်ပါ့ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အချိန်ရှိခိုက် လုံ့လစိုက် ဆိုတာသည် ဒီ့ပြင်ဟာကို မဆိုပါဘူး၊ အပါယ်သံသရာကြီးဟာ ကိုယ့်ဝမ်းထဲမှာ တနေ့သော်လဲ ငါ့သား ငါ့မယားစားဘို့၊ အင်း....ကံက မြောက်မြောက်သွားတယ်....(မှန်ပါ့ဘုရား)။

အဟုတ်ကို ငါ့သား ငါ့မယားလား....၊ ဟုတ်ပါတယ်ဗျ.... ဆိုတော့ ဒိဋ္ဌုပါဒါန်က မဖြစ်သေးဘူးလား....( ဖြစ်ပါတယ် ဘုရား )။

အဲဒါတွေ ဖြစ်နေတော့ တနေ့ ကံပေါင်း ဘယ်လောက် မြောက်သတုံးဆိုယင် ဘယ့်နှယ်ဖြေမလဲ....( မရေတွက်နိုင်ပါ ဘုရား)မရေတွက်နိုင်ဘူး ကံတွေက သိပ်များတယ်.... (မှန်ပါ့ ဘုရား)။

ဒိဋ္ဌိ ဒိဋ္ဌိသညာ—ဒိဋ္ဌိ ဒိဋ္ဌုပါဒါန်၊ သဘောကျပလား....(ကျပါပြီ) အကုန်တခါတည်း ကံက ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ၊ မောင်သစ်

ဒီကျအောင်မသွားလား....(သွားပါတယ်ဘုရား) ဒါ နေ့တိုင်း သွားနေတာဘဲ ဦးသံဒိုင်ရ.... (မှန်ပါဘုရား)။

အဲဒါ ခင်ဗျားတို့က မသေသေးပါဘူး၊ပြီးတော့ သက္ကာယဒိဋ္ဌိ ရှိနေသေးတယ် ခင်ဗျားတို့မှာဟုတ်လား....(မှန်ပါ့)သဲက္ကာယဒိဋ္ဌိဘဲ ရှိပြီးသကာလနေသေးတော့ကို ခင်ဗျားတို့က အနာကလေး ပေါက်တာကို မကုဘဲထားတော့ အနာကြီးဖြစ်မှာဘဲ.... (မှန်ပါဘုရား)သဘောပါပလား....(ပါပါပြီဘုရား)။

အနာကလေးပေါက်တာကို .... (မကုဘဲထားယင် အနာကြီးဖြစ်မှာပါဘုရား) ကုလိုက်ပြန်တော့ ဒီအနာကလေးဟာပျောက်ရမှာဘဲ....(မှန်ပါ့)။

အဲဒီတော့ ကုတဲ့ဆေးပေးပါဘုရား ဆိုလို့ရှိယင် ခန္ဓာငါးပါးကို နှလုံးသွင်းရှေးဦးစွာ မှန်ရမယ်....(မှန်ပါ့)။

ဒါရုပ်ဘဲ၊ဒါဝေဒနာဘဲ၊ ဒါဘဲသညာဘဲ၊ ဒါဘဲသင်္ခါရဘဲ' ဒါဘဲဝိညာဏ်ဘဲဆိုပြီး တခုစီတခုစီ ဉာဏ်ထဲမှာပေါ်လာတိုင်း၊ ပေါ်လာတိုင်းဟာ ဪ....သူဘဲသူဘဲသူဘဲဆိုတဲ့ လက်ညှိုးထိုးနိုင်ရမယ်....(မှန်ပါ့ဘုရား)။

ရုပ်ပေါ်လာယင်ရုပ်ဘဲ၊ စားလို့ကောင်းတယ်ဆိုယင်ဝေဒနာဘဲ၊ စားလို့ မကောင်းဘူးဆိုလဲ ဝေဒနာဘဲ၊ ဒုက္ခဒေါမနဿဝေဒနာဘဲလို့ လက်ညှိုးထိုးနိုင်ပြီး သကာလ နောက် တိရစ္ဆာန ရိညာနဲ့ မင်းဟာ ဝေဒနာဘဲလား၊ အနိစ္စဘဲလားဆိုတာ တခါပြန်မေး....(မှန်ပါ့)အနိစ္စလို့ သူကပြောလိမ့်မယ်၊ကိုယ်ကမပြောနဲ့....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဓမ္မကပြောလိမ့်မယ် ဓမ္မကပြောတော့ ဉာဏ်ကခေါင်းငြိမ့် လိုက်ပါ....(မှန်ပါ့)ဩြော်.... သူ ပဉ္စမတော့ ဆရာသမားဆီက နည်းရလို့ ဝေဒနာတော့ဖြင့်သိပြီ၊ သူကဘယ်သဘောရှိပါလိမ့် မတုံးဆိုတော့ သူကဖြင့်ပြီး ပျက်ပြပါလိမ့်မယ်၊ မပြပေဘူးလား (ပြပါတယ်ဘုရား)။

ပြတဲ့အခါကျတော့ ဉာဏ်က ဩြော်...ဒါဖြင့် ငါ့ကိုယ်·ငါ ဟာ မဟုတ်ကြောင်း သေချာတယ်ကွ၊ မလာပေဘူးလား.... (လာပါတယ်) အဲဒီလိုပွားပေးပါ၊ သူကဖြစ်ပျက်ပြတိုင်းပွားပြီး တော့သာလိုက်နေ.... (မှန်ပါ့) ဉာဏ်မျက်ခြေ မပြတ်စေနဲ့ .... (မှန်ပါ့)။

အဲ....ဉာဏ်မျက်ခြေ မပြတ်စေနဲ့ဆိုယင် ဉာဏ်ကမျက်ခြေ မပြတ်လေလေ ဉာဏ်ရင့်လေလေဘဲ....(မှန်ပါဘုရား)။

သူလုပ်နေကတည်းက ဘယ်လိုဖြစ်သွားသတုံးဆိုတော့ ဉာဏ် မျက်ခြေမပြတ်အောင် ကြည့်နေတော့ ဒီဒိဋ္ဌိဟာ ဉာဏ်ကဖြစ်ပျက် မြင်လိုက်၊ ဖြစ်ပျက်ကပြောလို့ ဉာဏ်ကကြည့်လိုက်၊ ကြည့်လိုက် တဲ့ အခါကျတော့ ဒိဋ္ဌိဟာဘယ်နှယ် ဖြစ်သွားသတုံးဆိုလို့ရှိယင် တကာ တကာမတွေအခု ၃-နံပါတ်၊ ၄-နံပါတ်၊နံပါတ် ၁·ဆိုတဲ့ သူညဆိုတဲ့ ကော်ပတ်တွေမရှိဘူးလား....(ရှိပါတယ်ဘုရား)အဲဒါ နဲ့ စားနေတာနဲ့အတူတူဘဲ....(မှန်ပါ့)။

ဒုတ်ကလေးတခုလို ဝီလိုစားစားစားစားနေတော့ ပဉ္စမရှုစ တော့ဖြင့် အင်း....ခပ်ကြမ်းကြမ်းနဲ့စားတယ်....(မှန်ပါ့)နောက် ရှုလည်ကျတော့ အလတ်စားနံပါတ်လောက်နဲ့ စားကြည့်တယ်....

(မှန်ပါ) နောက်ရှုလို့ တော်တော်ခရီးပေါက်မယ်ဆိုယင် အနု စားနဲ့၊ နောက်ကျတော့ သုညနံပါတ်တွေနဲ့ စားလိုက်မယ်ဆို လို့ ရှိယင် သူပြောင်သွားတယ် .... (ပြောင်သွားမှာပါဘုရား)။

အဲဒီတော့ ဝိပဿနာရှုတာ ဒီကော်ပတ်စားသလိုဘဲ....(မှန် ပါဘုရား) သဘောပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီလိုစားလိုက်လို့ ပြောင်သွားတဲ့အခါကျတော့မှ နောက် ဆုံးပိတ် တခါတည်း ပြောင်အောင် တိုက်နိုင်တာကတော့မဂ်ဘဲ (မှန်ပါဘုရား) ခုနင်က ၃-၂-နံပါတ် ၁-ကျအောင် ပဌမအကြမ်း ကြီးကနေပြီး သုညမရောက်ခင်ဟာ ဝိပဿနာချည့်မှတ်...(မှန် ပါဘုရား)။

သုညမရောက်ခင် စားနေတာဟာ.... (ဝိပဿနာပါဘုရား) အဲ-ဒိဋ္ဌိအတုံးကြီးကို စားနေဘာ....(မှန်ပါ) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

နောက်ကျတော့ သုညနံပါတ်နဲ့ တိုက်လိုက်တဲ့အခါကျတော့ ကိုယ်လိုချင်တဲ့ဆီ မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ထို့အတူဘဲ အဲဒီ့အချိန်ကျလို့ရှိယင်ဖြင့်တဲ့ ဒိဋ္ဌိလဲငမ်းထဲက ပိတ်ပါရော ဖျတ်ဆို တခါထဲမဂ်ပေါ်တာဘဲ....(မှန်ပါ)။

မဂ်ပေါ်လာတော့ ခန္ဓာလဲပျောတ်သွားတယ်၊ ဒိဋ္ဌိဘယ်သွား သေးသတုံး....(သေသွားပါတယ်ဘုရား)။

ခန္ဓာပျောက်ပေါ့....(မှန်ပါ) ဒိဋ္ဌိ ဘယ်နေရာသွားနေသတုံး (သေပါတယ်ဘုရား)၊

ဒါကြောင့် မင်းတို့ အလုပ်-လုပ်တဲ့ပုဂ္ဂိုလ် ခန္ဓာပျောက်ကဲ့လားဟေ့၊ ဒိဋ္ဌိဟာမရှိဘူးလားလို့ မေးလိုက်တာ .... (မှန်ပါ့) ဒိဋ္ဌိကိန်းစရာရှိသေးလို့ ရှိယင် မဟုတ်သေးဘူး.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒိဋ္ဌိက ခန္ဓာကြောင့်ဖြစ်တယ် ဆိုထားတာကိုး .... (မှန်ပါ့) ခန္ဓာထဲဝင်နေတယ် သူက....(မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့်-ခင်ဗျားတို့သည် ဒီအတိုင်းရှေးဦးစွာ ယောနိသောမနသိကာရနဲ့ ခန္ဓာငါးပါးကို တပါးပါးပေါ်အောင် ကြည့်၊ ကြည့်ပြီးသကာလ ကော်ပတ်စားသလို ဝိပဿနာနဲ့ စားပေးပြီးတော့မှ မဂ်နဲ့ အချောသတ်လိုက်လို့ ရှိယင် လိုရင်းပြီးတယ်၊ အပါယ်သံသရာ အကုန်ပြုတ်တယ်....(မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကဲ-ဒီတွင်တော်ပါဦး။

သာဓု....သာဓု....သာဓု ......

ကျေးဇူးတော်ရှင် - အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်

ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

## သဿတနှင့် ဥစ္ဆေဒဖြုတ်ရေး

# ညအလုပ်ပေးတရားတော်

( ၆ - ၁၂ - ၆၁ )

— ၁ —

ဝိပလ္လာသ ဆဲ့နှစ်ပါးဆိုတာ အနိစ္စမှာရှိတယ်၊ ခန္ဓာကြီးက အနိစ္စ၊အဲဒီ့ အနိစ္စဖြစ်ပျက်နေတာကို ကိုယ်က ဉာဏ်နဲ့က စူးစိုက် မကြည့်တော့ဟာ-နိစ္စဘဲလို့ ထင်လိုက်တယ်၊နိစ္စလို့ဘဲမှတ်လိုက် တယ်၊နိစ္စလို့ မှတ်လိုက်လို့ရှိယင် ခြောက်....ဒါအမှတ်မှားပြီလို့ သာ အောက်မေ့ကြပေတော့။

အမှတ်မှားလို့ ရှိယင်ဖြင့် ခုနင်ကပြောခဲ့တဲ့ တဏှာတို့ မာနတို့၊ဒိဋ္ဌိတို့လိုက်တော့မှာဘဲ။

အမှတ်မှားနောက်က ဒီအတိုင်းမနေတော့ အသိမှားကလဲ လိုက်လိုက်လာတယ်၊အသိမှားနောက်ကတခါ အယူမှားကလိုက် လာတယ်....(မှန်ပါ့)။

အနိစ္စကို နိစ္စလို့မှတ် နိစ္စလို့သိ နိစ္စလို့ ယူလို့လဲ ခြောက်.... အနိစ္စနောက်ကလဲ သုံးချက်လိုက်ပါသား။ မှတ်ထားကြပါနော် (မှန်ပါဘုရား)။

အနိစ္စကို နိစ္စလို့မှတ်ယင် သညာဝိပ္ပလ္လာသ၊ အနိစ္စကို နိစ္စလို့သိယင်စိတ္တဝိပ္ပလ္လာသ၊အနိစ္စကို နိစ္စလို့ယူယင် ဒိဋ္ဌိဝိပ္ပလ္လာသ။

ဒုက္ခကို သုခလို့မှတ်ထားယင် သညာဝိပ္ပလ္လာသ....(မှန်ပါ ဘုရား)။

ခန္ဓာကြီးက ဒုက္ခသစ္စာ....(မှန်ပါ) ခန္ဓာကြီးက အိုဘေး နာဘေး၊ မသေဘေးလဲရှိတယ်၊ ခဏခဏ ဖြစ်တာလဲ ဖြစ်ဒုက္ခဘဲ၊ ပျက်တာလဲပျက်ဒုက္ခ၊ဒါကိုပင်လျှင် တခါတည်း သုခလို့မှတ်နေ ယင် သညာဝိပ္ပလ္လာသ....(မှန်ပါဘုရား)။

ဒုက္ခကို သုခလို့မှတ်ယင်....(သညာဝိပ္ပလ္လာသပါဘုရား)။

ဒုက္ခကို သုခလို့ တခါသိနေပြန်လို့ရှိယင်.... (စိတ္တဝိပ္ပလ္လာသ ပါဘုရား)။

ဒုက္ခကို သုခလို့ယူနေပြန်ယင်လဲ....(ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

ဒီလိုသွားရမှာဘဲ... တဲ့၊ တခါသွားပါဦးတဲ့၊ အနတ္တဖြစ်တဲ့ ခန္ဓာကိုယ်ကြီး ခဏခဏဖြစ်၊ ခဏခဏပျက်တယ်၊ ထိုင်လို့လဲမရ ဘူး၊ ထလို့လဲမရဘူး၊ ထိုင်ချည့်နေပြန်လဲ အစိုးမရလို့ပြောင်း ရပြန်တယ်၊ ပြောင်းပြီးပြောင်းတဲ့နေရာ အတည်တကျနေပါလား ဆိုတော့လဲ-အနတ္တမို့ ဖေါက်ပြန်လာပြန်လို့ပြောင်းတဲ့နေရာက တခါဆက်လက်ပြီး ပြောင်းရပြန်တယ်ဆိုတော့ ဒီခန္ဓာကြီးဟာ ဘယ်လိုထား ထားမရခြင်းကြောင့် အနတ္တ....(မှန်ပါဘုရား)။

သို့သော် ဒီအနတ္တကို အတ္တလို့မှတ်ထားပြန်တော့လဲ သညာ ဝိပ္ပလ္လာသလာပြန်တယ် (မှန်ပါ)အတ္တလို့သိလိုက်ပြန်တော့(စိတ္တ

ဝိပ္ပလ္လာသပါဘုရား) အတ္တလို့ယူလိုက်ပြန်တော့....(ဒိဋ္ဌိဝိပ္ပလ္လာသ ပါဘုရား) သူကလဲသုံးချက်လာဦးမှာဘဲ....(မှန်ပါ့ဘုရား)။

တခါ တကာ တကာမတွေကြည့်လိုက်တော့ ခန္ဓာကိုယ်မှာ ချွေးတွေသံခတွေနဲ့၊ အသားတွေကလဲ ပုပ်တတ်ဆွေးတတ်တာ တွေ မှည့်ဘင်းတိပ်ခတွေနဲ့၊ ဒါတွေကိုသုဘ တင့်တယ်တယ်လို့မှတ် ပြန်တော့လဲ အမှတ်မှားလာပြန်တာဘဲ....(မှန်ပါ့ဘုရား) သုဘ လို့သိထားပြန်တော့လဲ စိတ္တဝိပ္ပလ္လာသ ....(မှန်ပါ့) သုဘလို့ ယူ ပြန်တော့....(ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။

အနတ္တလို့ တကယ်ဘမ်းမြင်လိုက်ပြန်လို့ ရှိယင်လဲ ဒိဋ္ဌိ စင် သွားတယ်....(မှန်ပါ့ဘုရား)။

ဒါ့ခြောင့်အနိစ္စဒုက္ခ အနတ္တကို ဘယ့်နှယ်ကြောင့် သုံးပါး ဟောရပါလိမ့်မတုံးလို့ရှိယင်ဖြင့် ဦးသံဒိုင်တို့က ဩော်.... ပဟုဋ္ဌ သေအောင်လို့သုံးပါးဟောဘယ်....(မှန်ပါ့ဘုရား) ဟောစဉ်မို့ ဟောတယ်လို့မယူလိုက်ပါနဲ့...(မှန်ပါ့ဘုရား)။

နိစ္စမြင်သွားယင် ဘာစင်သွားသတုံး.... (မာနစင်ပါတယ် ဘုရား)မာနစင်တယ်လို့ သေသေချာချာမှတ်ပါ။

မခိုင်ဘူး၊မမြဲဘူးဆိုလို့ရှိယင်ဖြင့် တကယ်တမ်း မြင်ကြပြီဆို မှဖြင့် မခိုင်တာ မမြဲတာနဲ့ ပတ်သက်ပြီး မာန်မာနတက်ခြင်း မရှိ ပါဘူး....(မှန်ပါ့ဘုရား)။

ဒုက္ခကို တကယ်မြင်လိုက်ပြန်လို့ရှိယင်လဲ ဩော်....ဒုက္ခသစ္စာ ချည်းဘဲဆိုတော့ လိုချင်တဲ့ သမုဒယသစ္စာ သေထွက်သွားတယ်.... (မှန်ပါ့ဘုရား)။

ဒုက္ခမြင်တော့ ဘာစင်သွားသတုံး.... (လောဘစင်ပါတယ်) လောဘစင်သွားတယ်လို့ မှတ်လိုက်ကြစမ်းပါ ဟာ ဒီခန္ဓာကိုယ်ကြီးဟာဘယ်လိုထားလို့မှမရဘူး၊ အိုမြဲ နာမြဲ သေမြဲဘဲ၊ ခဏခဏလဲ ဖေါက်ပြန်ပျက်စီးနေတာဘဲ၊ ဉာဏ်နဲ့ စူးစူး စိုက်စိုက် တကာ တကာမတွေကကြည့်လိုက်လို့ အနတ္တ တလုံးပိုင်သွားပြီ မြင်သွားပြီဆိုလို့ရှိယင်လဲ ဒိဋ္ဌိစင်တယ်....(မှန်ပါဘုရား)။

ဒါဖြင့်ဘုရားသည်ကားလို့ဆိုယင်အနိစ္စဒုက္ခအနတ္တကို အကျိုးမရှိဘဲနဲ့ဖြစ်ပျက်တခုတည်းကို အနိစ္စ နာမည်လဲပေးတယ်၊ ဒုက္ခနာမည်လဲပေးတယ်၊အနတ္တနာမည်လဲပေးလိုက်တယ်၊ ဖြစ်ပျက်ဘဲ-ဖြစ်ပျက်ကတော့.... (မှန်ပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့က တရားဟောတဲ့ အခါကျတော့ မောင်သစ်တို့ ဦးသံဒိုင်တို့က မှတ်ရမယ်၊ ဩော်....ဖြစ်ပျက်တလုံးဟာ သုံးခုဝင်လို့ ဟောတာ...( မှန်ပါဘုရား )ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဖြစ်ပျက် တလုံးမြင်လိုက်ယင်....(သုံးခုဝင်ပါတယ်) အနိစ္စ ဒုက္ခ အနတ္တ အကုန်ဝင်လာတယ်....(မှန်ပါဘုရား)။

အနိစ္စလဲရှုမနေနဲ့၊ဒုက္ခလဲရှုမနေနဲ့ပါးစပ်က၊အနတ္တရှုလဲမနေနဲ့ ဖြစ်မှုနဲ့ ပျက်မှုကိုသာ မြင်လိုက်လို့ရှိယင်ဖြင့် တဏှာမာနဒိဋ္ဌိကို တပြိုင်နက်သတ်ချလိုက်တာဘဲ....(မှန်ပါ) ရှင်းပြီ.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဘယ်အကျိုးငှါ ဒီ တရားကို အရေးတကြီး ဟောပါလိမ့်မတုံး လက္ခဏာ

ရေးသုံးပါးဆိုတော့ ပပဉ္စစင်ဖေလိုလို့....(မှန်ပါ့ဘုရား) ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ဘာစင်စေလိုလို့လဲ....(ပပဉ္စစင်စေလိုလို့ပါ ဘုရား) ပပဉ္စ စင်စေချင်လို့ဆိုတဲ့ ဥစ္စာသဘောကျသွားပြီ....(မှန်ပါ့ဘုရား)။

အဲဒီ ပပဉ္စတွေဟာလဲ..တဲ့ အနိစ္စ ဒုက္ခ အနတ္တာမြင်မှသူကစင် တယ်၊အနိစ္စ ဒုက္ခ အနတ္တာမြင်အောင်လဲ ဘာလုပ်ရမှာတုံးလို့မေး တော့....နှလုံးသွင်းမှန်မှ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါ ပြီဘုရား)။

အနိစ္စ ဒုက္ခ အနတ္တာမြင်ချင်ယင်ဘာလုပ်ရမယ်.... (နှလုံးသွင်း မှန်ရပါမယ်ဘုရား)။ ဒါဖြင့် ယောနိသောမနသိကာရ.... (မှန် ပါ့) ရှင်းပြီနော် ...(ရှင်းပါပြီဘုရား)။

ယောနိသော မနသိကာရရှိတဲ့ ပုဂ္ဂိုလ်မှာ အနိစ္စလဲ ရှုလိုက် မြင်တာဘဲ ...(မှန်ပါ့) ဒုက္ခလဲမြင်တာဘဲ....(မှန်ပါ့) အနတ္တာလဲ မြင်တာဘဲ၊မြင်လိုက်လို့ရှိယင်ဖြင့် တဏှာမာနဒိဋ္ဌိဟာ မင်းတို့ သွားကြတော့လို့မနှင်ရပါဘူး၊ မြင်တဲ့ဉာဏ်က သတ်ပစ်လိုက် တာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဉာဏ်သည် တကာ တကာမတို့ တဏှာမာနဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားကို သတ်ပါတယ်ဆိုတာကော သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မြင်လို့ရှိယင် ကွာ....တဲ့-"နေတံမမ၊ နေသောဟမသ္မိ၊နမေသော အတ္တာ"ဆို တာထွက်လာတာပါဘဲတဲ့ ပါဠိတော်မှာ နော်....(မှန်ပါ့ဘုရား)

တော်-ဤရုပ်နာမ်သည်၊မမ-ငါ၏၊နသန္တကံ- ဥစ္စာမဟုတ်ပါဘူး ဆိုလို့ရှိယင် ဒီရုပ်နာမ်ဟာ မိမိ၏ဥစ္စာမဟုတ်ပါဘူး ဆိုလို့ရှိယင်ဖြင့် ဘဏှာစင်သွားတာဘဲ ....(မှန်ပါ)။

ဧသော=ဤဖြစ်ပျက်ရုပ်နာမ်သည်၊ အဟံ=ငါသည်၊ နအသ္မိ မဖြစ်ဘူးဆိုလို့ရှိယင်လဲ မာနစင်သွားတာဘဲ....(မှန်ပါ)။

ဧသော=ဤရုပ်နာမ်သည်၊ မေ=ငါ၏၊ အတ္တာ = အစိုးရစွာ အလိုပါသောကိုယ် အတ္တမဟုတ်ဘူးလို့ မြင်လိုက်ပြန်တော့ ဒိဋ္ဌိစင်သွားတာယ်....(မှန်ပါဘုရား)။

ဒါကြောင့် ပါဠိတော်ထဲမှာ "နေတံ မမ၊ နေသော ဟမသ္မိ၊ နမေသောအတ္တာ"ဆိုတဲ့ စကားသုံးခုကို ဘုရားကနေရာတိုင်း ထည့်တယ်....(မှန်ပါ)။

ဘယ်နှယ်ကြောင့် ထည့်ပါလိမ့်မတုံး ဆိုလို့ရှိယင် အဲဒါစင်တဲ့ ပုဂ္ဂိုလ်မှာ ဒီအမှတ်တွေလာတာဘဲကွတဲ့.... (မှန်ပါ) ဒီအသိတွေလာတာဘဲ ဒီအယူတွေလာတာဘဲ.... (မှန်ပါ) "နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ ဆိုတာလာလာတာပါဘဲ.... (ရှင်းသွားပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ပဉ္စသောချင်ယင် လက္ခဏာရေးသုံးပါး မြင်ရမယ်.... (မှန်ပါ)လက္ခဏာရေးသုံးပါး မြင်ချင်ယင် ယောနိသောမနသိကာရ အားထုတ်ရမယ်....(မှန်ပါ)ရှင်းပြီနော်....(ရှင်းပါပြီ) အကြောင်းအကျိုး ဆက်တတ်ပလား....(ဆက်တတ်ပါပါပြီ)။

သံသရာချဲ့တတ်တဲ့ တဏှာ မာန ဒိဋ္ဌိသောချင်လို့ရှိယင် ဘာမြင်ရမတုံး .... (လက္ခဏာရေးသုံးပါး မြင်ရပါမယ်) လက္ခဏာရေးသုံးပါးမြင်ရမယ်....(မှန်ပါ) ရှင်းပြီ.... (ရှင်းပါပြီဘုရား)။

လက္ခဏာရေးသုံးပါး မြင်ချင်လို့ရှိယင် တကာ တကာမတွေ ဘာအားထုတ်ရမတုံး.... (ယောနိသောမနသိကာရဖြစ်ရပါမယ်) ယောနိသော မနသိကာရကို ဖြစ်အောင်ကြည့်ပါ....(မှန်ပါ့)။

ယောနိသော မနသိကာရဆိုတာက အနိစ္စကိုအနိစ္စလို့ နှလုံးသွင်းနိုင်ယင် ယောနိသော မနသိကာရ....(မှန်ပါ့ဘုရား)ဒုက္ခကို ဒုက္ခလို့ နှလုံးသွင်းနိုင်ယင် .... (ယောနိသော မနသိကာရပါ ဘုရား) အနတ္တကိုအနတ္တလို့ နှလုံးသွင်းနိုင်ယင်....(ယောနိသော မနသိကာရပါဘုရား) အသုဘကို အသုဘလို့နှလုံးသွင်းနိုင်ယင် (ယောနိသောမနသိကာရပါဘုရား)။

ယောနိသော မနသိကာရဆိုတာကလဲ သူကလဲ လေးမျိုးရှိတာဘဲ၊ရှင်းပြီနော်....(မှန်ပါ့)။

ဒါဖြင့် ပပဉ္စက သုံးမျိုး၊လက္ခဏာရေးသုံးပါးကသုံးမျိုး၊ယောနိသောမနသိကာရက လေးမျိုး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ယောနိသောမနသိကာရက ဘယ်နှစ်မျိုး ရှိသတုံး....(လေးမျိုးပါ) လေးမျိုးရှိတယ်လို့ မှတ်ထားပါနော်....(မှန်ပါ့)။

အဲဒီ ယောနိသောမနသိကာရ လေးမျိုးပါယင် လက္ခဏာရေးသုံးပါးမြင်တယ်၊ လက္ခဏာရေးသုံးပါး မြင်တဲ့ဉာဏ်သည် တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စသတ်လိုက်တာဘဲ....(မှန်ပါ့) အဲဒါ နိဗ္ဗာန်ရောက်ကြောင်း အစစ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

အဲဒါ ဘယ်မှာဟောသတုံးလို့ မေးတဲ့အခါကျတော့ တနေ့သ၌ အနာထပိဏ်သူဌေးကြီးက ဘုရားထံသွားတယ် ၁၂-နာရီလောက်သွားလိုက်တယ်၊ ဇေတဝန်ကျောင်းသို့ သွားလိုက်တယ်။

သွားလိုက်တဲ့အခါကျတော့ ဩော်....ဒီအချိန်တော့ ဘုရားလဲ နေ့လည် ဆွမ်းကလေး ဘာကလေး အစာကျေအောင် ခဏ လဲလျောင်းတဲ့အချိန်ဖြစ်တယ်၊ တခါ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့ဆီ သွားမယ်ဆိုလဲ သူတို့လဲဒီအချိန်လဲလျောင်းတဲ့အ ချိန်ဖြစ်ဘယ်။

မသွားပါဘူးလေ-ဆိုပြီး သကာလ အနာထပိဏ်သူဌေးကြီးက ဘုရားကျောင်းတော်ရဲ့ အနားမှာလဲ တိတ္ထိကျောင်းတခုရှိတယ် တိတ္ထိကျောင်းတခု ရှိတော့ ဝင်လိုက်တယ်။

တိတ္ထိတွေကဘဲ ဆူညံနေအောင် စကားပြောတယ်၊ ပြောတဲ့ စကားကလဲ မဂ်ဖိုလ်တားတဲ့ တိရစ္ဆာနကထာစကားတွေ ပြောနေကြတယ်၊သားအကြောင်း၊သမီးအကြောင်း အမျိုးမျိုးအဖိုးမင်းအကြောင်း စိုးအကြောင်းတွေ ပြောနေကြတယ်။

ဒါနဲ့ အနာထပိဏ်သူဌေးကြီး လာဟာနဲ့ တိတ္ထိတွေကဟော့- ဂေါတမ၏ တပည့် လာတယ်ကွ၊ ဝတ်ဖြူစင်ကြယ်နဲ့ အနာထပိဏ်သူဌေးဆိုတာ ဘုရား၏တပည့်သားထဲ တယောက် အပါအဝင်ဖြစ်တယ်ကွ၊ သူတို့က ဆိတ်ဆိတ်နေတာမှကြိုက်တယ်ဆိုပြီး တိတ္ထိခေါင်းဆောင်ကနေပြီး တိတ္ထိတွေကို အသံပေးလိုက်တော့ တိတ္ထိတွေကငြိမ်ပြီးသကာလ နေကြတယ်။

နေကြတော့ အနာထပိဏ် သူဌေးကြီးက သွားထိုင်တယ်၊ တိတ္ထိတွေနားကို၊ ဒီ့ပြင် အလ္လာပသလ္လာပ အကုန်စကားတွေကို

ထုံးစံအတိုင်း ကျန်းမာရေး ချမ်းသာရေးတွေကို ပြောဆိုပြီး သည့်နောက် တိတ္ထိတယောက်က ဝင်လာတယ်။

ဝင်လာတာ ဘယ်လိုအကြောင်းနဲ့တုံးမေးတော့ ခင်ဗျားက ဘုရားဆီ နေ့တိုင်းသွားတယ်၊ တနေ့နှစ်ခေါက် သုံးခေါက်အမြဲ သွားတယ်၊ အဲ...ဂေါတမဘုရား အယူဟာ ဘယ်အယူတုံး၊ အဲဒါ ကျုပ်တို့ သိချင်တယ်လို့ သူမေးလိုက်တယ်.... (မှန်ပါ့)။

ဂေါတမဘုရားအယူတော့ ဘုရား ဉာဏ်တော်ကြီးက ကျယ် ဝန်းနေတော့ ဘယ်အယူ ယူတယ်ဆိုတဲ့ဥစ္စာ ကျုပ်မပြောတတ် ပါဘူး....တဲ့။

ကဲ.... မပြောတတ် ရှိပစေဗျာ၊ ဂေါတမဘုရား၏တပည့်သား တွေအယူကတော့ ဘယ်အယူတုံး.... ဂေါတမဘုရား၏ တပည့် သားတွေ ရဟန်းတွေသာမဏေတွေကတော့ ဘယ်အယူတုံး....တဲ့ ဒါလဲ.... ကျုပ်မပြောတတ်ဘူးဆိုတော့ ဒါဖြင့် ရှိပစေဗျာ....တဲ့ နှစ်ချက်ရှိသွားပြီနော်.... (မှန်ပါ့)။

ဆက်မေးပြန်တယ်၊ ဒါဖြင့် ခင်ဗျားအယူ ပြောရမယ်တဲ့၊ ကျုပ်အယူ ပြောဘို့တော့ ဝန်မလေးပါဘူး၊ ဝန်မလေးပါဘူးတဲ့ သို့သော်လဲ အရှင်တိတ္ထိတို့၏ အယူကို ပြောပြီးလို့ရှိယင် သူ့အ ယူကို ပြောပါ့မယ်တဲ့၊ ဒါ....ဒသကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် မှာလာတယ်။

ကဲ....ဒါဖြင့်ကျုပ်ပြောမယ်ဗျာဆိုပြီး တိတ္ထိတွေကပြောတယ် လောကကို ကျုပ်တို့က မြဲတယ်လို့ယူတယ်၊ လောက ဆိုတာလဲ အားလုံးတကာတကာမတွေ မှတ်ထားပါ၊ ဖြစ်တတ်ပျက်တတ်

တာကိုလောကလို့ခေါ်တယ်....(မှန်ပါ) အဲဒါကြီးကို သူတို့က မြဲတယ်လို့ ယူထားတယ်.... (မှန်ပါဘုရား)။

လောကဆိုတာ ဘာပါလိမ့်မလဲ.... (ဖြစ်တတ် ပျက်တယ် ဘာကိုဆိုပါတယ်ဘုရား)။

အဲ....ဖြစ်တတ် ပျက်တတ်တဲ့တရား ဟူသ၍ လောကချည်း မှတ်ပါ.... (မှန်ပါ)။

ဒါကြောင့် သတ္တလောကဆိုတာလဲ ပျက်တာဘဲ....(မှန်ပါ) သတ္တဝါကို လောက မခေါ်ကြဘူးလား.... ( ခေါ်ပါတယ် ဘုရား)။

အဲ.... သတ္တလောကလဲ ဖြစ်မှုပျက်မှု ရှိသောကြောင့် သတ္တ လောကလို့ ခေါ်လိုက်တယ်...(မှန်ပါ)။

ဩကာသ လောက ဆိုတာကလဲ တကာ တကာမတွေမှတ် ထားပါ၊ ဘုံတွေ အိမ်တွေ တိုက်တွေ တာတွေ ဒါတွေကို ကိုယ်နေတဲ့ဘုံကို ဩကာသ လောကလို့ ခေါ်တယ်... နေဘ်.... (မှန်ပါ) နေရာဌာနကို ဩကာသခေါ်တယ်၊ အဲဒါတွေလဲ ဖြစ်တတ်ပျက်တတ်သောကြောင့် လောကထဲဘဲ သွင်းရတယ်.... (မှန်ပါ)။

သင်္ခါရလောကဆိုတာ ရှိသေးတယ်.... လောကသုံးမျိုးကိုး- (မှန်ပါ)သင်္ခါရလောကဆိုတာက ခင်ဗျားတို့က အိမ်ကလေး တခုခု ကံနဲ့ပြုပြင်လိုက်တယ်၊ ကံက အကျိုးပေးပြီး ပျက်သွား တယ်၊ ဒါဖြင့် ပြုပြင်လိုက်ပျက်လိုက်တရားကိုလဲ သင်္ခါရလောက လို့ခေါ်တယ်....(မှန်ပါ)။

အခုတကာတကာမတွေ ဒါနနဲ့ပူပြင်လိုက်တယ် နတ်ဖြစ်သွားတယ်၊ တော်တော်ကြာ နတ်ပျက်ပြန်တာဘဲ၊ သီလနဲ့ပူပြင်လိုက်တော့လဲ အသက်ရှည်တယ်ဆိုပြီး တော်တော်ကြာကျတော့ သေပြန်တာဘဲ၊ အဲဒါတွေကျတော့ သင်္ခါရလောကလို့ ခေါ်လိုက်ပါ....(မှန်ပါ့)။

ပူပြင်လို့ ပေါ်လာတဲ့တရားကို ဖြစ်ပြီး ပျက်သွားယင်ဘာဆိုကြမယ်.... (သင်္ခါရ လောကပါဘုရား)။

အဲ....ဒါဖြင့် လောကဆိုတာကို ချုံးလိုက်ပါတော့ ဖြစ်မှုပျက်မှုရှိလို့ လောကခေါ်တာ....(မှန်ပါ့)။

အဲဒီမှာ ပဋ္ဌမတိတ္ထိက ကျုပ်အယူ ပြောမယ်ဆိုပြီး လောကကြီး ကျုပ်မြဲတယ်လို့ ယူတယ်ဗျာတဲ့၊ မှတ်ထား.... (မှန်ပါ့)။

လောကကြီး ဘယ့်နှယ်ယူလိုက်သလဲ.... (မြဲတယ်လို့ယူလိုက်ပါတယ်ဘုရား)။

မြဲတယ်လို့ တိတ္ထိတွေကယူလိုက်တော့ အနာထပိဏ်သူဌေးကြီးက နားထောင်တယ်၊ ကိုယ်တော်တို့ဒီ....တိတ္ထိတွေ မြဲတယ်လို့ယူတဲ့ဥစ္စာ မှားတယ်လို့ သူမပြောသေးဘူး....(မှန်ပါ့)။

ကဲ....ပြောပါဦး၊ ဒီ့ပြင်ရှောက်ပြီးတော့ နောက်တယောက်ကဝင်တယ်၊ ကျုပ်က မမြဲဘူးယူတယ်ဗျ၊ လောကကြီး မမြဲဘူးလို့....ယူလိုက်တယ်....(မှန်ပါ့) ကဲ....ပြောပါဦးဆိုပြီး ဆက်မေးတော့ လောကကြီးကို ကျုပ်က အဆုံးရှိတယ်....လို့ယူတယ်ဗျ၊ တယောက်ကပြောတယ်။

လောကကြီး အဆုံးမရှိဘူးလို့ တချို့က ယူတယ်ဆိုတော့ သူတို့ဟာ တထစ်ချပါသေးရဲ့လား.... (မပါပါဘုရား)မပါဘူး။

အသက်နဲ့ကိုယ် အတူတူဘဲလို့ ယူလိုက်တယ် တချို့တိတ္ထိက၊ တချို့တိတ္ထိကလဲ အသက်နဲ့ကိုယ် တခြားစီလို့ ယူလိုက်တယ်၊ ဒါ တိတ္ထိအယူချည့်မှတ်ရမယ်နော်....(မှန်ပါ)။

သတ္တဝါသေသည်၏ အခြားမဲ့၌ဖြစ်တယ်လို့ ယူလိုက်တယ်၊ သတ္တဝါသေသည်၏ အခြားမဲ့၌ မဖြစ်ဘူးလို့ ယူလိုက်တယ်၊ သတ္တဝါသေသည်၏ အခြားမဲ့၌ ဖြစ်ချိတလှည့် မဖြစ်ချိတလှည့်လို့တချို့တိတ္ထိက ယူလိုက်တယ်....( မှန်ပါဘုရား ) သတ္တဝါသေသည်၏ အခြားမဲ့၌ မဖြစ်သည်မဟုတ် ဖြစ်သေးတယ်လို့လဲ ယူလိုက်တယ်....(မှန်ပါ)။

ဒိဋ္ဌိဆယ်မျိုး၊ဒသဝတ္ထုကဒိဋ္ဌိဆိုတာ ဒါဘဲ....(မှန်ပါဘုရား)။

ဒါနဲ့-ကဲ...ကျုပ်တို့တော့ ဒါအယူဘဲ၊ သူတို့ အယူတွေဟာ အနာတပိဏ်သူဌေးကြီးက ဖြေလိုက်တယ်၊ ဒီ အကြောင်းတရား ကြောင့်အကျိုးတရားတွေဟာပေါ်နေတာဘဲ-တဲ့၊ ရုပ်နာမ်တွေဟာ ကံ,စိတ်,ဥတု အာဟာရအကြောင်းတရားလေးပါးကြောင့် ရုပ်နာမ်တွေပေါ်နေတယ်....(မှန်ပါ)။

ရုပ် နာမ်တွေ ပေါ်နေတော့ ဒါဟာ သင်္ခါရ လောကဘဲ၊ သင်္ခါရလောက ဆိုတာ ဖြစ်ပြီးပျက်တာဘဲ၊ ဖြစ်ပြီး သကာလ ပျက်နေတဲ့တရားကို အရှင်ဘုရားတို့ ဒီဟာတွေ ကိုယ့်အယူကိုယ် သဘောကျနေကြမယ်ဆိုယင်ဖြင့် အနိစ္စတရားနဲ့ အရှင်ဘုရားတို့ တကျွာဖြစ်နေတာဘဲ၊ အနိစ္စ တကျွာဖြစ်နေတယ်၊ မမြဲတဲ့တရား တကျွာဖြစ်နေတယ်၊ ဆင်းရဲတဲ့တရား တကျွာဖြစ်နေတယ်၊အနတ္တ

အစိုးမရတဲ့ တရားကြီးကို ကိုယ်တော်တို့ ယူထားတဲ့အယူက ငါ ထင်ပြီးသကာလနေတော့ကို ကိုယ်တော်တို့ယူတဲ့အယူဟာ နှလုံး သွင်းမှားလို့ တချက်ဖြစ်နိုင်တယ်၊ တရားမှားလို့ တချက်ဖြစ် နိုင်တယ်၊ ဒါ့ကြောင့် ဒီအယူတွေဟာလွဲတယ်....(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒီ-ဒိဋ္ဌိအယူဟူသရွှေဟာ အကြောင်းနှစ်ချက်ရှိတယ်လို့ မှတ် လိုက်စမ်းပါ... (မှန်ပါ့ဘုရား) တရားနာမှားလို့လဲဒိဋ္ဌိဖြစ်တယ်၊ ရှင်းပြီနော်....(ရှင်းပါပြီ) နှလုံးသွင်းမှားလို့လဲ.... ( ဒိဋ္ဌိဖြစ်ပါ တယ်) ဒါဖြင့် ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းဘယ်နှစ်ပါးရှိသတုံး.... (နှစ်ပါးရှိပါတယ်ဘုရား)။

အယောနိသော မနသိကာရ ကြောင့် လဲ ဒိဋ္ဌိဖြစ်တယ်၊ သူ တပါးတရားဟောတာ အမှားနာမိလို့လဲ.... (ဒိဋ္ဌိဖြစ်ပါတယ်)။

ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း ဘယ်နှစ်ပါးတုံး.... (နှစ်ပါးရှိပါ တယ်ဘုရား)။

ဦးသိဒိုင်ပေါ်ပြီ....(ပေါ်ပါပြီဘုရား) ပေါ်လာပြီတဲ့ အနာ ထပိဏ်သူဌေးကြီးက သူ့ကိုကစ္စချက်တင်လိုက်တယ်၊သူက သော တာပန်ကိုး....(မှန်ပါ့)။

ကိုင်း....တကာ့တကာမတို့ အခု ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းက သူတို့ ဆယ်မျိုးဖြစ်တာဟာ အကုန်အမှားချည့်ဘဲတဲ့၊ မှားတာ ကလဲ ဒီနှစ်ကြောင်း အရှင်တိတ္ထိတို့မှာရှိပါလိမ့်မယ်....(မှန်ပါ့) နှလုံးသွင်းမှားမှုရယ် တရားနာ မှားမှုရယ်.... ( မှန်ပါ့ ) ရှင်း ပလား ...(ရှင်းပါပြီ)။

ဘာတဲ့တုံး....(နှလုံးသွင်းမှားမှုနဲ့ တရားနာမှားမှုပါဘုရား)။

နှလုံးသွင်းမှားမှုနဲ့ တရားနာမှားမှုကြောင့် အရှင်ဘုရားတို့ ခိုင်တယ် မခိုင်ဘူး၊ အဆုံးရှိတယ် အဆုံးမရှိဘူး၊ သတ္တဝါသေ ယင်ဖြစ်တယ် မဖြစ်ဘူး၊ဒီ ဒိဋ္ဌိဆယ်ပါးဖြစ်လာတာ ဟာတဲ့ နှလုံး သွင်းမှားမှုနဲ့ တရားနာမှားမှုကြောင့် အရှင်ဘုရားတို့ ဒီဟာဖြစ် နေတာပါ တဲ့၊ အနိစ္စ ဒုက္ခ အနတ္တကို အရှင်ဘုရားတို့က ငါကိုယ် ငါဟာလုပ်နေတာ၊ ဒါကြောင့်လဲတယ်....( မှန်ပါ ) သူကဘဲ ပြောလိုက်တယ်....(မှန်ပါ)။

တရားနာမှားမှုက မောင်သစ် ဘာ အရေးကြီးသတုံး၊ ဦးသိ ဒ္ဓိုင် ဘာအရေးကြီးသတုံးဆိုလို့ရှိယင် သုတ္တန်တရားတွေနာမိကြ တယ်....၊ သုတ္တန်တရားတွေနာမိတော့ ဘာလှုလို့ ဘာဖြစ်သွား တယ်၊ ဘယ်သူဘဲ ဆိုတဲ့အခါကျတော့ ဒီမှာက ဥပမာမယ် အခု ဝိသာခါဟာ နိမ္မာနရတိမှာရှိတယ်ဆိုတော့ ဝိသာခါဘဲ နိမ္မာန ရတိမှာသွားဖြစ်တယ်လို့ ယူလိုက်တယ်....( မှန်ပါ ) သဘောကျ ပလား....(ကျပါပြီ)။

ဝိသာခါက ဘယ်မှာတုံး.... (နိမ္မာနရတိမှာပါဘုရား) အင်း နိမ္မာနရတိမှာ ဝိသာခါရှိတယ်-ဆိုတော့ကို ဒါ သေသေချာချာ မှတ်ကြပါ၊ ဩော်....ဝိသာခါဟာ အခု သောတာပန်တည်ပြီး ပြီ၊ တည်ပြီးပေမဲ့လဲ သူခုနစ်ဘဝဆိုသလိုဘဲ နေရဦးမှာဘဲ၊ အခု ဝိသာခါဘယ်မှာတုံးလို့မေးတဲ့အခါကျလို့ရှိယင်ဖြင့် လှူတန်း ပေးကမ်း၊ ကျောင်းတွေဘာတွေ ဆောက်၊ အမျိုးမျိုးဆွမ်းဝတ် ကွမ်းဝတ်တွေပြု၊ ဒီ ဝိသာခါ ဘယ်ဖြစ်သွားသတုံးမေးလို့ရှိယင်

ဖြင့် ဝိသာခါ နိဗ္ဗာနရတိ နတ်သမီးသွားဖြစ်တယ်....( မှန်ပါ့ ) မယူပေဘူးလား....(ယူပါတယ်ဘုရား)။

ယူလိုက်ပါတယ်၊ဒါ မယူလဲ မဖြစ်ပါဘူး၊ ယူရမှာဘဲ၊ ဝိသာခါ နိမ္မာနရတိနတ်သမီး သွားဖြစ်တယ်ဆိုတော့ ဒီမှာက တကာ တကာမတွေ ဩော်....ဒို့လဲ ဝိသာခါလို ဖြစ်ချင်လိုက်တာ၊ အပါယ်လဲ မကျတော့ဘူး၊ နိမ္မာနရတိသွားဖြစ်တယ်၊ ဒါတော့ ခင်ဗျားတို့ သဘောကျကြမှာဘဲ။

သဘောကျတဲ့ အခါကျလို့ ရှိယင်ဖြင့်တဲ့ ဝိသာခါ သွားဖြစ်တယ်ဆိုတော့ သုတ္တန်တရားကလဲ ဒီအတိုင်း ဟောထားတယ်၊ ဝိသာခါ ကိုယ်တိုင်ဘဲ သေသည်၏ အခြားမဲ့၌ သွားဖြစ်တယ်၊ သဘောကျပလား....(ကျပါပြီ)။

သေသည်၏ အခြားမဲ့၌ သွားဖြစ်တယ်လို့ ဆိုတော့ ဝိသာခါ သွားဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ဘဲ ပြန်ရတာဘဲ....(မှန်ပါ့)မရဘူးလား....(ရပါတယ်ဘုရား)။

အဲဒါမျိုးကျတော့ တရားနာ မှားတာနဲ့ သဿတဒိဋ္ဌိ ဖြစ်ပါတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

တရားနာ မှားတာနဲ့....(သဿတဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီဥစ္စာ မှားရပါလိမ့်မတုံး၊ သဿတဒိဋ္ဌိထဲ သွင်းလိုက်ပါလိမ့်မတုံး၊ တပည့်တော်တို့လဲ ဒီလိုဘဲ နာထားတာဘဲ ဆိုတော့ ဒီမှာရှိတဲ့ ဝိသာခါက ရုပ်နာမ်တွေကိုး....(မှန်ပါ့ဘုရား)။

ဝိသာခါဆိုတာကလဲ စင်စစ် ကြည့်လိုက်တော့ ဝိသာခါက သမုတိသစ္စာ၊ ရှိတာက ရုပ်နာမ်-(မှန်ပါ့ ရုပ်နာမ်ပါ) ဒီ ရုပ်နာမ် တွေဟာ ဒီမှာဘဲ သူ့ စုတိစိတ် ကျပြီး ရုပ်ရော နာမ်ရော အကုန် ပျောက်တယ်....(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)။

ဒီ ရုပ်နာမ်ဟာ ဒီမှာတွင် အကုန် မပျောက်ဘူးလား.... (ပျောက်ပါတယ်) သွားနိုင်သေးရဲ့လား (မသွားနိုင်ပါဘုရား)။

ဪ.... ခင်ဗျားတို့ ယူထားတာက ဝိသာခါ သွားဖြစ် တယ်....တဲ့၊ နိမ္မာနရတိနတ်ပြည်မှာ နတ်မိဖုရားကြီး သွားဖြစ်တယ် ဆိုတော့ ဝိသာခါသွားတဲ့ အမိပ္ပါယ် ရောက်နေတယ်....(မှန်ပါ့) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ရောက်ပြီးသကာလ-နေတော့ သွားလဲ မသွားနိုင်ဘူး .... (မှန်ပါ့) သွားနိုင်ကြရဲ့လား....(မသွားနိုင်ပါ ဘုရား)။

မသွားနိုင်ဘူးတဲ့၊ ဒီမှာ ရှိတဲ့ ရုပ်နာမ်ဟာ ဟိုမှာ နည်းနည်း မှ အဆက်မပါဘူး....( မှန်ပါ့ ) ပါတယ်ဆိုလို့ရှိယင် ရုပ်နာမ် မပျက်ဘူးဆိုတဲ့ သဿတဒိဋ္ဌိ သွားဖြစ်မယ်....(မှန်ပါ့)ပါလဲ မပါ ဘူး....(မပါပါဘုရား)။

သို့သော် ခင်ဗျားတို့က ဆရားသမားက ဖေးမ-တဲ့ ဆရာ သမားနဲ့ မတွေ့ဘူး၊ ခင်ဗျားတို့ကလဲ သုတ္တန်တရားဘဲ နာထားရ တယ်၊ အဘိဓမ္မာမနာရဘူးဆိုလို့ရှိယင် ဝိသာခါ သွားဖြစ်တယ် ယူလိုက်ဘာဘဲ....(မှန်ပါ့ဘုရား) မယူဘူးလား....( ယူပါတယ် ဘုရား ) ဘာဒိဋ္ဌိလဲ....(သဿတဒိဋ္ဌိပါဘုရား)။

သွားကို မသွားနိုင်ဘူး....(မှန်ပါ့)သွားနိုင်တဲ့ စွမ်းရည်သတ္တိ ရှိပါရဲ့လား....(မရှိပါဘုရား)။

မရှိတာကို ဝိသာခါ သွားဖြစ်တယ်၊ဒါကြောင့် ကျုပ်တို့လဲ ဝိသာခါ လိုတော့ လုပ်ရဦးမယ်ဆိုတော့ တရားနာ မှားတာနဲ့ တခါတည်း သဿတဒိဋ္ဌိ သွားဖြစ်တယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

တရားနာ မှားတာ....(သဿတဒိဋ္ဌိသွားဖြစ်ပါတယ်ဘုရား)။

သဿတဒိဋ္ဌိဆိုတာ ဘာတုံးဆိုလို့ရှိယင် ဒီ ရုပ်နာမ်သည် ခုနင်က ပြောသလိုဘဲ ဝိညာဏ်ကလေး ဟိုသွားဖြစ်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အသက်ကလေး ထွက်ပြီးတော့ ဟို....နတ်ပဋိသန္ဓေ သွားဖြစ်တယ်ဆိုတော့ ဒီ အသက်ကလေးက တကာ တကာမတွေ ဟို....သွားဖြစ်တာ၊ ဒီလို ယူပစ်လိုက်တယ်....(မှန်ပါ့)ဒီလို ယူပစ်လိုက်တော့ ဘာဆိုကြမယ်....(သဿတဒိဋ္ဌိပါဘုရား)။

ဒီ ဝိညာဏ်ကလေးက သွားသေးတာ၊ သွားပြီးတော့မှ နိမ္မာနရတိ သွားဖြစ်တယ်ဆိုတော့ ဒီပြင်ဟာတွေသာပျက်တယ် ဝိညာဏ်မပျက်ဘူး ယူလိုက်တယ်....(မှန်ပါ့) အဲဒီတော့ ဘာဒိဋ္ဌိ ဖြစ်သလဲ....(သဿတဒိဋ္ဌိဖြစ်ပါတယ်) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

သေတော့ သေတာဘဲ၊သေပေမဲ့ ဝိညာဏ်ကလေးက ပြောင်းတယ်....(မှန်ပါ့) ဘာဒိဋ္ဌိလဲ....(သဿတဒိဋ္ဌိပါဘုရား)။

အဲဒါ ဗုဒ္ဓဘာသာတွေမှာ တကယ် ရှိနေကြတယ်(မှန်ပါ)။

တကယ်ရှိကြောင်းကို ဘုန်းကြီးက သက်သေ သာဓက လုံလောက်အောင်ပြမယ်.... (မှန်ပါ) တကာ တကာမတွေက ဘယ့်နှယ်နေသတုံး.... ဒီလူမမာ အသက်မထွက်သေးဘူးလား ဒီလိုမေးတာဘဲ.... (မှန်ပါ) မမေးဘူးလား.... (မေးပါတယ် ဘုရား)။

အသက် မထွက်သေးဘူးလား....တဲ့ အသက်ဆိုတာ ဝိညာဏ် ခေါ်တယ်....(မှန်ပါ)။

အသက်ကလေး ထွက်သွားပြီ၊ ဘယ်မျှားသွားပြီး ဖြစ်ကြပါ လိမ့်....ဆိုတော့ သဿတက တခါတည်း ပါလာတယ်....(ပါပါ တယ်ဘုရား)ဒီ....ဝိညာဏ်ကလေးက ချုပ်သေးရဲ့လား....(မချုပ် ပါဘုရား)။

ဒါဖြင့် ကျန်တဲ့ ရုပ်နာမ်သာဒီမှာထားပစ်ခဲ့တယ်... (မှန်ပါ) ဒီဝိညာဏ်ကလေးဟာ ပြောင်းတယ် ဆိုတော့.... ဝိသာခါဖြင့် ပြောင်းတယ်' နတ်သမီးအဖြစ်ပြောင်းတယ်.... (မှန်ပါ) ဘာဒိဋ္ဌိ ဖြစ်နေသလဲ.... (သဿတဒိဋ္ဌိပါဘုရား)။

အဲဒါ တရားနာမှားလို့ဖြစ်တာ.... (မှန်ပါ) ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ဘာမှားလို့ ဖြစ်တာတုံး.... (တရားနာမှားလို့ ဖြစ်တာပါ ဘုရား)။

တရားနာမှားလိုက်တာဘုန်းကြီးကလဲ တော်အောင်ဘဲဟော လိုက်တယ်.... (မှန်ပါ) စာအုပ်ကလဲ ရေးစရာမရှိတာနဲ့ ဒါဘဲ ရေးလိုက်တယ်.... (မှန်ပါ)။

ရေးလိုက်တော့ကိုဝိသာခါသွားဖြစ်တာ နင်တို့မသိဘူးလား။ နိမ္မာနရတိမှာ နတ်သမီးကြီးကို သွားဖြစ်တယ်၊ ဝိသာခါကိုယ်တိုင်ဆိုတော့ ဝိသာခါ သေတာတော့ သူတို့သိရဲ့.... (မှန်ပါ့) ဝိညာဏ်ကလေးက သွားဖြစ်တယ်ဆိုတာ ယူထားတယ်....(မှန်ပါ့ဘုရား)။

ဝိသာခါ လူ့ပြည်မှာသေတယ်ဆိုတာတော့သိရဲ့....(မှန်ပါ့) ဝိညာဏ်ကလေးက (နတ်ပြည်သွားဖြစ်တယ်လို့ ယူထားပါတယ်ဘုရား) သဘောပါပလား.... (ပါပါပြီ) ဒါဖြင့် သူ့ကို ဘာဒိဋ္ဌိ ဆိုမလဲ.... (သဿတဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား)။

တခြားသော ရုပ်နာမ်သာသေတယ်၊ ဝိညာဏ်ဆိုတဲ့ စိတ်ကလေးက မသေဘူး.... (မှန်ပါ့) ဒီလိုဆိုတော့ ဝိညာဏံ အနိစ္စံ ဆိုတာနဲ့ ကန့်လန့်ကြီး သွားဖြစ်တယ်.... (မှန်ပါ့ဘုရား)။

အဘိဓမ္မာနည်းနဲ့တော့ ဝိညာဏံ အနိစ္စံ၊ ဝိညာဏံ = ဝိညာဏ်သည်၊ အနိစ္စံ = ချုပ်ပျောက်သွား၏၊ ဖြစ်ပြီးပျက်သွားတယ်၊ အစရှာမတွေ့ဘူး၊ အနိစ္စနယ်ကပေါ့လေ....(မှန်ပါ့) ဒီဝိညာဏ် အဲဒီ့ ဝိညာဏက္ခန္ဓာကလေး သွားတယ်လို့ သူတို့ယူပါတယ်.... (မှန်ပါ့ဘုရား)။

အဲဒါကြောင့် မြန်မာပြည်မှာ သုတ္တန်တရားကိုဝဋ္ဋကြောင်းလောက်နာယင် သဿတဒိဋ္ဌိ သွားဖြစ်တယ်.... (မှန်ပါ့)။

သုတ္တန်တရား ဝဋ္ဋကြောင်းလောက်ကို ကိုယ်က မယူတတ်ဘဲနဲ့ ဆရာမှာလမ်းဆုံးနေယင် ဘာဖြစ်သတုံး.... (သဿတဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား)။

အဲဒီ့ သဿတဒိဋ္ဌိ ဒီမြို့ပေါ်မှာဖြစ်စေ၊ ရန်ကုန်မှာဖြစ်စေ၊ မန္တလေးမှာဖြစ်စေ ဘယ်လောက် များမယ် ထင်ကြသတုန်း.... (မရေတွက်နိုင်ပါဘုရား) အကုန် ဒီအယူ-ယူတယ်.... (မှန်ပါဘုရား)။

အသက်ထွက်တယ်ယူကတည်းက ဒိဋ္ဌိစွဲပါသွားပြီ....(ပါပါပြီဘုရား) မပါသေးဘူးလား.... (ပါပါပြီဘုရား)။

ဒါဖြင့်အားလုံးတကာတကာမတို့ ဗုဒ္ဓဘာသာဒိဋ္ဌိ....(မှန်ပါ) ဗုဒ္ဓဘာသာမှာ.... (ဒိဋ္ဌိဖြစ်ပါတယ် ဘုရား) ဗုဒ္ဓဘာသာဒိဋ္ဌိ.... ကြောက်စရာကောင်းလိုက်တာ.... (မှန်ပါ)။

ဒါကို အားလုံးမှတ်ကြစမ်းပါ၊ ဒီအယူဟာ အသက်မထွက်သေးဘူးလား....ဆိုတဲ့ လူတဦးတယောက်မှာဖြင့် ဒီအယူရှိတာချည်းဘဲ....(မှန်ပါဘုရား)။

အသက်မထွက်သေးဘူးလား....ဆိုတဲ့အယူရှိယင်-(ဒီသဿတ ရှိပါတယ်ဘုရား) မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

အခုအချိန် ဘယ်များရောက်နေရှာပါလိမ့်.... ရောက်တယ်ဆိုတာ သွားလို့ပြောတာ.... (မှန်ပါ- သွားလို့ ပြောတာပါဘုရား)။

ရောက်တယ်ဆိုတာ.... (သွားတယ်ယူလို့ ပြောတာပါ) ဒါဖြင့် ဘာဒိဋ္ဌိတုန်း....(သဿတဒိဋ္ဌိပါဘုရား)။

အဲဒါ ဘယ်ကလာတာတုန်း မေးတော့မှ တရားနာမှားလို့ လာတာ.... (မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘယ်ကလာတာတုံး.... ( တရားနာမှားလို့ လာတာပါ ဘုရား)။

အဲဒါ ဘယ်လောက်ဘဲ ပုဂ္ဂိုလ်ကဟောဟော မယုံလေနဲ့ (မှန်ပါ့) မယုံလေနဲ့၊ ဝိညာဏံ အနိစ္စံ- သာ မှတ်လိုက်.... (မှန်ပါ့)။

ဝိညာဏံ ဘယ်ဝိညာဏ်မဆို၊စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှာဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ် ဝိညာဏံ အနိစ္စံချည်းသာရှိရမယ်.... (မှန်ပါ့)ဘယ်မှမလိုက်နိုင်ဘူး.... (မှန်ပါ့) သွားနိုင်ပါ့မလား.... (မသွားနိုင်ပါဘုရား) မသွားနိုင်တာကို သူတို့က လောက်လန်းသဖွယ် ဝိညာဏ်တွယ် တွေနဲ့ တချို့ရေးထားတဲ့စာတွေက ဒီကနေကူးပြီးတော့ ဟိုသွား တွယ်တာ၊ ဒီကြား အပြက်ကိုမပါဘူး.... (မပါ ပါ ဘုရား) ဘာဒိဋ္ဌိဖြစ်နေသတုံး.... (သဿတဒိဋ္ဌိ ဖြစ်နေပါတယ်ဘုရား)။

ဘာကူးသွားတယ်၊ ကူးတယ်ဆိုကတည်းက ရေထဲလှေနဲ့ကူး သလို ကူးတာ.... (မှန်ပါ့) ဘာဒိဋ္ဌိတုံး.... (သဿတဒိဋ္ဌိပါ ဘုရား)။

အဲဒါ တချို့ရေစက်ချ ရှေးကျကျ ဒီ....ဆရာကောင်းသမား ကောင်းနဲ့ သေသေချာချာ စစ်တဲ့ပုဂ္ဂိုလ်နဲ့ မတွေ့လို့ရှိယင် ဘဝဟာပါး ပြောင်းသွားလေသောသူအား ချတာဘဲ၊ ရေစက် ချတယ်.... (မှန်ပါ့ဘုရား) သိပ်ကြောက်စရာ ကောင်းပါလား (ကောင်းပါတယ်ဘုရား) ဘာဒိဋ္ဌိပါလိမ့်.... (သဿတဒိဋ္ဌိပါ ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘဝတပါး ပြောင်းသွားလေသော.... ဆိုကတည်းက ဒီ....မ ပျော်လို့ ဟိုပြောင်းတာ.... (မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိ ပါပြီဘုရား)။

ဒါ....ဘာဖြစ်လို့ ဒီ....သဿတဒိဋ္ဌိ ဒီ....တကာ့တကာ့မတွေ့ သန္တာန် ပေါ်နေပါလိမ့်မတုံးလို့ လက်သည်ရှာ.... (တရားနာ မှားလို့ပါဘုရား)။

ဒါကြောင့် အနာထပိဏ် သူဌေးကြီးပြောတာ ဦးသံဒိုင်မမှန် ဘူးလား....(မှန်ပါတယ်) မှန်တယ်။

အရှင်ဘုရားတို့ တရားနာမှားလို့ ဒိဋ္ဌိဖြစ်နေပြီ-တဲ့ (မှန်ပါ့)။

အဲဒါ ဘုန်းကြီးတို့ တကာ တကာ့မတွေ့မှာတော့ အဲဒါရှိနေ လို့ ဘဝတပါးပြောင်းသွားတဲ့ အယူကို ကိုယ့်သန္တာန်မှာလဲ ရှိနေမယ်၊ ဝိညာဏ်ကလေးက သွားတယ်လို့ ဟိုမှာသွားပြီးဖြစ် ရတယ်လို့ ယူလို့ရှိယင် ခင်ဗျားတို့ ဇီဘဝ အာပေါက်အောင် အားထုတ် မဂ်ဉာဏ်-ဖိုလ်ဉာဏ်မရဘူး....(မှန်ပါ့)။

မှဂ် တားချလိုက်တယ်၊ ကုသိုလ်ကိုတော့ မတားပါဘူး.... (မှန်ပါ့) မဂ်ကျတော့....(တားပါတယ်ဘုရား)။

နိဗ္ဗာန်တားချလိုက်တယ်....(မှန်ပါ့) နတ်ရွာသုဂတိဖြစ်ဘို့ကျ တော့.... (မတားပါဘုရား) မတားပါဘူး၊ သေသေချာချာ မှတ်ပါ....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

အတည်မကျ ဘဝတပါးသို့ ပြောင်းသွားလေသော သူအား ရည်မှတ်၍ လှူဒါန်းပြီးသကာလ အမျှယူကြပါဗျို့လို့ အော်

ဟာတွေ အများကြီးကြားရတယ်… (မှန်ပါ့ဘုရား) မကြားရဘူး လား….(ကြားရပါတယ်ဘုရား)။

အတည်မကျ၊ သူက အတည်မကျရှာဘူးတဲ့….(မှန်ပါ့) ဘဝ တပါးသို့ ပြောင်းသွားတယ်တဲ့….(မှန်ပါ့)ဟ….သွားပြီကော။

အဲဒါ ခင်ဗျားတို့နားထဲမှာ ဝ နေမယ်ထင်တယ်…. (မှန်ပါ့) ဘာဒိဋ္ဌိနဲ့ ယူလိုက်တာတုံး…. (သဿတ ဒိဋ္ဌိနဲ့ ယူလိုက်တာပါ) ပြောင်းနိုင်ရဲ့လား…. (မပြောင်းနိုင်ပါဘုရား)။

အင်း….သွားပြီပေါ့၊ အတော်ကိုကြောက်စရာ ကောင်းနေ တာ….(မှန်ပါ့)။

အတော် ကြောက်စရာကောင်းနေတာ၊ ပြင်လဲမပြင်ကြ…. (မှန်ပါ့) ဘာပြင်နိုင်လိမ့်မလဲလို့ မေးတော့ သူများရေးတဲ့စာကို ကျက်ပြီးပြောတာ….(မှန်ပါ့ဘုရား) သူများပါးစပ်မှာလမ်းဆုံး နေတယ်….(မှန်ပါ့)။

အဘိဓမ္မာလဲ သူမကြည့်၊ ဟုတ်လား…. (မှန်ပါ့) ကိုယ့်ဟာ ကိုယ်လဲ ငါ့ဥစ္စာ ဟုတ်မှဟုတ်ကဲ့လားလို့ ဒီလိုလဲ မတွေးတတ် ကြ….(မှန်ပါ့)မတွေးတတ်တော့ သူများရေးတဲ့စာအတိုင်း လူက ချလဲ ဒီ-အတိုင်းဘဲ၊ တချို့သာမည ကိုယ်တော်တွေချလဲ ဒီ-အ တိုင်းဘဲချမယ်….(မှန်ပါ့ဘုရား)။

ဒီအတိုင်းဘဲချလိုက်တယ်၊ ဘာဒိဋ္ဌိချလိုက်သလဲ…. (သဿတ ဒိဋ္ဌိချလိုက်ပါတယ်ဘုရား)။

ဟိုပုဂ္ဂိုလ်တွေကလဲ ဩော်….ရောက်လေရာ အမျှ-အမျှ၊သူက လဲ ရောက်လေရာဘဲတဲ့….(မှန်ပါ့ဘုရား)။

ဘယ်နှယ်ဆိုလိုက်သလဲ.... (ရောက်လေရာ အမျှပါဘုရား)။

ရောက်လေရာဆိုတော့ သွားလို့ ရောက် တာ ပေါ့ဗျ.... (မှန်ပါ့) ဒါဖြင့် ဘာဒိဋ္ဌိဆိုကြမလဲ.... (သဿတဒိဋ္ဌိပါဘုရား)။

ဟာ....အမျှသမားကလဲ ငါးပါးမှောက်ပြီ...(မှန်ပါ့)

အမျှဝေတဲ့သမားကလဲ ငါးပါးမှောက်ပြီ၊ ရေစက်ချတဲ့လူက လဲ ဂျွမ်းထိုးဘဲ.... (မှန်ပါ့) မလာပေဘူးလား.... (လာပါတယ် ဘုရား)။

ဟိုမှာ ဘာဖြစ်မလဲ ဆိုတာ လာလိမ့်ဦးမယ်....(မှန်ပါ့) ဒါဖြင့် ဘုရား ဟိုမှာဖြစ်ပေါ်နေတဲ့ ဝိသာခါနတ်သမီးဟာ ဒီကဟာနဲ့ ဘာမှမဆက်သွယ်ဘူးလားဆိုတဲ့ အမိပ္ပါယ်၊ တနည်းအားဖြင့် တပည့်တော်တို့ ပြုလုပ်ထားတဲ့ ကုသိုလ်စေတနာတွေလဲ ဟိုမှာ ဘာမှမပါဘူးဆိုလို့ရှိယင် တပည့်တော်တို့လုပ်တာလဲ အဟော သိကံ ဖြစ်ရတော့မှာလားဆိုပြီး ဥစ္ဆေဒဒိဋ္ဌိဘက် ပြေးသွား တယ်... (မှန်ပါ့ဘုရား)။

ဘယ်ပြေးသွားသတုံး....(ဥစ္ဆေဒဒိဋ္ဌိဘက် ပြေးသွားပါတယ်) ဒါ့ကြောင့် အတော်ကြောက်စရာကောင်းတယ်၊ သဿတ ဒိဋ္ဌိလွတ်လိုက်တော့ ဥစ္ဆေဒဒိဋ္ဌိဘက်က ဝင်လာတယ်.... (မှန်ပါ ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိဆိုတာ ဒီကအကြောင်းနဲ့ ဟိုကအကျိုး ဘာမှ မဆက်တာကိုး....(မှန်ပါ့) ဘာဒိဋ္ဌိခေါ်ကြသလဲ.... (ဥစ္ဆေဒဒိဋ္ဌိ ခေါ်ပါတယ်)။

ဒီဟာကြီး တိုက်ရိုက်သွားတာကိုတော့.... (သဿတဒိဋ္ဌိခေါ် ပါတယ်ဘုရား)။

ဒီမှာရှိတဲ့ နာမ်ရုပ်က ဘာမှဟိုဘက်ကို မလိုက်ပါဘူးဆိုတော့ ဟိုမှာဖြစ်နေတာ အထင်အရှား ဖြစ်ပြီးသကာလနေတော့ ဩော် ဟိုမှာလဲ ဖြစ်ချင်သလို ဖြစ်တာကိုးလို့ ယူလိုက်လို့ ရှိယင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်....(မှန်ပါ့-ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါတယ်) သဘောကျ ပလား....(ကျပါပြီ)။

ဒါလဲ တရားနာမှားလို့ ရှိယင်လဲ ဥစ္ဆေဒဒိဋ္ဌိဖြစ်နိုင်သေးတယ် (ဖြစ်နိုင်ပါ့ဘယ်ဘုရား) မဖြစ်နိုင်ဘူးလား.... (ဖြစ်နိုင်ပါတယ် ဘုရား)။

အခုလဲ ဘုန်းကြီးပြောလိုက်သည်၊ ခင်ဗျားတို့ သဿတလဲ ဖြုတ်ပေးပါရော ခင်ဗျားတို့ဉာဏ်က မိစ္ဆာဉာဏ်က တခါတည်း ဝင်လာပြီး ဩော်....ဒီကဟာနဲ့ ဘာမှမဆက်သွယ်ပါလား ဆိုပြီး ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်... (မှန်ပါ့)။

ဒီကဟာနဲ့.... (ဘာမှမဆက်သွယ်ပါကလားဆိုပြီး ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါတယ်) ဥစ္ဆေဒဒိဋ္ဌိသွားဖြစ်တယ်....(မှန်ပါ)။

ဒါကြောင့် အင်မတန်ခဲယဉ်းတယ်၊ ဆရာကောင်း သမား ကောင်းတွေတို့ အင်မတန်ခဲယဉ်းတယ်ဆိုတာတော့ ပေါ်ပါပြီ.... (မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ဒီဟာ လည်လည်ပြောတို့ ခင်ဗျားတို့ဉာဏ်ထဲမှာ ရှင်းဘို့လွယ် မှမလွယ်ဘဲ....(မှန်ပါ) မလွယ်တော့ အခုပြင်ပေး လိုက်ပြန်တော့ ခင်ဗျားတို့က လူ့လွယ်အိတ်လို ဖြစ်နေတယ်.... (မှန်ပါ့)။

ဒီဘက်ကလှည့်တဲ့အခါ ခါးကပ်နေလို့ ဟိုဘက်လှည့်တဲ့အခါ လဲ ခါးကပ်တာဘဲ....(မှန်ပါ) လူ့လှည့်အိတ်လို ဖြစ်နေတယ်.... (မှန်ပါ)မဖြစ်ဘူးလား....(ဖြစ်ပါတယ်)စဉ်းစားမိပလား....(စဉ်း စားမိပါတယ်ဘုရား)။

အခု သဿတဖြုတ်ပေးလိုက်တော့ ခင်ဗျားတို့က ဘယ်ကပ် နေသတုံး....(ဥစ္ဆေဒကပ်နေပါတယ်) ဥစ္ဆေဒဘက် ကပ်နေတော့ အတော်ခဲယဉ်းနေတာ....(မှန်ပါ)အမြင်ပေါ်ကြပလား....(ပေါ် ပါပြီ)။

ဒါ ဦးသံဒိုင်ကမှတ်၊ နှလုံးသွင်းမှားတာကို မပြောသေးပါ ဘူး.... (မှန်ပါ) တရားနာမှားလို့ကို ပြောတုန်းရှိသေးတယ်.... (မှန်ပါဘုရား)။

အခု ဘုန်းကြီးတရားကို အခု နာရိဝက်သာသာနာကြည့်တော့ မှ သဿတတော့ ပြုတ်သွားတယ် တကာတကာမတို့....(မှန်ပါ) ဪ....ဒီက ရုပ်နာမ်ဟူသမျှ ဒီမှာတင် ချုပ်တာဘဲ၊ တပည့် တော်တို့ လုပ်တဲ့ အတိုင်းဘဲဖြစ်ပြီး ပျက်သွားတာဘဲ၊ ဘာမှ မလိုက်နိုင်ပါဘူးဆိုတော့ တခါတည်း ဟိုဘက် ပြေးသွားတယ် ဉာဏ်က....(မှန်ပါ) ဘယ်ဘက်ပြေးသတုံး.... (ဥစ္ဆေဒဘက် ပြေး ပါတယ်ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိဘက် တခါ ဆက်ပြီးပြေးသွားပြန်တယ်၊ လူ့လှည့် အိတ်လို ဖြစ်နေတယ်ဆိုတာ မမှန်ဘူးလား....(မှန်ပါတယ်)။

ဒီဘက်က ခါးနားကပ်နေလို့ ဖြုတ်ပေးလိုက်ပြန်လို့ ဟို ဘက်ခါး သွားကပ်တာဘဲ....(မှန်ပါဘုရား) ညာဘက်ပြောင်း

တော့လဲ ခါးဘဲ ပြန်ကပ်တယ်....(မှန်ပါ့) အတော်ဆိုးနေပြီ....(ဆိုးပါတယ်ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒီတော့ကို ဒီနေ့ည ဒါ ရှင်းပေးရမယ် ဦးသံဒိုင်ရ....၊ မရှင်းယင် ဘယ်တော်ဇတော့မတုံး....(မှန်ပါ့) မရှင်းယင်လဲ မရပါဘုရား။

ဒါ သေသေချာချာ နားထောင် သဿတ ပြုတ်ပလား ခင်ဗျားတို့-(ပြုတ်ပါပြီဘုရား)သဿတကတော့ ပြုတ်ပြီ ဥစ္ဆေဒဘက် ကူးနေတယ်....(မှန်ပါ့ဘုရား)ဒီ ဥစ္ဆေဒဒိဋ္ဌိကို တခါဖြုတ်ပေးရဦးမယ်....(မှန်ပါ့) မဖြုတ်လို့ရှိယင်တော့ ခင်ဗျားတို့ မဂ်ညာဏ် ဖိုလ်ဉာဏ်ကို အာပေါက်အောင် အားထုတ်၊ လက္ခဏာရေး သုံးပါးကို မရနိုင်ပါဘူး....(မရနိုင်ပါဘုရား)။

ခုနင်က ပါဠိတော်မှတ်လိုက်ပါ၊ ဘုရားဟောတဲ့ ပါဠိတော်နော်....(မှန်ပါ့) တစုံတခုသော တရားကို နိစ္စလို့ယူလို့ရှိယင်လဲ သဿတဒိဋ္ဌိကွာ တဲ့၊ အနုလောမဉာဏ်တောင် မရနိုင်ဘူး။ မဂ်ဉာဏ် ဖိုဉာဏ်ဆိုတာဝေးပါသေးရဲ့တဲ့....(မှန်ပါ့ဘုရား) မဟုတ်ဘူးလား....(မှန်ပါ့)။

တခါ ပြတ်တယ်လို့ ဥစ္ဆေဒဒိဋ္ဌိ ယူလိုက်ပြန်လို့ရှိယင်လဲ ခုနင်က အနုလောမ ဉာဏ်မျိုးလဲ ရမှာမဟုတ်ဘူးတဲ့၊ သူလဲ ဒိဋ္ဌိတမျိုးခံတာဘဲ....(မှန်ပါ့)။

သဿတပြုတ်တော့ ခင်ဗျားတို့က ဘယ်ဘက် သွားကပ်နေသတုံး....(ဥစ္ဆေဒဘက် သွားကပ်နေပါတယ်)။

ဥစ္ဆေဒဒိဋ္ဌိ၊ ဒီက အကြောင်း အကျိုး ဘာမှ မလိုက်ဘူး၊ ဟိုမှာ ဖြစ်ချင်သလို ဖြစ်တာလို့ ယူချင်ယူပစ်လိုက်တယ်....(မှန်ပါ့ဘုရား) မယူပေဘူးလား....(ယူပါတယ်ဘုရား)။

ဘယ်လို ယူပစ်ကြသတုံး....(ဖြစ်ချင်သလို ဖြစ်တာ) ဖြစ်ချင်သလို ဖြစ်တာ- ဒီဘက် ပြေးပြန်တယ်(မှန်ပါ့ဘုရား)ရှင်းပလား-(ရှင်းပါပြီ)။

ကောင်းပြီ ဒါကလေးကိုလဲ ရှင်းပေးပါမယ်တဲ့၊ ဒီလို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခုနင်က တတ္တွေ ကြည့်ပါလား လောကကြီး အဆုံးရှိဘယ်၊ လောကကြီး အဆုံးမရှိဘူးတဲ့၊သတ္တဝါသေယင် မဖြစ်ဘူးတဲ့ ဆိုတော့ ဥစ္ဆေဒဒိဋ္ဌိတွေ မလာဘူးလား....(လာပါတယ်)။

သတ္တဝါသေယင် ဘာမှ မဖြစ်တော့ဘူး၊ သူ-ဒီလို ယူလိုက်တယ်....(မှန်ပါ) ဒီလိုကျတော့ ဘာဒိဋ္ဌိထဲ သွင်းမလဲ.... (ဥစ္ဆေဒဒိဋ္ဌိပါ)။

အဲဒီ ဒိဋ္ဌိတွေဟာ အဲဒါနဲ့ စပ်ပြီးသကာလ အခု ဟောရတဲ့တရားလို့ မှတ်ပါ....(မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ဥစ္ဆေဒဒိဋ္ဌိ ဖြုတ်ပေးမယ်....( မှန်ပါ့ ) ဥစ္ဆေဒဒိဋ္ဌိ ဖြုတ်ရတော့မယ် ဆိုလို့ရှိယင် တကာ တကာမတို့ ဒီက နာမ်ရုပ်ဟာ ချုပ်သွားတယ်နော်....(မှန်ပါ့)။

ဒီက နာမ်ရုပ်တော့ ချုပ်သွားတယ်၊ ဟိုမှာ တတိုတစမှ နိမ့်မှာ နရုတိဘုံတော့ မလိုက်ပါဘူး ဝိသာခါဟာလေ....(မှန်ပါ့)။

ဝိသာခါရုပ်နာမ်သည် လူ့ပြည်မှာဘဲ သေတာပန်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ရုပ်နာမ်ကတော့ ချုပ်ရမှာဘဲ(ချုပ်ရမှာပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

နို့....တခါစဉ်းစားလိုက်၊ ဟိုကျတော့ ဝိသာခါဟာ နာမ် ပေါ်သလား....၊ရုပ်ပေါ်သလား....၊ နာမ်ရုပ်ဘဲ ပေါ်နေသလား လို့ အကဲခပ်....(နာမ်ရုပ်ဘဲ ပေါ်ပါတယ်)။

ဟင်.... (နာမ်ရုပ်ဘဲပေါ်ပါတယ်ဘုရား) နာမ်ရုပ်ဘဲ ပေါ်တယ်....(မှန်ပါ့) ဒီမှာ သေတာကော....(နာမ်ရုပ်ပါဘဲဘုရား) ဟိုမှာ ပေါ်တာကော....(နာမ်ရုပ်ပါဘဲဘုရား)။

ဟိုမှာ ဖြစ်ပေါ်တာလဲ နာမ်ရုပ်ဘဲ ပေါ်တယ်.... (မှန်ပါ့) ဩော်... ဒါဖြင့် ဒီလိုလုပ်၊ ဒီလိုလုပ် တကာ တကာမတို့၊ ဩော်- ဒီနာမ်ရုပ်သည် ချုပ်သွားတာလဲ အမှန်ဘဲ၊ သူနဲ့ အလားတူ ဟိုမှာ ဖြစ်ပေါ်တယ်....(မှန်ပါ့)။

ချုပ်သွားတဲ့ တရားက အလားတူ....(ပေါ်ပါတယ်ဘုရား) အလားတူ သူ့အကြောင်း မကင်းဘူးတဲ့....(မှန်ပါ့)။

သူက နာမ်ရုပ်မို့ ဟိုမှာ ပေါ်ရတာလဲ.... (နာမ်ရုပ်ပါဘဲ ဘုရား)နာမ်ရုပ်ဘဲဆိုတော့ ဒီက အကြောင်း အကျိုး ဆက်မနေဘူးလား....(မှန်ပါ့) ဒီ နာမ်ရုပ်အကြောင်းကြောင့် ဒီဘက်မှာ (နာမ်ရုပ်ပေါ်ပါတယ်ဘုရား)။

ဒီလိုဆိုတော့ ဥစ္ဆေဒ ဖြစ်သေးရဲ့လား....(မဖြစ်ပါ ဘုရား) လိုက်လဲ မလိုက်ဘူး....(မှန်ပါ့)။

ဒီက နာမ်ရုပ်အကြောင်းကြောင့် ဟိုမှာ ဘာတုံး.... (နာမ်ရုပ်အကျိုးပေါ်ပါတယ်ဘုရား)။

နာမ်ရုပ်အကျိုး ပေါ်တယ်ဆိုတော့ ဒီက လိုက်တာကော ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)ပြတ်တာကော....(မဟုတ်ပါဘုရား) နို့မဟုတ်လို့ရှိယင် ဟိုကျမှ ရုပ်ကလေး တခုတည်း ပေါ်နေမယ်၊ နာမ်ကလေးတခုတည်း ပေါ်နေမယ်ဆိုလို့ရှိယင် လဲ ဒါခင်ဗျားတို့ စဉ်းစားစရာပေါ့ နော်....(မှန်ပါ့)။

အဲဒီတော့ ချုပ်သွားတဲ့ နာမ်ရုပ်ကြောင့် ဖြစ်ပေါ်တဲ့ နာမ်ရုပ်၊ နတ်ပြည်မှာ ဖြစ်ပေါ်တဲ့ နာမ်ရုပ်ဘဲ ပေါ်တယ်(မှန်ပါ့)။

ဒီမှာ ချုပ်သွားတာက....(နာမ်ရုပ်ပါဘုရား) ဟိုမှာ ပေါ်တာက(နာမ်ရုပ်ပါဘုရား)ဩော်....ဒါဖြင့်တခုသော နာမ်ရုပ်က နာမ်ရုပ်ကို ကျေးဇူးပြုတယ်(မှန်ပါ့ဘုရား)ရှင်းပလား (ရှင်းပါပြီဘုရား)။

တခုသော နာမ်ရုပ်က....(တခုသော နာမ်ရုပ်ကို ကျေးဇူး ပြုပါတယ်ဘုရား) ကျေးဇူးသာ ပြုတယ်၊ လိုက်တော့ မလိုက်ဘူး (မလိုက်ပါဘုရား)။

ဒါဖြင့် ကျေးဇူးပြုတာကို သိသဖြင့် ဥစ္ဆေဒဒိဋ္ဌိ လွတ်သွားတယ်....( မှန်ပါ့ဘုရား ) ကျေးဇူးပြုတယ်ဆိုတော့ သူတို့နှစ်ခုဟာ အကြောင်း အကျိုး ဆက်သေးတဲ့ အဓိပ္ပါယ် ရတယ်....( မှန်ပါ့ ) မရဘူးလား....( ရပါတယ်ဘုရား ) အကြောင်း အကျိုး ဆက်လို့ရှိယင် ဥစ္ဆေဒ ယူနိုင်သေးရဲ့လား .... (မယူနိုင်ပါဘုရား)။

ဒါဖြင့် ယနေ့ညမှာ သဿတလဲ ခင်ဗျားတို့ လွတ်သွားပါပြီ (မှန်ပါ့)ဥစ္ဆေဒကော....(လွတ်သွားပါပြီဘုရား)။

လွတ်သွားပြီ၊ ဒီလိုဆိုယင် တရားအားထုတ်တော့၊ ကိစ္စမရှိ တော့ဘူး....(မှန်ပါ့) မဂ်ဉာဏ် ဖိုလ်ဉာဏ် တားမြစ်မည့်တရား မရှိတော့ဘူး....(မှန်ပါ့ဘုရား) သဘောပါပါလား....(ပါပါပြီ)။

ဒါဖြင့် ဒီလို သဿတ ဥစ္ဆေဒဖြုတ်မပေးဘဲနဲ့ ရောက်လာ ယင် အနိစ္စ ဒုက္ခ အနတ္တလုပ်ကွ- ရှုကွ-ရှုကြကွ၊ အလကားလုပ် နေတာ အဲဒါမရဘူး....(မှန်ပါ့)။

ဘယ်နည်းနဲ့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရနိုင်ဘူး .... (မှန်ပါ့) သူ့ကိုအယင်အလုပ်ပေးရမယ်...(မှန်ပါ့ဘုရား)။

ဒိဋ္ဌိရှိလျက်နဲ့ အာပေါက်အောင် အားထုတ်ပါလို့ဆိုတော့ ဒါဖြင့် တနေ့ကပြောလိုက်တယ်၊ ဘုရားနဲ့ ဖွားဘက်တော်ဖြစ်တဲ့ ဆန္နမထေရ်မှာ ဒိဋ္ဌိကပ်နေလို့ နှစ်ပေါင်း ၃၅-နှစ်လောက် အား ထုတ်တာ မရဘူး....(မှန်ပါ့ဘုရား)။

နောက်တော့ရှင်အာနန္ဒာက အကဲခတ်ပြီး ဒီရဟန်းဟာ ခြောက်- အကြောင်းအကျိုး မဆက်ဘတ်ဘဲနဲ့ သူ့ဟာသူထင်သလို မြင် သလို ဘုရားတရားတွေနာပြီး သူ့ဟာသူ ထင်သလို မြင်သလို အားထုတ်နေလို့ သဿတ ဥစ္ဆေဒခံနေတယ်.... (မှန်ပါ့ဘုရား) ဒါကြောင့် မရတာဘဲဆိုပြီး သဿတ ဥစ္ဆေဒဖြုတ်ပေးရတယ် (မှန်ပါ့ဘုရား) ဖြုတ်ပေးပြီး အားထုတ်တော့လဲ ရတာဘဲ... (မှန်ပါ့ဘုရား)။

အဲဒီတော့ ပါရမီပြည့်ပြီးသား ပုဂ္ဂိုလ်တောင် ဒိဋ္ဌိကဝင်ခဲ့တယ်....(မှန်ပါဘုရား) သဿတခံလဲ နိဗ္ဗာန်မရ၊ ဉစ္ဆေဒခံယင်လဲ....(မရပါဘုရား)မရဘူး။

ကဲ ခင်ဗျားတို့လွတ်ပလား ... (လွတ်ပါပြီ) လိုက်သေးသလား....(မလိုက်ပါဘုရား)။

မလိုက်တော့ ဒီနာမ်ရုပ်ကဘာမှ ဟိုမှာအကူအညီမပေးတော့ဘူးလားလို့ မေးယင် ဘယ့်နှယ် ဖြေကြမလဲ .... (ပေးပါတယ်ဘုရား)။

အင်း....သူကဲ့သို့ နာမ်ရုပ်တခုကို အကြောင်းဆက်လိုက်တယ် (မှန်ပါ) သူကဲ့သို့ နာမ်ရုပ်တခုကို....(အကြောင်းဆက်ပါတယ်ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီနာမ်ရုပ်နဲ့ ဒီနာမ်ရုပ်သည် လိုက်လဲမလိုက်ဘူး၊ အကြောင်းအကျိုးလဲ မကင်းဘူး.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

လိုက်လဲမလိုက်ဘူးလို့ သိလိုက်သဖြင့် သဿတဒိဋ္ဌိစင်ဘယ်....(မှန်ပါဘုရား) အကြောင်းအကျိုးလဲ မကင်းဘူးလို့ သိလိုက်သဖြင့်....(ဉစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဒီစကားနှစ်လုံးကို သေသေချာချာမှတ်ပါ....(မှန်ပါဘုရား) ဒီနာမ်ရုပ်လိုက်လဲ မလိုက်ဘူးလို့ သိလိုက်သဖြင့်....(သဿတစင်ပါတယ်ဘုရား)။

အကြောင်း အကျိုးလဲ မကင်းဘူးလို့ သိလိုက်သဖြင့် ....(ဉစ္ဆေဒစင်ပါတယ်ဘုရား)။

ဒီစကား နှစ်လုံးဟာ သိပ်အရေးကြီးပါတယ် .... (မှန်ပါ့ ဘုရား) ဒီစကားနှစ်လုံးဟာ ဘုရားတဆူတဆူပေါ်မှ တခါဟော နိုင်တာ....(မှန်ပါ့ဘုရား)။

ဘုရား တဆူတဆူပေါ်မှ ဟောနိုင်တာ....(မှန်ပါ့)နို့မဟုတ် လို့ရှိယင် လူတွေဟာ ဝိပ္ပဿနာ တန်းလန်းနဲ့၊ ဒါ့ကြောင့် သတ္တဝါ တဦးတယောက် သေတယ်ဆိုယင် တသိန်းမှာတယောက် သုဂတိ မရောက်ပါဘူးကွာ၊ အပါယ်ချည့် သွားတာပါဘဲဘဲ့....(မှန်ပါ့ ဘုရား) ဟုတ်လား....(မှန်ပါ့)။

သုဂတိရောက်တဲ့ တယောက်ကလဲ သူ ဝိဇ္ဇ တန်းလန်းနဲ့ဘဲ၊ နိဗ္ဗာန်မရောက်ဘူး၊ သူကလဲ....(မှန်ပါဘုရား) ဟိုအပါယ်သွားတဲ့ ပုဂ္ဂိုလ်ကလဲဝိဇ္ဇကချလိုက်တာဘဲ....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

အပါယ်သွားတဲ့ ပုဂ္ဂိုလ်ကလဲ ဝိဇ္ဇကချလိုက်တယ်၊ သုဂတိ သွားတဲ့ ပုဂ္ဂိုလ်လဲ ဝိဇ္ဇကပို့တာဘဲ .... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ငါလုပ်လို့ ငါရသမားပို့လိုက်တာကိုး.... (မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဒီစကားနှလုံးဟာ ခင်ဗျားတို့ သေသည်တိုင်အောင် မှတ်ရမည့်ဥစ္စာ....(မှန်ပါဘုရား)။

ဒီက ရုပ်နာမ်လိုက်သလား....(မလိုက်ပါဘုရား) မသိုက်ယင် ဘာစင်သတုံး....(သဿတဝိဇ္ဇစင်ပါတယ်ဘုရား)။

သို့သော် ဒီကရုပ်နာမ်မျိုးဘဲ ဟိုမှာပေါ်တာကို သိရပါတယ် (မှန်ပါဘုရား) အကြောင်းအကျိုး ကင်းသေးရဲ့လား....(မကင်း

ပါဘုရား) မကောင်းတာသိသဖြင့် ဘာစင်သတုံး....(ဥစ္စေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဥစ္စေဒဒိဋ္ဌိ စင်သွားတယ်ဆိုတော့ ဘဝတပါးပြောင်းသွားတာ တွေ့တော့ဖြင့် ခင်ဗျားတို့ ယနေ့ ကျေနပ်ဘို့ကောင်းပါပြီ (မှန်ပါဘုရား)။

ဘဝတပါး ပြောင်းသွားတာကို ဒီထဲမှာမပါဘူး .... (မပါပါဘုရား) မဟုတ်ဘူးလား....(မှန်ပါ)မင်းလုပ်လို့ မင်းရတာလဲ မပါဘော့ပါဘူး....(မပါပါဘုရား)။

မင်းသည်ကားလို့ ဆိုယင်ဖြင့် မင်းမလုပ်ယင် မင်းမရမှာဘဲ ဆိုတာလဲ လွတ်သွားပါပြီ....(လွတ်သွားပါပြီဘုရား)။

ဒါဖြင့် ဒါဘယ့်နှယ်ကြောင့် ဒီဒိဋ္ဌိနှစ်ပါး လာပါလိမ့်မလဲ့လို့ ဦးသံဒိုင် မေးပြီ....(တရားနာမှားလို့ပါ) ကြောက်စရာကြီးပါလား....(မှန်ပါဘုရား)။

ဒါကြောင့် အနာထပိဏ်သူဌေးကြီးက ဖြေရှာတယ်၊ အရှင်တိတ္ထိတို့ယူထားတဲ့ အယူဟာတဲ့ နှလုံးသွင်းမှားလို့ သော်၎င်း၊ တရားနာမှားလို့သော်၎င်း၊ သတ္တဝါသေယင်ဖြစ်တယ်လို့ ယူထားတာပါတဲ့၊ သဿတဒိဋ္ဌိ ယူထားတယ်....(မှန်ပါ) သတ္တဝါသေယင် မဖြစ်တော့ဘူးဆိုတာဥစ္စေဒဒိဋ္ဌိယူထားတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ သူစွဲချက်တင်တာသည် မကိုက်ဘူးလား....(ကိုက်ပါတယ်ဘုရား) အင်မတန် စွဲချက်တင်တာနဲ့ ကိုက်ပါတယ်....(မှန်ပါ)။

တရားနာမှားနဲ့ နှလုံးသွင်းမှား ဒိနှစ်ခုကြောင့် ဒိဋ္ဌိဖြစ်နေတာပါဘဲ ဆိုတဲ့ဥစ္စာဟာ ဒီနေ့ညမှာ ကောင်းကောင်းပေါ်လွင်သွားပြီ....(ပေါ်ပါပြီဘုရား)။

ဒါကြောင့် ကိုယ်ကလဲ ဉာဏ်မပိုင်၊ဆရာကလဲ ဉာဏ်မနိုင်ဆိုလို့ရှိယင်ဖြင့် ဒိဋ္ဌိနှစ်ယောက်စကားပြောနေတာနဲ့ တော့တကယ်တူတယ်.... (မှန်ပါ့)။

ကိုယ်ကလဲ ဉာဏ်မပိုင်၊ ဆရာကလဲ ဉာဏ်မနိုင်ဆိုယင် ဘယ့်နှယ်ဆိုကြမယ်.... (ဒိဋ္ဌိနှစ်ယောက် စကားပြောနေတာနဲ့ တူပါတယ်ဘုရား)။

နို့-ခင်ဗျားတို့တောင်မှ အင်း-ဒီနေ့ပြောလို့ ဒီနေ့ရှင်းတယ်။ ရှေးက နာဘူးတဲ့ပုဂ္ဂိုလ်က ရှေးကပြောလို့ ရှေးကရှင်းတယ်၊ အခုမှပြောတော့ အခုလာကြတဲ့ပုဂ္ဂိုလ်က အခုပြောလို့ အခုရှင်းတယ်.... (မှန်ပါ့ဘုရား) နဂိုက ဒါ-ဝမ်းထဲမှာ ဒီနှစ်ခုတခုခု ရှိနေတယ်....(မှန်ပါဘုရား)။

နဂိုကများသောအားဖြင့် ဘာရှိသတုံး (သဿတရှိပါတယ်ဘုရား) များသောအားဖြင့် သဿတရှိတယ်.... (မှန်ပါ့)။

အံမာ မောင်သစ်များသောအားဖြင့် သဿတရှိတယ်ဆိုတာ များသောအားဖြင့် ဥစ္ဆေဒရှိတာကို ငါမထုတ်သေးဘူး(မှန်ပါ့) ဗုဒ္ဓဘာသာ ဥစ္ဆေဒတွေကလဲ သိပ်များတာဘဲ.... (များပါတယ်ဘုရား) သဘောကျပသား.... (ကျပါပြီဘုရား)။

ဗုဒ္ဓဘာသာမှာ သဿတကတော့ကို အခုအတည်မကျ ဘဝတပါး ပြောင်းသွားဆိုတာတွေက သဿတဘဲ.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဥစ္ဆေဒရှိတာကတော့ ဒီ....ဘဝပြောင်းမှာ သူကမရှိဘူး.... (မှန်ပါ) ဥစ္ဆေဒရှိတာကတော့ နှလုံးသွင်းမှားတော့ နိဗ္ဗာန်ဆို တာဟော.... ဘာမှရှိတာမဟုတ်ဘူး၊ ဒီမှာ ရုပ်နာမ်တွေ အကုန် ချုပ်သွားပြီး ဘာမှဖြစ်တော့တာမဟုတ်ဘူး.... (မှန်ပါ) ဒါကျ တော့ နိဗ္ဗာန်နဲ့ ပတ်သက်လာယင် ဥစ္ဆေဒဘက် သွားပြန်တယ် (မှန်ပါ)။

နိဗ္ဗာန်ဆိုတာဟော.... ဘာမှမရှိဘူးကွ.... ဒါကြောင့် မင်း.... ဘာမှမလိုချင်နဲ့ဆိုတဲ့ အသွားကလဲ ရှိသေးတယ်.... (မှန်ပါ)။

ဒီ ရုပ်နာမ်ချုပ်သွားပြီးနောက် ဘာမှမပေါ်တော့ဘူးဆိုတော့ ရုပ်နာမ်မှမရှိယင် ဘာအသုံးကျသေးသလဲ.... (မှန်ပါ) မယူပေ ဘူးလား.... (ယူပါတယ်ဘုရား)။

ဒါဖြင့် သူက ဘယ်ထဲသွားသလဲ.... (ဥစ္ဆေဒဘက် သွားပါ တယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ နှစ်ခုစလုံး ရှိတာဘဲ.... (မှန်ပါ) ကြောက်စရာကြီးပါလား.... (မှန်ပါ)။

ဘုရားရှိခိုးတော့လဲနိဗ္ဗာန်ရ-ရပါလို၏၊ အင်း....ပြောသံကြား နဲ့သူလုပ်နေတာ.... ( မှန်ပါ ) ရှိ-မရှိ သူသိတာမဟုတ်ဘူး.... (မသိပါဘုရား)။

မသိတော့ သူသည်ကားလို့ဆိုယင် သူသိထားတာက ဘယ် လိုသိသတုံး.... နိဗ္ဗာန်ဆိုတာ ရုပ်နာမ်ချုပ်သွားတာဘဲ၊ ဘာမှ တော့ဖြင့် အထူးတလည် မရှိပါဘူး....ဆိုတော့ ဘယ်အထဲပြေး သွားသတုံး.... (ဥစ္ဆေဒဘက် ပြေးသွားပါတယ်ဘုရား)။

အဲ- နိဗ္ဗာန်နဲ့ကျတော့ ဗုဒ္ဓဘာသာက ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်.... (မှန်ပါ့ဘုရား) လူသေနဲ့ကျတော့ သဿတဒိဋ္ဌိ ဖြစ်တယ်.... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဆိုင်းဘုတ်ဘဲ ခင်ဗျားတို့ ကျန်ရစ်တော့တယ် (မှန်ပါ့ဘုရား) မဟုတ်ဘူးလား.... (မှန်ပါ့)။

ဘာကျန်ရစ်တော့သလဲ.... (ဆိုင်းဘုတ်ဘဲ ကျန်ရစ်ပါတော့တယ်ဘုရား)၊

ဆိုင်းဘုတ်ဆိုဘာ "ဗုဒ္ဓဘာသာ".... (မှန်ပါ့ဘုရား) ဒါဘဲ ကျန်ရစ်တော့တယ်.... (မှန်ပါ့) ဝမ်းထဲကတော့ဖြင့်.... (ဒိဋ္ဌိဘဲ ဖြစ်ပါတယ်ဘုရား)။

ဝမ်းထဲက သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ.... (မှန်ပါ့) နိဗ္ဗာန်နဲ့ ပတ်သက်လာယင် ဥစ္ဆေဒဒိဋ္ဌိရှိရမယ်(မှန်ပါ့) သေတာနဲ့ပတ်သက် လာယင်....(သဿတဒိဋ္ဌိရှိရပါမယ်ဘုရား)။

အဲဒါ ခင်ဗျားတို့မှာ ဒါကြောင့်ဆိုင်းဘုတ်ဘဲရှိတောဘာယ် ဆိုတာ ဦးသံဒိုင်.... ဆရာသမား အရေးကြီးတယ်ဆိုတာ ပေါ် ပါပြီ.... (ပေါ်ပါပြီဘုရား)။

ကဲ....နာရီစေ့ပြီ.... ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု။

ကျေးဇူးတော်ရှင် - အမရပူရမြို့ မဂ်လာတိုက်

မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

## ဆားတလျက်နဲ့ သံသရာကြွေးအကြေဆပ်နည်း

# ည အလုပ်ပေးတရားတော်

( ၇-၁၂-၆၁ )

-၀-

ဝိပ္ပလ္လာသဟာ အင်မတန် အရေးကြီးတယ်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတယ်နော်.... (မှန်ပါ)။

သတ္တဝါတွေမှာ ဝိပ္ပလ္လာသကြောင့် ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးထွက်လာတယ်ဆိုတာလဲ တနေ့က ပြောခဲ့ပြီနော်....(မှန်ပါ) သညာ ဝိပ္ပလ္လာသကြောင့် မာနကစ-တဲ့ ပဋိစ္စသမုပ္ပါဒ်ထွက်လာတယ်၊ မာနဆိုတာလဲ တဏှာဘဲမှတ် နော်.... (မှန်ပါ) တဏှာ ဥပါဒါန် ကံ.... (မှန်ပါ)။

သညာ ဝိပ္ပလ္လာသကြောင့်လဲ မာနဆိုတာ တဏှာ၊ တဏှာ ဥပါဒါန် ကံ ဇာတိ၊ ဒီဘက်ချည်း လှည့်လှည့်သွားတယ်။

နိစ္စသညာသာ လုပ်လိုက်လို့ရှိယင် မာန ဟောတာဘဲ.... အခု ရုံးပြင် ကန္တား ရောက်နေတဲ့ အမူတွေဟာ နိစ္စသညာက လာတာလို့ မှတ်ကြရမယ်....(မှန်ပါ)။

ရုံးပြင် ကန္တား ရောက်နေတဲ့ အမှုတွေ ဘယ်နှယ်ဆိုကြမယ်- (နိစ္စသညာက လာပါတယ်) နိစ္စသညာကနော်....(မှန်ပါ့)။

ဘယ်ဟာဖြစ်ဖြစ် ဒါ အမြဲနေမှာ၊ အမြဲ သုံးဆောင်ရမှာ၊ ဒါ့ကြောင့် အထိမခံနိုင်ဘူးဆိုတော့ ဒါ ဘာဆိုကြမယ်....(နိစ္စ သညာပါဘုရား)။

နိစ္စသညာက လာတယ်၊ ဘာကျေးဇူးပြုသလဲ၊မာနကျေးဇူး ပြုတယ်....(မှန်ပါ့)။

နိစ္စသညာက မာနကျေးဇူးပြုသောကြောင့် မာနဆိုတာ ဒိဋ္ဌိ နဲ့ မယှဉ်တဲ့ မာန ဖြစ်လေသောကြောင့် လောဘပါတဲ့.... (မှန်ပါ့)။

လောဘဆိုတော့ကို မာနနဲ့ ယှဉ်တဲ့ လောဘ ဖြစ်လေသော ကြောင့် တဏှာဘဲ ယူလိုက်တော့ကို တဏှာ ဥပါဒါန် ကံဘက် ကို လှည့်တယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်ဟာ နိစ္စသညာကြောင့်လဲ မာနပဋိစ္စသမုပ္ပါဒ် တကာ တကာမတွေမှာ ဖြစ်စေတယ် ဆိုတဲ့ ဥစ္စာ ပေါ်လာတယ်....(မှန်ပါ့)။

တခါ သုဘသညာကြောင့်လဲ တဏှာလာပြန်တယ်၊ ဘယ်သူ ဖြင့် ဖြစ်တယ် တင့်တယ်-တယ်ထင်လို့ ရှိယင်ဝယ်ချင်တယ်၊ရချင် တယ်၊ခင်ချင်တယ်၊သုဘသညာ မရှိကြဘူးလား .... (ရှိပါတယ် ဘုရား)။

အဲ....သုဘသညာကြောင့်တော့ ခုနင်က မာန မလာဘဲနဲ့ တဏှာရိုးရိုး လာတယ်....(မှန်ပါ့)။

တဏှာရိုးရိုး လာပြန်တော့ ဈေးသည်တွေ ရောင်းကောင်း တာဟာ ကုန်အလှအပ ပြင်ထားတယ်၊ အဆင့်ကလေးတွေ ကျကျနနလုပ်ကြတယ်....(မှန်ပါ့)။

အဲဒါ ကြည့်တဲ့ လူအပေါင်းက လှတယ်ဆိုတဲ့ သဘောနဲ့ဘဲ တဏှာ ဥပါဒါန်ဖြစ်လို့ သူ့ ကာယကံ ဝစီကံနဲ့ ဝယ်သွားတာ ဘဲ....(မှန်ပါ) ဒါက သုဘသညာက လာတဲ့ ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ပါ....(မှန်ပါ့)။

ဈေးသည်တွေ ကုန်မှာ အလှအပ ပြင်ကြတာတွေဟာ သုဘ တင့်တယ်အောင် လုပ်တာ၊ တင့်တယ်အောင် လုပ်ထားတဲ့အခါ ကျတော့ ဟို...တဏှာသမားတွေက ဦးသံဒိုင် ဝယ်သွားတယ်.... (မှန်ပါ့ဘုရား)။

တဏှာ ဥပါဒါန်၊ ဒီကုန်တော့ ရချင်တယ်၊ တကယ့် လိုလို ချင်ချင်ဘဲ ဥပါဒါန် ဖြစ်လာတယ်၊ ကာယကံ ဝစီကံနဲ့ မေးပြီး သကာလ ဝစီကံနဲ့မေး၊ကာယကံနဲ့ ဝယ်သွားတယ်....(မှန်ပါ့) ဒါဘယ်သညာက လာသတုံး....(သုဘသညာက လာပါတယ်)။

အဲဒီတော့ ဈေးသည်တွေ ရောင်းကောင်းတယ်၊ အဆင် အမျိုးမျိုး ပုံသဏ္ဍာန်အမျိုးမျိုးဆိုတာ သုဘသညာက လာတာ (မှန်ပါ့)။

အဲဒီတော့ လောကကြီးထဲမှာ ရုံးပြင်ကန္နား ရောက်တာက နိစ္စသညာ၊ဈေးသည်တွေ ရောင်းကောင်းတာက....(သုဘသညာ ပါ)သုဘသညာနော်....(မှန်ပါ့)။

တခါသွားပါဦး....တဲ့၊ အတ္တသညာကြောင့်တော့ ဒိဋ္ဌိ လာတယ်....(မှန်ပါ)။

အတ္တသညာကြောင့်တော့....(ဒိဋ္ဌိလာပါတယ်) ဒိဋ္ဌိလာတယ်လို့ မှတ်ထားကြပါတဲ့။

ဒိဋ္ဌိလာတော့ ဘာဖြစ်သတုံးလို့ မေးတဲ့အခါကျတော့ဆိုလို့ရှိယင် အတ္တသညာက ဥပမာမယ်–တောင်မြို့မှာ အထည်တွေ လုပ်ကြတယ်၊ ခိုင်တဲ့ အထည် လုပ်လိုက်တယ်၊ ခိုင်တဲ့ အထည် လုပ်လိုက်တော့ကို ဘေးက ပုဂ္ဂိုလ်တွေကလဲ ဟိုအထည်တွေက ညံ့တယ်၊ ဒီအထည်က ခိုင်တယ်၊ ခိုင်မှသာလျှင် ဒို့မှာ အမြဲဝတ်ရမှာ....(မှန်ပါ) ဒီလိုလာတာ။

အမြဲဝတ်ရမယ်ဆိုတော့ အမြဲဆိုဘာက အတ္တက....(မှန်ပါ) အဲဒီကျတော့လဲ သူ ဘာဖြစ်ပြန်သတုံးလို့ မေးတဲ့အခါကျတော့ အတ္တဒိဋ္ဌိက အင်း....ဒီဟာ ငါနဲ့ ဒို့–ဆင်းရဲသားနဲ့ သိပ်တော်တယ်၊ဆင်းရဲသားက အထည်တခုကို လေးငါးခြောက်လ တနှစ်ဆိုသလို ဝတ်ရမှ ဆိုတော့ ခိုင်မြဲတဲ့ဘက် သူ သွားတယ်....(မှန်ပါဘုရား)။

အတ္တသညာက ခိုင်မြဲတဲ့ဘက် သွားပြန်တော့ ဒိဋ္ဌိ ဒိဋ္ဌိပေါ်ဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ကံတွေ လာပြန်တော့ ပဋိစ္စသမုပ္ပါဒ် ဆက်မသွားဘူးလား....(ဆက်သွားပါတယ်)။

အဲဒီတော့ကို ဘုန်းကြီးတို့ တကာ တကာမတွေက စဉ်းစားရမယ်၊ ဒီ သညာတွေဟာ နိစ္စသညာကလဲ မာန ပဋိစ္စသမုပ္ပါဒ် သုဘသညာက တဏှာ ပဋိစ္စသမုပ္ပါဒ်၊ အတ္တသညာက ဒိဋ္ဌိ ပဋိစ္စ

သမုပ္ပါဒ်ဆိုတော့ ဒါ သံသရာ ချဲ့တယ်-ချဲ့တယ်ဆိုတဲ့ ဥစ္စာဟာ သညာက စ,ချဲ့တာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဘယ်လို မှတ်ကြမယ်....(သညာက စ,ချဲ့ပါတယ်ဘုရား)။

နိစ္စသညာက မာန ပဋိစ္စသမုပ္ပါဒ်ကို ချဲ့ထွင်သွားတယ်၊ သုဘသညာက တဏှာ ပဋိစ္စသမုပ္ပါဒ်ကို....( ချဲ့ထွင်သွားပါတယ် ) ချဲ့ထွင်သွားတယ်လို့ မှတ်ပါ၊ အတ္တသညာက ဒိဋ္ဌိ ပဋိစ္စသမုပ္ပါဒ်ကို ချဲ့ထွင်သွားတယ်လို့ မှတ်လိုက်တော့ ဪ....ဒီသညာတွေ မပြုတ်သ၍ နိဗ္ဗာန်မရနိုင်ပါကလားဆိုတာလဲ မောင်သစ်တို့ ဦးသံဒိုင်တို့ ပေါ်သွားပြီ....(ပေါ်ပါပြီဘုရား)။

ဒီ သညာတွေ မပြုတ်ယင်....(နိဗ္ဗာန်မရနိုင်ပါဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ ပပဉ္စကျေးဇူးပြုလို့....( မှန်ပါ့ ) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာကျေးဇူးပြုလို့တုံး....(ပပဉ္စကျေးဇူးပြုလို့ပါဘုရား)။

ပပဉ္စဆိုတာ ဘာတုံးလို့ မေးတော့ 'သံသရာဒုက္ခံ ပပဉ္စေန္တိ ဝိတ္ထာရေန္တီတိ ပပဉ္စာ' သံသရာဒုက္ခံ=သံသရာဒုက္ခ ဖြစ်တဲ့ ပဋိသန္ဓေ နေဘေး အိုဘေး နာဘေးတို့ကို၊ ပပဉ္စေန္တိ ဝိတ္ထာရေန္တိ = ချဲ့တတ်ကုန်၏၊ ဣတိတသ္မာ- ထို့ကြောင့်၊ ပပဉ္စာ–ပပဉ္စာတို့မည်ကုန်၏-ဆိုတော့ ဒီ မာန ပဋိစ္စသမုပ္ပါဒ်လဲ ချဲ့သွားတာဘဲ၊ ဟိုဘက်ဘဝတွေ မကူးဘူးလား(ကူးပါတယ်)တဏှာ ပဋိစ္စသမုပ္ပါဒ်ကကော....(ကူးပါတယ်) ဒိဋ္ဌိ ပဋိစ္စသမုပ္ပါဒ်ကကော....(ကူးပါတယ်) ကူးတာချည်းဘဲ။

ဪ.... ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တဏှာ မာန ဒိဋ္ဌိကို သံသရာချဲ့တတ်တဲ့ နေရာ ခေါင်းဆောင်ကြီး ဖြစ်ပြီးသကာလ နေပြန်သောကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေကို ဘုရားက ပပဉ္စတရားပေါ့-လို့ ဆိုင်းဘုတ်ဆွဲပေး ထားတာ.... (မှန်ပါ့) ဆွဲသင့်သလား....(ဆွဲသင့်ပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ နိစ္စသညာကို ဖျောက်ချင်လို့ရှိယင် နှလုံးသွင်းမှန်တဲ့ အနိစ္စမြင်ဘို့ အရေးကြီးတယ်(မှန်ပါဘုရား) အနိစ္စမြင်ယင် မာနသံသရာဟာ ချုပ်တာဘဲ....(မှန်ပါ့) သဘောကျပြီး (ကျပါပြီ)။

သုဘသညာဆိုတာ တင့်တယ်-တယ်လို့ ထင်တာကိုခင်ဗျားတို့က အနိစ္စဘဲရှုရှု အသုဘဘဲရှုရှု၊ ရှုချင်တာရှုပါ၊ ရှုလိုက်လို့ရှိယင် တဏှာသံသရာဟာ ကွင်းလုံးကျွတ် ဆိုသလိုဘဲလွတ်သွားတယ်....(မှန်ပါ့)။

ဒိဋ္ဌိသံသရာဆိုတာက အတ္တသညာ၊ အဲဒီ့အတ္တသညာကလာပြီ ဆိုမှဖြင့်လဲ ဒိဋ္ဌိသံသရာကြီး အပါယ်လေးပါးပို့ လိုက်တယ်၊ အပါယ်လေးပါး ပို့လိုက်တဲ့အခါကျလို့ရှိယင်လဲအတ္တသညာက နေပြီး ဒိဋ္ဌိကို ကျေးဇူးပြုလိုက်တယ်၊ ဒိဋ္ဌိပပဉ္စကို ကျေးဇူးပြုလိုက်တယ်ဆိုတော့ မောင်သစ် လွတ်စရာရှိသေးရဲ့လား .... (မရှိပါဘုရား)။

ဒါဖြင့် ဒီသညာတွေ မပယ်ဘဲနဲ့ ခင်ဗျားတို့ အားကိုးနေတဲ့ ဒါနကလေး အားကိုးလိုက်၊ သီလကလေး အားကိုးလိုက်၊သမထကလေးအားကိုးလိုက်၊ သညာက မဖြုံဘူး....(မှန်ပါ့) ဖြုံပါ့မလား....(မဖြုံပါဘုရား)။

မဖြစ်နိုင်ဘူး၊ အဲဒီတော့ သူ့ကို လုပ်ရဦးမယ်၊ ဟိုဟာတွေလဲ ကျေးဇူးပြုမှာဘဲ၊ ဟိုဟာတွေက ဒီလိုဆရာကောင်း သမား ကောင်းနဲ့တွေ့တို့ သူအားပေးမယ်....(မှန်ပါ)။

အားပေးတဲ့ အခါကျတော့ ဦးသံဒိုင်တို့လူစုက ဪ.... ဒီဟာက မုန်းဝင်ပါလား၊ ဟိုဟာတွေက အခြံအရံပါကလား ဆိုတာ မှတ်ရမယ်....(မှန်ပါ) မုန်းဝင်ပန်းဆွတ်ကတော့ လက္ခ ဏာရေး သုံးပါးဘဲ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

မုန်းဝင်ပန်းဆွတ်ကတော့- (လက္ခဏာရေးသုံးပါးပါဘုရား) အဲ....ဘေးကလှော်တာတွေ ဒါန သီလတွေကတော့ အကူအညီ ပေးလိုက်တာ....(မှန်ပါ)။

သူတို့က ဥပနိဿယပစ္စယော၊သဘောကျပလား....(မှန်ပါ) ဝိပဿနာက မဂ္ဂပစ္စယော....(မှန်ပါ) ဒါကလေးနှစ်ခု ခွဲခြားဝေ ဘန်မှတ်ပါ....(မှန်ပါ)။

သူတို့က ဥပနိဿယပစ္စယော-လို့ ဒါနသီလ မဂ်ဖိုလ်ကျေး ဇူးပြုတာက ဥပနိဿယပစ္စည်း၊ ဝေးသော အကြောင်း ဖြစ်ပြီး ကျေးဇူးပြုတယ်....(မှန်ပါဘုရား) ရှင်းပသား ....(ရှင်းပါပြီ)။

အခု ဝိပဿနာရှုလိုက်တော့ကို ဖြစ်ပျက်တွေမြင်လို့ ရှုလိုက် တော့မဂ္ဂပစ္စယော၊သူက ထွက် မြောက် ကြောင်း ဖြစ်ပြီး ကပ်ပြီး ကျေးဇူးပြုလိုက်တယ် .... (မှန်ပါဘုရား) မကွာကြဘူးလား.... (ကွာပါတယ်ဘုရား)။

အဲဒီတော့ ဝေးသောအကြောင်းက ဥပနိဿယ ပစ္စယော၊ ဒါန သီလ သမထတွေက....(ဥပနိဿယပစ္စယောပါ)ဝိပဿနာ ရှုတဲ့မဂ်က....(မဂ္ဂပစ္စယောပါဘုရား)။

ဒါခွဲခြားသိရမယ်၊ ဒါမသိလို့ရှိယင် တကာ တကာမတွေမှာ ကိုယ်လုပ်တဲ့ဥစ္စာက ဥပနိဿယပစ္စယောနဲ့ချည့် ရောက်လိမ့်မယ် လို့ ယူကြလိမ့်မယ်....(မှန်ပါ့) အခုပဋ္ဌာန်းပါဠိတော် သေသေ ချာချာ ညာဏ်စခမ်းနဲ့ ဝေဘန်လိုက်တော့ မဂ္ဂပစ္စယောမပါယင် မရောက်ဘူး....(မှန်ပါဘုရား) ပေါ်ကြပလား .... (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဥပနိဿယပစ္စယောလဲ မလွှတ်ရဘူး၊ မဂ္ဂပစ္စယောလဲ (မလွှတ်ရပါဘုရား) မလွှတ်ရဘူး၊ ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီတော့ အချို့သော သုတ္တန်ပါဠိတော်များ ကျတော့ ပန်းတပွင့်နဲ့ဘဲ လှူပြည် နတ်ပြည် အကြိမ်ကြိမ် ခံစားပြီး သတ္တာလ နောက်ဆုံးပိတ် နိဗ္ဗာန်ဝင်တယ်၊ဒါ မဂ္ဂပစ္စယော မပါ ဘဲနဲ့ ဝင်တဲ့အဓိပ္ပါယ်မျိုးကို တကာ တကာမတွေက ယူလိမ့် မယ်တဲ့....(မှန်ပါ့) စင်စစ် မဂ္ဂပစ္စယော မပါလို့ရှိယင် ဝင်ကို မဝင်နိုင်ဘူးလို့ မောင်သစ်တို့ ဦးသံဒိုင်တို့က မှတ်ရလိမ့်မယ်.... (မှန်ပါ့) ခွဲခြားတတ်ကြပလား....(ခွဲခြားတတ်ပါပြီဘုရား)။

ဒါန သီလ သမထတွေက ဘာပါလိမ့်....(ဥပနိဿယပစ္စယော ပါဘုရား) အားကြီးသောအကြောင်း၊ ဝေးသောအကြောင်း ဖြစ်ပြီး ကျေးဇူးပြုတယ်.... (မှန်ပါ့)။

ဖြစ်ပျက်ရှုနေတဲ့ ဝမ်းထဲရှိတဲ့ မဂ်ကတော့ .... (မဂ္ဂပစ္စယော ပါ)တဲ့-မဂ္ဂပစ္စယောနဲ့ ဥပနိဿယပစ္စယော ကွာတယ်....(ကွာပါ တယ်)ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် ဥပနိဿယပစ္စယောလဲ လွှတ်လို့မဖြစ်ဘူး၊ မဂ္ဂပစ္စ ယောလဲ....(လွှတ်လို့မဖြစ်ပါဘုရား)။

လှေလှော်လာသလိုပေါ့၊ ပန်းဆွတ်မှာ ညှို့လို့လဲမဖြစ်ဘူး၊ နောက်ကမလှော်ခဲ့လို့လဲ ပန်းဆွတ်တဲ့ဆီမရောက်ဘူး....(မရောက်ပါဘုရား)။

ဒါဖြင့် နောက်က လှော်ခဲ့တာက ဥပနိဿယပစ္စယော.... (မှန်ပါ့) ပန်းဆွတ်တာက....(မဂ္ဂပစ္စယောပါ) ဒီလိုယူရမယ်တဲ့၊ သဘောပါကြပလား....(ပါပါပြီ)။

ဒါဖြင့် မဂ္ဂပစ္စယောကျမှ သညာသေတာကိုးဗျ .... (မှန်ပါ့) ဟို ဒါန သီလ တမထတွေက သညာကိုမပယ်နိုင်ဘူး....(မှန်ပါဘုရား)။

အနိစ္စကို နိစ္စထင်တဲ့ သညာဝိပ္ပလ္လာသ၊ အသုဘကို သုဘထင်တဲ့ သညာဝိပလ္လာလ၊ အနတ္တကို အတ္တထင်တဲ့ သညာဝိပ္ပလ္လာသ မပယ်နိုင်ဘူးတဲ့ သူက....(မှန်ပါ့)ပယ်နိုင်ပါ့မလား....(မပယ်နိုင်ပါဘုရား)။

ဒါတွေကတော့ အဖြစ်အပျက်မြင်မှ ခင်ဗျားကို ကြော်....ဒါ အနိစ္စပါကလား၊ ရုပ်နာမ်ဓမ္မတွေ ဖြစ်ပျက်နေတဲ့ အနိစ္စပါကလား၊ သဘောကျပလား....(ကျပါပြီ) ဒုက္ခပါကလား၊ အနတ္တပါကလားလို့၊ မလာပေဘူးလား....(လာပါတယ်ဘုရား)။

လာတဲ့အခါကျတော့ ခုနင်ကသညာတွေက နိစ္စသညာလဲ ပြုတ်၊ သုဘသညာကလဲ .... (ပြုတ်ပါတယ်) ဒုက္ခရှုလိုက်ယင် သုဘသညာက ပြုတ်တာဘဲ .... (မှန်ပါ့) အနတ္တရှုလိုက်ယင် အတ္တသညာက....(ပြုတ်ပါတယ်ဘုရား)။

ပြုတ်သွားတာဘဲ၊ အဲဒီ့သညာပြုတ်မှ စိတ်ကပြုတ်မှာ.... (မှန်ပါ့) စိတ်ပြုတ်မှ ဒိဋ္ဌိကလဲ....(ပြုတ်မှာပါဘုရား)။

ပြုတ်မှာဖြစ်ပြီး သင်္ကာလနေတော့ ခြောက်... ဒါကတော့ အလုပ်-လုပ်ယူရမည့် သဘောပါကလား....(မှန်ပါ့) မဂ္ဂပစ္စယော ကအလုပ်-လုပ်ယူရမယ်....(မှန်ပါ့)ဟိုဟာတွေက လှူဒါန်း ပေး ကမ်း သမထ အားထုတ်ပြီး သင်္ကာလ ဥပနိဿယပစ္စယောက အကူအညီပေးရမယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)။

ဥပမာမယ် တိရစ္ဆာန်ဘဝရောက်နေတဲ့ ပုဂ္ဂိုလ်တဦးတယောက် နိဗ္ဗာန်တော့ သူမရောက်နိုင်တော့ဘူး၊ မရောက်နိုင်တော့ ဒါန သီလ သမထတွေနဲ့ သူ လူ့ဘုံရောက်အောင်မလုပ်ရပေဘူးလား (လုပ်ရပါတယ်)။

လုပ်ရမယ်တဲ့၊ ဘာ့ကြောင့်တုံး ဆိုလို့ရှိယင် အဟိတ်ပုဂ္ဂိုလ် ဖြစ်နေလို့....(မှန်ပါ့)။

အဟိတ်ပုဂ္ဂိုလ် ဖြစ်နေတော့ ဒါန သီလတွေက ဒွိဟိတ် တိဟိတ် ဖြစ်အောင် တင်ပေးရဦးမယ်.... (မှန်ပါ့) မတင်ရပေ ပေဘူးလား.... (တင်ရပါတယ်) သူက ဘာသတ္တိနဲ့ တင်လိုက် သတုံး....(ဥပနိဿယ သတ္တိနဲ့တင်လိုက်ပါတယ်)ဥပနိဿယ ပစ္စယောဆိုတဲ့ သတ္တိနဲ့ တင်ပေးရမယ်....(မှန်ပါ့)။

ကဲ....တခါဥပနိဿယပစ္စယောနဲ့တင်ပေးလို့ လူ့ဘဝရောက် လာပြန်တော့ ဆရာကောင်း သမားကောင်းနဲ့ တွေ့အောင်လဲ ခုနင်က ဒါန သီလတွေက တင်ပေးရတော့မယ်.... (မှန်ပါ့)။

တင်ပေးပြီးတဲ့အခါကျတော့ ခင်ဗျားတို့က အိပ်နေသို့မဖြစ် သေးဘူး....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ) ဘာလုပ်ရ မတုံး....(မဂ္ဂပစ္စယောလုပ်ရပါမယ်)မဂ္ဂပစ္စယောဖြစ်အောင် လုပ် ရဦးမယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘယ်ဟာမှမပယ်နဲ့ ဆိုတဲ့အခိပ္ပါယ် ပေါ်လာပြီ.... (ပေါ်လာပါပြီ)။

လှေလှော်သလိုဘဲလို့ ပြောထားပါတယ်.... (မှန်ပါ့)ပန်း ဆွတ်တဲ့နေရာမှာ မဂ္ဂပစ္စယော၊ နောက်က လော်ပြီး သကာလ ပန်းတိုင်နားကပ်ပြီး သည့်ရောက်အောင်က.... (ဥပနိဿယ ပစ္စယောပါ) ဥပနိဿယပစ္စယော။

ဒီနှစ် ပစ္စည်းကို နားမလည်လို့ရှိယင် အယူပေါက်ကုန်မှာဘဲ....(မှန်ပါ့) မပေါက်ပေဘူးလား... (ပေါက်ပါတယ်)။

အဲဒီတော့ ဆရာသမားက အကြောင်းအကျိုး ဆက်တာတွေ မနိုင်တဲ့တရားမျိုးကို တကာ တကာမတွေ့က သူများ ပါးစပ် လမ်းဆုံးနေပြန်တော့လဲ အတော်ကြောက်စရာ ကောင်းတယ်.... (ကောင်းပါတယ်ဘုရား)။

အတော်ကြောက်စရာကောင်းတယ်၊ ဥပနိဿယ ပစ္စယောကိုဘဲ တချို့က မဂ္ဂပစ္စယောလုပ်ထားတယ်... (မှန်ပါ့)ဟာ....သူနဲ့ဘဲရောက်နိုင်တယ်-ဆိုတော့ အဲဒါကလဲ ချို့ယွင်းချက် တခုရှိတယ်....(မှန်ပါ့)။

မဂ္ဂပစ္စယောချည့် သက်သက်ရောက်နိုင်ပါတယ်လို့ ယူလိုက်ပြန်တော့လဲ ဟို-တိရစ္ဆာန်တွေ တက်ဘို့ရာက မရှိတော့ဘူး.... (မှန်ပါ့) ရှိနိုင်သေးရဲ့လား.... (မရှိနိုင်ပါဘုရား)။

မရှိနိုင်တော့လဲ အင်း....ဥပနိဿယလဲ ကူရမှာဘဲ.... (မှန်ပါ့) မဂ္ဂကော....(ကူရမှာပါဘုရား) မကူယင်တော့မရဘူး (မှန်ပါ့)။

ကိုင်း....ဒါဖြင့် ကဲ....လူ့ဘဝရောက်လာပြီ၊ တပည့်တော်တို့ စင်စင်ကြယ်ကြယ်ဘဲ ရောက်လာခဲ့ပြီဘုရားဆိုတော့ ဒီအချိန်မှာ မဂ္ဂပိုအရေးကြီးတယ်.... (မှန်ပါ့)။

ဒီအချိန်မှာ မဂ္ဂမလုပ်ပြန်လို့ရှိယင်လဲ နောက် ခင်ဗျားတို့ ဥပနိဿယတွေ ပြန့်ပြီးသကာလ ဥပနိဿယကလဲ နီးကပ်အောင် တော့ပို့လိုက်တာဘဲ၊ ပို့ပေမဲ့ သူမှ ပန်းမဆွတ်တတ် ဘဲကိုး.... (မှန်ပါ့)ပန်းမဆွတ်ဘတ်တော့ အောင်ပွဲရပါ့ဖလား.... (မရပါ ဘုရား)။

မရပြန်တော့လဲ အင်း....ခင်ဗျားတို့၏ ချွယွင်းချက်ကြောင့် သံသရာထဲမှာ လည်သွားပြန့်တယ်....(မှန်ပါ့)။

**အဲဒီတော့ ဒီလိုယူတဲ့ ဒါန သီလ သမထက သံသရာလည် တာမဟုတ်ဘူး၊ အကျူးအဆက် နားမလည်လို့ လည်တာ။**

နားလည်ကြပလား....(နားလည်ပါပြီဘုရား) ဒါန သီလက သံသရာရှည်တာလား၊ ကိုယ်က အကျူးအဆက်နားမလည် တာ လား....(အကူးအဆက် နားမလည်လို့ပါဘုရား)။

အဲဒါ နားမလည်တာကိုပင်လျှင် အားလုံးသောပုဂ္ဂိုလ်တို့က မရှင်းဘဲဖြစ်နေတယ်....(မှန်ပါ့) မရှင်းတော့ တခါတည်းတဇွတ် ထိုး မဂ္ဂပစ္စယောသာ အရေးကြီးတယ်၊ ဥပနိဿယ ပစ္စယော အရေးကြီးပါသော်ကော-တဲ့၊ ဒီ-ဆရာကောင်းသမားကောင်းနဲ့ တွေ့ဘို့ ဒွိဟိတ်ကနေပြီး တိဟိတ်ဖြစ်ဘို့ ဥပနိဿယက တင် မပေးလို့ရှိယင် ခင်ဗျားတို့ မဂ္ဂပစ္စယောကဝင်လို့ကို မရဘူး.... (မှန်ပါ့ဘုရား)ရပါ့မလား....(မရပါဘုရား)။

**မရတော့ကို အားလုံးတကာ့တကာ့မတွေ့က ဒါန သီလကိုလဲ မပယ်ပါနဲ့၊ ဥပနိဿယောကိုလဲ မပယ်နဲ့၊ မဂ္ဂကိုလဲမလျှော့နဲ့**....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဥပနိဿယလဲ....(မလျှော့ရပါဘုရား)မလျှော့ရဘူး၊ မဂ္ဂလဲ.... (မပယ်ရပါဘုရား) မဂ္ဂလဲ မပယ်ရဘူး၊ လုပ်ရမယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒီလိုမ-မသုပ်လို့ရှိယင်ဖြင့် ဒါ တချို့ တရားမဟောတတ်ပြီ ဆိုမှဖြင့် ဦးသံဒိုင် တဖက် စောင်းသွားတယ် (သွားပါတယ်) မသွားဘူးလား....(သွားပါတယ်)။

ဒါက ပဋ္ဌာန်းနားမလည်လို့ ဖြစ်ရတာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဘာနားမလည်လို့လဲ.... (ပဋ္ဌာန်းနားမလည်လို့ဖြစ်ရတာပါဘုရား)။

ပဋ္ဌာန်းနားမလည်လို့တဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဈာနံ ဥပ္ပါ ဒေတိ၊မဂ္ဂံ ဥပ္ပါဒေတိ" တောင်ဟောထားတယ်.... (မှန်ပါ့)။

သို့သော်လဲ သူက မဂ္ဂံ ဥပ္ပါဒေတိဆိုတော့ မဂ်ဖြစ်စေတယ် ဆိုတော့ ကိုယ်ကဖြစ်စေမှဖြစ်တာ၊ သူကဖြစ်စေတာမဟုတ်ဘူး.... (မှန်ပါ့) **သဘောကျ**ပလား....(ကျပါပြီ)။

ကိုယ်က အားထုတ်ယူရဦးမယ်၊ ဟိုက ဒါနက မဂ်ကိုဖြစ်စေတာမဟုတ်ဘူး၊ကိုယ့်**အား**ထုတ်မှုက မဂ်ကိုဖြစ်စေတာ(မှန်ပါ့)။

ကိုင်း....အဲဒီတော့ ဘယ်နှယ်ကြောင့်မဂ်ကို အားထုတ်နိုင်ပါ လိမ့်မတုံး၊ အို....ကျုပ်က လူ့ဘဝရလာလို့၊ နတ်ဘဝ ရလာလို့ ဘာမှမရသေးတဲ့ ပုဂ္ဂိုလ် ဉပနိဿယ အရေးမကြီး ဘူးလား.... (ကြီးပါတယ်ဘုရား) ကြီးတယ်....။

ရပြီးသားပုဂ္ဂိုလ်မှာ ဘာအရေးကြီးနေသတုံး....(မဂ္ဂ အရေး ကြီးပါတယ်) မဂ္ဂပစ္စယော အရေးကြီးတယ်ဆိုတော့ ဩော်.... ဒါတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် အသုံးမကျလို့ ဒီဟာတွေကို အကျိုးအကြောင်း ဒီလိုဆက်ပြီး မယူလိုလို့ရှိယင် ဘာမှ ဉပနိဿယလဲ ဟောဘို့မလိုဘူး၊ မဂ္ဂကော.... (ဟောဘို့ မလိုပါဘုရား)။

မဂ္ဂလဲ ဟောဘို့မလိုတော့ဘူး.... (မှန်ပါ) အခု ပေါ်ကြပ လား.... (ပေါ်ပါပြီဘုရား)။

ကောင်းပြီဒါဖြင့် မဂ္ဂင်မပါဘဲနဲ့လဲ နိဗ္ဗာန်ကို မရောက်နိုင် ဘူး.... (မှန်ပါ) မဂ္ဂင်ဖြစ်အောင်ကျေးဇူးပြုတဲ့တရားနဲ့ မဆက် သွယ်မိလို့ရှိယင်လဲ မဂ္ဂင်နား မသိနိုင်ဘူး....(မှန်ပါ) ပေါ်ကြပ လား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘာအရေးကြီးသတုံးဆိုယင် ဘယ်နှယ်ပြောကြမလဲ (ဉပနိဿယနဲ့မဂ္ဂ အရေးကြီးတယ်ဘုရား)ဉပနိဿယလဲ အရေး ကြီးတယ်... (မှန်ပါ) ဉပနိဿယနဲ့အိပ်နေယင်လဲ.... (မဖြစ်ပါ ဘုရား) မဖြစ်ဘူး၊ ဉပနိဿယက ဘာကူရမလဲ.... (မဂ္ဂကို ကူ ရပါမယ်) မဂ္ဂပစ္စယောကို ကူရမယ်ဆိုတာသဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ဥပနိဿယက သညာပယ်သလား.... တခါဒီမှာ စစ်တမ်းထုတ်.... (မှန်ပါ့ဘုရား)။

မဂ္ဂပစ္စယောက သညာ ခုနင်က ပဋိစ္စသမုပ္ပါဒ်သုံးမျိုးပယ်သလားလို့ တခါစဉ်းစားကြည့်.... (မဂ္ဂပစ္စယောက ပယ်ပါတယ်ဘုရား) ဒါဖြင့် သူမပါလဲ မပြီးဘူး.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါအင်မတန် သဘောပါတယ်ဆိုတာကို မှတ်ကြရမယ်.... (မှန်ပါ့ဘုရား) နို့မဟုတ်ယင် တဇွတ်ထိုး တကြောင်းတိုက်တခါ တည်း တချို့ဆရာသမားကလဲ တဇွတ်ထိုး တကြောင်းတိုက် ဟောထားတော့ ဦးသံဒိုင် သွားရော (မှန်ပါ့ဘုရား) ဒါကြောင့် ဆရာမှား ကြောက်ရတယ်ဆိုတာ ရှင်းပလား.... ( ရှင်းပါပြီ ဘုရား)။

ဆရာမှား (ကြောက်ရပါတယ်ဘုရား) ကြောက်ရမယ်ဆိုတဲ့ ဥစ္စာသည် ကိုယ်ကတော့မသိလို့ ဆရာနည်းခံပါတယ် အမှားနဲ့ တွေ့မယ်ဆိုယင် ဦးသံဒိုင် ဂွန်းထိုးမှောက်ခုံသွားပြီ.... (မှန်ပါ့) မသွားဘူးလား.... (သွားပါတယ်ဘုရား) အင်မတန် ကြောက်စရာကောင်းပါတယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် မနေ့က အနာထပိဏ် သူဋ္ဌေးကြီးဆက်ကြစို့။ ခင်ဗျားတို့ ဝိပ္ပလ္လာသတွေ ဘယ်ကလာတယ်ဆိုတဲ့ဥစ္စာ အနာထပိဏ် သူဋ္ဌေးကြီးဘုရားလျှောက်ပုံတွေကို ပြောကြပါစို့ အနာထပိဏ် သူဋ္ဌေးကြီး တနေ့သုံးခေါက်ကျောင်းရောက်တယ်။

တနေ့သဉ္ဈကျတော့ နေ့လည် ထွက်လာတဲ့အချိန် စောနေ တာနဲ့တိတ္ထိတို့ ဆီဝင်လိုက်ပါတယ်၊ တိတ္ထိကျောင်းတိုက်ကလဲ

ဘုရားကျောင်းနားမှာ ရှိတာနဲ့ ဝင်လိုက်တော့ အနာထပိဏ်သူဌေးကြီး လာတယ်ဆိုပြီးသကာလ ဝိုင်းပြီးတော့ မေးကြတယ်။

ခင်ဗျားကတော့ တကာအရင်း ဖြစ်တယ်၊ ဂေါတမဘုရား ဘယ်အယူ-ယူသတုံး.... ရှေးဦးစွာ မေးလိုက်တယ်။

ဂေါတမဘုရားအယူတော့ တပည့်တော်မသိဘူးဘုရား သူက ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ် ဖြစ်နေတော့ ဘယ်ဟာကို ယူတယ်လို့ သူ့အယူကိုတော့ တပည့်တော်က သဗ္ဗညုတဉာဏ်နေရာမှာ သောတာပန် ဉာဏ်လောက်နဲ့ မှန်းလောက်လို့ သိပါ့မလား.... (မသိပါဘုရား) မသိနိုင်လို့ ဘုရားအယူတော့ တပည့်တော် မသိဘူးဘုရား....တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

သဗ္ဗညုတဉာဏ်နေရာကို သောတာပန်ဉာဏ်ကလေးနဲ့ ဘုရားဘာယူပါတယ်လို့ ပြောလို့ ဘယ်ကလာရမလဲ (မရပါဘုရား) ရနိုင်ပါ့မလား.... (မရနိုင်ပါဘုရား)။

မရနိုင်တော့ (ဘုရားဘယ်အယူ-ယူဘယ်တော့ တပည့်တော် မပြောနိုင်ပါဘုရား)။

ကိုင်း....ရှိပစေဗျာ.... ဘုရားဆီမှာနေတဲ့ သူရဟန်းခံထားတဲ့ သူ့တပည့်သားမြေးတွေအယူ ခင်ဗျားပြောရမယ်တဲ့။

ဟာ....ဒါလဲ မပြောနိုင်ပါဘုရာ့၊ သူတို့က သူတို့ဉာဏ်တွေက အမျိုးမျိုးရှိတယ်။

ဒါဖြင့် ရှိပစေဗျာ.... ခင်ဗျားအယူပြော....တဲ့ ကပ်တော့ တာဘဲ.... (မှန်ပါ့) ခင်ဗျားအယူ ပြောပါလို့ဆိုတော့ တပည့်တော်အယူပြောဘို့တော့ ဝန်မလေးပါဘူး၊ တပည့်တော်အယူ

ပြောဘို့တော့ ဝန်လေးစရာ အကြောင်းမရှိပါဘူး၊ သို့သော် အရှင်တို့က ပြောပြီးလို့ ရှိယင်တော့ဖြင့် ပြောပါမယ်ဆိုတော့ ရုပ်နာမ်ကို ကျုပ်တို့ကမြဲတယ်လို့ယူတယ်၊ တယောက်သော တိတ္ထိက.... (မှန်ပါ့) ပြီးတော့ ကျုပ်ယူတာပြီးတော့ ရုပ်နာမ်မြဲတယ်လို့ယူယင်ကျုပ်အယူသာ မှန်တယ်လို့ ကျုပ်စိတ်ထဲမှာ ဆုံးဖြတ်ချက် ချထားတယ်တဲ့၊ ဒါ.... တိတ္ထိတယောက်.... (မှန်ပါ့)။

တယောက်သော တိတ္ထိကတော့ ကျုပ်အယူ ရုပ်နာမ်သည် မမြဲဘူးလို့ ကျုပ်ကယူလိုက်တယ်.... (မှန်ပါ့) သူကလဲ ယူသာ ယူတာကိုး၊ မမြဲတာသာမှန်နေတာ ဥစ္စေဒဘက် သွားတယ်.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

အချို့ တိတ္ထိက ရုပ်နာမ် မြဲချီတလှည့် မမြဲချီတလှည့်ယူတယ်။

တချို့တိတ္ထိကတော့ အသက်နဲ့ကိုယ် အတူတူဘဲလို့ယူကြတယ်.... (မှန်ပါ့)အသက်နဲ့ကိုယ် အတူတူဘဲလို့ဆိုတဲ့ဥစ္စာကလေးဟာ တော်တော် အရေးကြီးပါတယ်.... (မှန်ပါ့)။

တချို့ တကာတကာမတွေမှာ စိတ်ဆိုးတဲ့အခါကျတော့ အသက်နဲ့ကိုယ် ကွဲချင်သလားလို့ မေးတာရှိသေးတယ်....(မှန်ပါ့) ရှိတယ် ဒီအတိုင်း.... (ရှိပါတယ်ဘုရား) မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

အသက်နဲ့ ခန္ဓာနဲ့ အိုးစားကွဲချင်သလားကွ....တဲ့ ဒေါသအလိုက်ပြောတယ်.... ( မှန်ပါ့ ) မပြောဘူးလား.... ( ပြောပါတယ်ဘုရား)။

သူ....ဘာထင်သတုံးလို့ဆိုလို့ရှိယင်ဖြင့်တဲ့ ကောစ္စသဿတဒိဋ္ဌိ သူကတပိုင်း ဒိဋ္ဌိယူထားတယ်.... (မှန်ပါဘုရား) မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

အဲဒီလိုအယူတွေလဲရှိပြီးတော့ ဗုဒ္ဓဘာသာထဲမှာကို ဒီအပြော ဒီအထင်တွေက မရှိဘူးလား....( ရှိပါတယ်ဘုရား )။

ရှိလို့ရှိယင် ဒါကြောင့် ဒီဟာလဲ အမှားဘဲလို့ မှတ်ပါ.... (မှန်ပါ)။

ဘင်္ဂဇံ၊တံသရီရံ-ဒါအသက်နဲ့ကိုယ်အတူတူဘဲလို့ ယူလိုက် ပြန်တော့လဲ အသက်သေယင် ကိုယ်သေတယ်ဆိုတော့ ဥစ္ဆေဒ ဒိဋ္ဌိဘက် သွားပြန်တာဘဲ....( မှန်ပါ ) ဒါလဲ လွဲတာဘဲနော်.... (မှန်ပါ)။

သတ္တဝါသေသည်၏ အခြားမဲ့၌ ကျုပ်တို့က ဖြစ်တယ်လို့ ယူလိုက်တယ်၊ တိတ္ထိတယောက်က....(မှန်ပါ)အင်း....သတ္တဝါမှ မရှိတာ သူက သေယင် ဖြစ်သေးတယ်ဆိုတော့ သူကလဲ တိတ္ထိဘဲ (မှန်ပါ)သဿတ ဒိဋ္ဌိဘဲနော်....(မှန်ပါ)။

သတ္တဝါသေယင် မဖြစ်တော့ဘူးလို့ သူ ယူလိုက်တယ်၊ သူ ကလဲ ဥစ္ဆေဒဒိဋ္ဌိဘဲ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

သတ္တဝါသေယင် အချို့ဖြစ်တယ်၊ အချို့ မဖြစ်ဘူးလို့ ကျုပ်တို့က ယူတယ်၊ ဒီလို ယူတဲ့ တိတ္ထိကလဲ ရှိသေးတယ်.... (မှန်ပါ)အဲဒါက တပိုင်း ကြောင်တိတ္ထိလို့ခေါ်တယ်(မှန်ပါ)။

သတ္တဝါသေယင် မဖြစ်တယ်မဟုတ်၊ ဖြစ်တယ်လို့ ဖြစ်သ ယောင်ယောင် ရှိတယ်လို့ ယူတယ်ဆိုတာကတော့ အမရာဝိက္ခေ ပ တိတ္ထိလို့ ခေါ်တယ်....(မှန်ပါ)။

အမရာဝိက္ခေပ ဒိဋ္ဌိတော့ ယနေ့ည ရှင်းပေးပါမယ်၊ ဘယ်လို ရှင်းရမလဲလို့ မေးတော့ အမရာဝိက္ခေပ တိတ္ထိဆိုတာက ဥပမာမယ်-ဦးသံဒိုင်က ရှိတယ်၊ ကိုယ်က မပိုင်ဘူး၊ ကိုယ်က ဒီတိတ္ထိဥာဏ်စခန်းတွေ မပိုင်ဘူးဆိုကြပါစို့.... (မှန်ပါ့)မပိုင်တော့ ကိန်းသေပြောယင် မှားမှာစိုးလို့ဘဲ....(မှန်ပါ့) ကိန်းသေပြောလိုက်ယင်....(မှားမှာစိုးလို့ပါဘုရား)။

မပြောဘဲ နေတော့လဲ မကောင်းဘူး....(မှန်ပါ့) ကိန်းသေပြောလိုက်ပြန်တော့လဲ သူက ဉာဏ်က မပိုင်ဘူး၊မပြောဘဲနေပြန်တော့လဲ မကောင်းဘူး....(မှန်ပါ့)။

အဲဒါကြောင့် ဒီအမရာဝိက္ခေပတိတ္ထိဆိုတာကတော့ သတ္တဝါ သေယင် မဖြစ်သည်မဟုတ်၊ မဖြစ်သည်မဟုတ်ဘူးလို့လဲ သူမယူဘူး၊ ဖြစ်တယ်လို့လဲ သူမယူဘူး၊ ဘယ်ဟာရယ်လို့ သူ့ကို ဖမ်းရတာ မခက်ဘူးလား ...(ခက်ပါတယ်)။

မဖြစ်သည်မဟုတ်လို့လဲ....(မယူပါဘုရား) ဖြစ်တယ်လို့လဲ သူ မယူဘူးတဲ့....(မှန်ပါ့)အဲဒီလို တိတ္ထိကလဲ ရှိသေးတယ်၊အဲဒါ အမရာဝိက္ခေပတိတ္ထိလို့ ခေါ်တယ်....( မှန်ပါ့ )အဖမ်းခက်တဲ့ ငါးလိုဘဲလို့ စာများက ဥပမာပြကြတယ်....(မှန်ပါ့)။

အဲဒီ ဒိဋ္ဌိဆယ်မျိုးကို တိတ္ထိဆယ်ယောက်က လာပြီး အနာထပိဏ်သူဌေးကြီး ပြောကြတယ်။

ဩော်....ဒါအရှင်တို့က ဒီအယူ-ယူသကိုး၊ ဒီအယူ - ယူတာသည် အကဲခတ်ဘို့ ကောင်းပါတယ်တဲ့၊ ဒီတိတ္ထိဆိုတဲ့ဥစ္စာ ဉာဏ်ထဲက ယူထားတဲ့ အယူကလေးဟာ ဒိဋ္ဌိဘဲ၊ ကိုယ့်စိတ်ထဲက ယူ

ထားတဲ့ အယူကလေးဟာပေါ့လေ ဘာခေါ်ကြမယ်....(ဒိဋ္ဌိ အယူပါဘုရား)။

အဲဒီ ဒိဋ္ဌိဟာတဲ့ မတွေးလို့ပါတဲ့၊ သူဟာ သူ့ကိုက အနိစ္စ ဖြစ်နေတယ်၊သဘောကျပလား....(ကျပါပြီ)။

ဒိဋ္ဌိက နာမ်ဓမ္မကိုး....(မှန်ပါ့) နာမ်ဓမ္မဆိုတော့ သူ့ကိုက ဘာတုံး....(အနိစ္စပါဘုရား)။

အနိစ္စတရားတဲ့၊ သင်္ခါတရားတဲ့၊ သူလဲ ပြုပြင်လို့ပေါ်လာတဲ့ တရားတဲ့....(မှန်ပါ့)။

အဲဒီ အနိစ္စတရား သင်္ခတတရား မမြဲတဲ့ တရားကို ကိုယ်ယူထားတဲ့ တရားကို ကိုယ်မသိလို့....၊ ကိုယ်ယူထားတဲ့ တရားဟာ ဘယ်လိုတရားတုံး·အနိစ္စတရား-သင်္ခတတရား ဟုတ်လား(မှန်ပါ့) အင်း....ပျက်စီးတဲ့ တရားလို့ မသိကြတာနဲ့ ဒီအယူတွေ ဖြစ်လာတယ်....(မှန်ပါ့)အခြေကို ကိုင်တာ သူက....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ကိုယ်ယူထားတဲ့ ဒိဋ္ဌိကလေးကိုက အနိစ္စတရား သင်္ခတတရား သဘောကျပလား....( ကျပါပြီ )ဖေါက်ပြန် ပျက်စီး တတ်တဲ့ တရား-(မှန်ပါ့)။

အဲဒါ မသိတာနဲ့ အရှင်တို့ အယူဟာတဲ့ နှလုံးသွင်း မှားပြီး တော့ တရားနာကလဲ လွဲနေတော့ နှလုံးသွင်းမှားမှု - တရားနာ မှားမှုကြောင့် နှလုံးသွင်းလွဲပြီး တရားနာမှားမှုကြောင့် ကိုယ်ယူထားတဲ့ အနိစ္စ ကိုယ့်သန္တာန် ပေါ်လာတဲ့ အမှားကလေးသည် ပင်လျှင် အနိစ္စတရား သင်္ခတတရား ဖေါက်ပြန်တတ်တဲ့ တရားလို့ မသိဘူး....(မှန်ပါ့)။

အဲဒီ မသိတဲ့ အတွက်တဲ့ တရားနာကလဲ မှားနေ၊ နှလုံးသွင်းကလဲ မှားနေလို့ အရှင်တို့ အယူဟာ ဒိဋ္ဌိ ဖြစ်ပါတယ်တဲ့....(မှန်ပါ့)။

တယ်ပြေပုံကောင်းတယ်....(ကောင်းပါတယ်ဘုရား) အင်မတန် ပြေပုံကောင်းတယ်ဆိုတာ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ကိုယ်ယူထားတဲ့ နာမ်ဓမ္မကလေးကို ကိုယ်မသိဘူး၊ ဘယ်သူက ပြောနေတယ်လို့ သူ မသိဘူး....(မှန်ပါ့)။

ဒါကလေးဟာ အခု အကြောင်းတိုက်ဆိုင်မှ အခု ပေါ်တဲ့ သင်္ခတတရားကဲလေး....(မှန်ပါ့)။

သင်္ခတ တရားဆိုယင် အနိစ္စ တရား၊ အနိစ္စ တရား ဆိုယင် ပေါက်ပြန်ပျက်စီးတတ်တဲ့ တရား၊ ဒါကို ကိုယ့်ဟာကလေးကိုဘဲ ကိုယ်ဘယ်လို ဖြစ်နေတယ်လို့ နှလုံးသွင်း မှားပြီးသကာလ သူတပါး ပြောတာ ကြားသံကလဲ ဒီလို ကြားထား ပြန်တော့ အရှင်တို့မှာ ဒိဋ္ဌိဖြစ်နေတယ်ဆိုတာ ဒါပါဘဲ....( မှန်ပါ့ )သိပ် ပြေပုံကောင်းတယ်နော်-(ပြေပုံကောင်းပါတယ်)ရှင်းကြပလား (ရှင်းပါပြီ)။

ပြေပုံကောင်းပါတယ်တဲ့၊ အရှင်တို့မှာတဲ့ ကိုယ်ယူထားဟဲ့ အယူဆိုတဲ့ နာမ်ဓမ္မကလေးကို အနိစ္စ တရား - သင်္ခတ တရား ပေါက်ပြန်တတ်တဲ့ သင်္ခတတရားလို့ ကိုယ့်ဟာကလေး ကိုယ်မှ ကိုယ်မသိတော့ နှလုံးသွင်းက မှားနေတယ်တဲ့.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒီအထဲမှာ ဆရာမှားနဲ့ တခါတွေ့တော့ ဒိဋ္ဌိဖြစ်ရတော့တာ ဘဲတဲ့....(မှန်ပါ့)။

ဒါဖြင့် အခု တရားနာတဲ့ တကာ တကာမတွေမှာ နှလုံးသွင်းမှားနဲ့ ဆရာမှားဟာ ကြောက်စရာ အကောင်းဆုံးဘဲ .... (မှန်ပါ့)။

ဘာကြောက်စရာအကောင်းဆုံးလဲ....(နှလုံးသွင်းမှားနဲ့ဆရာမှားဟာကြောက်စရာအကောင်းဆုံးပါဘုရား)။

နှလုံးသွင်းမှားနဲ့ ဆရာမှားဟာ ကြောက်စရာ အကောင်းဆုံး၊ အယောနိသောမနသိကာရနဲ့ ပရတောဃောသကိုဆိုလိုက်တယ် စာလို သုံးတော့....(မှန်ပါ့)။

အယောနိသော မနသိကာရဆိုတာ နှလုံးသွင်းမှားတာ....(မှန်ပါ့)ပရတောဃောသဆိုတာ သူတပါးအသံနဲ့ ကိုယ့်နားထဲကြားပြီးသကာလ ကိုယ့်မှာ အမှားဖြစ်ရတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ အရှင်တို့မှာ ဒီနှစ်ခု ခေါင်းဆောင်နေတယ်တဲ့၊နားလည်ကြရဲ့လား....(နားလည်ပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း ဒီနေရာ နှစ်ပါးတည်း သူ ဟောလိုက်တယ်၊ နှလုံးသွင်းမှားမှုနဲ့ တရားနာမှားမှု....(မှန်ပါ့) ဒါကို အဖတ်တင်အောင်ခင်ဗျားတို့ယနေ့ညမှတ်ပါ....(မှန်ပါ့)။

ဘာမှားမှုလဲ....(နှလုံးသွင်းမှားမှုနဲ့ တရားနာမှားမှုပါ) ရှင်းပြီနော်....(ရှင်းပါပြီ)။

နှလုံးသွင်းမှားမှုနဲ့....(တရားနာမှားမှုပါ)။

နှလုံးသွင်းမှားမှု ဆိုတဲ့ဥစ္စာကတော့ဖြင့် သူတလုံးကိုမှားလိုက်လို့ရှိယင် ဝိပ္ပလ္လာသ ဆယ့်နှစ်ပါးလာတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

နှလုံးသွင်းမှားလိုက်လို့ရှိယင်.... (ဝိပ္ပလ္လာသ ဆယ့်နှစ်ပါးလာပါတယ်ဘုရား) ဆယ့်နှစ်ပါးလုံးလာတယ်၊ မလာနိုင်တာရယ်လို့မရှိဘူး၊ နှလုံးသွင်းသာမှားလို့ရှိယင်....(မှန်ပါ့)သဘောပါကြပလား.... (ပါပါတယ်ဘုရား)။

အဲဒီတော့ ဒီ တကာ တကာမတွေဘက်လှည့်၊ နှလုံးသွင်းမှားလို့ ခင်ဗျားတို့ ဒုက္ခသင့်နေတာ၊ ခင်ဗျားတို့အတွက်ဘဲ ပြန်စဉ်းစားပါ....(မှန်ပါ့)ခင်ဗျားတို့ အခု များသောအားဖြင့် အိမ်ထောင်ကျတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်–နော်....(မှန်ပါ့)။

အိမ်ထောင်ဘာဖြစ်လို့ ကျတာတုံးလို့မေးလို့ရှိယင် အဲဒီကစပြီး မောင်သစ် အဖြေထွက်လာတယ်....(မှန်ပါ့) အိမ်ထောင်ဘာဖြစ်လို့ ကျတာတုံးလို့ မေးလို့ရှိယင် နှလုံးသွင်းမှားကြတာ (မှန်ပါ့)။

ယောကျ်ား မိန်းမ-ရှိမှတော့မယ်.... (မှန်ပါ့) အင်း....နှလုံးသွင်းမှားပုံက....(မှန်ပါ့ဘုရား)။

ယောကျ်ားကလဲ ယောကျ်ား၏ အနိစ္စ ဒုက္ခ အနတ္တကို ယောကျ်ားလဲမသိဘူး.... (မှန်ပါ့)။

သူကိုယ်တိုင် အိမ်ထောင်ပြုမည့် ယောကျ်ားကိုက သူဟာယောကျ်ားသာ မှတ်နေတာဘဲ၊ သူ့ခန္ဓာ အနိစ္စ ဒုက္ခ အနတ္တကို သူ နှလုံးသွင်းသေးရဲ့လား.... (မသွင်းပါဘုရား)။

မသွင်းမိတော့ ကိုယ့်ကိုယ်ကို ယောကျ်ား လုပ်ပစ်လိုက်တယ်၊ ယောကျ်ားလုပ်တော့ကို မိန်းမ-ရှိမှဘဲ စီးတဲ့ရေ ဆည်တဲ့ ကစင်းတဲ့၊ ဘယ်ကမျှား ခင်ဗျားတို့ ဒီဥစ္စာ လုပ်ထားတယ် မပြောတတ်ဘူး....(မှန်ပါ့)။

ဒါတွေ သယ်ကတတ်ထားတယ်လို့ မပြောတတ်တော့ကို မိန်းမ- ရှိမှတော်မယ် ဆိုပြီးသကာလ ရှာကြတယ်၊ရှာကြတော့ အကြောင်းတိုက်ဆိုင်တာနဲ့ တွေ့တော့ အိမ်ထောင် ကျကြတယ် နော်....(မှန်ပါ့)။

မိန်းမကလဲ သူ့ဟာသူတကိုယ်ရေ တကာယနဲ့ နေမယ်ဆိုယင် သူဟာ သူများ ကျွန်ဖြစ်စရာ အကြောင်း မရှိဘူး.... (မှန်ပါ့ ဘုရား) သူကလဲ နှလုံးသွင်းမှားတာဘဲ....(မှန်ပါ့)။

သူကလဲ နှလုံးသွင်းမှားတယ်၊ ဟာ....လူမလေး ခွေးမခန့် ဖြစ်တယ်၊ အထိန်အကျောင်း မရှိဘူး ဆိုပြီး ယောကျ်ားရှိမှ ယောကျ်ားရှိမှ တင့်တယ်လို့ နိစ္စသညာ အားကိုးတယ်၊ အတ္တ သညာလဲ ပါသွားတယ်....(မှန်ပါ့)။

သုဘသညာ တင့်တယ် တယ်၊ ဒီလူဟာ ချောတယ် လှတယ် စိတ်ကောင်းတယ် အစရှိသည်နဲ့ သုဘသညာတွေ အကုန်လာ တော့တာဘဲ....(မှန်ပါ့)မလာဘူးလား.... (လာပါတယ်ဘုရား)။

လာတဲ့အခါကျတော့ မိန်းမတွေကလဲ တည်ထောင်ပစ်တယ်၊ ယောကျ်ားတွေကလဲ ဒီတကာမနဲ့ဘဲ တည်ထောင်ပစ်တယ်၊ ရိပ်မိ ကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါက ဘယ်က လာတာတုံးလို့ မေးတော့ သညာသုံးပါးက လာတာ....(မှန်ပါ့)ရိုးမြေကျပေါင်းရမှာဆိုတော့ နိစ္စသညာ.... (မှန်ပါ့)။

ရိုးမြေကျပေါင်းရမှာဆိုတော့.... (နိစ္စသညာပါဘုရား)။

ခင်ဗျားတို့ ရှေ့သွား နောက်လိုက် ညီတယ်ဆိုတော့ သုခ သညာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အင်း....သူနဲ့နေရတာဖြင့် စိတ်ချမ်းသာတယ်ဆိုတော့ သုခ သညာ....(မှန်ပါ့)တခါတည်း သညာတွေ အကုန်လာတော့တာ ဘဲ....(မှန်ပါ့) သဘောပါကြပလား....(ပါပါပြီ)။

ဒါဖြင့် အဲဒီ အမှားကြီးကို အခုမြင်ကြပလား၊ မှားလက်စ သတ်ပလားလို့ မေးယင် ဘယ်နှယ်ဖြေပါ့မလဲ....(မသတ်သေးပါ ဘုရား)။

မသတ်သေးဘူး.... (မှန်ပါ့) မသတ်သေးဘူး၊ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးမှ လာပါ့မလား.... (လာပါတယ်ဘုရား)။

လာတယ်၊ သုံးမျိုးမကပါဘူးတဲ့ ခင်ဗျားတို့မှာ၊ ခုနင်က ပြောတာက တဏှာ ပဋိစ္စသမုပ္ပါဒ်- မာန ပဋိစ္စသမုပ္ပါဒ် ဒိဋ္ဌိ ပဋိစ္စသမုပ္ပါဒ်၊ သုံးမျိုးတည်းလာတာ....(မှန်ပါ့) တည်ထောင်မိ တဲ့အခါကျတော့ ဒါတွင် မကပါဘူးတဲ့၊ ဒီ့ပြင် ပဋိစ္စသမုပ္ပါဒ် တွေ လာရဦးမယ်....(မှန်ပါ့ဘုရား)။

တယောက်နဲ့တယောက် စိုးရိမ်တယ် ရှေ့စိတ်မချ နောက် စိတ်မချဆိုတော့ သောကပရိဒေဝ လာ·မလာ.... (လာပါတယ် ဘုရား)။

လာတော့ ဒေါသ ပဋိစ္စသမုပ္ပါဒ်ကလဲ တခါတည်း ဒေါသက ပရိဒေဝက နေပြီး အဝိဇ္ဇာပြန်မလှည့်ဘူးလား....(လှည့်ပါတယ် ဘုရား) လှည့်တော့ ပဋိစ္စသမုပ္ပါဒ် တခုတိုး-မတိုး.... (တိုးပါ တယ်ဘုရား)။

ကောင်းပြီ နဂိုကသုံးခုအပေါ်မှာ တခုဆင့်လာတယ် .... (မှန်ပါ့)။

သုံးခုအပေါ်မှာ.... (တခုဆင့်လာပါတယ်) တခုဆင့်တော့ ကို အဝိဇ္ဇာပစ္စယာ သင်္ခါရာပြန်ပေါ်တယ်....(မှန်ပါ့)မပေါ်လာ ဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲဒါ ဒီပဋိစ္စသမုပ္ပါဒ် ဘယ်သူများ တည်ထောင်လိုက်လို့ အခု တခု ပေါ်လာပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့ကို ခုနင်က ဝိပ္ပလ္လာသ သုံးချက်ကလာတယ်၊ သညာသညာ၊ သဒ္ဓ သညာ၊ နိစ္စသညာ....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီ ဘုရား)။

ဒီက လာတော့ကို အခုတော့ ဦးသံဒိုင်တို့ မေးကြည့်၊ မောင် သစ်တို့ မေးကြည့်၊ မရှုနိုင် မကယ်နိုင်ဘူး .... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဖြစ်နေသတုံး....(မရှုနိုင် မကယ်နိုင်ဖြစ်နေပါတယ် ဘုရား)။

မရှုနိုင် မကယ်နိုင်ဖြစ်နေတယ်၊ ဖြုတ်ရမှာလဲ မလွယ်ဘူး ဘုရား၊ ဖြတ်ရမှာကော .... (မလွယ်ပါဘုရား) ပဋိစ္စသမုပ္ပါဒ် လေးမျိုး တန်းမှန်းတော့လဲ အခုတရားနာတော့ သိပြီ....(မှန်ပါ ဘုရား)။

ထဲရောက်နေတော့ လေးမျိုးတော့ တန်းနေပြီဟေ့၊ ဒီလေးမျိုးဟာ တနေ့ ဘယ်နှစ်ကြိမ်တန်းသတုံး မေးပြန်တော့ ဦးသံဒိုင်ဧပြစမ်း....(မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ပြုထားတဲ့ ဒါနကလေးက သြော်....နံနက်ကျယင် ဘုရားကလေး ရှိခိုးလိုက် ဆွမ်းတော်ကလေးတင်လိုက်၊ အဲဒီ့ ပဋိစ္စသမုပ္ပါဒ်နဲ့ ခင်ဗျားတို့ တနေ့ တနေ့မှားနေတဲ့ ပဋိစ္စသမုပ္ပါဒ်နဲ့ ရေတွက်လိုက်လို့ ရှိယင် မနိုင်းယှဉ် လောက်ဘူး.... (မှန်ပါ့)ဘယ့်နှယ်ဆိုကြမလဲ....(မနိုင်းယှဉ်လောက်ပါဘုရား)။

မနိုင်းယှဉ်လောက်ပါဘူး၊ ဘာကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ကြည့်လိုက်လဲ မှားတာဘဲ၊ မြင်လိုက်လဲ .... (မှားတာပါဘဲ) မှားတာဘဲ၊ပြုံးလိုက်ယင်....(မှားပါတယ်) မှားတာဘဲ၊ စိတ်ဆိုးလိုက်ယင်....(မှားပါတယ်ဘုရား)။

တနေ့ အမှားပေါင်း ဘယ်နှစ်ထွေဖြစ်နေသတုံး ....(မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်ဘူးဆိုတော့ ကျုပ်တို့ အားကိုးလောက်အောင် ဒါတော့-တခုတော့ ရှိပါတယ်ဗျာလို့ ဘယ်ဟာမှ ခင်ဗျားတို့ အားမကိုးနဲ့ မရသေးဘူး....(မှန်ပါ့)။

ဒီဟာက တန်းတန်းနေတယ်....(မှန်ပါ့) မျက်လုံးပေါက်က တန်းလိုက်....(မှန်ပါ့) မနောပေါက်က သာယာလိုက်.... (တန်းပါတယ်) နားပေါက်က ကြားပြန် သာယာလိုက် .... (တန်းပါတယ်) ဒီလိုဘဲမရှိဘူးလား....(ရှိပါတယ်) နှာခေါင်းပေါက်က ရှူလိုက်-ရှိုက်လိုက်၊ မဟုတ်ဘူးလား....(မှန်ပါ့)စားပြန်သောက်

ပြန်လို့ရှိယင်လဲ သူတို့ချက်ပုံကလေး ကောင်းတယ်ပြုတယ် အစ ရှိသည်နဲ့ ရသပေါက်ကလဲ ဇိဝှာဝိညာဏ်ဆိုပြီး ဘာကာလ ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကံ၊ ဒွါရ ခြောက်ပါးကလဲ မလာပေဘူးလား....(လာပါတယ်) ပဋိစ္စသမုပ္ပါဒ် ခြောက်မျိုး မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ် ရှိရင်းက ခြောက်မျိုး၊ အပိုလုပ် ထားတာက လေးမျိုး၊ ခြောက်နဲ့ လေးနဲ့ပေါင်း....(တဆယ်ပါ ဘုရား)။

ဒီ တဆယ်ဟာ တနေ့မှာ တဆယ်ဘယ်နှစ်လီတုံးလို့ မောင် သစ်တို့၊ ဦးသံဒိုင်တို့ကိုမေးယင် ဘယ့်နှယ် ဖြေကြမလဲ....(မရေ တွက်နိုင်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်....ဒါတွေက အပါယ်လေးပါးမှ ရောက်မှ ရောက်ပါ့ မလားလို့ သံသယမရှိနဲ့တဲ့၊ မှည်းနက်တဲ့ တရားလုပ်ယင် မှည်း နက်တာ အကျိုးပေးရမယ်....(မှန်ပါ့) ဖြူစင်တဲ့တရားလုပ်ယင် (ဖြူစင်တာအကျိုးပေးမှာပါဘုရား)။

အဲဒီတော့ ကိုယ်ကတနေ့လုံးဟာ ဘာတွေလုပ်နေကြသတုံး လို့ မေးလို့ရှိယင်ဖြင့် ဖြေကြစမ်းပါဦး .... (မှည်းနက်တဲ့တရား ချည့် လုပ်နေပါတယ်ဘုရား)။

မှည်းနက်တဲ့တရားချည့် အများဆုံး လုပ်နေပါတယ်ဆိုတာ ဖြင့် ငြင်းနေဘို့မလိုပါဘူး....(မလိုပါဘုရား)။

အဲဒီတော့ အကျိုးပေးတော့ကို ခင်ဗျားတို့က စေတနာ ကလေးတလုံးတော့ ယူထားတယ်၊ အင်း....ကောင်းတဲ့ စေတနာ

မကောင်းတဲ့ စေတနာ နှစ်မျိုးရှိတာဘဲ .... (မှန်ပါ့) ဒါက လူပြိန်းပြောနေတာ....(မှန်ပါ့)။

ကောင်းတဲ့ စေတနာ မကောင်းတဲ့ စေတနာ....(နှစ်မျိုးရှိပါတယ် ) ဘယ်မှာကလိမ်မတုံးတဲ့၊ မာန ဖြစ်လာတော့လဲ မာနပဋိစ္စသမုပ္ပါဒ်၊ တဏှာဖြစ်လာပြန်တော့ .... (တဏှာပဋိစ္စသမုပ္ပါဒ်) ဒိဋ္ဌိဖြစ်လာပြန်တော့....(ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်)။

ဒွါရခြောက်ပါးက ပဋိစ္စသမုပ္ပါဒ်က ဘယ်နှစ်မျိုးတုံး .... (ခြောက်မျိုးပါ) အဲ....ခြောက်နဲ့ လေးနဲ့ပေါင်း....(ဆယ်မျိုးပါ) ဆယ်မျိုး၊တနေ့ဘယ်နှစ်ဆယ်တုံး မေးတော့....(မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်ဘူးဆိုတော့ အဲဒီ မရေတွက်နိုင်တဲ့ ကံပေါင်းအနန္တဟာ ခင်ဗျားတို့ ဘာနဲ့ဆပ်ကြမတုံးတဲ့၊ ဒီဥစ္စာ (ကံတွေအကျိုးပေးမှာကို၊ သူက ဒီကံတွေက ခန္ဓာလုပ်မှာဘဲ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီကံတွေက .... (ခန္ဓာလုပ်မှာပါဘုရား) ခန္ဓာလုပ်လို့ရှိယင် ခန္ဓာနဲ့ အဆပ်ခိုင်းတာ....(မှန်ပါ့) ရှင်းကြလား....(ရှင်းပါပြီ)။

ခန္ဓာလုပ်လို့ရှိယင်....(ခန္ဓာနဲ့အဆပ်ခိုင်းတာပါဘုရား)။

ဒါကငြင်းဘိုကို မလိုတော့ဘူး၊ ကံ ဇာတိ၊ ကံ ဇာတိ.... (မှန်ပါ့) ဘယ့်နှယ်ဘုံး ... (ကံ ဇာတိပါဘုရား) ဒီအတိုင်းသွားရမယ်ဆိုတာ မောင်သစ် ငြင်းချင်သေးသလား.... (မလိုပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတခါဘုခါ ပြောတော့ တကာတကာမတွေ ခင်ဗျားတို့ လူ့ပြည်အလည်လာကြတာ နောက်ပင်ရင်းပြန်ကြမှာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

လူ့ပြည်....(အလည်လာကြတာပါ) နောက် ဘယ်ပြန်ကြမလဲ....(ပင်ရင်းပြန်ကြပါမယ်)။

ပင်ရင်းဆိုတာ"စတ္တာရော အပါယာ သကဂေဟာ သဒိသာ"ကိုး၊ စတ္တာရော=လေးပါးကုန်သော၊ အပါယာ=အပါယ်လေးဘုံတို့သည်၊ သကဂေဟသဒိသာ = အမြဲနေထိုင်ရာ မိမိအိမ်ဂေဟာကြီးနဲ့ တူပါကလား၊အဲဒါအမြဲနေတာ....(မှန်ပါ့)။

ဒီလူ့ပြည်မှာ ခေတ္တအလည်လာတာ၊ နတ်ပြည်မှာ....(ခေတ္တအလည်လာတာပါ)။

ဟုတ်ထိုက်-မဟုတ်ထိုက် ပဋိစ္စသမုပ္ပါဒ်နဲ့ တွေးလိုက်ယင်....(ဟုတ်ပါတယ်ဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဟုတ်ထိုက်-မဟုတ်ထိုက်ကို ခင်ဗျာ တို့ အခုပြောတာနဲ့တွေးဒွါရခြောက်ပေါက်နဲ့တွေးလိုက်ယင် မောင်သစ် ခုနင်က တဏှာမာနဒိဋ္ဌိအဝိဇ္ဇာနဲ့ တွေးလိုက်(မှန်ပါ့)တွေးလိုက်တော့ အကြိမ်ပေါင်း တခန့်ရေတွက်နိုင်ရဲ့လား....(မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် အဲဒီ့ အကြိမ်တွေက အပါယ်လေးပါးဘဲ အကျိုးပေးမယ်၊ ကံမြောက်မြောက်သွားတယ်-(မှန်ပါ့ဘုရား)သဘောပါပလား....(ပါပါပြီ)။

ကံမြောက်မြောက်သွားတယ်၊ ဒါတွေက ဒီကံတွေက လေလို လွင့်မသွားပါဘူးလို့လဲ အရင်က ဟောပြီးပါပြီ-(မှန်ပါ့)။

လေထဲမှာရှိတဲ့ ဖုံတွေလို လွင့်သွားတာ မဟုတ်ဘူး-(မှန်ပါ့) တဏှာမချုပ်သေးတဲ့ ပုဂ္ဂိုလ် တဏှာက စုထားပါတယ်လို့ ပြောတာ....(မှန်ပါ့ဘုရား)။

ကမ္မသမင်္ဂီဆိုတာ ရှိပါတယ်၊ ကံတွေစုထားတဲ့ တရားရှိတယ် သဘောပါပလား....(ပါပါပြီ)။

ဒါဖြင့် ဓမ္မပဒမှာလာတဲ့ ခုနင်က စတ္တာရောအပါယာ သက ဂေဟသဒိသာ-ဆိုတဲ့ အပါယ်လေးပုံဟာ မင်းတို့ အမြဲနေရာဘဲ ဆိုတာကော သဘောကျပလား....(ကျပါပြီ)။

ဘာနဲ့ အကဲခတ်ရမတုံး....(ပဋိစ္စသမုပ္ပါဒ်နဲ့ အကဲခတ်ရပါ မယ်)အဲ....ပဋိစ္စသမုပ္ပါဒ်နဲ့ အကဲခတ်....(မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ)။

အဲဒါ ဘာမှ မသိတဲ့ ပုဂ္ဂိုလ်တတော့ ကျုပ်တို့ ဘာအပြစ် ရှိသတုံး ပြောနေမှာဘဲ....(မှန်ပါ့)။

သူဘာကို လက်ကိုင်ထား ပြောပါလိမ့်မတုံးဆိုတော့ခုနင်က ဝိပ္ပလ္လာသကို ဘာမှမပယ်နိုင်တဲ့ သီလကလေးလောက်ကို အဓိက ထားပြောတာ.... (မှန်ပါ့) ဒါနကလေးလောက်ကို အဓိကထား ပြောပါတယ်ဘုရား)။

အဓိကထား ပြောတော့ သူ့ခန္ဓာထဲက ပဋိစ္စသမုပ္ပါဒ်က ဆယ်ဦး ဆယ်ကြိမ်ကလဲ တနေ့အကြိမ်ပေါင်းများစွာ ဒါကိုသူ လုံးဝနားမလည်လို့ ပြောနေတာ.... (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) ခုတော့ နားလည်ကြပလား.... (လည်ပါပြီ ဘုရား)။

အဲဒီတော့ကိုခင်ဗျားတို့မှာကြွေးများစွာရှိပြီးသားပုဂ္ဂိုလ်တွေဘဲလို့ဆိုလို့ရှိယင် အပါယ်ကျဘို့ ကြွေးတွေများစွာရှိပြီးသားပုဂ္ဂိုလ်တွေဘဲလို့ စွဲချက်တင်လိုက်လို့ရှိယင် ဟုတ်ပါပေတယ်—မှန်ပါပေတယ်ဘဲ တာဝန်ခံရမယ်....(မှန်ပါဘုရား)။

အဲဒါ ခင်ဗျားတို့ ဝိပဿနာ အလုပ်ကို ပျင်းနေကြမယ်—ဖျင်းနေကြမယ်ဆိုလို့ရှိယင် သူဟာ ဝိပဿနာဟာ ဒါတွေ အဟောသိကံဖြစ်အောင် သူလုပ်နိုင်တယ်.... (မှန်ပါ) ဒီပြင်တရားကတော့ မလုပ်နိုင်ဘူး.... (မှန်ပါ)။

ဒါနကလဲ.... ကဲ....သုဂတိသွားလိုက်ကွာ၊ ပြန်မှ ကြွေးဆပ်၊ သီလကလဲ သွားလိုက်ကွာ ပြန်မှကြွေးဆပ်.... ( မှန်ပါ ) သူကတော့ ကြွေးပြန်ဆပ်ရမှာချည်းဘဲ.... ( မှန်ပါ ) အဟောသိကံဖြစ်အောင် မလုပ်နိုင်ဘူး.... (မလုပ်နိုင်ပါဘုရား) မဂ်ကတော့.... (လုပ်နိုင်ပါတယ်ဘုရား)၊

မဂ်က အဟောသိကံဖြစ်အောင် လုပ်နိုင်တယ်.... (မှန်ပါ) အဲဒီတော့ကို ခင်ဗျားတို့ကို ဝိပဿနာ အားထုတ်စေချင်လို့ ဘုန်းကြီးက ဟောနေတယ်လို့ ဒီလိုမယူပါနဲ့....(မှန်ပါ)ကြွေးကို ခန္ဓာနဲ့ဆပ်ရမည့်ဥစ္စာကို ခင်ဗျားတို့ပြန်ရက်မရှိလို့ ဉာဏ်နဲ့ဆပ်ကြ ပြောလိုက်တယ်....(မှန်ပါ)။

ဘာနဲ့ဆပ်ကြရမလဲ(ဉာဏ်နဲ့ဆပ်ရပါမယ်) ဝိပဿနာဉာဏ် မဂ်ဉာဏ်နဲ့ဆပ်....(မှန်ပါဘုရား)ရှင်းပလား.... (ရှင်းပါပြီ)။

ဘာနဲ့ဆပ်ရမယ်....(ဝိပဿနာဉာဏ် မဂ်ဉာဏ်နဲ့ ဆပ်ကြရပါမယ်)။

ဘာဖြစ်လို့ ဘုန်းကြီးက ဒါလောက် အရေးတကြီး ပြောပါ လိမ့်မတုံး....(ကြွေးများလို့ပါဘုရား)။

ကြွေးက ဒီဘဝကြွေးကလဲ မနည်းတင်ထားတယ် (မှန်ပါ့) အပါယ်ကိုကျဘို့ကြွေး....(မှန်ပါ့) နောက်ဘဝ အကျိုးမပေးရ သေးတာတွေကလဲ စုထားခဲ့တယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

နောက်ကလဲ ဘဝပေါင်း ဘယ်လောက်ဆိုတာ မရေတွက်နိုင် ဘူး၊ အဲဒါတွေကလဲ အခွင့်အရေးကြည့်နေတယ်(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) အခုကြွေးတွေကကော နောက်ထပ် တင်သေးသလား.... (တင်ပါတယ်ဘုရား)။

ဒါဖြင့် ကြွေးနဲ့ ခင်ဗျားတို့ဆပ်မည့် ပုဂ္ဂိုလ်နဲ့ အရည်အ ချင်းကြည့်ပါ....(ကြွေးက များပါတယ် ဘုရား) ကြွေးကများ တယ်....(မှန်ပါ့)။

ဆပ်မည့် ဥစ္စာက တံယောက်တည်းက ဆပ်ရမှာ....(မှန်ပါ့) ကြွေးက သိန်းပေါင်းများစွာ.... (မှန်ပါ့) အလုပ်က ဗျတ်ထိုး ခေါင်းရွက် (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) အလုပ်ကဘာတုံး.... (ဗျတ်ထိုးခေါင်းရွက်ပါဘုရား) ကြွေးက သိန်းပေါင်းများစွာ (မှန်ပါ့) ကြေပါ့မလား.... (မကြေနိုင် ပါဘုရား)။

မကြေနိုင်တော့ဘူးဆိုတော့ကြေတဲ့နည်းပေးဘို့ ဘုရားပွင့်လာ တာ.... (မှန်ပါ့) ကြေတဲ့နည်းနဲ့ပေးဘို့ ပွင့်လာတာ.... (မှန်ပါ့) ဘုရားပွင့်လာတာ.... ( ကြေတဲ့နည်း ပေးဘို့ ပွင့်လာတာပါ ဘုရား)။

ကြွေတဲ့နည်း ပေးဘို့ပွင့်လာတာ ခင်ဗျားတို့က ကိုင်း.... မဆပ်တော့ပါဘူးဆိုလို့ ရှိယင် ဘုရားက ဪ....သူ့ဝါသနာကလဲ ဒီလိုရှိတာကိုးဆိုပြီး ပရိနိဗ္ဗာန်စံရမှာဘဲ.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) ဒါဖြင့် ကြွေတဲ့ နည်းတော့ ယနေ့တွေ့ပါပြီ၊ နောက်ကပါလာတဲ့ကြွေးလဲ ကြွေနိုင်တယ်.... (မှန်ပါ့) ယခုဘဝတင်နေတဲ့ ကြွေးပေါင်းအနန္တလဲ....(ကြွေနိုင်ပါတယ်ဘုရား)။

ကြွေနိုင်တယ်ဆိုတော့ ဘဝပေါင်း များစွာ မုဆိုးလုပ်စားတဲ့ဝတ္တုတွေကြည့်.... (မှန်ပါ့) ဘဝပေါင်းစွာ လူသတ်သမားကြီးဖြစ်လာတဲ့ အင်္ဂုလိမာလတို့ကြည့်လိုက်.... (မှန်ပါ့) မဂ်တချက်ပေါ်လိုက်တော့လဲ ကြွေးတွေ အကုန်ကြွေသွားတာဘဲ (မှန်ပါ့)။

အပါယ်လေးပါးသွားတဲ့ကြွေးတွေ မကြွေဘူးလား....(ကြွေပါတယ်ဘုရား) ဒီဘဝ လူသတ်မှုပေါင်း အနန္တတွေကော.... (ကျေပါတယ်ဘုရား)။

ဟော.... ဘယ်သူပါလိမ့်မတုံး.... လက်သည်ရှာ.... (ဝိပဿနာပါ့) ဝိပဿနာမဂ် သူကဆက်ပြီး လောကုတ္တရာမဂ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးလဲ ခဏခဏပြောရတာ ခင်ဗျားတို့ကနားကမလည်တော့ ခန္ဓာနဲ့ဆပ်ဘို့ဘက်ကို ခင်ဗျားတို့က သန်နေတယ်.... (မှန်ပါ့)ဉာဏ်နဲ့ ဆပ်ဘို့ဘက်ကို ခင်ဗျားတို့....(မသန်ပါဘုရား)။

ဒါ.... ဝိပဿနာ မလုပ်သေးတဲ့ပုဂ္ဂိုလ်မှာ ခန္ဓာနဲ့ ဆပ်ဘို့ဘဲ သန့်တယ်.... (မှန်ပါ့) ဉာဏ်နဲ့ဆပ်ဘို့ဘက်ကို(မသန့်ပါဘုရား)။

ခန္ဓာနဲ့ဆပ်ဆိုတာ ဘယ်တော့ကြေမှာတုံး.... (မကြေနိုင်ပါဘုရား) မကြေနိုင်ပါဘူး၊ ခန္ဓာနဲ့ဆပ်ဆိုတာဘယ်တော့မှ မကြေဘူး.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဉာဏ်နဲ့ ဆပ်မယ်ဆိုယင်.... (ကြေပါတယ်ဘုရား)။

အဲဒီ့ အသံကလေးဟာ အခုခင်ဗျားတို့ ဘုန်းကြီးနဲ့ တွေ့တဲ့အချိန်မှာ ပြောြ်.... ကြွေးဆပ်နည်း နိဿယည်းဟာ ဒီအရေးကလေး အကြီးဆုံးပါကလားဆိုတာ အခုပြောတာ ကြားရတာဘဲ.... (မှန်ပါ့ဘုရား) ဒီ့ပြင်နေရာမှာ သွားမယ် ဆိုလို့ရှိယင် ဒါနဲ့ဆပ်မှ ကြေမယ်လို့ပြောတဲ့ပုဂ္ဂိုလ်မရှိဘူး....(မရှိပါဘုရား)။

မရှိပေဘူးတဲ့၊ မင်းလုပ်နေတာ အဟုတ်သားဘဲကွ၊ မင်းလူ့ဒါန်းပေးကမ်းပြီးသကာလနေတာအမှန်သားဘဲ၊ ခုနင်ကပဋ္ဌိစ္စသမုပ္ပါဒ်တွေက မပေါ်လာဘူး ... (မှန်ပါ့) သိမှ မသိဘဲ....(မှန်ပါ့)သိသေးရဲ့လား.... (မသိပါဘုရား)။

မသိသာ မသိတယ် ဖြစ်နေတာကတော့ ကောန်.... (မှန်ပါ့ဘုရား) မသိသာမသိတယ်.... (ဖြစ်နေတာကတော့ ကောန်ပါဘုရား) အဲဒီတော့ကို အဲဒါ တရားနာလဲ့လို့ရှိယင်လဲ ခင်ဗျားတို့ ငါးပါးမှောက်မယ်.... (မှန်ပါ့ဘုရား) အခုဟာ တရားနာတည့်ပေးတာ....(မှန်ပါ့) ပြောြ်....ဒို့မှာ ကံတွေ အနန္တပါကလား၊ အနန္တဆိုတာ အရေအတွက် မရှိပါကလား၊ ဒီမဂ်ဆိုက်အောင်မှ ဒို့မလုပ်လိုက်လို့ရှိယင်တော့ဖြင့် မြုပ်လမ်းနဲ့ မျော

လမ်းသာရှိတော့တယ်၊ ဆန်လမ်းနဲ့ တက်လမ်းဆိုတာ လုံးဝမပါ ပါကလား.... (မှန်ပါ) ကယ်မည့်လူ ယူမည့်လူ ရှာပါဦးမှာဘဲ ဆိုတော့မှ ဟာ-ဒါ ရှိသေးတယ်ဆိုတာ အခု သာသနာတွင်းမို့ ဒါလဲ ခင်ဗျားတို့က မှီခိုကပ်ရပ်တဲ့ ဆရာသမားကကောင်းလို့ ဒါကလေးလာတွေ့တာ.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါကလေးမှ မတွေ့လိုက်တော့ဘူး ဆိုလို့ရှိယင် ခင်ဗျားတို့ ပြောထားတဲ့ ကြားဘူးနားဝနဲ့ ဆိုလို့ရှိယင်တော့ဒီပဋိစ္စသမုပ္ပါဒ်ကလဲ မြုပ်သွားပြီ....(မှန်ပါ) မြုပ်သာသွားဘယ်သူကဗိုလ်လုပ်ပြီးအယင် အကျိုးပေးမယ်.... (မှန်ပါ) သဘောကျပလား.... (မှန်ပါ)။

ဘယ်သူကအယင် အကျိုးပေးမယ်....(သူကအယင် အကျိုးပေးပါမယ်) သူဆိုတာ ဘယ်သူပါလိမ့် .... (ပဋိစ္စသမုပ္ပါဒ်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်....(မှန်ပါ)။

ဆယ်မျိုး အကြိမ်ပေါင်းများစွာလေ ... ( မှန်ပါ ) အဲဒါ ခင်ဗျားတို့ကလဲ မျက်လုံးမဖွင့်ဘဲ နေဟဲ့လူတွေက မဟုတ်ဘူး.... (မှန်ပါ) မျက်လုံးဖွင့်လို့ရှိယင် လှကတည်းက လာမှာဘဲ.... (မှန်ပါ) လှယင် လိုချင်တယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်က သွားပြီ.... (မှန်ပါ)။

သူ့ကြည့်ရတာ အချိုးမကျလိုက်တာ၊ ကျုပ်ဖြင့်စိတ်များ ပျက်တယ်ဆို· သွားပြီ ပဋိစ္စသမုပ္ပါဒ်က ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာ.... (မှန်ပါဘုရား)။

သူ့ကြည့်ရတာဖြင့် တော်တော်ကို ခိုင်ခန့်တယ် အစရှိသည်နဲ့ စီးပွားရေးလဲ ခိုင်ခန့်၊ လူလဲခိုင်ခန့်ဆိုယင် အင်း...ဒိဋ္ဌိကနေပြီး သွားပြန်ပြီ ပဋိစ္စသမုပ္ပါဒ်.... (မှန်ပါဘုရား) မသွားဘူးလား.... (သွားပါတယ်ဘုရား)။

အဲဒီတော့ ဘယ်သူ့ မေးနေစရာ ရှိသတုံး ကိုယ်ဖြစ်စဉ်ဘဲ ဆိုတာကော ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

ကြည့်ပါ ခင်ဗျားတို့ မျက်လုံးဖွင့်ကြည့်ပါ၊ ဒီ ပဋိစ္စသမုပ္ပါဒ်က မလာဘူးဆိုတော့ကို....(လာပါတယ်ဘုရား) ကေန်လာပြီ.... (မှန်ပါ) မုန်းတာရယ် ခင်တာရယ် အားကိုးတာရယ် မလာပေဘူးလား....( လာပါတယ် ) သာယာတာရယ်.... (လာပါတယ်ဘုရား)။

ဒါတွေက ဘာတွေတုံးမေးတော့ .... (ပဋိစ္စသမုပ္ပါဒ်တွေပါ) ဖြတ်ဘူးရဲ့လားလို့ မေးတော့....(မဖြတ်ဘူးပါဘုရား)။

မဖြတ်ဘူးပါဘူးတဲ့....(မှန်ပါ) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဖြတ်ရမှာကိုးဗျ....(မှန်ပါ)။

ဖြတ်ဘူးရဲ့လားလို့ မေးတော့ .... ( မဖြတ်ဘူးပါဘုရား ) မဖြတ်ဘူးတော့ ကံမြောက်တယ်....(မှန်ပါဘုရား)။

မဖြတ်ဘူးတော့....(ကံမြောက်ပါတယ်ဘုရား)။

ကံမြောက်တယ် ဆိုတော့ ကံမြောက်သွားလို့ ရှိယင်ဖြင့် ဒါဘယ်သူမှ မတတ်နိုင်တော့ဘူး....(မှန်ပါ) သိကြားလဲ မကယ်နိုင်ဘူး၊ ဘုရားလဲ မကယ်နိုင်ဘူး....(မှန်ပါ) တရားကတော့ ကယ်နိုင်တယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

သိကြားနဲ့ ဘုရားမကယ်နိုင်ဘူး....(မှန်ပါ့)ဘယ်သူက ကယ်နိုင်သတုံး....(တရားကကယ်နိုင်ပါတယ်ဘုရား)။

တရားက ကယ်နိုင်တယ်ဆိုတော့ တရားမှာလဲ ခုနင်က မုန်းဝင်တရားကမှ ကယ်နိုင်မှာ....(မှန်ပါဘုရား)။

မုန်းဝင် ပန်းဆွတ်တရားကမှ....(ကယ်နိုင်မှာပါဘုရား)ဒီ့ပြင် တရားကတော့ဖြင့် ခင်ဗျားတို့ တပတ်တော့ သုဂတိပြလိုက်မှာ ဘဲ....(မှန်ပါ့) နောက်တပတ် ကျယင်တော့ဖြင့် ခုန်ဆင်းကြပေ တော့....(မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ ခဏ ခဏပြောနေတယ်၊ ကြေးသိန်း ပေါင်းများစွာ ဘင်တာကို ကြေးယူထားတဲ့လူက ဆားတလျက် နဲ့ ကြေးရှင်က ပြေပါ့မယ်ဆိုတာ ခင်ဗျားတို့က ဆားတလျက် မပေးတာက အတော်ခက်နေတယ်....(မှန်ပါ့) မဂ်ဟာ တကြိမ် တည်း ပေါ်လာယင် ပြီးတာဘဲ....(မှန်ပါဘုရား)။

မဂ်ဟာ တကြိမ်တည်းပေါ်လာယင်....(ပြီးပါတယ်ဘုရား)။

သူ့ကိုကလဲ မဂ်စစ်က တကြိမ်တည်းရှိတယ်....(မှန်ပါ့)။

နှစ်ကြိမ် မပေါ်ရပါဘူးတဲ့၊ ဘယ်လောက်ဖြစ်ဖြစ် မင်းတို့ အကုသိုလ်တွေ အပါယ်သံသရာကြီး သွားမည့်ဥစ္စာတွေ သိန်း ပေါင်းများစွာ စုထားပါတဲ့၊ ငါတချက်တည်း ဖြတ်မယ်တဲ့.... (မှန်ပါဘုရား)။

ဒီလိုဆိုတော့ အားကိုးထိုက်—မကိုးထိုက်....(ကိုးထိုက်ပါတယ် ဘုရား)။

အခု သေသေချာချာ သိပလား...(သိပါပြီ) သိလို့ရှိယင် ခင်ဗျားတို့ ပေါ့ပေါ့တန်တန် မနေနဲ့၊အသေစောလို့ရှိယင် ခန္ဓာနဲ့ ဆပ်ရလိမ့်မယ်....(မှန်ပါ) မဂ်စောလို့ရှိယင် အကုန်ပျောက် (မှန်ပါဘုရား)။

မဂ်စောယင်....(အကုန်ပျောက်ရပါမယ်ဘုရား) အသေစောယင်....(ခန္ဓာနဲ့ ဆပ်ရပါမယ်ဘုရား)။

ခန္ဓာနဲ့ ဆပ်လို့ရှိယင်ဖြင့် ဘုရားက ပြောလိုက်တယ်ကွာတဲ့ ခင်းတို့ လူပြည်လာတာ မဂ်ကိုမလုပ်တော့ပါဘူး ဆိုယင်ဖြင့်တဲ့ ကောင်းကင် မြှောက်လိုက်တဲ့ ခဲ၊ဥပမာ မှတ်လိုက်စမ်းပါ.... (မှန်ပါ) ကောင်းကင် မြှောက်လိုက်တဲ့ ခဲဟာ မြေကြီးပေါ်က နေပြီး လူတယောက်က ဒီခဲကို မြေကြီးပေါ်ကကောက်မြှောက် ရမှာ ဘယ်မှမရှိဘူး၊မြေကြီးပေါ်မှာရှိတဲ့ ခဲကို လူတယောက်က မြှောက်လိုက်တယ်၊ မြှောက်ပြီးသကာလ သွားတော့ ခဲအရှိန် ရှိသလောက်တော့ ကောင်းကင်တက်မယ်....( မှန်ပါ ) သို့သော် အထက်မှာ မကျခင် ဘယ်လောက် ကြာခဲ့သတုံးလို့ မေးလို့ရှိယင်ဖြင့် အထက်မှာ ဘည်ခဲ့တဲ့ ဥစ္စာ ဟင်....ပြောပလောက်ကဲ့လား(မပြောပလောက်ပါဘုရား)ခဲကလေး အရှိန်သတ်တာလေ (မှန်ပါ)။

အဲ....ခင်ဗျားတို့ ရှိတဲ့ကြွေးနဲ့ ခင်ဗျားတို့ အခု လူ့ပြည် လာပြီးသကာလ နေတာဟာ ခဲကလေး အရှိန်သတ်သလောက်ပါကွာ....တဲ့၊ နောက် ဒီခဲဟာ အောက်ပြန်ကျရမယ်တဲ့.... (မှန်ပါဘုရား)။

အောက်ပြန်ကျတော့ မြေကြီးပေါ် အမြဲနေတယ်-(မှန်ပါ့) မနေဘူးလား....(နေပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး မြေကြီးပေါ်က ခဲကိုး....(မှန်ပါ့) ဘယ်မှာ အမြဲနေသတုံး....(မြေကြီးပေါ်မှာ အမြဲနေပါတယ်)

ဒါဖြင့် လူ့ပြည် လာရတာဟာ အရှိန်သတ်တာ-(မှန်ပါ့) ကောင်းကင်အရှိန်သတ်သလောက်ဘဲ ကြာတယ်တဲ့၊ငရဲမှာ နေရမည့် အသက်နဲ့ တွက်လိုက်ယင်....( မှန်ပါ့ )ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ အဲဒါလောက် မြေကြီးပေါ် ဆိုတဲ့ အပါယ်လေးပါးမှာ နေရမှာကို ဘယ်သူမှ ခင်ဗျားတို့ကိုလဲ ကယ်မည့်သူ ယူမည့်လူ မရှိဘူး၊ ငရဲဆိုတာ ရှင်မောဂ္ဂလာန် တခါတရံ ဣဒ္ဓိပါဒ်တန်ခိုးဖြင့်ကြွတယ်၊ ဘုရားဆိုတာကြွသွား တော်မူတာ မဟုတ်ဘူး....(မှန်ပါ့)။

ဘယ့်နှယ်လုပ် ကျွတ်တမ်းဝင်မတုံးလို့ မေးယင်....(မဝင်နိုင် ပါဘုရား) ဘယ်သူက တရားနာချိန်ပေးမတုံးလို့ မေးယင်.... (မပေးနိုင်ပါဘုရား)ဘယ်သူက ကျင့်ချိန်ပေးမတုံးလို့ မေးယင် (မပေးနိုင်ပါဘုရား)သဘောကျပလား....(ကျပါပြီ)။

အဲဒါ ခင်ဗျားတို့ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်က အင်မတန် ရင်း နှီးတဲ့ ပုဂ္ဂိုလ်တွေကို ကြီးကျယ်လှစွာသော သတိပေးနေတာဘဲ- (မှန်ပါ့)မဂ်နဲ့ မဆပ်လို့ရှိယင်တော့ဖြင့် မရဘူး....(မှန်ပါ့)။

ဘယ့်နှယ် ဆုံးဖြတ်ချက် ချကြမလဲ.... (မဂ်နဲ့ မဆပ်ယင် မရပါဘုရား)။

ဒါ ဖြင့် မဂ် ဟာ ဆား တ လျက် ပါ ဘဲ....( မှန်ပါ ) သိန်းပေါင်းများစွာ တင်တဲ့ဟာ ဆားတလျက် လာပေးတာနဲ့ ကျေပါ့မည်ဆိုတဲ့ဥစ္စာ ဆားတလျက်အလုပ်တော့ လုပ်ဘို့သင့်ပြီ (မှန်ပါ့)မသင့်ဘူးလား....(သင့်ပါပြီ)။

အဲဒါ ခင်ဗျားတို့က ဘယ်နေ့လဲ မအားသေးဘူး၊ ဘယ်ဟာတော့ ဘယ်ကိစ္စတွေနဲ့....တဲ့၊ ခင်ဗျားတို့ ကိစ္စဟူသ၍ကို မြည်တယ်၊ တွံတယ်လို့ တော့ မအောက်မေ့ပါနဲ့ ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ကိစ္စချည်းဘဲ....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်....(ပဋိစ္စသမုပ္ပါဒ်ကိစ္စချည်းပါ ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ကိစ္စ ဆိုတာက တဏှာ ဥပါဒါန် ကံ ကိစ္စ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ခင်ဗျားတို့က တနေ့လဲ မအား၊ နောက်တနေ့လဲ မအား၊ ဘယ်အချိန်မှ အားတယ်လို့ မရှိဘူး၊ ကိစ္စက သိပ်များနေတာ၊ ဒါ့ကြောင့် ဒီအလုပ်ဟာ ကောင်းမှန်းတော့ သိတယ်၊ သိပေမဲ့ ကိုယ်က မအားတဲ့ အချိန်က သိပ်များတာ၊ ခင်ဗျားတို့ချင်း ပြောတော့ ခေါင်းငြိမ့်လိုက်မှာပေါ့....(မှန်ပါ့) မလိုက်ပေဘူးလား....(လိုက်ပါတယ်ဘုရား)။

ခုနင်က အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ် ဘုရားသခင် ကိုယ်တော်မြတ်ကြီးတို့လို ထိုးထိုးထွင်းထွင်း သိတဲ့ပုဂ္ဂိုလ်တွေကျတော့ ပြောသွားဟာ ပဋိစ္စသမုပ္ပါဒ်ကိစ္စကိုး....(မှန်ပါ့) အပါယ်သွားမည့်ကိစ္စကိုး....(မှန်ပါ့)သွားရမှာ မအားဘူးပြောတာကိုး-(မှန်ပါ့)ဒါဘဲ ရှိတယ်၊ ဒီ့ပြင် အဖြေမရှိဘူး....(မှန်ပါ့)။

ဒီ့ပြင် ဘာရှိသေးသတုံး....(ဘာမှမရှိပါဘုရား) ဘာမှ မရှိဘူးတဲ့၊ အဲဒါကြောင့် ခင်ဗျားတို့လဲသ၍ ဆင်ခြေဟာ ကိုယ့်ရှေ့နေက ကိုယ့်ထောင်ချတဲ့ ဆင်ခြေဘဲ....(မှန်ပါ)။

ကိုယ်ငှါးထားတဲ့ ရှေ့နေလဲတဲ့ ဆင်ခြေက .... (ကိုယ့်ထောင်ချတာပါဘုရား )သဘောပါပလား....(ပါပါပြီ)။

ကိုယ့်ကိုယ်ကို လဲလိုက်တဲ့ ဆင်ခြေဟာ ကိုယ့် အပါယ်ချလိုက်တဲ့ ဆင်ခြေဘဲ....(မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီ)။

အဲဒါကြောင့် ဘယ်သူ မြှောက်လို့မှ မမြှောက်နဲ့၊ ဘယ်သူချောက်လို့မှ မကြောက်နဲ့၊ ကိုယ့်ဟာကိုယ် သိပြီးသကာလ ကိုယ့်ဟာ ကိုယ်သိမ်း....(မှန်ပါဘုရား)။

ဘာတဲ့တုံး....(ကိုယ့်ဒာတ်ကိုယ်သိမ်းရပါမယ်ဘုရား)။

ကိုယ့်ဇာတ် ကိုယ်သိမ်းရမယ်....(မှန်ပါ) ကိုယ့်ဇာတ် သိမ်းတော့ကို ဖျတ်ဆိုဥပမာမယ် ကိုယ့်စိတ်ကလေး ကိုယ်ရှုလိုက်၊ ကိုယ့်ဝေဒနာကလေး ကိုယ်ရှုလိုက်၊ ရှုလိုက်သည်နဲ့ တပြိုင်နက်တည်း ဖြစ်ပျက်မြင်တယ်....(မှန်ပါ)။

ရှုလိုက်လို့ရှိယင် စိုက်သာကြည့်၊ ဩော် .... ခန္ဓာ ဟာ ယောကျ်ားလဲမဟုတ်ဘူး၊ မိန်းမလဲ မဟုတ်ဘူး၊ ဖြစ်မှုပျက်မှုသာ ရှိပါလား၊ ဥဒယဗ္ဗယသာ ရှိပါလားဆိုယင် သွားတိုးတာဘဲ....(မှန်ပါ)။

တိုးလိုက်တဲ့အခါကျလို့ရှိယင် တိုးတဲ့အချိန်ကစပြီး ပဋိစ္စသမုပ္ပါဒ်က ပြတ်ပြီ....(ပြတ်ပါပြီ)။

တိုးတဲ့အချိန်ကစပြီး....(ပဋိစ္စသမုပ္ပါဒ်ပြတ်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ပြတ်ပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ အင်း....ဒီတရားက အနိစ္စကိုး၊ သိနေတာကလေးက မဂ္ဂပစ္စယော လာဖြစ်တယ်....(မှန်ပါ့)။

မဂ္ဂပစ္စယော လာဖြစ်တော့ကို တခြားသောစိတ်တွေ ဝင်ခွင့်ပေးသလား ဒီဟာနဲ့ ဒီဟာဘဲ ဖြစ်နေရမှာလားလို့ မေးတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့သာ ကိုက်နေလို့ရှိယင် ခုနင်က ဘယ်ပဋိစ္စသမုပ္ပါဒ်မှ ဝင်ခွင့်မပေးဘူး မဂ်က....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) မဂ်က....(ဘယ်ပဋိစ္စသမုပ္ပါဒ်မှ ဝင်ခွင့်မပေးပါဘုရား)။

ဘယ်ပဋိစ္စသမုပ္ပါဒ်မှ ဝင်ခွင့်မပေးဘူး၊ ဖြစ်ပျက်နဲ့ရှုတဲ့ မဂ်နဲ့သာ ကိုက်နေလို့ရှိယင် ဒါ လောကုတ္တရာမဂ်ကို မဟောသေးပါဘူး....(မှန်ပါ့) လောကုတ္တရာမဂ် နက်ဖြန်ညကျမှ ဟောမှာပါ....(မှန်ပါ့) ဒါသောက်နဲ့ကို ဟို ပဋိစ္စသမုပ္ပါဒ်တွေက အကုန်ရပ်ကုန်ပြီ....(မှန်ပါ့) မရပ်သေးဘူးလား.... (ရပ်ပါပြီဘုရား)။

ရပ်သွားတော့ ပြောဦး....သူ့သတ္တိဟာ မသေးပါကလား....(မှန်ပါ့)ဒို့ခါတိုင်း ဒီအချိန်မျက်လုံးဖွင့်လိုက်ယင် ပဋိစ္စသမုပ္ပါဒ်တန်းသွားတာဘဲ၊ နားကြားလဲ အပါယ်သွားတာဘဲ....(မှန်ပါ့) မသွားဘူးလား....(သွားပါတယ်ဘုရား)။

ကြားတယ်ဆိုယင် နားခါးလိုက်တယ်ဆိုယင် သွားပြီကွ၊ ဒေါသသောက ပရိဒေဝ အဝိဇ္ဇာ သင်္ခါရ၊ မဟုတ်ဘူးလား....(မှန်ပါ့) ကြားရတာ သိပ်နားဝင်ချိုတာဘဲဆိုယင် တဏှာ ဥပါဒါန်ကံ၊ မသွားသေးဘူးလား.... (သွားပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ ဘုန်းကြီး တရားနာရတာ လွန့်စရာ လူးစရာမရှိဘူးလို့လဲ ဒီလိုမှငြင်းနဲ့.... (မှန်ပါ့) ခင်ဗျားတို့က ဘာဖြစ်လို့ လွန့်စရာ လူးစရာမရှိဘူးလို့ ပြောရသတုံးဆို လွန့်ချင် လူးချင်တဲ့ ပုဂ္ဂိုလ်မို့ ဒီအသံ ထွက်တာ.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ ဒါကို ဇာတ်သိမ်းရမယ်....(မှန်ပါ့) ဒါကို ဇာတ်သိမ်းရမယ်၊ ကိုယ့်ကိုယ်အရေး ကိုယ်ကြီးပစ်ရမယ်.... (မှန်ပါ့)

ဒါဖြင့် ကြွေးဆပ်နည်း နိဿယည်းတော့ ယနေ့ပေါ်သွားတယ်....(မှန်ပါ့)ဘယ့်နှယ်ကြောင့်တုံးလို့ မေးတော့ သညာကိုလဲ သူဖျက်နိုင်တယ်၊ သညာကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် နိစ္စသညာကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်လဲ ဖြစ်တာနဲ့ ပျက်တာကို ခန္ဓာသာကြည့်လိုက်၊ မခိုင်ဘူးဆိုတာသိတယ်....(မှန်ပါ့)။

မခိုင်ဘူးလို့သိတဲ့မဂ်က တခါတည်း သညာကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဖျက်ချတယ်....(မှန်ပါ့)။

တခါ ချောတယ် လှတယ်လို့ ယူမယ်ဆိုတော့လဲ ခန္ဓာကြည့်လိုက်ပြန်တော့ ဖြစ်ပျက်မြင်တယ်၊ ဖြစ်ပျက်မြင်တဲ့အခါကျတော့ ဘယ်မှာတုံး သေနေတာဘဲ ချောတာ လှတာ မဟုတ်ပါဘူး ဆိုတော့ တဏှာ ပဋိစ္စသမုပ္ပါဒ် ပြတ်ထွက်သွားတယ်.... (ပြတ်ပါတယ်)။

ဖြစ်ပျက်မြင်တော့ ခိုင်တယ်ဆိုတာ ယူသေးရဲ့လား.. (မယူပါဘုရား)မယူတော့ ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်ကကော(ပြတ်ပါတယ်)။

ဖြစ်ပျက်မြင်သဖြင့် ခင်ဗျားတို့သည်ဒေါသ သောကလာသေး ရဲ့လား....(မလားပါဘုရား)မလာပြန်တော့ ဒေါသ သောက လာမည့် စတုတ္ထပဋိစ္စသမုပ္ပါဒ်ကော.... (ပြတ်ပါတယ်ဘုရား)။

ဒီဖြစ်ပျက်ထဲမှာဘဲ ဥဇ္ဈေကစိုက်ပြီး မဂ်စစ် မလာနဲ့ဦး၊ ဒီ့ပြင်မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ် နားပေါက်က ပဋိစ္စ သမုပ္ပါဒ် အကုန်မရှိဘူး.... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် ဆယ်မျိုး စလုံး အကုန်မရှိဘူး၊ အဲဒီ့ ဆယ်မျိုးစလုံးကို သူကဖြတ်ထား တယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘယ်နှစ်မျိုးဖြတ်ပါလိမ့်....(ဆယ်မျိုးစလုံးကို ဖြတ်ပါတယ်)

ဒါ....ဝိပဿနာမဂ်ဘဲ ရှိသေးတယ်နော်.... (မှန်ပါ့) လောကုတ္တရာမဂ်ဆိုလို့ရှိယင် ဒီ့ထက်ကြီးကျယ်လိမ့်မယ်.... (မှန်ပါ့) ဒီနေ့ နာရီလဲနီးနေလို့ ဝိပဿနာ မဂ်သာ ဟောနိုင်တယ်.... (မှန်ပါ့)။

ဒါဖြင့် အနိစ္စတလုံးဒုက္ခတလုံး အနတ္တတလုံး သုံးလုံးရှိငြား သော်လဲ ဖြစ်ပျက်ထဲမှာ အားလုံးဝင်လာတယ်ဆိုတာလဲမနေ့က ပြောပြီးပြီ....(မှန်ပါ့) အနိစ္စ ဒုက္ခ အနတ္တ ချုံးလိုက်တဲ့အခါ ကျတော့ ဘာတွေ့သလဲ.... (ဖြစ်ပျက်ဘဲ တွေ့ပါတယ်ဘုရား)။

ဒီအထဲ အကုန်ဝင်လာတာဘဲ.... (မှန်ပါ့) ဘာ့ကြောင့်ဝင် ရသတုံးဆိုတော့ ဖြစ်ပျက်က ဒုက္ခသစ္စာဆိုတော့ ဒုက္ခသစ္စာဆို တာ ခင်ဗျားတို့က ဒီလိုမှတ်လိုက်ပါတဲ့၊ ဒုက္ခသစ္စာ ဘုရားက ဟောလိုက်တဲ့နေရာ ဟတ္တိပဒေါပမသုတ်ဆိုတာရှိတယ်(မှန်ပါ့)။

ဟတ္ထိပဒေါပမသုတ်ဆိုတာ သားကောင်တွေ အများကြီးရှိတဲ့ အနက်က ခြေလေးချောင်းရှိတဲ့အနက်က ဆင်ခြေရာထက် ကြီးတာတော့ ဘယ်သူမှရှိမှာမဟုတ်ပါဘူးနော်.... (မှန်ပါ့)ဆင်ခြေရာ အကြီးဆုံးဘဲ။

ဆင်ခြေရာ အကြီးဆုံးကို နောက်က သားကောင်တွေက ဆင်ခြေရာအုပ်မိအောင် နင်းနိုင်တဲ့သားကောင်တော့ ရှိမယ်မဟုတ်ဘူး၊ ဆင်ခြေရာထဲသာ သူတို့ခြေထောက်– ထောက်သွားရမယ် (မှန်ပါ့) မဟုတ်ဘူးလား.... (မှန်ပါ့)။

ထို့အတူဘဲတဲ့ ဖြစ်ပျက်ဒုက္ခသစ္စာထဲကို ခင်ဗျားတို့ ဉာဏ်ကလေးက မြင်နေတော့ ဒါ.... ဒုက္ခသစ္စာ မြင်နေတာဘဲ.... (မှန်ပါ့) ဒီ့ပြင်တရားတွေ မလိုတော့ဘူးတဲ့၊ ဆင်ခြေရာထဲဝင်လာတာဘဲ.... (မှန်ပါ့)။

ဒီဖြစ်ပျက်တလုံးတည်းရှုနေယင် ဒါ....ဒုက္ခသစ္စာ ပိုင်ပိုင်မြင်နေတာဘဲ.... ရှင်းပလား(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်တလုံးတည်းမြင်ယင် အနိစ္စလဲ ဒီထဲဝင်တာဘဲ၊ ဒုက္ခကော.... (ဒီထဲဝင်ပါတယ်) အနတ္တကော.... (ဒီထဲဝင်ပါတယ်) အသုဘကော....(ဒီအထဲဝင်ပါတယ်ဘုရား)။

ဒီအထဲမှာ အကုန်ဝင်တာဘဲ တဲ့၊ ဆင်ခြေရာထဲမှာ ဒီ့ပြင်သားကောင် ဝင်ရသလို ဒီ....ဖြစ်ပျက်တလုံးကို ကိုယ့်သန္တာန် ကိုယ့်ဉာဏ်နဲ့ ကြည့်ပြီးသကာလ ခြေဘ်....ဟုတ်ပါလားဆိုတဲ့ တလုံးကျလို့ရှိယင် ခုနင်က ပဋိစ္စသမုပ္ပါဒ်တွေလဲ အကုန်ပြတ်.... (မှန်ပါ့) သစ္စာလဲ မြင်လာတယ်.... (မှန်ပါ့)။

သစ္စာမြင်တော့ သူက ဒုက္ခသစ္စာ၊ မြင်တာကမဂ္ဂသစ္စာသွား ဖြစ်တယ်....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဖြစ်ပျက်က.... (ဒုက္ခသစ္စာပါ) မြင်တာက....(မဂ္ဂသစ္စာသွား ဖြစ်ပါတယ်ဘုရား)။

အဲ .... မဂ္ဂသစ္စာသည် ပဋိစ္စသမုပ္ပါဒ်ပေါင်း ဘယ်လောက် ဖြတ်လိုက်သတုံးလို့ မေးလို့ရှိယင် မြင်တဲ့အချိန်မှာဖြင့် အကုန် ပြတ်နေတာဘဲ.... (မှန်ပါ)။

မြင်တဲ့အချိန်မှာ.... (အကုန်ပြတ်နေပါတယ်ဘုရား) အကုန် ပြတ်နေတော့ကို ပစ္စုပ္ပန်မှာ ဒီဘဝမှာမှ မှားလုံးတွေဟူသရွေ့လဲ သူဘဲကယ်တယ်....(မှန်ပါ) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် ပစ္စုပ္ပန်ဘဝကယ်တာကတော့ ဒီမဂ်ဘဲ.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

နောက်ကျတော့ ဒီမဂ်သည် ရင့်ကျက်ပြီး ပွားပါများလာ တော့ အင်း....ဖြစ်ပျက်ဟာ မုန်းစရာကြီးဘဲဆိုယင် ဉာဏ်တက် ပြီအောက်မေ့တော့.... (မှန်ပါ) ဖြစ်ပျက်သည် ဒုက္ခသစ္စာ အစစ်ဘဲလို့ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ချက်ချလိုက်လို့ ဖြစ်ပျက် များ ချုပ်သွားမယ်ဆိုလို့ရှိယင်ဖြင့် ဒါ.... လောကုတ္တရာမဂ်ဖြစ် မယ်.... (မှန်ပါ)။

လောကုတ္တရာမဂ်ဖြစ်တော့ ဒီဘဝ ပွားတဲ့ပဋိစ္စသမုပ္ပါဒ် ဖြတ် တာမဟုတ်တော့ဘူး၊ နောက်က ပါလာတဲ့ ပဋိစ္စသမုပ္ပါဒ် ကံ တွေကိုပါ ဖြတ်ချလိုက်တယ်.... (မှန်ပါ)။

ဟို....မဂ်ကတော့ အတိတ်ကဟာပါဖြတ်တယ်.... (မှန်ပါ့) အတိတ်က ပါလာတာလဲဖြတ်တယ်၊ ပစ္စုပ္ပန်မှာကော (ဖြတ်ပါတယ်ဘုရား)။

နောက် မိုက်လတံ့ - မဲလတံ့ပဋိစ္စသမုပ္ပါဒ်တွေ ဘဝတွေလာလို့ရှိယင် အဲဒါတွေလဲ လှမ်းဖြတ်တယ်(မှန်ပါ့) သူကသုံးချက်ဖြတ်ချလိုက်တယ်.... လောကုတ္တရာမဂ်က.... (မှန်ပါ့)ခုနင်ကဖြစ်ပျက်ကို မြင်တဲ့မဂ်ကတော့ ဒီဘဝဟာတွေသာ သူဖြတ်နိုင်တယ်...., (မှန်ပါ့)။

ဒါကြောင့် ဝိပဿနာမဂ်နဲ့ လောကုတ္တရာမဂ်ဟာ အတော်ခြားနားတယ်.... (ခြားနားပါတယ်ဘုရား) လောကုတ္တရာမဂ်က သုံးချက်ဖြတ်တယ်၊ဝိပဿနာမဂ်က တချက်ဖြတ်တယ်....(မှန်ပါ့) ယခုဖြစ်မည့်ဟာတွေတော့ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာမဂ်ကဖြတ်လိုက်တယ်.... (မှန်ပါ့)။

လောကုတ္တရာမဂ်ကတော့ သူ့ထက်သတ္တိထက်တယ်(မှန်ပါ့) အတိတ်က ပါလာတဲ့ ပဋိစ္စသမုပ္ပါဒ်ကံတွေ.... ( ပြတ်ပါတယ်ဘုရား) အနာဂတ် မိုက်လတံ့ မဲလတံ့ကံတွေ.... (ပြတ်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် လောကုတ္တရာ မဂ်နဲ့ အခုရှုနေတဲ့မဂ်နဲ့ ဘာထူးခြားသတုံးဆိုတော့ ဟိုက ကာလ သုံးပါးစလုံးဖြတ်တယ်၊ သူက ပစ္စုပ္ပန် ကာလကလေး တခုတည်းသာ ဖြတ်နိုင်တယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

လောကုတ္တရာမဂ်ကတော့ (ကာလသုံးပါးလုံး ဖြတ်ပါတယ်ဘုရား) ဖြတ်နိုင်တယ်၊ အခု ရှုနေတဲ့ ဝိပဿနာမဂ်ကတော့.... (ပစ္စုပ္ပန်ကာလသာ ဖြတ်ပါတယ်) ပစ္စုပ္ပန် ကာလမှာ ပေါ်ဆဲပဋိစ္စသမုပ္ပါဒ်တွေ ဒါတွေ အကုန်ဖြတ်ချတယ်ဆိုတော့ ဝိပဿနာမဂ်မပါဘဲနဲ့ လောကုတ္တရာမဂ်က ဖြစ်ကိုမဖြစ်နိုင်ဘူး....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဝိပဿနာမဂ် မပါဘဲနဲ့.... (လောကုတ္တရာမဂ် မဖြစ်နိုင်ပါဘုရား) မဖြစ်နိုင်ဘူးတဲ့၊ သူက တခါရှုလိုက်ယင် မဂ္ဂင်ငါးပါးဖြစ်တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

တခါရှုလိုက်ယင် သမ္မာဒိဋ္ဌိ- သမ္မာသင်္ကပ္ပ- သမ္မာဝါယာမ— သမ္မာသတိ— သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်ငါးပါး တခါတည်းဝင်လာတယ်.... (မှန်ပါ့) ငါးမှ-မရှိတဲ့ပုဂ္ဂိုလ်ဟာ ရှစ်-မှဖြစ်နိုင်ဘူး (မှန်ပါ့) ငါးမှ မရှိတဲ့ ပုဂ္ဂိုလ်ဟာ (ရှစ်မဖြစ်နိုင်ပါဘုရား)။

ရှစ်ဆိုတာက ဒီထဲမှာက ဖျတ်ဆို ရှုလိုက်လို့ရှိယင် သမာဓိမဂ္ဂင်နဲ့ ပညာမဂ္ဂင်နဲ့ ဒီအထဲပါသွားပြီ....(မှန်ပါ့) သီလ မဂ္ဂင်ကလေးတခုဘဲ ကျန်နေတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာမဂ်နဲ့ လောကုတ္တရာမဂ် ဘာထူးသတုံးဆိုတော့ လောကုတ္တရာမဂ်က သီလမဂ္ဂင်နဲ့တကွ ရှစ်ပါး.... (မှန်ပါ့) ဝိပဿနာမဂ်ကတော့ သမာဓိပညာမဂ္ဂင် ရှိနေလို့ သူက ငါးပါး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

လောကုတ္တရာမဂ်က သီလမဂ္ဂင်ဖြည့်လိုက်လို့ ရှိယင်....(ရှစ်ပါးပါဘုရား)။

လောကီမဂ်ကတော့ကို သီလကို မြဲတဲ့သီလကို သူမှကျေးဇူး မပြုနိုင်သေးလို့ သူက ငါးပါးဘဲဖြစ်နေတယ်...(မှန်ပါ) ရှင်းပ လား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီငါးပါးမရှိဘဲနဲ့ ရှစ်ပါးက....(မဖြစ်နိုင်ပါဘုရား)။

ရှစ်ပါးလဲ ပြည့်စုံပါရောတဲ့ အတိတ်ပဋိစ္စသမုပ္ပါဒ်လဲ ပြတ်၊ သဘောကျပလား....(ကျပါပြီ)ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်လဲ....(ပြတ် ပါတယ်)အနာဂတ်မိုက်လတ္တံ့၊မဲလတ္တံ့ ပဋိစ္စသမုပ္ပါဒ်.... (ပြတ် ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်ဟာ ရှေ့ထားရမတုံးလို့ မေးလို့ ရှိယင်ဖြင့် ဝိပဿနာမဂ်ရှေ့ထား .... (မှန်ပါ)ပြီးတော့ လော ကုတ္တရာမဂ် လာလိမ့်မယ်....(မှန်ပါ)သဘောကျပလား....(ကျပါ ပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လမ်းကလေးနည်းနည်း ပြောင်းရုံဘဲရှိ တယ်....(မှန်ပါ) ဘုန်းကြီးတို့ ဆုံးမတာကနေဒ်....(မှန်ပါ)။

ဦးမြကြီး ဆုံးမသလိုပေါ့ ဦးသံဒိုင်ရ....(မှန်ပါ) ဦးမြကြီး ခင်ဗျား အလကား နာမည်ကြီးနေတာ၊ ဘာမှ အသုံးကျတဲ့လူ မဟုတ်ဘူး၊ ရှေ့နောက်မှ သိတဲ့လူမဟုတ်ဘူး၊ ဘုန်းကြီးကျောင်း မှာ လာတော့ ပြောတယ်....(မှန်ပါ)။

ဘာတုံးဘုရား-တဲ့၊ အို....ခင်ဗျား အသေစိတ်ချရတာ ရှေ့ ထားတာ မဟုတ်ဘူး၊ အသေ စိတ်မချရတာတွေချည့် ရှေ့ထား လုပ်နေတယ်၊ တော်တော်ကြာ သေသွားယင် ငါးပါးမှောက် လိမ့်မယ်....(မှန်ပါဘုရား)။

မင်းတို့လဲ ဒီအတိုင်းဘဲ အားလုံး တကာ တကာမတွေလဲ မှတ်ဘို့ဘဲ....(မှန်ပါ့) ဝိပဿနာမဂ်က ရင့်ကျက်အောင် လောကုတ္တရာမဂ်တမဂ်လောက် ရအောင်လုပ်ထားလိုက်၊ အဲဒါအသေစိတ်ချရပြီ၊ အပါယ်လေးပါး ငါမသွားဘူး....(မှန်ပါ့)။

နို့ မဟုတ်လို့ရှိယင် ဒါ တမဂ်မှမရလို့ရှိယင်တော့ ဘာလုပ်ထားထား အာသန္နကံတို့ အာစိဏ္ဏကံတို့က တွန်းချမှာဘဲ .... (မှန်ပါ့)ဒီကကံတွေကတွန်းမချယင် အတိတ်က ကံတွေကတွန်းချမှာဘဲ....(မှန်ပါ့)အားကိုးစရာ ရှိရဲ့လား....(မရှိပါဘုရား)။

ကဲ ဒါဖြင့် ရှေ့နောက်ကလေး ပြောင်းလိုက် .... (မှန်ပါ့) ဘာတဲ့တုံး....(ရှေ့နောက် ပြောင်းရမှာပါ) ရှေ့နောက်ပြောင်းရမယ်၊ ရှေ့နောက်က ဘာတုံး အသေစိတ်ချရတဲ့ မဂ်ကို.... (အယင်လုပ်ရပါမယ်) အယင်လုပ်ရမယ်၊ အသေ စိတ်မချရတဲ့ဘက်ကို....(နောက်မှလုပ်ရပါမယ်ဘုရား)။

နောက်မှ လုပ်ဆိုတော့ သူက တားမြစ်ပြီးသား ဖြစ်နေတော့ အပါယ်လေးပါးဟာ လွတ်သွားတယ်.... (မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

ကဲ ယနေ့ဒီတွင် တော်ပါဦး....

သာဓု... သာဓု....သာဓု

ကျေးဇူးတော်ရှင် - အမရပူရမြို့ မဂ်လာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

**သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိရှိပုံ အကဲခတ်နည်း**

# ညအလုပ်ပေးတရားတော်

( ၈ - ၁၂ - ၆၁ )

— ၀ —

ဝိပ္ပလ္လာသထဲမှာ ရှေးဦးစွာ ဒိဋ္ဌိဝိပ္ပလ္လာသ၊ စာဆိုမှာ နောက်ကျပြောသော်လဲ တကာ တကာမတွေမှာ အရေးကြီးတာက တော့ ဒိဋ္ဌိဝိပ္ပလ္လာသဟာ အရေးကြီးတယ်....(မှန်ပါဘုရား)။

ဒိဋ္ဌိဝိပ္ပလ္လာသ ဘယ့်နှယ်ကြောင့် အရေးကြီးသလဲလို့ မေးလို့ရှိယင် ရှေးဦးစွာ သောတာပတ္တိမဂ်က သူ့ကိုအယင်ပယ်ရခြင်းသည် အပါယ်ပဋိသန္ဓေကို မချပေးစေနိုင်လို့-လို့ မှတ်ရမယ်နော်- အပါယ်ကိုဖြစ်စေနိုင်လို့....(မှန်ပါဘုရား)။

အဲဒီတော့ အပါယ်ဖြစ်စေနိုင်လို့ဆိုတော့ တတာ တကာမတွေက အမှန်မသိယင် ဒိဋ္ဌိဝိပ္ပလ္လာသကိုကပ်တယ်၊ အဲဒါကြောင့် ဒီနေ့ ဒိဋ္ဌိကနေပြီးသကာလ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံတွေဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် မသွားရအောင် သေသေချာချာ ပြောမယ်တဲ့=(မှန်ပါ)။

ကောင်းပြီဒါဖြင့် မြန်မာပြည်မှာ ဒိဋ္ဌိဘယ်နှစ်မျိုး ရှိသတုံး လို့ မေးလို့ရှိယင် သက္ကာယဒိဋ္ဌိလဲရှိတယ်၊ သက္ကာယဒိဋ္ဌိကိုခွဲ လိုက်လို့ရှိယင် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိဘဲရတယ်။

သက္ကာယဒိဋ္ဌိက ခွဲလိုက်လို့ရှိယင် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ဘဲ ရှိတယ်လို့မှတ်ထားကြပါ....(မှန်ပါဘုရား)။

သက္ကာယဒိဋ္ဌိ လို့ဆိုတော့ ပေါင်းခေါ်တာ၊ ခွဲလိုက်လို့ ရှိယင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဒါဘဲရှိတယ်....(မှန်ပါဘုရား)။

ကောင်းပြီဒါဖြင့် တကာ တကာမတွေ အထူးမှတ်စရာက ကိုယ့်သန္တာန်မှာ ဒီနေ့အကဲခတ်ကြည့်၊ ငါ့သန္တာန်မှာ သဿတ ဒိဋ္ဌိရှိသလား သို့မဟုတ် ငါ့မှာ ဥစ္ဆေဒဒိဋ္ဌိရှိသလားလို့ ဆိုတာ ကို ဘုရားကဟောလိမ့်မယ်၊ ဘုရားဟောတော်မူတဲ့အတိုင်း ဆရာ ဘုန်းကြီးက ပြောလိမ့်မယ်၊ ပြောတဲ့အခါကျလို့ရှိယင် ကိုယ့် ဟာကိုယ် အကဲခတ်ကြ....(မှန်ပါ)။

ဘယ်သူ့ အကဲခတ်ရမှာတုံး....(ကိုယ့်ဟာကိုယ် အကဲခတ်ရ မှာပါဘုရား)။

ကိုယ့်ဟာကိုယ် အကဲခတ်ရမယ်၊ ငါဟာ သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်လား၊ ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်လား၊ဒီ ဝိပ္ပလ္လာသတွေမှာ ဒိဋ္ဌိဆိုတာ ဝိပ္ပလ္လာသချည့်ဘဲ....(မှန်ပါ) ဘယ်လို အချိုးအစား ထဲက မိမိစရိုက်နေပါလိမ့်မလဲ၊ မိမိဝါသနာ အထုံဟာ ဘယ် ဘက် သန်နေပါလိမ့်မလဲဆိုတာ အကဲခတ်ပါနော်....(မှန်ပါ)။

"ဒွီဟိ ဘိက္ခဝေ ဒိဋ္ဌိဂတေဟိ ပရိယုဋ္ဌိတာ ဒေဝမနုဿာ ဩလီယန္တိ ဧကေ၊ အတိဓာဝန္တိ ဧကေ၊ ဒိဋ္ဌိဟာနှစ်မျိုးရှိတယ်

ကွာတဲ့၊ သက္ကာယ ဒိဋ္ဌိ နှစ်ဆယ်မှာ ဝေဘန် လိုက်လို့ရှိယင် သဿတနဲ့ ဥစ္ဆေဒဘဲ ဒီအထဲပြန်ဝင်တာဘဲ....(မှန်ပါ)။

အဲဒီကဲ့သို့ သိထားတော့ကို တချို့သဿတ ဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ တရားနာလိုက်ယင် တွန့်ထွက်သွားတယ်၊ ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ကလဲ လွန်သွားတယ်၊ ဒါ မှတ်ထားစမ်းပါ .... (မှန်ပါ)။

သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်က တရားနာလိုက်လို့ရှိယင် ဘဝပြတ် ဟောလိုက်ယင် တွန့်ထွက်သွားတယ်-(မှန်ပါ) စိတ်နောက်ဆုတ်သွားတယ်....(မှန်ပါ)။

ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ကလဲ လွန်ပြေးတယ်၊ ဘုရားအလိုကို မကျဘူး၊ ဒီ ဒိဋ္ဌိနှစ်ခုက....(မှန်ပါ)။

သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်က ဘာဖြစ်သွားသတုံး....(တွန့်သွားပါတယ်ဘုရား)တွန့်သွားတယ်၊သူကလဲ တမျိုးဘဲ၊ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်က လွန်သွားတယ်....(မှန်ပါ)ဘုရားအလိုကို အလည်မကျဘူး(မှန်ပါ)သိပ်ကြောက်စရာကောင်းတဲ့ ဒိဋ္ဌိနှစ်ခုတဲ့၊ ဒိဝိပ္ပလ္လာသဟာ သိပ်ကြောက်စရာကောင်းတယ်။

ကောင်းပြီ သက္ကာယဒိဋ္ဌိ နှစ်ဆယ်ကို ဝေဘန်လိုက်တဲ့ အခါ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိဘဲ ရှိတယ်လို့ မှတ်ထားလိုက်ပါ.... (မှန်ပါ)။

သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်က ဘဝကိုပြတ်အောင် ဟောလိုက်လို့ရှိယင် သူက မကြိုက်ဘူး၊ သူ့စိတ်တွန့်ထွက်သွားတယ်၊ ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်က ဘဝပြတ်ကို ဟောလိုက်တဲ့ အခါကျ

တော့ လွန်ထွက်ပြေးတယ်ဆိုတော့ကို တကာ တကာမတွေ မှတ်ရမှာက ဘယ်သူမှ အချိုးမကျဘူးဆိုတာ မှတ်ပါ....(မှန်ပါ ဘုရား) အလည်လမ်းဘယ်သူမှ မရောက်ဘူး။

ကောင်းပြီ-ဒါဖြင့်ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ဒွေဟိ ဘိက္ခဝေ ဒိဋ္ဌိဂတေဟိ ပရိယုဋ္ဌိတာ ဒေဝမနုဿာ ဩလီယန္တိ ဧကေ အတိဓာဝန္တိ ဧကေ" လို့ ပါဠိတော်က ရှိနေတယ်၊ သဿတ ဒိဋ္ဌိ ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဘဝပြတ် ဟောလိုက်ယင် ဘာဖြစ် သတုံး....(တွန့်သွားပါတယ်)တွန့်သွားတယ်၊ နောက်ဆုတ်သွား တယ်....(မှန်ပါ)။

ဉစ္ဆေဒဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ကို ဟောလိုက်ပြန်တော့....(လွန်သွား ပါတယ်ဘုရား)အဲ....ဘဝပြတ်ဟောလိုက်ယင် သူကတော့လဲ လွန် ပြေးတယ်။

အဲဒီတော့ကို အခု တရားနာနေကြတာ အများကြီးပါဘဲ၊ ငါ ဘယ်ဒိဋ္ဌိထဲကလဲဆိုတာကို အကဲခတ်၊ ကိုယ် ဟာ ကိုယ်အကဲ ခတ်လို့ ရပြီဆိုလို့ရှိယင် ဒီဒိဋ္ဌိနှစ်ခုစလုံးကို ဘုန်းကြီးက နောက် ဆုံးပိတ်ကို ဘာမှ မရှိရအောင် ဖျက်ပေးပါမယ်(မှန်ပါဘုရား)။

ဒီ ဒိဋ္ဌိနှစ်ခု မရှိမှ၊ ရှိလို့ရှိယင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဘယ် လိုပင် အားထုတ်ထုတ် ဦးသံဒိုင်တို့ မရဘူး....( မှန်ပါဘုရား ) သဿတဒိဋ္ဌိငြိနေလဲမရပါဘုရား၊ ဉစ္ဆေဒဒိဋ္ဌိငြိနေယင်ကော (မရ ပါဘုရား) မရဘူးဆိုတာ သေသေချာချာ မှတ်ကြပါ။

သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်က ဂဲ... ကွာ-ရုပ်နာမ်ဆုံးယင် နိဗ္ဗာန် ပါဘဲ၊ ရုပ်နာမ် မရှိလို့ရှိယင် နိဗ္ဗာန်ပါဘဲ၊ ဟောလိုက်တယ်....

ဘုရားကဘဲ....၊ ဘုန်းကြီးကဘဲ ဟောလိုက်တယ်၊ ဘုရားကလဲ ဒီအတိုင်းဘဲ ဟောလို့၊ ရုပ်နာမ်ဆုံးယင် နိဗ္ဗာန်ဘဲဟေ့....။

ရုပ်နာမ်ဆိုတာက ဒုက္ခသစ္စာကိုး....(မှန်ပါ) ဒုက္ခဿ အန္တံ ကရိဿတိ-ဆိုတဲ့ အတိုင်း ဒုက္ခဿ=ဒုက္ခ၏၊ အန္တံ-အဆုံးကို၊ ကရိဿတိ=မျက်မှောက်ပြုနိုင်လတ္တံ့၊ ဒီတရားတွေ ဟောလိုက်တယ်၊ဒုက္ခဆုံးတာနိဗ္ဗာန်ဘဲဟေ့....ဒုက္ခဆုံးတာ ဒါဘဲ ရှိတာကိုး (မှန်ပါ)။

ဒုက္ခဆုံးတာ....(နိဗ္ဗာန်ပါဘုရား) အဲဒီတော့ ခန္ဓာကြီးကလဲ ဒုက္ခသစ္စာ၊ ခန္ဓာကြီးက ဒုက္ခသစ္စာဖြစ်ပြီးနေတော့ ရုပ်နာမ် အဆုံးကို ဟောလိုက်ဘဲ့အခါကျတော့ အို....သူက ဘယ့်နှယ် ဖြစ်သွားသတုံးလို့ ဆိုတော့ သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်က မကြိုက်ဘူးတဲ့....(မှန်ပါ)။

ရုပ်နာမ်မရှိလို့ရှိယင် ဘာအသုံးကျတော့မတုံး၊ ဘာစားလို့ ဘာဝတ်ရမှာတုံး၊ ဘယ်ဟာ ခံစားရမှာတုံး- အစရှိသည်နဲ့တဲ့ သူက ဟာဝသဲ ပျော်မွေ့နေတယ်....(မှန်ပါဘုရား)။

ရုပ်နာမ်အဆုံး ဟောလိုက်လို့ရှိယင် ကျုပ်တော့ ဒီတရား တယ်မကျေနပ်ပါဘူး၊သဘောလဲမကျပါဘူး၊ရုပ်နာမ်ဆုံး နိဗ္ဗာန် လို့ ခေါ်ထားတယ်၊ ခေါ်ထားတော့ ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိယင် ရုပ်နာမ် မရှိဘူးဆိုလို့ရှိယင် ဘာနဲ့နေလို့ ဘာနဲ့ စားလို့ ဘာနဲ့ ဝတ်မတုံး၊ ဘယ်လိုစည်းစိမ် ဘယ်လို ချမ်းသာ ဆိုတဲ့ဥစ္စာ သူ နားမလည်တော့ ဘဝပြတ် ဟောလိုက်လို့ရှိယင် တခါတည်း တွန့်ထွက်သွားပြီး နောက်ဆုတ်သွားပြီး ဘဝထဲ

မှာဘဲ နေပါတော့မယ်ဆိုတဲ့ စိတ် ပေါ်လာတယ်....( မှန်ပါ့ဘုရား)နားလည်ပလား....(နားလည်ပါပြီဘုရား)။

ဘယ်မှာ နေချင်သတုံး....(ဘဝထဲမှာဘဲ နေချင်ပါတယ်)။

"ဘဝရတာ ဘဝသမ္ဘဒိတာ"တဲ့ ဘဝလို့ တခါတည်း ဟောလိုက်လို့ ရှိယင်ဖြင့် "စိတ္တာ နပက္ခန္ဒတိ နပ္ပသီဒတိ နသန္တိဋ္ဌတိ နာဓိ မုစ္စတိ၊" နှလုံးကို မသွင်းနိုင်ဘူးတဲ့....(မှန်ပါ့)။

ဒါ ဘယ်သူကလဲ ဘယ့်နှယ်ကြောင့် ဒီဥစ္စာ ဖြစ်ရပါလိမ့်မတုံး၊ ဘဝပြတ်လို့ ရုပ်နာမ်ဆုံးယင် နိဗ္ဗာန်လို့ ဟောထားတဲ့ဥစ္စာ သူဘယ့်နှယ်ကြောင့် မကြိုက်ပါလိမ့်မတုံးဆိုတော့ သူ့ဝမ်းထဲမှာ သဿတဒိဋ္ဌိခံနေတယ်လို့ဆုံးဖြတ်ချက်ချပါ(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်.... (သူ့ဝမ်းထဲမှာ သဿတဒိဋ္ဌိခံနေပါတယ်) သဿတဒိဋ္ဌိခံနေတယ်၊ ရှင်းပြီနော်.... (ရှင်းပါပြီ)။

သူ့ဝမ်းထဲမှာ ဘာခံနေသတုံး....(သဿတဒိဋ္ဌိခံနေပါတယ်)။

သဿတဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်ဟာ ဘဝဆုံးနိဗ္ဗာန်ဆိုလို့ရှိယင် သူမကြိုက်ဘူး....(မှန်ပါ့ဘုရား) ရုပ်နာမ်ချုပ်ငြိမ်းတယ်ဆိုယင် ဘာနဲ့ စည်းစိမ်ခံစားလို့ ဘာနဲ့ဝတ်လို့ ဘာနဲ့စားလို့ ဘယ်လိုနေရမှန်းမသိတဲ့အတွက် ကျုပ်တို့တော့ တော်ပြီ၊ ဘုံစဉ်စံဘဲကြိုက်တော့တယ်၊ အစရှိသည်နဲ့ သူ ဒီလို ပြောင်းထွက်သွားတယ်....(မှန်ပါ့ဘုရား) ဘဝချုပ်ငြိမ်း ရုတ်သိမ်းတာ ဟောလိုက်တာနဲ့ ( မှန်ပါ့ ) ဘဝချုပ်ငြိမ်းရုတ်သိမ်းတဲ့ တရား ဟောလိုက်တော့ နိဗ္ဗာန်ဟောလိုက်တယ်၊နိဗ္ဗာန်ဟောလိုက်တော့ သူကြိုက်ကဲ့လား (မကြိုက်ပါ) အဲဒါဘယ်ဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်မို့လဲ....(သဿတဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်မို့ပါ)။

ကိုယ့်ဟာကိုယ်အကဲခတ်ပါ၊ ဝိသာခါတို့ နဂိုက ပုထုဇဉ်ဖြစ်စဉ်အခါတုန်းက ဘဝပျော်မွေ့တယ် ဘဝပျော်မွေ့တဲ့ အတွက် သူတို့သည်ကားလို့ဆိုလို့ရှိယင်ဖြင့် အင်း....သောတာပန် ဖြစ်လို့ရှိယင်လဲ ဖြုန်းကနဲတော့ ခန္ဓာဆုံး နိဗ္ဗာန်ကို မသွားချင်သေးဘူး ဆိုပြီး သကာလ ပုထုဇဉ်တုန်းက သဿတဒိဋ္ဌိရှိတာနဲ့ အခု ခုနစ်ဘဝ ဒုက္ခသစ္စာနဲ့ နေရသေးတယ်....(မှန်ပါဘုရား)။

ဘယ်နှစ်ဘဝတုံး....(ခုနစ်ဘဝပါဘုရား) ခုနစ်ဘဝ ဒုက္ခသစ္စာနဲ့ နေရတယ်၊ နဂိုက သူ ဒုက္ခသစ္စာနဲ့ နေရတယ်၊ နဂိုက ဘာရှိတယ်ဆိုတာ သူ့ကို အကဲခတ်ကြည့်လိုက်ယင် သိတာဘဲ....(သဿတဒိဋ္ဌိရှိပါတယ်) သဿတဒိဋ္ဌိရှိနေတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ)။

သူက ဘယ်လိုကြောင့်တုံး၊ ဘဝါရာမ-ဘဝထဲ မွေ့လျော်တယ်၊ ဘဝရတာ-တဲ့၊ ဘဝထဲနှစ်သက်နေတယ်၊ ဘဝသမ္မုဒိတာ ဘဝထဲမှာသူနေရတာ ဝမ်းမြောက်နေတယ်။

ကေသံ ဘဝနိရောဓာယဒေသိယမာနေ စိတ္တံ နပက္ခန္ဒတိ နပ္ပသီဒတိနာဓိမုစ္စတိ....တဲ့၊ ဘဝချုပ်ငြိမ်းတဲ့ ပြတ်တဲ့ တရားဟောလိုက်လို့ ရှိယင် နားထဲမှာကို ဒီတရား မဝင်လာဘူးတဲ့....(မှန်ပါ)ဘာဒိဋ္ဌိ ရှိတဲ့သူမို့လဲ....(သဿတဒိဋ္ဌိရှိတဲ့သူပါဘုရား)။

အဲဒါ ခင်ဗျားတို့လဲ ကြားဘူးကြပါလိမ့်မယ်၊ ကျုပ်တို့တော့ နိဗ္ဗာန်တော့ နိဗ္ဗာန်ဆိုတာ ရုပ်နာမ်မရှိဘူးလို့လဲ ဆရာသမားတွေက ဟောတယ်၊ အဲဒါကြောင့် ကျုပ်တို့တော့ဖြင့် ဘာမှမရှိလို့ရှိယင် ရုပ်နာမ်မှမရှိယင် ဘာခံစားမလဲ ဘာဝတ်မလဲ ဘာစားမလဲ၊ အဲဒီတော့ ကျုပ်တို့တော့ဖြင့် အပါယ်လွတ်ယင်တော်

ပြီ၊ အပါယ်တခုလွတ်ယင်တော်ပါပြီတဲ့၊အခုလို အသံ တွေဟာ ဘဝါရမ-ဘဝမွေ့လျော်တဲ့ပုဂ္ဂိုလ်၏ အသံ'တွေ (မှန်ပါ့ဘုရား) ဘာဒိဋ္ဌိရှိနေသတုံး....(သဿတဒိဋ္ဌိရှိနေပါတယ်ဘုရား)။

သဿတဒိဋ္ဌိရှိနေတယ်၊ အဲဒါ မြို့ထဲရွာထဲမှာ ဒီအသံရှိတဲ့ ပုဂ္ဂိုလ်ကို ခင်ဗျားတို့ ကိုယ့်ကိုယ်လဲ အကဲခတ်ပါ၊ သူများလဲ အကဲခတ်ပါ....(မှန်ပါ့)။

သူများလဲအကဲခတ်လိုက်တော့ ဒီအသံတွေ ထွက်လာလို့ ရှိယင် ခြေ....သဿတဒိဋ္ဌိက လာတာလို့မှတ်ပါ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

သဿတဒိဋ္ဌိသမားက ဘဝပျော်တယ်.... (မှန်ပါ့)ဘဝချုပ် ကြောင်းကို ဟောလိုက်လို့ရှိယင် တွန့်ထွက် သွားတာဘဲ.... (မှန်ပါ့)။

ဒါ့ကြောင့် တရားနာတဲ့အထဲမှာလဲ လူကမျိုးစုံ ပါပြီး သကာလနေတော့ ဒါ ကိုယ့်ဟာကိုယ် အကဲခတ်ပါ....(မှန်ပါ့) ကိုယ့်ဟာကိုယ်အကဲခတ်တော့ များသောအားဖြင့် သဿတဒိဋ္ဌိ ကတော်တော်များတယ်....(မှန်ပါ့)။

ရုပ်နာမ်အဆုံး နိဗ္ဗာန်၊ ခန္ဓာဆုံးနိဗ္ဗာန်၊ ဒါကို ဟောလိုက် လို့ရှိယင် ရုပ်နာမ်ခန္ဓာမှ မရှိလို့ရှိယင် ဘာစားလို့ ဘာဝတ်လို့ ဘယ်လိုပျော်လို့ ဘယ်လိုမွေ့လို့ ဘယ်ချမ်းသာကို ဘာခံစား မလဲ၊ ဦးသံဒိုင် မလာပေဘူးလား....(လာပါတယ်ဘုရား)။

လာတော့ သူ ကြိုက်နိုင်သေးရဲ့လား၊ မကြိုက်နိုင်ဘူးလား.... (မကြိုက်နိုင်ပါဘုရား)၊

အဲဒီတော့ ဘဝပြတ် နိဗ္ဗာန်ကို ဟောလိုက်လို့ ရှိယင် မောင်သစ် သူ နောက်ဆုတ်သွားတာဘဲ.... (မှန်ပါ့ဘုရား)ဘယ် ပုဂ္ဂိုလ်လို့ အကဲခတ်မလဲ....(သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ပါဘုရား) သဿတဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်။

ကျုပ်တို့တော့ ဖြေးဖြေးဘဲ၊ ဘုံစဉ်စံဘဲ ကြိုက်နေတယ်၊ အပါယ်လဲမကျဘူး၊ ဘုံစဉ်လဲ စံရမယ်ဆိုယင် ကျုပ်တို့ကြိုက် တယ်၊ ဒါ ဘာဒိဋ္ဌိလဲ....(သဿတဒိဋ္ဌိပါဘုရား)ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါက သဿတဒိဋ္ဌိ သမားက သူ့ဝမ်းထဲမှာရှိလို့ သူ့အသံ ထွက်သာတာ....(မှန်ပါ့ဘုရား)သူ့ဝမ်းထဲမှာ ရှိတဲ့အတွက် ရုပ် နာမ်ဆုံးသွားတာ နိဗ္ဗာန်ပါဘဲ ဆိုလို့ရှိယင် ရုပ်နာမ် မရှိယင် ဘာခံစားမလဲဆိုတဲ့ သူ့ဆင်ခြေနဲ့သူလဲတက်ပြီး သကာလ ဘဝ ထဲဘဲ ပြန်ပုန်းအောင်းချင်တဲ့စိတ်ပေါ်တယ်....(မှန်ပါ့) ဘာဒိဋ္ဌိ ရှိတဲ့ပုဂ္ဂိုလ်လဲ.... (သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ပါ) သိပ်ကြောက် စရာကောင်းပါကလား....(ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဘုရားရှေ့ ဆုတောင်းပြီးသကာလ လူ့ပြည် နတ် ပြည် အကြိမ်ကြိမ်ခံစားရ ဆိုတဲ့ပုဂ္ဂိုလ်ဟာ ဘာထင်ကြသတုံး.... (သဿတဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်ပါဘုရား) ။

မရဘူးတဲ့ သူ နိဗ္ဗာန်၊ လူ့ပြည် နတ်ပြည်တော့ ရမယ်.... (မှန်ပါ့) နိဗ္ဗာန်တော့.... ( မရပါဘုရား ) ဘာခံနေသတုံး.... (သဿတဒိဋ္ဌိခံနေပါတယ်)။

သဿတဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသခံပြီ....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) ကြောက်စရာကြီးပါလား....(မှန်ပါ့)။

သဿတဒိဋ္ဌိကလဲ နိဗ္ဗာန်တော့ ရခဲ့တဲ့အထဲကဘဲလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

သဿတဒိဋ္ဌိက....(နိဗ္ဗာန်ရခဲ့တဲ့ အထဲကပါ)။

နိဗ္ဗာန်ရခဲ့တဲ့ အထဲက၊ ဘာ့ကြောင့် ရခဲ့သတုံး ဆိုတော့ ဘဝါရာမာ၊ ကဲ....ဘဝထဲပျော်နေတယ်၊ ဘဝရတာ၊ ဘဝကို တပ်နှစ်သက်တယ်တဲ့၊ ဘာသမ္မုဒိတာ ဘဝထဲနေရတာ၊သူ သိပ်ဝမ်းမြောက်နေတယ်တဲ့....(မှန်ပါ့)။

တေသံ=ထိုပုဂ္ဂိုလ်တို့အား၊ ဘဝနိရောဓာယ= ဘဝ၏ချုပ်ရာနိဗ္ဗာန်အကျိုးငှာ၊ ဓမ္မေ= တရားကို၊ ဒေသိယမာနေ=ဘုရားကဟောသည်ရှိသော်၊ နပက္ခန္ဒတိ=ဒီတရားထဲ စိတ်မဝင်စားတော့ဘူးတဲ့၊ နပ္ပသီဒတိ=ကြည်လင်ခြင်း မရှိတော့ဘူးတဲ့....(မှန်ပါ့) နာဓိမုစ္စတိ=နှလုံးလဲမသွင်းတော့ဘူးတဲ့၊ ဒီတရားကို....(မှန်ပါ)။

ဒါ ဘာဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်လဲ.... ( သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ပါဘုရား) သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်တဲ့၊ ဦးသံဒိုင် ဘယ့်နှယ်တုံး....၊ ကြောက်စရာကောင်းတယ်....(ကောင်းပါတယ်ဘုရား)။

မျှားသောအားဖြင့် ဗုဒ္ဓဘာသာမှာ ဒီဒိဋ္ဌိရှိတယ်....(မှန်ပါ့)။

မျှားသောအားဖြင့် (ဗုဒ္ဓဘာသာမှာ ဒီ ဒိဋ္ဌိရှိပါတယ်)ဒီ ဒိဋ္ဌိရှိတယ်ဆိုတာ ကျေနပ်ကြပလား....(ကျေနပ်ပါပြီ)။

ဒီ ဒိဋ္ဌိရှိနေလို့ရှိယင် ဒီ ဒိဋ္ဌိက ကြီးလာလိမ့်မယ်၊ ဒိဋ္ဌိ-ဒိဋ္ဌိပေါ်ဒါန်-ဒိဋ္ဌိ အုပ်ချုပ်တဲ့ကံဆိုပြီး သကာလ သူ ဒုက္ခသစ္စာကြီးရဦးတော့မယ်....(မှန်ပါ့) မရပေဘူးလား.... (ရပါတယ်) ဒီ ပဋိစ္စသမုပ္ပါဒ်က လွတ်မှာမှမဟုတ်ဘဲ.... (မှန်ပါ့)။

မလွတ်ပေမဲ့လဲ သူ့ အပေါ်ယံသာကြောက်တယ်၊ ခန္ဓာတွေကျ တော့ သဘောကျတယ်.... (မှန်ပါ့) လူခန္ဓာ နတ်ခန္ဓာ ဗြဟ္မာ ခန္ဓာတွေကို ဘယ်လိုဘဲအို ဘယ်လိုဘဲနေ ဘယ်လိုဘဲသေသေ သူ ကြိုက်တယ် ...(မှန်ပါ) ဘာဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်လဲ....(သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ပါ)။

အင်း....သဿတဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်လဲ အင်မတန် ကြောက်စရာ ကောင်းပါတယ်။

ဒါဖြင့် ဒိဋ္ဌိမင်္ဂတားတယ်ဆိုတာဟာပေါ်ကြပြီ...(ပေါ်ပါပြီ ဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ဒိဋ္ဌိမင်္ဂတားတယ်ကွ၊ ဘုရားကဟောတယ်နော်....(မှန်ပါ့) ဒိဋ္ဌိ ဟာ မင်္ဂဉာဏ် ဖိုလ်ဉာဏ်ကို တားတယ်ကွ-ဆိုတဲ့ဥစ္စာဟာ တကာ တကာမတွေ့ ဒီနေ့ ဒီဟာကို ပြောလိုက်သဖြင့် ပဋ္ဌိသမ္ဘိ ဒါမင်္ဂ ပါဠိတော် ပြောလိုက်သဖြင့် ဒိဋ္ဌိအကြောင်းကို သြော်....ဟုတ် ပေမှာဘဲ ဒိဋ္ဌိမင်္ဂတားတယ်ဆိုတာ၊ မင်္ဂဉာဏ် ဖိုလ်ဉာဏ်ကိုမှ သူ ရ,ဘို့ရာ မကျိုးစားချင်တော့ဘဲ၊ ကျိုးစား သေးရဲ့လား.... (မကျိုးစားပါဘုရား)။

ဘာဖြစ်လို့ မကျိုးစားသတုံး.... (နားမလည်လို့ပါ) ဒီလို မဆိုနဲ့၊ ဘဝပျော်ပိုက်လို့....(မှန်ပါ့)ရှင်းပြီ.... (ရှင်းပါပြီ)။

ဘယ်လိုကြောင့်ပါလိမ့်.... (ဘဝပျော်ပိုက်လို့ပါဘုရား)။

သူကလဲ နားမလည်ဘူးလေ၊ ရုပ်နာမ်ဆုံး နိဗ္ဗာန်ဆိုတာကို ရုပ်နာမ်မရှိ ဘာခံစားမလဲ ...၊ ဘာဝတ်လို့ ဘယ်ချမ်းသာ

ဆိုတာ ကျုပ်တို့တော့မပြောတတ်ပါဘူး၊မပြောတတ်တဲ့အတွက် ဘဝထဲမှာဘဲ သူ့သည် အကြိမ်ကြိမ် ခံစားချင်တဲ့စိတ်၊ အပါယ် တော့ ကြောက်တယ်....(မှန်ပါ) သုဂတိတော့ မကြောက်ဘူး.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

အပါယ်တော့.... ( ကြောက်ပါတယ် ) သုဂတိတော့.... (မကြောက်ပါဘုရား)။

မကြောက်တဲ့ပုဂ္ဂိုလ် ဘာဒိဋ္ဌိရှိတယ်လို့သာ အကဲခတ်စမ်း.... (သဿတဒိဋ္ဌိ ရှိပါတယ်)။

အဲဒါ ကိုယ့်ဟာကိုယ်ရှိနေယင်လဲ နောက်တရား နိဂုံးချုပ် တော့ ပါပါလိမ့်မယ်၊ ပြင်ရလိမ့်မယ်....(မှန်ပါ)ပြင်ရလိမ့်မယ်။

ဘယ့်နှယ်ကြောင့်ပြင်ရလိမ့်မတုံးလို့ မေးလို့ရှိယင်ဖြင့် ဒိဋ္ဌိ မဂ္ဂါမိဂမဿ နိဝါရဏာ ဒိဋ္ဌိဟာမဂ်တားတယ်ကွာ....တဲ့။

ဒိဋ္ဌိဟာဘာတဲ့....(မဂ်တားပါတယ်ဘုရား) မဂ်တားတယ်။

ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်မရတာ ပါရမီမရှိလို့ မရတာ လား....၊ ကိုယ့်ကိုယ်တိုင်သည်ပင် ဘဝပျော်မွေ့လို့ မရတာ လားဆိုလို့ မေးလို့ရှိယင်ဖြင့် ကိုယ့်ကိုယ် ကိုယ် အကဲခတ်ကြည့် မခတ်နိုင်သေးဘူးလား.... (ခတ်နိုင်ပါတယ်ဘုရား) ဘာဖြစ်နေ သတုံး.. (ဘဝပျော်လို့မရတာပါ) ရောက်ရာဘဝပျော်မွေ့ တယ်၊ ရှင်းပလား....(ရှင်းပါပြီ)။

ဘာဒိဋ္ဌိရှိတာတုံး....(သဿတဒိဋ္ဌိရှိပါတယ်)အဲဒီတော့ ကိုယ့် ဟာကိုယ် တရားနာကြည့်တဲ့ အခါမှာ သိပါတယ်တဲ့ ဘုရားက

ကိုယ်ဟာကိုယ် တရားနာကြည့်တဲ့ အခါကျတော့ နိဗ္ဗာန်ဆိုတာ ရုပ်နာမ်ဆုံးနိဗ္ဗာန်လို့ ကြားလိုက်လို့ရှိယင် သူ့စိတ်ထဲ ကျေကို မကျေနပ်ဘူး....(မှန်ပါ)။

ဘာဖြစ်လို့တုံးလို့ မေးတော့ သဿတဒိဋ္ဌိရှိနေတော့ သစ္စာကို သူ မသိသေးဘူး....(မှန်ပါ)ရုပ်နာမ်ဟာ ဒုက္ခသစ္စာလို့ သူ့ဉာဏ်ထဲမှာ မပိုင်ဘူး....(မှန်ပါ) မပိုင်တော့ နိဗ္ဗာန်၏သဘောကို ကောင်းကောင်းမသိတဲ့အတွက် ဘဝထဲ ပျော်မွေ့တဲ့ စိတ်သာ ပေါ်ပေါက်ပြီးသကာလ လာတဲ့အဖြစ်ဟာ သဿတဒိဋ္ဌိက ဝမ်းထဲက နေပြီးသကာလ နှိုးဆော်နေတယ်၊သူသည် ဒိဋ္ဌာနုသယအဖြစ်နဲ့ ဝမ်းထဲမှာ ကိန်းနေတယ်လို့ မှတ်လိုက်စမ်းပါ-(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်....(ဒိဋ္ဌာနုသယအဖြစ်နဲ့ ဝမ်းထဲမှာ ကိန်းနေပါတယ်ဘုရား)။

ဒိဋ္ဌာနုသယအဖြစ်နဲ့ ဝမ်းထဲမှာ ကိန်းနေတယ်ဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါ) တယ်ကြောက်စရာကောင်းပါကလား၊ မောင်သစ်တို့ ကဲ....ပေါ်ပလား....(ပေါ်ပါပြီ)။

ဘုရားရှေ့မျှား သွားပြီး အို....ပန်းကလေး တပွင့်နဲ့ ပန်းကလေးလက်ထဲ ထည့်ပြီးသကာလ အမျိုးမျိုးများ ဦးသံဒိုင်တို့ ရွှေတိဂုံသွားသွားဘုရားကြီးထဲသွားသွား တောင်းနေလိုက်တဲ့ ဆုဟာ ဘာ သမားတွေတုံး....လို့ အကဲခတ်လို့ရှိယင် ဆုရှည်ကြီးတောင်းပြီးတော့ တခါတည်း ဒီသားနဲ့ ဒီသမီးနဲ့ ဒို

မြေးနဲ့ ဒီမြစ်နဲ့ ဟုတ်လား၊ နိဗ္ဗာန် သွားတောင်မှ အတူတူမှ ဘဲ....ဘုံစဉ်စံ ဘယ်ရောယ်ရောက် အတူတူ၊ ဒီဟာတွေဟာ တောင်းထည့် နေလိုက်တဲ့ ဥစ္စာ ခင်ဗျားတို့က ဘာက တောင်း တယ် ထင်သလဲ(သဿတဒိဋ္ဌိကပါဘုရား)သဿတ ဒိဋ္ဌိက-နေပြီး တောင်းနေတာ.... (မှန်ပါ့)။

အင်း....သူ့ဝမ်းထဲမှာဖြင့် ဒီ ဒိဋ္ဌိရှိတယ်ဆိုတာ တခါတည်း တကာ တကာမတွေက အကဲသာ ခတ်လိုက်တော့၊ ဩော်.... သဿတဒိဋ္ဌိသမားပါကလား–လို့....(မှန်ပါ့) အခုရလဲ သူ ယူ မည့်လူ မဟုတ်ဘူး....(မှန်ပါ့)ယူပါ့မလား....(မယူပါဘုရား)။

မယူဘူးတဲ့၊ ဘယ်ဒိဋ္ဌိက အပင်းခံနေသတုံး....(သဿတဒိဋ္ဌိ က အပင်းခံနေပါတယ်)။

သဿတဒိဋ္ဌိ အပင်းခံနေတယ်ဆိုတာတော့ ကျေနပ်လောက် အောင် သဘောကျကြပြီ....(ကျပါပြီဘုရား)။

ကထဥ္စ ဘိက္ခဝေ ဩလီယန္တိ ဧကေ၊ဘယ်လိုများ တွန့်သွား သတုံးဆိုတော့ ဘဝါရာမာဘိက္ခဝေ ဘဝရတာ ဘဝသမ္မုဒိတာ တေသံ ဘဝနိရောဓာယ ဓမ္မေဒေသိယမာနေ-ဘဝထဲ ပျော်နေတဲ့ ပုဂ္ဂိုလ်ဟာ ဘဝပြတ် ဟောလိုက်လို့ရှိယင်ဖြင့် စိတ်ကိုမဝင်စား တော့ဘူးတဲ့၊ တရားနာရင်းကို စိတ်မဝင်စားဘူးတဲ့....(မှန်ပါ့)။

ဘယ်သူက ခံနေသတုံး...( သဿတဒိဋ္ဌိက ခံနေပါတယ် ဘုရား )။

သဿတဒိဋ္ဌိက ခံနေတဲ့ အတွက်တဲ့ နိဗ္ဗာန်တော့ ပြောကြတာဘဲ၊ သူ့စိတ်ထဲကပေါ့လေ....(မှန်ပါ့) ပြောပင်ပြောကြငြား သော်လဲ ကျုပ်တို့တော့ သဘောကလဲ မပါလို့ ထင်ပါရဲ့ သိပ်တော့ အကြိုက်ကြီး မကြိုက်သေးဘူးဆိုယင် သဿတဒိဋ္ဌိ သာ မှတ်ပေတော့....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒီလိုလူ များလိမ့်မလား...၊နည်းလိမ့်မလားလို့ မောင်သစ် အကဲခတ်စမ်း....(များပါတယ်ဘုရား)။

ဟာ....ဒါဖြင့် ဘယ်မှာ နိဗ္ဗာန်ရမလဲ....၊ နိဗ္ဗာန်မရနိုင်ဘူး၊ ဦးသံဒိုင် ရှင်းပလား....(ရှင်းပါပြီ)။

နိဗ္ဗာန်မရတာဟာ သူကိုယ်တိုင်ကိုက ဘဝထဲ ပျော်မွေ့ပြီး သကာလ ဘပြေတ်တရား ဟောလို့ရှိယင် စိတ်ကိုမှ မဝင်စား ပါဘူးတဲ့၊ စိတ်ကို မဝင်စားပါဘူးတဲ့....(မှန်ပါ့) ဘယ်လောက် ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီပုဂ္ဂိုလ် စိတ်မဝင်စားပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဘဝနိရောဓေါနိဗ္ဗာနံကို သူ သဘောမကျ ဘူး....(မှန်ပါ့ဘုရား)။

ဘဝနိရောဓော နိဗ္ဗာနံကို....(သဘောမကျပါဘုရား)။

ဘဝချုပ်ယင် နိဗ္ဗာန်ဘဲဆိုတဲ့ ဥစ္စာကိုဘဲ သူ့စိတ်ထဲ ဒီအသံ ကို မကြားချင်ဘူး....(မှန်ပါ့)။

ဒီအသံ မကြားချင်ဘူး၊ ဒီရုပ်နာမ်မရှိလို့ရှိယင် ဘာနဲ့ သုံး စွဲပြီး ဘယ်လိုနေလို့ ဘယ်လိုခံရမှန်း မသိဘူး၊ ဘယ်လို စံရ

မှန်း မသိဘူးဆိုတဲ့ အဓိပ္ပါယ် ဦးသံဒိုင် သူ ဒါဘဲ ဝေဘန် တော့တာဘဲ....(မှန်ပါ့)။

ဒါဖြင့် ဒီ ပုဂ္ဂိုလ် ဘယ်လိုဘဲ တရားနာနာ ဘယ်လိုဘဲဘုရား အားထုတ်ငြားသော်လဲ သူ မရနိုင်ဘူးကွတဲ့....(မှန်ပါ့)။

တရားနာလဲ မရနိုင်ဘူးကွ....၊တရားအားထုတ်လဲ ... (မရနိုင် ပါဘုရား)ဘာခံနေသတုံး....(သဿတဒိဋ္ဌိခံနေပါတယ်)သဿတ ဒိဋ္ဌိခံနေတယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။ ဒီသားနဲ့ ဒီသမီးနဲ့ ဒီမြေးနဲ့ ဒီမြစ်နဲ့ ဒီဆွေနဲ့ ဒီမျိုးနဲ့၊သွားခြင်း သွားလဲ တပြုံကြီးမှတဲ့၊ အင်း....သူဘဝထဲတော့ သေသော ချာ ချာပျော်ပြီ....(မှန်ပါဘုရား)။

တပြုံကြီးဆိုတာက တယောက်ကအငိစိ တယောက်က နေ့ဝီ သညာနာသညာယတနဘုံမှာ၊ ခုနင်က ဖါးကလေးဖြစ်နေတယ် ဘယ်နှယ် လုပ်ဆုံမှာတုံး....(မဆုံပါဘုရား) ဒါဖြင့် မသွားဘူး ပြောတာနဲ့ ဘယ်နှယ်တုံး....(အတူတူပါဘဲ)အတူတူဘဲဆိုတာ သဘောကျကြပလား....(မှန်ပါ့)အင်း....ဘာဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်လဲ.... (သဿတဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်ပါဘုရား)။

သူတရားနာရင်းကို မေ့ဖေါက်တာဘဲ .... (မှန်ပါ့) ဘဝ ချုပ်ငြိမ်းတဲ့ တရား ဟောလိုက်လို့ရှိယင် မကြိုက်တော့ဘူး၊ စိတ်လဲမဝင်စားဘူး၊ဒီတရားလဲ သူမနာချင်ပါဘူး၊သူများနဲ့ရော လက်အုပ်ချီပြီး နာငြားသော်လဲ သူ့စိတ်ထားကတော့ဖြင့် ဒိဋ္ဌိက အတင်းကန်ထုတ်နေတယ်....(မှန်ပါဘုရား)။

နိဗ္ဗာန်လဲ ကျုပ်တို့သိပ်ပြီး မလိုချင်သေးဘူးတဲ့၊ ဒါယဉ် အောင်ပြောတာ....(မှန်ပါ့) စင်စစ်တော့ လိုကို-မလိုချင်တာ.... (မှန်ပါ့) ဘယ်ဒိဋ္ဌိကတုံး.... (သဿတဒိဋ္ဌိကပါဘုရား) သဿတ ဒိဋ္ဌိက သိပ်ကြောက်စရာ ကောင်းပါလား.... (မှန်ပါဘုရား)။

ဒါဖြင့် ဒီတကာ တကာမတွေမှာ ဘဝသံသရာ ရှည်ခဲ့ဘာလဲ ဒို့လဲ ဒီ ဒိဋ္ဌိဘဲဆိုတဲ့ ဥစ္စာကို ယနေ့ဆုံးဖြတ်ချက်ချယင် ရပါပြီ (ရပါပြီဘုရား)။

ဘုရားတဆူနဲ့ မတွေ့ယင် တဆူနဲ့တော့ တွေ့ခဲ့တာဘဲ၊ တွေ့ ယင် ဒီ ဒိဋ္ဌိနှစ်ခုတော့ဖြင့် သူရှင်းအောင် ဟောတာဘဲ(မှန်ပါ့) ဟောပင် ဟောငြားသော်လဲကျုပ်တို့ မရခဲ့တာ ထောက်ကြည့် လို့ရှိယင် ဘာထင်ကြသတုံး....(သဿတဒိဋ္ဌိ ခံနေလို့ပါဘုရား) သဿတဒိဋ္ဌိရှိလို့ဘဲ၊ရှင်းပြီနော်....(ရှင်းပါပြီ ဘုရား)။

ဘဝပြတ် ဟောလို့ကိုမရဘူး....(မရပါဘုရား) မရဘူး၊ သူ့ ဟာက ကြောက်စရာကြီးပါကလား....(မှန်ပါဘုရား)။

အဲဒါ ဘာကြောင့်တုံးလို့ မေးလို့ရှိယင်ဖြင့် နိရောဓသစ္စာ၏ ချမ်းသာမှု-သန္တိလက္ခဏာ- ငြိမ်းအေးခြင်း လက္ခဏာကိုလဲ သူ မကြိုက်ဘူး၊ မသိလဲ မသိဘူး၊ မိမိခန္ဓာကြီး၏ ဒုက္ခသစ္စာကိုလဲ ဒိဋ္ဌိကခံနေတော့ မသိဘူး....(မှန်ပါဘုရား)။

အဲဒီ မသိတဲ့အတွက်တဲ့ ဒီ ဒိဋ္ဌိက ဘယ်ဘုရားနဲ့ တွေ့တွေ့ ဒီ ဒိဋ္ဌိက ကန့်ထုတ်ပစ်တယ်....(မှန်ပါ့)။

ဘုရားဟာ ဂင်္ဂါသဲမှုန့်နဲ့အမျှ ပွင့်သွားတယ်ဆိုတာ တကာ တကာမတွေကို ခဏခဏ ဟောလို့ ကြားဘူးကြပါပြီ....(မှန်

ပါဘုရား)ထိုကဲ့သို့ ကြားဘူးပါလျက်သားနဲ့ ဂင်္ဂါသဲမှုန့်နဲ့ အမျှ ဆိုတဲ့ဥစ္စာက ဦးသံဒိုင် ရေတွက်လို့ ရတာမျိုးလား .... (မရပါ ဘုရား) ရေတွက်လို့ မရဘူး....(မှန်ပါ)။

တိုကဲ့သို့ မရတဲ့အထဲမှာ ကျုပ်တို့မပါတာဟာ ပေါ်ကြပါ ပြီ....(ပေါ်ပါပြီဘုရား) ဘာခံနေသတုံး.... (သဿတဒိဋ္ဌိခံနေပါ တယ်ဘုရား) သဿတဒိဋ္ဌိခံနေတယ်။

ဘုရားဟောတိုင်း ဟောတိုင်းဟာ ဘဝပြတ်ချည့်ဟောတာ ဘဲ....(မှန်ပါ) ဘဝပြတ်ချည့်ဟောတာဘဲ၊ ဟောတိုင်း ဟော တိုင်းလဲ သူ့နားထဲမှာ ကြားတော့ကြားတယ်၊ သဘောက မကြိုက်ဘူး ...(မှန်ပါဘုရား)။

ကြားတော့....(ကြားပါတယ်)သဘောကတော့....(မကြိုက် ပါဘုရား) ဘာဖြစ်လို့ မကြိုက်တာတုံး....(သဿတဒိဋ္ဌိခံနေလို့ ပါဘုရား)။

သဿတဒိဋ္ဌိက ဘယ်ထဲပျော်မွေ့သတုံး.... (ဘဝထဲပျော်မွေ့ ပါတယ်ဘုရား)။

ဘဝထဲမှာ ပျော်မွေ့ နှစ်ချိုက်ပြီး သကာလ နေတော့ ခင်ဗျားတို့ကြည့်ပါလား- သားကလေး မြေးကလေး ကြည့်နေ ချင်သေးတယ်၊ မသေချင်သေးဘူး၊ ဒီလိုညည်းတဲ့ ပုဂ္ဂိုလ်တွေရှိ တယ်၊ သမီးကလေးတွေ လူလားမြောက်အောင်လို့ နေမယ်ဆို နေလို့ရ- နေချင်သေးတယ်....(မှန်ပါ) ဘာဒိဋ္ဌိဖြစ်နေသတုံး.... (သဿတဒိဋ္ဌိဖြစ်နေပါတယ်ဘုရား) မများဘူးလား-များသလား (များပါတယ်ဘုရား)။

ကဲ မောင်သစ် ကိုယ့်ကိုယ်တိုင်က ကိုယ့်ကိုယ်ကနေ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ကိုယ့်ကိုယ်ကနေ ဆုံးဖြတ်ချက်ချ၊ ဟိုမှာ သီလရင်တွေ ဝတ်ထားတာတွေလဲ အင်း....နိဗ္ဗာန် လိုချင်လို့ ဝတ်တာ၊ ဟုတ်ကဲလား‧ မဟုတ်ဘူးလား၊ တခါ ကိုယ့်ဟာကိုယ်လဲ ဆုံးဖြတ်ချက်ချကြပါဦး... ဟင်....(မှန်ပါဘုရား)။

မပေါ်လာသေးဘူးလား.... (ပေါ်လာပါပြီဘုရား) ပေါ်လာပြီတဲ့၊ သဿတဒိဋ္ဌိကပေမဲ့ တကာ တကာမတို့ အလွန်ကြောက်စရာကောင်းတဲ့တရား.... (မှန်ပါ့ဘုရား)ဘယ်ကျမှကန့်ကွက်တာတုံး....(နိဗ္ဗာန်ကျမှ ကန့်ကွက်ပါတယ်ဘုရား)။

နိဗ္ဗာန်ကျမှ ကန့်ကွက်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ကျယင်ကန့်ကွက်ပြီ.... (မှန်ပါ့)။

ဒါနလုပ်ပါကွ... ဆိုယင် အို... အကြီးအကျယ်လုပ်တယ်.... (မှန်ပါ့) သီလ ဆောက်တည်ပါဆိုယင်.... ( အကြီးအကျယ် ဆောက်တည်ပါတယ်ဘုရား) အသက်ရှည်သကိုး.... (မှန်ပါ့) အကြီးအကျယ်ဘဲ သူဆောက်တည်မှာဘဲ... (မှန်ပါ့)။

ဟေ့.... နိဗ္ဗာန်အလုပ် လုပ်ပါ ဆိုလို့ရှိယင် နောက်တွန့်တယ်.... (မှန်ပါ့ဘုရား)သဘောပါပလား.... (ပါပါပြီဘုရား) နိဗ္ဗာန်အလုပ်-လုပ်ပါဆိုယင် (နောက်တွန့်ပါတယ်ဘုရား) ဘာဖြစ်လို့တုံး.... (သဿတဒိဋ္ဌိ ခံနေလို့ပါ)။

အဲဒါကြောင့် တရားဟောစက ခင်ဗျားတို့ကို ပြောပါတယ်၊ သြော်....ငါဘာဒိဋ္ဌိရှိတယ်ဆိုတဲ့ဥစ္စာ ကိုယ့်ဟာကိုယ်အကဲခတ်ကြပါဆိုတဲ့ဥစ္စာ မောင်သစ် ပေါ်ရောပေါ့.... (ပေါ်ပါပြီဘုရား) မပေါ်သေးဘူးလား.... (ပေါ်ပါပြီ)။

ဒါဖြင့် သဿတဒိဋ္ဌိရှိသော ပုဂ္ဂိုလ်၏ စိတ်နေ စိတ်ထား သဘောသွားဆိုတာ ပေါ်ပြီ.... (ပေါ်ပါပြီဘုရား) ပေါ်ကြပြီ နော်.... (မှန်ပါ)။

နက်ဖြန် ခန္ဓာဇာတ် သိမ်းပြီးတဲ့နိဗ္ဗာန် ရောက်ပါလိမ့်မယ် ဆိုလို့ ရှိယင်ဖြင့် "ဆိုင်းပါရစေဦး" ဆိုလို့ရှိယင် ဘာဒိဋ္ဌိထင်ကြ သတုံး.... (သဿတဒိဋ္ဌိ ခံနေတာပါ) သဿတဒိဋ္ဌိနော်....။

သားကလေးတွေ မြေးကလေးတွေ လူလားမြောက်တာကို ကြည့်ချင်ပါသေးတယ်ဆိုတဲ့ အသွားဟာ ဘယ်သူကလာထွက် တယ်ဆိုတာလဲ အကဲခတ်... (သဿဒိဋ္ဌိက ထွက်တာပါဘုရား)။

သဿတဒိဋ္ဌိက အကဲခတ်ဘယ်ဆိုတာ သူ၏အာဘော်အကုန် ထွက်လာတယ်.... (မှန်ပါ) မထွက်တာရယ်လို့ ရှိသေးရဲ့လား (မရှိပါဘုရား)။

တော်တော် အရာကျယ်ပါတယ်.... (မှန်ပါ)မကျယ်ဘူးလား (ကျယ်ပါတယ်ဘုရား)။

ဆုမျိုးစုံတောင်းနေတဲ့ ပုဂ္ဂိုလ်တွေ မောင်သစ် အကဲခတ်စမ်း ဘာတွေတုံးကွ .... (သဿတဒိဋ္ဌိ ခံနေတာတွေပါဘုရား)။

ဒါဘဲ သူက အတောင်းခိုင်းနေတာ.... (မှန်ပါ) ဘယ်သူက အတောင်းခိုင်းနေတာတုံး.... (သဿတဒိဋ္ဌိက အတောင်းခိုင်း နေတာပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က မသိလို့ ဒိဋ္ဌိက ဘုရားရှေ့ဝင်ရှုပ် နေတာများ ခင်ဗျားတို့က မတွေးမိဘူး၊ ဘုရား ရှိခိုးနေတယ် အောက်မေ့နေတယ်.... (မှန်ပါဘုရား)။

ခင်ဗျားတို့ကတော့ ဘုရားရှိခိုးနေတယ်၊အဲဒါ ဘုရားရှိခိုးကို မဟုတ်ဘူး၊ ဆုတောင်းနေတာ.... (မှန်ပါ)။

ဘုရားရှိခိုးက ပြီးခဲ့ပြီ၊ ရှိခိုးပါ၏....ဆိုပြီး ရှိခိုးရသော အကြောင်းကြောင့်ဆိုယင် သွားပြီ.... (မှန်ပါဘုရား)။

ဘုရားရှိခိုးက တိုတိုကလေး.... (မှန်ပါ) မောင်သစ် ဘုရားရှိခိုးက ရှည်တယ်ထင်သလား.... (တိုပါတယ်ဘုရား)ဆုတောင်းက.... (ဆုတောင်းကရှည်ပါတယ်ဘုရား)။

အဲဒါ ဘယ်သူက တောင်းတယ်ထင်သတုံး....(သဿတဒိဋ္ဌိကပါ) ဒိဋ္ဌိကဝင်တောင်းနေတာ.... (မှန်ပါ) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

အံမာလေး ဒီလူဟာ ဘုရားရှိခိုး ရှည်လိုက်တာလို့ဆိုတော့ အင်း.... ဂုဏ်တော်တွေ ရွှောက်ပြီး ရှိခိုးနေယင်တော့ ဘုန်းကြီး မဆိုလိုပါဘူး... (မှန်ပါ) ရှိခိုးပါ၏.... ဆိုပြီး ရှိခိုးရသော အကြောင်းကြောင့် ရှိခိုးရသော အကျိုးကြောင့် လာလို့ရှိယင်တော့ အင်း.... သွားပြီ....သွားပြီ၊ဒိဋ္ဌိကဝင်ရှုပ်ပြီ (မှန်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ကတော့ သူများရေးထားတဲ့ စာလုမ်းဆိုးနေတာဆုတောင်းကလေးကောင်းလို့ရှိယင် ကျက်ထားလိုက်တာဘဲ(မှန်ပါ)မကျက်ကြဘူးလား(ကျက်ကြပါတယ်)ဟ-ဘယ်သူက ကျက်တာတုံး....(သဿတဒိဋ္ဌိက ကျက်တာပါဘုရား)။

ဒိဋ္ဌိက အကျက်ခိုင်းတာ ခင်ဗျားတို့က မသိလို့သာ.... (မှန်ပါ)။

ဒိဋ္ဌိက အကျက်ခိုင်းတယ်၊ ဆုတောင်းကလေးက နေရာကျ လိုက်တာ၊ အင်း....နေရာကျတယ်ဆိုလို့ ရှိယင် သူ့ဟာသူသာ အ ကဲခတ်တော့၊ သူ့အကဲခတ်လိုက်.... (မှန်ပါ့)။

ဒီတကာ့တကာမတွေ့ထဲမှာ ဆုတောင်းကြီး ရှည်နေပြီဆိုလို့ ရှိယင်ဖြင့် ကိုယ့်ကိုယ်ကို အကဲခတ်ကြပါ၊ ဘာဒိဋ္ဌိက လာသ တုံး.... (သဿတဒိဋ္ဌိက လာပါတယ်ဘုရား)။

ဒါ....သဿတဒိဋ္ဌိက ဘယ်လောက် အဆုကျယ်တယ်ဆိုတာ ဦးသံဒိုင်ပေါ်ပလား.... (ပေါ်ပါပြီ ဘုရား) ပေါ်ပြီနော်.... (မှန်ပါ့) ဒါဖြင့် ဘုရားမှာကရုဏာမရှိလို့လား ပွင့်တိုင်း ဘုရား တွေမှာဟုတ်လား.... (မှန်ပါ့) ကိုယ့်သဿတဒိဋ္ဌိကြောင့်လား ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်မရောက်တာ .... (ကိုယ့်သဿတဒိဋ္ဌိ ကြောင့်ပါဘုရား)။

ဘယ်ဘုရားမဆို လောကတ္ထစရိယံ=လောကကြီးအကုန်ကယ် တင်မည်ဆိုပြီးကျင့်တာ....(မှန်ပါ့) ဉာတတ္ထစရိယံ= သူ့အမျိုး တွေလဲ အကုန်ကယ်တင်မည်လို့ ကျင့်တာဘဲ၊ ခင်ဗျားတို့လဲ သူ့ အမျိုးတွေ မဟုတ်တဲ့အထဲမှာလဲ နေဘူးတယ်၊ ဟုတ်တဲ့အထဲ မှာလဲ.... (နေဘူးပါတယ်) သို့သော်မပါဘူး....(မှန်ပါ့)။

ဘာဖြစ်နေသတုံး.... (သဿတဒိဋ္ဌိ ခံနေလို့ပါဘုရား)ရှင်းပ လား.... (ရှင်းပါပြီဘုရား)။

အံမာလေး ခင်ဗျားတို့ နက်ဖြန် ဘုရားရှိခိုးကြည့်နော်.... နက်ဖြန်ဆွမ်းတော်တင်ကြည့်၊ နက်ဖြန်ဘုရားရှိခိုးကြည့်၊ ငါဘာ ဒိဋ္ဌိတုံးဆိုတာ ပေါ်လာလိမ့်မယ်.... (မှန်ပါ့ဘုရား)။

မပေါ်ပေဘူးလား....(ပေါ်ပါတယ်)ပေါ်မှာဘဲ....တဲ့။

ပါတဲ့လူတွေ လုလုပပလုပ်ကြဟာ၊ဒါမှ နောင်ဘဝ....တဲ့၊အင်း ဒါကာ ဒိဋ္ဌိကပေးတဲ့အသံဘဲ....(မှန်ပါ့)။

ဘယ်သူကပေးတဲ့အသံတုံး.... (ဒိဋ္ဌိကပေးတဲ့အသံပါဘုရား) ဒိဋ္ဌိကပေးတဲ့အသံ၊ လာတာဘဲ၊ မဟုတ်ဘူးလား....(မှန်ပါ့)။

အဲဒီတော့ ဆွမ်းတော်ပွဲကလေး ဟိုကမ်း ဒီကမ်းနဲ့ ရှိသေးတယ်၊ မရှိဘူးလား....(ရှိပါတယ်)။

တယောက်က ဆွမ်းတော်ပွဲတင်ပြီးယင် ဟိုတယောက် ပေးလိုက်ပြန်ပြီ၊ ခင်ဗျားတင်ဦး၊ မလာဘူးလား.... (လာပါတယ်ဘုရား) ဘာဖြစ်လို့တုံး....၊ အို....သွားရယ် သမီးရယ်လို့ ဖြစ်လာတော့ သွားတူလာတူပေါ့....(မှန်ပါ့) အင်း....လာပြီ ဒိဋ္ဌိ....(မှန်ပါ့) မလာသေးဘူးလား....(လာပါတယ်)။

သွားတူလာတူဆိုတော့ ဟိုသွားလဲ သူက အတူတူပါသွားပြီ (မှန်ပါ့) ဘာဒိဋ္ဌိရှိလို့လဲ.... (သဿတဒိဋ္ဌိပါ) အံမာလေး.... ကြောက်စရာကြီးပါလား....(မှန်ပါ့)။

မရိပ်မိဘူးနော်....၊ အခု သေသေချာချာ ဖေါ်ပြောသို့ပြော်....ငါ ဆွမ်းတော်တင်နေတာ၊ ဆွမ်းတော် တင်နေတာတော့ဟုတ်ပါရဲ့၊ ဆွမ်းတော်တင်နောက်ဆက်တွဲက ဒိဋ္ဌိကာင်ရှုပ်နေတယ်....(မှန်လှပါဘုရား)။

ဆွမ်းတော်တင်နောက်ဆက်တွဲမှာ ဘယ်နှယ် နေကြသလဲ.... (ဒိဋ္ဌိကဝင်ရှုပ်နေပါတယ်)။

အေးရှုပ်ပေမဲ့ ခင်ဗျားတို့က အင်း....အမျှသာ ယူကြတော့ အစရှိသည်နဲ့ ဒိဋ္ဌိဝင်ရှုပ်တာကို ခင်ဗျားတို့ကမသိဘူး....(မသိပါဘုရား) အမျှပေးချင်တာသာ စောနေတော့တယ်.... (မှန်ပါ့)။

မောင်သစ် ပေါ်ပလား.... (ပေါ်ပါပြီ) ဦးသံဒိုင်ကော ပေါ်ပလား.... (ပေါ်ပါပြီ)။

များသောအားဖြင့် တကာမတွေက သာများတယ်(မှန်ပါ့) ဒီဘက်က ဒီဘက်က.... (မှန်ပါ့)။

များသောအားဖြင့်.... (တကာမတွေကသာ များပါတယ်) တကာမတွေဘက်ကသာများပါတယ်။

သူက ဘာကြောင့်တုံးဆိုတော့ လောဘစရိုက်ကိုး.... ၊ များသောအားဖြင့်.... (မှန်ပါ့) လောဘစရိုက်ဆိုတော့ လောဘနဲ့ ဒိဋ္ဌိဆိုတာ တွဲလျက်ဘဲ.... (တွဲလျက်ပါဘုရား)။

အဲဒါကြောင့် အင်္ဂ.အပြုများတဲ့ပုဂ္ဂိုလ်မှာသဿတဒိဋ္ဌိပိုတယ်ဆိုတာ တခါတည်းမှတ်ပါ....(မှန်ပါ့) အင်္ဂ.များတဲ့ပုဂ္ဂိုလ်မှာ (သဿတဒိဋ္ဌိ ပိုပါတယ်ဘုရား)။

အင်္ဂ.များတော့ကို ဘာဖြစ်သလဲလို့ မေးတဲ့အခါကျတော့ ကို ခုနင်ကဘဝတွေ ပျော်မွေ့ချင်တဲ့သဘောပါတယ်....(မှန်ပါ့) ဘာပါသတုံး.... (ဘဝတွေ ပျော်မွေ့ချင်တဲ့သဘော ပါ-ပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်ဒိဋ္ဌိကနေပြီးသကာလ ခေါင်းဆောင်နေတာတုံးဆိုတော့ ပေါ်သွားပြီ....(မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါပြီ) ဘယ်သူတုံး....(သဿတဒိဋ္ဌိပါဘုရား)။

အင်း....ဆွမ်းတော်တင် နောက်ဆက်တွဲချင်ယင် သူလာလိမ့် မနော်....(မှန်ပါ့) ဆွမ်းတော်တင် နောက်ဆက်တွဲက ရှိသေးတယ်၊ ဘုရားရှိခိုးနောက်ဆက်တွဲတာကော.... (ရှိပါတယ်ဘုရား)။

ရှိသေးတယ်၊ အဲဒါကို ဘယ်သူ ချယ်လှယ်သည်ဆိုတာကို ကိုယ့်ဟာကိုယ်သိပါ....(မှန်ပါ့)။

သိလို့ရှိယင်ဖြင့် ဩော်.... ဒါသဿတဒိဋ္ဌိဘဲ၊ မင်းတော့နိုင် အောင်သတ်မှဘဲ၊ မင်းခံနေလို့ရှိယင် ဘယ်တော့မှ နိဗ္ဗာန်ရမှာ မဟုတ်ဘူးဆိုပြီးသကာလ သူ့ကိုကြိမ်းမောင်းရမည့် အသွားကို ယနေ့ဖြေပြောတာဘဲ....(မှန်ပါ့ဘုရား)။

ကြိမ်းမောင်းရဲပါ့မလား.... (ကြိမ်းမောင်းရဲပါတယ်ဘုရား) ဟာ....ဆွမ်းတော်မှ မဘင်သေးဘဲ ခင်ဗျားတို့ တင်လို့ရှိယင် ခင်ဗျားတို့က တော်တော်ကြာ ကိုယ်ရတာ ရှောက်ရွတ်လိမ့်ဦးမယ်....(မှန်ပါ့) မရွတ်ပေဘူးလား....(ရွတ်ပါတယ်ဘုရား)။

ရွတ်လို့ရှိယင်ဖြင့် သူဝင်လာတာ ခင်ဗျားတို့ သိရမယ်.... သဿတဒိဋ္ဌိဝင်လာပြီ.... မဝင်လာဘူးဆိုတဲ့ဥစ္စာ ပေါ်လာလိမ့်မယ်....(မှန်ပါ့) သဘောပါကြလား.... (ပါ- ပါပြီ) တယ်လဲ ကြောက်စရာကောင်းပါကလား.... (မှန်ပါ့)။

ဒါကြောင့် ခုနင်က စကားကုန် ပြောလိုက်ပါတယ်၊ ဘယ်ဘုရားမှ မဟာမရဏာတော် မပါဘဲနဲ့ "လောကတ္တစရိယ ဉာတတ္တစရိယ ဗုဒ္ဓတ္တစရိယ"....ဆိုတာ ဘယ်ဘုရားမှ မစွန့်ရဘူး (မှန်ပါ့) လောကကြီးကို အကုန် ကယ်တင်မည် ဆိုတဲ့ စိတ်

ထားပါရတယ် .... ( မှန်ပါ ) မပါဘူးလား.... (ပါပါတယ် ဘုရား)။

သူ့ အမျိုးအဆွေတော်ဘူးသရဲလဲ အကုန်ကယ်တင်တယ်.... (မှန်ပါ) ဒါ ဘုရားနဲ့ မတော်ဘူးတဲ့ ပုဂ္ဂိုလ်က ဒီအထဲမှာရှာပါ....(မှန်ပါ)မဟုတ်ဘူးလေား၊ ရှာမှရှားပါတယ် .... (မှန်ပါ) ဂင်္ဂါဝါဠု သဲစုဘုရားတွေကိုး....(မှန်ပါ)။

အဲဒီထဲ မပါတာကို ကိုယ်တိုင်ဉာဏ်နဲ့ စဉ်းစားကြည့်ပါ.... (သဿတဒိဋ္ဌိခံနေလို့ပါဘုရား)။

ဟော.... သူ့ဟာသူ ထွက်လာပြီကော.... (မှန်ပါ) တကာ တကာမတို့ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘုရားသခင်တို့မှာ မဟာကရုဏာတော် မပါတဲ့ဘုရားရှိရဲ့လား....(မရှိပါဘုရား) ဘယ့်နှယ်ကြောင့် ဒို့အပေါ် ကရုဏာမနှံ့ပါလိမ့်မတုံးလို့ ဆိုမလား- မဆိုဘူးလား၊ ခင်ဗျားတို့ အရမ်းဆိုယင်တော့ ဆိုလိမ့်မယ်....(မှန်ပါ)။

ကရုဏာတော်က နှံ့တယ် .... (မှန်ပါ) မလိုက်ချင်တာက ပိုလာတယ်....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) ကိုယ်တော့ဟာ ကိုယ်တော်ကြွပါ ထဲကဘဲ၊ ရှင်းပလား....(ရှင်းပါပြီ)။

ဘာတဲ့တုံး .... (ကိုယ်တော်ဟာ ကိုယ်တော်ကြွပါထဲကပါ) ကိုယ်တော့ဟာ ကိုယ်တော်ကြွပါ ထဲကကျနေတာ.... (မှန်ပါ) ဘာဒိဋ္ဌိကနေ တွန်းထုတ်နေသတုံး .... (သဿတဒိဋ္ဌိကနေတွန်း ထုတ်ပါတယ်)။

အဲဒါ ဘုရားလက်လျှော့တဲ့ အထဲမှာဖြင့် အခုကျန်နေတဲ့ တကာ တကာမတွေ ပါပြီးသားဆိုတာ ဆုံးဖြတ်ချက်ချ....(မှန်ပါဘုရား)။

အခုတော့ ဘုန်းကြီးများကကိုင်းတကာ တကာမတို့ ဒီဥစ္စာ သဿတဒိဋ္ဌိရှိနေလို့ရှိယင် ဘဝထဲမှာဘဲ၊ ဘဝဆိုတာ ဘယ်ဘဝ ရရ ခင်ဗျားတို့ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခဒေါမနဿတို့၏လောင်စာနဲ့ ထင်းချည်းပါဘဲ....(မှန်ပါ) ဘယ်ဘဝမဆို လောင်စာထင်းချည်းဘဲ....(မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘယ်ဘဝမဆို....(လောင်စာထင်းချည်းပါဘုရား)။

အဲဒါ သေသေချာချာ သိထားတော့မှ ဩော်....ဘဝပျော်မွေ့တယ်ဆိုတာ ဒုက္ခသစ္စာထဲ ပျော်မွေ့တာပါလား(မှန်ပါ)။

ဘယ်သစ္စာထဲ ပျော်မွေ့သတုံး....(ဒုက္ခသစ္စာထဲ ပျော်မွေ့ပါတယ်)။

ဒုက္ခသစ္စာထဲ ပျော်မွေ့တာဘဲဆိုတဲ့ဥစ္စာ မောင်သစ် သေချာပြီကွ....(သေချာပါပြီဘုရား)။

ကိုင်း ဒါဖြင့် သဿတဒိဋ္ဌိ အကြောင်းတော့ အခု နာရီဝက်သာသာပြောပြီးလို့ ဩော်....ကိုယ့်အကြောင်းကို ကိုယ်အကဲခတ်နိုင်ကြပါပြီ....(မှန်ပါ) မခတ်နိုင်သေးဘူးလား.... (ခတ်နိုင်ပါပြီ)။

အဲ....ဘယ်အချိန် အကဲခတ်ရမှာတုံး ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ အလုပ်အတန်းပေးတဲ့အချိန်မှာ သူ့သတ္တိပါတာဘဲတယ် (မှန်ပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အလှူအတန်းပေးတဲ့ အချိန်မှာ....(သူ့သတ္တိပါတတ်ပါတယ် ဘုရား)။

အဲဒီ့အချိန် အကဲခတ်ပါ၊ အခုအချိန် တရားနာတုံးကို သိပ်မရသေးဘူး....(မှန်ပါ့ဘုရား)။

ဆွမ်းတော်တင်တော့မယ်၊ ကျောင်းကန်ဘုရားလှူတော့မယ်၊ လှူတော့မယ် တန်းတော့မယ် ဆိုတော့မှ စိတ်မချလုံးကလေး ပါပါလာလို့ရှိယင် သူက ဆွဲပြီးအောက်မေ့ပေတော့(မှန်ပါ့)။

ဒုက္ခဝဋ်မှကျွတ်ရပါလို၏ ဆိုပြီးတော့ ဒုက္ခဝဋ်မှ မကျွတ်ခင် စပ်ကြား တလုံးပါလာလို့ရှိယင် သူသာမွတ်ပေတော့.... (မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ)။

နိဗ္ဗာန်မရမီစပ်ကြား ဆိုတာတွေဟာ မောင်သစ် ဘယ်သူ ထင်သတုံး....(သဿတဒိဋ္ဌိပါဘုရား)။

ဒါ မင်းတို့ အခု ဒိဋ္ဌိနှစ်ပါးကို ကောင်းကောင်း မသိတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့လို့ ရှိယင်ဖြင့်တဲ့....ဒီဥစ္စာပါလာတာဘဲ....(မှန်ပါ့) မပါလာဘူးလား....(ပါလာပါတယ်)။

ကိုင်း ဒါဖြင့် ကိုယ့်ဟာ ကိုယ်အကဲခတ်တတ်ပလားလို့.... မေးလိုက်တယ်....(ခတ်တတ်ပါပြီ) ခတ်တတ်ပြီနော်....( မှန်ပါ့ ဘုရား )။

ဘယ်အချိန်တုံး မေးတဲ့အခါကျတော့ ဘာတံမြက်စည်း ကလေးလှဲလှဲ-ရေအိုးစင်တည်တည်-ကျောင်းကန် ဘုရားဘဲလုပ် လုပ် တပို့တဲ့ နှမ်းမနဲ့ဘဲထိုးထိုး သူရှိယင်သူလာတာဘဲ....(မှန်ပါ့ ဘုရား)။

သူရှိယင်....(သူလာပါတယ်ဘုရား)အေး....သူမရှိယင် မလာပေဘူး....(မှန်ပါ့)။

သူရှိလို့ရှိယင်တော့....(လာပါတယ်) လာမှာဘဲဆိုတဲ့ဥစ္စာ ခင်ဗျားတို့နက်ဖြန်မိုးလင်းယင် သိပါပြီ၊ ငါ.... ဘာဒိဋ္ဌိတုံးဟေ့....ဆိုတာ ဒီအတိုင်းရှာပေတော့.... (မှန်ပါ့)။

လာမယ်....လာမယ်.... သူ့သတ္တိကို အကုန်ပြမယ် (မှန်ပါ့) မပြပေဘူးလား.... (ပြပါတယ်ဘုရား)။

ကဲ... ဒါဖြင့် သဿတဒိဋ္ဌိ စိတ်နေစိတ်ထား သဘောသွား သဿတဒိဋ္ဌိရှိသောပုဂ္ဂိုလ်၏ စိတ်နေ စိတ်ထား သဘောသွားကို အခုနာရီဝက်သာသာ ပြောပြီးပြီ.... (မှန်ပါ့) ဥစ္ဆေဒဒိဋ္ဌိ ပြောပြဦးမယ်.... (မှန်ပါ့)။

ဥစ္ဆေဒဒိဋ္ဌိကဲ သူက ဘဝပြတ်တာကိုကြိုက်တယ်.... (မှန်ပါ့) ကြိုက်ပြီးတော့ သူကလွန်သွားတတ်တယ်၊ ဘယ်လိုလွန်သွားသတုံးမေးတဲ့အခါကျတော့ ဘာမှ မဖြစ်ယင် ကောင်းတယ်.... (မှန်ပါ့) သူက ဘာမှမဖြစ်ယင် ကောင်းတယ်ဆိုတော့ နိဗ္ဗာန်တနေ့ဟောခဲ့တယ်၊ နိဗ္ဗာန်ဆိုတာဟေ့.... ဒုက္ခချုပ်ပြီး သုခရှိတာကို နိဗ္ဗာန်ခေါ်တယ်....(မှန်ပါ့ဘုရား) ဘုန်းကြီးတို့ကဟောတယ်၊ ဘုရားကဟောတဲ့အတိုင်း.... (မှန်ပါ့)။

ဒုက္ခချုပ်ပြီး သုခပေါ်လာတာ....(နိဗ္ဗာန်ပါဘုရား) ဒုက္ခကတော့ချုပ်သွားတယ်.... (မှန်ပါ့) သုခသစ္စာကတော့ ပေါ်လာပါတယ်ဘုရား)။

အတ္တိဘိက္ခဝေ....ကိုး၊ ဘိက္ခဝေ= ရဟန်းတို့၊နိဗ္ဗာနံ= နိဗ္ဗာန် သည်၊ အတ္တိ=ရှိ၏။ သူကိုယ်တိုင် တခါတည်း ဟောထားတယ် ဥဒါန်းပါဠိတော်များမှာ.... (မှန်ပါ)။

ရှိပါတယ်၊ ဟောတဲ့ဥစ္စာ သူကပြတ်ယင် ကြိုက်တယ်၊ ဒီ.... မပြတ်လို့ခက်နေတာ.... (မှန်ပါ) ဒီတော့ သူကတော့လဲ လွန် သွားပြီကွာတဲ့၊ သဘောကျပလား.... (ကျပါပြီ)။

ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်က.... (လွန်သွားပါပြီဘုရား) ဘာမှ မဖြစ်ယင် ကျုပ်ကြိုက်တာဘဲ.... (မှန်ပါ)။

ဘာမှမဖြစ်ယင် ကျုပ်ကြိုက်တာဘဲဆိုတော့ တကာတကာမ တွေ သူကတော့ အကြံလွန်သွားပြန်ပြီ.... (မှန်ပါ) ဒီထဲမှာရှိ တဲ့ ဓါးခုတ် လှံထိုး- မင်းစိုးရာဇာတို့၏ ဩဇာတိက္ကမတွေကို အမျိုးမျိုးညှဉ်းဆဲတယ်၊ ခံနေရတယ်.... (မှန်ပါ) ဒီရုပ်နာမ်ရှိ နေလို့၊ ရုပ်နာမ်မရှိယင်ပြီးတာဘဲ၊ ဘယ်လိုနေရနေရ.... သူက ဒီဘက်လှည့်သွားတယ်.... (မှန်ပါ)။

သူက ဘာဖြစ်သွားသတုံး.... (ဥစ္ဆေဒဒိဋ္ဌိဖြစ်သွားပါတယ် ဘုရား) ဒီလိုမလုပ်နဲ့၊ သူက နိဗ္ဗာန်ကို ကျော်လွန်သွားတယ်.... (ကျော်လွန်သွားပါတယ်) သဘောကျပလား.... (ကျပါပြီ)။

လွန်ထွက်သွားတယ်တဲ့၊ သူကြံတာနဲ့သူ.... (မှန်ပါ)အင်း.... ရုပ်နာမ်ရှိနေတဲ့အတွက် သူများက မျက်စောင်းထိုး အမျိုးမျိုး အဖုံဖုံ ကဲ့ရဲ့သင်္ဂြိုဟ် စကားတင်းဆိုတာခံရ၊ ရုပ်နာမ် မရှိလို့ရှိ ယင်ဖြင့် ဘာမှမရှိဘူး၊ ဘယ်သူ ဘာပြောစရာရှိသေးသတုံး၊ ဒီတော့ မရှိတာကျုပ်ကြိုက်တယ်ဆိုတော့ သူကရုပ်နာမ် မရှိတာ

သာကြိုက်တာ၊ နိဗ္ဗာန်မကြိုက်ပြန်ဘူး၊ ဘာဖြစ်သွားပြန်သတုံး- (လွန်သွားပါတယ်ဘုရား)။

လွန်သွားပြန်တယ်၊ ဒါမရှိယင် ဟိုဟာရှိရမှာကိုး....(မှန်ပါ့) အဲဒီကို သူကမသွားဘူးစိတ်က....(မှန်ပါ့)သွားရဲ့လား(မသွားပါဘုရား) မသွားတော့ သူကလဲ အကြံ လွန်သွားပြန်တယ်.... (မှန်ပါ့)။

အဲဒီပုဂ္ဂိုလ်ဟာလဲတဲ့ တကာတကာမတို့ ဒိဋ္ဌိတမျိုးဘဲ၊ဥစ္ဆေဒ ဒိဋ္ဌိ.... (မှန်ပါ့) သူ ဝမ်းထဲ ရှိနေလျက်နဲ့ တရားအားထုတ်ယင် သူကာဝင်တားတာဘဲ၊ မရနိုင်ဘူးတဲ့.... (မှန်ပါ့)သဘောပါကြ ပလား.... (ပါပါပြီ)။

သူ့ဝမ်းထဲရှိနေလျက်နဲ့ အဖြစ်အပျက် အလုပ်တွေ ဆရာ ဘုန်းကြီးက ဘယ်လိုဘဲ အာပေါက်အောင်ပေး၊ခင်ဗျားတို့ကလဲ ကြိုးစား၊ ဥစ္ဆေဒဒိဋ္ဌိရှိနေတဲ့အတွက် မရနိုင်ဘူးကွတဲ့....(မှန်ပါ့) လွန်သွားပြီ.... (မှန်ပါ့) သဘောပါကြပလား.... (ပါပါပြီ)။

အင်း-ဒီ ဒိဋ္ဌိနှစ်ခုကြားသွား၊ဘိုတယ်မလွယ်ဘူးနော်(မှန်ပါ့) တယ်မလွယ်ပါဘုရား.... အတော်ခဲယဉ်းတယ်.... (မှန်ပါ့)။

သူကလဲ နိဗ္ဗာန်ကို သဘောကျတာလား၊ သူကတော့ ဘာ တုံးလို့မေးယင် ရုပ်နာမ်ရှိလို့ ဓါးခုတ်လှံထိုး ခံရတယ်၊သူများ ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုခြင်း ခံကြရတယ်၊ မင်းစိုးရာဇာတို့ ဝိုင်းပြီးသကာလ မွေကြနှောက်ကြ နှိပ်စက်ကြတယ်၊ အဲဒီတော့ ရုပ်နာမ်အပြစ်ဘဲတဲ့၊တည့်သလိုလိုနဲ့ သူကစောင်းထွက်သွားတယ် (မှန်ပါ့)။

အဲဒီတော့ သူမရှိတာသာ ကျုပ်ကြိုက်တာဘဲ.... (မှန်ပါ့) သူကတော့ ရုပ်နာမ်မရှိတာသာကြိုက်နေတော့ သူကလဲမရှိ တာ လုံးသာပိုင်တာ၊ မှန်သလိုလို့ သူကမှားတယ်....(မှန်ပါ့)။

ဘာဒိဋ္ဌိတုံး.... (ဥစ္ဆေဒဒိဋ္ဌိပါဘုရား) သူကတော့ အပြတ် ကြိုက်တယ်၊ဘယ်လို အပြတ်ကြိုက်နေသတုံး-လို့မေးလို့ရှိယင် ဘဝကို သူက စက်ဆုတ်နေတာကိုး....(မှန်ပါ့)။

"ဘဝေနေဝ အဋ္ဋိယမာနာ ဟရာယမာနာ ဇိဂုစ္ဆမာနာ"- ဘဝကို သူကစက်ဆုတ်တယ်၊"တေသံ ဘဝ နိရောဓေ ပက္ခန္ဒတိ။ ဘဝနိရောဓာယ ဒိဋ္ဌိစိတ္တံ ပက္ခန္ဒတိ" ကြိုက်တယ်တဲ့၊ ကျုပ်တို့ က ဒီလိုပြတ်သွားတာ ကြိုက်တာဘဲ ဆိုပြီးသကာလ သူကလဲအာ ပြတ်ကြိုက်ကြိုက်ဖြစ်နေတော့လဲ နိဗ္ဗာန်ကလဲ ရုပ်နာမ်မရှိလို့ရှိ ယင်ဖြင့် နိဗ္ဗာန်ရှိတော့မယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ရုပ်နာမ်မရှိယင်.... (နိဗ္ဗာန်ရှိပါတယ်) နိဗ္ဗာန်ပေါ်လာရမယ် (မှန်ပါ့)။

ရုပ်နာမ် ဖုံးကွယ်နေလို့ နိဗ္ဗာန်မမြင်ရဘူး (မှန်ပါ့)ရုပ်နာမ် ဖုံးကွယ်နေလို့)နိဗ္ဗာန်မမြင်ရပါဘုရား)။

နေ့လည်ကပြလိုက်တယ် ဒီဥစ္စာကို ကြားလိုက်ကြတယ်မဟုတ် လား....(မှန်ပါ့) ၂-နံပါတ်ဖုံးနေတဲ့အတွက် ၂-နံပါတ်ထဲရှိတဲ့ နိဗ္ဗာန်ကိုမမြင်ဘူး .... (မှန်ပါ့) နေ့လည်က ဟောလိုက်တယ် ပဋိစ္စသမုပ္ပါဒ်မှာနော်....(မှန်ပါဘုရား)။

၂-နံပါတ် ဒုက္ခသစ္စာကြီးကို မကျော် လွှား နိုင် တာနဲ့ ၂-နံပါတ်အထဲမှာပါတဲ့ နိဗ္ဗာန်ကို ခင်ဗျားတို့ မရောက်ကြဘူး.... (မှန်ပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

၂-နံပါတ် ဒုက္ခသစ္စာကြီးကိုမကျော်လွှားနိုင်တာနဲ့ ၂-နံပါတ်ထဲမှာဘဲရှိတဲ့ နိဗ္ဗာန်ကိုမရဘူး၊ ပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီးသွားကြည့်ပါ(မှန်ပါ)။

၂-နံပါတ်ဘယ်မှာတုံး ဒုက္ခသစ္စာထဲပါတယ် .... ( မှန်ပါ ) ၂-နံပါတ်မှာဘဲ နိရောဓသစ္စာ.... (ပါပါတယ်) ပါတယ် ပဋိစ္စသမုပ္ပါဒ်အဝိုင်းကြီးမှာ....(မှန်ပါ)။

"ဝေဒနာ နိရောဓာ တဏှာနိရောဓော" နိဗ္ဗာန် ဟုတ်လား (မှန်ပါ)တနည်းအားဖြင့်လဲ ခန္ဓာနိရောဓော နိဗ္ဗာနံ ပေါ့လေ၊ ပေါင်းဆိုလိုက်ယင်....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါ နိဗ္ဗာန်ဟာ ရှိတယ်လို့ ဥစ္ဆေဒဒိဋ္ဌိသမားက မယူဘဲနဲ့ ခန္ဓာကိုသာ စက်ဆုပ်ပြီး သကာလ ခန္ဓာမရှိတာ တခုတည်း ကြိုက်နေပြန်တော့လဲ လွန်သွားပြန်တယ်....(မှန်ပါ)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ခန္ဓာမရှိတာ တခုတည်း ကြိုက်နေပြန်တော့....(လွန်သွားပါတယ်ဘုရား) လွန်သွားတယ်။

အဲဒီပုဂ္ဂိုလ်ကလဲတဲ့ ဘာဒိဋ္ဌိရှိသတုံး....(ဥစ္ဆေဒဒိဋ္ဌိရှိပါတယ်) အဲ... ဥစ္ဆေဒဒိဋ္ဌိကတော့လဲ လွန်သွားသောကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ နိဗ္ဗာန်မရနိုင်ပြန်ဘူး....(မှန်ပါ)။

အလည်လမ်းကို မရောက်ဘူး(မှန်ပါ့)ခင်ဗျားတို့ တသံသရာ လုံးလာတာ အလည်လမ်းကို မရောက်ဘူး....(မှန်ပါ့)။

တခါတလေ ဒေါသဖြစ်တဲ့ အခါကျတော့ ဒီရုပ်နာမ်ကြီး ရှိလို့ ခက်တယ်ကွာ၊ ရုပ်နာမ်မရှိယင် ကောင်းတာဘဲ ဆိုပြန် တော့လဲ ဥစ္ဆေဒဒိဋ္ဌိဘက် ပြေးသွားတယ်....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ရုပ်နာမ်အပြတ် ဟောလိုက်ပြန်တော့လဲ ခုနင်က ပြောသလို တကာ တကာမတွေက ရုပ်နာမ်ထဲသွားပြီး ဘုံဘဝထဲသွားပြီး ပုန်းအောင်းနေတယ်.... (မှန်ပါ့) အလည်လမ်းကို မတက်ဘူး.... (မှန်ပါဘုရား)။

နိဗ္ဗာန်ကလဲ မောင်သစ် အလည်လမ်းက သွားရမှာ....(မှန် ပါဘုရား) နိဗ္ဗာန် ဘယ်လမ်းက သွားရမယ်....(အလည်လမ်းက သွားရမှာပါဘုရား)။

အလည်လမ်းကသွားရမည့်ဥစ္စာကိုဦးသံဒိုင်....အလည်လမ်းကို မတက်မိဘူး....(မှန်ပါ့) ဘေးတက်လိုက်၊ ဒီဘက်ဘေးတက်လိုက် ဟိုဘက်ဘေးတက်လိုက်၊ အလည်လမ်းကို မရောက်ဘူး....(မှန်ပါ ဘုရား)။

တခါတလေကျပြန်တော့ သားနဲ့ သမီးနဲ့ပျော်နေတဲ့ အခါ ကျတော့ ဒီလိုမျှားနေရတယ်ဆိုယင် အသက်ရှည်ချင် ပါသေး ရဲ့....(မှန်ပါ့)ဒီကျတော့ သဿတဒိဋ္ဌိကစောင်းတယ်....(မှန်ပါ့) ဟာနင်တို့နဲ့ နေရတာသေဘဲသေချင်ပါတယ်ဆိုတော့ ဥစ္ဆေဒဒိဋ္ဌိ ဘက် စောင်းတယ်၊ ဒီနှစ်လမ်းဘဲ ပြောနေကြတယ်၊ အလည်

လမ်းကို စကားပြောသံ ကြားဘူးရဲ့လား .... (မကြားဘူးပါ ဘုရား)။

ဟာ ဒါကြောင့်လဲ ဂင်္ဂါဝါဠုသဲစုမက ဘုရားတွေပွင့်သွားတာ ကျုပ်တို့မပါတဲ့ သတ္တဝါဟာဒါဘဲ...(မှန်ပါ) တခါတလေ ဥစ္စာဒဘက် စောင်းပြေးလိုက်၊ တခါတလေကျတော့ သဿတဘက် စောင်းပြေးလိုက်....(မှန်ပါ)။

တခါတလေ သားနဲ့ သမီးနဲ့ စီးပွားရေးနဲ့များ အကြောင်းညီညွတ်လို့ အဆင်ကလေးများ ပြေနေတဲ့ အခါကျတော့ မသေချင်ဘူး၊ လာဘာဘဲ....(မှန်ပါ) မလာဘူးလား.... (လာပါတယ်)။

သူများ မပြောရှိရမယ်၊ ကိုယ့်ဝမ်းထဲက....(သဘောကျပါတယ်) ကိုယ့်ဝမ်းထဲမတော့ ဒီဥစ္စာသဘောကျတယ်....(မှန်ပါ) ဒါက ဘယ်သူကသဘောကျနေတာလဲ.... (သဿတကသဘောကျနေတာပါဘုရား)။

အဲဒီကျတော့ သားကလဲ ထော်လော်ကန့်လန့်၊ သမီးကလဲ ထော်လော်ကန့်လန့်၊ မဟုတ်ဘူးလား....( မှန်ပါ ) ကိုယ်ကလဲ ခန္ဓာကမမာ၊ လာပြီ-ကဲ သေယင်လဲအေးတယ်....(မှန်ပါ) မလာဘူးလား....(လာပါတယ်)ဒါက ဘာဒိဋ္ဌိလဲ .... (ဥစ္ဆေဒဒိဋ္ဌိပါ) ဒီဘက်ချည့်သွားပါလား....(မှန်ပါဘုရား)။

တကာ တကာမတွေ ဘယ်ဘက်ချည့် လှည့်နေသတုံး.... (ဥစ္ဆေဒဘက်ချည့်လှည့်နေပါတယ်) စိတ်ပျက်တော့ ဥစ္ဆေဒ.... (မှန်ပါ)စိတ်ပျော်တော့....(သဿတပါဘုရား)။

ကဲ-ဒါကြောင့် တမြန်နေ့ကဘဲ ပြောလိုက်ရသေးတယ်၊ ဦးသံဒိုင်တို့ ဒီကကြားမှာပေါ့မကြားဘူးလား (ကြားပါတယ်ဘုရား) ပြုံးလမ်း-မဲ့လမ်းဟော့....(မှန်ပါ) ဒါဟောနေတာ အခုဟာ (မှန်ပါဘုရား)။

ပြုံးလမ်း-မဲ့လမ်းဟော့ဆိုတာ ရှင်းပလား .... (ရှင်းပါပြီ) ခင်ဗျားတို့ သားနဲ့ သမီးနဲ့ ပစ္စည်းနဲ့ အဆင်ပြေနေတော့ အင်း ဒီအချိန်ဖြင့် မရဏမင်းခေါ်လို့သာ လိုက်ရမယ်၊ ကျုပ်တော့ မသေချင်သေးပါဘူးတဲ့....(မှန်ပါ) ဘာတုံးသူက .... (သဿတ ဒိဋ္ဌိပါ) ထော်လော်ကန့်လန့်တွေနဲ့ တွေ့ပြီဆိုမှဖြင့် .... (ဥစ္ဆေဒ ဒိဋ္ဌိပါဘုရား)။

ထော်လော်ကန့်လန့်နဲ့ တွေ့ပြန်တော့ ဥစ္ဆေဒဒိဋ္ဌိဘက် ပြေး ပြန်တာဘဲ .... (မှန်ပါဘုရား) အံမာလေး-ကြောက်စရာကြီးပါလား....(မှန်ပါ)။

ခင်ဗျားတို့က အလည်လမ်းကို မတက်ဘူးပါဘူး.... (မှန်ပါ) ဘယ့်နှယ်နေကြသလဲ....(အလည်လမ်းကိုမတက်ဘူးပါဘုရား)။

အလည်လမ်းကို တခါမှ မတက်ဘူးဘူးတဲ့၊ တခါတလေ သဿတဘက်ပြေးလိုက်၊ တခါတလေ ဥစ္ဆေဒဘက်ပြေးလိုက်၊ အလည်လမ်းရှိမှန်းလဲ မသိဘူး....(မှန်ပါ) စိတ်ပျက်တာနဲ့ စိတ်ပျော်တာသာရှိတာကိုး.... (မှန်ပါ) အလည်လမ်းကို မပါဘူး.... (မပါ–ပါဘုရား)။

မပျော်မပျင်းတဲ့ လမ်းကို တခါမှ မသွားဘူး....( မသွားဘူးပါဘုရား )ဘယ်လော့က် အရုပ်ဆိုး အကျည်းတန်တဲ့ နေမှုနဲ့

နေခဲ့ရတယ်ဆိုတဲ့ ဥစ္စာ မပေါ်ကြသေးဘူးလား....( ပေါ်ပါပြီ ဘုရား )။

အဆင်ပြေယင် သဿတ....( မှန်ပါ့ )အဆင်မပြေယင်....(ဥစ္ဆေဒပါ) ဥစ္ဆေဒ၊ အဲဒါ ဘဝတိုင်း ဒါချည်း လာတာဘဲ....(မှန်ပါ့)။

အဲဒီတော့ နိဗ္ဗာန်ကလဲ သွားချင်လို့ရှိယင် အလည်လမ်းက မှ သွားလို့ရတယ်....(မှန်ပါ့) သဿတလမ်းက သွားလဲ....(မရပါဘုရား) ဥစ္ဆေဒလမ်းက သွားလဲ....(မရပါဘုရား)။

ကဲ....ဦးသိဒ္ဓိုင် ဘယ်က သွားမတုံး....(အလယ်လမ်းက သွားရပါမယ်)။

အလယ်လမ်းလဲ ခင်ဗျားက မတက်မိဘူး....(မှန်ပါ့) ခက်လိုက်တာ၊ အကြောင်း မညီညွတ်ယင်လဲ....ကွာ သေတာ အေးသေးတယ်၊ အင်း....ဥစ္ဆေဒဘက်၊ သေတာ ဘယ်အေးရမလဲ....(မှန်ပါ့) အေးရဲ့လား....(မအေးပါ)။

မအေးပါဘူးတဲ့၊ သေတာက ဒုက္ခသစ္စာဘဲ၊ နောက်ပဋိသန္ဓေ နေပြန်တော့ကော....(ဒုက္ခသစ္စာပါ)။

ဘယ်အေးရမလဲ၊ သေတာ အေးတယ်လို့ သူ ပြောခဲ့တယ်-(မှန်ပါ့)သူက လွန်သွားတယ် အဲဒါကျတော့....(မှန်ပါ့)မလွန်ဘူးလား....(လွန်ပါတယ်)။

ဥစ္ဆေဒက လွန်လွန်ထွက်သွားတယ်(မှန်ပါ့)သဿတကတော့လဲ ဘဝ ပျော်မွေ့လိုက်တာ သူ့ဟာ လွန်နေတာဘဲ-(မှန်ပါ့)။

ကိုင်း ဒါဖြင့် သဿတလမ်းကလဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဲ မရောက်နိုင်ဘူးကွ၊ သဿတလမ်းက ကာမသုခလ္လိကာနုယောဂလမ်း....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဉစ္ဆေဒလမ်းက အတ္တကိလမထ ခန္ဓာကိုယ်ကြီး ဆင်းရဲတဲ့အချိန်မှ သူက ပေါ်ပေါ်လာတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘယ်လမ်း လိုက်ကြမယ်....(အလယ်လမ်း လိုက်ပါမယ်ဘုရား)။

အို....ခင်ဗျားတို့ အပြောဘဲ အလယ်လမ်းဖြစ်နေတယ်။

ကဲ....ယနေ့ ဒီတွင် တော်ပါဦးစို့။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အမရပူရမြို့ မင်္ဂလာတိုက်

မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

## သဿတရှိသူ ဥစ္ဆေဒရှိသူသဘောအလေ့အကျင့်

# ည အလုပ်ပေး တရားတော်

( ၉-၁၂-၆၁ )

— ၀ —

သဿတဒိဋ္ဌိဆိုတာ ဝိပ္ပလ္လာသလို့ မှတ်ရမယ်၊ ဝိပ္ပလ္လာသချည်းဘဲ ဒီဥစ္စာတွေ...(မှန်ပါ)။

သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ် ဘဝထဲ ပျော်မွေ့တယ်လို့ မှတ်ထားရမယ်၊ နိဗ္ဗာန်ဝေးတယ်....(မှန်ပါ)။

ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ကလဲ ဘဝပြတ်တာကို သဘောကျပြီး နိဗ္ဗာန်သဘောမကျဘူးလို့ သူ့ကို မှတ်ထားရမယ်....(မှန်ပါ)။

သဿတဒိဋ္ဌိကတော့ကို နိဗ္ဗာန်မလိုချင်ဘူး သူက၊ ဘဝထဲ ပျော်မွေ့တယ်လို့ မှတ်ထားရမယ်....(မှန်ပါ)။

ဘဝဆုတောင်းတဲ့ လူ မှန်လို့ရှိယင် ဘယ်လို အကဲခတ်ကြမယ်....(သဿတဒိဋ္ဌိရှိသူပါ) သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်(မှန်ပါ)။

ဘဝကို အရမ်း ပြတ်ပြီးသကာလ ဘာဖြစ်ဖြစ် မဖြစ်တာ ကြိုက်တဲ့လူ၊ သူက အရမ်းမဖြစ်တာ ကြိုက်တာက ဥစ္ဆေဒဒိဋ္ဌိ· (မှန်ပါ)အရမ်း-အရမ်းဘဲ....(မှန်ပါ)။

ကွာ...မေးတနေ့ သေတနေ့ ပြီးတာပါဘဲ၊ ဘာမှ မထူးပါဘူးဆိုတဲ့ လူကျတော့ ဥစ္စာဒိဋ္ဌိသမား....(မှန်ပါ့ဘုရား)။

အဲဒီ့ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ရှိနေလို့ ရှိယင်လဲတဲ့ "စက္ခုမဏ္ဍေ ၁ စ ပဿန္တ ဝ" ဆိုတဲ့ အတိုင်းတဲ့ မျက်စိအမြင်ရှိအောင် လုပ်ကြပါလို့ဆိုတာ တိုက်တွန်းတယ်....(မှန်ပါ့)။

မျက်စိအမြင်ဆိုတာ ဘာပါလိမ့်မလဲလို့ မေးတဲ့ အခါကျတော့ ခန္ဓာကိုယ်အရှိနဲ့ ဉာဏ်အသိ ကိုက်ရမယ်....(မှန်ပါ့)။

မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘာပါလိမ့်(ခန္ဓာကိုယ်အရှိနဲ့ ဉာဏ်အသိ ကိုက်ရပါမယ်ဘုရား)။

ခန္ဓာကိုယ်အရှိက ဘယ်အချိန် ကြည့်ကြည့် ဖြစ်ပျက် အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာ ဒါဘဲ ရှိတယ်....(မှန်ပါ့)။

အဲဒီ့ ခန္ဓာကိုယ် အရှိနဲ့ ဉာဏ်အသိ ကိုက်လို့ ရှိယင်ဖြင့် စက္ခုမဏ္ဍေ ၁ စ ပဿန္တ ဝ၊ စက္ခုရှိတဲ့ ပုဂ္ဂိုလ်မို့ မြင်တာ(မှန်ပါ့)။

ဒါ မမြင်သေးတဲ့ တကာ တကာမတွေ ဖြစ်ခဲ့လို့ရှိယင် ကြိုးစားပြီး အားထုတ်ကြပါဦး....(မှန်ပါ့)အကန်းမွေးပြီး အကန်းသေ ဖြစ်သွားလိမ့်မယ်ဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောပါတယ်(မှန်ပါ့) ဘာပြုလို့တုံး...စက္ခုမဏ္ဍေ ၁ စ ပဿန္တ ဝ လို့ သူ ဟောထားတာကိုး ဥဒါန်းပါဠိတော်မှာဘဲ (မှန်ပါ့)။

ကဲ...ဒါဖြင့် ရွာထဲမှာ သေသွားကြ ပူသွားကြ၊ ဗုဒ္ဓဘာသာရယ်လို့ နာမည်ခံပြီး သေသွားကြတဲ့ ပုဂ္ဂိုလ်တွေ ခန္ဓာကိုယ် အရှိကို ဉာဏ်အသိနဲ့ သွားမကိုက်ဘူး.... (မှန်ပါ့) ဖြစ်မှု

ပျက်မှုရှိတာကို ဖြစ်မှု ပျက်မှုကို ဦးသံဒိုင် တခါမှ တွေ့မသွားရ ရှာဘူး....(မှန်ပါ)။

အဲ....မွေးတနေ့ သေတနေ့တော့ သူ သိတာပေါ့လေ၊ အဲဒီ အသိကတော့ အလကားဘဲ....(မှန်ပါ)။

ခန္ဓာကိုယ်ထဲမှာ ခဏ ခဏ ဝေဒနာကလေးတွေ၏ ပျက်စီးပုံ စိတ်ကလေးတွေ၏ ပျက်စီးပုံ ရုပ်ကလေးတွေ၏ ပျက်စီးပုံ၊ ဒါကလေးကို တွေ့မသွားဘဲနဲ့ သေတဲ့ ပုဂ္ဂိုလ် မောင်သစ် များ လိမ့်မယ်ထင်တယ်....(များပါတယ်ဘုရား)။

အဲဒီ များတဲ့ ပုဂ္ဂိုလ်ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မှောင်ထဲခမွေး၍ မှောင်ထဲသေသွားသဟော့-တဲ့(မှန်ပါ)ဝိပ္ပလ္လာသ ဆိုတာ လုံးဝမတော်လှန်နိုင်ဘူးကွ.... (မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဝိပ္ပလ္လာသကို....(လုံးဝမတော်လှန်နိုင်ပါဘုရား)။

ဒါဖြင့် ဝိပ္ပလ္လာသကို မတော်လှန်နိုင်တော့ ရှူးလဲရှူးတယ် ကန်းလဲကန်းတယ်....(မှန်ပါဘုရား) အရှုးအကန်းတယောက်ဖြင့် သေခြင်းဆိုးသေသွားပြီလို့ မှတ်လိုက်....(မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (အရှူးအကန်းတယောက် သေပြီလို့ မှတ်သိုက်)အရှူးအကန်းတယောက် ထည့်ပါဦး....(မှန်ပါ)ရှင်းပ လား ...(ရှင်းပါပြီ)။

ဒါကို ဆိုရက်လေခြင်းလို့ နောက်က တကာ တကာမတွေ က ဒီလိုမယူပါနဲ့၊ဘုရားကပင်ကိုယ်ကန်းသို့ ကန်းတယ်ခပြောတသ

ဝိပ္ပလ္လာသ ရှိနေတော့ ပင်ကိုယ်ရှုးလို့ ရှုးတယ်ပြောတာ.... (မှန်ပါ့)။

ဖြစ်ပျက်ရှိရက်သားနဲ့ ဖြစ်ပျက်မသိတာ ကန်းလို့ (မှန်ပါ့) ဒါ သွားဘဲ ဒါ မယားဘဲလို့ တကကယ်ထင်ပြီး သကာလ တကယ် နေကြလို့ ရှိယင်လဲ ရှုးလို့.... ( မှန်ပါ့ဘုရား ) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဒီပုဂ္ဂိုလ်သည် ကန်းရုံတွင်မကဘူး၊ ရှုးသေးတယ်ကွ၊ သေသွားလေရဲ့၊ မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်)။

အဲဒီ ဆိုထိုက်လို့ ရှိယင် ဒီအထဲက ဘုန်းကြီးတို့ တကာ တကာ မတွေ့ဟာ လွတ်အောင်ရုန်းကြပါ၊ အကန်း အရှုးမသာ မဖြစ် ပါစေနဲ့....(မှန်ပါ့ဘုရား)။

အကန်း အရှုးမသာ.... (မဖြစ်ပါစေနဲ့)မဖြစ်ပါစေနဲ့ ဆိုတဲ့ ဥစ္စာကို ခင်ဗျားတို့ သာသနာတွင်း စကားပြောပေးတာလို့ မှတ်ပါ.... (မှန်ပါ့)။

ဘာစကားတုံး....(သာသနာတွင်း စကားပြောပေးတာပါ)။

နို့မဟုတ်လို့ ရှိယင်ဖြင့် ရှင်ဘုရင် နတ်ရွာစံတာ မဟုတ်ပါ ဘူး၊ ဘုန်းကြီးပျံတော်မူတာ မဟုတ်ပါဘူး.... (မှန်ပါ့) ရှင်းပ လား....(ရှင်းပါပြီ)။

ရှင်ဘုရင်လဲ နတ်ရွာမစံနိုင်ဘူး....(မှန်ပါ့)မစံနိုင်ဘူး၊အောက် ဘဲသွားတာဘဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဘုန်းကြီးလဲ ပျံတော်မူတာ မဟုတ်ဘူး၊ တိုးတော်မူတာဘဲ မှတ်

ရမယ်....(မှန်ပါ့) ဒါ အင်မတန်အရေးကြီးတဲ့ စကားလို့ မှတ်ပါ....(မှန်ပါ့)။

စက္ခုမန္တေ၁စ ပဿန္တိကိုး....၊ မျက်လုံးရှိတဲ့ ပုဂ္ဂိုလ်မှ မြင်နိုင်တယ်၊ "ဘူတံ ဘူတတော ဒိသွာ ဘူတဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ"။

ဘူတံ=ထင်ရှားရှိတဲ့ အနိစ္စ ဒုက္ခ အနတ္တကို၊ ဘူတတော= ထင်ရှားရှိသောအားဖြင့်၊ ပဿတော=မြင်သောပုဂ္ဂိုလ်အား....၊ စက္ခုမန္တေ၁စ=ဉာဏ်မျက်လုံးရှိတဲ့ ပုဂ္ဂိုလ်မှ မြင်နိုင်တယ်ကွ တဲ့.... (မှန်ပါ့)။

'ဧဝံ ခေါ ဘိက္ခဝေ စက္ခုမန္တေ၁စ ပဿန္တိ' ရဟန်းတို့အမြင်ရှိတဲ့ပုဂ္ဂိုလ်မှ ငါ ဘုရားက စက္ခုနှစ်ကွင်း အလင်းရပြီး ဟောသွားတယ်လို့ ဆိုလိုက်ပါတယ်....တဲ့.... (မှန်ပါ့) နို့မဟုတ်လို့ ရှိယင် ငါ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောမယ်တဲ့၊ မင်းတို့ဟာ ဇစ္စန္ဓသတ်မှာ ကြည့်ပါတဲ့။

ဇစ္စန္ဓဆိုတာ အကန်းပေါ့ဗျာ....(မှန်ပါ့) အကန်းတယောက်ကို ရှင်ဘုရင်တယောက်က ကဲ့မြို့ထဲကအကန်းတွေအကုန်စုခဲ့စမ်းကွ၊ စုလာတယ်၊စုလာပြီးသကာလ ဆင်တကောင်အနီးနားမှာ ရပ်ခိုင်းပြီးတော့အကန်းတယောက်ကိုကဲ....မင်းတို့အစမ်းခိုင်းတဲ့။

အစမ်းခိုင်းတော့ တယောက်သော အကန်းက ဆင်ခြေထောက်ကြီး စမ်းမိတယ်၊ တယောက်သော အကန်းက ဗိုက်ကို စမ်းမိတယ်၊ တယောက်သော ပုဂ္ဂိုလ်က အမြီးကိုစမ်းမိတယ်။

ဒီတော့ ပြောကြစမ်းပဲ....၊ မင်းတို့ဆင်ဆိုတာ ဘယ့်နှယ် နေသတုံးတဲ့၊ အင်း... ဆင်ခြေထောက်စမ်းမိတဲ့ ပုဂ္ဂိုလ်က ဆင်ဆိုတာ တိုင်ကြီးနဲ့တူတယ်လို့ပြောတယ်....(မှန်ပါ) ဆင်ဆိုတာ တိုင်ဘဲယူထားတယ်....(မှန်ပါဘုရား)။

ဘာဖြစ်လို့ ဒီလိုယူပါလိမ့်မတုံးဆိုတော့ ဒီပြင်ဟာတွေရှိတာတွေအကုန်မမြင်လို့....(မှန်ပါဘုရား)။

တယောက်သောအကန်း မေးလိုက်တဲ့အခါကျတော့ ဗိုက်စမ်းမိတဲ့ အကန်း မေးလိုက်တဲ့အခါ ဆင်ဆိုဘာ-ဆင်ဆိုတာ စဉ့်အိုးကြီးနဲ့ တူတယ်တဲ့၊ ဒီလိုထွက်လာတယ်....(မှန်ပါ)။

တယောက်သောအကန်းကလဲ အမြီးစမ်းမိတော့ ဆင်ဆိုတာ တံမြက်စီးနဲ့တူတယ်တဲ့၊ ဒီလိုချည့်ထွက်လာတယ်....(မှန်ပါ)။

ဒါနဲ့ သူတို့ဆင်ကို ရှိသလောက်သိသေးရဲ့လား.... (မသိပါဘုရား)။

ဒီလိုနဲ့ သေသွားတယ်တဲ့၊ ထို့အတူဘဲကွ-တဲ့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါ ဇေတဝန်သုတ် ဟောသလိုဘဲ မင်းတို့ပုထုဇဉ်တွေလဲ ဆရာကောင်း သမားကောင်းဆီက နည်းလဲမရ ကိုယ်တိုင်လဲ မကြိုးစားကြပြီဆိုမှဖြင့် လူဆိုတာသာ သိသွားမှာဘဲတဲ့။

လူဆိုတာ နားရွက်တိုသကွ၊ ဒီ့ပြင်သတ္တဝါနဲ့ မတူဘူး၊ ဒါလောက်နဲ့ သေသွားကြမှာဘဲတဲ့.... (မှန်ပါ) လက်နှစ်ချောင်းရှိတယ်ကွ၊ ခြေထောက်နှစ်ချောင်းရှိတယ်ကွ၊ ဒါလောက်နဲ့ သေသွားကြမှာဘဲတဲ့။

ခုနင်က လူ့ခန္ဓာထဲမှာရှိတဲ့ အစိတ်တွေ အသေးစိတ်တွေ အကုန်မြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

ဒါဖြင့် ယောကျ်ားအဖြစ် မိန်းမအဖြစ်နဲ့ အမှတ်ထားပြီး သေသွားတယ်....(မှန်ပါ့)။

ဒါဖြင့် ဝိပ္ပလ္လာသ မကင်းဘဲနဲ့သေသွားတော့ သညာဝိပ္ပလ္လာသက စိတ္တဝိပ္ပလ္လာသဖြစ်လိုက်ပြီး ဒိဋ္ဌိဝိပ္ပလ္လာသနဲ့ သေသွားလေရဲ့....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် အကန်းရှူးသေပေါ့ဗျာ....(မှန်ပါ့)ဝိပ္ပလ္လာသ မတော်လှန်နိုင်လို့ရှိယင်ဖြင့် ရှူးတယ်....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ) အနိစ္စအချက်တွေ မမြင်လို့ရှိယင် ကန်းတယ်....(မှန်ပါ့)။

ဒီပုဂ္ဂိုလ် ရှူးကန်းပြီး သေသွားလေရဲ့....လို့ ခင်ဗျားတို့ မသာဘိတ်တောင်မှ ဒီလိုဘိတ်ရမလို့ ကျနေပြီ...(မှန်ပါ့ဘုရား) အရှူးအကန်းတယောက်အနိစ္စရောက်လို့ကြွကြပါဆိုတဲ့အမိပ္ပါယ် မျိုးလောက်ဘိတ်ရမယ်၊ ဘုရားဉာဏ်တော်နဲ့ကြည့်ယင် (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဘယ်လိုသေသွားပါလိမ့်....(အရှူး အကန်းတယောက် အဖြစ်နဲ့ပါ) အဲဒါကြောင့် ခင်ဗျားတို့ မြင်အောင်လုပ်ပါဆိုတာကို လေးစားစွာနဲ့ တိုက်တွန်းလိုက်တယ်.... (မှန်ပါ့ဘုရား)။

ဒီလိုမှ တိုက်တွန်းတာကို ခင်ဗျားတို့က ခန္ဓာရှိလျက်နဲ့ အနိစ္စခန္ဓာကြီး ရှိလျက်နဲ့ အနိစ္စခန္ဓာကြီးမသိ၊ မသိဘဲနဲ့သေသွားလို့ရှိယင်ဖြင့် ဝိပ္ပလ္လာသ မတော်လှန်နိုင်ဘဲနဲ့ မျက်စိနှစ်ကွင်း အလင်းမရဘဲနဲ့ သေသွားလို့ရှိယင်ဖြင့် ဟိုမှာလဲ အမှောင်ထဲဘဲ

ရောက်မှာဘဲ....(မှန်ပါ့) ဟိုကျတော့လဲ မှောင်ထဲဘဲသေမှာဘဲ (မှန်ပါ့)။

ဒီကနေပြီး အလင်းရပြီး သေသွားကြမယ် ဆိုလို့ရှိယင် တကောတကောမတို့ဝိပ္ပလ္လာသလဲနှလုံးသွင်းလိုက်တဲ့အခါ ဝိပ္ပလ္လာသ ပျောက်ရှိတာကိုလဲ သိပြီးသေလို့ရှိယင်ဖြင့် ဒုတိယ ဘဝနိဗ္ဗာန် ရမယ်.... (မှန်ပါ့) ဒီဘဝ ဒွိဟိတ်အဟိတ် ဖြစ်နေတောင်ဘာမှ မပူပါနဲ့၊ ဒုတိယဘဝမှာ ကိစ္စပြီးပါလိမ့်မယ်လို့ ဘုရားကဟော တယ်.... (မှန်ပါ့ဘုရား) သဘောပါပလား.... (ပါပါပြီ)။

နို့မဟုတ်လို့ရှိယင်ဖြင့် ဒုတိယဘဝကို ဘုရားသခင်ကိုယ် တော်မြတ်ကြီးက မဟောနိုင်တဲ့အပြင်မှာ နောက်ဘဝလဲအမှောင် ထဲမွေး အမှောင်ထဲသေဦးမှာဘဲ.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) နောက်ဘဝလဲဘာဖြစ်ကြသလဲ.... (အမှောင် ထဲမွေး အမှောင်ထဲသေဦးမှာပါဘုရား) အမှောင်ထဲမှာ သေရ တယ်၊ အမှောင်ထဲမှာ နေရတယ်၊ အရှုက ထသေးတယ်.... (မှန်ပါ့ဘုရား)။

အမှောင်ထဲမှာနေတယ်၊ အရှုက ထသေးတယ် ဆိုတာကော သဘောပါပလား.... (ပါပါပြီ) အဲဒါ ဘာမစွန့်နိုင်လို့ဆိုတာ ဖြင့် ခင်ဗျားတို့ ယနေ့သိပါပြီ၊ ဝိပ္ပလ္လာသ မကျော်သွားနိုင်ဘူး (မှန်ပါ့) စက္ခုကလဲ အလင်းမရဘူး.... (မှန်ပါ့) ဝိပ္ပလ္လာသလဲ (မကျော်နိုင်ပါဘုရား) စက္ခုကလဲ (အလင်းမရပါဘုရား)။

ဩော်.... ဒို့....နောက်တုန်းက သိကြား ဖြစ်သလား၊ ဗြဟ္မာ ဖြစ်သလား၊ အဲဒါတော့ ဖြစ်ချင် ဖြစ်လိမ့်မယ်၊ သို့သော်လဲ

သိကြားရှုး သိကြားကန်းဘဲ....(မှန်ပါဘုရား)စကြာဝတေးမင်း ရှုး.... ( စကြာဝဘေး မင်းကန်းပါဘုရား) ဒါဘဲရှိတယ်.... (မှန်ပါ)။

ဒီ့ပြင်ဟာတွေတော့ မဖြစ်ဘူးလို့တော့ မဆိုပါဘူး၊ ဖြစ်ပေမဲ့လဲအကန်းအရှူး ပျောက်ရှာသလားလို့ မေးတဲ့အခါကျတော့ ဘယ့်နှယ်ဖြေမလဲ.... (အကန်းအရှူးမပျောက်ပါဘုရား)အကန်းအရှူး မပျောက်ဘူး.... (မှန်ပါ) အကန်းအရှူး မပျောက်တော့ စကြာဝတေးမင်းကလဲ ခွေးဖြစ်နိုင်တယ်.... (မှန်ပါ)သဘောကျပလား....(ကျပါပြီ)။

စကြာဝတေး မင်းကလဲ ... (ခွေးဖြစ်နိုင်ပါတယ် ဘုရား) ဒါကြောင့် ခင်ဗျားတို့မှာ မဖြစ်ဘူးသော မည်သည့်တော့မရှိပါဘူး....(မှန်ပါ)နိဗ္ဗာန်သာမရောက်တာ....(မှန်ပါဘုရား) ဘာဖြစ်လို့တုံး....၊ အကန်းအရှူးမပျောက်လို့....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ယနေ့ည တိုက်တွန်းတာဟာ ဘာပါလိမ့်မလဲဆိုလို့ ရှိယင် ခင်ဗျားတို့ ဝိပဿနာအလုပ်ကို မလုပ်သေးတဲ့ ပုဂ္ဂိုလ်မှန်ခဲ့လို့ရှိယင်ဖြင့် ငါသေယင် ဘယ်လိုသေပါလိမ့်မတုံး ဆိုတာ ဘာမှတွေးမနေနဲ့၊ အကန်းမသာ-အရှူးမသာမှတပါးဒီ့ပြင်မသာ ပို့စရာမရှိဘူးဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ)အကန်း မသာ-အရှူးမသာ ဒါဘဲရှိမယ်....(မှန်ပါ)။

နောက်ဘဝကျတော့ ဒီက ဘာမှမပါတော့ နောက်ဘဝလဲ တပည့်တော် ဘာဖြစ်ဦးမလဲ....၊ ဟော့....အကန်း အရှူးဘဲ ကွ.... (မှန်ပါဘုရား) ဟိုဘက်ဘဝတွေကော.... (အကန်းအရှူးပါဘဲ

ဘုရား) အကန်းအရူးဘဲ ဖြစ်ကြရမှာပါ၊ ဘာမှမျှော်လင့်ချက် မရှိဘူးဆိုတာမှတ်ပါ....(မှန်ပါ့ဘုရား)ရှင်းပြီနော်.... (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီ တကာ တကာမ တွေကို ဒီ သဿတ ဥစ္ဆေဒလွတ်အောင် ဘယ့်နှယ် လုပ်ရပါ့မတုံးလို့ ဆိုလို့ရှိယင် မျက်စိအမြင်ရှိမှဘဲ လွတ်မဟေ့....(မှန်ပါ့ဘုရား)။

ဘာတဲ့....(မျက်စိအမြင်ရှိမှ လွတ်မှာပါဘုရား)။

မျက်စိအမြင်ရှိမှဘဲ လွတ်မယ်.... (မှန်ပါ့) မျက်စိအမြင်က ဘူတံ ဘူတတောဒိသွာ၊ ဘူတံ=ထင်ရှားရှိတဲ့ အနိစ္စကို၊ ဘူတ တော=ထင်ရှားရှိသောအားဖြင့်၊ ပဿတော= မြင်သောပုဂ္ဂိုလ် အား၊ အနိစ္စရှိလို့ အနိစ္စသိတဲ့ ပုဂ္ဂိုလ်သာလျှင် ဩော်....မျက်စိ နှစ်ကွင်း အလင်းရပြီး အရူးပျောက်ပြီး သကာလ သေသွားလေ ရဲ့....၊ သူဖြင့် မျက်စိလင်းပြီးသေသွားတော့ နောက်လဲ သူ အလင်းမျိုးစေ့နဲ့ဘဲ အပါယ် လေးပါးတည်း ဟူသော ခလုပ် ကစင်းကျင်းတွေဖြင့် မကျတော့ဘူးဆိုတာ မှတ်ပါ.... (မှန်ပါ့ ဘုရား) သဘောပါကြလား....(ပါပါပြီ)။

ဒါဖြင့် အပါယ်ကျလာတာဟာ ဘယ်လိုပုဂ္ဂိုလ်တုံးဆို သွား မိသွားရာ ရူးမိရူးရာ ဒီလိုသွားတဲ့ပုဂ္ဂိုလ်မှာတဲ့ အလည်လမ်းလဲ မရောက်ပါဘူး၊ ဘေးလမ်းလဲ ကျမိ ကျရာ ကျမှာဘဲ။

ဘေးလမ်းဆိုတာက မောင်သစ်တို့ ဦးသံဒိုင်တို့ မှတ်စရာက ဘေးလမ်းက အဒို-အသေ လွတ်တဲ့လမ်းကို ရှာမတွေ့ဘူး.... (မှန်ပါ့)။

ဘေးလမ်းနှစ်လမ်းက....(အအို-အသေ လွတ်တဲ့လမ်းကို ရှာ မတွေ့ပါဘုရား) ရှာမတွေ့-ဘူး၊ ရှိလဲမရှိဘူးတဲ့....(မှန်ပါ့)။

အအို-အသေလွတ်တဲ့လမ်းကဖြင့် အလည်လမ်း တက်နိုင်မှ၊ အလည်လမ်းကလဲ မြင်တဲ့လူမှ အလည်လမ်း-လမ်းကောင်းမှန်း သိတယ်....(မှန်ပါ့) မမြင်တဲ့ပုဂ္ဂိုလ်ဖြင့် အလည်လမ်းကို လမ်း ကောင်းမှန်း မသိပါဘူး.... (မှန်ပါ့)။

အလည်လမ်းဆိုတာက မဂ္ဂင်မျက်လုံးတပ်ပြီးသွားတဲ့ပုဂ္ဂိုလ် သာလျှင် မဂ်မျက်လုံးတပ်ပြီး သွားတဲ့ပုဂ္ဂိုလ်သာလျှင် ဦးသံဒိုင် အလည်လမ်းတက်မိတယ်.... (မှန်ပါ့ဘုရား) ဒီ့ပြင်ပုဂ္ဂိုလ်တော့ (မတက်မိပါဘုရား)။

မတက်မိဘူးဆိုတော့ ကျုပ်တို့အလည်လမ်း မရောက်ဘူးကြ သေးတော့ သုဂတိဆိုတဲ့ ကာမသုခလ္လိကာ လမ်းလဲ လိုက်ကြ တာဘဲ၊ ဒုဂ္ဂတိဆိုတဲ့အတ္တကိလမထလမ်းလဲ(လိုက်ပါတယ်ဘုရား) လိုက်ကြတာဘဲတဲ့၊ အဲဒါ အလယ်လမ်းကို ဘယ်တော့မှ မတက် ဘူးဘူး(မှန်ပါ့)ဘာကြောင့် မတက်ဘူးသတုံးဆိုတော့ အကန်း အရူး မပျောက်လို့....(မှန်ပါ့ဘုရား)ရှင်းကြပလား(ရှင်းပါပြီ)။

ဘယ်လိုကြောင့်ပါလိမ့်....( အကန်းအရူး မပျောက်လို့ပါ ဘုရား )။

ဒါဖြင့် ဒီလို ဘဝမှာ ပျောက်ယင်ပျောက်ပါတဲ့၊ ရှေ့တော့ ပျောက်ဆေး ရှာမတွေ့ပါဘူးလို့ မှတ်လိုက်ပါ(မှန်ပါ့ဘုရား)။

ရှေ့တော့ဖြင့် ခင်ဗျားတို့ တီကောင်သွား-သွားမှာဘဲ၊ တီ ကောင်က မျက်လုံး မပါဘူး....(မှန်ပါ့) ဟိုနားမှာ စားမလို့

စောင့်နေတဲ့ ကြက်က အဲဒီကြက်ဆီဘဲ သွားတာဘဲ....( မှန်ပါ့ ) အဲဒီတော့ ကြက်၏ အစာ မဖြစ်ရဘူးလား....(ဖြစ်ရပါတယ်)။

ထို့အတူဘဲတဲ့...ခင်ဗျားတို့ မရဏမင်းရှိရာ ရှောက်ပြေးနေတာဘဲ....(မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

ဘယ်ရှောက်ပြေးနေသတုံး.... (မရဏမင်းရှိရာ ရှောက်ပြေးနေပါတယ်ဘုရား)။

သုဂတိတက်လိုက်လဲ မရဏမင်းကို အခွန်ဆက်လာတာဘဲ၊ ခန္ဓာနဲ့ အခွန်ဆက်လာတာ....(မှန်ပါ့) ဒုဂ္ဂတိ သွားပြန်တော့လဲ မရဏမင်းဆီ အခွန်ဆက်ရတယ်....(မှန်ပါ့) ဘာနဲ့ချည်း အခွန်ဆက်ရသတုံးလို့ မေးလို့ရှိယင် ခန္ဓာနဲ့ချည်း အခွန်ဆက်ရတယ် (မှန်ပါ့)။

ဒါ အလယ်လမ်း မရောက်တဲ့ လူအပေါင်းမှာ ဘာနဲ့ အခွန်ဆက်ရသတုံး....(ခန္ဓာနဲ့ အခွန်ဆက်ရပါတယ်ဘုရား)။

အိမ်မှာလေး ခင်ဗျားတို့ သတ်မလို့ မောင်းလာတဲ့ သိုးတွေ ဆေးနီတွေသုတ်လို့ ဆေးဝါတွေသုတ်လို့ ဘာဖြစ်လို့ သူတို့ ဒီအမှတ်အသားတွေနဲ့ သွားရတာတုံးဆိုတော့ မန္တလေးမြို့သူ-မြို့သားတွေ အသားနဲ့ အခွန်ဆက်ဘို့....(မှန်ပါ့ဘုရား)။

ဘာနဲ့ အခွန်ဆက်ဘို့လဲ....(အသားနဲ့ အခွန်ဆက်ဘို့ပါ) ရှင်းပလား....(ရှင်းပါပြီ)။

အသားနဲ့ အခွန်ဆက်ရတဲ့ ဘဝလောက် အရုပ်ဆိုး အကျည်းတန် အသုံးမကျတာတော့ ဦးသံဒိုင် ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲ....ခင်ဗျားတို့က သိုးတွေ မြင်တဲ့အခါကျတော့ ဘြဲ...ကိုယ့်အလောင်းကလေး ကိုယ်ထမ်းပြီး အခွန်ဆက်သွားကြလေရဲ့ဆိုတာ ခင်ဗျားတို့ လမ်းမှာ မြင်တဲ့အခါ ပြောကြစမ်းပါ၊ ကိုယ့်အလောင်းကိုယ်ထမ်းပြီး အခွန်ဆက်သွားတာဘဲ(မှန်ပါ) သူများ အထမ်းခိုင်းသေးသလား....(မခိုင်းပါဘုရား) မခိုင်ဘူး၊ ကိုယ့်ဟာ ကိုယ်ထမ်းသွားတယ်....(မှန်ပါ)။

ဒီမှာလဲ ခင်ဗျားတို့သည် မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်အလောင်း ကိုယ်ထမ်းပြီး မရဏမင်း အခွန်ဆက်သွားတာဘဲ....(မှန်ပါ)။

နတ်ဖြစ်ရပါလို၏ ဆိုယင် နတ်ခန္ဓာနဲ့ အခွန် ဆက်ရပါလို၏ (မှန်ပါ)ဗြဟ္မာဖြစ်ရပါလို၏(ဗြဟ္မာခန္ဓာနဲ့ အခွန်ဆက်ရပါလို၏)

အံမာလေး....မတောင်းကောင်းတဲ့ ဆုတွေပါလား....၊သိုးဆုတောင်းတာနဲ့ အတူတူဘဲ....( မှန်ပါ ) မတူဘူးလား....(တူပါတယ်)။

သိုးကလေး ဒီလမ်း ဘုန်းကြီးတို့ ကျောင်းနား မောင်းသွားတယ်၊ ဆိတ်ကလေးတွေ မောင်းသွားတယ်၊ အားလုံး မြင်ဘူးကြမှာဘဲ....( မြင်ဘူးပါတယ် )ဆေးနီ–ဆေးဝါတွေ သုတ်ပြီး သကာလ မမှားရအောင်လို့ သူတို့ သတ်မည့်တံဆိပ်ပါပြီးသား-(မှန်ပါ)။

သူတို့ကတော့ လမ်းမှာ ပျော်လား - ပါးလား-မြူးလားနဲ့၊ ဒီလို မနေကြဘူးလား....(နေပါတယ်) ဘာဖြစ်လို့ ဒီလိုနေပါ

လိမ့်မတုံး ဆိုလို့ရှိယင် အခွန်ဆက်သွားမှန်းမသိရှာဘူး–(မှန်ပါ ဘုရား)။

ဘာဖြစ်လို့ ဒါလောက်ပျော်ကြပါလိမ့်....(အခွန်ဆက်သွား မှန်း မသိလို့ပါဘုရား)။

လမ်းတွေတဲ့ သစ်ရွက်ကလေးတွေ စား၊ နောက်ကလဲ တဟဲ့ ဟဲ့....မောင်း၊ လမ်းကျတော့လဲ ပျော်လိုက်·မြူးလိုက် သူတို့ ချင်းချင်း၊ ဟ....ဒီ သိုးကလေးတွေ ဘာဖြစ်နေတာတုံးလို့ဆို– ပြော်... လူမျက်လုံးနဲ့ နေကြည့်တဲ့ အခါကျတော့ အသားနဲ့ အခွန်ဆက်သွားတာတောင် မသိရှာဘူး....(မှန်ပါ)။

ခင်ဗျားတို့လဲ လူ့ဘဝ နတ်ဘဝတွေ ဆုတောင်းတာဟာ အသားနဲ့ အခွန်ဆက်သွားတာကို မသိရှာကြသေးဘူး....( မသိ ပါဘုရား)။

မသိတာလဲ တန်းကုန်နေပြီ....(မှန်ပါ ဘုရား) မဆိုးဝါးဘူး လား....(ဆိုးဝါးပါတယ်ဘုရား)သဘောပါကြရဲ့လား–(ပါပါ တယ်ဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘဝကို စက် ဆုတ်တော်မူတယ်ဆိုတာ ခင်ဗျားတို့ သိလောက်ပါပြီ·(မှန်ပါ) အခွန်ဆက်ရတာက....(များလွန်းပါတယ်)။

အခု ကျွေးမွေးပြီး စက္ကူနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်များ အဝတ်ကောင်းကလေး ဝတ်ပြီးသကာလ·အစားကောင်းကလေး စားပြီးသကာလ အခွန်ဆက်ဘို့ဘဲ ခန္ဓာကြီးပွားရေး လုပ်နေ တယ်....(မှန်ပါဘုရား)။

ဘာလုပ်နေကြသလဲ....(အခွန်ဆက်ဘို့ဘဲ ခန္ဓာကြီးပွားရေး လုပ်နေကြပါတယ်) မျက်စိနှစ်ကွင်း အလင်းမရတဲ့ လူကို ပြော ပါတယ်....(မှန်ပါဘုရား)။

မျက်စိနှစ်ကွင်း အလင်းမရတဲ့ လူများ ကောင်းနိုးရာရာ စား ပြီး ကောင်းနိုးရာရာတွေ ဝတ်ပြီးသကာလ နေတဲ့ ပုဂ္ဂိုလ်များ ဖြောင့်·ဝဝဖြိုးဖြိုး အခွန်ဆက်ဘို့ဘဲ... (မှန်ပါဘုရား)။

မျက်စိက အလင်းမရဘူး၊ ဘယ်နှယ် မသေလမ်းမှ သူ မသွားတတ်ဘဲ....(မှန်ပါ) အလယ်လမ်းကို မသွားတတ်ဘူး.... (မှန်ပါ) သေလမ်းဘဲ သူသွားတယ်ဆိုတော့ ဝဝဖြိုးဖြိုးနဲ့ အခွန် ဆက်ချင်လို့ဘဲ....(မှန်ပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါ ဘယ်လမ်းမသိတဲ့ ပုဂ္ဂိုလ်လဲ....( အလယ်လမ်း မသိတဲ့ ပုဂ္ဂိုလ်ပါဘုရား )။

အဲ....မသိသရှိ ကာလပတ်လုံးလဲ ခန္ဓာနဲ့ အခွန်ဆက်တဲ့ လမ်း ချည်း လိုက်မှာဘဲ....(မှန်ပါ)။

မသိသရှိကာလပတ်လုံး....(ခန္ဓာနဲ့ အခွန်ဆက်တဲ့ လမ်းချည်း လိုက်မှာပါဘုရား)။

အို....ကြောက်စရာကြီး ကြောက်စရာကြီး၊ တကာ တကာမ တို့ ဟင်....(မှန်ပါ)။

ဦးသံဒိုင် သေသေချာချာ ပြောလို့ သေသေချာချာဟော တော့မှ ငါ ဘယ်လို အမျိုးအစားတုံးဆိုတာ....( ပေါ်လာပါ တယ်ဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား)။

ငါဘယ်လို အမျိုးအစားတုံးလို့ မေးတဲ့ အခါကျတော့ ငါ ဘာမှတ်လို့တုံးတဲ့၊ ဘာမှ မမှတ်ပါဘူး ခန္ဓာနဲ့ အခွန်ဆက် ဘို့ ပြုပြင်နေတာပါဘဲ .... (မှန်ပါ့)ဒီ့ပြင် ဘာများပြောစရာရှိ သေးသတုံး....(မရှိပါဘုရား)ရှင်းပလား....( ရှင်းပါပြီဘုရား )။

အဲဒါ ဘာကြောင့်တုံးလို့ မေးတဲ့အခါ အရှုံးကလဲမပျောက် အကန်းကလဲ အလင်းမရ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

အရှုံး အကန်းထဲမှာ အရှုံးလဲမပျောက် အကန်းလဲမပျောက် ဘူး ဆိုလို့ရှိယင် ဒီအခွန်ဆက် လမ်းမှတပါး ဘယ်လမ်း မှ မသွားတတ်ဘူး....(မှန်ပါဘုရား) နားလည်ကြပလား .... (နား လည်ပါပြီ)။

ဘယ်လမ်းသွားတာ များနေကြသတုံး .... (ဘေးလမ်းသွား သာများပါတယ်) ဘေးလမ်းချည့် သွားတယ်....(မှန်ပါ့)။

ဘေးလမ်းချည့်ဘဲ တခါတည်း ကိုယ့်ကိုယ် ဆင်းရဲတဲ့လမ်း ရယ်၊ ကိုယ့်ကိုယ် ချမ်းသာတယ်လို့ထင်တဲ့လမ်းရယ်ဒီလမ်းချည့် သွားတာဘဲ... (မှန်ပါဘုရား)။

တကယ့် ချမ်းသာတာလား မေးလိုက်တဲ့ အခါကျတော့ လမ်းဆုံးကျလိုက်တဲ့ အခါကျတော့ အခွန်ဆက်လမ်း ပြန်ရောက် တယ်....(မှန်ပါဘုရား)ရှင်းပလွှား....(ရှင်းပါပြီဘုရား)။

တကာ တကာမတွေ ဒါဖြင့် ဘယ်လမ်းတက်မိမှ အေးရမှာ တုံး....(အလည်းလမ်းတက်မိမှအေးရမှာပါ)အလည်းလမ်း တက် မိမှ သေသေချာချာ အေးရမယ်ဆိုတာ ပေါ်ကြပလား....(ပေါ် ပါပြီဘုရား)။

နို့မဟုတ်လို့ ရှိယင်ဖြင့် ခင်ဗျားတို့ခုနင်ကပြောတဲ့ သိုးဆိတ် ဥပမာနဲ့ ကိုယ့်ဖြစ်စဉ်နဲ့ တတန်းထဲ၊ လေးချောင်းနဲ့ နှစ်ချောင်း ဘဲကွာတယ်....(မှန်ပါ့)၊

ခြေလေးချောင်းနဲ့ .... (ခြေနှစ်ချောင်း ဘဲ ကွာ ပါ တယ် ဘုရား) နှစ်ချောင်းဘဲ ကွာတာ၊ ဒါကြောင့် မပြုံးကြပါနဲ့ ဦးလို့ ဆရာဘုန်းကြီးက ကန့်ကွက်တယ်....(မှန်ပါ့)။

မျက်စိမြင်အောင် လုပ်စမ်းပါဦး၊ မြင်အောင်လုပ်လို့ အသည် လမ်း တက်မိယင် ပြုံးပါ... (မှန်ပါ့)ဒီတခါ အခွန်ဆက်ပြီးယင် နောက်တခါ ဆက်စရာမလို....(မှန်ပါဘုရား)ရှင်းပလား.... (ရှင်း ပါပြီဘုရား)။

ဒီတခါ အခွန်ဆက်ရတာကလဲ နောက်က အဝိဇ္ဇာသင်္ခါရ တည်းဟူသော အကြောင်းက ခင်ဗျားတို့က လုပ်လာလို့ ဒီတခါ အခွန်ဆက်ရတာ....(မှန်ပါ့)ဒါကြောင့် ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ စတိပဋ္ဌာန်သန္တေက ပါလာတယ် (မှန်ပါ့)မပါဘူးလား....(ပါပါတယ်ဘုရား)။

ဒီတခါ အခွန်ဆက်ပြီးနောက် ဝဋ်ကျွတ်ပြီကွလို့ အဲဒီလို သိထားလို့ရှိယင် ပြုံးကြပါ....(မှန်ပါဘုရား)။

အခုအချိန်တော့ဖြင့် ခင်ဗျားတို့ဖြစ်ပျက်မမြင်သေး၊ဖြစ်ပျက် ကို မမုန်းသေး၊ဖြစ်ပျက်ကို ဉာဏ်ကမရောက်သေးလို့ ရှိယင်ဖြင့် ပြုံးချိန်မဟုတ်သေးဘူးဟေ့၊ အခွန်ဆက်ဘို့ရာ စောင့်နေတာ ကိုယ့်အလှည့်မကျသေးလို့၊ ဈေးနေ့မကျသေးတာနဲ့ ကိုယ့် ချိန်ထားသေးတယ် အောက်မေ့ပါ....(မှန်ပါဘုရား)။

သားကောင် ငါးကောင်တွေ ငါးရက်တစျေး ကျဘော့ ဈေးနေ့ကျတဲ့ အကောင်ဟာ ဝဝဖြိုးဖြိုးနဲ့ ဖာလေးချိန်များတဲ့ လူကို ဝက်သည်ကလဲ ဒါဘဲအသုံးချတယ်၊ ဆိတ်သည်ကလဲဒါဘဲ အသုံးချတယ်၊ သိုးသည်ကလဲ ဒါဘဲအသုံးချတယ်ဆိုတာ ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်လိုပြင်လို့ ဘယ်လိုဆင်ကြမလဲ ဆိုတာ ယနေ့ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ဘယ်လိုပြင်ကြ ဆင်ကြမလဲ....(အလည်လမ်းလိုက်ရပါမယ်) အလည်လမ်းရောက်အောင်သွားရမယ်၊ မသွားသ၍ ကာလပတ်လုံး ပြုံးချိန်မရှိသေး....(မှန်ပါ)။

မသွားသ၍ ကာလပတ်လုံး....( ပြုံးချိန်မရှိသေးပါဘုရား ) ပြုံးချိန်မရှိသေးဘူးဆိုတာ ပြုံးယင်လဲ အရှုံးအကန်း ပြုံးတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ)။

စီးပွားကလေး အကြောင်းညီညွတ်ပြီးသကာလနေလို့ သားလင် ခင်ပွန်းနဲ့ ကျန်းကျန်းမာမာနဲ့ စီးပွားရေးကလဲ အကြောင်းညီညွတ်လို့ ပြုံးတာကတော့ဖြင့် သိုးတွေလမ်းသွားရင်း ပြုံးတာနဲ့ မတူးလှပါဘူး....(မှန်ပါ) ထူးသေးရဲ့လား.... (မထူးပါဘုရား) အခွန်အထုပ် အဆက်လွတ်ပလား .. (မလွတ်ပါဘုရား) မလွတ်သေးတော့ ဒါ အလကားပြုံးလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ) အကန်းပြုံး အရှုံးပြုံးဆိုတာ သေချာပလား... (သေချာပါပြီ)။

အဲ....သေချာတော့ အလည်လမ်းရောက်အောင် တက်လို့ ပြုံးတဲ့အပြုံးမှသာလျှင် ဩော်....ဒီတခါသာ သေရတော့မယ်၊ နောက် သေမင်း၏ စားဖတ် ဝါးဖတ်အဖြစ်မှ လွတ်ခြင်းကြီး မက လွတ်ရတော့မယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)ပေါ် ကြပလား....(ပေါ်ပါပြီ)။

ဒီ နှစ်ခုဟာလဲ ဘယ်ကလာလို့ ဖြစ်ရတာတုံးဆိုတာခင်ဗျား တို့ လက်သည်ရှာတော့မှ ဒိဋ္ဌိဝိပ္ပလ္လာသ ကြီးစိုးနေလို့ ဒီလမ်း ချည့် သွားဖြစ်တယ်မှတ်ပါ....(မှန်ပါဘုရား)။

ဘယ်သူကြီးစိုးနေသလဲ.... (ဒိဋ္ဌိဝိပ္ပလ္လာသကြီးစိုးနေပါတယ်)

ဒိဋ္ဌိဝိပ္ပလ္လာသက ကြီးစိုးနေတယ်၊ ငါ့သား၊ ငါ့မယား၊ ငါ့ ဥစ္စာ ငါ့တိုက် ငါ့စိန် ငါ့ရွှေ ငါ့ကားဆိုတဲ့ဥစ္စာ တခါတည်း ကြီးစိုးပြီးသကာလ နေတော့ သဿတဒိဋ္ဌိက တခါတလေကြီးစိုး လိုက်၊ ဒေါသဖြစ်တဲ့အခါ ဥစ္ဆေဒဒိဋ္ဌိကကြီးစိုးလိုက်....(မှန်ပါ့)။

ဒေါသဖြစ်တယ်ဆိုတာ မောင်သစ်တို့၊ ဦးသံဒိုင်တို့ ငါသေ ချင်တယ်ကွာ ဒါဥစ္ဆေဒသံ ထွက်လာတယ်....(မှန်ပါ့) တခါ တလေကျတော့ ဒီလိုဆို တော်သေးရဲ့ကွဆိုတော့ သဿတ.... (မှန်ပါ့)။

ဒီလိုဆိုတော်သေးရဲ့ဆိုယင် .... (သဿတပါ) သေမျှားသေ ချင်တယ်ဟေ့ဆိုတဲ့ ဥစ္စာက....(ဥစ္ဆေဒပါဘုရား)။

ဒါ ဘယ်သူကမှထွက်တဲ့ အသံမဟုတ်ဘူး သဿတ ဥစ္ဆေဒ က ထွက်တဲ့ အသံချည့်ဘဲလို့ မှတ်ထား....(မှန်ပါဘုရား) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ခင်ဗျားတို့မသေချင်ပေမဲ့ ခန္ဓာကတော့ သေနေတာပါဘဲ....(မှန်ပါ့)ခင်ဗျားတို့နေချင်လဲ ခန္ဓာကသေနေတာဘဲလို့ ဒိဋ္ဌိအမြင်ရှိတဲ့ ပုဂ္ဂိုလ်က မသေချင်လဲသေနေတာဘဲ၊ သေချင်လဲသေနေတာဘဲ၊ရှင်းပလား....(ရှင်းပါပြီ)။

ခဏခဏသေနေတာ၊ ဝေဒနာက္ခန္ဓာဟာ ဝေဒနာက္ခန္ဓာချုပ်ယင် ဝေဒနာက္ခန္ဓာသေတာဘဲ.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) ဝေဒနာသေယင် သညာ သင်္ခါရ ဝိညာဏ်တို့က အကုန်သေတာဘဲ....(မှန်ပါ့) သူနဲ့ သဟဇာတဖြစ်တဲ့ ရုပ်တွေလဲ သေလိုက်တာဘဲ....(သေပါတယ်)နောက်ပိုင်းသာ နာနာကြာကယ်၊ သေပွဲကတော့ အတူတူဘဲ....(မှန်ပါ့ဘုရား)ရှင်းပလား.... (ရှင်းပါပြီ)။

ခန္ဓာသည် တနေ့အကြိမ်ပေါင်းများစွာ သေနေတယ် ဆိုတာကို ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ မြင်ပါလိမ့်မယ်....(မှန်ပါ့ဘုရား)

မြင်တဲ့အခါကျတော့မှပင် ဝိဇ္ဇာဥဒပါဒိ ဆိုတဲ့အတိုင်း ဝိဇ္ဇာဉာဏ်အရောင်လင်းသည်၊ ဥဒပါဒိ-ဖြစ်ပေါ်လာ၏လို့ ဘုရားက ဝိဇ္ဇာ ဥဒပါဒိနောက်က အာလောကော ဥဒပါဒိ-ဒီကောင်လင်းပြီကွ-တဲ့....(မှန်ပါ့ဘုရား)ရှင်းပလား.... (ရှင်းပါပြီ)။

အာလောကော ဥဒပါဒိ ဆိုတာ.... (အလင်းရပါပြီဘုရား) အလင်းရသွားပြီဆိုတော့ သောတာပတ္တိမဂ်ရမှ ဒီဥစ္စာ အလင်းရမယ်... (မှန်ပါ့)။

သောတာပတ္တိမဂ် မျိုးစေ့ကို မလုပ်တဲ့ပုဂ္ဂိုလ်ကတော့ သောတာပတ္တိမဂ် ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား)။

အဲ....သောတာပတ္တိမဂ် မျိုးစေ့ဟာ ဘာတုံးလို့ မေးတဲ့ အခါကျတော့မှ ရှေးဦးစွာ ဝိပဿနာဉာဏ်တွေဟာ ဒါ သော တာပတ္တိမဂ် မျိုးစေ့လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)ဘာ့ကြောင့် တုံးဆိုတော့ သစ္စာနုလောမိကာ ဉာဏ်ဖြစ်လို့-လို့ မှတ်လိုက်.... (မှန်ပါ့)။

ဘာဉာဏ်တဲ့....(သစ္စာနုလောမိကဉာဏ်ပါဘုရား)။

သစ္စာနုလောမိကဉာဏ်ဆိုဘာကဖြစ်ပျက်ဆိုတာကဒုက္ခသစ္စာ အဲဒီ ဒုက္ခသစ္စာကို သွားပြီးမြင်လိုက်တော့ကို ခြေဘ်....သူ သစ္စာ နဲ့ လျော်ပြီ.... (မှန်ပါ့ဘုရား)သစ္စာနားကပ်နေပြီ.... (မှန်ပါ့)။

နောက်ကျတော့ ဒါ ရင့်လာလို့ရှိယင် တကာယ်သစ္စာကို.... တကာယ်ဒုက္ခသစ္စာကြီး ပိဋကနဲ့ သဘောတွေကို သန္တာပဋ ဝိပရိ ဏာမဋ္ဌတွေ တခါတည်းအကုန်မြင်တော့တာဘဲ· (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါ အလည်လမ်းကိုဖြင့် ဝိပဿနာမလုပ်တဲ့ ပုဂ္ဂိုလ်ဟာ မတက်မိဘူး....(မတက်မိပါဘုရား)။

မတက်မိလို့ရှိယင်ဖြင့် အခွန်ဆက်လမ်း.... (မှန်ပါ့ တက်မှာ ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

တာကာ တကာမတွေ ဘယ်သမ်းသွားချင်သတုံး ပြောပါဦး (အလယ်လမ်းသွားချင်ပါတယ်ဘုရား)။

ဒါကတော့ လူတိုင်း အခုပြောတော့ ကြိုက်သွားတာဘဲ... (မှန်ပါ) သို့သော် ကြိုက်အောင်ပြောဘို့ကို မလွယ်ဘူး.... (မလွယ်ပါဘုရား)။

ခင်ဗျားတို့ သည်းခြေကြိုက်ကိုပြောရမယ် ဆိုလို့ရှိယင်ဖြင့် တဲ့၊ခင်ဗျားတို့က သုဂတိခန္ဓာကြီးနဲ့ အခွန်ဆက်ချင်တဲ့ လမ်းကို အလွန်ကြိုက်တယ်....(မှန်ပါ)။

ဘာကြိုက်သတုံး....(သုဂတိခန္ဓာကြီးနဲ့ အခွန်ဆက်တဲ့ လမ်းကို အလွန်ကြိုက်ပါတယ်)။

ကြောက်စရာကြီးပါလား...၊ အခွန်ဆက်ကတော့ မတူးလှဘူး.... (မှန်ပါ) အခု ဒီခန္ဓာလဲ သေမင်း အခွန်ဆက်ဘို့ဘဲ.... (မှန်ပါ)မရဏကို အခွန်ဆက်ရတယ်....(မှန်ပါ) ရှင်းပြီ....(ရှင်းပါပြီဘုရား) သုဂတိခန္ဓာကော.... (မရဏကို အခွန်ဆက်ရပါတယ်ဘုရား)။

သို့သော် ခင်ဗျားတို့က အခွန်ဆက်ရတာချင်း တူလို့ရှိယင် ဘယ်ဟာကြိုက်သတုံး....(သုဂတိခန္ဓာကြိုက်ပါတယ်ဘုရား)။

သုဂတိကြိုက်တယ်ဆိုတော့ ဒီထဲ ဝိပ္ပလ္လာသပါတယ်(မှန်ပါ) ဝိပ္ပလ္လာသပါတယ်ဆိုတာ သေချာသွားပြီ.... ( သေချာပါပြီဘုရား) သဘောပါကြပလား....(ပါပါတယ်ဘုရား)။

ကိုင်း... ဒါဖြင့် မျက်စိမြင်အောင် လုပ်ပါဆိုတာ မနေ့က တရားကို မျက်စိမမြင်သေးသ၍ အလည်လမ်း မသေလမ်းကို မရောက်သေး....(မရောက်သေးပါဘုရား)။

အလည်လမ်းဖြစ်တဲ့ မသေလမ်းကို-(မရောက်သေးပါဘုရား) မျက်စိမြင်လို့ရှိယင်ဖြင့် နေရာကျပေါ့.... (မှန်ပါ)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘယ်လမ်းက နေပြီးသကာလ သူ့အမြင်ရလာပါလိမ့်မတုံး....၊ ဘယ်လမ်းက

သွားလို့ သူ မသေလမ်း တက်မိပါလိမ့်မတုံး မေးတဲ့အခါကျ တော့ ခင်ဗျားတို့ သိတဲ့အတိုင်းတဲ့ သစ္စာနုလောမိက ဉာဏ်က သူ စ,တက်တာဘဲ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ရဟန်းဘဝ ခုနစ်ဘဝ ရခဲ့တယ်တဲ့၊ သစ္စာနုလောမိကဉာဏ် ရအောင် သူ လုပ်ခဲ့တယ်....(မှန်ပါ)မလုပ်ဘူးလား.... (လုပ်ပါ တယ်)ရှင်းပလား.... (ရှင်းပါပြီ)။

ကိုင်း... ဒါဖြင့် ဒီ ဥစ္စာ ဒသာထား၊ ဒါဖြင့် မျက်စိအမြင် ရပြီး သေရမှတော်မည်ဆိုတာကို ယနေ့ ဆုံးဖြတ်ချက်ချ-(မှန်ပါ ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ....(မျက်စိအမြင်ရပြီး သေရမှ တော်မှာပါဘုရား)။

မျက်စိအမြင်ရပြီးမှ ဒို့သည်ကားလို့ ဆိုလို့ရှိယင် တခါ သေသာ့ရှိတယ်၊ များများသေမရှိဘူး....(မှန်ပါ) အတိအလင်း ဆုံးဖြတ်ချက်ချ....(မှန်ပါ)။

မျက်စိကလေးဖြင့် မြင်ရပါရစေလို့ ဆုတောင်းလို့မရဘူး၊ ခန္ဓာထဲမှာစိုက်ကြည့်မှ ဝေဒနာ ပေါ်တဲ့နေရာ ဝေဒနာစိုက် ကြည့်၊ စိတ်ပေါ်တဲ့နေရာ စိတ်စိုက်ကြည့်၊ ကြည့်လိုက်တဲ့ အခါ ကျတော့မှ မင့် ခန္ဓာမဟုတ်ဘူး၊ မင်းမပိုင်ဘူး၊ မင်းမဆိုင်ဘူး၊ ဟောဒါ ဝိညာဏက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာကလဲ စိတ်ဆိုတော့ ဖြစ် ပျက်ကွ.... (မှန်ပါ)။

ဝေဒနာက္ခန္ဓာကလဲကွ မင်းမပိုင်ဘူး မင်းမဆိုင်ဘူး၊သူ့ဟာ သူ့အကြောင်းတိုက်ဆိုင်လို့ အာရုံဒွါရတိုက်ဆိုင်လို့ဖသကြောင့်

ပေါ်တယ်၊ဖြစ်ပြီးပျက်တာဘဲ ဆိုတာ သူတို့က ပြောလာလိမ့်မယ် (မှန်ပါ့ဘုရား)။

သူတို့က ပြောလာတော့မှ ခင်ဗျားတို့က ဩော်.... ခိုင်တယ် ထင်တာလဲ မခိုင်ပါလား....ဆိုတော့ ဝိပ္ပလ္လာသ အရှုးကလေးက ပျောက်သွားတယ်.... (မှန်ပါ့)။

ဝိပ္ပလ္လာသ အရှုးကလေးက ပျောက်သွားတော့မှ မျက်စိက ကြည့်လိုက်တော့လဲ ဒါမျိုးချည်းမြင်လာတော့မှ ဩော်....အရှုး ပျောက်ပြီးသကာလ အကန်းမြင်လာတယ်ဆိုတာသေချာသွားပြီ (မှန်ပါ့ဘုရား)။

အရှုးပျောက်ပြီး ( အကန်းမြင်လာပါတယ်ဘုရား )အကန်း မြင်လာတယ်ဆိုတာ ဦးသံဒိုင်တို့ သေချာပါပြီ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဒီအလုပ်ကို မဂ်မရချင်နေ လုပ်ရမယ် (မှန်ပါ့) ရမှာတော့ သေချာတယ်.... (မှန်ပါ့) သူ-အရိယာမျိုးစေ့ကိုး (မှန်ပါ့) ဒီဟာမြင်ယင် အရိယာ မျိုးစေ့ဖြစ်ပြီ.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

အရိယာမျိုးစေ့ဆိုတာက အမေကအရိယာမို့ သားကလေး အရိယာဖြစ်တာဆိုတာ မဟုတ်ပါဘူး (မှန်ပါ့ဘုရား)ရှင်းပလား (ရှင်းပါပြီ) မျက်စိအမြင်ရတဲ့ပုဂ္ဂိုလ်ကို အရိယာမျိုးစေ့ ဆိုပါ တယ်.... (မှန်ပါ့)။

မျက်စိအမြင်ရတဲ့ပုဂ္ဂိုလ်ကို.... (အရိယာမျိုးစေ့ ဆိုပါတယ် ဘုရား) အဲဒီတော့ အရိယာ မျိုးစေ့ဟာ တခြားလား....တဲ့ ဆရာကောင်း သမားကောင်း ကလျာဏမိတ္တနဲ့ ပေါင်းပြီး

သကာလ တရားနာမှုနဲ့ နှလုံးသွင်းမှန်မှုရှိမှရပါတယ်....(မှန်ပါ့ ဘုရား)။

ကလျာဏ မိတ္တနဲ့ပေါင်း၊ ပြီးတော့ တရားနာ၊ တရားနာ ပြီးတော့မှ ဓမ္မာနု ဓမ္မပဋိပတ္တိ ဆိုတာနဲ့ နှလုံးသွင်းလိုက်၊ နှလုံးသွင်းလိုက်လို့ရှိယင်ဖြင့် ဒါ.... အလည်လမ်းပေါ်စရောက် တာဘဲ....(မှန်ပါ့) အဲဒီကျယင် လက်ခမောင်းခတ်ပါတော့၊ တော်လာပြီ အဲဒီကျလို့ရှိယင်.... (မှန်ပါ့) နို့မဟုတ်လို့ရှိယင် ဖြင့် ခုနင်က ပြောခဲ့တဲ့ အခွန်ဆက်လမ်းပြန်လိုက်တယ်(မှန်ပါ့) တကာတကာမတွေ ခင်ဗျားတို့ သေတာ ဘုရားတဆူတဆူကြား မှာ အရိုးပုံ ဝေပုလ္လတောင်လောက်ရှိတယ်.... (မှန်ပါ့) အရိုး တွေ စုပြီးပုံလိုက်လို့ရှိယင်....(မှန်ပါ့)။

ဝေပုလ္လတောင်ဆိုတာ ဘယ်လောက်များ မြင့်သတုံး ဘုရား လို့ ပြောစရာရှိတယ်နော်.... (မှန်ပါ့) လေးရက်တက် လေးရက် ဆင်းရှိတယ်.... (မှန်ပါ့) ဘုရားတဆူ တဆူကြားမှာ ခင်ဗျားတို့ ကျုပ်တို့ အရိုးတွေ မပုပ်မဆွေးဘဲနဲ့ ဆင့်ဆင့်- ဆင့်ဆင့်ပြီးဘေး တလဲဆင့် အပေါ်လဲမြင့်အောင်ဆင့်ပြီး သေတဲ့အရိုးတွေစုထား လို့ရှိယင်ကွာ....တဲ့ လေးရက်တက် လေးရက်ဆင်းရှိပါတယ်တဲ့ (မှန်ပါ့)။

ဘယ့်နှယ် ဒါလောက် အရိုးများလှချည့်လား....ဆိုတော့ အသေများလို့ဘုရာ့.... (မှန်ပါ့)။

ဘယ့်နှယ်ဆုံးဖြတ်ချက်ချမလဲ(အသေများလို့ပါ ဘုရား) အသေများလို့မှတပါး ဘာမှ ဆုံးဖြတ်ချက်ချစရာ မလိုပါဘူး (မှန်ပါ့ဘုရား) လိုသေးရဲ့လား.... (မလိုပါဘုရား)။

ဘယ့်နှယ်ကြောင့် အသေများပါလိမ့်မတုံးဆိုလို့ရှိယင်ဖြင့် အရှူးအကန်း မပျောက်လို့ဘဲ....(မှန်ပါ)။

ဘယ့်နှယ်ကြောင့် အသေများပါလိမ့်.... (အရှူး အကန်း မပျောက်လို့ပါဘုရား)။

အရှူးအကန်း မပျောက်လို့ဘဲ သွားမိသွားရာချည့်သွားနေတယ်၊ ဘေးလမ်းချည်းသွားနေတယ်.... (မှန်ပါ) ဘေးလမ်းဟူသ ၍ကလဲ ခန္ဓာနဲ့ အခွန်ဆက်လမ်းချည်းဘဲ.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

"သိယာ ပဗ္ဗတသမော ရာသိ၊ ဣတိဝုတ္တံ မဟေသိနာ" ဝေပုလ္လတောင်မှာနှိုင်းချိန်တဲ့အခါကျတော့ ဣတိဝုတ်ပါဠိတော်မှာ ဒီအတိုင်းလာတယ်.... (မှန်ပါ)။

တကပ်တကပ်အတွင်းမှာ သတ္တဝါ တယောက်၏ အရိုးကိုပုံထားလိုက်လို့ရှိယင် ပဗ္ဗတော ရာသိ....တဲ့၊ ဘယ်တောင်တုံးဆိုတော့ ဝေပုလ္လတောင်လောက်ရှိတယ်.... (မှန်ပါဘုရား) ဘယ်လောက် ကြောက်စရာ ကောင်းသတုံး....(ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒါ ရိုးရိုးသေလား၊ သူများပါးစပ်ထဲ သေလားလို့ မေးလို့ရှိယင် နိုင်ရာစား သူများပါစပ်ထဲ သေတာက များတယ်.... (မှန်ပါ)ရိုးရိုးဝေဒနာရောက် သေတာက နည်းပါတယ်....(မှန်ပါဘုရား)။

လူ့ဘဝက ရခဲတယ်ဆိုတာကိုး... (မှန်ပါ) လူ့ဘဝသာ ရတဲ့အခါ ဆရာဝန်နဲ့ ဆေးသမားနဲ့ ဆိုသလို ကုရ-သရတာကိုး....

(မှန်ပါ့) ဒီ့ပြင်ဘဝတွေက များတယ်လို့ မှတ်လိုက်ဓမ်းပါ....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘုရားက ငြိုးငွေ့သင့်ပြီကွ....ရွံ့သင့်ပြီကွ....မုန်းသင့်ပြီကွ....ဒီခန္ဓာကြီးကို ဒါလောက် အသေများတာကြီး သူဖြစ်နေတဲ့ဥစ္စာ၊ ရှင်းပလား....(ရှင်းပါပြီ)။

ခန္ဓာရတယ်ဆိုလို့ရှိယင် တထစ်ချ မှတ်ပါ၊ ခန္ဓာထဲက အသေ ခါတ်ပါလာလို့ သေတာ၊ သူများသတ်လို့ သေတာမဟုတ်ဘူး (မှန်ပါ့ဘုရား)သူများသတ်လို့ သေတဲ့ ဘဝလဲ ရှိဘယ်.... (မှန် ပါ့ဘုရား)။

သို့သော် သူများ မသတ်ဘူးဆိုလို့ရှိယင် သူ့အထဲမှာပါတဲ့ သူ့အဆိပ်က သူ့ကို သတ်တယ်....(မှန်ပါ့ဘုရား)ရှင်းပြီ....(ရှင်း ပါပြီ)။

သူ့အဆိပ်က....(သူ့ သတ်ပါတယ်ဘုရား)။

သူ့သတ်တော့ ခန္ဓာရအောင် ဆုတောင်းတဲ့ ပုဂ္ဂိုလ်များ သေမင်းပါရပါလို၏ ဆိုတာနဲ့ မထူးဘူး....(မထူးပါဘုရား)။

ဒါကြောင့် သံယုတ်ပါဠိတော်ကြီးတွေမှာ လာတာက အင်း‧ မြေ့ လေးစင်းကွ.... ဟောလိုက်တယ်၊ မဟောသင့်ဘူးလား .... (ဟောသင့်ပါတယ်)။

တကောင်ကိုက် သေတာဘဲကွဆိုတော့ ပထဝီခါတ် ဆိုတဲ့ မြေကလဲ သူကိုက်လဲ တောင့်တင်းပြီး သေတာဘဲကွ....(မှန်ပါ့) အာပေါခါတ်ကလဲ ဆီးတွေ သွေးတွေ သွန်ပြီးသေတာဘဲကွ.... တေဇောခါတ်ကလဲ ပိန်ချောက်ပြီး သတ်လိုက်တာဘဲကွ...၊

ဝါယောဓာတ်ကလဲ ပေါင်းကြပြီး ရောင်ပေါ်သေလိုက်တာဘဲကွ (မှန်ပါ)။

အဲဒီ မြွေလေးစင်း ကိုက်သေတဲ့ ဘဝချည့်ဘဲ.... ( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီခန္ဓာရတော့ မြွေလေးစင်းက မပါဘဲ နေမှာလား (ပါပါတယ်ဘုရား) ပါလို့ရှိယင် တကောင်ကောင် ကိုက်ယင် တော....(သေမှာပါဘုရား) သေးကောင်လုံးကိုက်မှ မဟုတ်ပါဘူး....(မှန်ပါ)ရှင်းပြီ....(ရှင်းပါပြီ)။

အဲဒီတော့ ဒါတွေချည့်ဘဲအသေခံပြီးသင်္ကာလ တပည့်တော်တို့ နေခဲ့ရတာကလဲ အရိုးတောင်နှယ်ပုံပါပြီ၊ ဘယ့်နှယ်ကြောင့် တပည့်တော်တို့ သေခြင်းဆိုးလမ်းကို လိုက်ဖြစ်ပါလိမ့်မတုံး မေးတဲ့အခါကျတော့မှ အရှုးအကန်း မပျောက်လို့ပေ့....(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘာမပျောက်လို့တုံး....(အရှူးအကန်းမပျောက်လို့ပါ)ရှင်းပြီ....(ရှင်းပါပြီ)။

အရှူးအကန်း ပျောက်ဘို့ရာဖြင့် ကြိုးစားကြပါဆိုတဲ့ ဥစ္စာ ခင်ဗျားတို့ အထူးပြောစရာ မလိုဘူး....(မလိုပါဘုရား)။

ကိုယ့်ခန္ဓာထဲမှာရှိတဲ့“သဗ္ဗသင်္ခါရာ အနိစ္စာ ယဒါပညာယ ပဿတိ”နဲ့ အနိစ္စပညာနဲ့ မကြည့်သ၍ ကာလပတ်လုံးတဲ့ ဘယ်တော့မှ‘အထနိဗ္ဗိန္ဒတိ’ဆိုတဲ့ဥစ္စာ မလာပါဘူးတဲ့၊လာပါ့မလား- (မလာပါဘုရား)။

သေမင်္ဂေါ ဝိသုဒ္ဓိယာ ဆိုတဲ့ ဝိသုဒ္ဓိယာ = စင်ကြယ်သော နိဗ္ဗာန်သို့၊ သေ=ထိုသော ဤပုဂ္ဂိုလ်သည်၊ မင်္ဂေါ=ရောက်ပြီ မှဆိုနိုင်ဘူးတဲ့ ဒီဥစ္စာ....(မှန်ပါ့) သခါရကို ပညာနဲ့ မကြည့်သ၍ ကာလပတ်လုံး ဘယ်တော့မှ နိဗ္ဗာန် ရောက်လိမ့်မယ်လို့ မဟောဘူးပါဘူးကွာ-တဲ့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဖြစ်ပျက် သခါရကို ပညာနဲ့မကြည့်သ၍ ကာလပတ်လုံး.... ( နိဗ္ဗာန်ရောက်လိမ့်မယ်လို့ မဟောပါ ) နိဗ္ဗာန်ရောက်လိမ့်မယ် လို့ ငါတောင်မှ မဟောဘူးတဲ့၊ မင်းတို့ဟာ မင်းတို့ ဘာလုပ် နေနေတဲ့....(မှန်ပါ့) ငါကတော့ မဟောဘူးတဲ့....ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီတော့ ခင်ဗျားတို့က နိဗ္ဗာန်ရောက်ကြောင်း အစစ်ကို မျက်လုံးမြင်တဲ့ ပုဂ္ဂိုလ်မှ ရောက်မယ်ဆိုတာလဲ ဒီ ပါဠိတော်ကလဲ ထောက်ခံချက် ပေးလိုက်ပါပြီ....(မှန်ပါ့)သဘောပါကြပလား (ပါပါပြီဘုရား)။

ကဲဒါဖြင့် ဒီ ဒိဋ္ဌိနှစ်ခုလွတ်အောင် မျက်လုံး အမြင်ရအောင် လုပ်ကြပါနော် .... ( မှန်ပါ့ ) မျက်လုံးအမြင် မရသေးယင် ဒီပုဂ္ဂိုလ်၏ စရိုက်ကို ဘုရားက ရှင်းပြမယ်ကွာတဲ့၊ မျက်လုံးအမြင် မရသေးတဲ့ပုဂ္ဂိုလ်၏ စရိုက်ကို သေသေချာချာ ရှင်းပြမယ်တဲ့.... (မှန်ပါ့)သေသေချာချာ နားထောင်ကြနော်....(မှန်ပါ့)။

သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ဟာကွာတဲ့ မျက်လုံးအမြင် မရသေး ဘော့ သူ့စိတ္တုပ္ပါဒ် ဒီလိုဖြစ်တတ်တယ်တဲ့၊ သူသိတယ်- ဟိုဘဝ ဒီဘဝရှိတယ်ဆိုတာလဲ သူသိတယ်....(မှန်ပါ့)။

သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်က ဒီဘဝသေလို့ရှိယင် ဟိုဘဝဖြစ်ရလိမ့်မယ်ဆိုတာလဲ သူသိတယ်....(မှန်ပါ့) ကောင်းတာလုပ်-ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်ဆိုတာလဲ သဿတဒိဋ္ဌိသမားက သိတာပါဘဲတဲ့....(မှန်ပါဘုရား)ရှင်းပြီနော်....(ရှင်းပါပြီ)။

ဟိုဘဝ ဒီဘဝရှိတယ်လို့ကော....(သိပါတယ်ဘုရား) ဘယ်ဒိဋ္ဌိရှိတဲ့သူတုံး....သဿတဒိဋ္ဌိရှိတဲ့သူပါဘုရား)။

ကောင်းပြီ ကောင်းတာလုပ် ကောင်း ကျိုး ပေး တယ်၊ မကောင်းတာလုပ်– မကောင်းကျိုး ပေးတယ်ကော သူမသိဘူးလား....(သိပါတယ်ဘုရား)။

ကောင်းပြီ သူသိတာ အခုနစ်ချက်ရှိသွားပြီ....( မှန်ပါ့ ) ပြီးတော့ သူသည် ကုသိုလ်ကျတော့ သူအင်မတန် ပြုရဲတယ်တဲ့....(မှန်ပါ့)အကုသိုလ်ကျတော့ သိပ်ကြောက်တယ်....(မှန်ပါ့)။

သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်၏ စိတ်နေစိတ်ထား ကုသိုလ်ကျတော့....(ပြုရဲပါတယ်ဘုရား) အကုသိုလ်ကျတော့.... (ကြောက်ပါတယ်ဘုရား)။

ဩော်....ခင်ဗျားတို့ကတော့ ဒါသူတော်ကောင်းလို့ ထင်လိုက်မှာဘဲ....(မှန်ပါ့)ကုသိုလ်တော့ သူသိပ်ပြုတဲ့လူဟေ့၊ အကုသိုလ်တော့ .... ( ကြောက်ပါတယ်ဘုရား ) ကြောက်တယ်တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

အင်း....ဘယ်ဒိဋ္ဌိရှိတဲ့သူတုံး.... (သဿတဒိဋ္ဌိရှိတဲ့သူပါဘုရား) ဒါက မဇ္ဈိမပဏ္ဏာသပါဠိတော် အဋ္ဌကထာ ဒီဃနခသုတ်မှာ လာတယ်....(မှန်ပါ့)။

အကုသိုလ်တော့ သူကြောက်တယ်၊ ကုသိုလ်တော့ ရဲရဲတင်းတင်းကို လုပ်တာဘဲ....(မှန်ပါ) အဲဒီတော့သူ့မှာ ဘာဒိဋ္ဌိရှိနေသတုံး....(သဿတဒိဋ္ဌိရှိနေပါတယ်ဘုရား)။

ကုသိုလ်တော့ ရဲရဲတင်းတင်းဘဲ၊ အကုသိုလ်ပြုရမှာတော့ သိပ်ကြောက်တာဘဲ....(မှန်ပါဘုရား)။

ပြီးတော့ တကယ့်သူတော်ကောင်း ဆရာကောင်းနဲ့တွေ့လို့ ဖြစ်ပျက်အလုပ်-လုပ်လို့ရှိယင်ဖြင့် နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ဆိုတဲ့ အခါကျတော့ နောက်ဆုတ်သွားတယ်...(မှန်ပါ) သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်၏ သဘောသွား....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကုသိုလ်တော့.... (ပြုရဲပါတယ်ဘုရား) အကုသိုလ်တော့.... (ကြောက်ပါတယ်ဘုရား)။

သြော်....ခင်ဗျားတို့က ကြည့်လိုက်တော့ တကယ် သူတော်ကောင်းကြီးနော်....၊ ဦးသံဒိုင်တို့က ခင်ဗျားတို့စိတ်ကူးနဲ့ ဆိုယင်ဒါ သူတော်ကောင်းခေါ်မှာဘဲ.... (မှန်ပါဘုရား)ခင်ဗျားတို့က မသိရှာဘူး။

မသိရှာဘူးတဲ့၊သူ ကုသိုလ်ပြုတဲ့လူမို့ တော်ပါပေတယ်၊အကုသိုလ် အတော်ကြောက်တဲ့လူဟေ့....၊ လူတော်-လူတော်....၊ ခင်ဗျားတို့က ဆုံးဖြတ်ချက်ချလိမ့်မယ်....(မှန်ပါဘုရား)။

တကယ် ဒီ ထွက်ရပ်လမ်းတရားကျတော့ကို သူသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်တဲ့၊ ဘဝဘဏ္ဍာကငြိနေတဲ့အတွက် ထွက်ရပ်လမ်းကျတော့ သူ မလုပ်ချင်ဘူး....(မှန်ပါ)။

ထွက်ရပ်လမ်းကျတော့ (မလုပ်ချင်ပါဘုရား)ဟာ....ဘယ်ဒိဋ္ဌိ ရှိတဲ့လူတုံး....(သဿတဒိဋ္ဌိရှိတဲ့လူပါ)။

ယုတ်စွအဆုံး ဘုရားနဲ့ တွေ့၊ သူ မလုပ်ဘူးတဲ့.... (မှန်ပါ့) သဿတဒိဋ္ဌိသမားကလဲ ရဲတင်းလိုက်တဲ့ ဖြစ်ခြင်း... (မှန်ပါ့)။

ကုသိုလ်တော့ ...(လုပ်ပါတယ်ဘုရား) အကုသိုလ်ကျတော့.... (ကြောက်ပါတယ်ဘုရား)။

လုပ်လဲ မောင်သစ်တို့ မျက်လုံးနဲ့ကြည့်မယ်ဆို၊ နောက်က တကာ တကာမတွေ မျက်လုံးနဲ့ကြည့်မယ်ဆို၊ အို....ဒီလိုလူ ရှာမှ ရှား၊ ခင်ဗျားတို့တွေးကြမယ်တဲ့....( မှန်ပါ့)။

ဒီလိုလူဟာ....(ရှာမှရှားပါ)ဒီလူဘော့ နိဗ္ဗာန်နဲ့နီးပြီ၊အမယ် လေး ခင်ဗျားတို့က အပိုတောင်စွက်လိုက်သေးတယ်(မှန်ပါ့)။

နိဗ္ဗာန်နဲ့ နီးပြီလို့ အပိုတောင် စွက်ပါလိမ့်မယ်.... (မှန်ပါ့) မစွက်ပါနဲ့တဲ့၊ အဋ္ဌကထာဆရာက မဟုတ်ဘူးတဲ့၊ ဘုရားနဲ့တွေ့တဲ့ အခါတောင် သူ့အယူ မစွန့်နိုင်ဘူးတဲ့.... (မှန်ပါ့ဘုရား)သူ့ အယူစွန့်ဘို့ကို အင်မတန် ဝန်လေးတယ်တဲ့.... (မှန်ပါ့ဘုရား)။

ဘုံစဉ် စံချင်တဲ့သဘော စွန့်ဘို့ရာ.... (အင်မတန်ဝန်လေးပါ တယ်ဘုရား) ဝန်လေးတယ်တဲ့။

ဒါကြောင့် သူ သည်လည်း အပြစ်သေးပြီးသကာလ အဖြတ် ခက်တယ်....(မှန်ပါ့)။

သဿတဒိဋ္ဌိသမားဟာ ဘာတုံး.... (အပြစ်သေးပြီး အဖြတ် ခက်ပါတယ်ဘုရား)။

ဩော်....အပြစ်တော့ သေးပါတယ်တဲ့ သဿတ ဒိဋ္ဌိ ရှိတဲ့ ပုဂ္ဂိုလ်ဟာ၊ ကုသိုလ်လဲလုပ်သေးတာကိုးဗျ.... (မှန်ပါ့)။

အပြစ်တော့သေးတာပါဘဲ.... (မှန်ပါ့)အဖြတ်ကျတော့ သိပ်ခက်တယ်....(မှန်ပါ့)။

တကာ တကာမတို့ ဘာတဲ့တုံး....(အပြစ်တော့သေးပါတယ် အဖြတ်ခက်ပါတယ်ဘုရား)။ ဘာဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်လဲ.... (သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ပါဘုရား)။

ကဲ....ဦးသံဒိုင် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ ပုဂ္ဂိုလ်မြင်တိုင်း အကဲခတ်နည်းကို အခု သေသေချာချာပြောပြီ....(မှန်ပါ့) ခင်ဗျားတို့ကတော့ ရမ်းပြီးချိုးမွှမ်းချင် ချိုးမွှမ်းနေတာ.... (မှန်ပါ့) ခင်ဗျားတို့ အသွားကလေ.... (မှန်ပါ့)ရမ်းချိုးမွှမ်းတာတွေများနေတယ်.... (မှန်ပါ့)မများဘူးလား....(များပါတယ်ဘုရား)။

အို....ဒီလူက ကုသိုလ်လဲသိပ်ပြုတာဘဲ၊ အကုသိုလ်ကျတော့လဲ ပိုး ရွ ခြ ပုန်းကစုပြီးသူ့ခများမှာ သတ်ဘို့ဖြတ်ဘို့ဆိုတာ အတော်ဝန်လေးတယ်၊ ဒီလိုလူမှ နိဗ္ဗာန်မရောက် ဘယ်သူရောက်ဦးမတုံးကွ၊ အံမာ ခင်ဗျားတို့က သိပ်အမွှမ်းတင်ပြစ် လိုက်တယ်.... (မှန်ပါ့) မတင်ပေဘူးလား.... (တင်ပါတယ်ဘုရား)။

တင်လိမ့်မယ်တဲ့၊ တင်ပင် တင်ငြားသော်လဲမဟုတ်ဘူးတဲ့၊ သူဟာ ဒန္ဓဝိရာဂီ....တဲ့၊ ဒန္ဓဝိရာဂီဆိုတာဘာတုံးလို့မေးတဲ့အခါ ကျတော့သူဟာ ခန္ဓာဖြတ်ဘို့ရာ အလုပ်ကျတော့အတော်ကို ဝန်လေးသတဲ့....(မှန်ပါ့)။

ခန္ဓာဖြစ်ပြီး နိဗ္ဗာန်သွားဘို့ရာ အလုပ်ကျတော့ သူပျော်နေတဲ့ဥစ္စာကို မစွန့်နိုင်ဘူးတဲ့.... (မှန်ပါ့)ဒါ....ဘယ်ဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်တုံး.... (သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ပါဘုရား)။

ဒါ အပြစ်သေးပြီးသကာလ နိဗ္ဗာန် ဝန်လေးတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူတုံး.... (သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ပါဘုရား)။

အပြင်ကတော့ သေးသတဲ့၊ သူကုသိုလ်တွေ အားကြီးလုပ်တဲ့လူဘဲ.... (မှန်ပါ့) အပြစ်ကတော့ သေးပါတယ်- မရှိပါဘူးတဲ့ (မှန်ပါ့) သို့သော်လဲတဲ့ ဘုရားနဲ့ တွေ့သည်ဖြစ်စေ- ဘုရား၏တပည့်သားနဲ့ တွေ့သည်ဖြစ်စေ သူ့အယူကို မြန်မြန်ကြီးစွန့်ဘို့အတော်ခဲယဉ်းတယ်တဲ့.... (မှန်ပါ့ဘုရား)။

မြန်မြန်ကြီးစွန့်ဘို့.... (ခဲယဉ်းပါတယ် ဘုရား) အင်မတန်ခဲယဉ်းသတဲ့ ဒိဋ္ဌိကခံနေတာ.... ( မှန်ပါ့ ) ဘာဒိဋ္ဌိတုံး.... (သဿတဒိဋ္ဌိပါဘုရား)။

ခြောင်....ကြောက်စရာကြီးပါလား....(မှန်ပါ့) ခင်ဗျားတို့ကလဲ ရမ်းပြီး ချီးမွမ်းတက်တာနဲ့ သူ့သဘောကလဲ နူးညွှတ်တာနဲ့ ( မှန်ပါ့ ) သူ့ သဿတဒိဋ္ဌိသဘောက သိပ် နူးညွှံတယ်.... (မှန်ပါ့) သူတော်ကောင်းယောင် ဆောင်ပြီးတော့ ထွက်လမ်းကို မသွားတဲ့ဘူး....(မှန်ပါ့ဘုရား)။

သူတော်ကောင်းယောင်တော့....(ဆောင်ပါတယ်)ထွက်လမ်းတော့....(မသွားပါဘုရား)။

မသွားဘူး၊ဒါ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာမှာ ဒီအတိုင်းကိုဘဲပြပါတယ်....(မှန်ပါ့ဘုရား)။

အပြစ်တော့....( သေးပါတယ်ဘုရား ) သူ့အယူ စွန့်ဘို့ကျတော့....(ခဲယဉ်းပါတယ်)ခဲယဉ်းတယ်၊ အချွတ်ခက်တယ်ကွတဲ့ သဿတဒိဋ္ဌိသမားဟာ.... (မှန်ပါ့) ရိပ်မိပလား....( ရိပ်မိပါပြီဘုရား )။

ဘာတဲ့တုံး.... (သဿတဒိဋ္ဌိသမားဟာ အချွတ်ခက်ပါတယ်ဘုရား)။

အချွတ်ခက်တယ်တဲ့၊ ကုသိုလ်တော့ မပြုဘူးသလား...(ပြုပါတယ်ဘုရား) အကုသိုလ် ဆိုယင်ကော....( ကြောက်ပါတယ်ဘုရား )။

ဟာ....ဒီလိုဆိုယင် ခင်ဗျားတို့ အကြိုက်တော့ တော်တော်ကျသွားပြီ....(မှန်ပါဘုရား) အတော်ကျသွားပြီ၊မကျဘူးလား....(ကျပါတယ်ဘုရား)။

ဩော်...ဒီလူမျိုးမှ နိဗ္ဗာန်မရောက်ယင် ရောက်စရာမရှိဘူးဟေ့-လို့တောင် ခင်ဗျားတို့ သူ့အတွက် ချီးကျူးတဲ့ဂုဏ်ဘွဲ့ဟာ နည်းမှာမဟုတ်ပါဘူး....(မှန်ပါဘုရား)။

မရောက်ဘူးကွတဲ့ ဘုရားက၊ မရောက်နိုင်ဘူးဘဲ၊ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ သူသည် အပြစ်တော့သေးပါတယ်တဲ့၊ သူ့အယူကို သူစွန့်ဘို့ ကျတော့ ဥစ္ဆေဒထက်သူက ငြိသေးသတဲ့....( မှန်ပါဘုရား ) ဘဝတဏှာ အားကြီးတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သဿတနဲ့ ဥစ္ဆေဒက ဘာသာမတုံး စိတ်နေ စိတ်ထားသဘောသွားကို ယနေ့ရှင်းပြတော့ကိုနုနုနဲ့ ကြောက်စရာကောင်းတာက သဿတဒိဋ္ဌိ..(မှန်ပါဘုရား)။

နုနုနဲ့ ကြောက်စရာ ကောင်းတာက .... (သဿတဒိဋ္ဌိပါ ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကြည့်စမ်း....၊ဟိုဘဝဒီဘဝရှိတာလဲ သူသိတယ်တဲ့....(မှန်ပါ့) ကောင်းတာလုပ် ကောင်းကျိုးပေးတယ် ဆိုတာကော....(သိပါတယ်)မကောင်းတာလုပ် မကောင်းကျိုးပေးတယ်ကော.... (သိပါတယ်) ကုသိုလ်ကော.... (သိပါတယ် ဘုရား) အားကြီးပြုတယ်၊ အကုသိုလ်ကျတော့....(ကြောက်ပါတယ်ဘုရား)။

သို့သော်တဲ့ ဘုရားနဲ့ တွေ့တွေ့ တကယ့် သူတော်ကောင်းနဲ့ တွေ့တွေ့ကျတော့ သူ့ဟာယူ စွန့်ခဲ့တယ်က....(မှန်ပါ့)။

ဘဝတဏှာ ဘယ်လောက်ကြီးတယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ)၊

ဘဝတဏှာ....(အလွန်ကြီးပါတယ်ဘုရား)ရှင်းပြီနော်....(ရှင်းပါပြီ)။

အဲဒါ သဿတ ဒိဋ္ဌိ ရှိတဲ့ ပုဂ္ဂိုလ်၏ စိတ်နေစိတ်ထားဟာ သံသရာရှည်လျားနေတာ သူ့သဘောသွားဟာ ဒါကြောင့်ဘဲ- (မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

အင်း....သဿတဒိဋ္ဌိကလဲ နုပြီးတော့ အဖြတ် ခက်တယ်.... (မှန်ပါ့ဘုရား)။

ခလေးမွေးစပေါက် ဆံပင်ကလေးကို အင်း....ဆံပင်ကလေးတွေတော့ အနုကလေးတွေဘဲလို့ ဆိုပြီးသကာလ ခင်ဗျားတို့ သွားမရိတ်နဲ့၊ အရိတ်ခက်တယ်....(မှန်ပါ့ဘုရား)ဘာဖြစ်လို့တုံး (နုလို့ပါဘုရား)။

နူနေပြန်တော့လဲ လုံးခံနေတယ်၊ ရိတ်မရဘူး.... (မှန်ပါ) ရိပ်မိလား.... (ရိပ်မိပါပြီ) ကြမ်းကြမ်းတမ်းတမ်းဆိုယင် ရိတ်လို့လွယ်တယ်၊ဓါးထက်ထက်နဲ့ ရိတ်လိုက်လို့ရှိယင် ...(မှန်ပါ)။

ဟိုမှာ ဓါးထက်ထက်နဲ့ ရိတ်လိုက်လို့ရှိယင် လုံးခံနေတယ် (မှန်ပါ့ဘုရား)။

ကဲ ...ဒီ တကာ့ကာကာမတွေကော ဘယ်အထဲကတုံး....အရိတ်ခံတဲ့ထဲကများ ကျနေသလား....။

ခင်ဗျားတို့ အရိုက်ခံက်တယ် မခက်တယ်ဆိုတာ ခင်ဗျားတို့ ကိုယ်ကို ခင်ဗျားတို့အကဲခတ်ဘို့ ဒီဘုရားက ပြောလိုက်သည်.... (မှန်ပါ့ဘုရား)ကဲ-မပြောသေးဘူးလား (ပြောပါတယ်ဘုရား)။

ဩော်....ဒို့ဟာ ဘယ်အမျိုးအစားထဲက ဘာပါလိမ့်တုံး-လို့ ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ကိုယ့်ဟာကိုယ် နှလုံးပေါ်လက်တင်စဉ်းစားလို့ရှိယင် ငါ....သဿဘဒ္ဒိဌဘဲဆိုတာ သူက ပြောလာပါလိမ့်မယ်.... (မှန်ပါ့ ဘုရား) မပြောပေဘူးလား.... (ပြောပါတယ်ဘုရား)။

ကောင်းပြီ သဿဘဒ္ဒိဌရှိနေယင် စွန့်ခဲ့သို့ နိဗ္ဗာန်မရဘူးကွ....တဲ့....(မှန်ပါ့ဘုရား)ပေါ်ကြပလား.... (ပေါ်ပါပြီ) တယ်လဲ ကြောက်စရာကောင်းပါလား .... (ကြောက်စရာကောင်းပါတယ်ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ကတော့ကွာဘဲ့ အပြစ်ဘော့ကြီးတယ်ကွတဲ့.... (မှန်ပါ) အယူတော့ စွန့်လွယ်တယ်....(မှန်ပါ့)သူကတမျိုး....(မှန်ပါ့)။

ဟိုကတော့ အပြစ်သေးပြီး စွန့်ခဲ့တယ်.... (မှန်ပါ) ဥစ္စာဒ ဒိဋ္ဌိသမားကတော့.... (အပြစ်ကြီးပြီး စွန့်လွှယ်ပါတယ်)။

အဲဒီတော့သူ့ကိုငါ ရှင်းပြမယ်....တဲ့၊ ဟိုဘဝ ဒီဘဝရှိတယ်ဆို တာ သူယူပါတယ်တဲ့ ဥစ္စာဒသမားကလဲ၊ ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေး တယ်လဲ သူသိတယ်တဲ့၊ဒါ...ဥစ္စာဒဒိဋ္ဌိရှိငြားသော်လဲ....(မှန်ပါ) သို့သော်လဲ ကုသိုလ်တော့ ဘယ်တော့မှ မပြုဘူးတဲ့....(မှန်ပါ) ကုသိုလ်လဲ မပြုချင်ဘူးတဲ့.... (မှန်ပါ) အကုသိုလ် ကျတော့ ဥစ္စာဒသမာ မို့ ရဲရဲ တင်းတင်းကို ပြုတာဘဲတဲ့.... (မှန်ပါ) ဟိုဘက် ဘဝမှမရှိဘူး ယူထားတာကိုး....(မှန်ပါဘုရား)သဘော ကျပလား.... (ကျပါပြီဘုရား)။

ကုသိုလ်တော့....(မပြုပါဘုရား) အကုသိုလ်ကျတော့....(ပြုရဲ ပါတယ်ဘုရား) ရဲရဲတင်းတင်းပြုတာဘဲ.... (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

အခု မိစ္ဆာလမန်တို့ ဥပမာ.... နွားတွေဘာတွေ သတ်ပြီးနေကြ တယ်ဆိုတဲ့ဥစ္စာမျိုးကျတော့သူတို့ကဥစ္စာဒများတယ်....(မှန်ပါ) သေပြတ်တာဘဲ၊ ဘာကိုစ္စရှိသတုံး.... ဘဝမှဟိုဘက်အကျိုးခံစား စရာမရှိဘူး.... (မှန်ပါ)။

တနည်းအားဖြင့် ရှိတယ်ဆိုလို့ ရှိယင်လဲ သူတို့ဘုရားကခံလိမ့် မယ်....(မှန်ပါ) သူတို့ဘုရားက ခံလိမ့်မယ်ဖြစ်နေတယ်။

ပြီးတော့ ဘုရားနဲ့တွေ့တွေ့၊ ဘုရား၏ တပည့်သားနဲ့ တွေ့တွေ့ အယူကို မြန်မြန်စွန့်ပစ်တယ်.... (မှန်ပါဘုရား) တရားနာရလို့

ရှိယင် သူကမြန်သဘဲ့....(မှန်ပါဘုရား) မြန်ပြီးသကာလ သူက ကျွတ်ဘမ်းဝင်တယ်.... ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူက ဘာဒိဋ္ဌိတုံး.... (ဥစ္ဆေဒဒိဋ္ဌိပါဘုရား) တကာ့ဘကာမ တွေ ဥစ္ဆေဒဒိဋ္ဌိကဘဲ့ အပြစ်ကြီးပြီး စွန့်လွှယ်တယ်တဲ့....(မှန်ပါ ဘုရား) မှတ်မိကြပလား.... (မှတ်မိပါပြီဘုရား)။

ဥစ္ဆေဒဒိဋ္ဌိက.... (အပြစ်ကြီးပြီး စွန့်လွှယ်ပါတယ် ဘုရား) အပြစ်ကြီးပြီး စွန့်လွှယ်တယ်တဲ့။

ကဲ...ဒါဖြင့် တကာတကာမတွေ.... ဥစ္ဆေဒနဲ့ သဿတ ဘယ် ဟာ ကြောက်စရာကောင်းသတုံး.... (သဿတက ကြောက်စရာ ကောင်းပါတယ်ဘုရား)။

အင်း.... ခင်ဗျားတို့ကလဲ အဲဒါများတယ်....(မှန်ပါဘုရား) မများဘူးလား.... (များပါတယ်ဘုရား)။

အကုသိုလ်ကျတော့ ခင်ဗျားတို့ ဘယ့်နှယ် နေကြသတုံး.... (ကြောက်ပါတယ်ဘုရား) ကုသိုလ်ပြုဘို့ကျတော့.... (ရဲပါတယ် ဘုရား) ရဲဘယ်ဆိုကတည်းက သူ့သတ္တိမပေါ်သေးဘူးသား.... (ပေါ်ပါပြီဘုရား)။

အင်း.... တကယ်ဘမ်း နိဗ္ဗာန်ရောက်တဲ့အလုပ်ကို ဘုရားက ဟောဟော.... ဆရာသမားကဟောဟော ဆိုတဲ့အခါကျတော့ အင်း....တစတစတော့ ရအောင်လုပ်ရမှာဘဲ၊ ဒီဘက်လှည့်လာ တယ်.... ( မှန်ပါ ဘုရား ) ဘာတုံးသူက.... (သဿတဒိဋ္ဌိပါ ဘုရား) သဿတဒိဋ္ဌိသမား၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဒါက....သူများအကဲခတ်ဘို့ ဟောတဲ့တရားလို့ မယူနဲ့ (မှန်ပါ)

ကိုယ့်ကိုယ် အကဲခတ်ကြပါဆိုတဲ့တရား.... (မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ငါ....သဿတရှိတယ်ဆိုလဲ မျက်စိအမြင်ရအောင် လုပ်ပေး.... (မှန်ပါ့) ငါ....ဥစ္စာဒရှိတယ်ဆိုယင်ကော(မျက်စိအမြင်ရအောင် လုပ်ပေးရပါမယ်) မျက်စိအမြင်ရယင် နှစ်ခုစလုံး ပျောက်တယ်... (မှန်ပါဘုရား)။

မျက်စိအမြင်ရယင်.... ( နှစ်ခုစလုံးပျောက်ပါတယ်ဘုရား ) နှစ်ခုစလုံးပျောက်တယ်၊ ဒါကြောင့်ဘုရားက သေသေချာချာဘဲ ဥဒါန်းပါဠိတော်မှာ ဟောပါတယ်ဆိုတာ ကျေကျေနပ်နပ် သဘောကျဘို့ ကောင်းပါတယ်....(မှန်ပါဘုရား)သဘောပါကြပလား....(ပါပါပြီ)။

ကိုယ့်ဟာ ကိုယ်ကော အကဲခတ်တတ်ပလား .... (ခတ်တတ်ပါပြီ) သူများကိုမပြောနဲ့နော်....(မှန်ပါ့) ပြောလို့လဲမဖြစ်ဘူး၊ ကိုယ့်ဟာကိုယ်တော့ သိတယ်....(မှန်ပါဘုရား)။

ငါက သဿတသန်တယ်၊ ငါ့ဝမ်းထဲမှာ....(မှန်ပါ့)ငါ့ဥစ္စာဒ သန်တယ်....(မှန်ပါ့)အင်း.... ဒါ လူတိုင်းမှာသိမယ်.... (မှန်ပါ့)။

အခု ကိုယ့်ကိုယ်·ကိုယ် ဆင်ခြင်ဘို့ ကြည့်ပါလား၊ဥစ္စာဒ သမားက ဟိုဘဝ ဒီဘဝရှိတယ်ဆိုတာ သူသိပါတယ်တဲ့....(မှန်ပါ့) ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာ လုပ် မကောင်းကျိုးပေးတယ်ကော....(သိပါတယ်ဘုရား)။

သို့သော် သူကုသိုလ်ကျတော့....(မလုပ်ပါဘုရား) မလုပ်ဘူးတဲ့၊ အကုသိုလ်ကျတော့....(လုပ်ရဲပါတယ်ဘုရား) ရဲရဲတင်းတင်း

လုပ်တယ်တဲ့....(မှန်ပါ့)ဒါက ဥစ္စာဒသမားရဲ့ စိတ်နေစိတ်ထား သဘောသွားပါဘဲတဲ့....(မှန်ပါ့)ရှင်းပြီ....(ရှင်းပါပြီ)။

နောက်ကျတော့ ဘုရားနဲ့တွေ့တွေ့၊ ဆရာကောင်း သမား ကောင်းနဲ့တွေ့တွေ့ တခါတည်း သူ့အယူချက်ခြင်း စွန့်တယ်.... (မှန်ပါ့) တခါတည်း ကျွတ်သွားတာဘဲ... (မှန်ပါ့)။

နောက်ဆုံးပိတ် ဘုရားအဖြစ်ဘောင် သူယူတယ်တဲ့ ဥစ္စာဒ သမားက....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဘယ်ဟာက နိဗ္ဗာန်နဲ့နီးသတုံး .... (ဥစ္စာဒသမားက နိဗ္ဗာန်နဲ့နီးပါတယ်ဘုရား)။

ဥစ္စာဒကနီးတယ်....(မှန်ပါ့) ခင်ဗျားတို့က ဘာကြိုက်နေ သတုံး....( သဿတကြိုက်နေပါတယ် ) သဿတကြိုက်နေယင် တော့ ဝေးပါပြီ...(မှန်ပါဘုရား) သဿတကြိုက်ယင် နိဗ္ဗာန်နဲ့ ဝေးတယ်ဆိုတာ သေချာတယ်....(မှန်ပါဘုရား)။

ကိုင်း ဒါတွေက အင်မတန်လဲ ကြားရခဲတော့ ကိုယ့်အကဲ ကိုယ်ခတ်တဲ့နည်း.... (မှန်ပါဘုရား) သူများ အကဲခတ်တဲ့နည်း မဟုတ်ပါဘူး....(မှန်ပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

ဒါ ဘာတုံးဗျ....( ကိုယ့်အကဲကိုယ်ခတ်တဲ့နည်းပါဘုရား ) ကိုယ့် အကဲကိုယ်ခတ်တဲ့နည်းဆိုတော့ ဘာဘဲရှိရှိ တကာတကာမ တွေ ဒီနှစ်ခု တခုခုတော့ရှိမှာဘဲ .... (မှန်ပါဘုရား) ရှိပင်ရှိငြား သော်လဲ ဒါဟာ မျက်စိမမြင်သေးလို့ရှိတာ .... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) မျက်စိမြင်လာယင် ပျောက်တာဘဲ.... (ပျောက်ပါတယ်ဘုရား)။

ဘယ်နှယ် မှတ်ကြမယ် .... (မျက်စိမြင်လာယင်ပျောက်ပါတယ်ဘုရား)။

မျက်စိသာမြင်လာတဲ့ တနေ့ကျတော့ တကာ တကာမတွေ မှတ်လိုက်ပါတဲ့၊ ဒီနှစ်ခုစလုံး အကုန်ပျောက်တယ်....(မှန်ပါ့)။

ဖြစ်ပျက်ကို ဝေဒနာကလေး၏ ဖြစ်ပျက် စိတ်ကလေး၏ ဖြစ်ပျက်ကို ခင်ဗျားတို့မြင်တဲ့ အခါကျတော့ အဖြစ်မြင်သဖြင့်လဲတဲ့ တကာ တကာမတို့ ဥစ္ဆေဒလွတ်ပါတယ်.... ( မှန်ပါ့ ) အပျက်မြင်သဖြင့်လဲ သဿတလွတ်ပါတယ်....(မှန်ပါ့)။

ဒါကြောင့် ဖြစ်ပျက်ဟာ ကျေးဇူးများတယ် ပြောတာ.... (မှန်ပါ)ဒီနှစ်လုံးကို သေသေချာချာမှတ်ပါ....(မှန်ပါ့)။

အဖြစ်မြင်ယင်....(ဥစ္ဆေဒပျောက်ပါတယ်ဘုရား)အပျက်မြင်ယင်....(သဿာဘပျောက်ပါတယ်ဘုရား)။

ဒါကြောင့်ဘုရားက ဥဒယဗ္ဗယ ဟောပေဘာဘဲ....(မှန်ပါ့) ပါဠိတော်တွေ အကုန်ရှောက်ကြည့်၊ ဥဒယဗ္ဗယ သူအဓိကထားတယ်....(မှန်ပါဘုရား)။

ဘုရားပါဠိတော်တွေ ဘယ်လောက်ဘဲ ပိဋကတ်သုံးပုံဟော ထားထား ဥဒယဗ္ဗယအရေးကြီးသဟေ့.... (မှန်ပါ့)။

ဘာဖြစ်လို့ဒါလောက် အရေးကြီးတယ်လို့ ဟောပါလိမ့် မတုံး မေးတော့မှ ဒိဋ္ဌိတော်လှန်နိုင်တာ သူဘဲရှိတယ်....(မှန်ပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာတော်လှန်နိုင်တာတုံး(ဒိဋ္ဌိတော်လှန်နိုင်တာပါဘုရား)ဒိဋ္ဌိ တော်လှန်နိုင်တာတော့ သူဘဲရှိတယ် ဆိုတာတော့ ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

ဩော်.... ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့ အခုလို သာသနာတွင်း ကြုံတဲ့ အချိန်မှာ ဒီဟာဖြင့် လုပ်ဖြစ်အောင် လုပ်ရလိမ့်မယ်....(မှန်ပါဘုရား)။

ဒါမှ မလုပ်ဖြစ်လို့ရှိယင်ဖြင့် တဘက်ဘက် စောင်းတော့ မယ်....(စောင်းတော့မှာပါဘုရား)မစောင်းပေဘူးလား(စောင်း ပါတယ်ဘုရား)။

သဿတဘက်ယင်လဲ....(စောင်းမှာပါဘုရား)ဥစ္ဆေဒဆရာနဲ့ တွေ့ယင်လဲ....(စောင်းမှာပါဘုရား)။

အဲ....စောင်းလိမ့်မယ်တဲ့၊စောင်းလို့ရှိယင်လဲ အလည်မရောက် တော့ဘူ....(မရောက်ပါဘုရား) စောင်းယင်.... (အလည်မရောက် ပါဘုရား)။

စောင်းယင် ဘယ်တော့မှ အလည်မရောက်ဘူးဆိုတာ ဆုံး ဖြတ်ချက်ချပါ....(မှန်ပါ)။

ဒါဖြင့် အလည်ရောက်ချင်လို့ရှိယင် မျက်စိအမြင်ရမှဖြစ်မှာ ဘဲ....(မှန်ပါ)။

အလည်ရောက်ချင်ယင်(မျက်စိအမြင်ရမှ ဖြစ်မှာပါဘုရား)။ ဒါဖြင့် ခင်ဗျားတို့ လုပ်နေတဲ့ အလုပ်ဟာ ဆရာဘုန်းကြီး က နေ့တိုင်း ဟော့....ဖြစ်ပျက်ကလေးများ တွေ့ရဲ့လားဟေ့....၊

အင်း....တကာ တကာမတွေ လာလို့ရှိယင် အလုပ်သမားတွေ ဆိုယင် မေးပြီ....(မှန်ပါ)ဘာဖြစ်လို့ မေးရတာတုံးဆိုတာ ဦးသံ ဒိုင် ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)မမေးသင့်ဘူးလား....(မေးသင့် ပါတယ်ဘုရား)။

မျက်လုံးမြင်ပလားကွ....( မှန်ပါ ဘုရား ) အရှုးပျောက် ပလားကွ....(မှန်ပါဘုရား)ဒါ မေးလိုက်တာဘဲ....(မှန်ပါ)။

မျက်လုံးမြင်ပလားဟေ့၊ အရှုးပျောက်ပလားဟေ့(မှန်ပါ) အင်း မင်း-ဒါဖြင့် အလယ်လမ်းရောက်ပဟေ့၊ ကြိုးစား-ကြိုးစား၊ ဒါ မင်း နောက်ဆုံးပိတ်ဘဝဘဲ.... (မှန်ပါ ဘုရား) ဒီကျအောင် ခင်ဗျားတို့ ကျေးဇူးများလို့ ဒါပြောနေရတာ....(မှန်ပါဘုရား) သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဘယ်နှယ် လုပ်ကြမှာတုံး....( အလယ်လမ်းရောက် အောင် လုပ်ရမှာပါဘုရား)။

အလယ်လမ်းရောက်အောင် ဘာကြည့်မှ အလယ်လမ်းရောက် မှာတုံး....( ဖြစ်ပျက် ကြည့်ရမှာပါ ) ဖြစ်ပျက်မြင်မှ ဖြစ်မယ်.... (မှန်ပါ)။

ခန္ဓာကိုယ်ထဲမှာ ဖြစ်မှုပျက်မှုကလေးတွေ မြင်လို့ရှိယင်တော့ ဖြင့်၊ အကုန်မြင်ဘို့ မဟုတ်ပါဘူး၊ ဒီနေရာ ဝေဒနာပေါ်တယ်၊ ဒီနေရာ ဝေဒနာမရှိဘူး သိဘို့ဘဲ....(မှန်ပါ) ဒီနေရာမှာ စိတ် ပေါ်တယ်၊ ဒီနေရာမှာ စိတ်မရှိဘူး သိဘို့ဘဲ....(မှန်ပါ)သဘော ကျလား....(ကျပါပြီ)။

အဲဒီကဲ့သို့ စိတ်ရှုတဲ့ ပုဂ္ဂိုလ် စိတ်၏ ဖြစ်ပျက်ကို မြင်ယင် ပြီးတာဘဲ....(မှန်ပါ့)ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်....(ဝေဒနာ၏ဖြစ်ပျက် မြင်ယင် ပြီးတာပါဘဲ)။

အဲဒါ မျက်စိနှစ်ကွင်း အလင်းရတယ်ဆိုတာဖြင့် ခင်ဗျား တို့ သေချာပါပြီ....(မှန်ပါ့ ဘုရား) မသေချာသေးဘူးလား.... (သေချာပါပြီဘုရား)။

ကိုင်း ဒါဖြင့် မျက်စိဖြင့် အလင်းရဲ့ဘို့ အရေးဟာ ဆရာ ဘုန်းကြီး တော်တော် ပြောတာဘဲ....(မှန်ပါ့) ပြောလဲ ပြော ထိုက်ပေတာဘဲ....(မှန်ပါ့)။

ဒို့မှာ သဿတနဲ့ တခါတလေ နေရစ်ရတယ်....( မှန်ပါ့ ) တခါတလေကျတော့ ဥစ္ဆေဒနဲ့ နေရစ်ရတယ်.... ( မှန်ပါ့ ) ဘုရားတွေ ပွင့်သွားတဲ့ဥစ္စာ တခုခုနဲ့ ကပ်နေရစ်လို့ နေရစ်တာ၊ နို့မဟုတ်လို့ရှိယင် ပါလောက်တယ်....(မှန်ပါ့)။

တခါတလေ သဿတ ဆရာနဲ့ တွေ့ပြန်တော့ ဘယ် ရောက်သွားသတုံး၊ ဘုရားနဲ့ တွေ့ပေမဲ့ သဿတနောက် လိုက် သွားတယ်....(မှန်ပါ့) ကုသိုလ် ပြုပြီးသကာလ တခါတည်း နေ တော့တာဘဲ....(မှန်ပါ့)။

အကုသိုလ် မလုပ်နဲ့ကွာ....၊ ကုသိုလ်မှဟော့....ဆိုပြီးသကာလ သူသည်ကားလို့ ဆိုလို့ရှိယင် ရဲရဲတင်းတင်း နေလိုက်တာဘဲ.... (မှန်ပါ့)။

ရဲရဲတင်းတင်း နေပေမဲ့လဲ ခုနင်က ဘုရားနဲ့ တွေ့တဲ့အချိန် ကျတော့ သူ့မှာ သဿတဒိဋ္ဌိက ရှိနေတော့ ကျွတ်တမ်းဝင်ဘို့

နေ့ုးသွားတယ်....(နေ့ုးပါတယ်ဘုရား) မနေ့ုးဘူးလား....(နေ့ုးပါတယ်ဘုရား)။

ဥစ္စာဒိဋ္ဌိသမားကတော့ တကာ တကာမတို့....တဲ့ အင်း.... သတ်စရာရှိလဲ သတ်လိုက်မှာဘဲ၊ ပေးစရာရှိ မပေးဘဲ နေလိုက်မှာဘဲ....(မှန်ပါ့) သို့သော်လဲတဲ့ သူသည် ဘုရားနဲ့ တွေ့တွေ့ သူတော်ကောင်းနဲ့ တွေ့တဲ့အခါကျတော့ သူက သူ့အယူစနစ်ဘိုရာ အသွန်လျှင်မြန်သတဲ့....(မှန်ပါ့ဘုရား) ပေါ်ကြလား....(ပေါ်ပါပြီ)။

ဒါဖြင့် စရိုက်နဲ့ ဝေဘန်လိုက်တဲ့၊ စရိုက်နဲ့ ဝေဘန်လိုက်ယင် ခင်ဗျားတို့ ရှင်းသွားပါပြီ....(မှန်ပါ့)။

သဿတဒိဋ္ဌိသမားက ရာဂစရိုက်တဲ့....( မှန်ပါ့ ) ဥစ္ဆေဒသမားက ဒေါသစရိုက်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

သဿတဒိဋ္ဌိသမားက....(ရာဂစရိုက်ပါဘုရား) ရာဂစရိုက်ဆိုတော့ သူ့ ဘဝခင်တွယ်တာကိုး....(မှန်ပါ့ဘုရား)။

သဿတဒိဋ္ဌိသမားက....(ရာဂစရိုက်ပါဘုရား) ရာဂစရိုက်တဲ့၊ လောဘအားကြီးတဲ့ စရိုက်....(မှန်ပါ့)။

ဥစ္ဆေဒဒိဋ္ဌိသမားက....(ဒေါသစရိုက်ပါဘုရား)ဒေါသစရိုက်တဲ့၊ ကျုပ်က မလုပ်ဘူးဆိုယင် မလုပ်ဘူးဗျာဆိုတဲ့ဥစ္စာ ဥစ္ဆေဒသမား....(မှန်လှပါ)။

မလုပ်ဘူးဆိုယင် ကျုပ်က ဘယ်လိုခိုင်းခိုင်း မရတော့ဘူး၊ ကျုပ်က မလုပ်ဘူးဆိုယင် ခင်ဗျားအိမ်မှာ မလုပ်တော့ဘူး....

(မှန်ပါ) ခင်ဗျား တရာပေးလဲ မလုပ်ဘူး၊ တသောင်းပေးလဲ မလုပ်တော့ဘူး....(မှန်ပါ) သူက ဒေါသသမား၊ ထွက်မယ်ဆိုယင် ထွက်တာ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဟို....သဿတဒိဋ္ဌိသမားကတော့ အို....ဒီလိုဘဲ အပြောမှား- အဆိုမှားဆိုတာ ရှိတာဘဲ၊ ကျုပ်တော်တို့ ပဋ္ဌမ ဒီက သွားမလို့ စိတ်ကူးတာ မဟုတ်ဘူး....(မှန်ပါ) ဒီဟာ ဆရာကကောက်လို့ ရှိယင်လဲ တပည့်က ဖြောင့် တပည့်က ကောက်လို့ရှိယင်လဲ ဆရာကဖြောင့် သူက ဒီဘက် လှည့်သွားတယ်....(မှန်ပါဘုရား) သူက ဒီက မထွက်ချင်ဘူး၊ ရိပ်မိပလား....( ရိပ်မိပါပြီ )။

သဿတဒိဋ္ဌိကတော့ မထွက်ချင်ဘူးနော်....(မှန်ပါ) ဥစ္ဆေဒဒိဋ္ဌိကတော့...(ထွက်ချင်ပါတယ်)။

ဟော့....မပြန်ဘူး၊ ခင်ဗျားအိမ် ခြေဦးမလှည့်ဘူး(မှန်ပါ)။

အင်း....သူက ဥစ္ဆေဒဒိဋ္ဌိသမားက ထက်တယ်.... (မှန်ပါ) သဿတဒိဋ္ဌိသမားက ပျော့တယ်....(မှန်ပါ ပျော့ပါတယ်)။

သဿတဒိဋ္ဌိသမားက....(ပျော့ပါတယ်) ဥစ္ဆေဒဒိဋ္ဌိသမားက (ထက်ပါတယ်)။

အဲဒါ ကိုယ့်ကိုယ်ကို အကဲခတ်၊ ဒီနေ့ည တရားတွေဟာ သူများအကဲခတ်ဘို့ ဟောတာမဟုတ်ဘူး....(မှန်ပါဘုရား)။

ဘယ်သူအကဲခတ်ရမတုံး. .. (ကိုက့်ကိုယ်ကိုယ် အကဲခတ်ရပါမယ်ဘုရား)။

အင်း....ကိုယ့်ကိုယ် ကိုယ်အကဲခတ်ပါတဲ့ ! ဒါ ဒိဋ္ဌိက လာတဲ့ အသိချည့်သာမှတ် ... (မှန်ပါ) အမူအရာတွေကော.... (ဒိဋ္ဌိက လာတာပါ)ဒိဋ္ဌိကလာတဲ့ အမူအရာတွေချည့်ဘဲမှတ်ပါ(မှန်ပါ)။

ကောင်းပြီ ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာ မောင်သစ် ဘာမှကိုချင်းချက်မရှိဘူး၊ မင်းတို့က မရောက်ဘူးလို့သာ ခက်နေတာ၊ ချင်းချက်ကိုမရှိဘူး....(မှန်ပါ)။

ချင်းချက်ပါသေးရဲ့လား... (မပါပါဘုရား)မပါဘူး၊ပုဂ္ဂိုလ်စရိုက်ဝမ်းထဲကို ဟောတာ.... (မှန်ပါ) ဝမ်းထဲမှာ သူ့ဝမ်းထဲ ဘာရှိတယ်ကွ....၊ တခါတည်း ကုန်ရော....(မှန်ပါဘုရား)။

ငါ ဟောစရာကျန်ယင် ပရိနိဗ္ဗာန် မစံသေးပါဘူးကွ.... (မှန်ပါ)ဟောစရာမကျန်လို့ ....(ပရိနိဗ္ဗာန်စံတာပါ) ဆုံးမစရာ ကော.... (မကျန်တော့ပါဘုရား)တနည်း သူ ဆုံးမလို့ ကျွတ်တမ်းဝင်မည့်ပုဂ္ဂိုလ်....(မကျန်ပါဘုရား)။

မကျန်ဘူးတဲ့ ငါဟာ ပဥ္စဝဂ္ဂီအစ သုဘဒ္ဒအဆုံး ငါ့ကိစ္စ ကုန်ဘာဘဲကွ....တဲ့....(မှန်ပါ) သဘောပါပလား (ပါပါပြီ)။

အဲဒီတော့ သိက္ခာပုဒ်တွေလဲ ငါမရှိတဲ့ အခါကျတော့ သေးငယ်တာတွေနှုတ်ကွာ....၊ အကြီးတွေသာ ချန်ထားကွ....၊ သေးငယ်တာတွေ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တွေ ငါမရှိတော့ ဖြုတ်လိုက် အာနန္ဒာ၊ မှာပစ်ခဲ့တယ်....(မှန်ပါ) သဘောပါပလား.... (ပါပါပြီ)။

ကောင်းပြီ ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး တာဝန်ကုန်ပြီ၊ ဘုန်းကြီးများကလဲ ကိုယ်စားလည်လုပ်ပြီး ဟောပြန်တော့ ဘုန်းကြီးများတာဝန်လဲ အတော်ကုန်ပြီ....(မှန်ပါ)မကုန်ဘူးလား....(ကုန်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ဘာလုပ်မတုံးဆိုတော့ ခြောက်....ဘယ် ဒိဋ္ဌိရှိရှိ ဒို့ဆရာဘုန်းကြီးက ဟောထားတယ်၊ မျက်လုံးအမြင် ရယင် နှစ်ခုပျောက်တယ်.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။ ဒါကလေးက လိုရင်းဘဲ....(မှန်ပါ့)။

မျက်လုံးအမြင်ရယင်....(နှစ်ခုပျောက်ပါတယ်)။

ဒါကြောင့် အဖြစ်မြင်ယင် ဥစ္ဆေဒပျောက်ပါတယ်(မှန်ပါ့) အပျက်မြင်ယင်....(သဿတပျောက်ပါတယ်)။

သဿတပျောက်တယ်ဆိုကတည်းက ဖြစ်ပျက်နှစ်ခု မြင်က တည်းက ဦးသံဒိုင် ဘာကျန်မှာတုံး....(မကျန်ပါဘုရား)ကုန်ပြီ (မှန်ပါ့)မကုန်သေးဘူးလား.... (ကုန်ပါပြီ) ကုန်ယင် အလယ် လမ်းရောက်တာဘဲ... (မှန်ပါ့)သဘောပါပလား....(ပါပါပြီ)။

အဲဒီတော့ခင်ဗျားတို့ ဒီ အလုပ်မှတပါး ဒိဋ္ဌိသတ်နည်း နှိဿ ယည်းကလဲ ရှိကိုမရှိဘူး.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒီ အလုပ်မှတပါး(ဒိဋ္ဌိသတ်နည်း နိဿယည်းမရှိပါဘုရား)။

ဒိဋ္ဌိသတ်နည်း နိဿယည်း မရှိဘူး၊ ဒါဘဲ၊ ဘယ်ပါဠိတော် မှာ ဘာဟောဟော နောက်ဆုံးပိတ်ကျတော့ ပဋိစ္စသမုပ္ပါဒ် ကိုင် လာတာဘဲ....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ "ဝေဒနာ ပစ္စယာ တဏှာ၊ ဝေဒနာ နိရောဓါ တဏှာနိရောဓေါ၊ ဖဿပစ္စယာ ဝေဒနာ၊ ဖဿနိရော ဓါ ဝေဒနာ နိရောဓေါ။" ဒါတွေဟာ အတူတူဖြစ်ပြီး အတူတူ ပျက်တယ်ပြောတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါ ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ ပုဂ္ဂိုလ်တွေ၊ အခုတော့ ဘုန်းကြီးကလဲ ပဋိစ္စသမုပ္ပါဒ် နားလည်ဘို့ ထိုးထိုးထွင်းထွင်း လုပ်ထားပြန်တော့ တကာ တကာမတွေကလဲ နားလည်တော့ ဩော်....ဖဿ ချုပ်ယင် ဝေဒနာ ချုပ်မှာဘဲ....(မှန်ပါ့)။

ဖဿချုပ်ယင်....(ဝေဒနာချုပ်မှာပါ) အင်း....ဒါဖြင့် အဖြစ်နဲ့ အပျက် ရှိတာပါလား....၊ ဒီမှာ ခင်ဗျားတို့က ပဋိစ္စသမုပ္ပါဒ်က ပိုင်နေပြီ....(မှန်ပါ့)။

ပိုင်ပြီးသကာလ နေတော့ ဩော်....ဒို့ဟာ အလည်လမ်း ရောက်ပလား မရောက်ဘူးလားလို့ ကိုယ့်ဥစ္စာ သံသယမရှိနဲ့.... (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ကိုယ့်အတွက်က ဘယ်လိုဆိုကြမယ်-(သံသယမရှိနဲ့)သံသယ မရှိနဲ့ အလည်လမ်းဘဲ တက်နေတာဘဲ...(မှန်ပါ့)။

ဆုံးပလား...မဆုံးသေးဘူးလားဆိုတာသာ ဝေဘန်ရမယ်.... (မှန်ပါ့) အလည်လမ်းပေါ်တော့ ရောက်ပြီ....(မှန်ပါ့)ချော်ကျ စရာတော့ မရှိဘူး.... (မှန်ပါ့) တသံသရာလုံး နေခဲ့တာတော့ ဘေးလမ်းချည့်ရှောက်ခဲ့တယ်....(မှန်ပါ့)။

တသံသရာလုံးနေခဲ့တာတော့.... (ဘေးလမ်းချည့် ရှောက်ခဲ့ တာပါဘုရား)။

အဲ....အခုတော့ဖြင့် ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင် ဖြစ်ပျက် ကလေးတွေ တွေ့ပြီ....၊ ဒီနေရာ ယားတယ်။ ဟော....မရှိ ဘူး၊ ဟော....ဖြစ်လဲဖြစ်တယ်၊ ပျက်လဲပျက်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒီနေရာက နာတယ်၊နာတဲ့နေရာကလေးကြည့်လိုက်ယင် အင်း ဖြစ်လဲဖြစ်တယ်၊ ပျက်လဲပျက်တယ်....(မှန်ပါ)။

လောဘစိတ်ကလေး ပေါ်လာတယ်၊ကြည့်လိုက်တယ် ဖြစ်လဲ ဖြစ်ပြီး ပျက်လဲပျက်သွားတာဘဲ....(မှန်ပါ)။

ဒေါသစိတ်ကလေးပေါ်လာလဲ ကြည့်လိုက်၊ ဉာဏ်နဲ့ဘဲ ကြည့်၊ဖြစ်ပြီး ပျက်သွားတာဘဲ....(မှန်ပါ)မဖြစ်ဘဲနဲ့လဲ အပျက် တွေ့ပါမလား....(မတွေ့ပါဘုရား)။

အဲဒါတွေ သည်ကားလို့ ဆိုလို့ရှိယင် ဒါ အလည်လမ်း ရောက်တဲ့ ပုဂ္ဂိုလ်၊ မျက်လုံးမြင်တဲ့ပုဂ္ဂိုလ်၊အရှူး အကန်းပျောက် တဲ့ ပုဂ္ဂိုလ်၏ မျက်လုံးအမှန်လို့ သေသေချာချာမှတ်ပါ(မှန်ပါ ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ကယ်မည့်ယူမည့်တရား၊ဒိဋ္ဌိသတ် ဟရားကတော့ဖြင့် ဦးသံဒိုင် တွေ့ပြီ...(တွေ့ပါပြီဘုရား)မခတွေ့သေးဘူးလား....(တွေ့ ပါပြီဘုရား)။

ဘာတွေ့သတုံး....၊ ဖြစ်ပျက်မြင်အောင် ကြည့်ရမယ်.... (မှန်ပါ)။

မရှိတာအကြည့်ခိုင်းတာလား၊ဘုရားက မရှိတာအကြည့်ခိုင်း တာလား....(ရှိတာအကြည့်ခိုင်းတာပါဘုရား)။

ရှိတာအကြည့်ခိုင်းလို့ရှိယင်ဖြင့် ခင်ဗျားတို့ အရှူး အကန်း သာပျောက်လို့ရှိယင် တွေ့ရမယ်.... (မှန်ပါ) အရှူး အကန်း မပျောက်သေးယင်တော့....(မတွေ့ပါဘုရား)။

မတွေ့နိုင်ပါဘူးဆိုတော့ အရှုံး အကန်း မပျောက်လို့ ရှိယင် ဖြင့် ဒိဋ္ဌမုတ္တကဆိုတဲ့ ဒိဋ္ဌိရှုံးကလဲ ရှိသေးတယ်.... ( မှန်ပါ ) ရာဂမုတ္တကဆိုတဲ့ ရာဂရှုံးကလဲ ရှိသေးတယ်.... (မှန်ပါ) မောဟမုတ္တကဆိုတဲ့ ဘဝမှမမြင်တဲ့ အရှုံးကလဲ ရှိသေးတယ်....(မှန်ပါဘုရား)။

ဒီအရှုံးတွေကို တကာတကာမတို့က ဒီဖြစ်ပျက်တလုံး နိုင်မှ ဒီ အရှုံးတွေကလဲ ပျောက်တယ်.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒီဟာမြင်မှလဲ သဿတ ဥစ္ဆေဒကလဲ ကွာတယ်....(ကွာပါတယ်ဘုရား)ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါးရှိတဲ့ အနက်က ချုံးလိုက်ယင် သဿတ ဥစ္ဆေဒဘဲရှိမယ်....(မှန်ပါဘုရား)။

ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါး ရှိပါတယ်၊ ရှိပင်ရှိငြားသော်လဲ ချုံးလိုက်တဲ့အခါကျတော့....(သဿတ ဥစ္ဆေဒဘဲရှိပါတယ်ဘုရား)။

အဲ....သဿတ ဥစ္ဆေဒဘဲရှိတယ်၊ ခိုင်တာရယ် ပြတ်တာရယ် ဒါဘဲရှိမှာဘဲ....(မှန်ပါ)။

ခိုင်တာရယ် ပြတ်တာရယ်.... (ဒါဘဲရှိပါတယ်ဘုရား)။

ဒါဘဲရှိတော့ ခန္ဓာက ပြောတယ်၊ ကျုပ်ဟာ ခင်ဗျားရှေ့တွင်ဘဲ ပေါ်ပါပြီ၊ ခင်ဗျားရှေ့တွင်ဘဲ ပျက်သွားပါပြီ၊ ကျုပ်ဟာ ခင်ဗျား ဘယ်လို ထင်မြင်ပြီးသကာလ နေငြားသော်လဲ ခင်ဗျားရှေ့မှာဘဲ ကျုပ်ပေါ်လာတယ်၊ခင်ဗျားရှေ့မှာဘဲ ပြတ်ပါတယ်ဆိုတဲ့ ဥစ္စာကို ဘယ်သူကပြောပါလိမ့်.... (ခန္ဓာကပြောပါတယ်ဘုရား)။

ခန္ဓာကပြောတယ်၊ နာမ် ခန္ဓာက ပြောယင်လဲ ပြောမယ်၊ရုပ် ခန္ဓာက ပြောယင်လဲ....(ပြောမှာပါဘုရား)။

ပြောမှာဘဲတဲ့၊ အဲဒီ့ပြောတာကို ကိုယ်က သူကတော့ဖြင့် မပြောတဲ့နေ့ မပြောတဲ့အချိန် မပြောတဲ့စက္ကန့် မရှိပါဘူးတဲ့.... (မှန်ပါ့)ကိုယ်ကနားမထောင်တဲ့ အချိန်ကများကြတယ်(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာက မပြောတဲ့အချိန်ကတော့....(မရှိပါဘုရား)။

အို....ခန္ဓာက ရေစီးသလို စီးနေတာကိုး....(မှန်ပါ့)ရေစီးနေတာ ဧရာဝတီမြစ် ဘယ်တော့နားတယ်လို့ရှိသတုံး.... (မရှိပါဘုရား)။

အောက်စီးတဲ့ရေကလဲ စီးတာဘဲ၊အထက်ကရေကလဲအောက်ခုန်လာခဲ့တာဘဲ၊ ဧရာဝတီမြစ်ကြီးနားနေတဲ့အချိန် ပင်လယ်ဟီတဲ့အချိန်များ ပါသေးလား.... ( မပါပါဘုရား ) ဘယ်နည်းမှ မပါဘူး၊ ဒီခန္ဓာကလဲ ထို့နည်းအတူဘဲ မပါဘူး....(မှန်ပါ့)။

ဟာ....ဖြစ်မှုပျက်မှုနဲ့ ခန္ဓာရှိသ၍ သူ့ဒုက္ခသစ္စာမို့ ဒုက္ခသစ္စာသဘော သူပြောနေတာဘဲ.... (မှန်ပါ့) "ဝိပရိဏာမလက္ခဏာဒုက္ခသစ္စံ" ဖြစ်လိုက် ပျက်လိုက် ဒါဘဲ ပြောနေတာဘဲ.... (မှန်ပါ့)။

ခင်ဗျားတို့က ဧရာဝတီမြစ် ဘယ်တော့မှ မခန်းတာကို ကြည့်သလိုပေါ့ဗျာ အောက်ရေနဲ့အထက်ရေခဲ့သာကြည့်နေ....(မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်လိုကြည့်ရမယ်.... (အောက်ရေနဲ့ အထက်ရေခွဲသာ ကြည့်နေရပါမယ်) အောက်ရေနဲ့ အထက်ရေခွဲသာကြည့်နေလို့ ရှိယင် အောက်ရေက ပျက်တာဘဲ၊ အထက်ရေက ဖြစ်တာဘဲ.... (မှန်ပါ)။

အောက်ရေက- (ပျက်တာပါ)စုန်သွားပကော၊ပျောက်တာ ပေါ့၊ ကိုယ့်မြက်လုံးအောက်က ပျောက်တယ်(မှန်ပါ)အထက် ရေကစီးလာတာဘဲ၊ကိုယ့်မျက်လုံးအောက်မှာဖြစ်တယ်(မှန်ပါ) ကိုင်း....ဖြစ်တာနဲ့ ပျက်တာမှတပါး ခန္ဓာကိုယ်ထဲမှာ ဘာမှမရှိ ဘူး.... (မရှိပါဘူးဘုရား)။

အဲဒီအဖြစ်အပျက်ကို ခင်ဗျားတို့ကြည့်ရင်းမတ္တနဲ့ဆုံးအောင် လိုက်နိုင်ယင် နိဗ္ဗာန်ဘဲ.... (မှန်ပါဘုရား)။

"တေသံ ဝူပသမော သုခေါ" တေသံ= ထိုဖြစ်ပျက်နှစ်ပါး တို့၏၊ ဝူပသမော= ချုပ်ငြိမ်းခြင်းသည် (ဝါ) ဆုံးသွားတဲ့ နိဗ္ဗာန်သည်၊ သုခေါ = ချမ်းသာတာဘဲတဲ့....(မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ပါဦး။

သာဓု.... သာဓု.... သာဓု....။

ကျေးဇူးတော်ရှင် - အမရပူရမြို့ မဟာဂန္ဓာရုံ (ဂ)လာတိုက်

ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

**အလည်လမ်းသို့ရောက်ရန်နည်းလမ်း**

# ညအလုပ်ပေးတရားတော်

( ၁၀ - ၁၂ - ၆၁ )

— ၀ —

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘယ်လိုဘုရားဖြစ်လာတယ် ဆိုတဲ့ဥစ္စာ နည်းယူရမယ်။

ဘုရားဟာ ဘယ်လိုကြောင့် ဘုရားဖြစ်လာတယ်၊ ဒီကလဲ ဗုဒ္ဓဘာသာဆိုတော့ ဘုရားဝါဒအတိုင်း လိုက်ကြရမယ် ဆိုတဲ့ဥစ္စာ ကောန်မှတ်ရမယ်.... (မှန်ပါ့ဘုရား)။

သံယုတ်ပါဠိတော်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို နတ်သားတယောက်က မေးတယ်၊ ဘယ်လို မေးသလဲဆိုတော့ အရှင်ဘုရား ဘယ်လိုနဲ့ သံသရာ ဝဲဩဃကြီးကို ကူးဖြတ်ပြီး သကာလ နိဗ္ဗာန် သောင်ကန်းကြီးကို တက်လှမ်းပြီး သကာလ လာခဲ့နိုင်ပါလိမ့်မလဲ....လို့ မေးလိုက်တယ်။

သံသရာ ဝဲဩဃ ကူးဖြတ်ပြီးသကာလ နိဗ္ဗာန်သောင်ကန်း တက်လှမ်းပြီးသကာလ လာခဲ့တဲ့ဥစ္စာ အရှင်ဘုရားဘယ်လိုလုပ်ပြီး သကာလ လာခဲ့လို့ ဒီနေရာဒီဌာနကို မအို မသေ အမြဲနေတဲ့

နိဗ္ဗာန်ကြီးကို ရောက်လာပါလိမ့် မလဲဆိုတဲ့ဥစ္စာ မေးတယ်။

မေးတော့ကွာ....တဲ့၊ ငါသံသရာပင်လယ်ထဲမှာ ရောက်တယ်တဲ့၊ အားလုံးဘဲ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်သံသရာကြီးတော့ သိပြီးသားထားပါတော့၊

သံသရာဆိုတာလဲ အဝိဇ္ဇာသင်္ခါရ ဇာတိ ဇရာမရဏ သောက ပရိဒေဝက ပြန်လှည့်၊ အဝိဇ္ဇာပြန်ရောက်ဆိုတော့ ဒါကြီးဟာ စဲ့ကြီးလို လည်နေတာဘဲနော်....၊ အဲဒီလို ဝဲကြီးလိုလည်နေတဲ့ အခါမှာ သံသရာကြီးထဲက ဘယ်လိုလုပ်ပြီး ဘယ်လို အရှင်ဘုရား ဘုရားအဖြစ်သို့ သောင်ကန်းရှာသတုံးလို့ မေးတယ်၊ ဒါမေးသင့်တာဘဲနော်....(မှန်ပါ)။

မေးသင့်တော့ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး မကူးဘဲ နေပြန်တော့လဲ သံသရာထဲရောက်နေတာ သံသရာဝဲသြဃကြီးထဲ မှကူးဘဲနေပြန်တော့လဲ မြုပ်သွားတယ်ကွာ-တဲ့.... (မှန်ပါ)ကူး ပြန်တော့လဲ မျောသွားတာဘဲကွတဲ့၊ ဒီနှစ်ချက်ကို သူဖြေလိုက်တယ်....(မှန်ပါဘုရား)။

ဒါကြောင့် ငါသည် မျောအောင်လဲမနေ မြုပ်အောင်လဲမနေဘဲနဲ့ အလတ်စားအဖြစ်နဲ့ဘဲ ငါသည် သောင်ကမ်းပေါ်သို့တက်ခဲ့တယ်တဲ့။

တကာ တကာမတွေ မှတ်ထားဘို့ရာက မျောလမ်း-မြုပ်လမ်း ပေါ့လေ....(မှန်ပါ) မျောလမ်းလဲ ငါမလိုက်ခဲ့ဘူးကွ၊ မြုပ်လမ်းလဲ ငါမလိုက်ခဲ့ဘူး၊ မျောလမ်း မြုပ်လမ်းရှောင်တာနဲ့ဘဲ ငါ အလည်လမ်းကနေပြီးသကာလ ဒီနေရာ ဒီဌာနသို့ ရောက်လာတယ်လို့ ဘုရားက အဖြေပေးလိုက်တယ်....(မှန်ပါဘုရား)။

အဖြေပေးတော့ ဒါကို တကာ တကာမတွေ အကျယ်ပြောရမယ် ဘုန်းကြီးများက၊ မိဘရိုးရာအတိုင်း နေလိုက်ပြန်လို့ရှိယင်လဲ မြုပ်တာဘဲ....(မှန်ပါ့) အသင့်အတင့် ကြားဘူးရုံနဲ့ နေပြန်တော့လဲ မျောတာဘဲ... (မှန်ပါ့) ဒါမှတ်ထားရမယ်....(မှန်ပါဘုရား)။

မိဘရိုးရာအတိုင်း နေလိုက်ပြန်တော့လဲ ....(မြုပ်တာပါဘဲ) အသင့်အတင့် ကြားဘူးရုံ ကလေးနဲ့ နေလိုက်ပြန်တော့လဲ .... (မျောတာပါဘဲဘုရား) မျောတယ်၊ဒါကိုမှတ်ထားရမယ်။

မိဘရိုးရာအတိုင်း နေလိုက်တော့လဲ မြုပ်တယ်....( မှန်ပါ့ ) မြုပ်တာက ဒီလိုပါ၊ အင်း....အမေမိဘဆိုတာ ခင်ရတယ်၊ ညီအကို မောင်နှမ သားချင်းဆိုတာ ခင်ရမယ်-ကြင်ရမယ်ဆိုတော့ သူ့ဒါဘဲတတ်တယ်၊ ဒါဘဲတတ်တော့ တဏှာ ဥပါဒါန် ကံ လမ်းတွေကို မောင်သစ် လိုက်တယ်....(မှန်ပါဘုရား)။

ရိုးရာအတိုင်း ဆိုတော့လဲ ဒါဘဲနားလည်တယ်လေ .... (မှန်ပါ့) ဒါဘဲနားလည်တော့ ဦးသံဒိုင်တို့ တဏှာ ဥပါဒါန် ကံ လမ်းမှတပါး ဘယ်မှမသွားဘူး....(မှန်ပါ့)။

ဒီလို ရိုးရာအတိုင်း နေလိုက်ပြန်တော့လဲ မြုပ်သွားတယ်.... (မှန်ပါ့)။

တခါ သာမညဆရာသမားနဲ့ တွေ့ပြန်တော့လဲ မျောတယ် ကွတဲ၊ မင်းတို့ကွာ လုပ်လဲလုပ်-စားလဲစား၊ လှူလဲလှူပေါ့၊ ဒီဘဝ ဒါမှသာလျှင် မင်းတို့သည်ကားလို့ ဆိုယင် ကောင်းစားရေး ဆိုတာ ရှိတော့မပေါ့ ဆိုပြီးသကာလ ဘဝတဏှာပြောတဲ့ ဆရာ

သမားခေါင်းဆောင်နဲ့ တွေ့ပြန်တော့လဲ မျှော်သွားတယ်....(မှန်ပါဘုရား)။

ဒါ သေသေချာချာ မှတ်ပါ၊ ဘဝတဏှာကို အကြီးအကဲ ထားပြီးသကာလ ပြောဆိုတဲ့ ဆရာသမားခေါင်းဆောင်နဲ့ တွေ့လို့ရှိပြန်တော့ သူက ကူးခတ်ပြန်တဲ့ အဓိပ္ပါယ်ရောက်တယ်၊ဒါ ကလေးကလဲ အထူးလုပ်ဦးမှဘဲဆိုပြီးသကာလ ခုနင်က ဘုံဘဝ ရောက်ကြောင်းအလုပ်ကို လုပ်ပြန်တော့လဲ မျှော်တယ်-(မှန်ပါ) နားလည်ကြပလား....(နားလည်ပါပြီ)။

မိဘရိုးရာအတိုင်း ဘာမှ မလုပ်ဘဲနဲ့ နေပြန်တော့လဲ....(မြုပ်သွားပါတယ်) မြုပ်သွားတယ်ဆိုတာ မှတ်ပါ....(မှန်ပါ)။

သာမညဆရာသမား ကိုးကွယ်ဆည်းကပ်ပြီးသကာလ သာမည နားနဲ့ သာမညအချိန်နဲ့ ဒီဘဝတွင် မင်းကောင်းစားလို့ မတော်သေးဘူးကွ၊ သံသရာဆိုတာ အရှည်ကြီး၊ မင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် နောက်ဘဝအတွက်လဲ အထုပ်ကလေး ပါမှကွ၊ ဒါဘဝကိုဘဲ ဟောလိုက်တယ်....(မှန်ပါ)။

ဘဝကိုဘဲ ဟောလိုက်ပြန်တော့ ကိုယ်ကလဲ နားမလည်တော့ ဘဝကိုဘဲ တောင်းတပြီးသကာလ လုပ်လိုက်ပြန်တော့လဲ ဟိုဘုံ ဒီဘုံ မျှော်ပြန်တာဘဲ....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မိဘရိုးရာအတိုင်း နေမြဲတိုင်းနေပြန်တော့လဲ ဘာဖြစ်သတုံး....(မြုပ်သွားပါတယ်ဘုရား)။

သာမညဆရာသမားနဲ့ တွေ့ပြန်လို့ ဘုံဘဝ ကောင်းစားရေးတွေ လုပ်ပြန်တော့လဲ....(မျှောပါတယ်ဘုရား) မျှောတယ်။

အဲဒီတော့ ငါသည်တဲ့ ဒီမြုပ်လှုမ်းလဲ ငါ မလိုက်ဘူးကွတဲ့၊ မျောလမ်းလဲ ငါ မလိုက်ဘူးကွတဲ့၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

မြုပ်လမ်းလဲ သူ မလိုက်ပါဘူးတဲ့၊ မျောလမ်းလဲ....(မလိုက်ပါဘူးတဲ့)။

မလိုက်ဘူးတဲ့၊ သူသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် မကူးဘဲ နေတော့လဲ ဒီ သံသရာထဲ မြုပ်သွားတယ်....(မှန်ပါ)။

သံသရာဝဲဩဃထဲ....(မြုပ်သွားပါတယ်) ရှင်းပြီ....(ရှင်းပါပြီ) ကူးခတ်ပြန်တော့လဲ မျောသွားတယ် ကွာတဲ့...( မှန်ပါ ) သဘောကျကြရဲ့လား....(ကျပါပြီ)။

ဝဋ္ဋတောင်းတလှတဲ့ ဒါနမျိုးကျတော့လဲ မျောတယ်ငဲ့....(မှန်ပါ) မမျောပါနဲ့ ဆိုလို့ ရမှ မရတော့ဘဲ၊ မျောတာဘဲ....(မှန်ပါ) ဘဝတဏှာက ပါနေတယ်....(မှန်ပါ)။

ဘဝတဏှာက ပါနေတဲ့ အခါကျလို့ရှိယင် တကာ တကာမ တွေ မျောရပါတယ်တဲ့၊ ဟိုဘုံ ဒီဘုံဆိုတာ မျောတာလို့ မှတ်ကြစမ်းပါ....(မှန်ပါဘုရား) ဘုံစဉ်စံကြိုက်ယင် မျောလမ်းဆိုတာ မှတ်ပါ....(မှန်ပါ)။

ဒီအတိုင်း မိဘရိုးရာအတိုင်းနဲ့ လုပ်ကိုင်စားသောက်ပြီး သကာလ ဘာမှ နားမလည်ပြန်လို့ရှိယင်လဲ.... (မြုပ်ပါတယ်) မြုပ်တယ်။

အဲဒီတော့ ငါသည် မကူးဘဲလဲ မနေဘူး၊ အလွန်လဲ မကူးဘဲနဲ့ ဒီသောင်ကမ်းကို ရောက်လာတယ်၊ သူ မကူးဘဲလဲ မနေဘူးတဲ့၊ အလွန့်အလွန်လဲ သူ မကူးပါဘူးတဲ့....(မှန်ပါ)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် မြုပ်လမ်း လိုက်ပြန်တော့လဲ တကာ တကာမတို့ မှတ်ပါ၊ ကိုယ်ဆင်းရဲမှု လို့ မှတ်လိုက်ပါ....(မှန်ပါ့) မျောလမ်းကို လိုက်ပြန်တော့လဲ ကိုယ်ချမ်းသာသလိုလိုနဲ့ ဇာတိဘေး ဇရာဘေး မရဏဘေးသင့် ပြန်တယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ကို မြုပ်လမ်းကိုလဲ ငါ ရှောင်ခဲ့ပြီ၊ မျောလမ်းကို လဲ ငါ ရှားခဲ့ပြီ၊ မြုပ်လမ်း မျောလမ်းကို ရှောင်ရှားခဲ့တဲ့ အ တွက် မကူးဘဲလဲ မနေဘူး၊ အလွန်လဲ မကူးဘူးတဲ့၊ သဘောကျ ပလား....(ကျပါပြီ)။

မကူးဘဲ နေတော့လဲ မြုပ်သွားဦးမှာကိုး....(မှန်ပါ့)အလွန် ကူးလိုက်ပြန်တော့လဲ မျောသွားမယ်.... (မှန်ပါ့) အဲဒီတော့ မကူးဘူးဆိုလို့ရှိယင်လဲ မဟုတ်ဘူးကွတဲ့၊ အလွန်ကူးတဲ့သဘော လဲ တကာတကာမတွေလို ဆုရှည်ကြီးလုပ်နေပြန်တော့လဲအလွန် ကူးတဲ့သဘော ရောက်သွားတယ်.... (မှန်ပါ့)။

အဲဒါကြောင့် ငါသည် မြုပ်လမ်းကိုလဲ ရှောင်ပြီး မျော လမ်းကိုရှားပြီးသကာလ ငါသည် သောင်ကမ်းပေါ် ရောက်လာ တယ်တဲ့၊ဒါကို သေသေချာချာမှတ်ရမယ်....(မှန်ပါ့)။

သေသေချာချာ မှတ်ရမယ်၊ မြုပ်လမ်း ဘာလုပ်ရမယ်.... (ရှောင်ရပါမယ်)မျောလမ်းလဲ....ရှားရပါမယ်....(မှန်ပါ့)ရှောင် ရှားရမယ်။

မြုပ်လမ်းမျောလမ်း ရှောင်ရှားမှသာလျှင် ငါသည် ဘုရား အဖြစ်သို့ ဝဲဩဃထဲက လွတ်မြောက်ပြီးသကာလ လာခဲ့တယ် ဆိုတဲ့ဥစ္စာ ခင်ဗျားတို့သဘော ပြောကြပါစို့ဆိုတော့ ကာမော

ဿလမ်း၊ ဘဝေါ်ဿ၊ ဒိဋ္ဌောဿ၊ အဝိဇ္ဇောဿ သြဃ လေးပါးရှိတယ်.... (မှန်ပါ)။

ကာမောဿဆိုတာ-ငါးပါးအာရုံ ကာမဂုဏ်တွေကို ဖြိုင်ဖြိုင်ကြီးခံစားချင်တဲ့လမ်း လိုက်ပြန်လို့ ရှိယင်လဲ တကာတကာမတို့အဲဒါမျောလမ်းလို့ မှတ်ပါ.... (မှန်ပါ)ကာမောဿနဲ့ ဘဝေါ်ဿဟာ မျောလမ်းဘဲ.... (မှန်ပါ) ဒိဋ္ဌောဿနဲ့ အဝိဇ္ဇောဿလိုက်ပြန်လဲ မြုပ်လမ်း....(မှန်ပါ) ဒါနဲ့ဝေဘန်ပါ....(မှန်ပါ)။

ဒိဋ္ဌောဿနဲ့ အဝိဇ္ဇောဿ လိုက်ပြန်တော့.... (မြုပ်လမ်းပါဘုရား) မြုပ်လမ်း။

ကာမောဿနဲ့ ဘဝေါ်ဿ လိုက်ပြန်တော့.... (မျောလမ်းပါဘုရား) ဒါ့ကြောင့် သြဃလေးပါး ဟောခဲ့တာဘဲ....(မှန်ပါ)။

ခင်ဗျားတို့ သြဃလေးပါးကို ရအောင်သာ ကျက်ထားတာနှစ်ခုခွဲပြီးသိတာ မဟုတ်ဘူး.... (မှန်ပါ) အင်မတန်ခက်နေတာအခုတော့ ရှင်းသွားပါပြီ.... (မှန်ပါဘုရား)။

ကာမောဿဆိုတာသည် ငါးပါးအာရုံ ကာမဂုဏ်ခံစားချင်တာ၊ ဘဝေါ်ဿဆိုတာသည် ဘုံဘဝနှစ်သက်တဲ့တဏှာ(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) ဒီလမ်းလိုက်-လိုက်ပြန်တော့လဲမျောလမ်းဘဲ.... (မှန်ပါ)။

ဒိဋ္ဌောဿနဲ့ အဝိဇ္ဇောဿနဲ့ တွဲပြီးသကာလ နေလိုက်ပြန်တော့လဲ.... (မြုပ်လမ်းပါဘုရား) မြုပ်လမ်း။

ဒါကြောင့် ငါသည် ကာမောဿ ဘဝေါ်ဿလမ်းလဲမလိုက်ဘူးကွ၊ ဒိဋ္ဌောဿ အဝိဇ္ဇောဿလမ်းလဲ.... (မလိုက်ပါ ဘုရား) မလိုက်ဘူးတဲ့၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

တော်တော် အရေးကြီးတယ်လို့ မှတ်လိုက်စမ်းပါ(မှန်ပါ့) အရေးမကြီးတဲ့ နေ့တော့ဖြင့် မပါဘူးလို့ အောက်မေ့ပါ.... (မှန်ပါ့ဘုရား)။

ဘာ့ကြောင့် အရေးမကြီးတဲ့နေ့ မပါရသတုံးလို့ မေးတဲ့ အခါကျတော့ ခင်ဗျားတို့ကတော့ လမ်းက ဒီနေ့စ်လမ်းဘဲသွား တတ်တယ်၊ ခက်လိုက်တာကလဲ.... (မှန်ပါ့)။

ဒီ....နေ့စ်လမ်းဘဲ သွားတတ်တယ်၊ ဒီ့ပြင် မြုပ်လမ်း မျော လမ်းမှာပါး တက်လမ်းဆိုတဲ့ သောင်ကမ်းတင်လမ်းဆိုတာကိုလဲ ခင်ဗျားတို့က မသွားတတ်ဘူး.... (မှန်ပါ့ဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကာမောဃဆိုတာ ငါးပါးအာရုံ ကာမဂုဏ် ခံစားချင်တာ၊ နတ်ပြည် လူ့ပြည်ခံစားချင်လို့ရှိယင် အဲဒါ လောဘနဲ့သွား တာ.... (မှန်ပါ့) ဘဝေါဃဆိုလို့ရှိယင် ဘဝတွေကို တောင်းတ တာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ နတ်ပြည် ဗြဟ္မာ့ပြည်လမ်းကို လိုက်ပြန်တော့လဲ မျောတယ်ကွ....တဲ့....(မှန်ပါ့) ဒိဋ္ဌောဃ အဝိဇ္ဇောဃလမ်းလိုက် ပြန်တော့လဲ.... (မြုပ်ပါတယ်) မြုပ်တယ်ကွ....တဲ့၊ ဒီလေးခု သူ ရှောင်တယ်ပြောတာ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

အံမာလေး ဒီတရားဟာ လွယ်တယ်လို့များ အောက်မေ့ မနေနဲ့ မောင်သစ်ရ.... (မှန်ပါ့)။

လွယ်တယ်လို့ အောက်မေ့မနေနဲ့၊ ဩဃက လေးပါးရှိတယ်....(မှန်ပါ) အဲဒီတော့ ဘုရားက ဒီအတိုင်း နေပြန်တော့ မြုပ်တယ်....ကွ၊ ကူးပြန်တော့လဲ ငါ့မှာ မျောလို့၊ အင်း.... မြုပ်အောင်တော့ ငါမခံ၊ မျောအောင်လဲ ငါ....မကြံတာနဲ့ဘဲ ငါ....သောင်ကမ်းပေါ် ရောက်လာတာ.... (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီ)အရေးမကြီးဘူးလား ဒါဖြင့် (ကြီးပါတယ်ဘုရား) အရေးအင်မတန်ကြီးပါတယ်ဆိုတာ မှတ်ထားကြပါတဲ့၊ ဘာဖြစ်လို့ အရေးကြီးသတုံးလို့ မေးတဲ့အခါကျတော့ ခုနင်က ဩဃ လေးပါးနဲ့ တကာယ်တမ်း ဝေဘန်လိုက်တဲ့အခါကျတော့ဦးသံဒိုင် ရှင်းသွားတယ်.... (မှန်ပါဘုရား)။

အခု မျှားသောအားဖြင့် ဗုဒ္ဓဘာသာမှန်က ကာမောဃ ဘဝေါဃလမ်းကို တယ်လိုက်လေ့ရှိတယ်.... (မှန်ပါ) နတ်ပြည် ဗြဟ္မာ့ပြည်ရောက်ချင်တဲ့စိတ်ဟာ သိပ်ပြင်းပြတယ်.... (မှန်ပါ) ပြင်းပြလို့ရှိယင် အဲဒါ မျောလမ်းလို့မှတ်.... (မှန်ပါဘုရား) သဘောကြပလား....(ကျပါပြီဘုရား)။

ဟာ.... ငါ့သား ငါ့သမီး ငါ့မြေး ငါ့မြစ်နဲ့ဘဲ ဒီဟာတွေ ခင်ရင်း မင်ရင်းနဲ့ဘဲ သားမယား၏ခြေရင်း သားသမီး၏ခြေ ရင်းမှာ ခေါင်းစင်းသေတဲ့အလုပ်တွေလဲ ရှိသေးတယ်(မှန်ပါ)။

အဲဒါတွေကျလို့ရှိယင်လဲ သူတို့နဲ့မခွါချင်တာက ဒိဋ္ဌောဃ နော်....(မှန်ပါ) သူတို့ ဒုက္ခသစ္စာတွေလဲ မသိ၊ ကိုယ့်ခန္ဓာ တွေလဲ မသိဘဲနဲ့ သေတော့ အဝိဇ္ဇောဃ....(မှန်ပါ)။

အဲဒီ့ အဝိဇ္ဇောဃ ဒိဋ္ဌောဃနဲ့ သေပြန်တော့လဲ မြုပ်တယ် ကွတဲ့....(မှန်ပါ)ရှင်းကြပလား....(ရှင်းပါပြီ)။

ကာမေဘဿနဲ့ ဘဝေါဃကို ကြိုးစားပြန်တော့လဲ....(မျှော ပါတယ်ဘုရား )။

ကိုင်း တကာတကာမတွေ ဘယ်လမ်း ကြိုက်သတုံး....(ဘယ် လမ်းမှ မကြိုက်ပါဘုရား)။

ဘယ်လမ်းမှ မတောင်းဘူး၊ တော်-တော်သေးတယ် ဉာဏ် ကလေးပါလာလို့၊ ဒါကြောင့် ခုနင်က စကားချီခဲ့တယ်၊ သာ မည ဆရာနဲ့ တွေ့ယင် မျှောလမ်းကွ၊ ရိုးရာအတိုင်း နေယင် မြုပ်လမ်းကွ၊ ဒါ မမှားဘူးတဲ့....(မှန်ပါ)။

မမှားပါဘူးတဲ့၊ ခင်ဗျားတို့ ဒီလို အရေးကြီးတဲ့ အချက်ကို မောင်သစ်တို့ ဦးသံဒိုင်တို့ ပြောပေးမဲ့ ဆရာသမားမရှိလို့ရှိယင် ခင်ဗျားတို့က ဟယ်....တတ်နိုင်သ၍တော့ လုပ်မှပေါ့ကွ၊ သား ကလေး ကြီးလာပြီကော....၊ အင်း....လာဦးမှာဘဲ....(မှန်ပါ)။

အဲဒီတော့ကို ကိုယ့်မှာ အကြောင်းညီညွတ်လို့ဟာ၊နောက် လဲ အကြောင်းညီညွတ်အောင် လုပ်မှာဘဲ....(မှန်ပါ)။

အကြောင်းညီညွတ်ဆိုတာက၊ သူ့ဟာက ဒီ့ထက် ချမ်းသာ ဘို့ ဆိုပြီးသကာလ ဘုံဘဝတွေ နှစ်သက်ပြီးသကာလ လုပ်တာ ကျတော့ ဘာလမ်းခေါ်ကြမယ်....(မျှောလမ်းပါ)မျှောလမ်း— (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

လှူချင်-ဝချင်-ပချင်လို့ လုပ်တာတွေကတော့....(မျှောလမ်း ပါဘုရား) မျှောလမ်းဆိုတာ သဘောကျပလား....(ကျပါပြီ)။

ဘယ်ဆရာနဲ့မှလဲ မတွေ့ဘူး၊ ကိုယ့်ဟာကိုယ်ဘဲ နေတော့မယ် မိဘရိုးရာအတိုင်းဘဲ မပြင် မဆင်တော့ပါဘူး ဆိုပြန်လဲ မြုပ် လမ်း....(မြုပ်လမ်းပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ဟာက မျှော်လမ်း မြုပ်လမ်းမှ တပါး သောင်တင်လမ်းဆိုတဲ့ ဥစ္စာကိုဘဲ ရှာမတွေ့အောင် ဖြစ်နေတယ် (မှန်ပါ့)၊

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို နတ်က မေး တယ်၊ အရှင်ဘုရား... ဒီ ဩဃကြီးထဲက ဘယ်လိုများ အရှင် ဘုရား သောင်ကမ်းတင်အောင် လုပ်လာပါသတုံးလို့ မေးတယ် (မှန်ပါ့)။

မေးတဲ့အခါကျတော့ မကူးဘဲနေတော့လဲ ငါမှာ မြုပ်သွား တယ်ကွာ....တဲ့၊ ကူးပြန်တော့လဲ မျှောသဟေ့....တဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ မကူးဘဲလဲ နေသည်မဟုတ်ဘူးကွတဲ့၊ မကူးဘဲနေ တော့ မြုပ်ဦးမှာကိုး....(မှန်ပါ့)သိပ်လဲ မကူးဘူးကွဟဲ့(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သိပ်သဲ မကူးဘူးတဲ့၊ ဘဝတဏှာတွေလဲ မလိုက်ဘူးပေါ့လေ (မှန်ပါ့) အဲဒါနဲ့ ငါမှာ သောင်ကမ်းဆိုတဲ့ ဆီကို ရောက်လာ တယ်ကွတဲ့....ဆိုတော့ ဒီအဖြေဟာ ဦးသံဒိုင် လွယ်ပါ့မလား.... (မလွယ်ပါဘုရား)။

မလွယ်ဘူးတဲ့၊ သူ့ဟာ မကူးဘဲ နေပြန်တော့လဲ မြုပ်ဘယ်၊ ကူးပြန်တော့လဲ မျှောတယ်လို့ သူက ဟောထားတာကိုး၊နတ်က မေးလို့....(မှန်ပါ့)။

တကာ တကာမတွေ ဒါဖြင့် မကူးဘဲနေလဲ ခင်ဗျားတို့ ခက် ကြမယ်နော်....(မှန်ပါ့)။

ကိုယ့် ရက္ကန်းကလေးနဲ့ ကိုယ့်အထည်ကလေး ရောင်းစားပြီးသကာလ အေး-ဒါလောက်ဆိုယင်ဘဲ စားသာသောက်သာ ရှိယင် တော်ရောပေါ့၊ကိုယ့်သားနဲ့ သမီးနဲ့ အုပ်အုပ်ချုပ်ချုပ်နဲ့ ဒါလောက်ဆို မဆိုးလှပါဘူးဆိုတော့လဲ သူ သွားပြန်ပြီ၊ မြတ်လမ်းသွားပြန်ပြီ....(မှန်ပါ့ဘုရား)။

ဟာ....ပိုလာပြီ၊ရှုံလာပြီကွာ၊ ရေအိုးနဲ့ ဘိနပ် မပါ နွေခါမှ သိတယ်၊ ဒါနနဲ့ သီလမပါ သေကာမှသိမယ်၊ အဲဒီတော့ ဒါန သီလကလေးတွေလဲ အထုပ်အထည်ကလေးတွေ 'ဒါနံ ပါထေယျ မုတ္တမံ'လို့ ဘုရားကဟောထားတယ်၊ ဒါနဆိုတဲ့ ဥစ္စာထုပ်ကြီး ဟာ လုမခိုးနိုင်တဲ့ ဥစ္စာထုပ်ကြီးဘဲ၊ ဒို့ ပြုကြဦးစို့ကွာ၊ နောက် စားရအောင်....(မှန်ပါ့)လာပြန်တာဘဲ၊ ဘဝတောင်းတ လှူတာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါကျတော့ ဘယ်သွားပြန်သတုံး (မျောလမ်းပါဘုရား) မျောနေတယ်....(မှန်ပါ့) မလုပ်ရဘူးဆိုတာ မဟုတ်ဘူး၊ မလုပ် တတ်လို့ မျောနေတာ.... (မှန်ပါ့ဘုရား)။

မလုပ်ရဘူးဆိုတာမဟုတ်ဘူး၊မြတ်လမ်းမျောလမ်းကို ခင်ဗျား တို့ ရှင်းအောင်လို့ သံယုတ်ပါဠိတော်မှာ ဘုရားသခင်ကိုယ်တော် မြတ်ကြီး ဟောလို့ ယနေ့ ဒါ စလာတာတဲ့....(မှန်ပါ့)ဒီထဲမှာ ဝိပ္ပလ္လာသက ပါလို့ချည့်မှတ်.... (မှန်ပါ့)။

ဝိပ္ပလ္လာသက ဘယ်လိုပါသတုံး၊ မျောလမ်းလိုက်တဲ့ ပုဂ္ဂိုလ် က ဩော်....နတ်ချမ်းသာတဲ့၊ ဒုက္ခကို သုခထင်တယ် (မှန်ပါ့) မထင်ဘူးလား....(ထင်ပါတယ်)။

ဒုက္ခကို သုခထင်လိုက်တယ်တဲ့၊ နတ်ပြည်တော့ အသက်ရှည်တယ်ဆိုတော့ အနိစ္စလဲ သူ နိစ္စထင်တာဘဲ....(မှန်ပါ)။

နတ်ပြည်မှာလဲ ခန္ဓာရှိနေယင် အသုဘရှိတာဘဲ၊ သုဘလို့ ထင်လိုက်တာဘဲ....(မှန်ပါ)။

အဲဒီတော့ မျောလမ်းလိုက်တဲ့ သူကလဲ ဒီ ဝိပ္ပလ္လာသကြောင့် လိုက်သွားတာဘဲ....(မှန်ပါဘုရား)ရှင်းပလား.... (ရှင်းပါပြီ)။

မြုပ်လမ်းလိုက်တဲ့လူက ဒိဋ္ဌိ ဝိပ္ပလ္လာသကြောင့် သူက မြုပ်လမ်းကို လိုက်တယ်....(မှန်ပါ)သွားပြန်ပြီ၊ ရှင်းပလား....(ရှင်းပါပြီ)။

ဒိဋ္ဌိ ဝိပ္ပလ္လာသ မပြုတ်ပြန်တော့ မြုပ်လမ်း.... (မှန်ပါ) သုခမဟုတ်တာ သုခထင်ပြန်တော့လဲ.... (မျောလမ်းပါ)။

ဟာ....ဒီ ဝိပ္ပလ္လာသလက်လွှတ်လို့တော့ မရဘူး.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ငါ့သား ငါ့သမီး ငါ့မြေး ငါ့မြစ် ဒီအတိုင်းထင်နေတတ်တဲ့ ဒိဋ္ဌိကိုး....(မှန်ပါ)။

မဟုတ်တာတွေ အဟုတ်ထင်ပြီးသကာလ နေတော့ ဒိဋ္ဌိ ဝိပ္ပလ္လာသက ဖြစ်ပြီးသကာလ နေပြန်တော့လဲ မြုပ်တာဘဲ၊ အဝိဇ္ဇာကတော့ ပါပြီးသားထား....(မှန်ပါ)။

အဝိဇ္ဇာက်တော့ သူ သစ္စာမသိလို့ သေချာနေပြီ....(မှန်ပါ) အဝိဇ္ဇာကတော့ မျောလမ်းလဲ ခေါင်းဆောင်တာဘဲ....(မှန်ပါ) မြုပ်လမ်းလဲ.... (ခေါင်းဆောင်ပါတယ်ဘုရား)။

ခေါင်းတော့ဆောင်တာဘဲဆိုတော့ ခင်ဗျားတို့ ပဋ္ဌိစ္စသမုပ္ပါဒ်ထဲမှာ ဝဋ္ဋမြစ်နှစ်ပါးဆိုတာ ပါတယ်....(မှန်ပါ့)မပါဘူးလား....(ပါပါတယ်ဘုရား)။

ဝဋ္ဋမြစ်နှစ်ပါးဆိုတာ သုဂတိခေါင်းဆောင် တဏှာ၊အပါယ်ခေါင်းဆောင် အဝိဇ္ဇာ....(မှန်ပါ့)။

ဒုဂ္ဂတိခေါင်းဆောင်က....(အဝိဇ္ဇာပါ)သုဂတိခေါင်းဆောင်က....(တဏှာပါ)။

ဒါကြောင့် သူ ဝဋ္ဋမြစ်ချည့်ဆိုထားတယ်.... (မှန်ပါ့)။

ဒီ အဝိဇ္ဇာနဲ့ တဏှာပါလို့ ရှိယင် အဝိဇ္ဇာပါယင် မြုပ်လမ်း တဏှာပါယင် မျောလမ်း....(မှန်ပါ့ဘုရား)ရှင်းပလား.... (ရှင်းပါပြီ)၊

အားလုံး တကာ တကာမတွေ ဒီ ဥစ္စာက အရေးမကြီးလို့ ရှိယင် ဆရာဘုန်းကြီးက ဆုံးမ့မည့် တရား မဟုတ်ပါဘူး.... အရေးကြီးလို့ ဆုံးမနေတယ်လို့ မှတ်ကြရမယ်.... (မှန်ပါ့)။

အဲဒီတော့ကို မြုပ်လမ်း မျောလမ်းကိုဖြင့် ရှောင်ရမယ်....(မှန်ပါ့)ခင်ဗျားတို့ လှူကြ ပေးကြ တန်းကြ ကမ်းကြလို့ ရှိယင် ဘယ်တော့မှ ခန္ဓာကိုမလိုချင်နဲ့....(မှန်ပါ့ဘုရား)ခန္ဓာဝဋ်ကျွတ်ဘို့ အကြောင်းခံပြီးတော့ လုပ်ပါ .... (မှန်ပါ့)ဒါ ဆိုလို့ ရှိယင်ဖြင့် အလည်လမ်း တက်သွားတာဘဲ....(မှန်ပါ့)။

ငါ့သား ငါ့သမီး ငါ့မြေး ငါ့မြစ်ကို မထင်အောင်လုပ်နိုင်ကြလို့ ရှိယင်လဲ မြုပ်လမ်းလွတ်သွားတာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ငါ့သား ငါ့သမီး ငါ့မြေး ငါ့မြစ်ထင်ပြန်ယင်.... (မြုပ်လမ်း ပါဘုရား)မြုပ်လမ်း၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဩော်....နောက်ဘဝ ကောင်းစားရေးတွေကို ငဲ့ကြပြန်လို့ ရှိယင်လဲ....(မျှောလမ်းပါဘုရား)။

မျှောလမ်းဘဲဆိုတော့ မျှောလမ်းမှာ တဏှာခေါင်းဆောင် တယ်....(မှန်ပါ့) မြုပ်လမ်းမှာ အဝိဇ္ဇာ ခေါင်းဆောင်တယ်.... (မှန်ပါ့)။

ဒါကြောင့် ဝဋ်မြစ်မှာ "အဝိဇ္ဇာ တဏှာဝသေန ဒွေမူလာနိ" ဆိုငြားသော်လဲ မြုပ်လမ်း ခေါင်းဆောင် မျှောလမ်း ခေါင်း ဆောင် ခေါင်းဆောင်နှစ်ယောက်ကလဲပါသေးတယ် (မှန်ပါ့)။

မျှောလမ်း ခေါင်းဆောင် တဏှာ၊ မြုပ်လမ်း ခေါင်း ဆောင်အဝိဇ္ဇာ....(မှန်ပါ့အဝိဇ္ဇာပါဘုရား)ရှင်းပလား....(ရှင်းပါ ပြီဘုရား)။

မျှောလမ်း ခေါင်းဆောင်က....(တဏှာပါ)မြုပ်လမ်းခေါင်း ဆောင်က....(အဝိဇ္ဇာပါဘုရား)။

ဩော်....ဒါဖြင့်ဝဋ်မြစ်နှစ်ပါးဆိုတာ သစ်ပင်တပင်က နှစ်မြစ် တွယ်နေတာမဟုတ်ဘူး၊နတ် ပြဟ္မာအမြစ်က တဏှာ....(မှန်ပါ့) အပါယ်အမြစ်က....(အဝိဇ္ဇာပါ) ဒါကို ဆိုနေတာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဩော်... ဒါဖြင့် ခင်ဗျားတို့ ဘာဘဲလုလု ဘာဘဲတန်းတန်း ခန္ဓာဒုက္ခသစ္စာကို မြင်ပြီးသကာလမှ လုပ်ကြ ပြုကြတော့မယ်ဆို တော့ မျှောလမ်းကကို မသွားဘူး.... (မှန်ပါ့) ခန္ဓာဒုက္ခသစ္စာ

မြင်တဲ့အတွက် သမ္မာဒိဋ္ဌိဖြစ်နေတဲ့အတွက် မိစ္ဆာဒိဋ္ဌိက ပြုတ်နေသောကြောင့်လဲ မှတ်လိုက်ပါ မြုပ်လမ်းလဲ မရောက်ဘူး.... (မှန်ပါဘုရား)။

မိစ္ဆာဒိဋ္ဌိက သမ္မာဒိဋ္ဌိဖြစ်လာတော့လဲ.... (မြုပ်လမ်းလွတ်ပါတယ်)မြုပ်လမ်းလွတ်သွားတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

တဏှာက အလောဘဖြစ်ပြန်တော့လဲ (မျောလမ်းလွတ်သွားပါတယ်)ဒါကိုလဲ ဝေဘန်ရတယ်....(မှန်ပါ) ဒါကိုလဲ မဝေဘန်လို့ ရှိယင် မရဘူး....(မှန်ပါဘုရား)။

တဏှာကဲ ဘာဖြစ်ရမလဲ....(အလောဘဖြစ်ရပါမယ်) မိစ္ဆာဒိဋ္ဌိက....(သမ္မာဒိဋ္ဌိဖြစ်ရပါမယ်ဘုရား)။

အဲ....မိစ္ဆာဒိဋ္ဌိက သမ္မာဒိဋ္ဌိဖြစ်မယ်ဆိုတော့ မြုပ်လမ်းလွတ်သွားတယ်....(မှန်ပါ)တဏှာက ဘုံဘဝတွေ မလိုချင်ပါဘူးဆိုတဲ့ အလောဘဘက် ဝင်လာယင်.... (မျောလမ်းလွတ်ပါတယ်) မျောလမ်းလွတ်သွားတယ်....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပရမတ်မှာလဲ ဒီလိုပြင်ပြီးသကာလ ခန္ဓာထဲမှာ ဒီဥစ္စာတွေ သွင်းရလိမ့်မယ်....(မှန်ပါ) ဒီဟာတွေ မသွင်းလို့ ရှိယင်ခင်ဗျားတို့သည် အဝိုင်းပြေးရယ် အဝိုင်းမပြေးဘဲနဲ့ မြုပ်တာရယ် ဒီနှစ်လမ်းဘဲရှိတယ်....(မှန်ပါ) သဘောပါကြပလား.... (ပါပါပြီ)။

အဝိုင်းပြေးရယ်....( မြုပ်တာရယ်ပါဘုရား ) ဒါဘဲရှိတယ် (မှန်ပါဘုရား)။

အဲဒါ ခင်ဗျားတို့ အခု ဒို့ဘယ်အထဲ ရောက်နေသတုံးလို့ စဉ်းစားပါ၊ မြုပ်မဲ့ဆီဘဲ ရောက်မလို့ ခြေလှမ်းနေသလား၊ မျောမဲ့ဆီကို ရောက်မလို့ ခြေလှမ်းနေသလားဆိုတာ ကိုယ့်ခြေလှမ်းနဲ့ ကိုယ်သိပါ....(မှန်ပါ့)မသိထိုက်ဘူးလား....(သိထိုက်ပါ့တယ်ဘုရား)။

ကိုယ့်ခြေလှမ်း ကိုယ်သိတော့ ဩော်....အခုဆရာသမားတာ ဟောပြီ၊မင်းတို့မြုပ်လမ်းခေါင်းဆောင်ကလဲ မကောင်းဘူးနော်၊ မျောလမ်း ခေါင်းဆောင်ကလဲ မကောင်းဘူးတဲ့။

ဒီ ခေါင်းဆောင်နှစ်ယောက်ကို နှစ်ခုစလုံးပြင်ယင် (ကောင်းပါတယ်) မြုပ်လမ်းခေါင်းဆောင်ကိုလဲ သမ္မာဒိဋ္ဌိနဲ့ ပြင်ပါ.... (မှန်ပါ့) မျောလမ်းခေါင်းဆောင်ကို အလောဘနဲ့ပြင်ပါ....၊ အလောဘဆိုတာ မလိုချင်မှု....(မှန်ပါ့)ရှင်းပလား(ရှင်းပါပြီ)။

မြုပ်လမ်းခေါင်းဆောင် ပယ်လို့ရှိယင်.... (သမ္မာဒိဋ္ဌိ ဖြစ်အောင်လုပ်ရပါမယ်) မိစ္ဆာဒိဋ္ဌိက သမ္မာဒိဋ္ဌိဖြစ်အောင် လုပ်.... (မှန်ပါ့)။

မျောလမ်းခေါင်းဆောင်ကို ဘယ်လိုပြင်ကြမယ်(အလောဘဖြစ်အောင် လုပ်ရပါမယ်ဘုရား)။

အဲ....လောဘက ဘုံဘဝလိုချင်တာကို ကိုယ်က မလိုချင်တဲ့ဘက်ရောက်အောင် လုပ်ရမယ်.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)။

ဒီလိုဆိုလို့ရှိယင် လူ့ကြစမ်းပါ တန်းကြစမ်းပါ ပေးကြစမ်းပါ ကမ်းကြစမ်းပါ ဆိုတာ ဘုန်းကြီးများက တိုက်တွန်းရမည့်

ဘက်ကနေပါတယ်.... (မှန်ပါ့ဘုရား)မျောလမ်းကို မကြိုက်လို့ ရှိယင်....(မှန်ပါ့)။

မျောလမ်းကိုကြိုက်တယ်ဆိုလို့ ရှိယင် ဒီဥစ္စာ ခြေဒ်....မသိတဲ့ ဥစ္စာဘဲ၊ ပြင်ပေးရမယ်၊ မပြင်ရပေဘူးလား.... (ပြင်ရပါမယ် ဘုရား)။

ပြင်ရမယ်တဲ့၊ အဲဒါကြောင့် ဘုရားကိုက အခု ပဌမ မူလ ချိုးလာကတည်းက ဦးသံဒိုင် ပါခဲ့ပြီ၊ မကူးဘဲနေတာလဲ မြုပ် တယ်ကွ၊ ကူးပြန်တော့ မျောတယ်....(မှန်ပါ့)။

ငါသည် သိပ်လဲမကူးဘူး၊ သိပ်လဲအငြိမ်မနေဘူး၊ဒီ အလည် လမ်းကနေပြီး ငါ ဘုရားဖြစ်လာတယ်-ဆိုတော့ ဒါ ဒီ လမ်း တွေဟာ မောင်သစ်တို့ ဦးသံဒိုင်တို့က မှတ်ရမယ်၊ ဘယ်ဟာမျိုး မဆို သုံးရမယ် မှတ်ရမယ်....(မှန်ပါ့)ရှင်းပလား.... (မှန်ပါ့)။

ဟို....အတ္တကိလမထမှာသာ ဆိုတာ မဟုတ်ဘူး၊ အကုန် နှစ် လမ်းသုံးလမ်း ရှိတာချည့်ဘဲ မှတ်ရမယ်....(မှန်ပါ့)အလည်လမ်း ရှိတာချည့်ဘဲ မှတ်ရမယ်....(မှန်ပါ့)။

ဥပမာ အကုသိုလ်စိတ် ဆဲ့နှစ်ခုက မြုပ်လမ်းပေါ့၊ မဟာ ကုသိုလ်စိတ် ရှစ်ခုက မျောလမ်းပေါ့၊ ဖြစ်နိုင်တာဘဲ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)မဂ္ဂင်က အလည်လမ်းပေါ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒါကြောင့် ဒီ တကာ တကာမတွေ့ဉ် နေ့တိုင်း သွန်သင် ဆုံးမပြီး သကာလနေတာက အလည်လမ်း တက်ကြပါစေ....

(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ) အလည်လမ်းတက်ကြပါစေလို့ ဆိုလိုက်တယ်....(မှန်ပါ့)။

အလည်လမ်း ဆိုတာ ဘာတုံးဆိုတော့ ဘယ်ဟာ ဖြစ်ဖြစ် "ပစ္စဝေက္ခဏာ" ပါရမယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်ဟာဖြစ်ဖြစ်....(ပစ္စဝေက္ခဏာ ပါရပါမယ်ဘုရား) ဆင်ခြင်ရမယ်....(မှန်ပါ့)ပစ္စဝေက္ခဏာ ဝိပဿနာဉာဏ်ကလေး တော့ အုပ်အုပ်သွားရမယ်....(မှန်ပါ့ဘုရား)။

ဝိပဿနာဉာဏ်ကလေး မအုပ်တဲ့ဟာ ဆိုလို့ ရှိယင်ဖြင့် တကာ တကာမတွေ မှတ်လိုက်ပါ၊မျောသမ်းဘက်ကိုလဲ စောင်းချင်စောင်းသွားတယ်၊ မြုပ်လမ်းဘက်ယင်လဲ မြုပ်ချင်မြုပ်သွားမှာဘဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သူ့ကို အုပ်ချုပ်ရေးအဖြစ်နဲ့ ဗဟိုထားရမယ်(မှန်ပါ့) အလည်လမ်း တရားတွေကို ဗဟို ထားပြီးသကာလ တကာ တကာမတွေ လမ်းသွားရမယ်....(မှန်ပါ့)။

မလှူရဘူး မပေးရဘူး မကမ်းရဘူးလို့ မဟော၊ သူပါပေ့စေ....(မှန်ပါ့) အလည်လမ်း ဉာဏ်ပါပါစေဆိုတဲ့ဥစ္စာ အထူးအရေးကြီးတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

အခု ဘုရားကိုယ်တိုင်က မကူးဘဲနေတော့ သူ ဘာဖြစ်သတဲ့တုံး....(မြုပ်ပါတယ်)မြုပ်တယ်၊ကူးဖန်များတော့လဲ(မျောပါတယ်) အားစိုက်ပြီး ကူးလိုက်ပြန်တော့လဲ မျောသွားတယ်ကွ-တဲ့....(မှန်ပါ့)။

ဒါကြောင့် အလွန်ကြီးလဲမကူးဘဲမနေဘူး၊အလွန်ကြီးလဲငြိမ်မနေဘူးကွ၊ အလည် အလတ်နဲ့ဘဲ ဩဃလေးပါးမှ လွန်မြောက်ပြီး သကာလ ငါ ဘုရားအဖြစ်သို့ အမှန် ရောက်လာတယ် ဆိုတဲ့ ဥစ္စာ မောင်သစ် ပါသွားပြီ....(ပါသွားပါပြီဘုရား) မပါသေးဘူးလား....(ပါပါပြီ)။

အဲဒီတော့ တကာ တကာမတွေ အခု အရေးကြီးတဲ့အချက်ကို ပြောပြီတဲ့၊ အရေးကြီးတဲ့အချက် ဘာပြောပါလိမ့်မတုံးလို့မေးတဲ့အခါကျလို့ရှိယင်ဖြင့် အလည်သမ်းကို မှုသေထားပါ....(မှန်ပါ)။

ဘယ်လမ်းတုံး-(အလည်လမ်းကို မှုသေထားရပါမယ်ဘုရား)။

အလည်လမ်းစစ်စစ်ဆိုလို့ရှိယင်ဖြင့် ဝဋ်ကျွတ်ချင်တဲ့ ဒါန၊ ဝဋ်ကျွတ်ချင်တဲ့ သီလ ဒါတွေဟာအလည်လမ်းပါဘဲ....(မှန်ပါ) ဒီ့ထက်စစ်စစ်ကြီး ပြောစမ်းပါဦးဘုရား ဆိုလို့ရှိယင်ဖြင့် ခန္ဓာမလိုချင်မှုဟာ အလည်လမ်းဘဲ.... (မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီ)။

ခန္ဓာမလိုချင်မှုဟာ.... ( အလည်လမ်းပါဘုရား ) အလည်လမ်းဘဲ။

ဒါဖြင့် ဩြော်....အရေးတကာ့ အကြီးဆုံးဟာဖြင့် ခန္ဓာမလိုချင်မှုဟာအရေးကြီးဆုံး ပါလားဆိုတာ အလောဘ ဟောလိုက်တာ....(မှန်ပါဘုရား)။

ဘာဟောလိုက်သလဲ....(အလောဘဟောလိုက်ပါတယ်) အဲ-ဒါကြောင့် လောဘက အလောဘ ဖြစ်ဘို့ အရေးကြီးတယ်....(မှန်ပါ) မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီ)။

မိစ္ဆာဒိဋ္ဌိက.... (သမ္မာဒိဋ္ဌိဖြစ်ဘို့ အရေးကြီးပါတယ်ဘုရား)။

အဲ....မိစ္ဆာဒိဋ္ဌိက သမ္မာဒိဋ္ဌိဖြစ်လို့ရှိယင်လဲ တကာ တကာမတွေ မှတ်လိုက်တာပေါ့ ဒီလမ်း ငါတို့လွတ်ပဟ....(မှန်ပါ့)။

ခုနင်က ခန္ဓာမလိုချင်တဲ့ သဘောနဲ့ ဒါန သီလတွေ လုပ် ဝိပဿနာတွေ လုပ်ကြမယ်ဆိုလို့ရှိယင်ဖြင့် မျောလမ်းဖြင့် ငါ မလိုက်ဘူး....(မှန်ပါ့)မျောလမ်းအတွက် စိတ်ချရပြီ.... (မှန်ပါ့ ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ဘို့တဲ့ အလည် လမ်းရောက်ဘို့ရာ အရေးဟာက မလွယ်ကူတဲ့အရေး၊ အလည် လမ်းဆိုတာ ဘုရားဖြစ်ပြီးတော့ စ,ဟောတာ အလည်လမ်း ဟောတာ....(မှန်ပါ့)။

ဦးသံဒိုင် ကြားဘူးပါလိမ့်မယ်....၊ ဘုရားဖြစ်- ဖြစ်ခြင်းဘဲ ဘယ်လမ်း စ,ဟောသလဲ.... ( အလည်လမ်း စ,ဟောပါတယ် ဘုရား)။

အလည်လမ်း စ,ဟောတယ် ဆိုတာ''တထာဂတေန အဘိ သမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ''ဟုတ်လား၊ဉာဏ်အမြင် ရှိရ မယ်ကွ..တဲ့၊ ဉာဏ်မျက်စိနဲ့ ကြည့်ရမယ်ကွ....တဲ့၊ဒါမှ ဥပသမာ ယ=ကိလေသာငြိမ်းတယ်တဲ့၊ အဘိညာယ=ဒါမှ ဒုက္ခသစ္စာ ထိုး ထွင်းသိမယ်တဲ့၊ သမ္ဗောဓာယတဲ့=ဒါမှ သစ္စာလေးပါးသိမယ်ကွ တဲ့(မှန်ပါ့)။

အဲဒီ့ သစ္စာလေးပါး သိမှသာလျှင် ခင်ဗျားကို မြုပ်လမ်း မျောလမ်းက လွတ်သွားမယ်ဆိုတဲ့ ဥစ္စာကို ဘုရား ဖြစ်-ဖြစ်ခြင်း

လဲ ဒီနတ်က မမေးခင်ကပင်၊ နတ်က နောက်မှ လာမေးတာ.... (မှန်ပါ့) သူ့ကိုက အလယ်လမ်းကိုင်ထားတယ်....( မှန်ပါ့ ) သဘောကျကြပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီ တကာ တကာမတွေ အခု သာသနာတွင်းကြုံတဲ့ ပုဂ္ဂိုလ်များသည် သာသနာတွင်းမှ ဦးသံဒိုင် အလည်လမ်းပေါ်တယ်.... (မှန်ပါ့) သာသနာပမှာ အလည်လမ်းကို မရှိဘူး.... (မှန်ပါ့)။

ရှိပါရဲ့ ပစ္စေကဗုဒ္ဓါများ.... (မှန်ပါ့) ရှိတော့ရှိတယ်၊ သူ တယောက်သွားလာတဲ့ လမ်းသာ ရှိတယ်၊သူများကို ခေါ်ဆိုနိုင်တဲ့လမ်း မရှိဘူး....(မှန်ပါ့) ကြောက်စရာ ကောင်းလိုက်တာ .... (မှန်ပါ့)။

သူတော့ တယောက်တည်း သွားတာဘဲ....(မှန်ပါ့)ဒီအလည်လမ်းဘဲ သွားတာဘဲ....(မှန်ပါ့) အရှင်ဘုရား လိုက်ပါရစေဆိုယင် သူ မတတ်နိုင်ဘူး... (မှန်ပါ့)။

ဘာဖြစ်လို့ မတတ်နိုင်သတုံးမေးတော့ သူသာ သစ္စာသိတယ် သူတပါးကို သစ္စာသိအောင် မဟောနိုင်ဘူး....( မှန်ပါ့ )ရှင်းပလား....(ရှင်းပါပြီ)။

သူသာ....(သစ္စာသိနိုင်ပါတယ်ဘုရား) သူတပါးကို...(သစ္စာသိအောင် မဟောနိုင်ပါဘုရား)မဟောနိုင်ဘူး။

အခု ဘုန်းကြီးတို့က ဘာဖြစ်လို့ဟောနေသတုံးလို့ ပစ္စေကဗုဒ္ဓါထက် သာလို့လားလို့ဆိုတော့ ဒီလို မဟုတ်ပါဘူးတဲ့၊

ပစ္စေကဗုဒ္ဓါကို ဆရာမရှိဘဲနဲ့ သွားတာ....(မှန်ပါ) ကျုပ်တို့က ဆရာနဲ့ ဟောနေတာ....(မှန်ပါ) ဒါ ကွာသွားတယ်....(မှန်ပါ ဘုရား) သဘောပါပလား....(ပါပါပြီ)။

ပစ္စေကဗုဒ္ဓါထက် သာလို့မဟုတ်ပါဘူး၊ ဟိုက ဆရာမရှိဘဲနဲ့ သွားရတဲ့အတွက်တဲ့၊ သူ့ဟာသူသာ သွားတတ်တယ် (မှန်ပါ) သူများကို သယ်ယူပို့ဆောင်နိုင်တာ မရှိဘူး....(မှန်ပါ)။

ဒီကတော့ ဆရာရှိနေတဲ့ ပုဂ္ဂိုလ်မို့ ဆရာအားကိုးနဲ့ ဆရာကို အမှန်ထားပြီး မှုတည်ပြီးသကာလ ရှိနေတဲ့အတွက် ဟောတတ်တယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ကောင်းပြီ-ဒါဖြင့် အခုအချိန် ကျွတ်တမ်း ဝင်နိုင်သေးတယ် ဆိုတာ အလည်လမ်းပြောင်းနိုင်တဲ့ ပုဂ္ဂိုလ် ရှိသေးလို့ ရှိယင်ဖြင့် မည်သူမျှ မကြောက်နဲ့ (မှန်ပါ) ကျွတ်တမ်းဝင်နိုင်တာချည့်ဘဲ-(မှန်ပါ) ရှင်းပြီ....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ကျွတ်တမ်းဟာ အရေးကြီးတယ်နော်.... (မှန်ပါ)ကျွတ်တမ်းဟာ ဘာတုံးဘုရာ့၊ ခင်ဗျားတို့ နားလည်တဲ့ ကျွတ်တမ်းက တမျိုး၊ ကျွတ်တမ်းဆိုတဲ့ဥစ္စာက ကိလေသဝဋ်မှ ကျွတ်တာ ကျွတ်တမ်း....(မှန်ပါ)ကမ္မဝဋ်မှ ကျွတ်တာ....(ကျွတ်တမ်းပါဘုရား)ဝိပါကဝဋ်မှ ကျွတ်တာ-(ကျွတ်တမ်းပါဘုရား)။

ကျွတ်တမ်းက အဲဒါဆိုတာ ခင်ဗျားတို့က ရဟန္တာဖြစ်တာ ချည့် ယူနေလို့ ကွကျတာ....(မှန်ပါ) သဘောပါပလား....(ပါ ပါပြီဘုရား)။

ကျွတ်တမ်းဆိုတာ ရဟန္တာဖြစ်သွားပြီ၊ ဒါဖြင့် ကျွတ်လွတ်သွားပြီ၊ သောတာပန် ဖြစ်သွားပြီ၊ ကျွတ်လွတ်သွားပြီ၊ ခင်ဗျားတို့က ပုဂ္ဂိုလ်ကို ဆိုနေတာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ပုဂ္ဂိုလ်က ဘာမှမဆိုင်ဘူး၊ ဒီဓမ္မတွေ ခန္ဓာထဲမှာ မျိုးစေ့ပြတ်လို့ရှိယင် ကျွတ်တမ်း၊ ဟုတ်လား....(မှန်ပါ့)။

လူဘဲဖြစ်ဖြစ်၊ရဟန်းဘဲဖြစ်ဖြစ် ဒီ ဓမ္မတွေ ခန္ဓာကိုယ်ထဲမှာ ကိလေသဝဋ်လဲ ကျွတ်သွားမယ်၊ ကမ္မဝဋ်လဲ ကျွတ်သွားမယ်....(မှန်ပါ့) ကမ္မဝဋ်လဲ မရှိတော့ဘူး၊ ဝိပါကဝဋ်လဲ မရှိတော့ဘူး ဆိုလို့ရှိယင် ဝိပါကဝဋ်ကျွတ်အောင်လဲ လုပ်နိုင်ကြမယ်ဆိုလို့ရှိယင် ခင်ဗျားတို့လဲ ကျွတ်တမ်းဝင်တာဘဲ....(မှန်ပါ့)။

ဒါဖြင့် ရဟန္တာသည် ကျွတ်တမ်းဝင်သလား၊ ဒီသုံးခု ချုပ်တာကို ကျွတ်တမ်းဝင်တယ် ဆိုကြမလား....(ဒီသုံးခု ချုပ်တာကို ကျွတ်တမ်းဝင်တယ်ဆိုပါတယ်ဘုရား)။

စာက ရေးထားတာက အကျိုးရေးထားတာ....( မှန်ပါ့ ) အကြောင်းက မကျွတ်ယင် ဘယ်ကလာ အကျိုးကျွတ်မတုံး....(မှန်ပါ့) စာက-ရဟန္တာဆိုတဲ့ အထည်ကြီး ကျွတ်သွားတယ် ပြောတာ....(မှန်ပါ့)။

စင်စစ်တော့ အကြောင်းကျွတ်မှ အကျိုး ကျွတ်တာဆိုတာ မှတ်မိကြပလား....(မှတ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ အခု ဟောနေတဲ့ တရားသည် ကိလေသဝဋ်ကို ကျွတ်လို့ရှိယင်လဲ ကမ္မဝဋ်ဟာလဲ ကျွတ်တာဘဲ၊ သဘောကျပြီ....(ကျပါပြီ) ဝိပါကဝဋ်ကော....(ကျွတ်ပါတယ်)။

ဒါဖြင့် ကိလေသဝဋ်တခု ကျွတ်ယင် ဟိုဟာတွေက ကျွတ်တာပါဘဲ ကမ္မဝဋ်နဲ့ ဝိပါကဝဋ်ဟာ....(မှန်ပါ့)။

ဒါဖြင့် ဘာအရေးကြီးသတုံး....(ကိလေသဝဋ်ကျွတ်ဘို့ အရေးကြီးပါတယ်ဘုရား)။

ဒါကြောင့် ဘုရားက ဟောလိုက်တယ် မင်းတို့ ပဋိစ္စသမုပ္ပါဒ်ကြည့်ယင်တော့ ကိလေသဝဋ် ကမ္မဝဋ် ရှိတယ်ကွာ...တဲ့၊ ငါ သစ္စဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ကိလေသဝဋ် ကျွတ်ယင် အကုန်ကျွတ်တာဘဲ ဆိုပြီးသကာလ သမုဒယသစ္စာ တလုံးတည်း သူဟောတယ်....(မှန်ပါ့ဘုရား) ဟိုကံတွေ မထည့်တော့ဘူး....(မှန်ပါ့) ထည့်သေးရဲ့လား.... (မထည့်ပါဘုရား)။

သစ္စာဟောလိုက်တော့ကို လောဘတလုံး ကျွတ်ယင် အကုန်ကျွတ်ဘဲတဲ့ကွာ၊ တိုတိုပြောလိုက်တော့ ဒီရောက်မသွားဘူးလား (ရောက်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် သစ္စာကျတော့ သမုဒယသစ္စာက လောဘ၊ ဒုက္ခသစ္စာက ရုပ်နာမ်...(မှန်ပါ့)ရှင်းပြီ....(ရှင်းပါပြီ)။

သမုဒယသစ္စာ ကျွတ်လိုက်တဲ့ အခါကျတော့ ကံဖြစ်တဲ့ ရုပ်နာမ်တွေလဲ မပေါ်ပါဘူး....(မှန်ပါ့) ပေါ်သေးရဲ့လား.... (မပေါ်ပါဘုရား)။

ဒါဖြင့် ဘာအရေးကြီးသတုံး....(ကိလေသဝဋ် အရေးကြီးပါတယ်ဘုရား)။

ကိလေသဝဋ်ကျွတ်ဘို့ အရေးကြီးတယ်....(မှန်ပါ့) ကိလေသဝဋ်ကျွတ်လို့ရှိယင် အလည်လမ်း တက်မိဘာဘဲ....(မှန်ပါ့)။

ကိလေသဝဋ်ကျွတ်လို့ရှိယင်....(အလည်လမ်း တက်မိပါတယ် ဘုရား)။

ဪ....နေရာကျပြီ၊ အလည်လမ်း ဘယ်နှစ်လမ်းရှိသတုံးလို့ မေးတဲ့အခါကျတော့ မဂ်လေးပါးရှိလို့ လေးလမ်းရှိတယ်လို့ မှတ်လိုက်....(မှန်ပါ)။

အလည်လမ်း ဘယ်နှစ်လမ်း ရှိသတုံး....(လေးလမ်းရှိပါတယ် ဘုရား) လေးလမ်းရှိတယ်၊ ပဌမလမ်း တက်မိမှလဲ ဒုတိယလမ်း တွေ့မယ်....(မှန်ပါ) ဒုတိယလမ်း တက်မိမှလဲ .... (တတိယလမ်း တွေ့ပါတယ်) တတိယလမ်း တက်မိမှ.... (စတုတ္ထလမ်းတွေ့ပါ တယ်ဘုရား)။

အဲ....လမ်းကလဲ လေးလမ်းရှိတယ်တဲ့ အလည်လမ်း ပေမဲ့လဲ သဘောကျပလား....(ကျပါပြီ)။

ပဌမ အလည်သမ်းကလဲ ဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာကိုသူဖြတ် တယ်....(မှန်ပါ)ဒါကြောင့် သူနဲ့ဆိုင်တဲ့ ကမ္မဝဋ်တွေ ဝိပါကဝဋ် တွေ လာသေးသလား....(မလာပါဘုရား)ဘာဖြစ်လို့လဲ ကိလေ သဝဋ် ဖြတ်ချလိုက်တယ်....(မှန်ပါ) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒုတိယ အလည်လမ်းကလဲ ရုန့်ရင်းတဲ့ ကိလေသာတွေဖြတ် ချလိုက်တယ်....(မှန်ပါ) တတိယ အလည်လမ်းကလဲ ကာမရာဂ ဖြစ်တဲ့ လောဘဆိုတဲ့ သမုဒယသစ္စာ ဖြတ် ချ လိုက် တယ် .... (မှန်ပါ) စတုတ္ထ အလည်လမ်းကလဲ ရူပရာဂ အရူပရာဂဆိုတဲ့ လောဘကဲ ဖြတ်ချလိုက်တယ်.... (မှန်ပါ)ဒါဖြင့် လောဘချည့် ပေါ့ဗျ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတွေ အလည်လမ်း ဘယ်နှစ်လမ်းရှိသတုံး....(လေးလမ်းရှိပါတယ်ဘုရား)။

အို....ပဌမလမ်းတက်မိယင် မပူပါနဲ့....(မှန်ပါ) ဒုတိယလမ်း၊ တတိယလမ်းဟာတဲ့ သူကဘဲ ပဌမလမ်းကို သိတဲ့ ဉာဏ်ကဘဲ နိုးဆော်ပြတယ်....(မှန်ပါ)ပဌမလမ်းပေါ် တက်မိဘို့ရာသာလျှင် အရေးအကြီးဆုံး အချက်လို့ မှတ်လိုက်ပါ....(မှန်ပါဘုရား)

ဘယ်ပေါ် တက်မိဘို့လဲ.... (ပဌမလမ်းပေါ် တက်မိဘို့ပါဘုရား)။

အေး....ပဌမလမ်းပေါ် တက်မိလို့ရှိယင် ဒုတိယလမ်းပေါ်ကို ဝီသမ္မာဒိဋ္ဌိကဘဲ ညွှန်ပြဘယ်....(မှန်ပါ) ဒုတိယလမ်းရောက်တဲ့ သမ္မာဒိဋ္ဌိကလဲ တတိယလမ်း သူကဘဲညွှန်ပြတယ်....(မှန်ပါ) တတိယလမ်းညွှန်ပြတဲ့ သမ္မာဒိဋ္ဌိကလဲ စတုတ္ထလမ်းကို သူကဘဲ ညွှန်ပြတယ်....(မှန်ပါ)။

ဒါကြောင့် ပဌမလမ်းပေါ်တက်မှသာလျှင် တကာတကာမတို့ အအိုလွတ် အနာလွတ် အသေလွတ်ကို အပါယ်လေးပါး အအို အနာ အသေလွတ်သွားတယ် ဆိုလို့ရှိယင်ဘဲ-တဲ့၊ မီသမ္မာဒိဋ္ဌိဟာ ဘယ့်နှယ်ကြောင့် လေးလမ်းဖြစ်လာသတုံးမေးတော့ သမ္မာဒိဋ္ဌိ ရင့်ရင့် ရင့်ရင့်သွားတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်လှပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (သမ္မာဒိဋ္ဌိရင့်ရင့်သွားပါတယ်ဘုရား) သမ္မာဒိဋ္ဌိ ရင့်ရင့်သွားတယ်၊ ရင့်ရင့် ရင့်ရင့်သွားတယ်ဆိုကတည်းက ခင်ဗျားတို့က အကဲခတ်ပါ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး

က-ဗောဇ္ဈင်ပွားများကွ၊ သမ္မာဒိဋ္ဌိရင့်အောင် ပြောနေတာ.... (မှန်ပါဘုရား)။

မဂ္ဂင်ပွားများကွဆိုတာ....(သမ္မာဒိဋ္ဌိရင့်အောင်ပြောတာပါ) သမ္မာဒိဋ္ဌိရင့်အောင် ခိုင်းလိုက်တာ....(မှန်ပါ့)။

ပွားများဆိုကတည်းက ဘာခိုင်းတာတုံး .... (သမ္မာဒိဋ္ဌိရင့်အောင်ခိုင်းတာပါဘုရား)။

အဲ...သမ္မာဒိဋ္ဌိရင့်အောင်ချည့်ဘဲ၊ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပွားများမှုကို မလျှော့နဲ့ဆိုတဲ့ဥစ္စာ သမ္မာဒိဋ္ဌိခေါးကို ထက်သထက် ထက်အောင်သွေးတာ....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်....(သမ္မာဒိဋ္ဌိခေါးကို ထက်သထက်·ထက်အောင်းသွေးတာပါဘုရား)။

အဲ သမ္မာဒိဋ္ဌိခေါး ထက်ထက်သွေး နိုင်လို့ရှိယင် ခင်ဗျားတို့ကိလေသာရန်သူတွေကိုတဲ့ အကုန်ပြတ်အောင် လုပ်နိုင်တယ်ဆိုတဲ့ဥစ္စာ သူထက်လေ ပြတ်လေဘဲ....(မှန်ပါဘုရား)။

သောတာပန်သည် အကြမ်းကိုသာ ဖြတ်နိုင်တယ် အနုမဖြတ်နိုင်ဘူး၊ သကဒါဂါမ်သည် အလတ်စား နုတာကိုသာ သူဖြတ်နိုင်တယ်၊ ဒီ့ထက်နုတာ သူမဖြတ်နိုင်ဘူး...(မှန်ပါ့) အနာဂါမ်သည်ကားလို့ ဆိုလို့ရှိယင်လဲ ဒီ့ထက်နုတာ ကျန်ခဲသေးတယ်၊ အဲဒီအနုဆုံးကို သူမဖြတ်နိုင်ဘူး၊ အရဟတ္တမဂ်ကျမှ အနုဆုံးကို ဖြတ်နိုင်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့် ပွားများပွားများဆိုတာ ခေါးသွေးခိုင်းတာကို မှတ်ရမယ်....(မှန်ပါ့)။

ပွားများပွားများဆိုတာ.... ( ခေါ်ဒေသခိုင်းတာပါဘုရား ) သမ္မာဒိဋ္ဌိဉာဏ်သွေးတာ....(မှန်ပါ)သူကမှ ကိလေသာဖြတ်တယ်လို့ သမ္မာဒိဋ္ဌိဉာဏ်သွေးတာဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်ပွားများတဲ့အလုပ်မလျော့ပါနဲ့ ဆိုတာကို တိုက်တွန်းရတယ်....(မှန်ပါ)မတိုက်တွန်းလို့ ရှိယင် ခင်ဗျားတို့က ပျင်းတာနဲ့- ဟင်၊ ပျင်းလို့ ချထားလို့ရှိယင် ခေါ်ကသံချေးတက်လာတယ်လို့ဆိုတာလဲ မှတ်ရသေးတယ်....(မှန်ပါဘုရား)။

သွေးတော့ သွေးတာဘဲ၊ သွေးတော့ မောတယ်လို့ ခဏကလေးချထားလိုက်ပြန်ယင် ဘာဖြစ်သလဲ .... (သံချေးတက်ပါတယ်ဘုရား)။

အေး....ဒါကြောင့် ခင်ဗျားတို့အလုပ် လုပ်တဲ့အခါကျလို့ရှိယင် ထိုင်လုပ်တဲ့နေရာ ကျမှသာ အလုပ်ကိုမလုပ်ပါနဲ့၊ပြင်ဘက်ကလဲ ထိုင်မှန်းသိပြီး ထိုင်တဲ့အခါ ထိုင်စိတ်တွေပျက်ပုံ၊ ထတဲ့အခါ ထစိတ်တွေပျက်ပုံကိုလဲ အမြဲသွေးနေရမှာဘဲ.... (မှန်ပါဘုရား)။

ထိုင်တဲ့အခါကျတော့ဖြင့် ဣန္ဒြေရရ သွေးတာပေါ့ဗျာ.... (မှန်ပါ) ကိုယ့်နေရာမှာတော့ အသွေးက လျော့လို့မရဘူး.... မှန်ပါ)။

နည်းနည်း နည်းနည်းတော့ဖြင့် ဒါ သတိပညာနဲ့ ဦးတည်ပြီးထားရပါတယ်.... (မှန်ပါ)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အားကြီးမှာတာက"သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနကာရော အယံဝေါ အမှာကံ အနုသာသနီ...."တဲ့ ဒါ....ငါ့အကြီးအကျယ် ဆုံးမတာဘဲကွာ....တဲ့....(မှန်ပါ့)။

ဘိက္ခဝေ= ရဟန်းတို့၊သတော=သတိရှိသည်ဖြစ်၍၊သမ္ပဇာနကာရော=ပညာအဆင်ခြင်နဲ့ ပြည့်စုံသည်ဖြစ်၍၊ဝိဟရေယျ=နေရစ်ကြ၊ အယံ= ဤနှစ်ခုကို ငါသေသေချာချာမှာခဲ့ခြင်းသည်၊ ဝေါ= သင်တို့အား၊ အမှာကံ= ငါဘုရားတို့၏၊ အနုသာသနီ= ဆုံးမခြင်းပင်တည်း။

ငါဘုရား၏ အဆုံးအမဟာဖြင့် ဒီနှစ်ခု သိပ်အရေးကြီးတယ်ကွ.... ဒီနှစ်ခု မင်းတို့ လက်လွတ်သွားလို့ရှိယင် မင်းတို့အလည်လမ်း ကို မရောက်တော့ဘူးတဲ့....(မှန်ပါ့) သတိသမ္ပဇညဆိုတာပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

"သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနကာရော အယံ ဝေါ အမှာကံ အနုသာသနီ...." သိပ်မှာတာဘဲ ဒီဥစ္စာ (မှန်ပါ့)ဒါဖြင့်အလုပ်ထိုင်မှဘဲ အလုပ်လုပ်ရမှာလားတဲ့၊အလုပ်မထိုင်ခင်ဘဲ သတိသမ္ပဇဉ် ရှိရမှာလား.... (အလုပ်မထိုင်ခင် သတိသမ္ပဇဉ် ရှိရပါမယ်) သတိသမ္ပဇဉ်ရှိရမယ်ဆိုတာ သေချာပြီ.... (သေချာပါပြီဘုရား)။

သတိသမ္ပဇဉ် မရှိလို့ရှိယင် ဘာဖြစ်မတုံးလို့ မေးလို့ရှိယင် ကိလေသာတော ထလာပါတယ်....( မှန်ပါ့ )သတိသမ္ပဇဉ် မရှိယင်....(ကိလေသာတောထ လာပါတယ်) ကိလေသာ တောထလာလိမ့်မယ်ဆိုတာ သဘောပါပလား.... (ပါပါပြီ)။

ကိလေသာ တောထတယ်ဆိုတာလဲ စကားသာ ပြောရတာပါဘဲတဲ့၊ စင်စစ်ကျတော့ ပဋိစ္စသမုပ္ပါဒ် တန်းလိမ့်မယ်ပြောတာ (မှန်ပါ့)။

ကိလေသာတော ထမယ်ဆိုတာ ဘာတုံး.... (ပဋိစ္စသမုပ္ပါဒ် တန်းမယ်ပြောတာပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဖြင့် မင်းတို့မနေသာဘူး၊ တန်းတော့မှာဘဲဆိုတဲ့ဥစ္စာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ မျက်လုံး ကလေးဖွင့်လဲ ဒီမြင်စိတ်ကလေး ရှုဖြစ်အောင်ရှုပါ (မှန်ပါ့) ဩော်....မြင်တဲ့စိတ်ကလေး အခုမှပေါ်လာတယ်၊ ဩော်....ဒါ မြင်စိတ်ကလေးဟာလဲ ပျက်တာဘဲလို့ရှုပါ.... (မှန်ပါ့)။

နို့မဟုတ်လို့ရှိယင်တော့ဖြင့် သတိသမ္ပဇဉ် မရှိတော့ဘူး၊ မြင်တာကို မြင်မှန်းမသိဘူး– ဒီမြင်တဲ့တရားကလေးဟာ အခုချက်ခြင်းပျက်တာကို ခင်ဗျားတို့က သမ္ပဇညနဲ့ သတိလဲမထားပညာနဲ့လဲ မရှုဘူးဆိုလို့ရှိယင်ဖြင့် မြင်ယင် လိုချင်တယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် တခါတည်း အလည်က ဖေါက်စ, တာဘဲ.... (မှန်ပါ့)မစ,ဘူးလား.... (စပါတယ်ဘုရား)။

ဒါဖြင့် တဏှာ ဥပါဒါန် ကံ....(လာပါတယ်ဘုရား)မရသေးဘူးလား.... (ရပါတယ်)၊

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ် ကြီးက ကွာတဲ့၊ မင်းတို့မျက်လုံးဖွင့်မှာ ငါသိပ်စိုးရိမ်တယ်တဲ့၊ သိပ်စိုးရိမ်တာဘဲ....(မှန်ပါ့)။

မင်းတို့ မျက်လုံးဖွင့်မှာ ငါသိပ်စိုးရိမ်တယ်တဲ့၊ မီးစရဲရဲကြီးနဲ့ မျက်လုံးထိုးသေလိုက်ရတာက မြတ်တယ်ကွတဲ့....(မှန်ပါ့)တဏှာ ဥပါဒါန် တန်းသွားလို့ ရှိယင် သံသရာမှာ မဆုံးတော့ဘူးတဲ့.... (မှန်ပါ့)။

မျက်လုံး မီးစနဲ့ ထိုးပြီး သေလိုက်ရတာက တော်သေးတယ် (မှန်ပါ့) ဘယ်နှစ်ခါ တန်းမှန်းမှမသိဘဲ.... (မှန်ပါ့)။

မြင်တယ်ဆိုလို့ ရှိယင်ဖြင့် လိုချင်တယ်၊ စွဲလမ်းတယ်၊အဲ့ဒီ ထုတ်မယ်၊ မလာဘူးလား.... (လာပါတယ်ဘုရား) တခါတည်း လာသလားတဲ့၊ အကြိမ်ပေါင်းများစွာ လာသလား....(အကြိမ် ပေါင်းစွာ လာပါတယ်ဘုရား)။

အကြိမ်ပေါင်း များစွာဆိုတော့ ဒီအထဲက "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"တွေ ဘာတွေနဲ့ ဆိုယင် ကမ္မဘဝပစ္စယာ ဇာတိတွေက ဦးသံဒိုင် ရေတွက်နိုင်ပါ့မလား.... (မရေတွက်နိုင် ပါဘုရား)။

မရေတွက်နိုင်တော့ ဘုရားက မျက်လုံးကို မင်းတို့သံပူကြီးနဲ့ ထိုးပြီးသကာလ သေလိုက်တာက မြတ်တယ်တဲ့၊ ဟုတ်လား.... (မှန်ပါ့) သတိသမ္ပဇဉ် ကင်းတာဟာ သိပ်ကြောက်စရာကောင်း တယ်တဲ့....(မှန်ပါ့) ဒါကြောင့် ဟောနေတာ၊ သဘောပါကြ လား.... (ပါပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကဖြင့် မျက်လုံးဖွင့် မှာတောင် တကာတကာမတွေအတွက် မဖွင့်တတ်မှာ သိပ်စိုးရိမ် တယ်.... (မှန်ပါ့)။

အခု မျက်လုံးဖွင့်တတ်ကြပလား.... (ဖွင့်တတ်ပါပြီ ဘုရား) ဟာ....မိဘာရိုးရာ ဖွင့်လို့ မရဘူး....(မှန်ပါ)။

မိဘာရိုးရာ ဖွင့်လို့ မရဘူး၊ ဖွင့်သည်နဲ့ တပြိုင်နက်တည်း တခါတည်း သတိသမ္ပဇဉ်နဲ့ ခြောဲ.... ဖွင့်စိတ်ကလေး ပေါ်လာပြီ၊ ဒါကလေး ပျက်သွားပြီဆိုပြီး– သတိကသဲထား- ပညာကလဲ ရှုပေးရမယ်(မှန်ပါ)။

မရှုလို့ ဖြစ်ယင်တဲ့ မြင်စိတ်နောက်က နေပြီးသကာလ တဏှာ ဥပါဒါန်ကံတွေက အကြိမ်များစွာ လိုက်လာတယ်.... (မှန်ပါ) မလာပေဘူးလား.... (လာပါတယ်) တနည်း–ဒေါသ သောက တွေကကော.... (လာပါတယ်ဘုရား)။

တနည်း- သစ္စာကို မသိလိုက်တာနဲ့ဘဲ အဝိဇ္ဇာ သင်္ခါရတွေကကော.... (လာပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို အစကလဲ မျက်လုံးမတတ်ယင် လာတတ်တယ်....(မှန်ပါ)အလည်ကလဲ ပေါက်ပြီး(လာပါတယ် ဘုရား)။

အဆုံးကလဲ အစပြန်ပတ်တယ်ဆိုတော့ ဒိဝဋ္ဋတွေက ဒီ–ပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီးတွေက သုံးမျိုး လောက်လာပြီးသကာလ နေတော့ မောင်သစ် သံပူကြီးနဲ့ မျက်လုံး ထိုးပြီးသကာလ သေလိုက်ရတာက မင်းဟာကွာ တခါသေတာပါ....( မှန်ပါ ) ဟို ပဋိစ္စသမုပ္ပါဒ် သုံးမျိုးလာယင်(အခါခါသေပါတယ်ဘုရား) သေလို့ ဆုံးပါ့မလား....(မဆုံးပါဘုရား)။

အဲဒါကြောင့် ဒီနေ့ည မေးရတယ်၊ တကာ တကာမတွေ မျက်လုံးဖွင့်တတ်ပလား....(ဖွင့်တတ်ပါပြီ)။

နောက်က တကာ တကာမတွေကော မျက်လုံးဖွင့်တတ်ပလား....(ဖွင့်တတ်ပါပြီဘုရား)။

ဘယ်နှယ်လုပ် ဖွင့်ကြမတုံး....( သတိထားရပါမယ်ဘုရား ) သတိထားပြီး ပညာနဲ့ကြည့်....(မှန်ပါ့)။

သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနကာရော၊အယံ ဝေါ အမှာကံ အနုသာသနီ-ကိုး၊သူ့အဆုံးမကိုး.... (မှန်ပါ့)။

သတိထားပြီး တခါတည်း ဖွင့်ပါကွတဲ့၊ ပညာနဲ့လဲ ချက်ခြင်း ရှုပစ်ပါ....(မှန်ပါ့)။

ရှုပစ်လိုက်တဲ့ အခါကျလို့ရှိယင် အင်း-သတိပညာနဲ့ ရှုတော့ သတိရှုလိုက်သဖြင့် သမာဓိဝီရိယက ပါလာတယ်....( မှန်ပါ့ ) ပညာရှုလိုက်သဖြင့် သမ္မာသင်္ကပ္ပ ပါလာတော့ ဖွင့်တတ်လို့ရှိယင်အလည်လမ်းပေါ် ရောက်တယ်....(မှန်ပါဘုရား)။

ဖွင့်တတ်ယင်.... (အလည်လမ်းပေါ် ရောက်ပါတယ်) မဖွင့်တတ်လို့ရှိယင် ဘေးလမ်း ရောက်သွားတယ်....(မှန်ပါ့)။

မဖွင့်တတ်လို့ရှိယင် ကာမသုခလ္လိကာ နုယောဂလမ်း-ဘေးလမ်းရောက်သွားတယ်....(မှန်ပါဘုရား)။

တနည်း တခါးဖွင့်လိုက်ပြန်တော့ ပန်းကလေးမြင်လိုက်တယ်၊ ဟာ- ဘုရားလှူချင်ပါတယ်၊ ပန်းလှလွန်းလို့၊ ကိုယ်လဲလှချင်တယ်၊ အင်း....မျောလမ်းသွားပြန်ပြီ....(မှန်ပါ့)။

မဖွင့်တတ်ယင် မျောလမ်း-မြုပ်လမ်းက လာပြီ....(မှန်ပါ့) မဖွင့်တတ်ယင်....(မျောလမ်း-မြုပ်လမ်းကလာပါပြီ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါကြောင့်မို့ ခင်ဗျားတို့မျက်လုံးဖွင့်ပုံများမသိတဲ့လူဖွင့်ပြန်လဲ ကြောက်စရာကြီး၊ သာမညသိတဲ့လူ ဖွင့်လိုက်ပြန်တော့လဲ မျောလမ်းဖြစ်နေတယ်....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

မသိတဲ့လူ ဖွင့်လိုက်ပြန်တော့လဲ.... ( မြုပ်လမ်းပါဘုရား ) အဲဒီတော့ မျက်လုံးဖွင့်တဲ့ဥစ္စာကိုဘဲ အလည်လမ်းရောက်အောင် ဖွင့်ကြစမ်းပါဦး....(မှန်ပါဘုရား)မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား)။

အံမာလေး ကြောက်စရာကြီးပါလား ခင်ဗျားတို့ ဖွင့်မည့် မျက်လုံးဟာ....ဟင်....(မှန်ပါဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သံပူနဲ့ထိုးသေတာက မြတ်တယ်ကွာ....(မှန်ပါ့)။

သံပူနဲ့ ထိုးသေတာက....( မြတ်ပါတယ် ) တခါသေဘဲတဲ့၊ ဟိုဟာတွေက မျောလမ်းလဲ သွားချင် သွားပစ်လိုက်မယ်.... (မှန်ပါ့) မြုပ်လမ်းကော....( သွားချင်သွားပစ်လိုက်မယ် ) အလည်လမ်းကို ရောက်ကဲ့လား....(မရောက်ပါဘုရား)။

ဒါကြောင့် ဘုရားက'သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ'

ဘိက္ခု=ရဟန်းသည်၊သတော=သတိရှိသည်ဖြစ်၍၊ဝိဟရေယျ နေရာ၏ ကွ....(မှန်ပါ့) သတိကလေးနဲ့ နေစမ်းပါကွာ၊ မင့်အတွက် စိုးရိမ်လွန်းလို့ ပြောတာပါဘဲ....(မှန်ပါ့)။

သမ္ဗောဇ္ဈင်္ဂ=ပညာအဆင်ခြင်ရှိသည်ဖြစ်၍၊ ဝိဟရေယျ နေစမ်းပါကွ၊ မဆော့စမ်းပါနဲ့....( မှန်ပါ ) ဘာ့ကြောင့်တုံး ဆိုတော့ မြုပ်လှမ်း မျှောလမ်းစိုးရိမ်ရှာလို့....(မှန်ပါ)သဘော ကျပလား....(ကျပါပြီဘုရား)။

မျှောလမ်းလိုက်သွားပြန်တော့လဲ တကာ တကာမတို့ ဘုရား တရား သံဃာ ဆိတ်သွားတယ်(မှန်ပါ)မြုပ်လမ်း လိုက်သွားပြန် တော့ လုံးဝကိုဘဲ ဒိဋ္ဌိစွဲကတော့ ကယ်မည့်လူ ယူမည့်လူ မပေါ် လာတော့ဘူး....(မှန်ပါ) ပေါ်လာသေးရဲ့လား....(မပေါ်လာ ပါဘုရား)။

မပေါ်လာတော့ ဒီစကား မမှာထိုက်ဘူးလား၊ မှာထိုက်သ လား....( မှာထိုက်ပါတယ်ဘုရား ) "သတော့ ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနကာရော၊အယံဝေါ အမှာကံ အနုသာသနီ" ငါ့ အဆုံးအမဟာဒါပါကွ၊ ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် မျက်လုံး ဖွင့်တတ်လို့ရှိယင်ဖြင့် နားကော ထောင် တတ်ပလား မေးရမှာဘဲ....(မှန်ပါ) မမေးရပေဘူးလား....(မေး ရပါတယ်ဘုရား)။

အကုန်သင်ရမှာ.... (မှန်ပါ) အကုန်မသင်လို့ရှိယင် ဖြစ်ကို မဖြစ်ဘူး....(မှန်ပါ) ဒါ အလည်လမ်းပေါ်ရောက်အောင်၊ နို့ မဟုတ်လို့ရှိယင် ဦးသံဒိုင် မြုပ်လမ်း မျှောလမ်းဘက် လှည့် လှည့်သွားတယ်....(မှန်ပါ)။

မလှည့်ပါနဲ့ ဆိုလို့ကော....(မရပါဘုရား) မရဘူး၊ သင်မပေး ယင် မရဘူး....(မှန်ပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ "ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗော" သုံးဆယ့်လေးကြိမ်မှာတယ် သံယုတ်ပါဠိတော်မှာ....(မှန်ပါ့)။

ယထာဘူတံ=ဟုတ်တိုင်းမှန်စွာ၊ ဉာဏာယ=သိဖို့ရန်အလို့ငှါ၊ သတ္တာ=ဟောတတ်တဲ့ ဆရာကို၊ ပရိယေသိတဗ္ဗော=မင်းတို့ရှာတဲ့၊ မရှာယင်တော့ မင်းတို့သွားပြီ....( မှန်ပါ့ )သဘောပါပလား....(ပါပါပြီ)။

ဟုတ်တိုင်းမှန်စွာ ဟောတတ်တဲ့ ဆရာကို....( ရှာရပါမယ်ဘုရား )။

မရှာယင် သွားတာဘဲ....(မှန်ပါ့) မရှာယင် ဒိဋ္ဌိလမ်းဘဲလိုက်တယ်....(မှန်ပါ့)။

နည်းနည်းကလေး သောင်သာလို့ရှိယင် မျောလမ်းလိုက်တယ်....(မှန်ပါ့)နည်းနည်းဆင်းရဲယင်....(မြုပ်လမ်းပါဘုရား)။

ဆင်းရဲယင် မြုပ်လမ်း၊ သောင်သာတော့.... (မျောလမ်းပါဘုရား)။

ဆရာမပါတော့ အလယ်လမ်းပေါ်ကို ရောက်သေးရဲ့လား-(မရောက်ပါဘုရား)။

ဦးသံဒိုင်· ကြောက်စရာကြီးပါလား....(မှန်ပါ့ဘုရား)။

ဒါကြောင့် လူမိုက်များ ကံကောင်းလာယင် နစ်မွမ်းကြောမိပြီဆိုတဲ့ဥစ္စာ မောင်သစ် သဘောကျဘို့ တယ်ကောင်း....(မှန်ပါ့ဘုရား)။

လူမိုက်ကံကောင်းလာလို့ ရှိယင် မြုပ်လမ်းချည့် လိုက်တာ ဘဲ....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သာမညလိမ်မာတဲ့လူ ကံကောင်းလာပြန်တော့ မျောလမ်း လိုက်တယ်....(မှန်ပါ့ဘုရား)။

သူ့ဟာ အလည်လမ်းကို မကျဘူး....(မှန်ပါ့)ကျရဲ့လား.... (မကျပါဘုရား)။

ကိုင်း ဒါဖြင့် ဘယ်အချိန်မှ အလည်လမ်း ပေါ်သတုံးဆို တော့ ဆရာကောင်း သမားကောင်းနဲ့ ကြုံမှ အလည်လမ်းပေါ် ကိုဟာ....ဒီထဲသွား-ဒီထဲသွားဆိုပြီး ဘုရားကလဲ "သတော ဘိက္ခ ဝေ ဘိက္ခုဝိဟာရေယျ သမ္ပဇာနကာရော၊ အယံ ဝေါ အမှာကံ အနုသာသနီ"ဆိုပြီးသကာလ သေသေချာချာ ဒီဥစ္စာ အကြိမ် ပေါင်းများစွာ မှာတော်မူတယ်....(မှန်ပါ့ဘုရား)။

ကဲ....ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု... သာဓု....

ကျေးဇူးတော်ရှင် - အမရပူရမြို့ မင်္ဂလာတိုက်

မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

**ဝိသာခနှင့် ဓမ္မဒိန္နာ အမေး အဖြေ**

# ည အလုပ်ပေး တရားတော်

( ၁၃ - ၁၂ - ၆၁ )

- ၁ -

ဝိသာခ က အမေးသမား၊ ဓမ္မဒိန္နာက အဖြေသမား၊အမေးသမားက အနာဂါမ်လို့မှတ်ရမယ်၊ အဖြေသမားက ရဟန္တာမလို့ မှတ်ရမယ်။

သူ ဒီနေ့ ဘာမေးသတုံးဆိုလို့ရှိယင် သက္ကာယဒိဋ္ဌိဟာ ဘာ့ကြောင့် ဖြစ်သတုံး၊ ဒါကိုမေးပါတယ်။

ဝိသာခက မေးလိုက်တယ်၊ သက္ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဆိုတာ ဘယ်အကြောင်းကြောင့် ဖြစ်ပါလိမ့်မလဲ၊ မေးလိုက်တဲ့အခါကျတော့ တကာ တကာမတွေက မှတ်ဘို့ရာက ရှေးကတော့ အရိယာတွေရှိလို့ အရိယာတွေ မဆည်းကပ် မကိုးကွယ်လို့ အရိယာတရား မနာရလို့ သက္ကာယဒိဋ္ဌိဖြစ်တယ်၊ယခုအခါမှာတော့ ဒီလိုယူကြ သူတော်ကောင်းတရားကို မနာရမသိရလို့ သက္ကာယဒိဋ္ဌိဖြစ်တယ်လို့ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ရှေးအခါတုန်းကတော့ ရဟန္တာတွေရှိတော့ ရဟန္တာတွေ တရားကို မနာရ မပူရ အရိယာ သာဝကတွေ....( မှန်ပါ )အခု တော့ဖြင့်သူတော်ကောင်းတရား မနာရလို့ ဖြစ်တယ်လို့ မှတ်ရမယ်နော်....(မှန်ပါ)။

သူတော်ကောင်းတရား မနာရပြီ ဆိုမှဖြင့် သက္ကာယဒိဋ္ဌိဆိုတဲ့ တရားဟာ ဘယ်တော့မှ ဝမ်းထဲမှာ အမြစ်မပြတ်ပါဘူး၊ ဒါ ကြောင့် သက္ကာယဒိဋ္ဌိသည် အလွန် အရေးကြီးတဲ့ တရားလို့ မှတ်ကြစမ်းပါ....(မှန်ပါဘုရား) သက္ကာယဒိဋ္ဌိလောက် အရေး ကြီးတာ မရှိဘူးလို့ မှတ်ရမယ်နော်....(မှန်ပါ)။

သူတော်ကောင်း တရား မနာရလို့ ရှိယင်၊ သပ္ပုရိသာနံ အဒဿာဝီ-သူတော်ကောင်းတရားကို မမြင်ရ မကြားရလို့ ရှိယင် တခါတည်း သက္ကာယဒိဋ္ဌိက ဘယ်အခါမှ မပြုတ်ဘူးဆိုတဲ့ ဥစ္စာ မှတ်ထားရမယ်....(မှန်ပါ)။

ဒါဖြင့် သက္ကာယဒိဋ္ဌိ သူတော်ကောင်းတရားကို အခုဟော တော့မယ်တဲ့၊ ခန္ဓာငါးပါး မသိလို့ ပေါ်တဲ့အချိန်မှာ မသိ လို့ သက္ကာယဒိဋ္ဌိဖြစ်ရတယ်လို့ မှတ်ထား....( မှန်ပါ )ပေါ်တဲ့ အချိန်မှာ မသိလို့ သက္ကာယဒိဋ္ဌိဖြစ်ရတယ်။

ပေါ်တဲ့အချိန်မှာ မသိလို့နော်....(မှန်ပါ)ပေါ်တဲ့အချိန်က ဥပမာမယ် တောင့်တယ် တင်းတယ် ခန္ဓာကိုယ်ထဲမှာ တောင့် တင်းတယ်၊ ဟာ... ငါ တောင့်တယ်၊ ငါတင်းတယ်လို့ ဆိုတော့ သူတော်ကောင်းတရား မနာရတော့ ဝါယောဓါတ်ကိုပင်လျှင် ငါတောင့်တယ်၊ ငါတင်းတယ် ဖြစ်လာတယ်....(မှန်ပါ)။

သူတော်ကောင်း တရား နာရတဲ့ ပုဂ္ဂိုလ်ကတော့ ဟာ.... ဝါယောဓါတ် ဖေါက်ပြန်တာဘဲ၊ ဒီလိုသိသွားရတယ်....(မှန်လှပါဘုရား)။

ဝါယောဓါတ်ဆိုတာ ဖေါက်ပြန်တာဘဲလို့ သိသွားပြန်တော့လဲ ဟင်....ဝါယောဓါတ် ဝါယောဓါတ်လို့ သိသောကြောင့် သက္ကာယဒိဋ္ဌိမဖြစ်နိုင်ဘူး၊ ဒါ-ငါနဲ့ မရောတော့ပါဘူး ဝါယောဓါတ်ဟာ ဝါယောဓါတ်ဘဲ....(မှန်ပါ)။

ပူလာတယ်-အေးလာတယ်၊ ငါပူလာတယ်–ငါအေးလာပြန်ပြီ၊ ငါခက်တာဘဲ–အစရှိသည်နဲ့ သူတော်ကောင်းတရား မနာရတော့ တေဇောကို ငါထင်လိုက်တယ်....(မှန်လှပါဘုရား)။

ငါ့အသားတွေ လှုပ်လာပြီ၊ ငါ့အသားတွေ ဘာများဖြစ်ချင်လို့ မပြောတတ်ပါဘူး၊သွက်ချာပါဒများ လေဖြတ်ချင်လို့များ အစရှိသည်နဲ့ ဒီလိုတွေးကြတယ်၊ စင်စစ်တော့ ဘာမှမဟုတ်ပါဘူး၊ ဝါယောဓါတ်က လှုပ်ပြီးသကာလ နေတာ၊ငြိမ်နေပြန်လဲ ဝါယောဓါတ်က ငြိမ်နေတဲ့ဥစ္စာကို ဝါယောဓါတ်ဆိုသို့ မနရောက်ဘဲနဲ့ ငါလှုပ်တာ ဘာဖြစ်လို့ပါလိမ့်၊ အဲဒီတော့ ဝါယောဓါတ်ကို ငါစွဲတယ်နော်....(မှန်ပါ)။

ဥပမာမယ်- ဆီးလွန်တယ် ဆီးချုပ်တယ်၊ ငါဘာဖြစ်ပါလိမ့်မလဲ၊ ဆီးကိုလဲ ငါလုပ်တာဘဲ....(မှန်ပါ) စင်စစ် အာပေါဓါတ်ကို ငါလုပ်နေတာ....(မှန်ပါ) သူတော်ကောင်းတရားမနာရတဲ့ ပုဂ္ဂိုလ်ကတော့ ဒါငါချည့်ဖြစ်နေမှာဘဲ....(မှန်ပါဘုရား)။

အဲဒီတော့ ရုပ်ကို ငါထင်လို့ရှိယင်လဲ-သူတော်ကောင်းတရား မနာရလို့ရှိယင် သက္ကာယဒိဋ္ဌိဖြစ်ပါတယ်....(မှန်ပါ့)။

"ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ" ရူပံ ရုပ်ကို၊ အတ္တတော=ငါဟူ၍၊ သမနုပဿတိ=ရှုနေ၏၊ ဒါငါဘဲ၊ ငါတော့ခက်တာဘဲ၊ ငါတော့ ဒါနဲ့ သေရမှာဘဲ အစရှိသည်နဲ့ သက္ကာယဒိဋ္ဌိက သူတော်ကောင်းတရား မနာရတော့ ခါတ်လေး ပါးကို ငါလုပ်တယ်....(မှန်ပါ့)။

ဝေဒနာက္ခန္ဓာဘက်က လာပြန်လဲ နာပြန်လဲ ငါ၊ ယားပြန်လဲ ငါ၊ ငါယားကုန်ပြီ ငါနာကုန်ပြီ ဆိုလို့ရှိယင်လဲ သူတော် ကောင်းတရား မနာရလို့ရှိယင် ဝေဒနာက္ခန္ဓာပေါ်တာ မသိ ဘူး၊ ဝေဒနာက္ခန္ဓာပျက်တာလဲ မသိတော့ ဒါသက္ကာယဒိဋ္ဌိဖြစ်ရ မှာဘဲ....(မှန်ပါ့ဘုရား)။

သညာကလဲ ငါမေ့တတ်လိုက်တာ ငါဘာဖြစ်တယ် မသိ ဘူး၊ သညာပျောက်သွားတယ် အပြီးသတ်တော့....( မှန်ပါ့ ) သညာကလေး ရှိနေတာ သညာကလေး ပျောက်သွားတော့ ငါ မေ့တယ်၊ စင်စစ်တော့ဖြင့် သညာရှိနေလို့ရှိယင် မှတ်တာ က သညာက မှတ်တာကိုး၊ ငါမမှတ်ပါဘူး၊ ငါ့မှာ အမှတ် သည်းခြေ မရှိပါဘူး၊ သညာ ငါလုပ်ပစ်လိုက်တယ်....(မှန်ပါ့) ငါ့မှာ အမှတ်သည်းခြေ မရှိပါဘူးတဲ့၊ ဒါသညာ ငါ လုပ်ပစ် လိုက်တာ....(မှန်ပါ့)။

မေ့သွားတဲ့အခါကျတော့ သညာချုပ်သွားတာကိုပင် သူ မသိလိုက်တော့ ငါမေ့ပြန်ပြီ၊ ငါ ဒီလိုသာ မေ့နေမယ်ဆိုယင် တော့ ငါ့စီးပွားရေးနဲ့ ငါနဲ့ ခက်ပါသေးရဲ့-ဆိုတော့ သညာ

ပျောက်သွားတာကို သူ မသိလိုက်တဲ့ အတွက် သညာပေါ်တာကိုလဲ သူ မသိတဲ့ အတွက် သညာပေါ်မှု ပျောက်မှုကိုလဲ သူ မသိတဲ့ အတွက်တဲ့....ဦးသံဒိုင်ရေ-ဒါ ငါလုပ်ပြန်တာဘဲ(မှန်ပါ) ငါ မေ့သွားတယ်၊ ငါ မေ့သွားတာ မဟုတ်ပါဘူးတဲ့၊ သညာ ပျောက်သွားတာ....(မှန်ပါ့ သညာပျောက်သွားတာပါဘုရား)။

ပေါ်လာပြန်တော့ သူတို့က ငါ မှတ်ထားတာ ဘယ်သူ ယူသွားပါလိမ့်၊ ငါ မှတ်ထားတာ ဘယ်သူ ယူသွားပါလိမ့်၊သညာ ပေါ်လာပြန်တော့လဲ ငါ လုပ်ပစ်လိုက်တယ်....(မှန်ပါ့)။

သညာ ပျောက်သွားတော့လဲ ငါ မေ့-မေ့လွန်းလှတယ်.... ဆိုပြီး ကိုယ့်ကိုယ် ကိုယ်များ စိတ်ဆိုးလိုက်တယ်....(မှန်ပါ့)။

ဟိုက သညာက အနတ္တသဘောကို ပြောလိုက်တာ(မှန်ပါ့) အနတ္တသဘော ပြောလိုက်လို့ရှိယင် သူက စိတ်ဆိုးတယ်...., (မှန်ပါ့)သဘောကျပြီ....(ကျပါပြီ)။

သင်္ခါရဆိုတဲ့ ဥစ္စာသည်ကားလို့ ဆိုယင်ဖြင့် ဝေဒနာသညာမှ တပါး စေတနာတို့ ထိနမိဒ္ဓတို့ ဒါတွေဟာ သင်္ခါရတွေဘဲ.... (မှန်ပါ့) အို....ငါ အိပ်ချင်လိုက်တာ ငါ ငိုက်ငိုက်နေတယ်ဆိုတော့ ထိနမိဒ္ဓကို ငါ ထင်လိုက်တယ်၊ သင်္ခါရက္ခန္ဓာ ငါ ထင်လိုက်တယ်....(မှန်ပါ့)။

ဒါဖြင့် " သင်္ခါရံ အတ္တတော သမနုပဿတိ " ဆိုတော့ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်နေတယ်....(မှန်ပါ့) သက္ကာယဒိဋ္ဌိလဲ ဖြစ်တယ်၊ ဥစ္ဆေဒဒိဋ္ဌိလဲ ဖြစ်တယ်လို့ တကာ တကာမတွေက မှတ်ထားပါ (မှန်ပါ့)။

ငါ့စိတ် မစမ်းနဲ့ ဆိုလို့ ရှိယင်လဲ စိတ်ကို ဝိညာဏက္ခန္ဓာ ငါ ထင်တာဘဲ ...(မှန်ပါ)ငါ့စိတ်ဖေါက်ပြန်နေတယ် ထင်တယ် ဆိုတော့ ဖေါက်ပြန်တဲ့ စိတ်ကိုလဲ ငါ လုပ်ပြန်တာဘဲ....(မှန်ပါ ဘုရား)။

အဲဒါကြောင့် သူတော်ကောင်းတရား မနာရလို့ ရှိယင် ပရမတ်တွေ ပေါ်တိုင်း-ပေါ်တိုင်း ဒိဋ္ဌိဖြစ်တယ်....(မှန်ပါ)။

သူတော်ကောင်းတရား မနာရယင်....(ပရမတ်တွေ ပေါ် တိုင်း-ပေါ်တိုင်း ဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန် ပရမတ်နဲ့လဲ အတူတူနေရပြန်၊ ပေါ်တိုင်းလဲ ဒိဋ္ဌိဖြစ်နေမယ်ဆိုလို့ ရှိယင်ဖြင့် ငရဲအိုး မျက်စ ပစ် နေတာ တနေ့ ဘယ်နှစ်ကြိမ်တုံး မေးယင် ဘယ့်နှယ်ဖြေကြ မယ်(အကြိမ်ပေါင်းမရေတွက်နိုင်ပါဘုရား)မရေတွက်နိုင်ဘူးတဲ့။

အဲဒီတော့ ဓမ္မဒိန္နာက ပြောလို့ ဒီလိုစွဲတာတွေဟာ သက္ကာ ယဒိဋ္ဌိဖြစ်ပါတယ်။

ဒါဖြင့် သညာ ငါစွဲတာတွေ ဝေဒနာ ငါစွဲတာတွေ ခန္ဓာ ငါးပါး တခုခု ပေါ်လာတိုင်း ငါ စွဲတာ သက္ကာယဒိဋ္ဌိ ဆိုတာ သဘောကျတယ်....(မှန်ပါ) သက္ကာယဒိဋ္ဌိမရှိတာ ပြောစမ်းပါ ဦး....တဲ့....၊သက္ကာယဒိဋ္ဌိဟာ ဘယ်လို မရှိဘာတုံး....တဲ့။

ဓမ္မဒိန္နာက အို....ဥပမာ - ရုပ်ပေါ်လာတယ်၊ ခုနင်ကလိုဘဲ တောင့်တယ်, တင်းတယ် ပေါ်လာတယ်၊ အဲဒါကို "နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ၊"ငါ့ကိုယ်, ငါ့ဟာ,ငါ

ဥစ္စာ, မဟုတ်ဘူးလို့ ယူလိုက်လို့ရှိယင် ဒါ သက္ကာယဒိဋ္ဌိ ပြုတ်တာဘဲ....(မှန်ပါ)။

ဝေဒနာကလေး ပေါ်လာတာလဲ ငါ့ကိုယ်လဲ မဟုတ်ဘူး၊ ငါ့ဟာလဲ မဟုတ်ဘူး၊ ငါ့ဥစ္စာလဲ မဟုတ်ဘူး၊ ဒီလို ယူနိုင်လို့ရှိယင် ဒါဟာ သက္ကာယဒိဋ္ဌိ ပြုတ်သွားတာဘဲတဲ့(မှန်ပါ) ဒါ ဓမ္မဒိန္နာ ရဟန္တာမက ဟောနေတာ....(မှန်ပါ)။

စေတနာပေါ်လာတာလဲ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ပါဘူး၊ ထိန်မိဒ္ဓ ပေါ်လာတာလဲ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ပါဘူး၊ ဒီဥစ္စာ အနိစ္စ ဒုက္ခ အနတ္တပါဘဲလို့ ရှုနိုင်လို့ရှိယင်လဲ သက္ကာယဒိဋ္ဌိ ပြုတ်သွားတာဘဲလို့ သူ့ ခင်ပွန်းသည်ကို ဟောနေတယ်....(မှန်ပါ ဘုရား)။

စိတ်တွေ ပေါ်လာလဲ ဘယ်စိတ်ပေါ်ပေါ် ပြော်....စိတ်ဟာ စိတ်ဘဲ၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူး အနိစ္စ ဒုက္ခ အနတ္တတွေသာ အစစ်ဘဲလို့ ဒီလို ဝေဘန်နိုင်လို့ ရှိယင်လဲ သက္ကာယဒိဋ္ဌိ မဖြစ်ပါဘူး....(မှန်ပါ)။

ဒါဖြင့် သက္ကာယဒိဋ္ဌိ ဖြစ်ခြင်း၏ အကြောင်းက ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ထင်ယင်....(သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်)ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးထင်ယင်....(သက္ကာယဒိဋ္ဌိ ချုပ်ပါတယ်ဘုရား)။

အဲဒါကြောင့် တကာ တကာမတွေမှာ ဘယ်အခါမဆို ဝိပဿနာ နှလုံးသွင်းတဲ့ အခါကျလို့ရှိယင် ဒီဥစ္စာ ငါ့ကိုယ်လဲ မဟုတ်ဘူး၊ ငါ့ဟာလဲ မဟုတ်ဘူး၊ ငါ့ဥစ္စာလဲ မဟုတ်ဘူး၊ ဓမ္မ

သဘောအတိုင်း ဝေဒနာ ဓမ္မဖြင့် ဝေဒနာ ဓမ္မပေါ်ပြီး ပျက်နေတာဘဲဆိုတာကို ဉာဏ်က ဦးတည့်ကြပါ....( မှန်ပါဘုရား ) ဉာဏ်က ဦးတည့်လိုက်လို့ ရှိယင်တော့ သက္ကာယဒိဋ္ဌိ ပြုတ်သွားတယ်....(မှန်ပါ)။

သက္ကာယဒိဋ္ဌိပြုတ်သွားတဲ့ ပုဂ္ဂိုလ်မှန်လို့ ရှိယင်ဖြင့်....တဲ့၊ အပါယ်လေးပါးတော့ မကျတာအမှန်ဘဲဆိုတာ သေသေချာချာ မှတ်ပါ...(မှန်ပါ)။

ကောင်းပြီ....ဒါဖြင့် သက္ကာယဒိဋ္ဌိကို ဓမ္မဒိန္နာ ဘယ်လိုတရားနဲ့ ရှုမှ သက္ကာယဒိဋ္ဌိ ပြုတ်ပါလိမ့်မလဲ၊ ဒါဆက်မေးပြန်တယ်....(မှန်ပါ)။

အို....သက္ကာယဒိဋ္ဌိပြုတ်တယ်ဆိုတာ မဂ္ဂင်ရှစ်ပါးနဲ့ ရှုမှ ပြုတ်တယ်၊ အဲဒါမှတ်ထားကြပါ....(မှန်ပါ)။

သက္ကာယဒိဋ္ဌိပြုတ်တယ်ဆိုတာ ဘာတဲ့.... ( မဂ္ဂင် ရှစ်ပါးနဲ့ ရှုမှ ပြုတ်ပါတယ်ဘုရား)။

ကောင်းပြီ....မဂ္ဂင်ရှစ်ပါးနဲ့ ရှုမှ သက္ကာယဒိဋ္ဌိ ပြုတ်တယ်ဆိုတာတော့ သဘောကျပြီ၊ ဒီမဂ္ဂင်တွေဟာ အကွဲအပြား မရှိဘူးလားလို့ တခါဆက်မေးပြန်တယ်....(မှန်ပါ) ဟာ.... ရှိတယ်တဲ့၊ သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင်ရယ်လို့ ရှိသေးတယ်၊ ဒါမှတ်ထားရမယ်နော် .. (မှန်ပါ)။

သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင်လို့ မဂ္ဂင်သည် သုံးပါးရှိတယ်လို့ ဘုန်းကြီးတို့ တကာတကာမတွေက မှတ်ထားရမယ်....(မှန်ပါ)။

သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင်လို့ မဂ္ဂင် ဘယ်နှစ်ပါးရှိသတုံး....(သုံးပါးရှိပါတယ်ဘုရား) သုံးပါးရှိတယ်လို့ မှတ်ထားကြပါ။

နို့ သီလမဂ္ဂင်က ဘာတုံးလို့မေးတဲ့အခါ "သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ၊ သမ္မာဝါစာ=ဆိုတဲ့ ဥစ္စာ၊ မုသား မပြောတာ သမ္မာဝါစာ....(မှန်ပါ့) စကားကိုဆိုတာ မဟုတ်ပါဘူး၊ မုသားကြဉ်ရှောင်ယင် သမ္မာဝါစာ၊ ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရကို မလွန်ကျူးယင်သမ္မာကမ္မန္တ၊ လိမ်လည်ကောက်ကျစ်ပြီးအသက်မမွေးလို့ရှိယင် သမ္မာအာဇီဝ' ဒါ သီလမဂ္ဂင်ပါဘဲ ဖြေလိုက်တယ်။

ကောင်းပြီ....ဒါဖြင့် သီလမဂ္ဂင်တော့ ကျေနပ်ပါပြီ၊ သမာဓိမဂ္ဂင်တော့ ဘယ်နှစ်ပါးရှိသတုံးတဲ့၊ ဓမ္မဒိန္နာက၊ အို... သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိပေါ့..တဲ့။

ဟုတ်ပြီ ဓမ္မဒိန္နာ၊ ဒါတော့ကျေနပ်ပါပြီ၊ ဘယ့်နှယ်ကြောင့် ဒီ သုံးခု ဖြစ်နေရသတုံးလို့....၊ ဟာ....သုံးခုဖြစ်နေတာ တခြားမဟုတ်ဘူး၊ သူတို့ တခုတည်းနဲ့ ကိစ္စတခုကို ပြီးအောင် မလုပ်နိုင်လို့၊ ဒါ မှတ်ထားကြပါ....(မှန်ပါ့)။

သုံးခုရှိနေတာ....(တခုတည်းနဲ့ ကိစ္စပြီးအောင် မလုပ်နိုင်လို့ပါဘုရား)။

အဲ....တခုတည်းနဲ့ ကိစ္စပြီးအောင် မလုပ်နိုင်ဘူး၊ သမာဓိတည်ပါတယ်ဆိုလို့ရှိယင်ဖြင့်တဲ့ ဝီရိယလဲပါဦးမှ သတိလဲပါဦးမှ တည်နိုင်ပါတယ်....(မှန်ပါ့) ရှင်းပြီ....(ရှင်းပါပြီ)။

ဝီရိယကော....(ပါဦးမှပါ) သတိကော....(ပါဦးမှပါ) အဲဒါမှ သမာဓိတည်နိုင်တယ်တဲ့၊ သမာဓိတည်ဘို့ အရေးကြီးတယ်၊ သမာဓိတည်ဘို့အရေးကြီးတယ်ဆိုပေမဲ့လဲ ဝီရိယနဲ့ သတိမပါယင် မတည်နိုင်ပါဘူး ဆိုပြီးနောက် သူတို့ အာဘော် အတိုင်း အဋ္ဌကထာဆရာက ဥပမာ ပေးလိုက်တယ်၊ မမှီ့တမှီ ပန်းကို ကောင်းကင်မှာ အထက်မှာ မမှီ့တမှီ ပန်းပွင့်တပွင့် ရှိတယ်တဲ့၊ အဲဒီ မမှီ့တမှီ ပန်းပွင့်တပွင့်ရှိနေတဲ့ အခါကျလို့ရှိယင် ဘယ်လို လုပ်ဆွတ်မလဲ...တဲ့၊ ဒီပန်းကို ခူးမလဲ၊ တယောက်က ကုန်းပေးရမယ်၊ တယောက်က ကုန်းတဲ့အပေါ်မှာ တက်ရမယ်၊ တယောက်က ဘေးကနေပြီး ပခုံးပေးရမယ်၊ တက်တဲ့လူ လက်ကိုင်ဘို့....(မှန်ပါ)။

ထို့အတူဘဲတဲ့၊ တယောက်က ကုန်းပေးရမယ်၊ တယောက်က အနားနားက အနားနားကရပ်၊ တယောက်က အပေါ်တက်ပြီး ရပ်တဲ့လူ ပခုံးကိုင်ပြီးမှ လက်တဖက်ကနေပြီး လိုတဲ့ပန်းကို ဆွတ်ရမယ်....(မှန်ပါ) မမှီ့တမှီပန်း၊မှာ ဒီသုံးယောက် ပေါင်းမိမှ ပန်းတပွင့်ကို ဣန္ဒြေရရ ဆွတ်ခူးနိုင်တယ်ဆိုတဲ့ ဥပမာမှတ်ကြရမယ်....(မှန်လှပါဘုရား)။

ကဲ....ဒါဖြင့် မမှီ့တမှီပန်းဆွတ်ပုံသည် ဘာကြောင့်တုံး ဆိုတော့ ရပ်နေတဲ့ပုဂ္ဂိုလ်ကလဲ ပန်းမဆွတ်နိုင်ဘူး....(မှန်ပါ) ကုန်းနေတဲ့ပုဂ္ဂိုလ်ကလဲ.... ( မဆွတ်နိုင်ပါဘုရား ) အပေါ်တက်တဲ့ ပုဂ္ဂိုလ်ကသာ....(ဆွတ်နိုင်ပါတယ်ဘုရား)။

အပေါ်တက်တဲ့ပုဂ္ဂိုလ်ကလဲ ယိမ်းယိုင်နေမယ် ဆိုလို့ရှိယင်လဲ မဆွတ်ခူးနိုင်ဘူး၊ သဘောကျပလား....(ကျပါပြီ)။

ထို့အတူဘဲတဲ့ ဝိပဿနာ အလုပ်-လုပ်တဲ့ ပုဂ္ဂိုလ်များမှာ သမ္မာဝါယာမဆိုတဲ့ ဝီရိယမဂ္ဂင်က ကုန်းပေးတဲ့ လူနဲ့ တူတယ်.... (မှန်ပါ) သတိဆိုတဲ့ ပုဂ္ဂိုလ်က ပခုံးလေးနဲ့ အနားနားက ကပ်ပြီး ရပ်နေတဲ့ ပုဂ္ဂိုလ်နဲ့တူပါတယ်.... ( မှန်ပါ ) သမာဓိဆိုတဲ့ ပုဂ္ဂိုလ်က ကုန်းတဲ့အပေါ်တက်ပြီး ခုနင်က ပခုံးကိုင်ပြီးသကာလမှ ဇလုန်တွေရရ အပေါ်က ပန်းကို ဆွတ်နိုင်တဲ့ ပုဂ္ဂိုလ်နဲ့ တူပါတယ်....(မှန်ပါဘုရား)။

ဒါဖြင့် ပန်းတပွင့်ရဘို့ ဘယ်နှစ်ယောက်ကူရသလဲ.... ( သုံးယောက် ကူရပါတယ် )။

သုံးယောက်ကူမှ ပန်းတပွင့်ရသလို ဒီမှာလဲ ဝိပဿနာအလုပ်အားထုတ်တဲ့ ပုဂ္ဂိုလ်များမှာ ဒီ သုံးခုမပါလို့ရှိယင် ဖြစ်ကိုမဖြစ်နိုင်တဲ့အတွက် သူတို့သည် သမာဓိ၏ အခြံအရံ ဝီရိယနဲ့ သတိဟာ သမာဓိအားပေးမှု တခုလို့ မှတ်ကြစမ်းပါ....(မှန်ပါ)။

ဝီရိယနဲ့ သတိဟာ....(သမာဓိ အားပေးမှု တခုပါဘုရား)။

သမာဓိအားပေးမှု တခုဆိုတော့ ဒါက တကာ တကာမတွေမှာ ဩြော်....ဝီရိယလဲ ပါဦးမှကိုး၊ သတိကလဲ ဘေးက ငြိမ်ငြိမ် ပန်းဆွတ်နိုင်အောင် ကိုင်ရသလို ဒါမှ သမာဓိဆိုတဲ့ ပုဂ္ဂိုလ်က အပေါ်ကနေ ပန်းဆွတ်နိုင်သလို ကိုယ့်မှာလဲ ဝိပဿနာ ရှုတော့မယ်ဆို ဝီရိယလွတ်လို့လဲ မရဘူး၊ သတိမထားယင်လဲ....(မရပါဘုရား) သမာဓိ မပါလို့ရှိယင်လဲတဲ့ အာရုံကို စိုက်ခနဲ့ စိုက်ခနဲ မသွားဘူး....(မှန်ပါ)ရှင်းပြီ....( ရှင်းပါပြီ )။

ဒါဖြင့် သမာဓိ မဂ္ဂင်သုံးခု နေတဲ့ အကြောင်းဟာဖြင့် ဒီ ဥပမာနဲ့ဘဲ ဦးသံဒိုင် ရှင်းလောက်ပါပြီ....(မှန်ပါဘုရား)။

သမာဓိမဂ္ဂင်မှာ သုံးယောက်ပေါင်းမှ ကိစ္စတခု ပြီးတယ်.... (မှန်ပါဘုရား) သုံးယောက်ပေါင်းမှ....(ကိစ္စတခု ပြီးပါတယ် ဘုရား)။

ထို့အတူဘဲတဲ့ ခင်ဗျားတို့ ဝိပဿနာ အားထုတ်တဲ့ပုဂ္ဂိုလ်များ၌ သမာဓိ တည်ချင်လို့ရှိယင် သတိကို လက်မလွှတ်နဲ့ ဝီရိယ မလျှော့နဲ့....(မှန်ပါ) ဒါမှသာလျှင် သမာဓိသည် လိုရာပန်းကို ဆွတ်နိုင်သလို ခုနင်က အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ ဝေဒနာဖြစ်ပျက် စိတ်ဖြစ်ပျက်တွေကို သူ ကောင်းကောင်း မှန်မှန် မိအောင် ဖမ်းနိုင်တယ်....(မှန်ပါဘုရား) သဘောကျပြီ....(ကျပါပြီဘုရား)။

ကောင်းကောင်းမှန်မှန် မိအောင်ဖမ်းနိုင်တာသည် သူတို့ သုံးယောက်ပေါင်းမှ ကိစ္စပြီးတယ်ဆိုတဲ့ ဥစ္စာသုံးခုသော ဓမ္မပေါင်းမှ ကိစ္စပြီးနိုင်တယ်ဆိုတဲ့ ဥစ္စာ မမြင်သေးဘူးဆိုလို့ရှိယင် ဒီသုံးခုထဲက တခုခုလိုလို့ မှတ်ပေတော့....(မှန်ပါဘုရား)။

မမြင်သေးဘူးဆိုယင်....( ဒီ သုံးခုထဲက တခုခု လိုနေလို့ပါ ဘုရား )။

အဲ....ဖြစ်ပျက်ကို မမြင်သေးပါဘူး၊ ကျုပ်တို့ဖြင့် ရှုနေတာ ကြာပြီဆိုလို့ရှိယင် အောက်က ကုန်းပေးတဲ့ ဝီရိယနဲ့ တူတာ ယင်လဲ ညှိရမယ်....(မှန်ပါ)ဘေးက ရပ်ပြီး ပခုံးတလေးပေးတဲ့ ပုဂ္ဂိုလ်လို တယောက်သော ပုဂ္ဂိုလ် လက်ကိုင်ဘိုရာ....( မှန်ပါ ) အဲဒီ ပုဂ္ဂိုလ်ယင်လဲ အညှိဖြစ်ရမယ်....( မှန်ပါ )သတိယင်လဲ ချို့ယွင်းနေရမယ်၊ ဒါကြောင့် သမာဓိသည်....တဲ့ ဖြစ်ပျက် ရှိ

ရာသို့ စိုက်ခနဲ စိုက်ခနဲ မသွားဘူး....(မှန်ပါ့ဘုရား)ရှင်းပလား—(ရှင်းပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ရှိရာ စိုက်ခနဲ သွားချင်ယင် ဒီ သုံးခုလဲ့ အရေးကြီးတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် သမာဓိမဂ္ဂင်ဆိုပြီး ဘယ့်နှယ်ကြောင့် သတိ ဝီရိယ တည့်ရပါလိမ့်မတုံးဆိုတော့ ပန်းခူးတဲ့ ဥပမာနဲ့ ပြလိုက်တယ်... (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

သမာဓိမဂ္ဂင်ဆိုပြီး သမာဓိကလေး တလုံးဘည်း နေပါ တော့လားဆိုတော့ အို....သမာဓိက သူ့ချည့်သက်သက် ဘာမှ မလုပ်နိုင်ဘူး....(မှန်ပါ့ဘုရား) ဝီရိယကလဲ နောက်က တွန်းပေးမှ....(မှန်ပါ့) သတိကလဲ ဒီနေရာ ဆွတ်ပါ-ဒီနေရာ ဆွတ်ပါ— ဒီနေရာ ကူပါ-ဒီနေရာ ရှုပါဆိုဘာ သူကလဲ အကူအညီပေးဦးမှ....(မှန်လှပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမဘော့မှာ ဖြစ်ပျက်ဆီကို စိုက်ခနဲ.... စိုက်ခနဲ မသွားခြင်းဟာ ဩော်....ဒီသုံးခု တခုခု၊ သုံးခုပေါင်းမှ ဖြစ်တဲ့ ဥစ္စာကို ဒို့ တခုခုချို့ယွင်းနေတယ် ဆိုပြီးသကာလ ချို့ယွင်းတာကို ကိုယ်တိုင် သိအောင် လုပ်ရမယ်....( မှန်ပါ့ဘုရား )။

ချို့ယွင်းတာ ကိုယ်တိုင် သိအောင် လုပ်လို့ရှိယင်ဖြင့်တဲ့.... ခင်ဗျားတို့ အလိုရှိတဲ့ ဖြစ်ပျက်ဆီသို့တဲ့ သမာဓိသည် ဦးတည်ပါ လိမ့်မယ်.... (မှန်ပါ့ဘုရား)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သမာဓိသည် ဦးတည့်ပြီးသကာလ နေလို့ရှိယင် သူက မြင်တာလားလို့ မေးတော့ သမာဓိဟာ ဒီနေရာနဲ့ တည့်တာဘဲ ရှိတာဘဲ....(မှန်ပါ) ဖြစ်မှု ပျက်မှုကိုတော့ သူက မမြင်ပြန်ဘူး....(မှန်ပါ)။

သမာဓိက လိုချင်တဲ့ဘက် စိုက်ထားတာကလေးဟာ သမာဓိ....(မှန်ပါ) ဖြစ်ပျက် သူက မြင်သလား....ဆိုတော့ အို....ဖြစ်ပျက်ကိုတော့ ဉာဏ်ကမှ မြင်ရမှာ သူနဲ့ ဘာမှ မဆိုင်ဘူး .... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

သတိကမြင်သလားလို့မေးတော့သတိကလဲမြင်တာမဟုတ်ဘူး အကူအညီဘဲ၊ သမာဓိကို တည့်ပေးတာဘဲ ရှိတာဘဲ....(မှန်လှပါ) ဖြစ်မှုပျက်မှုကိုတော့ သူကမမြင်ပါဘူး....( မှန်ပါ )သမာဓိက ဒီ-လိုချင်တဲ့ဘက်ကို စိုက်ထားတာကလေးက သမာဓိ.... (မှန်ပါ) ဖြစ်ပျက် သူက မြင်သလားဆိုတော့ အို- ဖြစ်ပျက်ကိုတော့ ဉာဏ်ကမှမြင်ရမှာ သူနဲ့ဘာမှ မဆိုင်ဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

သတိက မြင်သလားလို့မေးတော့ သတိကလဲ မဟုတ်ဘူး၊ အကူအညီဘဲ၊ သမာဓိကိုတည့်ပေးတာဘဲ ရှိတာဘဲ....(မှန်ပါ)။

ဝီရိယကကော မင်းမြင်သလားလို့ မေးလို့ရှိယင်ဖြင့် ဝီရိယကလဲ သူချည့်သက်သက် မမြင်ပါဘူး၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သူတို့သုံးခုသည် သမာဓိကို သူတို့သုံးခု ပေါင်းပြီး အလုပ်-လုပ်မှသာလျှင် အာရုံတခုဆီသို့ တည့်တာဘဲရှိတယ်၊ ငင်း

အာရုံ ဘာဖြစ်နေတယ်လို့ သူတို့က မသိကြဘူး....( မှန်ပါ ) ဒါ သေသေချာချာမှတ်ပါ....(မှန်ပါ) အလုပ်သမားမှာ အရေးကြီးတယ်၊ ဓမ္မဒိန္နာက ဖြေတာပါဘဲတဲ့။

ဒါဖြင့် သမာဓိမဂ္ဂင်သုံးပါး ရှိထိုက်- မရှိထိုက်...(ရှိထိုက်ပါတယ်ဘုရား) သုံးခုပေါင်းမှဘဲ ကိစ္စတခုပြီးမှာဘဲ .... (မှန်ပါဘုရား) သုံးခုမပေါင်းလို့ရှိယင်....(မပြီးပါဘုရား)။

ဝီရိယကလဲ ပန်းဆွတ်ပုဂ္ဂိုလ်မှာ သူမမှီတော့ ကုန်းပေးရတယ်။ သတိကလဲ ကုန်းနေတဲ့ ပုဂ္ဂိုလ်နားကနေ ရပ်ပြီးသကာလ အပေါ်တက်တဲ့ပုဂ္ဂိုလ် ငြိမ်ဆိမ်မှ၊ သဘောကျပလား....(ကျပါပြီ) အပေါ်တက်တဲ့ပုဂ္ဂိုလ် ငြိမ်ဆိမ်မှသာလျှင် လိုရာပန်းကို သူသည် မှီနိုင်တယ်... (မှန်ပါ)။

ပန်းတို့၏ အကောင်း အဆိုးကို ရွေးတတ်သလားလို့ မေးတဲ့အခါကျတော့ သမာဓိက ပန်းမှီတာဘဲရှိတယ် အကောင်းအဆိုး မရွေးတတ်ဘူး....( မှန်ပါ ) ဘာဖြစ်လို့တုံး–သူကတည်ကြည်မှုတခုကိုသာလျှင် ဒီအာရုံရှိရာသို့ တည့်ပေးတာဘဲရှိတာဘဲ၊ သူက ထိုးထွင်းပြီးသကာလ ဟောတာက အဖြစ်ဘဲ,ဟောဒါကအပျက်ဘဲ၊ ဟောဒါက သင်္ခါရဘဲ၊ ဟောဒါက အနိစ္စဘဲ- ဒါတော့ သူနဲ့မဆိုင်ဘူး....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သူနဲ့မဆိုင်တာကို ဘယ်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျဆို့ရှိယင်ဖြင့်တဲ့ သူဟာပညာမဂ္ဂင်၏ အကူအညီဘဲလို့ မှတ်ရမယ်....(မှန်လှပါဘုရား) ပညာမဂ္ဂင်ကို အကူအညီပေးတဲ့ တရားသုံးခု....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာအားပေးပါလိမ့်.... (ပညာမဂ္ဂင်ကို အကူအညီအားပေး ပါတယ်ဘုရား)ပညာမဂ္ဂင်ကို အကူအညီပေးတဲ့ တရားသုံးခုလို့ မှတ်ရမယ်....(မှန်ပါ)။

ဒါဖြင့် ဓမ္မဒိန္နာ သိပါပြီတဲ့၊ သမာဓိဆိုတဲ့ဥစ္စာ ဩော်.... သုံးယောက်ပေါင်းမှာဘဲ ကိစ္စကြီးတခုကို တည့်ပေးနိုင်တဲ့စွမ်းရည် သတ္တိရှိတယ်ဆိုတာ ကျေနပ်ပါပြီ၊ ပညာမဂ္ဂင် ပြောစမ်းပါဦး ဆိုတော့ အို....သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပပေါ့၊ ဒါဘဲဖြေလိုက် တယ်....(မှန်ပါ)။

သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပပေါ့လို့ ဖြေလိုက်တယ်၊ နို့ ဘာပြု လို့ ပညာတခုတည်းမှာ သမ္မာသင်္ကပ္ပက တွဲနေရသေးသလဲလို့ မေးတဲ့အချိန် ရောက်လာတယ်....( မှန်ပါ )မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ရောက်တော့ကို ဒီလိုပါတဲ့ ဥပမာမယ်တဲ့ ဟိုဘက် ဒီဘက် အကောင်းအဆိုး ရွေးချင်တဲ့ ပုဂ္ဂိုလ်ကို ဥပမာ မျက်လုံးက တော့ ပါပါရဲ့တဲ့၊ ဟိုဘက် ဒီဘက် အကောင်းအဆိုး ဆိုတဲ့ ဥစ္စာကတော့ ဟိုဘက်—ဒီဘက် လှည့်လှန်ပေးနိုင်တဲ့ တရားတခု အကူအညီလိုသေးတယ်....( မှန်ပါဘုရား ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဥပမာမယ် ဒီကနေ မျက်လုံးနဲ့ကြည့်လိုက်တယ်၊ မျက်လုံးနဲ့ ကြည့်လိုက်တော့ တဘက်တွင် သိရတယ်၊ ဟိုတဲဘက်ဘာဖြစ်နေ တယ်လို့ သိပါ့မလား....( မသိပါဘုရား ) ဆိုတော့ ဟိုဘက်-ဒီ ဘက် လှန်ပေးတဲ့ဥစ္စာ မလိုဘူးလား....( လိုပါတယ် ) လိုတယ်၊

ဒါ ဩော်....ဒီဘက်က တမျိုးပါလား၊ ဒီဘက်က တမျိုးပါလား ဆိုတာ လိုဘဲတဲ့ သမ္မာသက်ပွက သူက ဟိုဘက် - ဒီဘက် မြင်ကွင်းကို အကွက်ဖော်ပေးတယ်....(မှန်လှပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

သမ္မာသက်ပွက....(မြင်ကွင်းကို အကွက်ဖော်ပေးပါတယ်)။

အဲ....မြင်ဘို့ရာ အကွက်ဖော်ပေးတယ်၊ ဖြစ်တဲ့အကွက်ကိုလဲ သူဖော်ပေးတယ်....(မှန်ပါ့) ပျက်တဲ့အကွက်ကိုလဲ.... (ဖော်ပေး ပါတယ်ဘုရား)။

သူ ဖော်ပေးတယ်ဆိုတော့ သူဖော်ပေးတာကို ပညာက စိုက်ပြီးကြည့်တာဘဲ....(မှန်ပါ့)။

သူက တဘက်တည်းပြလို့ရှိယင် သူကမှ လှန်လှောပြီးသကာ လ ရုပ်နာမ်ဓမ္မတို့ကို အင်း....ဖြစ်ပုံက တမျိုး၊ ပျက်ပုံက တမျိုး လို့ သူကမှ လှန်လှောမပြလို့ရှိယင် ပညာချည့် သက်သက်ကလဲ လှန်လှောနိုင်တဲ့ စွမ်းရည်သတ္တိမရှိဘူး....(မှန်ပါ့)။

ပညာကလဲ သူသည်ကားလို့ဆိုလို့ရှိယင် ဒါ ဖြစ်မှုနဲ့ ပျက်မှု သူ ဖြစ်မှုပြထားယင် ဖြစ်မှုဘဲ မြင်မှာဘဲ...( မှန်ပါ့ ) ပျက်မှုပြ ထားယင်....(ပျက်မှုဘဲ မြင်မှာပါဘဲဘုရား)။

ဟိုက လှန်လှောပေးတတ်တဲ့ ပုဂ္ဂိုလ် သမ္မာသက်ပွ ရှိပြီ ဆိုမှ ဖြင့် ဩော်....ဖြစ်မှုက ဒီလိုပါလား၊ ပျက်မှုက ဒီလိုပါလားလို့ ဟိုက ဖလှယ်ပေးတဲ့အတိုင်း ဒီက ကြည့်ရတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် အဖြစ်သာမြင်၍ အပျက်မမြင်သေး၊ အပျက်သာမြင်၍ အဖြစ်မမြင်သေးဖြစ်ခဲ့သော် သမ္မာသက်ပ္ပည့်တယ်....(မှန်ပါ့) သဘောပါကြပလား....(ပါ·ပါပြီ)။

အဖြစ်သာမြင်၍ အပျက်မမြင်သေးယင်.... (သမ္မာသက်ပ္ပည့်ပါတယ်) အပျက်သာမြင်၍ အဖြစ်မမြင်သေးယင်.... ( သမ္မာသက်ပ္ပည့်ပါတယ် ) သမ္မာသက်ပ္ပည့်တယ်၊ သမ္မာက - မှန်ကန်တာ၊ သက်ပ္ပက-လှည့်ပြီး ကြံစည်ပေးတာ....( မှန်ပါ့ ) ဒီကြည့် ကူကပ်ပေးတာ....(မှန်ပါ့)။

အဲဒါက ဓာမ္မာလာတဲ့ ဥပမာ၊ ဘုန်းကြီးတို့ပေးတဲ့ ဥပမာက ဒီလိုမပေးပါဘူး၊ မျက်လုံးမှုန်နေတဲ့ပုဂ္ဂိုလ်ကို သူနဲ့ ငယ်မျက်လုံးနဲ့ တူတဲ့ မျက်မှန်မှာ ပါဝါထည့်ပေးပါ....( မှန်ပါ့ ) ပါဝါထည့်ပေးလိုက်တဲ့အခါကျတော့ လူငယ်လိုဘဲ သူမြင်လိမ့်မယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် လူငယ်လိုဘဲ သူမြင်တယ်ဆိုတော့ သူ့မျက်လုံးချည့် သက်သက်မြင်သလား၊ မျက်မှန်အကူအညီရမှ သူသည် ရှင်းရှင်းလင်းလင်းမြင်သလားဆိုတာ အကဲခတ်ပါ....(မျက်မှန်အကူအညီရမှ ရှင်းရှင်းလင်းလင်းမြင်ပါတယ်ဘုရား)။

အဲ...မျက်မှန်ဆိုတဲ့ အကူအညီ ကင်းမဲ့နေလို့ရှိယင် သူသည် မြင်တော့ မြင်ပါရဲ့တဲ့၊ ရှင်းရှင်းလင်းလင်း မမြင်ဘူး....(မှန်ပါ့ဘုရား) သဘောပါကြပလား.... (ပါပါပြီ)။

မြင်တော့.... (မြင်ပါတယ်၊ ရှင်းရှင်းလင်းလင်း မမြင်ပါဘုရား) ရှင်းရှင်းလင်းလင်း မမြင်တော့ ရှင်းရှင်းလင်းလင်းမြင်ရ

အောင်ကိုယ်နဲ့ ထိုက်တန်တဲ့ပါဝါ သူပေးတဲ့ မျက်မှန်နဲ့ကြည့် (မှန်ပါ) ကြည့်လိုက်တဲ့အခါကျတော့ခုနင်က ပင်ကိုယ်ကြည့်တဲ့ မျက်လုံးအတိုင်း ရှေးမြင်တုန်းက ရှိလာတဲ့မျက်လုံးအတိုင်း မမွဲ ခင်ကရှိတဲ့ မျက်လုံးအတိုင်း သူသည်ကားလို့ဆိုယင် မမြင်ပေဘူး လား.... (မြင်ပါတယ်ဘုရား)။

ဒါဖြင့် မျက်မှန်နဲ့ သမ္မာသင်္ကပ္ပနဲ့တူတယ်.... (မှန်ပါ့)မျက် လုံးနဲ့ သမ္မာဒိဋ္ဌိနဲ့တူတယ်.... (မှန်ပါ့)။

မျက်မှန်နဲ့ ... (သမ္မာသင်္ကပ္ပနဲ့တူပါတယ်ဘုရား) မျက်လုံးနဲ့ (သမ္မာဒိဋ္ဌိနဲ့ တူပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိနဲ့တူဘယ်လို့ မှတ်ထားတော့ ဩော်.... သူတို့နှစ်ခု ကင်းလို့ မဖြစ်ပါလား....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါ ပြီဘုရား) သူတို့နှစ်ခုလဲ.... (ကင်းလို့မဖြစ်ပါဘုရား)။

တခုကင်းယင် ဟိုက တော်ရုံတဲ မြင်လိမ့်မယ်.... (မှန်ပါ့) မျက်မှန်နဲ့တူတဲ့ သမ္မာဒိဋ္ဌိက မြင်ကွက်ကို အများကြီး ဖေါ် ပေးလိုက်မယ် ဆိုလို့ရှိယင် မြင်စရာရှိတာ အကုန်မြင်မှာဘဲ.... (မှန်ပါ့) သဘောပါကြပလား.... (ပါပါပြီ)။

ဒါဖြင့် မြင်စရာရှိတာ အကုန် မမြင်တဲ့အခါကျလို့ရှိယင် တကာတကာမတွေက သမ္မာသင်္ကပ္ပ အကူပေးလိုက်၊ ဝိတက်ကို (မှန်ပါ့) ဝိတက်ဆိုတာ ရှုတဲ့ဘက်မှာလဲ သူသည် အားကူပေး တဲ့သဘောပါဘဲ.... (မှန်ပါ့)။

ဒါဖြင့် တကာတကာမတွေ ဩော်.... ပညာမှာလဲ အကူ အညီပါဦးမှ ... (မှန်ပါ့) သမာဓိမှာလဲ.... (အကူအညီပါဦးမှ ပါဘုရား) အကူအညီပါဦးမှ... တဲ့။

နို့....ပြန်လှည့်လိုက်၊ သီလမဂ္ဂင်ကျတော့ ဘယ်နှယ်ကြောင့် သူတို့သုံးပါး ပြားနေရသတုံးလို့ မေးဘို့မလိုဘူးလား.... (လိုပါတယ်) အို.... သူတို့က တခု လုပ်နေယင် နှစ်ခုမပါဘူး.... (မှန်ပါ)။

တခုလုပ်နေယင်.... ( နှစ်ခု မပါပါ ) ဘာကြောင့်တုံးဆိုတော့ သမ္မာဝါစာကလဲ မုသာဝါဒါ- ပိသုဏာဝါစာ- ဖရုသဝါစာ- သမ္ဖပ္ပလာပ၊ လိမ်လည် ကောက်ကျစ်မှု ကြဉ်ရှောင်တယ်၊ ကြမ်းတမ်းမှုကို ကြဉ်ရှောင်တယ်၊ ရယ်မောစရာပြောမှုကို ကြဉ်ရှောင်တယ်၊ မဟုတ်ဘူးလား.... (မှန်ပါ) အင်း....သူကြဉ်ရှောင်ပုံက တခြား.... (မှန်ပါ)။

သမ္မာဝါစာကလဲ ဝစီကံ လေးပါးသာ သူကြဉ်ရှောင်တယ်၊ သဘောကျပလား.... (ကျပါပြီဘုရား)။

သမ္မာ ကမ္မန္တကလဲ ကာယကံသုံးပါး ကြဉ်ရှောင်တယ်ဆိုတော့ သူတို့ ပြုလုပ်တာကိုက တမျိုးစီ ပြုလုပ်ကြတယ်.... (မှန်ပါ)။

အဲဒီတော့ တခုလုပ်နေတဲ့အလုပ်ကို တခုက ဝင်ခွင့်ကိုမရဘူး (မရပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

တခုလုပ်နေတဲ့အလုပ်ကို.... (တခုက ဝင်ခွင့်မရပါဘုရား)။

အဲ....သမ္မာ ကမ္မန္တလုပ်နေတဲ့ ပါဏာတိပါတ- အဒိန္နာဒါန- ကာမေသု မိစ္ဆာစာရ-ဆိုတဲ့ သူကြဉ်ရှောင်နေတုန်းကို သမ္မာဝါစာက ကြဉ်ရှောင်စရာ တရားမပါပြန်ဘူး.... (မှန်ပါ) ပါသေးရဲ့လား.... (မပါပါဘုရား) သမ္မာဝါစာ ကြဉ်ရှောင်နေတုန်းကို သမ္မာကမ္မန္တ ကြဉ်ရှောင်စရာက ပါရဲ့လား....(မပါပါဘုရား)။

အဲဒါကြောင့်သူတို့က နဂိုကိုက ကာယကံ ဝစီကံ မနောကံ ဖြစ်နေတယ်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

သူတို့က နဂိုကိုက ဘာဖြစ်နေသတုံး....( ကာယကံ ဝစီကံ မနောကံ ဖြစ်နေပါတယ် ) ကာယကံ ဝစီကံ မနောကံ ဖြစ်နေတော့ ကံချင်းကိုက ခြားနားနေလို့ သူတို့တော့ ရှောင်ကြဉ်ပုံ တူလို့သာ သီလလို့ နာမည်ပေးလိုက်ပါတယ်၊ အလုပ်မတူဘူး (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် သူတို့တော့ဖြင့် မဂ္ဂင်ရှစ်ပါးထဲမှာ သူတို့သည် ကားလို့ဆိုယင် လောကီမဂ္ဂင် လုပ်နေတဲ့ ပုဂ္ဂိုလ်မှာ တခါ တလေ ငါးပါး တခါတလေ ခြောက်ပါး....(မှန်ပါ့) ခြောက်ပါးဆိုလို့ရှိယင် သမ္မာကမ္မန္တ ဝင်လာလို့ရှိယင် ဟိုနှစ်ခုက ထွက်သွားတယ်....(မှန်ပါ့)။

ဒါဖြင့် ဝိပဿနာ ရှုတဲ့ ပုဂ္ဂိုလ်များမှာ သမ္မာကမ္မန္တ ဝင်လာလို့ရှိယင် ဟိုနှစ်ခုက ထွက်သွားတယ်....(မှန်ပါ့) ဒါဖြင့် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များမှာ သမာဓိနဲ့ ပညာကတော့ ဘယ်ဝင်မယ်ဆို ဝင်နိုင်တယ်....(မှန်ပါ့ဘုရား) သီလမဂ္ဂင်သုံးပါးကတော့ တခုစီသာ ဝင်နေတော့ မြဲရဲ့လား....(မမြဲပါဘုရား)။

မမြဲတော့ကိုတဲ့ သူတို့က ကာယကံ ကြဉ်ရှောင်နေယင် ဝစီကံ မနောကံက မပါပြန်ဘူး၊ မနောကံကြဉ်ရှောင်နေပြန်တော့လဲ ကာယကံ ဝစီကံက မပါပြန်ဘူး၊ပါကြရဲ့လား ...( မပါပါဘုရား )။

မပါတော့ သူတို့သည် မမြဲတဲ့ တရားတွေ ဖြစ်နေတယ်၊ ဒါ့ကြောင့် သူတို့ကတော့ဖြင့် တယောက်နဲ့ တယောက် အကူအညီ ပေးတယ်လို့ မရှိဘူး....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

တယောက်နဲ့ တယောက်....( အကူအညီပေးတယ်လို့ မရှိပါဘုရား)အေး....တပါးနဲ့ တပါး အကူအညီပေးတယ်လို့ မရှိဘူး....တဲ့....(မှန်ပါ)။

အဲဒီတော့ကိုတဲ့ ဘာလို့ အကူအညီ မပေးနိုင်သတုံးဆိုတော့ တယောက်က ပန်းတိမ်တတ်တယ်၊ တယောက်က ရက္ကန်းတတ်တယ်၊ မဟုတ်ဘူးလား....( မှန်ပါ )တယောက်က စက်မောင်းတတ်တယ်၊ ဘယ့်နှယ်လုပ် အကူအညီ ပေးကြမလဲ....( မပေးနိုင်ပါဘုရား)။

မပေးနိုင်ဘူး၊ပန်းတိမ်သမားကို စက်မောင်းသမားက အကူအညီပေးရမှာလဲ တခြားစီ....( မှန်ပါ ) စက်မောင်းသမားက ရက္ကန်းခတ်နေတဲ့ လူကို ပိုးမျှင်တွေ အမျိုးမျိုး အဖုံဖုံ ဖေါက်ပြန်နေတာတွေ ဘယ့်နှယ်လုပ် အကူအညီ ပေးမတုံး....(မပေးနိုင်ပါဘုရား)။

အဲ-သူ့တို့ကလဲ တယောက်နဲ့ တယောက် အကူအညီ မရှိဘူးတဲ့၊ တယောက်လုပ်နေတဲ့ အလုပ်ရှိယင် နှစ်ယောက်ကထိုင်ကြည့်နေတာဘဲ....(မှန်ပါ) မဆိုင်ဘူးတဲ့။

ဒါ့ကြောင့် သူတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သီလမဂ္ဂင်တော့ ခေါ်ရပါတယ်တဲ့၊ခေါ်တာတော့ ဘယ်လိုကြောင့် ခေါ်ရသတုံး....၊ ကြဉ်ရှောင်တာကလေးတခုဘဲ တူတယ်၊ အလုပ်က မတူဘူး... (မှန်ပါဘုရား)။

ကြည်ရှောင်တာကလေးတော့....(တူပါတယ် ဘုရား)။

အဆုံးမှာတော့ သွားတူတယ်....နော်....( မှန်ပါ့ )အင်း.... မနောကကြည်ရှောင်တယ်၊ ကာယကကြည်ရှောင်တယ်၊ ဝစီကကြည်ရှောင်တယ်ဆိုတော့ ကြည်ရှောင်ပုံကလေး တခုဘဲ တူတယ်....(မှန်ပါ့) အလုပ် လုပ်နေတာက....(မတူပါဘုရား) မတူဘူးဆိုတာ သေချာကြပလား....(သေချာပါပြီ)။

အဲဒါ့ကြောင့် ခင်ဗျားတို့ ဝိပဿနာ ရှုနေတဲ့ အခါမှာ သူတို့ဟာက မပါနိုင်ဘူး....(မှန်ပါ့)သဘောကျပလား-(ကျပါပြီ) သူတို့က ဘာဖြစ်လို့ မပါနိုင်သတုံးဆိုယင် တခုပါလို့ရှိယင် နှစ်ခုထွက်သွားတာကိုး....(မှန်ပါ့) နှစ်ခုစလုံး ပြိုင်ဝင်တယ်လို့ သူတို့က မရှိဘူး၊ ဝိပဿနာ ရှုနေတဲ့ အချိန်မှာ....( မှန်ပါ့ ) သဘောပါကြပလား....(ပါပါပြီ)။

ဒါဖြင့် ဘယ်ကျမှ ပြိုင်ဝင်မှာတုံးလို့ မေးတဲ့အခါကျတော့ မှ တခါတည်း နိဗ္ဗာန်ကို အာရုံပြုပြီး သောတာပတ္တိမဂ် ရလို့ နိဗ္ဗာန် အာရုံပြုတော့မှဘဲ ပြိုင်ဝဲလာတယ်....(မှန်ပါ့ဘုရား)နို့ မဟုတ်လို့ရှိယင် ပြိုင်ဘယ်တော့မှ မဝင်ဘူးဆိုတာ မှတ်ထားပါ (မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးပြောနေတယ်၊ တကာ တကာမတွေ ခင်ဗျားတို့ ဆောက်တည်တဲ့ သီလဟာတော့ ပါဏာတိပါတာ ဝေရမဏီ-ခင်ဗျားတို့ ဆိုတော့ဆိုတာဘဲ၊ အဒိန္နာဒါနာဝေရမဏီ ဆိုဘာဘဲ၊ မုသာဝါဒါဝေရမဏီဆိုဘာဘဲ၊ ကာယကံလဲ ခင်ဗျား

တို့ ဆောက်တည်တယ်၊ ဝစီကံလဲ ဆောက်တည်တယ်၊ မနောကံ ကတော့ ခင်ဗျားတို့ ဆောက်တည်လို့ မရလို့ ထားပါတော့။

အဲဒါကြောင့် သီလဟာ မမြဲဘူးဆိုတဲ့ ဥစ္စာသည် အလုပ် မတူလို့ဆိုတဲ့ အဓိပ္ပါယ် ရှင်းထားကြ....(မှန်ပါ)။

အလုပ်က....(မတူလို့ပါဘုရား) မတူဘူး၊ ကာယကံ ကြဉ် ရှောင်တာနဲ့ ဝစီကံ ကြဉ်ရှောင်တာနဲ့ဟာ ဦးသံဒိုင် တခြားစီ (မှန်ပါ) အဲဒါကြောင့် သူတို့သည် အနိယတ စေတသိက်လို့ သင်္ဂြိုဟ်မှာလဲ ရေးတယ်နော်....(မှန်ပါ) ဝိရတီစေတသိက်လို့လဲ ရေးတယ်။

အနိယတစေတသိက်ဆိုတာ တခုဝင်ယင် တခုမရှိဘူးပေါ့....၊ မမြဲဘူးကွ..(မှန်ပါ) ဝိရတီ စေတသိက်ဆိုတာကတော့ ပေါင်း ပြီး ခေါ်လိုက်တာ အကုန် ကြဉ်ရှောင်တဲ့ တရားတွေကွ... တဲ့.... (မှန်ပါ)သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ကြည့်... သူတို့ကတော့ဖြင့် တက်ဝင်ပေမဲ့ မဂ်အစစ် ရမှဘဲ ပြိုင်ဝင်မှာဘဲ ဆိုတာ စောစောစီးစီး မှတ်ထားပါ.... (မှန်ပါ)။

မဂ်ရလို့ရှိယင်တော့ ပါဏာတိပါတလဲ မလွန်ကြူး၊ မုသာ ဝါဒလဲ မလွန်ကြူး၊ မိစ္ဆာဒိဋ္ဌိဆိုတာလဲ မလာတော့ဘူး၊သူက ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ ကာယကံ သုံးပါး၊ မုသာဝါဒ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ ဝစီကံလေးပါး-( မှန်ပါ ) မနောကံကတော့ဖြင့် အဘိဇ္ဈာ ဗျာ ပါဒ မိစ္ဆာဒိဋ္ဌိ ဒါ မနော ကံသုံးပါး....(မှန်ပါ)။

အဲဒီတော့ ဒီနေ့ည ရှင်းရှင်းကလေး ပြောလိုက်တော့ သဘောပါတဲ့ လူတွေအားလုံးဘဲ နားထောင်ကြပါ၊ မိစ္ဆာဒိဋ္ဌိ တလုံး ပယ်လိုက်လို့ရှိယင် အကုန် သီလလဲ လုံသွားတယ်.... (မှန်ပါ့) သမာဓိကော....(လုံသွားပါတယ်)။

ဪ....ဒါဖြင့် ကာယကံလဲ လုံတယ်၊ ဝစီကံလဲ လုံတယ်၊ မိစ္ဆာဒိဋ္ဌိတလုံး ပယ်လိုက်တာနဲ့ အဘိဇ္ဈာ ဗျာပါဒတွေလဲ လုံဆို တော့ သမ္မာဒိဋ္ဌိ မဖြစ်လာသရွေ့ ကာလပတ်လုံးဟာဖြင့် သီလလဲ မမြဲဘူး....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

သမ္မာဒိဋ္ဌိ မဖြစ်လာသေးသရွေ့ ကာလပတ်လုံး....( သီလလဲ မမြဲပါဘုရား)။

ကဲ....သမ္မာဒိဋ္ဌိ ဖြစ်သွားပြီ၊ အစစ်ဖြစ်သွားပြီဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ သီလဟာ မြဲပြီ...(မှန်ပါ့)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတဲ့အတိုင်း ခင်ဗျားတို့ ဖြစ်စဉ်အတိုင်း ဒိဋ္ဌိပယ်နိုင်ယင် သီလမြဲတယ်.... (မှန်ပါ့) ဒိဋ္ဌိမပယ်နိုင်သေးယင်....(သီလ မမြဲပါဘုရား)။

ဒိဋ္ဌိဟာ သီလ ပျက်စေတာလဲ ဒိဋ္ဌိဘဲ....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ) သမာဓိ ပျက်စေတာလဲ....(ဒိဋ္ဌိပါဘုရား) ဝိပဿနာ ပျက်စေတာလဲ....(ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိဘဲ။

သောတာပန်တည်သွားတော့ ဒိဋ္ဌိတလုံး ပယ်လိုက်တော့ ဒိဋ္ဌိ ပယ်ယင် ဝိစိကိစ္ဆာ အလိုလိုသွားတာဘဲ....(မှန်ပါ့)ရှင်းပလား- (ရှင်းပါပြီ)။

အဲဒီတော့ သူတလုံး ပယ်လိုက်ယင် သီလကလဲ မြဲတယ်.... (မှန်ပါ့) သမာဓိကလဲ....(မြဲပါတယ်ဘုရား) ပညာကလဲ....(မြဲပါတယ်ဘုရား)။

ပညာဆိုတော့ သူက သမ္မာဒိဋ္ဌိ ဝင်လာကတည်းက မိစ္ဆာဒိဋ္ဌိ ပြေးရတာကိုး....(မှန်ပါ့) သဘောပါကြလား....(ပါပါပြီ)။

ဒြော်....ဒါဖြင့် မဂ္ဂင်ရှစ်ပါးမှာ ငါတို့သည်ကားလို့ ဆိုယင် ဖြင့် အပါယ်ရောက်ကြောင်းမှာဖြင့် ဒီ ဒိဋ္ဌိ မပြုတ်သရွေ့ကာလ ပတ်လုံး ဘယ်သီလမှလဲ အားကိုးလို့ မရသေးပါကလား.... (မှန်ပါ့) ပေါ်လာတယ်....(ပေါ်ပါတယ်ဘုရား)။

ဘယ်သီလမှ....(အားကိုးလို့ မရသေးပါဘုရား) အားကိုးလို့မရဘူး၊ပျက်စီးနိုင်တာချည့်ဘဲ....(မှန်ပါ့)။

မိစ္ဆာဒိဋ္ဌိရှိနေယင်....(ပျက်စီးနိုင်တာချည့်ပါဘုရား) ပျက်စီးနိုင်တာချည့်ဘဲ ဆိုသောကြောင့် ခင်ဗျားတို့ အသေအချာမှတ်ပါတဲ့၊ သီလဝိသုဒ္ဓိဖြစ်ရုံနဲ့ ဘာမှမလုံလောက်သေးဘူး ဆိုတာ မှတ်ထားရမယ်....(မှန်ပါ့) လုံလောက်လို့ရှိယင် ဒိဋ္ဌိဝိသုဒ္ဓိလို့ နောက်ထပ် ဘုရားဟောဘို့ မလိုဘူး....(မှန်ပါ့)လိုသေး သလား (မလိုပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

သီလဝိသုဒ္ဓိပြီးတော့ ဒိဋ္ဌိဝိသုဒ္ဓိ ဘုရားဟောတယ်၊ အဲဒါ ဘာဖြစ်လို့ဟောပါလိမ့်—အို-ငါဟောရမယ်ကွတဲ့၊ဒီဟာကျင့်စဉ်တဲ့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

သီလဝိသုဒ္ဓိပြီးယင် ဘာဟောရမတုံး....(ဒိဋ္ဌိဝိသုဒ္ဓိဟောရပါမယ်ဘုရား)။

ဒိဋ္ဌိဝိသုဒ္ဓိ ဟောရမယ်တဲ့၊ ဘာ့ကြောင့်တုံးဆိုတော့ သီလဝိသုဒ္ဓိနဲ့က ဘာမှ အပါယ်လေးပါး တံခါးပိတ်တဲ့ တရားက မပါသေးဘူးကွတဲ့…( မှန်ပါ့ ) ဒိဋ္ဌိကကျန်နေသေးတယ်…(မှန်ပါ့)ဒိဋ္ဌိကြောင့် အပါယ်ကျရတာကိုး….(မှန်ပါ့)။

ဒါဖြင့် ဒိဋ္ဌိဝိသုဒ္ဓိကို ဦးသံဒိုင် တက်ရလိမ့်မယ်….(မှန်ပါ့) မတက်ယင်….(မဖြစ်ပါဘုရား) မဖြစ်ဘူး….တဲ့။

ဟို ရေကပ်တွေတို့ ကြည့်ပါလား နှစ်ပေါင်း နှစ်သောင်း ရဟန်းတရားသီလဖြူစင်ပါတယ်နော်….(မှန်ပါ့)သို့သော်လဲ ဒိဋ္ဌိ မပြုတ်တော့ကို ခုနင်က သံသယကုက္ကုစ္စက နေပြီးသကာလ တိရစ္ဆာန်ဘ၀တွန်းချလိုက်တယ်….( မှန်ပါ့ ) တွန်းချလိုက်တယ်၊ ဒါ ဒိဋ္ဌိမပြုတ်လို့….(မှန်ပါ့)ဒိဋ္ဌိမပြုတ်တဲ့အတွက် နဂါးဖြစ်ရရှာတယ်၊ တိဿရဟန်းကြီး သန်းဖြစ်ရတယ်၊ ဒါ ဒိဋ္ဌိမပြုတ်လို့…. (မှန်ပါ့)ဒိဋ္ဌိသာပြုတ်ယင် သန်းဖြစ်စရာ အကြောင်းမရှိဘူး…. (မရှိပါဘုရား)နဂါးဖြစ်စရာကော….(မရှိပါဘုရား)။

မရှိပါဘူးတဲ့၊နို့ သီလမရှိဘူးလားဆိုတော့ သီလကတော့ သူ့အနှစ် နှစ်သောင်းကြိုးစားထားတာ….(မှန်ပါ့)သို့သော် ဒိဋ္ဌိက မပြုတ်သေးတော့ ဝိစိကိစ္ဆာ ကုက္ကုစ္စတွေက လာတော့တာဘဲ…. (မှန်ပါ့)သူ့အဖေါ်တွေကိုး…. (မှန်ပါ့) အဲဒါ ဒိဋ္ဌိရှိလို့ ဒါ တွေလာတာ….(မှန်ပါ့) ဒိဋ္ဌိမရှိယင်….(မလာပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ယနေ့ အရေးတကြီး ပြောလာတာက တကာ တကာမတို့ ဒိဋ္ဌိဖြုတ်ကြနော်…. (မှန်ပါ့)သီလနဲ့ စိတ်မချရသေးဘူး (မှန်ပါ့) သဘောပါပလား (ပါ-ပါပြီဘုရား)။

သီလနဲ့ (စိတ်မချရသေးပါဘုရား)အနှစ် နှစ်သောင်း အားထုတ်ထားတဲ့ သီလဟာဒိဋ္ဌိရှိနေတာနဲ့ ဦးသံဗိုင် ခုနင်ကနဂါးကြီး သွားဖြစ်တယ်....(မှန်ပါ)။

ဘုရား ကျောင်းတော်မှာနေတဲ့ တိဿရဟန်းကြီးဟာ တခါတည်း ဒိဋ္ဌိ မပြုတ်သေးတာနဲ့ စုတေသည်နဲ့ တပြိုင်နက်ထည်း သန်းသွားဖြစ်တယ်....(မှန်ပါဘုရား) မဖြစ်ဘူးလား .... (ဖြစ်ပါတယ်ဘုရား)။

ဒါတွေ ထောက်ကြည့်တဲ့ အခါကျတော့ကြောင့်...."စတူဟာ ပါယေဟိစ ဝိပ္ပမုတ္တော" အပါယ်လေးပါးမှ လွတ်တယ်ဆိုတာ ဒိဋ္ဌိပြုတ်မှပါလား....( မှန်ပါ ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အပါယ်လေးပါးလွတ်ဆိုတာ....( ဒိဋ္ဌိပြုတ်မှပါဘုရား ) ဒိဋ္ဌိ ငရဲမျိုးစေ့ ငရဲမျိုးစေ့လို့ ဘုန်းကြီးက နေ့တိုင်း လိုလိုပြောတဲ့ ဥစ္စာ ခင်ဗျားတို့ ရှင်းသွားပြီ....(ရှင်းသွားပါပြီ) ရှင်းသွားပြီတဲ့၊ ဒါဖြင့် ဒီ့ပြင်အလုပ်တဲ့ ဘယ်အလုပ်ကို ဒို့ပိုမိုပြီးအရေးတကြီး ခွါရမလဲ ရှင်းရမလဲလို့မေးလို့ရှိယင် ဒိဋ္ဌိဘဲ( မှန်ပါ )သက္ကာယ ဒိဋ္ဌိ၊ ရှင်းပလား....(ရှင်းပါပြီ)။

သက္ကာယဒိဋ္ဌိ ခွါပြီးလို့ရှိယင် သဿတ ဥစ္ဆေဒလဲ မလာဘူး (မှန်ပါ)သဘောပါပလား....(ပါ-ပါပြီ)။

သက္ကာယ မပြုတ်သေးလို့ရှိယင် ပွားလာတာဘဲ....(မှန်ပါ) သဿတယင်လဲ လာပစ်လိုက်တာဘဲ၊ ဥစ္ဆေဒယင်ကော....(လာပါတယ်ဘုရား)ဒါ ဘယ်သူက မူတည်လိုက်တာတုံး....(သက္ကာယက မူတည်တာပါဘုရား)။

“ဒွါသဋ္ဌိဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကာယဒိဋ္ဌိပမုခေနေဝ ဥပ္ပဇ္ဇန္တိ”တဲ့ အဋ္ဌကထာက....(မှန်ပါ့)ဒွါသဋ္ဌိဒိဋ္ဌိယော=ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့သည်၊ဥပ္ပဇ္ဇမာနာ=ဖြစ်ကုန်သည်ရှိသော်၊ သက္ကာယဒိဋ္ဌိပမုခေနေဝ= သက္ကာယဒိဋ္ဌိ အဦးရှိသဖြင့်သာလျှင်၊ ဥပ္ပဇ္ဇန္တိ=ဖြစ်ကုန်၏·တဲ့...( မှန်ပါ့ ) ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိဟာ သူ့ရှိလို့ဖြစ်လာတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခြောက်ဆယ့် နှစ်ပါးသော ဒိဋ္ဌိတို့သည်.... ( သက္ကာယဒိဋ္ဌိကြောင့်ဖြစ်ပါတယ်) အေး .... ဒါကြောင့် “ဒွါသဋ္ဌိဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကာယဒိဋ္ဌိပမုခေနေဝ”သက္ကာယဒိဋ္ဌိခေါင်းဆောင်ရှိမှ ဖြစ်ပါတယ်ကွတဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သီလကလေး ဆောက်တည်ချင်ဦး ဝမ်းထဲလဲဒိဋ္ဌိက မပြုတ်သေးတော့ ခြော်....ငရဲမျိုးစေ့ ငါ့ဝမ်းထဲ ရှိသေးတယ် မှတ်....(မှန်ပါ့ဘုရား)သဘောပါကြပလား....(ပါပါပြီ) ဒါနကလေးပြုချင်ဦး ဝမ်းထဲလဲ သက္ကာယဒိဋ္ဌိမပြုတ်သေးယင် ငါ့ဝမ်းထဲ ငရဲမျိုးစေ့ရှိသေးတယ်မှတ်....(မှန်ပါ့) ပြုတ်ပလား ငရဲမျိုးစေ့....(မပြုတ်သေးပါဘုရား)။

မပြုတ်သေးတော့ကို ပဋ္ဌမမဂ်မှာ အဋ္ဌကထာ ဆရာများ ဖွင့်တာ သိပ်ကောင်းတယ်၊မဋ္ဌမမဂ်ဟာကွာ ဘာ့ကြောင့်နိဗ္ဗာန် ရတယ်ဆိုတာ ငါရှည်ရှည်မပြောချင်ပါဘူး ဒိဋ္ဌိပြုတ်လို့ ရသွားတာပေါ့....(မှန်ပါ့) ကဲ....မရှင်းကြသေးဘူးလား.... (ရှင်းပါပြီဘုရား)။

မဂ္ဂမမဂ်ဟာ ဘယ့်နှယ်ကြောင့်ရသတုံး....(ဒိဋ္ဌိပြုတ်လို့ရပါ တယ်ဘုရား)။

မဂ္ဂမမဂ်ရခြင်း၏ အကြောင်းဟာ ဒီ့ပြင်ဟာကြောင့်ရတယ် မင်းတို့မယူနဲ့တဲ့၊ ဒိဋ္ဌိနိရောဓော နိဗ္ဗာန်ဘဲကွတဲ့....(မှန်ပါ) ဒိဋ္ဌိ ချုပ်လို့ ရသွားတာ....(မှန်ပါ)ဒိဋ္ဌိမချုပ်ယင်....(မရပါဘုရား)။

အဲဒါကြောင့် ဒီ တ ာ တကာမတွေမှာ ထပ်ပြန်တလဲလဲ ပြောတယ်လို့ ခင်ဗျားတို့က မယူဘဲနဲ့ ဩြော်....အရေးကြီးတာ သူပါလားဆိုတာကို ဆုံးဖြတ်ချက်ချပါ....(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်....(အရေးကြီးတာ သူပါဘုရား)။

အရေးကြီးတာ သူပါလား—သူမပြုတ်သေးသ၍ ကာလပတ် လုံးဖြင့် အင်း....ငါ့သီလဆိုတဲ့ သဘောမျိုးလိုဘဲ ငါ့အားကိုး ရှိပြီဆိုတာမျိုး မယူပါနဲ့....(မှန်ပါ)ငါ့ ဒါနအတော်ခရီးပေါက် ပြီလို့ သူမပြုတ်ဘဲနဲ့ မယူလိုက်ပါနဲ့....(မှန်ပါဘုရား)။

တနေ့ကပြောသလိုဘဲ ကောင်းကင်ပျံတဲ့ ငှက် အဆိပ်ပါ သွား၊ ပြန်ကျမလို့....( မှန်ပါ ) လန့်ပျံသာပျံမယ် အကျမ လွတ်ဘူး....(မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

လန့်ပျံတော့....(အကျမလွတ်ပါ) မြှားကလေးနဲ့ ပစ်လိုက် တဲ့အခါ အဆိပ်ကလေးက ထိသွားတော့ လန့်တော့ ပျံနိုင်တာ ပေါ့ အဆိပ်ကလေးက ပြန့်မှုမပြန့်သေးဘဲ....(မှန်ပါ) မပြန့်တဲ့ အချိန်ပျံနိုင်တယ်၊ ပြန့်တဲ့အချိန် ပြန်ကျမယ်....(ပြန်ကျပါမယ်) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကြောင့် ဘာကိုအရေးတကြီး ဖြတ်ရမယ်ဆိုတာ.... (သက္ကာယဒိဋ္ဌိအရေးတကြီး ဖြတ်ရပါမယ်ဘုရား) သက္ကာယဒိဋ္ဌိ အရေးတကြီးဖြတ်....(မှန်ပါ့)။

သက္ကာယဒိဋ္ဌိဖြတ်နည်းက တခုသောဓမ္မကလေး ပေါ်လာလို့ရှိယင် အနိစ္စ ဒုက္ခ အနတ္တတွေဘဲ၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ပါလား၊ ဒီလို ခင်ဗျားတို့ သူ အနိစ္စပြလို့ပြောသော်....ဒါကြောင့် မာနစင်ရတယ်၊ ဒုက္ခပြယင် လောဘစင်တယ်၊ အနတ္တပြယင် ဒိဋ္ဌိစင်တယ်၊ သဘောကျပလား....(မှန်ပါ့)။

အဲဒီတော့ကို သူပြတ်သွားလို့ရှိယင် ပပဉ္စက ပြတ်တယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သက္ကာယဒိဋ္ဌိပြတ်သွားယင်.... (ပပဉ္စပြတ်ပါတယ်ဘုရား) အဲ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးဆိုတာကို ရှုနိုင်ရမယ်.... (မှန်ပါ့) ဖြစ်ပျက်တရားတွေကို ငါ့ကိုယ်လဲမဟုတ်ဘူး၊ ငါ့ဟာလဲမဟုတ်ဘူး၊ ငါ့ဥစ္စာလဲမဟုတ်ဘူး ရှုနိုင်ရမယ်၊ ရှုနိုင်လို့ရှိယင် ဖြင့် ဒါ.... သပ္ပုရိသာနံ အဒဿာဝီ....ဆိုတဲ့ အတိုင်း သူတော်ကောင်းကို မမြင်သေးဘူးဆိုပြောသော်လဲ ဒီလို ရှုတတ်တဲ့ပုဂ္ဂိုလ် ကျတော့ သူတော်ကောင်းတရား မြင်သွားပြီ.... (မှန်ပါ့)ပေါ် ကြပလား.... (ပေါ်ပါပြီ)။

သူတော်ကောင်းတရား မြင်သွားပါပြီတဲ့-ဒါဖြင့် ဒီသက္ကာယ ဒိဋ္ဌိလောက် အရေးကြီးတဲ့ တရားကဖြင့် မရှိဘူးဆိုတဲ့ဥစ္စာ သူ့ ဖြတ်ပြီးလို့ရှိယင်လဲ ဥပမာ... ဦးသံဒိုင်တို့ မှတ်စရာက ခင်ဗျား တို့အိပ်နေ၊သူ့ကိုတကယ်သာ မင်္ဂနဲ့ဖြတ်ပြီးသကာလအိပ်သာနေ

တော့ သူမရှိလို့ ရှိယင် အထက် နိဗ္ဗာန်ကို တားမည့်တရားကို မရှိဘူး.... (မရှိပါဘုရား)။

အထက် နိဗ္ဗာန်တွေကို.... (တားမည့်တရား မရှိပါဘုရား) သကဒါဂါမ်မြင်တဲ့နိဗ္ဗာန် အနာဂါမ် မြင်တဲ့နိဗ္ဗာန် ရဟန္တာမြင်တဲ့နိဗ္ဗာန် နိဗ္ဗာန်ကလဲ ရှိသေးတာကိုး.... (မှန်ပါ့) အဲဒီနိဗ္ဗာန်တွေကို ဘယ်နည်းနဲ့မှ မတားဘူး၊ သူ့ဟာသူဘဲ တက်သွားတာဘဲ.... (မှန်ပါ့ဘုရား)။

ကိုယ်ကလဲ အားထုတ်ချင်တဲ့ စိတ်ကလဲ ပေါ်လာတာဘဲ၊ မပေါ်ပါနဲ့ ဆိုလို့ မရဘူး၊ ဒိဋ္ဌိပြုတ်ပြီးသားလူက.... (မှန်ပါ့)။

သူ့ဟာသူ ပေါ်သွားတာ၊ အထက်မဂ်တွေကို အရှင်ဘုရားတပည့်တော်ကို အထက်မဂ် ရကြောင်းတရား ဟောပါဦးလို့ မလိုဘူးတဲ့ ဒိဋ္ဌိပြုတ်ပြီးသားပုဂ္ဂိုလ်.... (မှန်ပါ့) ဘာဖြစ်လို့.... တုံး.... သောတာပတ္တိမဂ်သာ ရခြင်း၏ အကြောင်း လေးပါး ဟောတာကိုး....(မှန်ပါ့) သကဒါဂါမိမဂ်ရခြင်း၏ အကြောင်း လေးပါးလို့ ဘုရားက မဟောတော့ပါဘူး.... (မှန်ပါ့) အနာဂါမိ မဂ်ရခြင်း၏ အကြောင်း.... (လေးပါးလို့ မဟောပါဘုရား) ရဟန္တာဖြစ်ခြင်း၏ အကြောင်း.... (မဟောပါ ဘုရား) အဲ....သောတာပန် ဖြစ်ခြင်း၏ အကြောင်းသာ လေးပါးဟောတယ်....(မှန်ပါ့)။

သူတော်ကောင်းနဲ့ ပေါင်းရမယ်၊ သဘောကျပလား(ကျပါပြီဘုရား) တရားနာရမယ်....(မှန်ပါ့) နှလုံးသွင်းကောင်းရမယ် (မှန်ပါ့) အပျက်နဲ့မဂ်နဲ့ကိုက်ရမယ်.... (မှန်ပါ့) ဒါ ဘယ်မှာ ဟောတာတုံး.... သောတာပန် တည်ခြင်း၏ အကြောင်း ဟော

တာ.... (မှန်ပါ့ဘုရား) သက္ကဒါဂါမ် တည်ခြင်း၏အကြောင်း ငါမဟောပါဘူးတဲ့ (မှန်ပါ့) အနာဂါမ်တည်ခြင်း၏အကြောင်း (မဟောပါဘုရား) ရဟန္တာ ဖြစ်ခြင်း၏ အကြောင်း(မဟောပါဘုရား) လေးပါးရှိသေးတယ်ကွ၊ လေးပါးရှိသေးတယ်ကွ....နဲ့ ထပ်ထပ်မလာဘူး.... ( မှန်ပါ့ ဘုရား ) လာရဲ့လား (မလာပါဘုရား)။

ဒါဖြင့် သောတာပန် တည်တာကလဲ ဒိဋ္ဌိပြုတ်လို့တည်တာ (မှန်ပါ့)ဒိဋ္ဌိပြုတ်ယင် ယနေ့ ထူးထူးခြားခြားမှတ်ပါ ဝိစိကိစ္ဆာ မကျန်ဘူး.... (မှန်ပါ့)။

ဒိဋ္ဌိပြုတ်ယင်.... (ဝိစိကိစ္ဆာ မကျန်ပါဘုရား) အင်္ဂုတ္တိုရ်မှာ သေသေချာချာ လာတယ်၊ ဒိဋ္ဌိပြုတ်တဲ့ပုဂ္ဂိုလ် ဝိစိကိစ္ဆာမကျန်ပါဘူးတဲ့၊ စာမှာသာ ရေးထားတာပါတဲ့၊ ဒိဋ္ဌိ ပြုတ်လို့ရှိယင် ဝိစိကိစ္ဆာ အလိုလိုပြုတ်တယ်.... (မှန်ပါ့) သဘောပါပလား.... (ပါပါပြီဘုရား)။

ဒိဋ္ဌိပြုတ်ယင်.... (ဝိစိကိစ္ဆာ အလိုလို ပြုတ်ပါတယ်ဘုရား) အဲ....ဝိစိကိစ္ဆာ အလိုလိုပြုတ်တယ်လို့ မှတ်ထားလိုက်ပါဆိုတော့ ဩော်.... ဒါဖြင့် ဒိဋ္ဌိပြုတ်တဲ့ပုဂ္ဂိုလ်များမှာ အထက် ကျင့်စရာ ဘယ်နှစ်ပါး ရှိသေးသတုံးလို့မမေးနဲ့တော့.... (မှန်ပါ့)ဒိဋ္ဌိပြုတ်ပြီးတယ်ဆိုလို့ရှိယင် သူ့ဟာသူ နိုးဆော်သွားတယ်....(မှန်ပါ့) သဘောပါပလား.... (ပါပါပြီ)။

ကဲ....တခါ ဝေသာရဇ္ဇပတ္တော....ဆိုတဲ့ ဥစ္စာက ရဲရင့်သွားတယ်လို့ပြောတာ.... (မှန်ပါ့) ဒိဋ္ဌိပြုတ်ပြီးသားပုဂ္ဂိုလ်ကျတော့ လဲ သူသည် အထက်ခရီ အထက်ဖိုလ်သာ လည်းလျှောင်းရာရှိ

တော့တယ်ဆိုတဲ့ဉစ္စာက ဘုရားက သေသေချာချာ ဟောတယ် (မှန်ပါ)။

ဒိဋ္ဌိပြုတ်ပြီးယင် အထက်မဂ် အထက်ဖိုလ်သာ သူရဘို့ရှိတော့တယ်၊မရပါနဲ့လို့ တားယင်ကော(မရပါဘုရား)မရဘူးတဲ့၊ဒါဖြင့် နဂိုတားထားတာ ဒိဋ္ဌိဘဲ.... (မှန်ပါ) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

နဂိုတားထားတာ.... (ဒိဋ္ဌိပါဘုရား) ကဲ.... အားလုံးသောပုဂ္ဂိုလ်တို့မှာ ဒိဋ္ဌိအရေးကြီးပုံကို မဂ်လေးပါးနဲ့ ဆင်ပြလိုက်တော့မှ သောတာပန် ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိပယ်ပြီးသားဖြစ်တော့ အထက်မဂ်သာ လည်းလျောင်းရာ ရှိတော့တယ်လို့ ဘုရားက ဒေဟာလိုက်တယ်.... (မှန်ပါ)။

သောတာပန် တည်ပြီးသား ပုဂ္ဂိုလ်များ.... (အထက်မဂ်သာ လည်းလျောင်းရာ ရှိပါတော့တယ်ဘုရား) အထက်မဂ်သာ ရဘို့ရှိတော့တယ်ပြောတာ၊ စာလိုသုံးလို့ လည်းလျောင်းရာရှိတော့တယ်ပြောနေတာ ... (မှန်ပါ) သေသေ ချာချာဆိုတော့ သူဟာ အထက်မဂ်သာလျှင် သွားဘို့ရှိတော့တယ်လို့ပြောလိုက်ခြင်းသည် ဒိဋ္ဌိပြုတ်ပြီးသားပုဂ္ဂိုလ်မို့ ရဲရဲတင်းတင်း ဟောတာ (မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘာအရေးကြီးကြပါလိမ့်.... (သက္ကာယ ဒိဋ္ဌိပြုတ်ဘို့ အရေးကြီးပါတယ်ဘုရား)အေး....သက္ကာယဒိဋ္ဌိပြုတ်ဘို့ဘဲ အရေးကြီးတယ်....(မှန်ပါ) သက္ကာယဒိဋ္ဌိ ပြုတ်လို့ ရှိယင် သကဒါဂါမ်ဖြစ်ရပါလို၏ ဆုမတောင်းနဲ့....(မှန်ပါ) အနာဂါမ်ဖြစ်ရပါလို၏

(ဆုမတောင်းရပါဘုရား) ဆုမတောင်းနဲ့ ဒီမဂ်က ဆောင်သွားမယ်.... (မှန်ပါ) သောတာပတ္တိမဂ်ကဘဲ ဆောင်သွားမယ်၊ ရဟန္တာ ဖြစ်အောင်လဲ သူဘဲ ဆောင်တော့မယ်.... (မှန်ပါ)။

ဒါဖြင့် မဂ်လေးခု စလုံးမှာ တကာတကာမတို့ တားနိုင်တာကဖြင့် ဒိဋ္ဌိဘဲ.... (မှန်ပါ)။

မဂ်လေးခုစလုံး တားနိုင်တာ.... (ဒိဋ္ဌိပါဘုရား) သူ့လဲပယ်ပြီးပါရော အထက်မဂ်တွေအတွက် တရားအားထုတ်စရာ ပယ်စရာ ဒီ့ပြင်ဟာတွေကို ရပ်နားပြီးသကာလ ကိုယ်နေချင်လို့နေတာန် နေရမယ်၊ နောက်ဆုံးပိတ်တနေ့ နေလို့မရတဲ့ဆီ ပြန်ရောက်တယ်.... (မှန်ပါဘုရား) သဘောပါပလား....(ပါပါပြီဘုရား)။

ဝိသာခါ ကိလေသာ ထူပြောတဲ့ပုဂ္ဂိုလ်မို့ ခုနစ်ဘဝနေမယ်၊ ခုနစ်ဘဝထက်ပိုနေလို့ ရသေးလားဆိုတော့ ဒိဋ္ဌိပြုတ်ပြီးသားပုဂ္ဂိုလ်မို့ နေလို့ကိုမရဘူး.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဘာအရေးကြီးသတုံး.... ဒိဋ္ဌိပြုတ်ဘို့အရေးကြီးပါတယ်ဘုရား) ဒိဋ္ဌိပြုတ်ဘို့ အရေးကြီးတယ်ဆိုတာပေါ်လာကြပြီ.... (ပေါ်လာပါပြီဘုရား)။

ကောင်းပြီ ဒိဋ္ဌိပြုတ်ချင်လို့ရှိယင်ဖြင့် ခင်ဗျားတို့ လွယ်ပါတယ်၊ပရမတ် တွေ့တိုင်းတွေ့တိုင်း ခြောက်....ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးလို့ ရှုရှုပေး....(မှန်ပါ)။

ပရမတ်ကလေးတခု တွေ့တိုင်း တွေ့တိုင်း.... (ငါ့ကိုယ်ငါ့ဟာငါ့ဥစ္စာ မဟုတ်ဘူးလို့ ရှုပေးရပါမယ်ဘုရား)။

အဲ....ငါ့ကိုယ်ဆိုတာ တဏှာ၊ငါ့ဟာဆိုတာက မာန၊ငါ့ဟာ မထိန့် လာတာကိုး.... (မှန်ပါ) ဒါကြောင့် မာနပြောလိုက်တယ် ( မှန်ပါ့ )ငါ့ဥစ္စာဆိုတာက တဏှာ တကယ် သိမ်းပိုက်တာမို့ ဒိဋ္ဌိ.... (မှန်ပါ့)။

ဒါဖြင့် တခုသောတရားထဲကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူး၊ ဒါကလေးဟာ ဖြစ်ပြီးပျက်တတ်တဲ့ သဘောကလေး သက်သက်ဘဲလို့သာ ခင်ဗျားတို့ဥာဏ်ထဲမှာ ရှုနေကြမယ် ဆို လို့ရှိယင်ဖြင့်တဲ့ ဒါ....ဒိဋ္ဌိမဖြစ်တာပါဘဲလို့ ဓမ္မဒိန္နာက သေ သေချာချာ ဟောတယ်....(မှန်ပါ့ဘုရား) သဘောပါကြပလား (ပါပါပြီ)။

ဒိဋ္ဌိဖြစ်တဲ့ ပုဂ္ဂိုလ်ကတော့ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ထင်နေ လို့ ဒိဋ္ဌိဖြစ်တာ.... (မှန်ပါ့ဘုရား) ရှင်းပလား.... ( ရှင်းပါပြီ ဘုရား )။

ဒိဋ္ဌိမဖြစ်တဲ့ပုဂ္ဂိုလ်ကတော့ ဒီ တရားကလေးဟာ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူး၊ "နေတံ မမ၊ နေသောဟ မသ္မိ နမေသောအတ္တာ ..."လို့ ပါဠိလိုဆိုတာကိုး....(မှန်ပါ့)မြန်မာ လိုပြန်တော့ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ဘူးလို့ ယူနိုင်လို့ ရှိယင် ဒါ....ဒိဋ္ဌိပြုတ်ပြီ.... (မှန်ပါ့) ဒိဋ္ဌိတွင်မကပါဘူး၊ တဏှာ ရော မာနရော ရောပြုတ်တယ်....(မှန်ပါ့ဘုရား) သဘောပါကြပ လား.... (ပါပါပြီဘုရား)။

ဒါဖြင့် ဘာအရေးကြီးပါလိမ့်မလဲလို့ မေးတဲ့အခါကျလို့ရှိ ယင်ဖြင့် ဒီနေ့ညတရားမှာ ဒိဋ္ဌိပြုတ်ဘို့ကို အရေးတကြီးပြောတာ ဘဲ.... (မှန်ပါ့)။

ဒိဋ္ဌိဘယ်မှာ ကပ်နေပါလိမ့်မတုံးလို့ တခါ ဆက်မေးတော့ ဒိဋ္ဌိက ခန္ဓာမှာ ကပ်တာဘဲ.... (မှန်ပါ့)။

ဒိဋ္ဌိက.... (ခန္ဓာမှာ ကပ်နေပါတယ်ဘုရား) ခန္ဓာမှာ ဘယ်လို ကပ်နေသလဲဆိုတဲ့ မေးခွန်းကိုလဲ တခါ ထုတ်ရဦးမယ်နော်.... (မှန်ပါ့) ခန္ဓာကြောင့် ဒိဋ္ဌိဖြစ်တာကိုး....(မှန်ပါ့) ခန္ဓာ အဝိဇ္ဇာ ဖဿောဝ .... ဆိုတဲ့ အတိုင်းဘဲ ခန္ဓာကြောင့် ဒိဋ္ဌိဖြစ်တာ ..., (မှန်ပါ့)။

ကောင်းပြီ ဒီခန္ဓာမှာ ဘယ်လိုကပ်နေသတုံးလို့ မေးတဲ့ အခါကျလို့ရှိယင်ဖြင့် သူက ဒိဋ္ဌိက ရိုးရိုးမှမဟုတ်ဘဲ၊ဒိဋ္ဌုပါဒါန် လို့ဆိုထားတာကိုး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဒိဋ္ဌိကရိုးရိုးလား-ဒိဋ္ဌုပါဒါန်လား....(ဒိဋ္ဌုပါဒါန်ပါဘုရား) ဒိဋ္ဌုပါဒါန်ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ ဒီခန္ဓာထဲမှာ ဝေဒနာ ဖြင့် ဝေဒနာထဲမှာ သညာဖြင့်- သညာထဲမှာ စိတ်ဖြင့်- စိတ်ထဲ မှာ သူသည်ကားလို့ဆိုယင်ဖြင့် အဲဒီမှာ အနုသယသဘောနဲ့ ဒီခန္ဓာထဲမှာ စူးဝင်နေတယ်....(မှန်ပါ့) သဘောကျပလား....(ကျ ပါပြီဘုရား)။

ဒီခန္ဓာထဲမှာ....( စူးဝင်နေပါတယ်ဘုရား ) စူးဝင်နေတယ်ဆို တော့ သူစူးဝင်နေတာ သိတဲ့အခါကျတော့ ဩော်....ဒါငါဘဲ ဒါငါဘဲဆိုပြီး ဝေဒနာလာလဲ သူကငါသွားပြီးစူးတာဘဲ....(မှန် ပါ့)သညာလဲ ငါကသွားပြီးစူးတာဘဲ(မှန်ပါ့) ငါဒိဋ္ဌိက သွား သွားစူးတယ်....(မှန်ပါ့)။

အဲဒီတော့ စူးစရာမရှိအောင် ခင်ဗျားတို့က လုပ်ဘို့အရေး ကြီးတယ်....(မှန်ပါ့) သူစူးစရာမရှိအောင် လုပ်ဘို့က ဘာပါ

လိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ ပရမတ်ကလေး တွေကို ပရမတ်ဖြစ်တဲ့ ဝေဒနာကလေးတွေကို ဝိညာဏက္ခန္ဓာ ဆိုတဲ့ စိတ်ကလေးတွေကို သူ စူးစရာနေရာမရှိအောင် ခင်ဗျားတို့ က မြင်ရမယ်....(မှန်ပါ့)သူ စူးစရာနေရာ မရှိအောင် မြင်လို့ ရှိယင်ဖြင့် လိုရင်းတော့ ဒါတွေ မခိုင်တာမြင်ယင် အခုချက် ခြင်း ပျက်သွားတာ မြင်လို့ရှိယင် သူမစူးဘူး....(မှန်ပါ့)တချက် ခြင်း ပျက်သွားတာ မမြင်ယင်တော့....(စူးပါတယ်ဘုရား)စူးနေ တာဘဲ၊ သူ ဝင်နေတာဘဲ.... ( မှန်ပါ့ )။

ဒါဖြင့် ဒိဋ္ဌိကို ဖြုတ်ချင်လို့ရှိယင် ဒီဟာ မြန်မြန်ဖြစ်ပျက် မြင်လေလေ ဖြစ်ပျက် မြန်လေလေ ရှုလိုက်တဲ့အခါ ဝေဒနာ ကလေး ရှုလိုက်လဲ ဖြစ်ပျက်၊ နောက်ဝေဒနာလဲ ဖြစ်ပြီး ပျက် နေတာဘဲ ဆိုလို့ရှိယင် ဒိဋ္ဌိဝင်ခွင့် မရဘူး....(မှန်ပါ့) သူကြာ နေလို့ရှိယင်ဖြင့် တခါတည်း နာတာရှည် ဖြစ်နေလို့ရှိယင် ငါ ခက်ပြီဆိုတာ တခါတည်း မဖြုတ်နိုင်လို့ ဝင်လာတာ....(ဝင်လာ ပါတယ်ဘုရား)။

နာတာရှည်ဖြစ်နေတော့.... (မဖြုတ်နိုင်လို့ ဝင်လာပါတယ်) မဖြုတ်နိုင်ဘူးတဲ့....၊ ဝေဒနာဟာ တခုပြီးမှ တခုဖြစ်တာကိုး.... (မှန်ပါ့) တခုချုပ်ပြီးမှ တခုဖြစ်၊ တခုချုပ်ပြီးမှ တခုဖြစ်တော့ ကို ဉာဏ်က မထိုးနိုင်လို့ရှိယင်ဖြင့် တခါတည်းငါနေတာကြာ လှပြီ ဒီဒိဋ္ဌိက အကုန်ဝင်ထိုးဘာဘဲ....(မှန်ပါ့) ငါ ကောင်းစား နေတာ ကြာလှပြီ၊ ဒါမဖြုတ်နိုင်လို့ ဖြစ်တာ(မှန်ပါ့)သန္တတိ မဖြုတ်နိုင်လို့ဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိတခုပေါ်တိုင်း တခုပေါ်တိုင်း ခင်ဗျားတို့ ဖြစ် ပျက်ကို ခဏကလေးဖြစ်ပြီး ခဏကလေးပျက်တယ် ဆိုတဲ့ဉစ္စာကို

မြန်မြန်ကြည့်နိုင်လို့ရှိယင် ဒိဋ္ဌိပြုတ်တာဘဲ.... (မှန်ပါ့ ဘုရား) မြန်မြန်မကြည့်နိုင်တဲ့ ပုဂ္ဂိုလ်ဖြင့်.... (ဒိဋ္ဌိမပြုတ်သေးပါဘုရား) ဒိဋ္ဌိမပြုတ်ပါဘူး ဆိုတော့ ကြောင့်.... ဒိဋ္ဌိဟာ ခန္ဓာမှိုနေတာကို ခန္ဓာခိုင်မြဲတယ်ထင်နေလို့ သူမှိုတာ.... (မှန်ပါ့)မခိုင်မြဲတာကို သေသေချာချာ မြင်လို့ရှိယင် သူပြုတ်တာဘဲ (မှန်ပါ့)သဘော ပါပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် ဒီတကာ တကာမတွေမှာ ခဏကလေး ခဏကလေး ခဏမျှတည်တဲ မမှုကလေး- ခဏမျှတည်တဲ့ မမှုကလေးလို့ မြန်မြန် ခင်ဗျားတို့စိပ်အောင်ကြည့်ပါ....(မှန်ပါ့) စိပ်အောင်ကြည့် ယင် ပြုတ်တော့မယ်သာ မှတ်ပေတော့.... (မှန်ပါ့)။

စိပ်အောင်ကြည့်ယင်(ပြုတ်တော့မှာပါဘုရား)ပြုတ်တော့မှာ ဘဲဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိသည် ဘယ်မှာကပ်နေသတုံး.... (ခန္ဓာမှာ ကပ်နေ ပါတယ်) ခန္ဓာမှာ ဘယ်လိုလုပ် ကပ်နေပါလိမ့်မတုံးဆိုတော့ ခန္ဓာကို တာရှည်တယ်ထင်တဲ့ပုဂ္ဂိုလ်မှာကပ်တယ် (မှန်ပါ့ဘုရား) ခန္ဓာကို....(တာရှည်တယ်ထင်တဲ့ပုဂ္ဂိုလ်မှာကပ်ပါတယ်) တာရှည် တယ်ထင်တဲ့ပုဂ္ဂိုလ် ကျုပ် ဝေဒနာကလေး ကြာလှပြီဆိုယင် ဒိဋ္ဌိဝင်ပြီ .... ( မှန်ပါ့ ) ကျုပ်ဝေဒနာ ကြာလှပြီဆိုယင်.... (ဒိဋ္ဌိဝင်ပါပြီဘုရား)။

ဒါကြာရှည်တယ်ထင်တဲ့ပုဂ္ဂိုလ်မှာ ဒိဋ္ဌိဝင်တယ်(မှန်ပါ့) အခု ဖြစ်ပြီး အခုပျက်နေတဲ့ ပုဂ္ဂိုလ်မှာ ဝင်ခွင့်ကိုမရဘူး.... (မရပါ ဘုရား) သဘောခပါပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် ဒီဒိဋ္ဌိသည် တကာတကာမှတို့ ဖြစ်ပျက်စိပ်ဘို့အရေး ကြီးတယ်.... (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်.... (ဖြစ်ပျက်စိပ်ဘို့အရေးကြီးပါတယ် ဘုရား)။

ဖြစ်ပျက်စိပ်ဘို့ အလွန် အရေးကြီးပါတယ်တဲ့၊ ဖြစ်ပျက် မစိပ်သေးလို့ရှိယင်ဖြင့် ဒိဋ္ဌိ ကြွားခိုမှာဘဲ.... (ခိုမှာပါ ဘုရား) မခိုပေဘူးလား.... (ခိုပါတယ်ဘုရား) ဒိဋ္ဌိ ကြွားခိုလို့ရှိယင်ဖြင့် ခင်ဗျားတို့မှာ စိတ်မချရသေးဘူး....(မှန်ပါ)။

အပါယ်လေးပါးကို(စိတ်မချရပါဘုရား)ကြွားတော့မခိုဘူး ဖြစ်ပျက်က စိပ်လာပြီလို့ ဆိုလို့ရှိယင် ဒါကြောင့် ဘုန်းကြီး တကာတကာမတွေ့ကျတော့ ဖြစ်ပျက်စိပ်ပလား.... ဖြစ်ပျက်စိပ် ပလားဆိုတာ ဦးသံဒိုင် မေးသံကြွားတယ်မဟုတ်လား.... (ကြွား ပါတယ်ဘုရား) အဲဒါဘာမေးတယ်ထင်သတုံး(ကြွားခိုမှာစိုးလို့ မေးတာ.... (မှန်ပါ) ခိုမှာစိုးလို့မေးတာ.... (မှန်ပါ)။

ဒိဋ္ဌိခိုမှာစိုးလို့၊ ဒိဋ္ဌိကနည်းနည်းတာရှည်တယ်ထင်ယင်ခိုတာ ဘဲ....(မှန်ပါ) ဒိဋ္ဌိက ဒီထဲဝင်ခိုတာဘဲ၊ ဝေဒနာထဲ ဝင်ခိုလိုက်၊ ရုပ်ထဲဝင်ခိုလိုက်၊ ခန္ဓာငါးပါး တပါးပါးထဲ ဝင်ခိုလိုက်၊မခိုပေ ဘူးလား.... (ခိုပါတယ်ဘုရား)။

အဲဒီလို ခိုလိုက်တာသည် ဖြစ်ပျက်မစိပ်သေးတဲ့ပုဂ္ဂိုလ်မှာဖြင့် ခိုဆဲဘဲရှိသေးတယ်.... (မှန်ပါ) ဟာ... တကိုယ်လုံးဘုရား.... အပ် သွားချစရာ မရှိပါဘူး.... တပည့်တော်တို့ဖြင့် ခန္ဓာ၏ပင်ကိုယ်သ ဘော၊ ခန္ဓာကပင်ကိုယ် ဖြစ်ပျက်ရှိတာကိုး (မှန်ပါ) အဲဒီ့ခန္ဓာ

၏ပင်ကိုယ် ဖြစ်ပျက်သဘောကို ယေဘုယျ ခင်ဗျားတို့က မနေဘဲ ရှုပြီးသကာလ ဉာဏ်ထဲမှာ တခါတည်း ဘယ်နေရာမှ အပ်သွားချစရာမရှိအောင် အကုန် အပျက်ချည့်ဘဲ၊ ဖြစ်လိုက် ပျက်လိုက်မှတပါး ဘာမှမရှိဘူးဆို ဘယ်နေရာမှ သူမခိုတော့ဘူး (မှန်ပါ့)။

အဲဒီ ကဲ့သို့ ဖြစ်ပျက်စိပ်လာလို့ ရှိယင်ဖြင့် ခင်ဗျားတို့ မိစ္ဆာဒိဋ္ဌိ အားနည်းသွားတဲ့အတွက် သမ္မာဒိဋ္ဌိဖြစ်လာလို့ ဖြစ်ပျက်စိပ်တာ မှတ်....(မှန်ပါ့)။

မိစ္ဆာဒိဋ္ဌိက.... (အားနည်းသွားပါတယ်) သမ္မာဒိဋ္ဌိက.... (ယက်လာပါတယ်) သမ္မာဒိဋ္ဌိက ထက်လာလို့ ဖြစ်ပျက်စိပ် တယ်....(မှန်ပါ့) နဂိုက အစိပ်.... (မှန်ပါ့) ဘယ်တော့မှ ခန္ဓာ ထဲမှာ အကျဲမရှိဘူး.... (မှန်ပါ့)မှတ်မိကြပလား.... (မှတ်မိပါပြီ ဘုရား)။

ခန္ဓာထဲမှာ.... (နဂိုက အစိပ်ပါဘုရား) နဂိုကမျက်စိတမှိတ် နာမ်က ကုဋေ တသိန်းဆိုတော့ စိပ်ရောပေါ့.... (မှန်ပါ့)ဖြစ်လိုက် ပျက်လိုက် ကုဋေတသိန်း.... (မှန်ပါ့) ရုပ်ကကုဋေ ငါးထောင် ကျော်ဆိုတော့ မစိပ်ဘူးလား.... စိပ်သလား.... ( စိပ်ပါတယ် ဘုရား)။

နဂိုက အစိပ်.... (မှန်ပါ့) နဂိုက အစိပ် ခုနင်ကဒိဋ္ဌိကဖုံးနေ လို့ ခင်ဗျားတို့ သမ္မာဒိဋ္ဌိ ဝင်ခွင့်မရလို့ ဖြစ်ပျက်ကျဲနေတာ.... (မှန်ပါ့) သဘောပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

မိစ္ဆာဒိဋ္ဌိ အားကောင်းနေယင်ဖြစ်ပျက်ကျနေတယ်၊ သမ္မာဒိဋ္ဌိ အားကောင်းလာယင်.... (ဖြစ်ပျက်စိပ်ပါတယ်) ဒါဖြင့် သူတို့ နှစ်ခုဟာ စစ်ထိုးဘက်ဘဲ.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

သူတို့နှစ်ခု ဘယ့်နှယ်ဆိုမလဲ.... (စစ်ထိုးဘက်ပါဘုရား)စစ်ထိုးဘက်တဲ့၊ တဖယောက်ကနိုင်ယင်ကျသွားတယ်၊ တဖယောက်က နိုင်လို့ရှိယင်.... (စိပ်သွားပါတယ်ဘုရား) ဒီနေ့ ဘာဖြစ်ပါလိမ့် မတုံးလို့.... မတွေးပါနဲ့.... (မှန်ပါ) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ယနေ့ ဘာဖြစ်ပါလိမ့်မတုံး.... ခါတိုင်း ဖြစ်ပျက်တွေတွေ့တယ်၊ ယနေ့ဘာဖြစ်ပါလိမ့်.... ဪ.... မိစ္ဆာဒိဋ္ဌိကြီးစိုးနေတယ် (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) နက်ဖြန်ကျတော့ စိပ်လာတယ်၊ ဪ.... မိစ္ဆာဒိဋ္ဌိ အားနည်းပြီး သမ္မာဒိဋ္ဌိ အား ကောင်းလာတယ်.... (မှန်ပါ)သဘောပါပလား.... (ပါပါတယ် ဘုရား)။

အဲဒါ ဘယ်သူ့ကိုမျှားမေးစရာ ဦးသံဗိုင် လိုသေးသတုံး(မလိုပါဘုရား) မလိုတော့ဘူးတဲ့၊ မိစ္ဆာဒိဋ္ဌိ အားကောင်းယင် ဖြစ်ပျက်ကျတယ်....(မှန်ပါ) တနည်းတွေ့ကို မတွေ့ဘူး.... (မှန်ပါ) ကျရုံတွင်ဆိုယင် နည်းနည်းခံသာပါသေးတယ်၊ တနည်းတွေ့ကို မတွေ့နိုင်အောင် ဖြစ်ပါတယ်.... (မှန်ပါ)။

သမ္မာဒိဋ္ဌိ အားကောင်းလာလို့ရှိယင်လဲ ထိုင်ကတည်းက ဖြစ်ပျက်တွေတာ စိပ်လာတယ်.... (မှန်ပါ)။

ထိုင်ကုတည်းက.... (ဖြစ်ပျက်တွေ စိပ်လာပါတယ်) နဂိုရှိကို သိတယ်.... (မှန်ပါ့)။

နဂိုက ခင်ဗျားတို့စိတ်က ကုဋေ တသိန်းတဲ့.... ပျက်စီးနေလိုက်တာ၊ စိတ်ဆိုယင် စေတသိက်ပါသွားပြီ....(မှန်ပါ့)ရုပ်ကလဲ ကုဋေငါးထောင်ကျော်တဲ့၊ ဒါလောက်တောင် ပင်ကိုယ်သဘောကလဲ ရှိပါတယ်.... (ရှိပါတယ်ဘုရား)ဒါတွေမြင်မှ နိဗ္ဗာန်ရောက်မှာလားလို့လဲ တခါ ခင်ဗျားတို့က မေးချင်လဲမေးမှာပေါ့လေ (မှန်ပါ့) မေးယင် ဘုန်းကြီးက ခင်ဗျားတို့ အားပြော့သွားလိမ့်မယ်....တဲ့၊ ဒီဟာ မမြင်ပေမဲ့ရပါတယ်၊ကိုယ့်ဉာဏ်မှီသလောက် ကိုယ်မှီယင် ပြီးတာပါဘဲ.... (မှန်ပါ့)။

မိစ္ဆာဒိဋ္ဌိမဝင်ဘဲနဲ့ ကိုယ့်သမ္မာဒိဋ္ဌိ မြင်သလောက် ဆိုလို့ ရှိယင် ဒါ—မဂ်ဆိုက် ဖိုလ်ဆိုက် ဖြစ်ပါတယ်.... (မှန်ပါ့)။

ဘာဖြစ်လို့တုံးလို့ မေးဘို့ လိုလာတယ်နော်.... (မှန်ပါ့) ဟိုဟာက သိပြီးသား ပုဂ္ဂိုလ်အမြင်ကို ဟောထားတာလို့မှတ်ပါနော်.... (မှန်ပါ) မျက်စိတမှိတ် ကုဋေတသိန်းစိတ်တွေပျက်နေတယ်ကွ၊ နာမ်ဓမ္မတွေ ပျက်နေတယ်၊ ရုပ်ဓမ္မက ကုဋေငါးထောင်ကျော် ပျက်နေတယ်ကွ၊အို....ဟောမှာဘဲတဲ့၊ သူ-ပင်ကိုယ်သဘောကိုမြင်လို့ ဟောတာ (မှန်ပါဘုရား) ပင်ကိုယ်သဘော မြင်လို့ ဟောတာပါဘဲ။

သို့သော် ကျုပ်တို့က မြင်ရမှာလားဆိုတော့ ဒါ....ကျုပ်တို့ မြင်ဘို့ မဟုတ်ပါဘူး၊ ပြီးပြီးသားပုဂ္ဂိုလ် မြင်တဲ့အမြင်....(မှန်ပါ ဘုရား)မဟုတ်ဘူးလား....(မှန်ပါ့) အသစ်ပုဂ္ဂိုလ်မြင်တဲ့အမြင်က

ဒါမဟုတ်ပါဘူး၊ ကိုယ့်သမ္မာဒိဋ္ဌိနဲ့ကိုယ် စိပ်နေယင်ပြီးတာဘဲ.... (မှန်ပါ့ဘုရား)သဘောပါကြလား.... (ပါပါပြီဘုရား)။

ကိုယ့်သမ္မာဒိဋ္ဌိနဲ့ (ကိုယ်စိပ်နေယင် ပြီးတာပါဘဲ ဘုရား) ပြီးတာဘဲတဲ့၊ ဟိုဟာက သမ္မာဒိဋ္ဌိ အစွမ်းကုန်နဲ့ တခါတည်း အရဟတ္တမဂ် သမ္မာဒိဋ္ဌိနဲ့ကို ကြည့်ပြီး ပြောတာ(မှန်ပါ့) ဟိုဟာ က ပြီးပြီးသား ပုဂ္ဂိုလ်အမြင်.... (မှန်ပါ့ဘုရား) အခု ကျုပ်တို့ မြင်ရမှာကမပြီးသေးသော ပုဂ္ဂိုလ်၏ အမြင်၊ ကိုယ့်တန်းနဲ့ ကိုယ်ကိုက်သွားယင် ဒါ မဂ်ဆိုက်တာဘဲ....(မှန်ပါ့)။

ဒါဖြင့် ဝေဘန်တတ်ပလား....(ဝေဘန်တတ်ပါပြီဘုရား)။

အဲဒီတော့ကို သူများက စာတတ်ပြီး စာကို ဗဟုသုတ ရှိတဲ့ ပုဂ္ဂိုလ်က မေးလိမ့်မယ်၊ မင်းတို့ မျက်စိတမှိတ်ကလေး ကုဋေ ငါးထောင်ကျော် မြင်ရဲ့လား၊ မင်းတို့ ဖြစ်ပျက်မြင်တယ်ဆိုငြား သော်လဲ ဟုတ်လား....၊ မျက်စိတမှိတ် ကုဋေတသိန်း မြင်ပါရဲ့ လားလို့ မေးလို့ရှိယင် အင်း....ပုထုဇဉ်က နေတက်တဲ့ အမြင် ကို သူမမေးဘဲနဲ့ အရိယာဖြစ်ပြီးမှ မြင်တဲ့ အမြင် မေးတာလို့ မှတ်....(မှန်ပါ့) ကိုယ်က ဝေဘန်တတ်ရမယ်....( မှန်ပါ့ )။

ပုထုဇဉ်တို့၏ အမြင်က-နေပြီး အရိယာကို တက်ရမှာကိုး.... (မှန်ပါ့) အရိယာဖြစ်ပြီးမှ မြင်တဲ့ အမြင်ကို ပုထုဇဉ်က လိုက် နေရမယ်ဆိုယင် နဂိုက ကတည်းက အရိယာကလေး မွေးရမယ် (မှန်ပါ့) မမွေးရဘူးလား....(မွေးရပါတယ်) အဲဒီ့ အမြင်ကို ဘယ်တော့မှ မယူနဲ့....(မှန်ပါ့) သဘောကျပလား....( ကျပါ ပြီဘုရား )။

ကောင်းပြီ ဒါဖြင့် ဘာ့ကြောင့် ဒီအမြင် မမြင်နိုင်သတုံး လို့ မေးတဲ့အခါကျတော့မှ ကျုပ်တို့မှာ သမ္မာဒိဋ္ဌိက တချက်၊ ဒီ မြင်စိတ်တွေက ဘာမှ အသုံးမကျတဲ့ ဘဝင်စိတ်တွေက သိန်းသန်းလာသေးတယ်....(မှန်ပါ့ဘုရား) သိန်းသန်းချုပ်တော့မယ် ဆိုယင် သမ္မာဒိဋ္ဌိက တချက်လာတယ်....( မှန်ပါ့ )ကျုပ်တို့က ဘဝင်အများကြီး ခြားနိုင်တဲ့ ပုဂ္ဂိုလ်တွေ ရှင်းပလား....(ရှင်းပါပြီဘုရား)။

စိတ်တွေ အများကြီး ခြားနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ကျုပ်တို့ အမြင်နဲ့ ဒါတွေ စိပ်နေယင် ပြီးတာဘဲ....(မှန်ပါ့ဘုရား)။

ကျုပ်တို့ ဉာဏ်မှီသလောက် ကျုပ်တို့ စိပ်ရမယ်၊ သဘောပါ ပလား....(ပါပါပြီ)။

ဟိုမှာ ဘဝင်က နှစ်ချက်လောက်ခြားပြီး ဘုရားမြင်တဲ့ အမြင်ကို လာမေးနေလို့တော့ မရဘူး-(မှန်ပါ့ဘုရား)ရှင်သာရိ ပုတ္တရာက ဘဝင်ဆယ့်ခြောက်ချက်လောက်ခြားပြီး သူ မြင်တာ ဘဲ....( မှန်ပါ့ ) အရင်မြင်တယ်၊ နောက် ဆယ့်ခြောက်ချက် လောက်ခြားပြီး တခါ မြင်ပြန်တယ်ဆိုတော့ ဒါက သူတို့အမြင် (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ကျုပ်တို့ ပုထုဇဉ်ကတော့ကိုတဲ့ မြင်တယ် သမ္မာဒိဋ္ဌိနဲ့ ဖြစ် ပျက်ကို၊ ဒီကြားမှာလဲ ဘဝင်တွေ သိန်းသန်းခြားပစ်လိုက်တယ် (မှန်ပါ့)ပြီးတော့မှ တခါ မြင်တယ်၊ ဒါ ဘဝင်ခြားတာ အပြစ် မရှိဘူး....(မှန်ပါ့)ဘာ့ကြောင့် ဘဝင်ခြားတာ အပြစ်မရှိသတုံး

ဆိုတော့ ကိလေသာ မဟုတ်လို့....(မှန်ပါ) သဘောပါပလား-(ပါပါပြီ)။

ဘဝင်ခြားတာ....(ကိလေသာမဟုတ်လို့ပါ) အပြစ်မရှိဘူး-(မှန်ပါ) အပြစ်မရှိဘူးတဲ့၊ ကိလေသာခြားယင် အပြစ်ရှိတယ်....(မှန်ပါဘုရား)။

ဘဝင်ခြားယင်....( အပြစ်မရှိပါဘုရား ) အပြစ် မရှိဘူးဆိုတော့ ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ်ကျတော့ ဟောလိုက်တယ်၊ ကိလေသာ မခြားလို့ရှိယင်ကွာ....မနက်အားထုတ်ယင် ညနေရပါတယ်....( မှန်ပါ ) တခါတည်းဟောတယ်....(မှန်ပါ)ဘဝင်ခြားတာ သူ မပါဘူး၊ပါသေးလား (မပါပါဘုရား)။

အဲဒါတွေကို ဗဟုသုတအဖြစ်နဲ့ အကြီးအကျယ် မှတ်မှသာလျှင် နို့မဟုတ်ယင် အလကားနေရင်း ကိုယ်နဲ့ မဆိုင်တာမေးတာတွေ ခင်ဗျားတို့ ဖြေတတ်မှာ မဟုတ်ဘူး....(မှန်ပါဘုရား) အခုတော့ ဖြေတတ်ပလား....(ဖြေတတ်ပါပြီဘုရား)။

ဖြေတတ်ပြီတဲ့....၊ အဲဒါ ခင်ဗျားတို့ ရှင်သာရိပုတ္တရာအမြင် ဘုရား အမြင်တွေဘုရာ့၊တပည့်တော်တို့က ဘဝင်တွေက အများကြီး ခြားနေတယ် ဆိုကတည်းက ခင်ဗျားတို့ ရိပ်မိရောပေါ့....(မှန်ပါဘုရား)။

ဘဝင်အများကြီး ခြားနေတယ် ဆိုကတည်းက ဒီကြားမှာ တခါမြင်တယ်၊ ဘဝင်တွေ တခြားသော စိတ်တွေက အများကြီး ခြားလိုက်တယ် ကိလေသာတော့ မဟုတ်ဘူး....(မှန်ပါ) ထုံးစံအတိုင်း စိတ်က လာသေးတယ်....(မှန်ပါဘုရား)။

ထုံးစံအတိုင်း စိတ်က လာပြီး နောက်တခါမှ တခါမြင်တယ်၊ ဒါ ကိလေသာ ခြားသလား....၊မခြားဘူးလား....(မခြားပါဘုရား) ကိလေသာ မခြားဘူး၊ ကိလေသာမဆိုင်ဘူး ဒီဥစ္စာ ဘဝင်ခြားတာ....( မှန်ပါ့ ဘဝင်ခြားတာပါ ) ဟုတ်ပလား....(မှန်ပါ့)။

ဘဝင်ခြားတာကို ဘုရားက ဘာပြစ်မှ မရှိဘူး....( မှန်ပါ့ ) ဘာ့ကြောင့် ဘာပြစ်မှ မရှိသတုံး....ဒါက သူ့ထုံးစံ ခြားတာတဲ့၊ ဒါ နိယာမတဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ကိလေသာ ခြားယင်တော့ဖြင့် မင်းတို့ အရနှေးမယ်-(မှန်ပါ့)။

ဘဝင်ခြားတာကတော့ ကိုယ့်မျိုးရိုး ဒွိဟိတ်မို့ ဒွိဟိတ်ဘဝင်၊ တိဟိတ်မို့ တိဟိတ်ဘဝင် ခြားနေတာတော့ ဒါက သူ့ နိယာမ သဘောကိုတော့ ဘယ်သူမှ ပယ်လို့မရဘူး....(မှန်ပါ့) ကိလေသာခြားလို့ရှိယင်တော့ မရဘူးလို့ ဟောပါတယ်....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)လုပ်ကော လုပ်တတ်ပါရဲ့လား....(လုပ်တတ်ပါတယ်ဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ပါဦးစို့၊

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အမရပူရမြို့ မင်္ဂလာတိုက်

မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

**ဝိသာခနှင့် ဓမ္မဒိန္နာ အမေး အဖြေ**

# ည အလုပ်ပေး တရားတော်

( ၁၄ - ၁၂ - ၆၁ )

— ၀ —

မဂ္ဂင်ဆိုတဲ့ ဥစ္စာ တကာ တကာမတွေ မှတ်ထားရမယ်၊ မဂ္ဂင်ဆိုတာ အလည်လမ်းဆိုယင်လဲ မဂ္ဂင်ဘဲ ဟောတယ်လို့ မှတ်ထားကြပါ၊ အလည်လမ်းဆိုယင်လဲ မဂ္ဂင်ဘဲ၊ တသံသရာလုံးဟာ အလည်လမ်းပေါ် မရောက်ဘူးဘူးလို့ မှတ်ထားကြပါ.... (မှန်ပါ့)အလည်လမ်းပေါ် ရောက်တဲ့ ပုဂ္ဂိုလ်ကလဲ ဘယ်တော့မှ မပြန်တော့ဘူးလို့ မှတ်။

ကောင်းပြီ ဒါဖြင့် မဂ္ဂင်သည် ဘယ်နှစ်ပါး ရှိသတုံးလို့ မေးတဲ့အခါကျတော့ ရှစ်ပါးရှိတယ်၊ အဲဒီ မဂ္ဂင်မှာ အရေးကြီးတဲ့ အချက်က သမာဓိ အရေးကြီးတယ်၊ သမာဓိဆိုတာ ဘာတုံး-ဆိုတော့ ဧကဂ္ဂတာလို့ ခေါ်တယ်။

သမာဓိဆိုတာ ဘာခေါ်ကြသတုံး....(ဧကဂ္ဂတာပါဘုရား) ဧကဂ္ဂတာလို့ ခေါ်တယ်၊ ဧက=တခုတည်းသော အာရုံကို ယူနိုင်ရမယ်၊ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်များမှာ တခုတည်း

သော အာရုံကို ယူနိုင်ရမယ်လို့ သေသေချာချာ မှတ်ပါ.... (မှန်ပါဘုရား)။

တခုတည်းသော အာရုံဆိုတာ ဘာပါလိမ့်မလဲလို့ မေးတဲ့ အခါကျတော့ ဝေဒနာဖြင့် ဝေဒနာ တခု၊ စိတ်ဖြင့် စိတ် တခု၊ ရုပ်ဖြင့် ရုပ်တခု၊ တွဲပြီးမလာစေနဲ့၊ ခေါင်းဆောင်တခုကို ရှု၊ ပေးပါ၊ခေါင်းဆောင် တခုဆီသို့ တည့်ထားပါ၊အာရုံတခုတည်း တည့်ထားလို့ရှိယင်ဖြင့် ဒါ ဧကဂ္ဂတာ ကျတယ် ခေါ်တာဘဲ.... (မှန်ပါ)။

ဧကဂ္ဂတာဆိုတာ အာရုံတခုတည်းမှာ စူးစိုက်နေလို့ရှိယင် သမာဓိကို ဧကဂ္ဂတာ စေတသိက်လို့ ခေါ်သည်....( မှန်ပါ ဘုရား )။

အဲဒီ ဧကဂ္ဂတာဟာ....တဲ့ သူသည် တခုတည်းသော အာရုံ ကို စူးစူးစိုက်စိုက် ရှုနိုင်လို့ရှိယင်ဖြင့် ကိလေသာ ရန်သူကို သူ နိုင်တယ်လို့ ဆုံးဖြတ်ချက် ချပါ....(မှန်ပါ)။

ကိလေသာ ရန်သူကို တခုတည်းသော အာရုံယူတဲ့ ပုဂ္ဂိုလ် ဟာ နိုင်တာဘဲ။

နို့....သမာဓိဟာ.... သမာဓိပရိက္ခာရ သမာဓိ၏ အခြံအရံ သမာဓိ၏ နိမိတ် သမာဓိတော့ဖြင့် ဧကဂ္ဂတာဆိုတာ ဓမ္မဒိန္နာက ဖြေလို့ ဝိသာခက သိပါပြီ၊ သမာဓိနိမိတ်ဆိုတာ ဘာတုံးလို့ သူက ဆက်မေးတယ်၊ သမာဓိနိမိတ်ဆိုတာ သတိပဋ္ဌာန်လေးပါး (မှန်ပါ)။

သမာဓိနိမိတ်ဆိုတာ ဘာပါလိမ့်....( သတိပဋ္ဌာန်လေးပါး ပါဘုရား )သတိပဋ္ဌာန်လေးပါးလို့ မှတ်ထားကြပါတဲ့၊ သတိပဋ္ဌာန်လေးပါးဆိုတာက ကာယာနုပဿနာ သတိပဋ္ဌာန် ဝေဒနာနုပဿနာသတိပဋ္ဌာန်၊သတိရှေးရှုရာကို သမာဓိကလိုက်ရတယ်လို့ မှတ်ပါ....(မှန်ပါ)။

ဒါ့ကြောင့် သတိပဋ္ဌာန်ဆိုတဲ့ ဥစ္စာသည် သတိပဋ္ဌာန်လေးပါးရှိသည့်အနက်က ဝေဒနာကို သတိထားလို့ရှိယင် ဧကဂ္ဂတာက ဝေဒနာပေါ်ဘဲကျရတယ်၊ ဝေဒနာပေါ် ကျလို့ရှိယင် ဝေဒနာ၏အကြောင်း ကောင်းကောင်းသိတယ်၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ စိတ်ပေါ် ကောင်းကောင်းကျလို့ရှိယင် ဧကဂ္ဂတာကောင်းကောင်းကျလို့ရှိယင် သတိကလဲ သတိပဋ္ဌာန်ကလဲ အဲဒီ့အပေါ်မှာဘဲရောက်တယ်၊ ဒါ့ကြောင့် ဧကဂ္ဂတာကို သတိပဋ္ဌာန်ခြံရံရမယ်လို့ဆိုတာ မှတ်ထားပါ၊ သတိပဋ္ဌာန်တည်း ဟူသော အကြောင်းမပါယင် ရကို မရဘူး။

သတိပဋ္ဌာန်၏ နိမိတ်ဟာ ဘာတုံးလို့မေးလို့ရှိယင် တကာတကာမတို့ မှတ်ထားပါ ခန္ဓာပျောက်ပြီး သကာလ ဝေဒနာကလေးတွေ့တွေ့ စိတ်ကလေးတွေ့ တွေ့ ရုပ်ကလေးတွေ့ တွေ့၊ အထည်ပျောက်ပြီး သကာလ တခုတည်းသော အာရုံဟာ ဒါ့ သတိပဋ္ဌာန်၏ နိမိတ်လို့ဘဲ မှတ်ထားပါ....(မှန်ပါ့ဘုရား)။

ခန္ဓာပေါ်မှာ ယောက်ျားသဏ္ဌာန်၊ မိန်းမသဏ္ဌာန်ပျောက်ပြီး သကာလ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ဟာ ဝေဒနာပေါ်ရောက်၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ စိတ်ပေါ်ရောက် ဒီလိုဆိုလို့ရှိယင်ဖြင့် ဒါ သတိပဋ္ဌာန်၏ နိမိတ်ဖြစ်တာဘဲ... (မှန်ပါ့)။

သတိပဋ္ဌာန်သည် ခန္ဓာ တကိုယ်လုံးပေါ်မှာ ယောကျ်ား သန္တာန်၊ မိန်းမသန္တာန်ပေါ်၌ မရောက်မူ၍ နိစ္စနိမိတ်ပျောက် ပြီး သကာလ အနိစ္စနိမိတ်ကို တွေ့လို့ရှိယင်လဲ ဒါသတိပဋ္ဌာန် ဘဲဆိုတာ မှတ်ထားကြပါ....(မှန်ပါ့ဘုရား)။

နိမိတ်ဆိုတာ ဘာတုံးလို့ မေးလို့ရှိယင် သတိပဋ္ဌာန်၏ တွေ့ရာအာရုံကို နိမိတ်လို့ ခေါ်သည်....(မှန်ပါ့)။

ဒါဖြင့် သမာဓိ ဘာတုံးဆိုတော့ ဧကဂ္ဂတာ သတိပဋ္ဌာန်၏ နိမိတ်ဆိုတာ ဘာတုံးဆိုလို့ရှိယင် နိစ္စနိမိတ် ပျောက်ပြီးတော့ အနိစ္စနိမိတ်ထင်ဘို့ပါဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

နိစ္စနိမိတ်ပျောက်ရမယ်၊ အနိစ္စနိမိတ် ဉာဏ်ထဲမှာ ထင်လာ လို့ရှိယင် ဒါ သတိပဋ္ဌာန်၏ နိမိတ်လို့ ဦးသံဒိုင်တို့မှတ်ရမယ်.... (မှန်ပါ)။

ဩော်....ဒါဖြင့် အနိစ္စနိမိတ်ထင်ကတည်းက ယောကျ်ား သန္တာန် မိန်းမသန္တာန် အထည်သန္တာန်တွေဟာ အကုန်ပျောက် တာဘဲ....(မှန်ပါ့ဘုရား)။

ဒါကြောင့် နိမိတ်ဆိုတာ ဘာတုံးဆိုတော့ သတိပဋ္ဌာန် လေးပါးလို့ ဓမ္မဒိန္နာက ဖြေလိုက်တယ်....( မှန်ပါ့ )သူဖြေတာ သူတို့ဟာသူတို့ဖြစ်တာ အရေးမကြီးဘူး ကိုယ်ရှုတဲ့အခါ အတု ခိုးဘို့ အရေးကြီးတယ်....(မှန်ပါ့ဘုရား)။

ကိုယ်ရှုတဲ့ အခါကျလို့ရှိယင်ဖြင့် တခုတည်းသော အာရုံကို ရှုလိုက်တယ်၊ ဝေဒနာရှုလိုက်တယ်၊ နိစ္စနိမိတ်ပျောက်ပြီး အနိစ္စ နိမိတ်ပေါ်လာလို့ရှိယင်ဖြင့် ဩော်....သတိပဋ္ဌာန်သည်ကားလို့

ဆိုလို့ရှိယင် နိမိတ်ကို အာရုံပြုတယ်ဆိုတာ သေသေချာချာ မှတ်ကြပါ....(မှန်ပါ့ဘုရား)၊

နိစ္စနိမိတ်ပျောက်ရမယ်၊ အနိစ္စနိမိတ်ထင်ရမယ်၊ သဘောကျကြပလား....(ကျပါပြီ)။

ဘာပျောက်ရမတုံး( နိစ္စနိမိတ်ပျောက်ရမယ် ) အနိစ္စနိမိတ်ထင်ရမယ်ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ပြီး အနိစ္စနိမိတ်ဟာ ဘယ်နှယ်ကြောင့် ထင်ရမှာတုံးဆိုတော့ ကောင်တာ ပို့တဲ့ဆီကိုသာ ခင်ဗျားတို့ သတိပဋ္ဌာန်က ကြည့်လိုက်လို့ရှိယင် သတိထားပြီး ကြည့်လိုက်လို့ရှိယင်ဖြင့် နိစ္စနိမိတ်မရှိပါဘူး၊ ဖျတ်ဖျတ်ဖျတ်ဖျတ်နဲ့ ဝေဒနာကလေးတွေ ပြောင်းလဲနေပုံ စိတ်ကလေးတွေပြောင်း လဲနေပုံ၊ အဲဒီ အနိစ္စနိမိတ်တခါတည်း မြင်အောင်ကြည့်နိုင်ကြလို့ရှိယင်ဖြင့်တဲ့ ခင်ဗျားတို့ သတိပဋ္ဌာန်၏ နိမိတ်ဆိုတာပေါ်လာတာဘဲ....(မှန်ပါ့)။

ဒါဖြင့် နိစ္စနိမိတ်ပျောက်ပြီး အနိစ္စနိမိတ်ထင်အောင်ကြည့်ကြပါ....(မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

သတိပဋ္ဌာန်ကို တကာ တကာမတွေ့ရှတဲ့ အခါကျတော့ နိစ္စနိမိတ်ပျောက်ပြီး အနိစ္စနိမိတ်ပေါ်အောင်ဖြင့် ကြိုးစားပါဆိုတာ တိုက်တွန်းလိုက်တယ်....(မှန်ပါ့)။

ဒါဖြင့် မမြင်သေးဘူး ဆိုလို့ရှိယင် သတိပဋ္ဌာန်ကို မရောက်သေးဘူးလို့မှတ်....(မှန်ပါ့ဘုရား)။

နိစ္စနိမိတ် ပျောက်ပြီးတော့ .... ( အနိစ္စနိမိတ်ထင်အောင်ကြည့်ရပါမယ်) အဲ....မြန်မာလိုပြန်တော့ ခိုင်မြဲတာပျောက်ပြီး မခိုင်မြဲတာ ရောက်မယ်....(မှန်ပါ့)။

ခိုင်မြဲတာပျောက်ပြီး....( မခိုင်မြဲတာရောက်ရပါမယ် ) အဲဒီတော့ ဓမ္မဒိန္နာကို ဝိသာခက မေးပြန်တယ်၊ ကဲ....ဒါဖြင့်ခိုင်မြဲတာပျောက်ပြီး မခိုင်မြဲတာ နိမိတ်တော့ ရောက်ပါပြီ၊ သူတခုတည်းရောက်နိုင်သလားဆိုတော့ အို....သတိပဋ္ဌာန်၏အခြံအရံပါ ရသေးတယ် တကာကြီးလို့ ဖြေလိုက်တယ်....(မှန်ပါဘုရား)။

သတိပဋ္ဌာန်၏ အခြံအရံဟာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဝီရိယစိုက်ပေးပါ၊ သတိပဋ္ဌာန်၏ အခြံအရံဟာ ဝီရိယဘဲ.... (မှန်ပါ)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သတိပဋ္ဌာန်၏ အခြံအရံဟာ....(ဝီရိယာပါဘုရား) ဝီရိယစိုက်ပေးလိုက်လို့ရှိယင်ဖြင့်တဲ့ ဘုန်းကြီးတို့ တကာ တကာမတွေမှာ နိစ္စနိမိတ်ပျောက်ပြီး အနိစ္စနိမိတ်ကို ဝီရိယက တွန်းပေးလိုက်တဲ့ အခါကျတော့ သတိပညာက တခါတည်း နိစ္စနိမိတ်ပျောက်ပြီး အနိစ္စတွေချည့်ဘဲ မြင်တော့တာဘဲ...(မှန်ပါဘုရား)။

ဒါ သူကိုယ်တိုင်လုပ်လာတဲ့ အလုပ်စဉ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ) သူကိုယ်တိုင် လုပ်လာတဲ့ အလုပ်စဉ်၊ ရဟန္တာဖြစ်ပြီးမှ သူ့အလုပ်စဉ်ကို သူပြောတာလို့ ဦးသံဒိုင်တို့မှတ်ရမယ်(မှန်ပါဘုရား)။

ဒါဖြင့် သတိပဋ္ဌာန်နိမိတ်ကို သူဘယ်လိုကြောင့် အနိစ္စနိမိတ် သတိပညာက ထင်နိုင်ပါသတုံးဆိုယင်ဖြင့် ဝီရိယက ကူညီပေးလို့ ထင်တယ်လို့မှတ်လိုက်စမ်းပါ... (မှန်ပါ)ဝီရိယက ကူညီပေးလို့နော်....(မှန်ပါ)။

ဒါဖြင့် ဝိရိယနဲ့ စေကြွတာက သမာဓိမဂ္ဂင် ဖြစ်သွားပြီး သကာလ သတိပညာက ပညာမဂ္ဂင် ဖြစ်သွားတယ်လို့ မှတ်ရမယ်....(မှန်ပါ)။

ဒါတွေဟာ အခုပြောတော့သာ သတ္တိအမျိုးမျိုး ပြောနေတယ်၊ ဖြစ်ပျက်မြင်လို့ ရှိယင် တပြိုင်နက် ဝင်တယ်လို့လဲ မှတ်လိုက်စမ်းပါဦး....(မှန်ပါဘုရား)။

ဖြစ်ပြီး ပျက်တာတွေမြင်လို့ ရှိယင်....(တပြိုင်နက်ဝင်ပါတယ်ဘုရား)သမာဓိလဲပါပြီ၊ သတိပဋ္ဌာန်လဲပါပြီ၊ သမ္မပ္ပဓာန်လဲပါပြီ၊ သမ္မပ္ပဓာန်ဆိုတာ ဝိရိယ....(မှန်ပါ)။

ကောင်းပြီ ဒါဖြင့် ဒီလိုနဲ့ဘဲ နိဗ္ဗာန်ရောက်နိုင်သလားလို့ ဆိုတဲ့ အခါကျတော့ တခါ ဘာဝေတဗ္ဗတဲ့....တကာကြီး ပွားရသေးတယ်....(မှန်ပါ) အကြိမ်ကြိမ်ပွားရသေးတယ်.... (မှန်ပါ) သဘောပါကြပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဘာဝေတဗ္ဗကိစ္စကို ပွားရမယ်ဆိုတဲ့ ဥစ္စာသည် ဘာဝေတဗ္ဗကိစ္စက ဘယ့်နှယ်ကြောင့် ပွားရတာတုံးလို့ မေးတဲ့အခါကျတော့ တကာ တကာမတွေ မှတ်စရာက ပွားချင်လို့ ပွားရတာမဟုတ်ဘူးတဲ့ ကိလေသာ အညစ်အကြေးတွေဟာ ကြေးဖလားလိုဘဲတဲ့ ပွတ်နိုင်မှ ပြောင်တယ်....(မှန်ပါဘုရား)။

ကြေးဖလားလိုဘဲ....( ပွတ်နိုင်မှပြောင်ပါတယ်ဘုရား )အဲဒီတော့ သတိပဋ္ဌာန်အလုပ် ဒီလိုနဲ့ နိဗ္ဗာန် မရောက်နိုင်သေးဘူး တကာကြီး၊ ဘာဝေတဗ္ဗနဲ့ အဖန်ဖန်လဲ ပွားရသေးတယ်တဲ့၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာလုပ်ရမလဲ....( ဘာဝေတဗ္ဗနဲ့ အဖန်ဖန်ပွားရပါမယ် )အဖန်ဖန်လဲ ပွားရဦးမယ်ဆိုတာ တကာ တကာမတွေ မှတ်ထားပါ (မှန်ပါ့)။

အဖန်ဖန်ပွားခြင်း၏ အဓိပ္ပါယ်က ခင်ဗျားတို့မှာ ဘယ်လို ဖြစ်နေသတုံးဆိုတော့ ရှင်သာရိပုတ္တရာက ဟောလိုက်တယ်၊ပန်း ဘိမ်သည်ကဖြစ်စေ ဈေးထဲကဖြစ်စေ ကြေးဖလားတခုဝယ်လာ ဘယ်တဲ့ အိမ်ရောက်တော့လဲ ဘာမှအသုံးမချဘဲနဲ့ တနေရာမှာ ဘိုးထားလို့ရှိယင် တကာ တကာမတို့ နဂိုက ဝယ်လာတုန်းကလဲ ကြေးဖလားက အရိုင်း၊နောက် အိမ်ကျပြန်တော့လဲ အသုံးမချ ဘဲနဲ့ တနေရာရာ ထိုးထားလိုက်ပြန်တော့ ကြေးညှိတွေကပိုတက်၊ ပိုတက်ပြီးသကာလနေတော့ တကယ်သုံးတော့မယ်ဆိုတော့ နဂို ဝယ်တုန်းကလဲ တိုက်မထား....(မှန်ပါ့)နောက်ဒီနေရာ ထိုးထား ပြန်တော့လဲ့ တခါကြေးညှိက ပြန်တက်ပြန်၊ပြန်တက်တဲ့အခါ ဒီ ကြေးခွက်ကို တကာ တကာမတွေ သုံးစွဲတဲ့အခါ ဖြစ်နိုင်ပါ့ မလား.... ( မဖြစ်နိုင်ပါဘူးရား ) အညစ်အကြေး များတယ်.... (မှန်ပါ့)။

ထို့အတူဘဲတဲ့- ကြေးဖလားလိုဘဲ၊ တကာ တကာမတွေ နဂိုက ကိလေသာကလဲ ပင်ကိုယ်ကဈေးဝယ်တဲ့အတိုင်း လူ့ဘဝ ရကတည်းက ကိလေသာကို ဘယ်လိုရှင်းမယ် ဆိုတာလဲ မပါ ခဲ့ဘူး....( မှန်ပါ့ ) ဒီအတိုင်း ပစ်ထားသလိုဘဲ၊ ဒီအတိုင်းပစ် ထားတယ်။

ပစ်ထားတဲ့အတိုင်းမှာ သတိပဋ္ဌာန်အလုပ်တွေကို သတိပဋ္ဌာန် နိမိတ်လဲ မြင်အောင်မလုပ်၊ ကောင်္ဂတာလဲ ကျအောင် မလုပ်၊

ဝီရိယလဲမစိုက်ဘူး ဆိုလို့ ရှိယင်ဖြင့်တဲ့ ခုနင်က ကြေးဖလားဟာ ဝယ်တာထက် ပိုပြီးသကာလ ခြေးပိုတက်လာတယ် .... (မှန်ပါ့ ဘုရား)ထားလိုက်တဲ့အတွက် ပေါ့လေ....(မှန်ပါ့)။

အဲဒီတော့ တကာ တကာမတွေမှာလဲ-တဲ့၊ ခန္ဓာကိုယ်ရလာတဲ့ အချိန်ကစပြီး ဒီအလုပ်မျိုးဆိုတာက ဆရာသမားလဲ တွေ့ဦးမှ ထောင်တတ်တဲ့ နားကလဲ ပါဦးမှ.... ( မှန်ပါ့ ) ဒီလိုမှ ပွားဖြစ်တော့ နဂိုကိုက ဝယ်လာကတည်းက လူ့ဘဝ ရကတည်းက တဏှာအမိ အဝိဇ္ဇာအဖနဲ့ ခင်ဗျားတို့က ကြီးလာတာ (မှန်ပါ့ဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တဏှာက....(အမိပါဘုရား)အဝိဇ္ဇာက....(အဖပါဘုရား) အဲသူတို့နှစ်ယောက် လက်ထဲမှာ ကြီးလာတာ....(မှန်ပါ့)။

သူတို့နှစ်ယောက်ကလဲ မှတ်လိုက်စမ်းပါ မဂ်ဖိုလ်ရောက်မှာ အလွန်စိုးရိမ်တယ်....(မှန်ပါ့)မဂ်ဉာဏ် -ဖိုလ်ဉာဏ်ရတဲ့ သူတို့လက်တွင်းက လွတ်သွားမှာ အလွန်စိုးရိမ်တဲ့ တရားနှစ်ခု....(မှန်ပါ့ ဘုရား)။

အလွန်စိုးရိမ်တဲ့ တရားနှစ်ခု ဖြစ်ပြီး သကာလ နေတော့ ခင်ဗျားတို့ကလဲ သူတို့လက်ထဲမှာ ကြီးပွားလာတာ ဖြစ်နေတော့ အဝိဇ္ဇာကသစ္စာလေးပါး မသိအောင် ဖုံးထားလိုက်၊ တဏှာက အမေခင်-အဖေခင်-သားခင်-စီးပွားရှာခင်ဆိုတော့ ကျုပ်တို့က လဲ သူတို့ခိုင်းရာကိုဘဲ လုပ်နေတော့ သူတို့သာလျှင် အမေ၊သူတို့သာလျှင် အဖေ ဖြစ်နေတယ်....(မှန်ပါဘုရား)။

သူတို့အမေ သူတို့အဖေ ဖြစ်နေတော့ ခြေးဟာ တနေ့လဲ တက်ပြန်တာဘဲ၊ နောက်တနေ့လဲ.... ( တက်ပါတယ်ဘုရား )

အဲဒါက ဘယ်လောက် ကြာပလဲလို့ မေးလို့ရှိယင် ဘဝသံသရာ ကတည်းက ဒီပွတ်တိုက်တဲ့ သဘောကတော့ ဦးသံဒိုင် ပါကို· မပါဘူး....(မှန်ပါဘုရား) ပါကို-မပါဘူး....(မှန်ပါ)။

ဘဝသံသရာထဲက ပွတ်တိုက်ပြီး သကာလ ထားတယ်လို့ မပါ-ပါဘူးတဲ့၊ ဒီအတိုင်း ပစ်ထားတာတွေက များတော့ အခု ချက်ခြင်း ဆရာကောင်း သမားကောင်းနဲ့ တွေ့ပြီး အခုချက် ခြင်း ဖြစ်ပျက်မြင်လို့ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကြီးကို သွားချင် ပါတယ်ဆိုတော့ မပွတ်တိုက်လို့ရှိယင် မရဘူး....(မှန်ပါ)။

တဏှာအမိနဲ့ အဝိဇ္ဇာအဖက တကာ တကာမတို့မှာ သူတို့ လက်ထဲ ကြီးပွားလာခဲ့ရတယ်ဆိုတာ မှတ်လိုက်စမ် ပါ....(မှန်ပါ ဘုရား)။

တဏှာက ဘာတုံး....( အမိပါဘုရား )တဏှာက အမိတဲ့၊ အဝိဇ္ဇာက....(အဖပါဘုရား)။

အဲ....သူတို့နှစ်ယောက် လက်ထဲမှာ ကြီးပွားလာတော့ ဒီ အထဲကနေပြီးသကာလ ဒိဋ္ဌိတည်းဟူသော ကိုယ်ရံတော်တွေ ကလဲ ခင်ပျားတို့က မွေးထားတယ်....(မှန်ပါဘုရား)။

ဒိဋ္ဌိကိုယ်ရံတော်တွေကလဲ....(မွေးထားပါတယ်ဘုရား)။

မွေးထားတော့ ဒါတွေက ဒိဋ္ဌိကလဲ ဒါ မင့်သား-မင့်သမီး မင့်မြေး-မင့်မြစ်-မင့်အကို- မင့်နှမ· မင့်ယောက်ဖ အစရှိသည်နဲ့ အမျိုးမျိုး အဖုံဖုံ ဒိဋ္ဌိကလဲ ကိုယ်ရံတော်တွေကလဲ ခင်ပျားတို့ မှာက အမြဲတမ်းအုပ်ချုပ်ပြီး သကာလနေတော့ နဂိုကပစ်ထား

တဲ့ ကြေးဖလားဖြစ်နေတယ်....(မှန်လှပါဘုရား) တခါမှ မပွတ်ဘူး ဘူး....(မှန်ပါ)။

နဂိုကပစ်ထားတဲ့ ကြေးဖလား တခါမှ မပွတ်ဘူးတော့ ထိုတက်နေတယ်....(မှန်ပါ)။

အဲဒါသည်ကားလို့ ဆိုယင် ဘာတုံးလို့ မေးတဲ့အခါကျတော့မှ ခြေ....တပည့်တော်တို့ ဆရာကောင်း သမားကောင်းတွေ သာသနာတွင်း ကြုံပါလျက်သားနဲ့ တပည့်တော်တို့ နိဗ္ဗာန်မရတာ ဘာတုံးဆိုလို့ ရှိယင်ဖြင့် တဲ့- ဒီထုကြီးလို့ သာမှတ်ပေတော့....(မှန်ပါဘုရား)။

အဝိဇ္ဇာထု၊တဏှာထု၊ ဒိဋ္ဌိထု မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

အဲဒီကြီးနေတဲ့အခါကျတော့ ခုနင်က သတိပဋ္ဌာန်နိမိတ်ကိုထင်အောင် ကောဂ္ဂတာကျအောင် ဝီရိယက ကူညီနိုင်အောင်ဆိုတော့ကို ဓမ္မဒိန္နာကတကာကြီး....တဲ့၊ မပွားယင်မရဘူးတဲ့....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

မပွားယင်....(မရပါဘုရား) ပွားမှဘဲ ရမယ်တဲ့.... (မှန်ပါ)။

ပွားမှ ရမယ်ဆိုတာကတော့ ပစ်ထားတဲ့ ကြေးဖလားကို ထပ်ပြန်တလဲလဲပွက်ယင်တော့ အရောင်ထွက်လာမှာဘဲ .... (မှန်ပါ)နို့ မဟုတ်လို့ ရှိယင်တော့ မထွက်နိုင်ဘူး....( မှန်ပါ ) ဉာဏ်ရောင်ကို မပြောင်နိုင်ဘူးတဲ့....(မှန်ပါ)သဘောပါကြပလား....(ပါပါပြီဘုရား)။

ဒါကြောင့် ဒါနဲ့ နိဗ္ဗာန်မရောက်နိုင်သေးဘူးတဲ့၊ ကောဂ္ဂတာကျရုံနဲ့ သတိပဋ္ဌာန်နိမိတ်ထင်ရုံနဲ့ ဝီရိယစိုက်ရုံနဲ့လဲ မရသေးဘူး၊ ပွားဦးမှတဲ့....(မှန်ပါ့) "ဘာဝိတာ ဗဟုလီကတာ" လုပ်ရဦးမယ် (မှန်ပါ့) "ဘာဝိတာ- ပွားရမယ်၊ ဗဟုလီကတာ= ကြိမ်ဖန်များစွာ ကြိုးစားရမယ်"ဆိုတဲ့ အဓိပ္ပါယ် ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ပွားများရတဲ့ တန်ခိုးဟာက ဘယ်လိုကျေးဇူးရှိပါလိမ့်မတုံး ဆိုတော့ ညာဏ်ပေါ်မှာ ဖုံးနေတဲ့ အမိုက်နဲ့တူတဲ့တဏှာ အဖန်နဲ့တူတဲ့ အဝိဇ္ဇာ ကိုယ်ရုံတော်နဲ့တူတဲ့ ဒိဋ္ဌိ အဲဒါတွေကို ပါးအောင်လုပ်နေရတဲ့ ကိစ္စလို့ မှတ်လိုက်စမ်းပါ (မှန်ပါဘုရား)။

**ဒါ့ကြောင့် သိရုံနဲ့ နိဗ္ဗာန်ရောက်တယ်လို့ဟောတဲ့ဆရာတွေနဲ့တွေ့ယင် ဘယ်တော့မှမယုံနဲ့....**(မှန်လှပါဘုရား)။

မယုံနဲ့တဲ့၊ ဘာဖြစ်လို့ မယုံနဲ့လို့ ဆရာဘုန်းကြီးက ကန့်ကွက်ရသတုံးဆိုတော့ အခု သေသေချာချာ ပါပြီပေါ့....(မှန်ပါ့)မမှိန်နွဲ့ဘဲ နိဗ္ဗာန်ဟာ ဒီကိစ္စနဲ့ ကောဂ္ဂတာဟာ ကျပါပြီ သတိပဋ္ဌာန်၏ နိမိတ်ထင်ပါပြီ ဝီရိယလဲစိုက်ပါပြီ၊ထင်ရုံနဲ့ပြီးနိုင်ပါသလား တွေ့နိုင်ပါသလား ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို၊ မတွေ့နိုင်ဘူးတဲ့၊ ဘာဝေတဗ္ဗ ကိစ္စလိုက်ရဦးမယ်တဲ့ .... (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဘာလိုက်ရဦးမှာလဲ .... ( ဘာဝေတဗ္ဗကိစ္စလိုက်ရပါဦးမယ် ) ဘာဝေတဗ္ဗကိစ္စ မလိုက်ယင် ဘုန်းကြီးတို့ တကာ တကာမတွေ့မှာ ရကို-မရနိုင်ဘူး....(မှန်ပါ့ဘုရား)မရနိုင်ဘူးတဲ့။

အဲဒီတော့ ဒီလိုမှတ်လိုက်တာပေါ့၊ ဘာဝေတဗ္ဗကိစ္စက ဘယ်နေရာတုံးလို့ဆိုတဲ့ အခါကျတော့ ဖြစ်ပျက်ကို မမြင် မြင်အောင်အားထုတ်တဲ့ နေရာကျတော့ ဘာဝေတဗ္ဗ ကိစ္စလိုတယ် ...., (မှန်ပါ့) နိဗ္ဗာန်မြင်တဲ့ အခါကျတော့ မဂ်စစ်ပေါ်လာတဲ့ အခါ ဘာဝေတဗ္ဗကိစ္စ မလိုဘူး....(မှန်ပါ့ဘုရား) ရှင်းပလား(ရှင်းပါပြီဘုရား)။

ဝိပဿနာမဂ်မှာ ဘာဝေတဗ္ဗကိစ္စလိုတယ်....( မှန်ပါ့ )လောကုတ္တရာ မဂ်ကျတော့... (ဘာဝေတဗ္ဗကိစ္စမလိုပါဘုရား) မလိုဘူး တကြိမ်တည်းနဲ့ နိဗ္ဗာန်ရောက်တယ်....(မှန်ပါ့)။

အဲဒီတော့ ဒီအရှိန်ပေးနေရတာ ကိလေသာထုတွေ ခွါနေရတာ ကြာတာပေါ့တဲ့၊ ခွါပြီးတဲ့တနေ့ မဂ်စစ်ပေါ်ဘို့ ကျတော့ တကာ တကာမတွေမှာ ဘာမှပူစရာမလိုဘူး၊ တကြိမ်နဲ့ကိစ္စပြီးတာပေါ....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ပွားကြစမ်းပါ၊ ပွားကြစမ်းပါဆိုတဲ့ ဥစ္စာသည် ဘယ့်နှယ်ကြောင့် အပွားခိုင်းတာတုံးဆိုတာ မောင်သစ်တို့ရိပ်မိရောပေါ့....( မှန်ပါဘုရား ) ဘယ်အခါကာလမှ မပွတ်ဘဲနဲ့ ဈေးကာယ် ပစ်ထားတဲ့ ကြေးဖလားနဲ့ တူနေလို့ ရှင်သာရိပုတ္တရာက အသုံးချလို့ မဖြစ်လို့ ပွတ်ရတာပေါ့ ....တဲ့၊ ပွတ်တယ်ဆိုတာ ထပ်ပြန်တလဲလဲ ပွတ်ရတယ်....(မှန်ပါ့)။

ဒါမှသာလျှင် ကြေးဖလား အရောင်ကြီး ထွက်ပြီးသကာလ လိုရင်းကိစ္စ သုံးဆောင်ခြင်းကိစ္စကို ပြီးစေနိုင်တယ်ဆိုတာ အမှန်ပါဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဘာဝေတာမှကိစ္စ မလိုဘူးလား....(လိုပါတယ်ဘုရား) ဘယ်အချိန် လိုသတုံးဆိုတော့ ဖြစ်ပျက်ကို ပွားနေတုန်း လိုတယ် (မှန်ပါ့) ဖြစ်ပျက်ဆုံးသွားတဲ့ အခါကျပြန်တော့လဲ မဂ်စိတ် တကြိမ် ပေါ်လာခြင်းကြောင့် မပွားပါနဲ့တဲ့၊ ခင်ဗျားတို့က ပွားချင်လဲ မရဘူး၊ သူက တကြိမ်ဖြစ်ပြီး ချုပ်သွားတာဘဲ.... (မှန်ပါ့)။

တကြိမ်ဖြစ်ပြီး ချုပ်တယ် ဆိုကတည်းကလဲ သူကလဲ သူ့ အတွက်ကတော့ အေးပါတယ်၊ သူ့အတွက်ကတော့ ဘယ်လို စိတ်အေးရသတုံးဆိုတော့ မြစ်ဘာခုကို ကူးသလို မှတ်ရမယ်တဲ့.... (မှန်ပါ့) မဂ်တကြိမ်ဘည်း ဖြစ်ငြားသော်လဲ လောကုတ္တရာမဂ် ကတော့ အလွန် ကျေးဇူးများပါတယ်....(မှန်ပါ့)။

လှေဘခုမှာ ဝန်တင်ပါတဲ့၊ လှေတခု ဝန်ဘင်ပြီးသကာလ လူတယောက်က ထိုးခတ်လှော်ပြီးသကာလ ဟိုဘက် သွားတဲ့ အခါမှာ ဒီဘက်ကမ်းက ဟိုဘက်ကမ်းကို ကူးတာလဲ လှေသမား ၏ လုံ့လ ပယောဂဘဲ၊ ဒီ ဝန်တွေ ဆောင်ပြီးသကာလ သွား တာလဲ ဒီလှေသမား၏ လုံ့လ ပယောဂဘဲနော်....( မှန်ပါ့ ) ရေဖြတ်သွားတာလဲ....(လှေသမား၏ လုံ့လ ပယောဂပါဘုရား) ဟိုဘက်ကမ်း ရောက်တာကော-(လှေသမား၏ လုံ့လ ပယောဂ ပါဘုရား)။

အဲ....မဂ်တကြိမ် ပေါ်ပြီဆိုမှဖြင့်တဲ့ ဒုက္ခသစ္စာကို ပိုင်ပိုင် နိုင်နိုင် သိဘိုလဲ ဒုက္ခသစ္စာကို ပရိညာဉ်ယျနဲ့ ထားပစ်ခဲ့တာလဲ သူဘဲလို့ မှတ်ပါ....(မှန်ပါ့) ကိလေသာ ရေတွေကို ဖြတ်ကျော်

ပြီးသကာလ ဖြတ်တောက်ပြီးသကာလ သွားတာလဲ လေ့ဘဲလို့ မှတ်ရမယ်(မှန်ပါ့) ဒီမှာဘက်ကမ်းဆိုတဲ့ သက္ကာယဒိဋ္ဌိ ရုပ်နာမ် နယ်မှ ရုပ်နာမ်မရှိတဲ့ နိဗ္ဗာန်ဘက်ကို ရောက်တော့ ဒီဘက်ကမ်း က ခွါတာလဲ လှေဘဲ....(မှန်ပါ့)ဟိုဘက်ကမ်း ရောက်တာကော (လှေပါဘဲဘုရား)။

ဒါဖြင့် လှေသည် အလုပ်လေးလုပ် လုပ်ဘယ်....( မှန်ပါ့ ) လေးလုပ်က ဒီဘက်ကမ်း ခွါမှု၊ ဟိုဘက်ကမ်း ရောက်မှုနဲ့ နှစ်ခု မနေဘူးလား....(မှန်ပါ့) ဝန်တွေ တင်ပြီးသကာလ ဟိုဘက်ပို့မှု လဲ လှေဘဲ၊ အလယ်က ရေတွေ ဖြတ်ဘို့ကော....( လှေပါဘဲ ဘုရား )လှေဘဲဆိုတာ သဘောကျပလား....(ကျပါပြီ)။

ထို့အတူဘဲတဲ့ မဂ်သည် ရေနဲ့ တူတဲ့ ကိလေသာကိုလဲ သူ တကြိမ်တည်းနဲ့ ဖြတ်တာဘဲ....( မှန်ပါ့ ) ဒီမှာဘက်ကမ်း သက္ကာယဒိဋ္ဌိနယ်မှ ခွါတာလဲ...(လှေပါဘဲဘုရား) အဲ....လှေနဲ့ တူတဲ့ မဂ်ဘဲ....(မှန်ပါ့)ရှင်းပြီနော်....( ရှင်းပါပြီ ) နိဗ္ဗာန်ဆိုတဲ့ ဟိုမှာဘက်ကမ်း အရောက်ပို့လိုက်တာကော....(လှေပါဘုရား) ဒီမဂ်ဘဲ၊ လှေနဲ့ တူတဲ့ မဂ်ဘဲ....(မှန်ပါ့)သဘောကျပြီ....(ကျ ပါပြီ) ဒီ ဝန်တွေကို တခါတည်း ဆောင်ယူသွားတာကော.... (လှေနဲ့ တူတဲ့ မဂ်ပါဘုရား)။

လှေဘဲလို့ဆိုယင် လှေသည် လေးလုပ် အလုပ်-လုပ်တယ်.... (မှန်ပါ့) ထို့အတူဘဲတဲ့ လှေလေးလုပ် အလုပ်-လုပ်သလို မဂ် ကတော့ တကြိမ်ဖြစ်တယ်ဆိုယင် လေးခုသော ကိစ္စကို အပြီး လုပ်ချလိုက်တာဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

မဂ်က တကြိမ်ဖြစ်ယင်တော့ .... ( လေးခုသော ကိစ္စကို အပြီးလုပ်ချပါတယ် )သက္ကာယဒိဋ္ဌိနယ်မှ ခွါသွားတယ်ဆိုတာလဲ မဂ်ကိစ္စဘဲ....(မှန်ပါ့) ဖြစ်ပျက် မမြင်တော့ဘူး၊ အဲဒီ့ အချိန်မှာ....(မှန်ပါ့) ဖြစ်ပျက်က သက္ကာယကိုး....( မှန်ပါ့ ) အဲဒီ သက္ကာယ ခွါတာလဲ မဂ်ဘဲ....( မှန်ပါ့ ) သက္ကာယဒိဋ္ဌိချုပ်တဲ့ နိဗ္ဗာန်ကို မြင်တာလဲ....( မဂ်ပါဘဲ ) ဒုက္ခသစ္စာ ပရိညေယျနဲ့ ပိုင်းခြားပစ်ခဲ့တာလဲ သူဘဲ....(မှန်ပါ့) ဟိုဘက် နိဗ္ဗာန်ကို အခင့်ပြုနိုင်တာလဲ....(သူပါဘဲဘုရား) အလည် ကိလေသာတွေ ဖြတ်တာကော....(သူပါဘဲဘုရား) သူဘဲဆိုတာ သဘောကျပလား.... (ကျပါပြီ)။

ဒီ ခန္ဓာရှိတဲ့ ပုဂ္ဂိုလ်ကိုပင်လျှင် ခန္ဓာရှိလျက်နဲ့ဘဲ နိဗ္ဗာန်ကို မြင်သွားတာလဲ ခန္ဓာဝန်ကို နိဗ္ဗာန်ဘက် ဆောင်သွားတာလဲ သူဘဲ....(မှန်ပါ့ဘုရား) သဘောပါပလား....(ပါပါပြီ)။

ဒါဖြင့် လောကုတ္တရာ မဂ်စစ်ကတော့ မပွါးရလို့ မှတ်ပါ (မှန်ပါ့) လောကီမဂ်ကတော့ဖြင့်....(ပွါးရပါတယ် ဘုရား)။

လောကီမဂ် ပွါးရခြင်း၏ အကြောင်းကတော့ ခုနင်က ဘုန်းကြီး ရှင်းပေးခဲ့ပါပြီ၊ ဘယ်တော့မှ မဆေးတဲ့ ကြေးဖလားဖြစ်နေလို့....(မှန်ပါ့) တခါတည်း တိုက်လို့တော့ ပြောင်လိမ့်မယ်–လက်လိမ့်မယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးတော့ မယူပါနဲ့ ( မှန်ပါဘုရား) မပြောင်နိုင် မလက်နိုင်ဘူး ဆိုတာတော့ဖြင့် အရေးကြီးပါတယ်....(မှန်ပါ့)။

ဒါ့ကြောင့် **သိယင်ပြီးရောဆိုတဲ့ စကားမျိုးလို ဘယ်အခါကာလမှမယူကြပါနဲ့**၊ အခု ဓမ္မဒိန္နာ ရဟန္တာမကလဲ ဖြေပြီး....

(မှန်ပါ) ဘုရားကလဲ မဂ် ဘာကိစ္စရှိသတုံးဆို အို....ဘာဝေတဗ္ဗ ကိစ္စရှိတယ်ဆိုတော့ လောကီမဂ်ကို ဆိုတယ်....(မှန်ပါ) လောကုတ္တရာမဂ်မှာ ဘာဝေတဗ္ဗ မရှိ....( မှန်ပါ ) ရှင်းကြပလား.... (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတွေ အလုပ်-လုပ်တဲ့ အခါကျတော့ ကေဂ္ဂတာလဲ အရေးကြီးတယ်....(မှန်ပါ) သတိပဋ္ဌာန် နိမိတ်ကော....(အရေးကြီးပါတယ်ဘုရား) ဝီရိယ ကူညီမှုကော....(အရေးကြီးပါတယ်ဘုရား)။

ဟာ....ဒါတွေ တကြိမ်စီ ဖြစ်နေလို့ မတော်သေးဘူး၊ ကေဂ္ဂတာလဲ တကြိမ်တည်းဖြစ်လို့ မတော်ဘူး၊ သတိပဋ္ဌာန်နိမိတ်လဲ တကြိမ်တည်းဖြစ်လို့ မတော်ဘူး၊ ဝီရိယလဲ တကြိမ်တည်း တွန်းပေးလိုက်တာနဲ့ မတော်သေးဘူး၊ ဘာဝေတဗ္ဗဆိုတဲ့ သူတို့ကို အကြိမ်ကြိမ်ပွါးများမှုဟာ လိုသေးတယ်....(မှန်ပါ)။

မသေမချင်း ပွါးရမှာသားလို့ ဘုန်းကြီးတို့ တကာတကာမတွေက ဆိုတော့ ဒီလိုတော့ မဟုတ်ပါဘူးတဲ့၊ လောကုတ္တရာမဂ်ခုနင်က လေးခုဆောင်သလို ဆောင်ပြီးလို့ရှိယင်လဲ ပွါးဘို့ မလိုတော့ပါဘူး....(မှန်ပါ) သဘောကျပလား ...(ကျပါပြီ)။

လောကုတ္တရာမဂ် ပေါ်လာလို့ရှိယင်(ပွါးဘို့မလိုပါဘုရား) ပွါးဘို့ မလိုတော့ဘူး၊ သဘောကျပလား..(ကျပါပြီ)။

အဲဒီတော့ ပွါးနေရတာက ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် ကိလေသာထု ထူလို့ ပွါးရတယ်ဆိုဘဲ့ အဓိပ္ပါယ်တော့ဖြင့် သေသေချာချာ မှတ်ပါ....(မှန်ပါဘုရား)။

ဘယ်လိုကြောင့် ပွါးရသတုံး....(ကိလေသာထု ထူလို့ ပွါးရပါတယ်ဘုရား)။

ကိလေသထု ထူတာကလဲ ဦးသံဒိုင် ဝယ်ပြီးတဲ့ ကြေးဖလား ဘယ်တော့မှ မဆေးတာ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ခင်ဗျားတို့ အခု ဒီလာပြီး တရားနာကြ တရားအားထုတ်ကြတယ်၊ အင်း....ခုမှဘဲ ဆေးရမှန်း ကြောရမှန်း သိတာကိုး....(မှန်ပါ)နဂိုကတော့ ဆုတောင်းကလေးနဲ့ အလှယ်တကူ ရလိမ့်မယ်လို့ ခင်ဗျားတို့ကလဲ ထင်ကြတယ်....( မှန်ပါ )ဆုတောင်းကလေးနဲ့ အလှယ်တကူ ရလိမ့်မယ်လို့ ထင်ကြတယ်တဲ့....၊ ဆုတောင်းနဲ့တော့ ဝေးပါသေးရဲ့လို့ ဆုံးဖြတ်ချက် ချပါ....( မှန်ပါ ) ဘာ့ကြောင့်တုံးဆိုတော့ ပွါးမှ ရမည့်အလုပ်ကို တောင်းယူလို့တော့....(မရပါဘုရား) မရပါဘူး၊ လုပ်ယူရမည့် အလုပ်ကို တောင်းယူယင်.... ( မရပါ ဘုရား ) မရဘူးဆိုတဲ့ အဓိပ္ပါယ် ရှင်းမိအောင် ရှင်းပါ....(မှန်ပါ)။

အဲဒီတော့ကိုဘဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီနေရာမှာ ပွါးတဲ့ ကိစ္စမှာ သူ ဘာပြုလိုက်သတုံးလို့ မေးတဲ့အခါကျတော့ မောင်သစ်တို့ ဦးသံဒိုင်တို့ နာဘူးပါတယ်၊ ကြက်မကြီး တကောင်ဟာတဲ့ ဆယ့်နှစ်လုံးလောက် ဥတယ်....( မှန်ပါ ) သံယုတ်ပါဠိတော်မှာ လာတယ်....(မှန်ပါ)ဆယ့်နှစ်လုံးလောက် ဥပြီးသကာလ ပြင်ဘက်က-နေပြီးသကာလ ငါ့ကြက်ကလေးတွေ ပေါက်ပါစေ ငါ့ကြက်ကလေးတွေ ပေါက်ပါစေလို့ ပြင်ဘက်က-နေ အောင်လို့ရှိယင် ဒီကြက်ဥတွေ ပုတ်သွားမယ် ....(မှန်ပါ ပုပ်သွားပါမယ် ဘုရား)။

ဒီအပေါ်မှာ အတောင်ကလေး ဖြန့်ပြီးအုပ်၊ လေမတိုက်အောင်လို့ အတောင်ကလေး ဖြန့်ပြီးတော့ကာ ထား၊ ကြက်တို့၏ အငွေ့ဖြစ်တဲ့ အပူဓာတ်ကိုလဲ ပေး၊ အနံ့ကိုလဲ ပေး၊ ဒီသုံးခုအလုပ်ကို မလုပ်လို့ရှိယင် ဒီ ကြက်ဥကလေးတွေဟာ အကုန်ပုပ်သွားတာဘဲ....(မှန်ပါဘုရား)။

အတောင်ဖြန့်မအုပ်တဲ့ အတွက် အပြင်ဘက် လေကတိုက်တဲ့အတွက် ပုပ်တယ်....(မှန်ပါ) အပူဓါတ်မပေးတဲ့အတွက်ယဲ အထဲမှာ ကြက်ဥက ဥစ,မှာ အရည်ချည့်ဖြစ်နေတယ်.... ( မှန်ပါ ) အဲဒီ့အရည်က မခန်းခြောက်ဘူး.... ( မခန်းခြောက်ပါဘုရား ) ကြက်တို့၏ အနံ့ကို မပေးပြန်လို့ရှိယင်လဲတဲ့ ဟိုမှာ ဒီ ကြက်ကောင်ကလေးတွေဖြစ်ဘို့ရာဟာ မရှိဘူးတဲ့၊ ဖြစ်ချင်တဲ့အကောင်ဖြစ်မှာဘဲ....(မှန်ပါ) သဘောကျပလား... (ကျပါပြီ)။

ဒါဖြင့် အတောင်ဖြန့်အုပ်ဘို့လဲ ကြက်မကြီး၏ အလုပ်ဘဲ.... (မှန်ပါ) ကြက်တို့၏ ရင်ငွေ့ အပူဓါတ်ကို ဥကလေးတွေပေါ်ရောက်အောင် ပေးမှုလဲ.... (ကြက်မကြီးအလုပ်ပါဘုရား) ကြက်တို့၏ အနံ့ကို ပေးမှုကော....(ကြက်မကြီးအလုပ်ပါဘုရား)မဝပ်ဘဲနဲ့ ဒီ အနံ့ကလဲ ဟိုအထဲမရောက်ဘူး....(မှန်ပါ) ရောက်နိုင်ပါ့မလား....(မရောက်နိုင်ပါဘုရား) မရောက်နိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီ)။

အဲ....ထို့အတူဘဲတဲ့ ပြင်ဘက်က လေလဲ ကာပေးရမယ်.... (မှန်ပါ) အပူဓါတ်လဲ....(ပေးရပါမယ်) အနံ့ကော.... (ပေးရပါမယ်) မပေးလို့ရှိယင်ဖြင့် ဒီကြက်ဥကလေးတွေ အကုန်ပုပ်သွားတာဘဲ....(မှန်ပါ)။

အပြင်ဘက်ကသာ ငါ့ကြက်ကလေးပေါက်ပါစေ၊ ပေါက်ပါစေဆိုမယ်ဆိုလို့ရှိယင် ရကို မရဘူး....(မရပါဘုရား)။

ထို့ အတူဘဲတဲ့ ဒီ တကာတကာမတွေမှာလဲ လုပ်တော့မလုပ်ဘဲနဲ့၊ ဉာဏ်ကလေးတော့ပါရဲ့၊ လုပ်တော့မလုပ်ဘူး ဆိုလို့ရှိယင် ဒီ ဉာဏ်ကလေးဟာက ပုပ်သွားမယ်....(မှန်ပါ)။

ဘာဖြစ်လို့တုံးဆိုတော့ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ ဥစ္စာကို ခင်ဗျားတို့ အတောင်ဖြန့်အုပ်တာ ကြက်အပူပေးတာ ကြက်နံ့ပေးတာ သုံးလုပ်ရှိသလို ဒီ မှာလဲ အနိစ္စ ဒုက္ခ အနတ္တ သုံးလုပ်နဲ့ ခင်ဗျားတို့ လုပ်ရမှာဘဲ....( မှန်ပါ ) မလုပ်လို့ရှိယင် ဉာဏ်ကလေးဟာ ပုပ်သွားတာဘဲ.... ( မှန်ပါ ) ဉာဏ်ကလေးဟာ တွန့်သွားတာဘဲ၊ ဉာဏ်ကလေးဟာ အသုံးချလို့ မရပါဘူး ဆိုတဲ့ ဥစ္စာ သေသေချာချာမှတ်ပါ....(မှန်ပါ)။

ကြက်မကြီးသည်ကားလို့ဆိုယင်ဖြင့် မကြာမကြာထွက်လိုက် မကြာမကြာ ပြန်ဝပ်လိုက် မကြာမကြာထွက်လိုက် မကြာမကြာ ပြန်ဝပ်လိုက် မကြာမကြာဆိုတာက တခြား မဟုတ်ဘူး၊ သူလဲ အစာရှာထွက်ရတယ်....(မှန်ပါ) တော်တော်ကြာ အစာရှာထွက်ရာက ပြန်လာလို့ရှိယင် ပြန်ပြီး ဝပ်ပြန်တာဘဲ....(မှန်ပါ)။

ဒါဖြင့် သူသည် ကြိမ်ဖန်များစွာ တသီတင်း၊ နှစ်သီတင်းဝပ်လိုက်တဲ့အခါကျတော့ ဦးသံဒိုင် ကြက်ကောင်ကလေးတွေ ဖြစ်လာတယ်....(မှန်ပါ) သဘောကျပလား.... (ကျပါပြီ)။

ကြက်ကောင်ကလေးတွေ....( ဖြစ်လာပါတယ်ဘုရား ) ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့မှတဲ့ အပူဓါတ် ပေးလို့ ဥခွံ ပါးသွားပါတယ်....( မှန်ပါ ) အဘောင်ကလေးနဲ့ ကာ

ကွယ်ပေးတဲ့အတွက် ပြင်ဘက်လေမရတဲ့ အတွက် အပူရှိန် မရပ်တော့ဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ကြက်နံ့ကလေးတွေ ပေးတဲ့အတွက် အထဲမှာ ကြက်ကောင်ကလေးတွေဖြစ်လာတယ်....(မှန်ပါ့)။

ထို့အတူဘဲတဲ့ ကိလေသာတည်းဟူသော အစေးတွေ ခန္ဓာကိုယ်ထဲမှာ ကိလေသာတည်းဟူသော အစေးတွေခန်းခြောက်မှ အဝိဇ္ဇာ ဥ့ခွံကလဲ ပါးပါမှ ထိုကြက်ကလေးတွေ၏ ခြေသည်းလက်သည်းကလေးတွေထက် ပါတယ်...(မှန်ပါ့)။

အဝိဇ္ဇာ ဥ့ခွံလဲ....( ပါးပါမှ ) တဏှာအစေးကလဲ....(ခန်းခြောက်ပါမှ) ခန်းခြောက်ပါမှ ဆိုမှ အထဲမှာ ကြက်ကောင်ကလေးတွေ၏ ခြေသည်းဖျားကလေးတွေ နှုတ်သီးဖျား ကလေးတွေ ထက်လာတယ်....( မှန်ပါ့ ) ထက်လာတဲ့အခါကျတော့ ကြက်ကောင်ကလေးတွေက အောက်မေ့တယ်၊ ဩော်....ငါတို့ ဒီအထဲ ကွေးကောက်နေရတာ အတော်ကြာပြီ၊ ပြင်ဘက်လဲ အလင်း မြင်ရတယ်၊ အရည်ခြောက်လို့ အလင်း မြင်တာ....(မှန်ပါ့) အဝိဇ္ဇာ ဥ့ ခွံပါးလို့လဲ....( အလင်းမြင်ရပါတယ် ) အဲ....အရည်မရှိလို့လဲ ကြက်ကောင်ကလေးတွေ ဖြစ်လာတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒီ ကြက်မကြီး ကြက်နံ့တွေပေးလိုက်တဲ့ အတွက်လဲ နှုတ်သီးဖျားကလေးတွေ ခြေဖျားကလေးတွေက သန်စွမ်းလာတယ်—(မှန်ပါ့)။

အဲဒီတွင် တခါတည်း ဒို့ ဒီထဲမှာ နေရတာကြာပြီ၊ ကွေးကောက်နေရတာကြာပြီဆိုပြီး လည်ပင်းကလေးဆန့်လိုက်၊ ခြေ

ထောက်ကလေးဆန့်လိုက်တဲ့ အခါကျတော့ ဒါကလေးတွေက မာလာလို့ ခုနင်က တဏှာအရည်ကလဲခန်း၊ အဝိဇ္ဇာ ဥ, ခွံက လဲပါး၊ ဥဘဏ်တည်းဟူသော ခြေသည်း လက်သည်းကလေးတွေ နှုတ်သီးဖျားကလေးတွေက ထက်လာလို့ ဗျမ်း .... ဆို ကွဲထွက် သွားလို့ အလင်းရောက်တယ်....(မှန်ပါ) ပြင်ဘက်ရောက်မလာ ဘူးလား....(ရောက်လာပါတယ်ဘုရား)။

အဲဒီလိုဘဲကွာတဲ့၊ ငါ့-ဘုရားဟောတယ်ဆိုယင် ဒီဥပမာကို ငါ-ဘုရားပေးပါတယ်၊ မင်းတို့လဲ ပွားများနိုင်လို့ ရှိယင် ကိလေသာ ခန်းခြောက်ပါလိမ့်မယ်....(မှန်ပါ) အဝိဇ္ဇာ ဥ, ခွံလဲ ပါး ပါလိမ့်မယ်၊ ဥဘဏ်ခြေသည်းဖျား လက်သည်းဖျားလဲ ထက်ပါ လိမ့်မယ်.... (မှန်ပါ) ဒီ သုံးလုပ်မပါယင်တော့ မရဘူးကွတဲ့... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဥ,ခွံထဲက အစေးခြောက်အောင်လဲ ကျုပ်တို့သည် ဖြစ်ပျက်ပေါ်မှာ ဝပ်ဝပ်ပေးရမယ်...( မှန်ပါ ) ရှင်းပလား.... (ရှင်းပါပြီ) ဖြစ်ပျက်ပေါ်မှာ....( ဝပ်ဝပ်ပေးရပါမယ်ဘုရား ) အဲ....ဖြစ်ပျက်ပေါ်မှာ ဒီ ဥဘဏ် ဝပ်ဝပ်ပေးရမယ်ဆိုတာ ရှုရှုပေး ရမယ်ပြောတာ....( မှန်ပါ ) ရှု-ရှုခြင်း ထွက်မလားလို့ မေးတဲ့ အခါကျတော့ မဟုတ်သေးဘူးတဲ့၊ ကြက်မကြီး ဝပ်သလိုဘဲဘဲ့၊ အပူဓါတ်ပြင်းမှလဲ ကိလေသာ အစေးနဲ့တူတဲ့ အရည်တွေက ကြက်ဥထဲမှာပါတဲ့ အရည်တွေက ခန်းခြောက်မယ်....( မှန်ပါ ) သဘောပါပြီ.... ( ပါ-ပါပြီ ) အရည်ခန်းခြောက်မှလဲ ဥ,ခွံက ပါးမယ်....(မှန်ပါ) ဒါမှသာလျှင် ဥ, ခွံပါးမှလဲ အထဲမှာရှိတဲ့ အကောင်ကလေးတွေ၏နှုတ်သီးဖျား ခြေသည်းဖျားထက်မယ်....

(မှန်ပါ) ထက်မှလဲ ကန်ထွက်မယ်....( မှန်ပါ )နို့ မဟုတ်လို့ရှိ ယင်....(မထွက်နိုင်ပါဘုရား)။

အဲဒီ အတိုင်းဘဲကွာတဲ့၊ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီး မင်းတို့သည်ကားလို့ ဆိုယင်ဖြင့် ပွားများလို့ရှိယင်ဖြင့် ဒီအပေါ် မှာ ဖြစ်ပျက်ပေါ်မှာ အမြဲတမ်း ရှုနေလို့ရှိယင်ဖြင့် ကိလေသာ အစေးလဲ ခန်းခြောက်မှာဘဲ.... (မှန်ပါ) အဝိဇ္ဇာတည်းဟူသော ဥ ခွံလဲ ပါးသွားမှာဘဲ....(ပါးမှာပါ)ဉာဏ်ခြေသည်းဖျား နှုတ် သီးဖျားလဲ....(ထက်ရမှာပါဘုရား) အဲဒီ ထက်လာတဲ့အခါကျ တော့ ခွဲထွက်သွားတာဘဲ.... ( မှန်ပါ ) သဘောကျပလား.... (ကျပါပြီ)။

အဲဒီ ခွဲထွက်သွားချင်လို့ရှိယင် တကာတကာမတို့ ကြက်မ ကြီးလိုဘဲတဲ့ မကြာမကြာဝပ်ပေးရမယ်....( မှန်ပါ ) မဝပ်လို့ရှိ ယင်တော့....(မရပါဘုရား) မရဘူးဆိုတာ သဘောပါပလား.... (ပါ-ပါပြီ)။

ဒါက ဘာနဲ့ပတ်သက်လို့ ဟောရတာတုံးလို့ မေးတဲ့အခါ ကျတော့ကိုတဲ့ အခုဟာက ပွားများရမည့် ကိစ္စကို ဘုရားက အဓိပ္ပါယ်ပြတာ....(မှန်ပါ)။

ပွားများရမည့် ကိစ္စကို....(အဓိပ္ပါယ်ပြတာပါဘုရား)။

အေး....ဒါကြောင့် ဒီ အတိုင်း မနေကြနဲ့ ဒီအတိုင်းမနေ ကြနဲ့ ခုနင်က မူလပဏ္ဏာသမှာလာတဲ့ ရှင်သာရိပုတ္တရာဟောတဲ့ ကြေးဖလားလိုဘဲ ပွတ်နိုင်မှ သင့်ရှိရှိမယ်....(မှန်ပါ) ကြက်မကြီး လိုဘဲ ဝပ်နိုင်မှဘဲ.... (သင့်ရှိရှိပါမယ်) ကြက်ကောင်ကလေးတွေ

ပြင်ဘက်ရောက်မှာဘဲ....( မှန်ပါ့ ) အလင်းရောက်တယ်ဆိုတာ နိဗ္ဗာန်မြင်တယ် ပြောတာဘဲ....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် အလင်းမြင်ရသတုံးဆိုတော့ အဝိဇ္ဇာဥ့ခွံ ပါးယင် မြင်တာဘဲ....( မှန်ပါ့ ) တဏှာအစေးခြောက်ယင်.... (မြင်ပါတယ်ဘုရား)။

ကြက်ဥထဲက အရည်ခြောက်သွားလို့ ရှိယင်လဲ ပြင်ဘက်မြင် ရတာဘဲ....(မှန်ပါ့) ဥ့ခွံက ပါးပါး-ပါးပါးသွားလို့ရှိယင်လဲ (မြင်ရပါတယ်ဘုရား)။

မြင်ရတာဘဲ၊ အဲဒီ ပါးတဲ့ အချိန်မှာ ဝပ်လိုက်တဲ့ အချိန် ကျလို့ရှိယင် ဒီက အပူဓါတ်ကြောင့်ဥာဏ်နဲ့တူတဲ့ ခြေသည်းဖျား နှုတ်သီးဖျားကလေးလဲ ခင်ပျားတို့ ဉာဏ်လဲ ထက်လာတာဘဲ.... (မှန်ပါ့) ဒါ့ကြောင့် မပွားယင်ဖြင့်....(မရပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး က " ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ " ဘိက္ခဝေ= ရဟန်းတို့၊ ဇာနတော=ရှုသော၊ ပဿတော=မြင်သော ပုဂ္ဂိုလ် အား၊ အာသဝါနံ=အာသဝေါ တရားတို့၏၊ ခယံ=ကုန်ခြင်းကို အဟံ = ငါဘုရားသည်၊ ဝဒါမိ = ဟော၏။ ရှုတဲ့ ပုဂ္ဂိုလ်မှ ဟော့....တဲ့....(မှန်ပါ့) ရှုတဲ့ ပုဂ္ဂိုလ်မှသာလျှင် ငါသည်ကားလို့ ဆိုယင် အာသဝေါတရား ကုန်တယ်လို့ တဏှာအစေးဆိုတဲ့ ကာမာသဝ၊ အဝိဇ္ဇာဥခွံဆိုတဲ့ အဝိဇ္ဇာသဝ၊ ဟုတ်ပလား.... (မှန်ပါ့)ဒါတွေဟာတဲ့ ကြပ်ကြပ်ရှုတဲ့ ပုဂ္ဂိုလ်မှာ အလျှင်အမြန် တခါတည်း ပြင်ဘက် အလင်းရောက်သလို မရှုတဲ့ ပုဂ္ဂိုလ်မှာဖြင့်

ရောက်လိမ့်မယ်လို့ ငါဟောတာကို မဟောဘူးတဲ့.... ( မှန်လှပါ ဘုရား)။

ဒါဖြင့် အသိသမားတွေနဲ့ ဦးသံဒိုင် တခြားစီ ဖြစ်သွား တယ်....(မှန်ပါ) မဖြစ်သေးဘူးလား....(ဖြစ်ပါတယ် ဘုရား)။

အသိသမားတွေက သိပြီး-ပြီးတာဘဲ၊ ဘာလိုသေးသတုံး- တဲ့၊ လိုတာမှ သူ မသိဘဲကိုး....(မှန်ပါ) အခုတော့ လိုတာ သိ ပြီမဟုတ်လား....( သိပါပြီ ) သိရုံနဲ့ မပြီးသေးဘူး၊ ခုနင်က ကလေးသာစေးကလဲ ပွါးမှ ခြောက်မှာ.... ( ပွါးမှ ခြောက်မှာ ပါ ) အဝိဇ္ဇာ ဥစ္စ ကတော....(ပွါးမှ ပါးမှာပါ) ဉာဏ်ထက် လာမှာကော....(ပွါးမှ ထက်မှာပါ)ပွါးမှ ထက်မယ်၊ မပွါးလို့ ရှိယင်.... (မထက်ပါဘုရား)။

အလုပ်တခုကို လုပ်ကြည့်ပါတဲ့ မောင်သစ်တို့ ဦးသံဒိုင်တို့ လုပ်ပါများမှ ဉာဏ်ကလေး ဝင်ဝင်လာတယ်....(မှန်ပါ) မလုပ် ခင် လုပ်စဆိုယင် ဘယ်ဉာဏ်သွင်းရမှန်း သိကို မသိဘူးတဲ့.... (မှန်ပါ) နောက်တော့ အလုပ်က လုပ်ပါများလာတဲ့ အခါ ကျတော့ ဉာဏ်က ထက်ထက်လာတယ်....(မှန်ပါဘုရား)အလုပ် လုပ်ပါမများတဲ့ ပုဂ္ဂိုလ်ဟာ....( ဉာဏ်မထက်ပါဘုရား ) ဉာဏ် မထက်ပါဘူး ဆိုတာကို ထင်ထင် ရှားရှားဘဲ သိရပါတယ်.... (မှန်ပါဘုရား)။

အဲဒါကြောင့် ဓမ္မဒိန္နာက ဖြေတော့ သမာဓိ တည်ယင်လဲ ပြီးတာဘဲ၊ သတိပဋ္ဌာန်နိမိတ် ထင်လို့ရှိယင်လဲ ပြီးတာဘဲ ဝီရိယ စိုက်ယင် ပြီးရော့လားလို့ ဓမ္မဒိန္နာကို ဝိသာခက မေးတဲ့

အချိန်ကျတော့ မပြီးသေးဘူးတဲ့....၊ ပွါးများတဲ့ ကိစ္စက လို သေးတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဘာလိုသေးသတုံး........(ပွါးများတဲ့ ကိစ္စ လိုပါသေးတယ် ဘုရား)။

အေး....ဒါကြောင့် ပွါးများတဲ့ ကိစ္စကို တကာ တကာမ တွေက အခုမလျှော့ဘဲနဲ့ လုပ်ကြမယ်ဆိုလို့ရှိယင် တသံသရာလုံး ချေးတွေဟာ တခါဘည်းနဲ့ဘဲ ပျောက်သွားမှာဘဲ.... (မှန်ပါ့) ဒီ ကိလေသာ ရှိနေလို့ရှိယင်တော့ဖြင့်တဲ့ ဉာဏ်ဟာ ထိုးထွင်း လို့ကို မရဘူး....(မှန်ပါ့ဘုရား)။

ကိလေသာ ရှိနေယင်....( ဉာဏ်ဟာ ထိုးထွင်းလို့ မရပါ ဘုရား)။

နို့....ကိလေသာကော အနိစ္စလား....နိစ္စလားလို့ မေးတော့ အနိစ္စပါဘဲ၊ အနိစ္စပေမဲ့ သူက အာသေဝန များတယ်(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အနိစ္စပေမဲ့....(အာသေဝန များပါတယ်) အာသေဝနဆို တာ သူချည့် ထပ်ပြန်တလဲလဲ ဒီပေါ် ထပ်ဖြစ်နေတာ....( မှန် ပါ့ဘုရား )။

ဒီလိုကျတော့ အာသေဝနများတဲ့ အတွက်တဲ့.... ဉာဏ်က ထိုးထွင်းလို့ မရဘူး....(မှန်ပါ့) သဘောပါကြပလား....( ပါ ပါပြီဘုရား )။

ဒါဖြင့် ဘယ့်နှယ် လုပ်ကြမယ်....( ဘာဝေတဗ္ဗပါဘုရား ) ဘာဝေတဗ္ဗ ပွါးရမယ်....( မှန်ပါ ) မပွါးလို့ရှိယင်....(မရပါ ဘုရား)မရဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် အိမ်ကျလာတဲ့အခါကျလို့ရှိယင် ခန္ဓာကိုယ်ကြည့်၊ ကြည့်တဲ့အခါ အတုံးအခဲ မတွေ့စေနဲ့၊ ဝေဒနာပေါ်ရာလိုက်၊ စိတ်ပေါ်ရာလိုက်၊ လိုက်တဲ့အခါကျတော့ အတုံးအခဲဟာ လိုက်တတ်ယင် ပျောက်သွားတာဘဲ.... ( မှန်ပါဘုရား)။

လိုက်တတ်ယင်တော့....(ပျောက်သွားပါတယ်ဘုရား)၊

မလိုက်တတ်ယင်တော့ဖြင့် ခြေကြီးဘဲ လက်ကြီးဘဲ ဆံပင်ဘဲ သွားဘဲလို့ သုံးဆယ့်နှစ်ကောဋ္ဌာသတင် ပေါ်ချင် ပေါ်မယ်၊ သုံးဆယ့်နှစ်ကောဋ္ဌာသတောင် မပေါ်ပေဘူး၊ လူသဏ္ဍာန် နတ်သဏ္ဍာန် ပုံသဏ္ဍာန် ယောကျ်ားသဏ္ဍာန်၊ မိန်းမသဏ္ဍာန်၊ ဒါ မလိုက်တတ်ယင်တော့ ပေါ်နေမှာဘဲ .... (ပေါ်မှာပါဘုရား)။

လိုက်တတ်လို့ တခုတည်းကိုသာစုပြီး လိုက်လိုက်လို့ရှိယင် တခုရှိရာ ဝေဒနာရှိရာကိုသာလိုက်၊ စိတ်ရှိရာကိုသာ လိုက်နေမယ်ဆိုလို့ရှိယင် သဏ္ဍာန်ပျောက်တယ်....(မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

အဲဒီသဏ္ဍာန် ပျောက်မှသာလျှင်လဲ ဉီးသံဒိုင်ရေ- လိုရင်းတွေ့မယ်....(မှန်ပါ) သဏ္ဍာန် မပျောက်ယင်....(မတွေ့ပါဘုရား)။

သဏ္ဍာန် မပျောက်ယင် လိုရင်း မတွေ့နိုင်ဘူးဆိုတာ ဒါကြောင့် ဗောဇ္ဈင်ကို ဟောတဲ့အခါကျတော့ "ဘာဝိတာ ဗဟုလီကတာ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ ဘာဝိဘာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ"ဟော....ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဆိုတာက တခြားမှမဟုတ်

ဘဲ-ဘဲ သမ္မာဒိဋ္ဌိကိုဆိုတာ....(မှန်ပါဘုရား) သဘောကျပလား (ကျပါပြီ)။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာက ....( သမ္မာဒိဋ္ဌိကိုဆိုတာပါ ) သမ္မာဒိဋ္ဌိမဂ္ဂင်ကိုဆိုတာ....(မှန်ပါ) ဟိုမှာတော့ ဗောဇ္ဈင်လို့ သုံး လိုက်တယ်....(မှန်ပါ) ။

သုံးချင်သုံးပေစေတော့၊ ဒါ ဘုရားဟာ ဒါသုံးမှာဘဲတဲ့ သူလဲ သိတတ်တဲ့တရားမို့ ဗောဇ္ဈင်သုံးတာ....(မှန်ပါ)။

"ဗုဇ္ဈတီတိ ဗောဓိ" ဆိုတဲ့အတိုင်း ဗောဓိပက္ခိယတရား ထဲကမို့ သူ့ကို ဗောဓိလို့သုံးတာ.... ( မှန်ပါ ) နိဗ္ဗာန်ရောက် ကြောင်းတရားဖြစ်လို့ ဗောဓိလို့ သုံးလိုက်ပါတယ်၊ ဗောဓိ ဆိုတာ သိခြင်းကိုဆိုပါတယ်....(မှန်ပါ)။

အဲဒီမှာ"ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘာဝိတာ ဗဟုလီ ကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ" 'ဘာဝိတာဗဟုလီကတာ'ပါပါနေတယ်....(မှန်ပါ)မပါဘူးလား (ပါ-ပါတယ်ဘုရား)။

အဲဒီတော့ကို သမ္မာဒိဋ္ဌိနဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာနဲ့ ဦးသံ ဒိုင် အတူတူဘဲ....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ)။

သမ္မာဒိဋ္ဌိနဲ့....(ဓမ္မဝိစယသမ္ဗောဇ္ဈင်နဲ့ အတူတူပါဘဲ ဘုရား)။

ဘယ့်နှယ်ကြောင့် အဲဒါ ဟောရပါသတုံးဆိုတော့ သမ္မာဒိဋ္ဌိက တော့ကိုတဲ့ သမ္မာဒိဋ္ဌိဖြစ်ယင် ပြီးတာဘဲလို့ ဟောလိမ့်မယ်တဲ့၊ ဗောဇ္ဈင်မထည့်လို့ ရှိယင် ပွားဆိုတာ မပါဘူး.... (မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ( ပ ) သံဝတ္တတိ၊ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သမ္မာဒိဋ္ဌိကိုလဲ သမ္မာဒိဋ္ဌိမြင်ရုံကလေးနဲ့ ပြီးရဲ့လား ပွားများရဦးမှာလား....(ပွားများရဦးမှာပါဘုရား) ဗောဇ္ဈင်က သက်သေခံပစ်လိုက်တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဗောဇ္ဈင်ကဘာတဲ့ "ဘာဝိတာ ဗဟုလီကတာ"ဘာဝိတာ ဆိုတာ ပွားရမယ်၊ ဗဟုလီကတာဆိုတာ ကြိမ်ဖန်များစွာ....(မှန်ပါ့) ဒါမှသာလျှင် အဘိညာယတဲ့ - ထိုးထွင်းသိမယ်....(မှန်ပါ့)သမ္ဗောဓာယတဲ့ သစ္စာကိုသိလာလိမ့်မယ်....( မှန်ပါ့ ) နိဗ္ဗာနာယတဲ့ -နိဗ္ဗာန်ကို မြင်လာလိမ့်မယ်....(မှန်ပါ့)။

ကိလေသာငြိမ်းတဲ့ နိဗ္ဗာန်ကို မြင်လာလိမ့်မယ် ဆိုတော့ကို ဗောဇ္ဈင်ကို ဘယ့်နှယ်ကြောင့် မဂ္ဂင်နဲ့ တွဲဟောရပါလိမ့်မတုံး ဆိုတော့ မဂ္ဂင်ဟာ ခင်ဗျားတို့ မပွားကောင်းဘူးလို့ ထင်နေမှာစိုးတဲ့အတွက် ဗောဇ္ဈင်နဲ့ တွဲဟောလိုက်တယ် .... (မှန်ပါ့ဘုရား) တူတူဘဲ ပညာက တခုတည်းဘဲ....(မှန်ပါဘုရား)သမ္မာဒိဋ္ဌိဆိုတာလဲ ပညာဘဲ၊ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာလဲ....(ပညာပါဘဲ) ပညာဘဲဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဘယ်အကျိုးငှာ မဂ္ဂင်ပြီး ဗောဇ္ဈင် ဘာဖြစ်လို့ ဟောပြန်ပါလိမ့်မတုံးဆိုတော့ မဂ္ဂင်ဟာ မပွားမှာစိုးတဲ့အတွက် ဗောဇ္ဈင်အဖြစ်နဲ့ ဟောလိုက်တော့ ပွားမှုရတယ်ဟော့၊ ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သမ္မာဒိဋ္ဌိ အကူအညီ ပေးလိုက်တဲ့ ပါဠိတော်ဘဲ.... (မှန်ပါ) အဲဒီတော့ မဂ္ဂင်လုပ်ယင် ဗောဇ္ဈင်ပါပြီမှတ်....(မှန်ပါ)။
မဂ္ဂင် အပြန်ပြန် အလှန်လှန်လုပ်ယင်.... (ဗောဇ္ဈင် ပါပါပြီဘုရား)။

ဗောဇ္ဈင်ပါသွားပြီဆိုတဲ့ဥစ္စာနို့-ဘယ့်နှယ်ကြောင့်ဘုရား၊မဂ္ဂင်ရှစ်ပါးဟောထားပြီးတော့ ဗောဇ္ဈင်ကို ဘယ့်နှယ်ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ အရေးကြီးတယ်လို့ ဟောပြန်ပါလိမ့်မတုံးဆိုတော့၊ အို....မင်းတို့ မဂ္ဂင်က ကိလေသာဖြစ်ကြောင်း သိတယ်ကွ၊ ဗောဇ္ဈင်က ပွားများကြောင်း သိတယ်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ထိုးထွင်းသိပြီးသကာလ ဓမ္မဝိစယ၊ ဓမ္မက=တရား၊ ဝိစယက=စိစစ်တာ၊ ဗောဇ္ဈင်က ပွားများတာ.... (မှန်ပါ) တရားကို စိစစ်ပြီး ပွားများတယ်လို့ သိအောင်လို့ ဗောဇ္ဈင် တခါဟောပြန်တယ်....(မှန်ပါ) သဘောပါကြပလား....(ပါ-ပါပြီ)။

ကောင်းပြီ....ဒါဖြင့် ဩော်....သမ္မာဒိဋ္ဌိဟာ ဝိပဿနာမဂ်မှာ တကြိမ်တည်းနဲ့ မပြီးနိုင်ဘူး၊ဗောဇ္ဈင်နဲ့ညှိကြည့်ယင် ပေါ်လာတယ်....(မှန်ပါ) နားလည်ကြပလား....(နားလည်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ဗဟုသုတ ရှိအောင် လို့သာ ဗောဇ္ဈင်နဲ့တွဲပြီးပြောလိုက်ပါတယ်၊ ခင်ဗျားတို့ သမ္မာဒိဋ္ဌိမဂ္ဂင်ကိုလဲ ပွားပါ....(မှန်ပါ)။

ဘာလုပ်ကြရမယ်.... (သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပွားရပါမယ်ဘုရား) သမ္မာဒိဋ္ဌိမဂ္ဂင်ကိုလဲ မပွားလို့ရှိယင် မရဘူး....( မှန်ပါ ) ဘယ်

အပေါ်မှာ ပွားရမှာတုံးဆိုတော့ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ဝေဒနာ ပေါ်မှာပွား....(မှန်ပါ့) စိတ်ရှုတဲ့ ပုဂ္ဂိုလ်.... (စိတ်ပေါ်မှာ ပွား ရပါမယ်ဘုရား) စိတ်ပေါ်မှာ ပွားလိုက်လို့ရှိယင် ရပါတယ် နော်....(မှန်ပါ့)။

သို့သော် ပွားနေတုန်းကို ငါဘုရား မင်းတို့ကို ပြောမယ် ဟေ့....တဲ့....(မှန်ပါ့) ငါ ဘုရားပြောဦးမယ်တဲ့ မင်းတို့ကို၊ ပွား နေတာဟာ မင်းတို့ ခရီးမပေါက်သေးဘူး....တဲ့၊ ကျုပ်တို့ နိဗ္ဗာန် မမြင်သေးဘူး၊ ဒီ ဖြစ်ပျက်နဲ့ဘဲ အချိန်ကုန်နေသေးတယ်လို့ ဒီလိုမယူလိုက်ပါနဲ့.... (မှန်ပါ့) ဒီလိုမယူလိုက်ပါနဲ့တဲ့၊ ဗောဇ္ဈင် အဖြစ်နဲ့ ပွားတဲ့ သတ္တဲကို ငါ ရှင်းပြပါမယ် ဆိုပြီးသကာလ ဘုရားပေးတဲ့ ဥပမာက လက်သမားကိုင်တဲ့ မန်ကျည်းနှစ်လက် ရိုက်ရိုးပေါ့လေ....(မှန်ပါ့) အဲဒီလက်ရိုက်ရိုးဟာ ဆောက်ကလေး အောက်ကထားပြီး လက်ရိုက်ရိုးကလေး ကိုင်ကိုင်ပြီး နေ့တိုင်း သူတို့ ကျ ိုးခွေတို့ ဘာတို့ ထွင်းရတာပေါ့ဗျာ....(မှန်ပါ့)တချက် ရိုက် တခါစားတာဘဲ....(မှန်ပါ့)။

ခုနင်က အရိုးကလေးကို လက်က တချက်ရိုက်ယင်.... (တခါ စားပါတယ်ဘုရား) နှစ်ချက်ရိုက်တော့.... ( နှစ်ခါစားပါတယ် ဘုရား)။

ဒါဖြင့် အရိုးကလေးဟာ စားပါစေ ဆုတောင်းရတာလား၊ ကိုယ်ရိုက်တဲ့ အလုပ်-လုပ်တာနဲ့ဘဲ ဒီ အရိုးကလေးကို လက်က စားတာလား.... (ရိုက်လို့စားတာပါဘုရား) ဆုတောင်းနေလို့ တော့ မစားဘူး....( မှန်ပါ့ ) ဟေ့....အရိုးကလေး ပါးပါစေ၊

ပါးပါစေဆိုတာတော့ မရဘူး....( မရပါဘုရား ) ရိုက်ပါများ ယင်တော့....(ပါးပါတယ်ဘုရား)။

တခါတည်း လက်ရိုက်ရိုးကလေးဟာ ပြောင်ချောလာပြီး လက်ချောင်းရာ ဟောဒီလက်ချောင်းရာ တခါတည်း ထင်လာတယ်....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ထင်ပါလိမ့်မတုံး မေးတဲ့ အခါကျတော့ မှတဲ့ ဘုန်းကြီးတို့ တကာတကာမတွေ မှတ်ရမှာက ဩော်....ရိုက်ပါများလို့ လက်ကစားသွားတာ.... ( မှန်ပါ့ ) ရှင်းပလား.... (ရှင်းပါပြီ)။

ထို့အတူဘဲတဲ့ ခင်ဗျားတို့ ဝိပဿနာမဂ် လုပ်နေတာ လက်ရိုက်ကလေး ရိုက်သလိုဘဲ၊ ခင်ဗျားတို့ ဘဝများစွာ သံသရာကပါလာတဲ့ လက်ရိုက်ရိုးလိုဘဲတဲ့ ဘယ်အခါမဆို ကိလေသာချေးတွေက ရှိပြီးသကာလ နေတော့ ပြောင်မှု လက်ချောင်း လက်ရာထင်မှု လက်မရာ သက်ချောင်းရာ ထင်မှု မဖြစ်နိုင်ဘူးတဲ့.... ( မှန်ပါ့ဘုရား ) ကိလေသာထုကကြီးသကိုးဗျ....( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီ)။

ကိလေသာထုက ကြီးတော့ လက်ချောင်းရာ လက်မရာ လက်ရိုက်ရိုး၌ မထင်နိုင်ဘူးတဲ့....(မှန်ပါ)ကိလေသာထုက မပွါးလို့ရှိယင်ဖြင့်တဲ့ ပါးသွားတယ်လို့ ဆိုနိုင်ပါ့မလား....(မဆိုနိုင်ပါဘုရား)။

ဒါဖြင့် ဝိပဿနာသည် ပွါးတဲ့ ကိစ္စ၏ အကျိုး ဘာတုံးဆိုတော့ ကိလေသာ ပါးခြင်းကိစ္စ ပြီးတယ်....(မှန်ပါ့ဘုရား)။

ဝိပဿနာသည်....( ကိလေသာ ပါးခြင်းကိစ္စ ပြီးပါတယ် ဘုရား )။

အဲဒါ စိတ်မပျက်ကြပါနဲ့လို့ သတိပေးလိုက်ပါတယ်နော်-(မှန်ပါ့ဘုရား) စိတ်မပျက်ကြပါနဲ့....တဲ့၊ ခရီးတော့ ပေါက်နေတာဘဲ....(မှန်ပါ့ဘုရား) ဘာတုံး ကိလေသာပါးတဲ့ ဥစ္စာ ခရီးပေါက်နေတယ်....(မှန်ပါ့)။

ကိလေသာ ပါးတဲ့ဥစ္စာ....(ခရီးပေါက်နေပါတယ် ဘုရား)။

ဘာဖြစ်လို့ ခရီးပေါက်ရသတုံးဆိုတော့ ပွါးလွန်းလို့....(မှန်ပါ့)ကိုယ်က အနိစ္စတချက် မြင်လိုက်၊ ကိလေသာက ပါးလိုက်...(မှန်ပါ့) ကိုယ်က ဖြစ်ပျက်မြင်လိုက်...( ကိလေသာက ပါးလိုက်ပါဘုရား )ကိလေသာ ပါးလိုက်ဆိုတော့ကို ပြော်....မြင်ဖန်များလို့ ရှိယင်ဖြင့် အများကြီး ပါးလိမ့်မယ်....ဆိုတဲ့ အဓိပ္ပါယ် ရှင်းမသွားဘူးလား....(ရှင်းသွားပါတယ်ဘုရား)။

ပါးလို့ရှိယင် သူတို့သည်ကားလို့ဆိုယင် မှတ်လိုက် ပဋိစ္စသမုပ္ပါဒ် မတန်းနိုင်တော့ဘူး....(မှန်ပါ့)။

ပါးသွားယင်....(ပဋိစ္စသမုပ္ပါဒ် မတန်းနိုင်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် မတန်းနိုင်တော့ဘူးတဲ့၊ ဥပမာ တဏှာကလဲ တဏှာပါးသွားပြီ ဆိုလို့ရှိယင် တဏှာ ဥပါဒါန် ကံဘက် သူမသွားတော့ဘူး....(မှန်ပါ့) သဘောကျပလား....( ကျပါပြီ ) အဝိဇ္ဇာကလဲ အဝိဇ္ဇာပါးသွားယင် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဘက် သူ မသွားနိုင်ဘူး....(မှန်ပါ့) ဒေါသကလဲ ပါးသွားလို့

ရှိယင် ဒေါ်သက "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အဝိဇ္ဇာ သင်္ခါရ"ဘက် သူ မသွားဘူး....(မသွားပါဘုရား)။

ဒါဖြင့် သူ မသွားနိုင်အောင်လို့ ပွါးရပါတယ်....(မှန်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် မတန်းနိုင်အောင်လို့--(ပွါးရပါတယ်ဘုရား) ပွါးရပါတယ်ဆိုတာ တကာ တကာမတွေ့ ရှင်းရောပေါ့....(မှန်ပါဘုရား)။

ဘယ်လိုကြောင့် ပွါးရသတုံး....(ပဋိစ္စသမုပ္ပါဒ် မတန်းနိုင်အောင် ပွါးရပါတယ်ဘုရား) ပွါးရတယ်....(မှန်ပါ)။

ပွါးတော့ကို ဘယ့်နှယ်ကြောင့် သူတို့သည် မတန်းနိုင်သတုံး ဆိုတော့ အို...ပါးပါး-ပါးပါးသွားပြီး ပျောက်ရတယ်....(မှန်လှပါဘုရား)။

ပါးပါး-ပါးပါးပြီး....(ပျောက်ရပါတယ်ဘုရား) အဲဒီတော့ ဘယ့်နှယ်ကြောင့် ဒါလောက် ပါးပါး--ပါးပါးသွားပါလိမ့်မတုံး - မေးယင် ဘယ့်နှယ် ဖြေကြမလဲ....( ပွါးလွန်းလို့ပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ဝိရိယသမ္ဘောဇ္ဈင်္ဂေါ ခေါ ကဿပ ဘာဝိတာ ဗဟုလီကတာ"လို့ လာပြန်တယ်....( မှန်ပါ ) ဝီရိယလဲ မင်းတို့ တကြိမ်တည်းနဲ့တော့ သွားမလုပ်နဲ့တဲ့၊ ဝီရိယလဲ ပွါးပါဦးကွ....တဲ့ ဆိုတော့ မဂ္ဂင်ထဲလဲ သူဟာ သမ္မာဝါယာမ မဂ္ဂင်ပါပြီးသား....(မှန်ပါ) မပါဘူးလား....(ပါပါတယ်ဘုရား)။

သို့သော် – မပွါးဖြစ်မှာစိုးတဲ့အတွက် ဗောဇ္ဈင်က နေပြီး သကာလ "ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မာ ဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ" ဝီရိယလဲ ပွါးမှရမယ်တဲ့....(မှန်ပါ့ ဘုရား) သဘောကျပလား....(ကျပါပြီ)။

ပီတိဆိုတာ မဂ္ဂင်ထဲမှာတော့ သူ သီးသန့်သာမပါဘာ၊သဟဇာတအဖြစ်နဲ့ ပါပြီးသားလို့ မှတ်လိုက်....( မှန်ပါ့ဘုရား ) သဘောကျပလား....(ကျပါပြီ)။

မဂ္ဂင်ရှစ်ပါးထဲတော့ ပီတိမပါပါလားလို့ ဆိုတော့၊ အို.... ဒါမဂ္ဂင်ရှစ်ပါး ခေါင်းဆောင်သာ ရွေးထားတာ....( မှန်ပါ့ ) ယှဉ်ဖေါ်ယှဉ်ဖက်အဖြစ်နဲ့တော့....(ပါပါတယ်ဘုရား) ပါနေပြီလို့ ဦးသံဒိုင် မှတ်လိုက်....(မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီ)။

ယှဉ်ဖေါ်ယှဉ်ဖက် အဖြစ်နဲ့တော့....(ပါနေပါပြီ)။

ပါနေတော့ ပီတိသမ္ဗောဇ္ဈင်လဲ ဘာလုပ်ရမတုံး ဆိုလို့ရှိယင် ဝမ်းမြောက် ဝမ်းသာနဲ့ ခင်ဗျားတို့ ရှုနေရမယ်....(မှန်ပါ့)ဘယ်လောက် ဝမ်းမြောက်ရမှာတုံး မေးတော့၊ အို....ဝမ်းမြောက်တိုင်း ဝမ်းမြောက်တိုင်း၊ ရှုလို့ကောင်းတိုင်း ရှုလို့ကောင်းတိုင်း ပီတိပါနေတယ်....(မှန်ပါ့ဘုရား)။

ရှုလို့ကောင်းတိုင်း ကောင်းတိုင်း....(ပီတိပါနေပါတယ်ဘုရား)

ပီတိပါနေလို့ရှိယင်လဲ သူဟာ နိဗ္ဗာန်ရောက်စေတဲ့ ဗောဇ္ဈင် ဖြစ်သွားတာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒါက မဂ္ဂင်ထဲမှာ မပါပြောသော်လဲ ရှစ်ပါး ခေါင်းဆောင်ထဲမှာ မပါပြောသော်လဲ နောက်လိုက် အဖြစ်နဲ့ ပါတယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါဘုရား)။

အကယ်၍ ပီတိဆိုတဲ့ နှစ်သက်မှုမပါဘဲနဲ့ ရှုနေပြန်လို့ရှိယင်လဲ ကောသဇ္ဇဆိုတဲ့ ပျင်းရိမှုက ဦးသံဒိုင် လာလိမ့်မယ် .... (မှန်ပါ့ဘုရား)။

ကောသဇ္ဇဆိုတဲ့....( ပျင်းရိမှုလာမှာပါဘုရား ) ပျင်းရိမှုက လာလိမ့်မယ်ဆိုတာ သေသေချာချာ မှတ်ထားပါ.... (မှန်ပါ့)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ စိတ်ချင်းယှဉ်ပြပြန်တယ်၊ ရှုစမ်းပါကွာ.... ရှုစမ်းပါ၊ ပီတိဖြစ်အောင် ရှုစမ်းပါဆိုတဲ့ဥစ္စာ ဒီအပေါ်မှာ မြင်နေရတဲ့ဥစ္စာ- ဘယ်တော့မှ မမြင်ဘူးတာကို မြင်နေရတယ်ကွ၊ ဝမ်းမြောက် ဝမ်းသာနဲ့ရှုစမ်းပါ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ခင်ဗျားတို့ ဘယ်တော့မှ မမြင်ဘူးတာ မြင်ရတယ်ဆိုတဲ့ ဥစ္စာကို ဘုန်းကြီးရှင်းပြမယ်၊ ကောင်းကင်မှာရှိတဲ့ ဂြိုဟ်ကြီးတွေရှိပါတယ်တဲ့ ဂြိုဟ်ဘုံမှာ ဂြိုဟ်ဟာ လူ့ပြည်က အပ်ကျတယ်ဆိုယင် ဂြိုဟ်မျက်လုံးနဲ့ ကြည့်လိုက်ယင် မြင်တယ် .... (မှန်ပါ့)ဘယ်နေရာမှာ ကျနေတယ်ဆိုတာ မြင်တယ် .... ( မှန်ပါ့ ) တော်တော်မြင်တယ်ဆိုတော့မိုင်ပေါင်းကို ကုဋေလေးရာလောက်ဝေးတဲ့နေရာက သူလှမ်းကြည့်တာ သူမျက်လုံး အတော်ကောင်းတယ်လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) သို့သော်လဲ တဲ့ ဖြစ်ပျက်ကျတော့ သူမမြင်ဘူး....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်ကျတော့....(မမြင်ပါဘုရား)။

ဟိုဟာတာ လောကီနဲ့ကြည့်တာကိုးဗျ.... ( မှန်ပါ ) ဒါက လောကုတ္တရာနဲ့ကြည့်တာ....( မှန်ပါ ) သဘောကျပလား.... (ကျပါပြီ)။

ဒါ့ကြောင့် ခင်ဗျားတို့ မြင်တဲ့ အမြင်ဟာ ဗြဟ္မာ့အမြင်ထက် သာတယ်လို့ မှတ်လိုက်ပါ....(မှန်ပါ)။

ဗြဟ္မာအမြင်ထက်....(သာပါတယ်ဘုရား) ဗြဟ္မာအမြင်သည် ကားလို့ဆိုယင် ပုထုဇဉ် ဗြဟ္မာသာဆိုယင်ဖြင့် မောင်သစ်တို့၊ ဦးသံဒိုင်တို့ လူ့ပြည်မှာ ဘာမဆို အကုန်မြင်နိုင်တယ်....(မှန်ပါ)။

အဝေးအကွာမိုင်ဆိုတာတော့ တကာတကာမတွေ့ အင်မတန် လေးစားတယ်၊ တယူဇနာလောက်ရှိတဲ့ ကျောက်ဖျာကြီးတောင် တလခွဲနှစ်လလောက်ကျရတာဗြဟ္မာပြည်က....(မှန်ပါ)*ဒါမှ ဒီအောက်ရောက်တယ်....( မှန်ပါ ) မြေကြီးပေါ်ကို ဒါလောက် အရှိန်ပြင်းတာကြီးတောင်မှ တလခွဲ နှစ်လကျရတယ် ဆိုသဖြင့် ဩော်... ဗြဟ္မာ့ပြည်ဟာ အတော်ဝေးပါလားဆိုတာ ပေါ်လာတယ်....(မှန်ပါ) အဲဒီက နေကြည့်တော့ ဒီမှာ အပ်ကျတာမြင်တယ်....(မှန်ပါ) မမြင်ဘူးလား....(မြင်ပါတယ်ဘုရား)။

ဒါက ဘာတုံး၊ အဘိညာဏ်လောကီမျက်လုံးပါ....(မှန်ပါ) သာသနာပမျက်လုံး....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒါက သမာဓိတန်းခိုးကြောင့် ဗြဟ္မာဖြစ်ပြီး သမာဓိဦးစီးတဲ့ မျက်လုံး....( မှန်ပါ ) ဉာဏ်ဦးစီးမှ မြင်တဲ့ မျက်လုံးနဲ့မကွာဘူးလား....(ကွာပါတယ်)။

---

* မိလိန္ဒပဉှာ၌ ၄-လလောက်ကျရသည်ဟု ဆိုသည်။

အဲဒါကြောင့် ခင်ဗျားတို့သည် ဒို့မြင်နေတဲ့ အမြင်ဟာ ဧည့်....နတ်အမြင် ဗြဟ္မာအမြင်တွေနဲ့ဖြင့် ဘယ်ကွာပါလား.... (မှန်ပါ) ဘယ်ကွာပါလားဆိုတဲ့ ဥစ္စာ၊ ခုနင်က ဗြဟ္မာအမြင် နတ်အမြင်တွေက လူ့ပြည်မှာ ဘာမဆို အကုန် မြင်တယ်.... (မှန်ပါ) ဗြဟ္မာကြီးတွေဟာ လူ့ပြည်က အပ်ကျတယ် ဆိုယင် ဗြဟ္မာမျက်လုံးနဲ့ကြည့်လိုက်ယင်မြင်တယ်....(မှန်ပါ) ဘယ်နေရာမှာ ကျနေတယ်ဆိုတာမြင်တယ်....(မှန်ပါ)။

တော်တော် မြင်တယ် ဆိုတော့ မိုင်ပေါင်း ကုဋေလေးရာ လောက်ဝေးတဲ့ နေရာက သူ လှမ်းကြည့်တာ သူ့မျက်လုံး တော်တော်ကောင်းတယ်လို့မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

သို့သော်လဲတဲ့ ဖြစ်ပျက်ကျတော့ သူမမြင်ဘူးတဲ့.... (မှန်ပါ) ဖြစ်ပျက်ကျတော့.... ( မမြင်ပါဘုရား ) ဟိုဟာက လောကီနဲ့ ကြည့်တာကိုးဗျ....(မှန်ပါ)။

ဒါက လောကုတ္တရာနဲ့ကြည့်တာ....( မှန်ပါ ) သဘောကျပ လား....(ကျပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့မြင်တဲ့ ဝိပဿနာအမြင်ဟာ ဗြဟ္မာ့ အမြင်ထက် သာတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ)။

အဲဒီတော့ တကာတကာမတွေ ဗြဟ္မာ့အမြင်ထက်သာတဲ့၊ဖြစ် ပျက်ကို မြင်နိုင်တဲ့ ဝိပဿနာဉာဏ် အမြင်ရအောင် ကြိုးစားပွား များကြ အားထုတ်ကြပါလို့ ဆရာဘုန်းကြီးက တိုက်တွန်းတယ် (မှန်ပါ)။

ဖြစ်ပျက်အဆုံးမြင်တဲ့ ကိလေသာငြိမ်းတဲ့ နိဗ္ဗာန်ကိုမြင်တဲ့ ဉာဏ်အမြင်ရအောင် မဂ္ဂင်နဲ့ ပေါင်းတဲ့ပြီး ကြိမ်ဖန် များစွာ ပွားများရမယ်....(မှန်ပါ)။

နိဗ္ဗာန်မြင်တဲ့ဉာဏ်ရအောင် ဘာလုပ်ရမတုံး.... ( မဂ္ဂင်နဲ့ ပေါင်းတဲ့ပြီး ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးအောင် ဝိပဿနာ ရှုရပါမယ်ဘုရား) သဘောပါကြပလား (ပါပါပြီ ဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့

သာဓု....သာဓု....သာဓု....

**မိုးကုတ် ဝိပဿနာ အမှတ်စဉ် (၉)**

**(ပြီးပါပြီ)**

# စိတ္တာနုပဿနာ ရှုနည်း

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်
၆။ တွေးစိတ်-တောစိတ်

**အပြင်ဧည့်သည် ၆ ယောက်**

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်

**အတွင်းဧည့်သည် ၅ ယောက်**

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

**အိမ်သည်စိတ် ၂ ခု**

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ သမ္မာသမာဓိ၊
၎င်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ
အိမ်သည် မရှိပါက အပြင် ဧည့်သည်၊အတွင်းဧည့်သည်
ပေါ်ရာကို ရှုပါ
ဧည့်သည်မရှိပါက် အိမ်သည်ကို အမြဲရှုပါ

## သတိပြုရန်

အဖွဲ့မှ စာအုပ်များကို လက် လီ ရောင်းချခြင်း၊ ရပ်ဝေးသို့ ဗွီပီပီ နှင့် တင်ပို့ခြင်း မပြုပါ။

# ရနိုင်သောဌာနများ

★

ဤအဖွဲ့မှရိုက်နှိပ်သော အမှတ်(၃-၄-၅-၆)နှင့် နောက်ထုတ်ဝေလတ္တံ့သော စာအုပ်များကို အောက်ဖော်ပြပါ ဌာနများတွင် ရရှိနိုင်ပါသည်။ အဖွဲ့မှ ရပ်ဝေးသို့ တင်ပို့ခြင်းမပြုပါ။

## ရန်ကုန်မြို့

(၁) ဟံသာဝတီ စာအုပ်ဆိုင်။ ဗိုလ်အောင်ကျော်လမ်း
(၂) ပညာအလင်းပြ စာအုပ်တိုက် -၁၃၀-ဗိုလ်ချုပ်လမ်း
(၃) ဗုဒ္ဓဓမ္မလောက စာစောင်- ရွှေတိဂုံ ဘုရားလမ်း
(၄) ဦးချစ်လှုံး၊ အမှတ် ၃၃-ဘုန်းကြီးလမ်း
(၅) ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း ဦးချစ်တင် ဆိုင်-နှင့် အခြား စာအုပ်ဆိုင်များ

## မန္တလေးမြို့နှင့် အခြားမြို့များ

(၆) သစ်ဘရားသားအယ်(လ်)ရှိ ဈေးချိုတော်
(၇) အောင်မြန်မာ စက္ကူဆိုင်-အောက်လိုင်း ဈေးချို
(၈) ဦးအောင်မြင့်-ဒေါ်သိန်းမြ - ပိုးကုန်သည်နှင့် ဆန် စက်ပိုင်-အိုးတော်ရပ်-အမရပူရမြို့
(၉) ဦးဘထွေး-ဂျစ်ကားတံဆိပ် အထည်တိုက် မုံရွာမြို့
(၁၀) အောင်နိုင် စာပေတိုက်၊ နဝရတ်သိင်္ဂီတိုက် ၁၁၅-အခန်းအမှတ် ဘီစီ-လမ်းမတော် ပြည်မြို့
(၁၁) ရွှေမော်စာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟင်္သာတမြို့
(၁၂) ပေါ်ပြူလာဆေးတိုက်၊ အောက်လမ်းမတော် မော်လမြိုင်မြို့

# မှတ်ချက်

( မှတ်ချက် )

( မှတ်ချက် )

ကျေးဇူးရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား၏

# ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့က

ကမကထပြု၍ ဤစာအုပ်ကို ရိုက်နှိပ် ထုတ်ဝေသည်။